ကျေးဇူးတော်ရှင်အာဂုံမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရား

မိုးကုတ်မြို့မင်္ဂလာတိုက်ဌိ

ဟောကြားတော်မူသော

ဝိပဿနာ

တရားတော်

အမှတ်စဉ်-၁၂

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ကုရား

ပဋိစ္စသမုပ္ပါဒ်တရား၊ ၁၂-ပါး၊ ထင်ရှားပေါ်လွင်-ခေတ်တစ်ခွင်

ဆရာဟူရှိန်၊ မဟိလာတိုက်ဟောင်း၊ ဒိုးကုတ်ဆရာတော် ဦးဝိမလ၏
ပဋိစ္စသမုပ္ပါဒ် ဖြတ်လမ်းကြည့်ရှုစရာ စက်ဝိုင်းဒေသနာ၊

ဝိပါကဝဋ်(၅) ပါး
ကိလေသ ဝဋ်(၃)
ဝဋ်(၂)ပါး
အဝိဇ္ဇာ
တဏှာ
ဥပါဒါန်
ဘဝ
ဇာတိ
ဇရာ၊ မရဏ
အဝိဇ္ဇာ-သင်္ခါရ-
သင်္ခါရ
ဝိညာဏ်-နာမ်-ရူပ-သဠာယတန-ဖဿ-ဝေဒနာ-
ရူပ
နာမ်
ဆဠာယတန
ဖဿ
ဝေဒနာ
တဏှာ
ဥပါဒါန်
ဘဝ
ဇာတိ
ဇရာ၊ မရဏ
ဝိညာဏ်
ဆဠာယတန
နာမ်၊ ရူပ
သင်္ခါရ
အဝိဇ္ဇာ
ဝဋ်(၂)ပါး
ကိလေသ ဝဋ်(၃)
ဝိပါကဝဋ်(၅) ပါး
ဝေဒနာ-ဖဿ-သဠာယတန-နာမ်-ရူပ-ဝိညာဏ်-သင်္ခါရ-အဝိဇ္ဇာ-
ဝေဒနာ
ဖဿ
သဠာယတန
နာမ်၊ ရူပ
ဝိညာဏ်
သင်္ခါရ
အဝိဇ္ဇာ
ဝဋ်(၂)ပါး
ကိလေသ ဝဋ်(၃)
ဝိပါကဝဋ်(၅) ပါး
ဝေဒနာ-ဖဿ-သဠာယတန-နာမ်-ရူပ-ဝိညာဏ်-သင်္ခါရ-အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-ဘဝ-ဇာတိ-ဇရာ၊ မရဏ
ဝေဒနာ-ဖဿ-သဠာယတန-နာမ်-ရူပ-ဝိညာဏ်-သင်္ခါရ-အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-ဘဝ-ဇာတိ-ဇရာ၊ မရဏ

စကားဦးစေတနာ

အရွမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရား

မိုးကုတ်မြို့ မင်္ဂလာတိုက်တွင်

ဟောကြားဆုံးမတော်မူသော

ဝိပဿနာလုပ်ငန်းစဉ်

ပုဂ္ဂိုလ်ပိုင်
ဆရာတော်ဘုရား
ကျောင်း

လူအားလုံးပြေးစာရွက်စာတမ်း

မိုးကုတ် ဆရာတော် ဘုရား၏

ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့၏

မူပိုင် ဖြစ်သည်။

မည်သူမျှ ကူးယူ ထုတ်ဝေခြင်း မပြုရ။

အဖွဲ့ကိုယ်စား ထုတ်ဝေဖြန့်ချိသူ

ဦးဘသောင်း (အတွင်းရေးမှူး) မှတ်ပုံတင် (ဝ၁၂၅)

အမှတ် ၃၃-ဆင်းဒွစ်လမ်း၊ ရန်ကုန်မြို့။

ယောဂီပုံနှိပ်တိုက်၊ ဦးတင် မှတ်ပုံတင်အမှတ် (၀၀၃၇)က

အမှတ် ၂၄၅-လွှစ္စလမ်း၊ ရန်ကုန်မြို့တွင် ရိုက်နှိပ်သည်။

ပထမ ရိုက်နှိပ်ခြင်း စာအုပ်ရေ ၅,၀၀၀

(၂၆ - ၁၁ - ၆၅)

နိဒါန်း

နမော ဗုဒ္ဓါယ သိဒ္ဓမ်

အမှာစကား

သစ္စာတရားသည် ဗုဒ္ဓမြတ်စွာ၏ သာသနာတော်၌ အရေးပါအရာအရောက်ဆုံး တရားတော် ဖြစ်ပါသည်၊ သစ္စာလေးပါးကို ပိုင်းခြားထင်ထင် သိမြင်တော်မူမှ သဗ္ဗညုတဉာဏ်တော်ကို ရရှိပြီးလျှင် သမ္မာသမ္ဗုဒ္ဓ ဘုရားအဖြစ်သို့ ရောက်တော်မူသည်။

သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ စသော ပုဂ္ဂိုလ်များသည်လည်း သစ္စာလေးပါးကို ပိုင်းခြား၍ သိမြင်ကြ မှပင် သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ စသော အဆင့်သို့ တက်လှမ်းနိုင်ကြသည်၊ သစ္စာလေးပါးကို ကျင့်သို့ ထိုးထွင်း၍ သိတော်မူမှသာလျှင် ဘုရားရှင်သည်လည်း ဘုရားအဖြစ်ကို ဝန်ခံတော်မူ၍ သောကဓာတ် ၃-ပါး၌ ငါ ဘုရားဖြစ်တော်မူပြီဟု ကြေငြာတော်မူသည်။

၄၅-ဝါပတ်လုံး ဘုရားရှင်တို့၏ ဓမ္မတာအတိုင်း ဒါနကထာ, သီလကထာ,သဂ္ဂကထာ စသဖြင့် ဟောကြားတော်မူသော်လည်း နောက်ဆုံး သစ္စာတရားနှင့်သာ အဆုံးသတ်၍ သစ္စာဆိုက်အောင် ဟောတော်မူသည်ချည့်သာ ဖြစ်သည်၊ ဤမျှ အရေးပါသော တရားတော်ဖြစ်ချေသည်။

သစ္စာတရားသည် လမ်းဆုံးတရား ဖြစ်သည်၊ သစ္စာကို လျော်စွာ မသိခြင်းကြောင့် မြတ်စွာဘုရားသည် လေးသင်္ချိန်နှင့် ကမ္ဘာ

တသိန်းတို့ ကာလပတ်လုံး သံသရာဋ္ဌကျင်လည်ခဲ့ရသည်၊ သစ္စာတရားကို ထိုးထွင်း သိမြင်တော်မူမှပင် ခပ်သိမ်းသော သိသင့် သိထိုက်သမျှ တရားဟူ၍ သိမြင်တော်မူသော ဘုဇ္ဈည္ဟတဉာဏ်တော်ကို ရရှိပြီး ပြဆိုခဲ့သည့်အတိုင်း ဘုရားအဖြစ်သို့ ရောက်တော်မူသည်။

သစ္စသံယုတ်ပါဠိတော်၌ ရဟန်းတို့....သစ္စာတရားကို ဟောတတ်ပြောတတ်သော ဆရာနှင့်တွေ့၍ တနေ့ကို နံနက်လုံ့အချက်ပေါင်း ၃၀၀- ည၌ လုံ့အချက်ပေါင်း ၃၀၀·အထိုးခံနိုင်ခဲ့သည် ရှိသော် အနှစ်တရာကြာမှ သစ္စာတရား ဟောနိုင်မည်ဆိုပြီး စျေးကိုင်နေခဲ့လျှင် ခံသာ ခံလိုက်ဟု ဟောတော်မူပါသည်။

ထို့ပြင်လည်း သစ္စသံယုတ်ပါဠိတော်၌ပင် လူတယောက်သည် မင်း မောယင် သောက်ဘို့ ငါသည် ရှစ်ရှား(ဇီး)ရွက်နှင့် ရေထုပ်လောင်းသည်ဟုဆိုရင်း၊ ငါသည် ဒိုင်း,မြား မပါဘဲ အိမ်ကို မီးခဲတယ်ကွဟုဆိုရင်း ဆိုလျှင် မယုံနှင့်ဟု ဟောတော်မူပါသည်၊ ဆိုလိုသည်မှာ သစ္စာမသိဘဲ သောတာပန်ဖြစ်သည်၊ဃကဒါဂါမ်ဖြစ်သည်၊ အနာဂါမ်ဖြစ်သည်၊ ဘုရား ရဟန္တာ ဖြစ်သည်ဆိုလျှင် ယုံကြည်စရာမရှိ၊ မယုံကြည်နှင့်ဟု ဟောတော်မူသည်။

ထိုင်းပြင်....သစ္စသံယုတ်ပါဠိတော်၌ပင်လျှင် များလှစ္စာသော ဥပမာ.... ဥပမေယျ တွေ့နှင့် ပြသ၍ ဟောတော်မူပြီးလျှင်.... ကျိတန်းကား.... ဆင်းရဲတည်း....၊ ကျိတရားကား .... ဆင်းရဲဖြစ်ပေါ်ကြောင်း တရားတည်း၊ ကျိတရားကား....ဆင်းရဲချုပ်ငြိမ်းရာ (နိဗ္ဗာန်) တည်း၊ ကျိတရားကား... ဆင်းရဲ ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်သော အကျင့်ဖြစ်သော အရိယာတို့၏ တရားအမှန်တည်း .. ဟူ၍၊ မဟာပထဝီအထုနှင့် လွှက်သည်းဖျားတော်

ပေါ်၌ တင်ထားအပ်သော မြေမှုန့်နှင့် ပြာသတော်မှုလျက် ထို လက်သည်းဖျားပေါ်၌ ရှိသော မြေမှုန့်သည်ကား သစ္စာကို သိ ပြီးသော အရိယာ၏ တပည့်ဖြစ်သော ပုဂ္ဂိုလ်၏ ကုန်ဆုံး၍ ကြွင်း ကျန်သော ဒုက္ခမျှသာတည်း၊ ကုန်ဆုံးပြီးသော ဒုက္ခသည်ကား-- မဟာပထဝီမြေကြီး အထုမျှ ရှိသည်သာတည်း၊ ထို့ကြောင့် သစ္စာတရားကို သိရန် အားထုတ်ကြရမည်ဟူ၍ ဟောတော်မူ သည်.... ။

မှန်ပါ၏၊ သောတာပန်ပုဂ္ဂိုလ်၏ ကြွင်းကျန်သော ဒုက္ခသည် အလွန်အားဖြင့် ခုနစ်ဘဝသာတည်း၊ သောတာပန်ပုဂ္ဂိုလ်မျှ ဆို လျှင်ပင် လက်သည်းဖျားပေါ်၌ တင်ထားအပ်သော မြေမှုန့်မျှ လောက်သာ ကျန်ရှိတော့သည်ဖြစ်ရာ ဤအခြေမျှ ရောက်အောင် အားထုတ်သင့်တော့သည်သာတည်း။

ကျေးဇူးရှင် ဆရာတော် ဘုရားသည်လည်း ဝေနေယျတို့၏ သံသရာတလျောက်လုံး၌ တွေ့ရမည့် ဆင်းရဲဘေး, ဒုက္ခဘေးတွေ့ ကို တကယ် မြင်တော်မူသဖြင့် အောက်ဆုံးအနေအားဖြင့် သော တာပန်လောက် ဖြစ်မှသာ မိမိ၏တကာတကာမတွေ့ စိတ်ချရ မည်ဟု နှလုံးပိုက်တော်မူ၍ သစ္စာတရား, ပဋိစ္စသမုပ္ပါဒ်တရား တော်များကိုသာ ဘိ၍ ဟောတော်မူခြင်း ဖြစ်သည်၊ ဤသို့ ဟောတော်မူရာ သစ္စာတရားတော်ကို စာအရှိ အဓိက ပြုတော် မ်မူဘဲ၊ ခန္ဓာ၌ ရှိသော သစ္စာကို ဉာဏ်နှင့် ဟပ်မိအောင် ဉာဏ် အိတ်ထဲ၌ ထည့်သွင်းကာ သစ္စာဆိုတာသည် အခြားတပါး၌ တမင်လာ ရှာနေရသည် မဟုတ်ပါကလား....၊ သစ္စာဆိုတာ မိမိ တို့ ခန္ဓာကြီးပါကလား....၊ မိမိသန္တာန်၌ ရှိတာပါကလား....၊ ဇာတိတရား ရပြီးလျှင် ဒုက္ခသစ္စာဆိုတာ ပြေး၍ လွှတ်နိုင်စရာ

မရှိပါလား....၊သားခင်, သမီးခင်, ဇနီးခင်, ပစ္စည်းဥစ္စာခင်ဆိုတာသည် ဒုက္ခဖြစ်ကြောင်း သမုဒယပါကလား....ဆိုတာ သစ္စာဏ်အားဖြင့်ဂင်း၊ ဤခန္ဓာငါးပါး တပါးပါးက အမြဲမပြတ် ဖြစ်ခြင်း, ပျက်ခြင်းဆိုတဲ့ ဓမ္မက နှိပ်စက်နေတာပါကလား စသည်ဖြင့်ဂင်း၊ ဒုက္ခသစ္စာကို သိအောင် သစ္စာဏ်အပိုင်း၌ အမေးအဖြေအားဖြင့် ကုက်ကုက်ကုင်းကုင်း ပြသတော်မူသည်။

(အကျယ်ကို စာအုပ်အတုင်းမှာ ဘတ်ရှုကြပါကုန်)။

ဂင်းနောက် အကြောင်းတိုက်ဆိုင်တိုင်း - တိုက်ဆိုင်တိုင်း ခင်တာနှင့် တူယ်တာတာ ဖြစ်ပေါ်တိုင်း, ဖြစ်ပေါ်တိုင်း သိသိနေခြင်းသည်ဂင်း၊ ဖြစ်ပေါ်၍ ပျက်စီးသွားတိုင်း, သွားတိုင်း သိသိနေခြင်းသည်ဂင်း - ဘာဝေတဗ္ဗကိစ္စဖြစ်သော ကိစ္စဉာဏ်အားဖြင့် မဂ္ဂသစ္စာဟူ၍ဂင်း၊ အလွန်တရာ အဘိုးမဖြတ်နိုင်အောင် မိမိတို့အား (ဘတ်ကြားသူများအား) ကျေးဇူးပြုပေးနိုင်မည့် တရားတော်များကို ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းနှင့် တမျိုး၊ ပဋ္ဌာန်းပုရေဇာတ ပစ္ဆာဇာတ နိဿယ ပစ္စည်းများဖြင့်တဖုံ - နားမလည် လည်အောင် ဟောကြားပြသတော်မူရာ၊ သစ္စာတရားတော်၏ အဆိုအနှစ်ကို မိမိခန္ဓာဉာဏ်ရောက် နှလုံးသွင်းလိုသူများသည် ဤတရားစာအုပ်ကို သစ္စာခဏ်း၌ အပြန်ပြန် ဘတ်ရှုကြစေလိုသည်၊ မိမိဘတ်ရှုပြီး နားလည်သလို မိမိ၌စ်ခင်သော သား, သမီး, ဇနီး စသည်တို့အားလည်း တဖန် ပြန်လည် ဟောကြားကြစေလိုပါသည်....။

ဆရာတော်ကြီးသည် အဘယ့်ကြောင့် ဤအထက်တန်းတရားတော်တော့သာ ဟောတော်မူပါသနည်းဆိုပါလျှင် သံသရာရှည်လျားပုံကို တကယ်မြင်တော်မူသည်၊ သံသရာရှည်သည်ဆိုသည်

မှာ ဒုက္ခရှည်လျားခြင်းပင် ဖြစ်သည်၊ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် မပြတ်ဒလစပ် လည်ခြင်းပင်ဖြစ်ရာ၊ ဤသစ္စာတရားကို ပဋိစ္စသမုပ္ပါဒ်နှင့် ဟပ်၍ ဟောတတ်, ပြောတတ်သည့် လမ်းညွှန်ကောင်းဖြစ်သော ဆရာများသည်လည်း တစထက်တစ ရှားပါး၍ လာခဲ့ရာ တကာတကာမတွေ့အား အလွန်ပင် ကရုဏာ သက်တော်မူရှာသည်။

သောတာပန် အဆင့်အတန်း ရောက်ရန်မှာ တရားနာမှသာ ဖြစ်နိုင်သည်ဟု ကျမ်းဂန်များ၌ "ဒုဝေဟေတု ဒုဝေပစ္စယာ သာဝကာဿ သမ္မာဒိဋ္ဌိယာ ဥပါဒါယ ပရတော ဃောသော သစ္စာနုသန္ဓိ အဇ္ဈတ္တဉ္စ ယောနိသော မနသိကာရော"....ဟု(ပေဋကောပဒေသ)မှာ လာရှိသည့်အတိုင်း သစ္စာတရားနာမှု ကင်း၍လည်း သောတာပန်, သကဒါဂါမ်မဖြစ်နိုင် သစ္စာတရားနှလုံးသွင်းမှကင်း၍လည်း သောတာပန် သကဒါဂါမ်မဖြစ်နိုင်ဟု ဆိုသည့်အတိုင်း ဆရာတော်ကြီးသည် သစ္စာတရားကိုဖြိုင်ဖြိုင်ကြီး ဘိ၍ဟောကြားတော်မူခဲ့ပါသည်၊ "နားက တရားနာ, ဉာဏ်က ခန္ဓာကိုယ် လှည့်ကြ"ရန် မကြာခဏ သတိပေးတော်မူသည်။

သစ္စာတရားဆိုတာသည် တမင်လာလိုက်ရှာနေရဦးမှာလားဟူ၍မေးလိုက မေးစရာရှိသည်၊ မဟုတ်ပါ၊ ဆရာတော်သည် တကာတကာမတို့ခန္ဓာသည် သစ္စာဘဲ၊ အခြားတပါးမှာ လိုက်ရှာပြီးနေရမှာမဟုတ်ဟု သင်ကြား ပြသတော်မူသည်၊ ယထာဘူတအားဖြင့် ဟုတ်တိုင်းမှန်စွာမိမိခန္ဓာအရှိကိုဉာဏ်ဖြင့်(ပညာမျက်စိဖြင့်)မြင်အောင် သိအောင် ကြိုးစား အားထုတ်ခဲ့သော် ခန္ဓာကပင် ဒီဖြစ်ပေါ်ပြီး ပျက်စီးနေတာတွေကို ပြမည်တွေ့ရှိမည် ဖြစ်သည်၊ ဒါတွေသည် ဒုက္ခသစ္စာတွေဘဲ.... ဒုက္ခသစ္စာတွေဘဲဟု မပြော

ယော်လည်း ပြောဘိသကဲ့သို့ သန္ဒိဋ္ဌကော=ကိုယ်တိုင်သိမြင်နိုင်ပါလိမ့်မည်။

ဤသို့ သန္ဒိဋ္ဌကော- ကိုယ်တိုင် သိမြင်နိုင်သောအခါ ဝိဇ္ဇာဉဒပါဒိ-ဟုခေါ်သည်၊ ဝိဇ္ဇာဉာဏ် ရရှိသည်ဆိုသည်၊ အဝိဇ္ဇာဆိုသည် မောဟပိတ်ဖုန်း၍ မသိမလိမ္မာခြင်းသည် အဝိဇ္ဇာဟုခေါ်သည်၊ အဘယ်ကို မသိမလိမ္မာခြင်းကို ခေါ်ပါသနည်းဆိုသော်-

(၁) ဆင်းရဲအမှန်ကို ဆင်းရဲအမှန်ဟူ၍ မသိခြင်း (ဒုက္ခသစ္စာ)။

(၂) ဆင်းရဲဖြစ်ကြောင်းအမှန်ကို မသိခြင်း.... (သမုဒယသစ္စာ)။

(၃) ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်အမှန်ကို မသိခြင်း....(မဂ္ဂသစ္စာ)။

(၄) ဆင်းရဲချုပ်ရာအမှန်(နိဗ္ဗာန်)ကို မသိခြင်း....(နိရောဓသစ္စာ)။

ဤသို့ သစ္စာလေးပါး အမှန်တရားကို မသိမမြင်ခြင်းသည် အဝိဇ္ဇာခေါ်သည်။

ပါဠိတော်၌ ခန္ဓာငါးပါးကို အနိစ္စအားဖြင့် သိသောသူ ရှုသောသူသည် အဝိဇ္ဇာဟူသော အမှောင်တရားကိုပယ်၍၊ ဝိဇ္ဇာတည်းဟူသော အလင်း ပေါ်ပေါက်အံ့ဟု ဟောတော်မူသည်။

ရှုပံ ဘိက္ခဝေ အနိစ္စတော ဇာနတော ပဿတော အဝိဇ္ဇာပဟီယတိ ဝိဇ္ဇာဥပ္ပဇ္ဇတိ.... ဝေဒနံ- သညံ- သင်္ခါရံ- ဝိညာဏံ- အနိစ္စတော ဇာနတော ပဿတော အဝိဇ္ဇာ ပဟီယတိ ဝိဇ္ဇာဥပ္ပဇ္ဇတိ....။

ဆိုလိုရင်းမှာ ခန္ဓာငါးပါး တပါးပါးကို အနိစ္စအားဖြင့်၎င်း ဒုက္ခအားဖြင့်၎င်း အနတ္တအားဖြင့်၎င်း ရှုသောပုဂ္ဂိုလ်မြင်သော ပုဂ္ဂိုလ်သည် အဝိဇ္ဇာအမှောင်ပျောက်၍၊ဝိဇ္ဇာဉာဏ်ရောက်အံ့(၀၊) ဝိဇ္ဇာဥဒပါဒိ- ဉာဏုပါဒိ -ဖြစ်အံ့ဆိုသည်။

အတိုချုန်းရသော် ဝိပဿနာ အလုပ်ကိုမြတ်စွာဘုရားနှစ်သက်တော်မူ၍ ဤမျှ ဟောကြားတော်မူခြင်းဖြစ်သည်။

ထို့ကြောင့် သစ္စာကို သိချင်လျှင် ဝိပဿနာရှုရမည်၊ မူလဋ္ဌကထာဆရာလည်း သစ္စာသိသောဉာဏ်သည် ဝိပဿနာဉာဏ် "သစ္စာနဲ့လောမိက ဉာဏန္တ ဝိပဿနာဉာဏ်" ဟုဖွင့်ပြတော်မူရာ၊မြတ်စွာဘုရားရှင်၏ သာသနာတော်၌ ပရိယတ်- ပဋိပတ်-ပဋိဝေဓ-ဟူ၍ သာသနာတော်သုံးရပ်ရှိရာ ဂန္ထဓုရတည်းဟူသောပရိယတ်အခြေခံပြီးလျှင် ဝိပဿနာတည်းဟူသော ပဋိပတ်လုပ်ငန်းဖြင့်သစ္စာသို့အစဉ်လိုက်သော အနုဗောဓဉာဏ်ရင့်ပြီးလျှင် ပဋိဝေဓဉာဏ်သို့ဆိုက်ရောက်အောင် ကျင့်သုံးနိုင်ပုံန် ဆရာတော်ကြီးသည်စိတ်၏ပင်ပန်းခြင်း, နှမ်းနယ်ခြင်းကို ဂရုပြုတော်မမူဘဲ တကာတကာမတွေ့ကို ကယ်တင်ရသျှင် ပြီးရော....ဆိုသည့် သဘောဖြင့် ရောဂါဝေဒနာကို လျစ်လျူရှုပြီး တကြိမ် ဟောတော်မူလျှင် အချိန်တနာရီကြာမျှနားမလည်မခြင်း ဟောတော်မူရာ နေ့စဉ် နှစ်ကြိမ်သုံးကြိမ် ဤသို့ ဟောတော်မူရာ ခန္ဓာကိုယ် အတွင်ဘောကြီးဖရိုဖရဲကြဲတော်မူသည်အထိ တရားဟော ပျက်တော်မမူချေ။

ထို့ကြောင့် စာဖတ်ပရိသတ်တို့အား သတိပေးတောင်းပန်လိုသည်မှာ ဆရာတော်ကြီးဤမျှအပင်ပန်းခံကာ တကာတကာမတွေ့အကျိုးကို ခန္ဓာဝန်ချတော်မူသည်အထိ သည်ပိုးရွက်ဆောင်ကာ.... ဟောကြားတော်မူခဲ့သော အထက်တန်းတရား၊ ခန္ဓာ

ဥာဏ်ရောက်တရား၊ သစ္စာဆိုက်သောတရား၊ ပဋိစ္စသမုပ္ပါဒ်ပြတ်သောတရားများကို မိမိတို့ဥာဏ်အိပ်ထဲရောက်အောင် အများဆုံးဒင်ပြည့် ကျပ်ပြည့် အမြတ်ထုပ်တော်မူကြပါကုန်.... ။

သစ္စာတရားတော်သည် မိမိတို့ အတွင်းစိတ်ဓာတ် ဖြူစင်နေသည့်အခါဌာ ခန္ဓာဥာဏ်ရောက်နိုင်သည်၊ မိမိတို့ သန္တာန်၌ လောဘစိတ်- ဒေါသစိတ်- မောဟစိတ်-ဣဿာ- မစ္ဆရိယ- ထိန-မိဒ္ဓ-ဆိုတဲ့ တရားတွေ တောထနေသည့်အခါဌာ ဘတ်ကြားရန် မသင့်သေးခဲ့၊ ဆိုင်းထားပါဦး.... ဆေးရောင်ဆိုးသည့် အထည်အဝတ်များကဲ့သို့ပင် ချေးညှော်တွေကို လက်ဦးပဌမ ဈာတ်ရပါသေးသည်၊ ဈာတ်၍ဖြူစင်နေသည့်အခါဌာ ဆိုးရောက ဝင်နိုင်မည် စဲနိုင်မည်ဖြစ်သကဲ့သို့ မိမိတို့သန္တာန်၌ စိတ်သည်တည်ကြည်နေသည့်အခါ၊ ငြိမ်သက်သည့်အခါ၊ သန့်ရှင်းသည့်အခါ၊သိမ်မွေ့သည့်အခါ၊ နူးညံ့သည့်အခါ၊ ပြုပြင်ခြင်းငှာ သင့်လျော်သည့်အခါ....စသဖြင့် အချိန်ကောင်း· အခါကောင်း၌ ဤစာအုပ်ပါသစ္စာတရားများကို ဘတ်ကြားကြစေလိုသည်။

သို့မှသာ ဆိုးရေဝင်၍ အထည်၌နှစ်သက်ရာ အရောင်စဲသလို မိမိတို့သန္တာန်၌ သစ္စာတရား ခန္ဓာဥာဏ်ရောက်ဖြစ်ပေလိမ့်မည်ဟု မေတ္တာရှေ့ထား၍ သတိပေးခြင်းပြုပါသည်။

အတွင်းပါ စာသား တရားသား အဆိုအနှစ်များကို အစုမ်းကုန် ညှစ်ထုတ်၍ မိမိတို့ဥာဏ်အိပ်ထည်း၌ ထည့်နိုင်ကြပါစေကုန်သတည်း။

ဦးသံဒိုင် (ဥက္ကဋ္ဌ)
မိုးကုတ် ဝိပဿနာ တရားစဉ်နှင့်
လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့။

မာတိကာ

ဦးရေ	အကြောင်းအရာ		စာမျက်နှာ
၁။	အပေါင်းအသင်း မလွဲစေကြနဲ့ ညအလုပ်ပေး-တရားတော်		၁
၂။	သမ္မာဒိဋ္ဌိနှစ်မျိုး	။	၄၅
၃။	ဝိပဿနာအလုပ်မလုပ်ယင် နိဗ္ဗာန်မရှိ	။	၉၁
၄။	သစ္စာသိဘို့ အရေးအကြီးဆုံး	။	၁၃၄
၅။	သစ္စာမသိတာ ကြောက်စရာအကောင်းဆုံး	။	၁၈၃
၆။	ပုဂ္ဂိုလ်လေးမျိုးဖြင့် ဝေဘန်ဟောကြားခြင်း	။	၂၂၉
၇။	ယနေ့ အရေးအကြီးဆုံးတရား	။	၂၆၃
၈။	သစ္စာဉာဏ်အကြောင်း	။	၃၀၈
၉။	ကိစ္စဉာဏ် ပိဋ္ဌနဋ္ဌသဘော	။	၃၅၅
၁၀။	ကိစ္စဉာဏ် သစ္ဆိကတ္ဌသဘော	။	၄၀၀
၁၁။	ကိစ္စဉာဏ် သစ္ဆိကတ္ဌသဘော	။	၄၄၈
၁၂။	မဟာပစ္စဝေက္ခဏာ ၂-ချက်	။	၄၇၅

စိတ္တာနုပဿနာ ရှုနည်း

၁။ မြင်စိတ်
၂။ ကြားစိတ်
၃။ နံစိတ်
၄။ စားစိတ်
၅။ ယားနာကောင်းစိတ်
၆။ တွေးစိတ်-တောစိတ်

} အပြင်ဖြည့်သည့် ၆ ယောက်

၁။ လောဘစိတ်
၂။ ဒေါသစိတ်
၃။ မောဟစိတ်
၄။ အလောဘစိတ်
၅။ အဒေါသစိတ်

} အတွင်းဖြည့်သည့် ၅ ယောက်

၁။ လေကိုထုတ်သောစိတ်
၂။ လေကိုသွင်းသောစိတ်

} အိမ်သည်စိတ် ၂ ခု

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊
သမ္မာသတိ၊ သမ္မာသမာဓိ၊
ဌင်း (၅) ခုသည် ရှုတတ်သော တရားမျှးဖြစ်၏။
ရှုပုံနည်းစံနစ်မှာ အိမ်သည်ကို အမြဲထား၍ ဖြစ်ပျက်ရှုပါ။
အိမ်သည် မရှိပါက အပြင် ဖြည့်သည်၊အတွင်းဖြည့်သည်
ပေါ်ရာကို ရှုပါ၊
ဖြည့်သည်မရှိပါက အိမ်သည်ကို အမြဲရှုပါ၊

(၁) ဖြစ်ပျက်သမျှ သင်္ခါရ ဒုက္ခသစ္စာမှတ်။

(၂) ဖြစ်ပျက်မှုတွင် ငါကောင်ထင် ခင်မင်သမုဒယမှတ်။

(၃) ရုပ်နာမ်အားလုံး ဖြစ်ပျက်သည်း ချုပ်ဆုံးနိဗ္ဗာန်မှတ်။

(၄) ချုပ်ဆုံးမှုတွင် ဥာဏ်သက်ဝင် သီမြင်မဂ်ဟုမှတ်။

(၅) သူတော်ဆည်းကပ် မြတ်တရားနာ လျော်စွာပြုကျင့်
မဂ်ဖိုလ်ခွင့် ရလင့်ကေန်သာ။

အဖွဲ့၏ တည်ရာဌာန၊ အမှတ် ၃၃-ဆင်းဒွစ်လမ်းဥ
လက်လီရောင်းချခြင်း၊ ရပ်ဝေးသို့ စာတိုက်မှ တင်ပို့ခြင်း
မပြုပါ။

၁၉၆၅-ခု၊ ဒီဇင်ဘာလအထိ ရိုက်နှိပ်ပြီး၍ ရနိုင်သော
စာအုပ်မျိုးမှာ အမှတ်စဉ် ၁-မှစ၍ အမှတ်စဉ် ၁၂-ဖြစ်ပါသည်။

နှမျောတဲ့ ဘဂဝတော် အရဟံတော်

သမ္မာသမ္ဗုဒ္ဓါယ

ကျေးဇူးတော်ရှင် - အင်္ဂမဟာပဏ္ဍိတ

မိုးကုတ်မြို့ မင်္ဂလာတိုက်

ဆရာတော် ဘုရားကြီး ဟောကြား ဆုံးမတော်မူသော

(အပေါင်းအသင်းမလွဲကြစေနဲ့)

ညအလုပ်ပေးတရားတော်

(၂၂-၆-၆၁)

ဘာ့ကြောင့်တုံး....ဆိုတော့ နောက်ဘဝ ကိုဝ.... ဒုက္ခသစ္စာ လာဦးမှာဘဲ့.... (လာမှာပါဘုရား) ဇာတိ ဇရာမရဏ လွှတ်ပါ့မလား.... (မလွှတ်ပါဘုရား)။

ဇာတိ ဇရာ မရဏ မလွှတ်တော့ သောက ပရိဒေဝ ဒုက္ခဒေါမနဿကော....(မလွှတ်ပါဘုရား) မလွှတ်တော့ ဒီကုသိုလ်ကို ဒုက္ခရောက်ခဲ့ကုသိုလ်ကို ကောင်းတယ်လို့ ဆရာဘုန်းကြီးက ချီးမွမ်းပြီး မဟောနိုင်ပါဘူး....(မှန်ပါ့)။

ဒါဖြင့် ဒီကုသိုလ်သည်ကားလို့ ဆိုယင်ဖြင့် ဒုက္ခရောက်တဲ့ကုသိုလ်ရှိတယ်၊ ဒုက္ခလွှတ်တဲ့ကုသိုလ်ကော....(ရှိပါတယ်ဘုရား)

ဩဩ်....ကုသိုလ်ကလဲနှစ်မျိုး....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အကုသိုလ်ကလဲအပါယ်ရောက်တဲ့အကုသိုလ်အပါယ်မရောက်တဲ့ အကုသိုလ်ရှိတယ်....(မှန်ပါ့) သဘောပါကြပလား....(ပါပါပြီဘုရား)။

အဲဒီတော့ တကာတကာမတွေ့မှာတဲ့ ဒီနှစ်မျိုးကို ကုသိုလ်လဲစိုးရိမ်ရတဲ့ကုသိုလ် ရှိပြီးသကာလနေတော့ ကုသိုလ်လဲ မောင်နှိုင်တို့.... ခဏခဏပြောလို့ သိပါပြီ....(မှန်ပါ့)ဦးဘရှင်းတို့လဲ နားလည်ထားပါပြီ....(မှန်ပါ့)။

ကုသိုလ်ပေမဲ့လဲ ကိုဝ....ဒုက္ခရောက်ဘဲ့ ကုသိုလ်က ရှိသေးတာကိုး....(မှန်ပါ့)။

အကုသိုလ်လဲရှိတာဘဲ၊အပါယ်ရောက်တဲ့ အကုသိုလ်၊အပါယ်မရောက်တဲ့ အကုသိုလ်ရှိတာဘဲ။

ကုသိုလ်ကလဲ နိဗ္ဗာန်မရောက်တဲ့ ကုသိုလ်, နိဗ္ဗာန်ရောက်တဲ့ကုသိုလ် ဘယ်နှစ်မျိုးရှိသတုံး.... (နှစ်မျိုးရှိပါတယ်ဘုရား)။

နှစ်မျိုးရှိတယ်လို့မှတ်ထားတော့ ဒီနေ့ပြောရမှာသည် အားလုံး တကာတကာမတွေ့ နားကြီးကြီးနဲ့ ထောင်ပြီး ရှင်းရှင်းကလေးမှတ်ပါနော်....(မှန်ပါ့)။

ရှင်းရှင်းကလေးမှတ်ပါနော်။ ဒီဥစ္စာက သာမညဆိုလို့ရှိယင် ကိုဝ....ဒီဥစ္စာ ဖေါ်နိုင်ဘို့တောင် မလွယ်ဘူး.... (မလွယ်ပါဘုရား)။

မလွယ်ဘူး၊ ဖေါ်နိုင်ဘို့ကို မလွယ်ဘူး၊ ဦးလိုင်လဲ သေသေချာချာမှတ်စမ်းပါ၊အဝေးကြီးကလာကြရတယ်နော်၊ ဒါ့ကြောင့် အဘိုးတန်တာတွေကိုဘဲ တကာ တကာမတွေ့ကို ဩော်....ဒို့

အနာရှိ ဆေးရှိတယ်ဆိုတဲ့အတိုင်း လုပ်ရမှာဘဲ ဆိုတဲ့ဥစ္စာနည်းမရတော့လဲ ကြောက်စရာမဟုတ်တာကိုလဲကြောက်၊ ကြောက်စရာဟုတ်တာကိုလဲ မကြောက်.... (မှန်ပါ့)။

ဦးဘရှင်း ဒီလိုကော မဖြစ်တတ်ဘူးလား.... (ဖြစ်တတ်ပါတယ်ဘုရား)။

ကြောက်စရာဟုတ်တာကျတော့ မကြောက်ပြန်ဘူး၊ကြောက်စရာမဟုတ်တာကျတော့လဲ.... (ကြောက်ပါတယ်ဘုရား)။

အဲဒီတော့ ဘုရား.... ဒါ.... သိမှု လို-လို့ပေါ့ဗျာ.... (မှန်ပါ့ဘုရား)။

ကိုပေါ် ဘယ်လို မှတ်ကြမယ်.... (သိမှု လို-လို့ပါဘုရား) နောက်က တကာတကာမတွေကော.... (သိမှုလိုလို့ပါဘုရား)။

သိမှုလို့တယ်တဲ့၊ ခဲခြမ်းဝေဒနာတတ်တဲ့ ဆရာကောင်းသမားကောင်းကို မတွေ့သေးသ၍ ကာလပတ်လုံးဟာဖြင့် မိဘ၌ရိုးရာနဲ့ဘဲသက်ကြီးစကားသက်ငယ်ကြားဆိုပြီးသကာလ တကာကြိုးလို့ဒါနဲ့ အချိန်ကုန်သွားကြတာဘဲ.... (မှန်ပါ့)။

အဲဒါကျတော့ ကိုယ့်လက်ထက်မှ ထိုးထွင်းပေးမည့်ခေါင်းဆောင်ကောင်းက မရှိတော့ ကိုဝရေ.... မကြောက်သင့်တာကြောက်၊ကြောက်သင့်တာ မကြောက် ဒီလိုမဖြစ်ကြဘူးလား.... (ဖြစ်ပါတယ်ဘုရား)။

အဲဒါကလေးတွေကို ယနေ့ သေသေချာချာ ပြောပါ့မယ် တကာတကာမတို့ နားကြီးကြီးနဲ့သာ ဘယ်မှ အာရုံမသွားဘဲနဲ့ နားထောင်ပြီးသကာလ သြော်.... ဒီလိုလုပ်ယင် ဒီလိုဖြစ်တယ် ဆိုတာကလေးဟာ ဦးဘရှင်း ရှင်းတော့မယ်....(မှန်ပါ့)။

အဲဒီတော့ကိုတဲ့ ငါဘုရားသခင် ကိုယ်တော်မြတ်ကြီးဟောခဲ့ပါမယ်ကွာ....တဲ့ မင်းတို့ကို အကုသိုလ်လဲ ခုနင်က ပြောခဲ့တဲ့ အတိုင်း အပါယ်ကျတာလဲရှိတယ်၊ မကျတာလဲရှိတယ်၊ကုသိုလ်လဲ ဒုက္ခရောက်တဲ့ကုသိုလ်လဲရှိတယ် ဒုက္ခလွတ်တဲ့ကုသိုလ်လဲ.... (ရှိပါတယ်ဘုရား) အဲဒါ အပေါင်းအသင်း လဲနေလို့ဖြစ်ပါတယ်ကွာ....တဲ့....(မှန်ပါ့)။

တကာတကာမတို့ဘာလဲနေလို့ပါလိမ့်.... (အပေါင်းအသင်းလဲနေလို့ပါဘုရား)။

အပေါင်းအသင်းဆိုတာကလူ-လူချင်းပေါင်းတာယောကျ်ားနဲ့မိန်းမ ပေါင်းတာ တကာကြီးလို့ဆိုင်.... ဒါကို မဆိုလိုပါဘူး၊ ကိုယ့်အတွင်းမှာ ပရမတ်နဲ့ ပေါင်းသင်းတာကို ဆိုမယ်ကွ....တဲ့ ငါဘုရားကနော်တဲ့(မှန်ပါ့)။

ကဲ....ဒါဖြင့် ဘာနဲ့ ပေါင်းသင်းရမှာတုံးလို့ မေးတဲ့အခါကျတော့ သဒ္ဓါဒုတိယာ ပုရိသဿဟောတိ၊သဒ္ဓါတရားနဲ့ပေါင်းပေးကွ....တဲ့....(မှန်ပါ့)။

သဒ္ဓါတရားဆိုတော့ တကာတကာမတွေက ဘာမှတ်လိုက်သတုံးဆိုတော့ သဒ္ဓါတရားဆိုတော့ သဒ္ဓါတရားဆိုတာ ဩဝါဘယ်သူက တယ်သဒ္ဓါတရားကောင်းတာဘဲဆိုတော့ လူမှုတန်းမှုကိုမှတ်နေတယ်....(မှန်ပါ့) မဟုတ်ဘူး၊ အခုပေါင်းရမည့်သဒ္ဓါတရားက ဒါမဟုတ်ပါဘူးတဲ့၊ တကာတကာမတို့ လေးလေးစားစားမှတ်ပါနော်....(မှန်ပါ့)။

ဘာပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့ မြတ်စွာဘုရား အပေါ်ဦးဂုဏ်း၊ တရားအပေါ်ဦးဂုဏ်း ယုံကြည်မှုကို ဒါ... သဒ္ဓါဆိုပါတယ်....(မှန်ပါ့) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ဘုရား သဗ္ဗညုတဉာဏ်တော်နဲ့ ဟောထားတာကိုယုံကြည်မှု (မှန်ပါ)။

တရားက လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ပေးနိုင်တယ်ဆိုတာကိုရှေးပြီးသကာလ ယုံကြည်ဘို့....(မှန်ပါ့)မောင်နှိုင်ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ပေးဘို့, လွှဘို့, ကမ်းဘို့ကို သဒ္ဓါတရားကောင်းတယ်လို့ ကိုဝတို့က တချက်တည်းယူထားတာကိုး၊ သဒ္ဓါဆိုတာက ဒါမှမဟုတ်ဘဲ....(မှန်ပါ့) ဘုရား၏ သဗ္ဗညုတ ဉာဏ်တော်ကြီးကို ယုံကြည်မှု....(မှန်ပါ့)။

တရားတော်၏ ကိလေသာသတ်တဲ့ ဂုဏ်စုံမြိန်ရည်သတ္တိကို ယုံကြည်မှု....(မှန်ပါ့) မောင်နှိုင် သဘောကျပလား(ကျပါပြီ)။

ဒါဖြင့် သဒ္ဓါသည် ပေးကမ်းတာလား ယုံကြည်မှုလား.... (ယုံကြည်မှုပါဘုရား)။

အဲဒါ အယင်ပေါင်းရမယ်ဟေ့.... သဒ္ဓါနဲ့ အယင်ပေါင်းပါတဲ့....(မှန်ပါ့)။

တကာကြီးလို့ပြောင်....ဘာနဲ့ပေါင်းရမလဲ (သဒ္ဓါနဲ့အယင်ပေါင်းရပါမယ်ဘုရား)။

သဒ္ဓါနဲ့ပေါင်းတော့ သဒ္ဓါဆိုတာဟာ ဘယ်လိုစွမ်းရည်သတ္တိရှိပါလိမ့်မလဲလို့ တကာ တကာမတွေက မေးတော့ ဘုရားက သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ ဟောထားတာ သဗ္ဗညုတ ဉာဏ်တော်ကြီးဟာ အကုန်သိတယ်ဆိုတာ ယုံကြည်ဘယ်.... (မှန်ပါ့) ပေါ့ကြပလား....(ပေါ်ပါပြီ)။

သဗ္ဗညုတ ဉာဏ်တော်ကြီးဟာ.... (အကုန်သိပါတယ်ဘုရား) အကုန်သိတယ်ဆိုတာ သူ့အပေါ် ယုံကြည်ရမယ် (မှန်ပါ့)။

ပြီးတော့ သူဟောထားတဲ့ တရားတွေဟာ အင်း....ချမ်းသာသုံးမျိုးကို ပေးနိုင်တယ်၊ ဒို့....ကျင့်ကြံယင် ချမ်းသာသုံးမျိုးကို ပေးနိုင်တယ်ဆိုတာ ယုံကြည်မှုပေါ့ဗျာ....(မှန်ပါ့)။

ဒါ....ဘယ်သူ့ကိစ္စတုံးမေးယင် တကာတကာမတွေက ဘယ်နှယ်ဖြေကြပါ့မလဲ၊ သဒ္ဓါ၏ကိစ္စ.... (မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီ)။

ဘယ်သူ့ကိစ္စပါလိမ့်....(သဒ္ဓါ၏ကိစ္စပါ ဘုရား) သဒ္ဓါကိစ္စဆိုတာဖြင့် ရှင်းကြပလား... (ရှင်းပါပြီ)။

အဲဒါကိုဖြင့် ဒီတရားကြပ်ကြပ်ပေါင်းပါနော်.... (မှန်ပါ့) ဘုရားအပေါ်၌, သဗ္ဗညုတဉာဏ်ပေါ်၌ ယုံကြည်မှု, တရားအပေါ်၌ ယုံကြည်မှု, အရိယာသံဃာတွေ အပေါ်၌ ယုံကြည်မှု၊ ဒါပေါင်းထားပါ.. (မှန်ပါ့) ဒါကို ပေါင်းထားလို့ရှိယင်တဲ့.... ဘုရားအပေါ်ကို မတုန်မလှုပ် ယုံကြည်လို့ရှိယင် မောင်နိုင်.... အပါယ်သွားတဲ့ တရားဟာ အကုန်ပယ်တယ်....(မှန်ပါ့)။

ဘုရားအပေါ်၌ မတုန်မလှုပ် ယုံကြည်ယင်....(အပါယ်သွားတဲ့ တရား ပယ်ပါတယ်ဘုရား) လောဘတော့ ကျန်ရစ်တာဘဲ၊ အပါယ်သွားမည့် လောဘုတော့ ကုန်တာဘဲ....(မှန်ပါ့)။

ယုံကြည်မှုသဒ္ဓါကြောင့်....(မှန်ပါ့) တကာကြီးလှိုင် ဒါဖြင့် အပေါင်း အသင်းဟာ တယ်အရေးကြီးပါကလား....(ကြီးပါတယ်ဘုရား)။

ပစ္စုပ္ပန် လူ့လူချင်း ပေါင်းတာ လူနဲ့ မိန်းမနဲ့ ပေါင်းတာ၊ သဒ္ဓါနဲ့ ပေါင်းဘို့ ဆိုသလား....(သဒ္ဓါနဲ့ ပေါင်းဘို့ဆိုပါတယ် ဘုရား)။

အဲဒီတော့ 'သဒ္ဓါဒုတိယာ ပုရိသဿဟောတိ' သဒ္ဓါဒုတိယာ= သဒ္ဓါတည်းဟူသော တယောက်နဲ့၊ ပုရိသဿ=ယောကျ်ားမှာ သဒ္ဓါတည်းဟူသော အဖေါ်တယောက်နဲ့ ပေါင်းစမ်းပါတဲ့.... (မှန်ပါ့)။

တကာတကာမတွေ့ ရိပ်မိပလား....(ရိပ်မိပါပြီ) ဘာနဲ့ ပေါင်းရမှာတုံး....(သဒ္ဓါနဲ့ ပေါင်းရမှာပါဘုရား)။

အဲ....သဒ္ဓါတည်းဟူသော အဖေါ်တယောက်နဲ့ ပေါင်းစမ်းပါကွာ....တဲ့၊ မောင်နိုင် ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

နို့....ဒီ တယောက်ဘဲလား ဘုရား....ဆိုတော့ သဒ္ဓါနဲ့ ပေါင်းလို့ ရိုယင် "ပညာစေနံ ပသာသတိ" သဒ္ဓါနဲ့ ပေါင်းပြီးသကာလ ယုံကြည်ပြီဆိုမှဖြင့် ကွာ.. တဲ့....ပညာနဲ့ တခါ ပေါင်းပြီးသကာလ ခန္ဓာကိုယ် ကြည့်တာပေါ့တဲ့....(မှန်ပါ့)။

သဒ္ဓါနဲ့ ယုံကြည်ပြီး ဘုရားက ခန္ဓာကိုယ်ထဲမှာ ခန္ဓာငါး ပါး ရှိတယ်၊ အဖြစ် အပျက်မှ တပါး ဘာမှ မရှိဘူး....(မှန်ပါ့) ဘုရားက ဟောထားတယ်....(မှန်ပါ့)။

အဲဒါ မောင်နိုင်က ဘာလုပ်ရမလဲ....(ယုံကြည်ရပါမယ် ဘုရား)ယုံကြည်ပြီးတော့မှ ဒါ ကောန်ရှိ·တကယ်ရှိလို့ တကာ တကာမတွေက ယုံကြည်လိုက်စမ်းပါ....(မှန်ပါ့)ပေါ်ကြပလား· (ပေါ်ပါပြီဘုရား)။

ယုံကြည်ပြီးသကာလမှ ပညာနဲ့ တခါ ဆက်ပေါင်းလိုက်ပါ၊ ကိုဝနဲ့ ပညာနဲ့ အဖေါ်လုပ်လိုက်....(မှန်ပါ့)ကိုပေါ်နဲ့ ပညာနဲ့ (အဖေါ်လုပ်ရပါမယ်ဘုရား)။

အဖေါ်လုပ်လိုက်တဲ့ အခါကျတော့ နဂိုက ယုံကြည်ထားတဲ့ သဒ္ဓါကလဲ ထက်သန်ပြန်၊ ပညာက ဆိုတာ "ပညာစေနံ ပသာ

သတိ”ပညာစ=ပညာသည်ကား၊ နေံ=ထိုယောကျ်ားကို၊ ပသာသတိ=အမှန်သိမြင်အောင် ဆုံးမ၏၊ အင်း....သဒ္ဓါက နဂိုက ရှိမှန်းသိတာကို ယုံကြည်ထားတော့ ပညာနဲ့ ကြည့်လိုက်တဲ့ အခါကျတော့ မောင်နိုင် ခန္ဓာတို့၏ ဖြစ်ပျက် ငတ္ဆ-မတ္ဆ....(တ္ဆပါတယ်ဘုရား) နဂိုက မယုံကြည်ယင်တော့....(မတ္ဆပါဘုရား)။

ဒါဖြင့် ဒီလို နှစ်ယောက်နဲ့ ကိုပေါ်တို့ ကိုဝတို့က အဖေါ်လုပ်စမ်းပါ....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

တကာတကာမတို့ ဘယ်လူနဲ့ အဖေါ်လုပ်ရမှာတုံး....(သဒ္ဓါနဲ့ ပညာပါ) အေး....ဒါ သံယုတ်ပါဦးတော်ကြီးမှာ သေသေချာချာ ကိုယ်တော်တိုင် မင်းတို့ အကုသိုလ်တွေ ကြောက်နေလို့ ရှိယင် အပေါင်းလဲလို့သာ ကြောက်တာပါကွာ၊ ရှင်းပလား....(ရှင်းပါပြီ) အပေါင်းမလဲလို့ရှိယင်ဖြင့် မင်းတို့သည်ကားလို့....ဆိုယင် အကုသိုလ်တိုင်း ကြောက်ရမယ်လို့ ငါဘုရားလဲ မဟောပါဘူး....(မှန်ပါ့)။

အပါယ်သွားတဲ့ အကုသိုလ်တော့ ကြောက်ရမှာပေါ့ဗျာ....၊ အပါယ်မသွားတဲ့ အကုသိုလ်က ရှိနေတယ်၊မရှိဘူးလား....(ရှိပါတယ်ဘုရား)။

ကဲ ဒါဖြင့်‘သဒ္ဓါဒုတိယာ ပုရိသဿဟောတိ ပညာစေနံပသာသတိ’တဲ့ သဒ္ဓါတည်းဟူသော တရားနဲ့ ရှေးဦးစွာ ပေါင်းပြီး ပညာနဲ့ တခါပြန်ပြီးသကာလ တကာတကာမတွေက တဲ့ပေါင်းလိုက်ပါ....(မှန်ပါ့)။

ဒါဖြင့် ခင်ဗျားတို့ အဖေါ်နှစ်ယောက် ထားပေး....(မှန်ပါ့ဘုရား)။

တကာကြီးလို့ဉ် အဖေ၊ဘယ်နှစ်ယောက် ထားရမလဲ....(နှစ်ယောက် ထားရပါမယ်ဘုရား) သဒ္ဓါရယ်, ပညာရယ် အဖေ၊လုပ်လိုက်စမ်းပါ....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

"သဒ္ဓါ ဒုတိယာ ပုရိသဿဟောတိ-ပညာစေနံ ပသာသတိ"

သဒ္ဓါတည်းဟူသော မိတ်ဆွေကောင်း တယောက်, ပညာတည်းဟူသော အဖေ၊ကောင်းတယောက် ဒီနှစ်ယောက်နဲ့ ကိုဝတို့ကပေါင်း, ကိုပေ၊တို့က ပေါင်းနော်....(မှန်ပါ့)။

သဒ္ဓါက ယုံကြည်နော်...(မှန်ပါ့) ဘုရားက သူကိုယ်တိုင် သိပြီးမင်းတို့မှာ ခန္ဓာငါးပါး ရှိတယ်၊ အဲဒီ ခန္ဓာငါးပါးဟာ ဖြစ်ပြီးပျက်နေတာက၊ ဝေဒနာကြည့်လဲ ဖြစ်ပျက်ဘဲ မင်း ပ့ဲမယ်၊ သညာကြည့်လဲ ဖြစ်ပျက်ဘဲ ဆိုတော့ သဒ္ဓါက အဟုတ် ယုံကားလိုက်....(မှန်ပါ့)။

အဟုတ်ယုံပြီးသကာလ သူကတော့ ယုံတတ်တာဘဲ ရှိတယ်၊ မြင်တတ်တာတော့ မပါဘူး....(မှန်ပါ့)။

တကာကြီးလို့ဉ် ယုံတတ်တာတော့....(ရှိပါတယ်ဘုရား) မြင်တတ်တာတော့....(မပါပါဘုရား)။

မြင်တတ်တာတော့ ပညာစေနံ ပသာသတိကိုး၊ ပညာစေနံ ပသာသတိ=ပညာက ထိုယောကျ်ားကိုလဲ လိမ္မာအောင် ဆုံးမ၏၊ သဒ္ဓါယုံကြည်တဲ့ တရားတွေကိုလဲ သိ၏၊ သဒ္ဓါက ခန္ဓာငါးပါးထဲမှာ ဖြစ်ပျက်ဘဲ ရှိတယ်၊ ခန္ဓာထဲမှာ ငါးပါး, ငါးပါးဟာ ဖြစ်ပျက်ဘဲ ရှိတယ် ဆိုပြီးသကာလ ပညာက နေပြီး၊ မောင်နှိုင်က ကြည့်ပေးပါ၊ ပညာနဲ့ ကြည့်ပေးပါနော်....(မှန်ပါ့)။

"နိဗ္ဗာနဘိရတော မစ္ဆော" အဲဒါဟာကွာ....တဲ့ ဒီ ခုစ်ခုပေါင်းမိလို့ ရှိယင်ဖြင့် ဒီ သတ္တဝါဟာတဲ့ နိဗ္ဗာန်မြင်ပါလိမ့်မယ်

တဲ့....(မှန်ပါ့)နိဗ္ဗာနာဘိရတော=နိဗ္ဗာန်၌ မေ့လျော့တဲ့ ပုဂ္ဂိုလ် တဦးတယောက် ဖြစ်လာတယ်ကဲ့တဲ့....သူတို့ နှစ်ခုနဲ့ ပေါင်းလိုက်တာ....(မှန်ပါ့)။

ပဌမ နိဗ္ဗာန်နဲ့ ဦးဘကလေး အပေါင်းအသင်း ဖြစ်လာတယ် (မှန်ပါ့)သဒ္ဓါ ပညာနဲ့ ပေါင်းလိုက်တာနဲ့ဘဲ တကာတကာမတို့ ပဌမနိဗ္ဗာန် မြင်လာတယ်....(မှန်ပါ့)။

အဲဒီကျတော့ ဘယ်လို ဟောသလဲ....'သဗ္ဗဒုက္ခာ ပမုစ္စတိ-တဲ့၊ ကွာ..မင်း အပါယ်ဒုက္ခလောက် မဆိုပါနဲ့ အလုံးစုံ ဒုက္ခတောင် ရှင်းပါတယ် ဒီ နှစ်ယောက်သာ ပေါင်းကြည့်စမ်းပါတဲ့....၊ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘယ်နှစ်ယောက် ပေါင်းရမှာတုံး....(နှစ်ယောက်ပေါင်းရမှာပါဘုရား) နှစ်ယောက်ပေါင်းလိုက်စမ်းပါတဲ့....။

ကဲ....ဒါဖြင့် တကာတကာမတို့ ဘာနဲ့ ပေါင်းကြမယ်....(သဒ္ဓါနဲ့ ပညာနဲ့ ပေါင်းရပါမယ်ဘုရား)။

ရှေးဦးစွာ ဘယ်သူ့ကို လက်ကိုင်ထားရမလဲ....(သဒ္ဓါ လက်ကိုင်ထားရပါမယ်ဘုရား)အဲ....သဒ္ဓါ လက်ကိုင်ထားပြီး ဘယ်သူ့ကို အဖော်ပြန်လုပ်ရမယ်....(ပညာကို အဖော်ပြန်လုပ်ရပါမယ်ဘုရား)။

ကဲ....သဒ္ဓါက ခန္ဓာငါးပါး ရှိတယ် ယုံကြည်နော်....(မှန်ပါ့) ဒီ ခန္ဓာငါးပါးဟာ အနိစ္စမှ တပါး(၀ါ)ဖြစ်ပျက်မှ တပါး ဘာမှ မရှိဘူးလို့ မမြင်ဘဲနဲ့ ယုံကြည်ထားလိုက် မောင်နှိုင်(မှန်ပါ့) ဘုရားဟောမို့....၊ ဘုရား အပေါ်မှာ တခါတည်း မတုန်မလှုပ် ယုံကြည်ထားလိုက်စမ်းပါ....(မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

မတုန်မလှုပ် ယုံကြည်ပြီးသကာလ ထားလိုက်တဲ့ အခါကျတော့ အဲဒီ ယုံကြည်တဲ့ နောက်က-နေပြီးသကာလ မောင်နိုင်.... ပညာကို တခါ အဖေါ်လုပ်လိုက်....(မှန်ပါ!)သဘောပါကြလား (ပါပါပြီဘုရား)။

ဒါဖြင့် ဘယ်သူ့ အဖေါ်လုပ်မယ်....(ပညာ အဖေါ်လုပ်ရ ပါမယ်ဘုရား) ပညာ အဖေါ်လဲ့ပ်လိုက်တဲ့ အခါကျတော့ ယုံကြည်ပြီးသား လူလဲ ဖြစ်ပြန် ပညာကလဲ အရှိကို သိပြန်ဆိုတော့ ကိုပေါ်တို့, ကိုဝတို့ ဖြစ်ပျက် မတွေ့ပေဘူးလား....(တွေ့ပါတယ် ဘုရား)။

တွေ့ကတည်းကိုက်တဲ့ ကိုယ့် ပဋိစ္စသမုပ္ပါဒ်ကိုယ် တွေ့ပြီကွာ.... တဲ့....(မှန်ပါ့)။

မောင်နိုင် ဘာတွေ့တာတုံး....(ကိုယ့် ပဋိစ္စသမုပ္ပါဒ် ကိုယ်တွေ့တာပါဘုရား)။

ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်တွေ့ပြီဆိုတော့ အင်း....လောဘကလေး ဖြစ်လာလဲ လောဘကို ဘုရားက မင်းတို့ ဝမ်းထဲမှာ ခန္ဓာထဲ အဲဒါ သန်ရကွန္ဓာဘဲဟေ့....၊ အဲဒီ သန်ရကွန္ဓာကို သဒ္ဓါက ယုံကြည်ထားတယ်၊သန်ရကွန္ဓာရှိတယ်ဆိုတာခန္ဓာငါးပါးကို သန်ရကွန္ဓာ အပါအဝင်ပေါ့လေ....(မှန်ပါ့) ရှိတယ်ဆိုတာ ယုံကြည်မထားဘူးလား....(ယုံကြည်ပါတယ်ဘုရား)။

ယုံကြည်ထားတော့ တကာတကာမတွေ့က ကျောက်ကလေး ဝယ်ချင်တဲ့ လောဘကလေး ဖြစ်လာတယ်၊ မသိပေဘူးလား.... (သိပါတယ်ဘုရား)။

သိလာတဲ့ အခါကျတော့ လောဘဖြစ်နေကုန်း သိတာလား၊ လောဘချုပ်ပြီးမှ သိတာလား....(လောဘချုပ်ပြီးမှ သိတာပါဘုရား)။

ဟာ....ဒါဖြင့် ကိုဝ....ဖြစ်ပျက်နဲ့ မဂ်နဲ့ သွားကိုက်တယ်....(မှန်ပါဘုရား)။

ဘယ်လို ကိုက်ပါလိမ့်.... (ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်ပါတယ်ဘုရား)။

ဖြစ်ပျက်နဲ့ မဂ်နဲ့ သွားကိုက်တယ်၊ ဖြစ်ပျက်နဲ့ မဂ်နဲ့ သွားကိုက်လိုက်တဲ့အခါကျတော့ ခုနင်က လောဘသည် နဂိုက ကျုပ်တို့ကို နှိပ်စက်မလို့ လာတာဘဲ....(မှန်ပါ) သို့သော် ကျုပ်တို့က သူ့ကို လောဘ မယူတော့ဘူး၊ဘုရားအပေါ် ယုံကြည်လိုက်တယ် (မှန်ပါ) လောဘဟာ နာမည်သာ လောဘ၊ ကျုပ်တို့ ကြည့်တော့ ဖြစ်ပျက်....(မှန်ပါ)ကျုပ်တို့ ကြည့်တော့ အနိစ္စ သွားဖြစ်တယ်....။

ကိုယ်တိုင်ကြည့်လိုက်တော့ ဘာဖြစ်ကြသလဲ....(အနိစ္စဖြစ်ပါတယ်ဘုရား)။

ကိုယ်တိုင်ကြည့်လိုက်တော့ အနိစ္စ သွားဖြစ်တော့ အနိစ္စက ဖြင့် ကိုဝ အပါယ် မပို့ဘူးနော်....(မပို့ပါဘုရား)လောဘသက်သက်အတိုင်း နေရလို့ရှိယင်....(ပို့ပါတယ်ဘုရား)။

ဒါဖြင့် လောဘပေမဲ့ ကြောက်စရာရှိရဲ့လား....(မရှိပါဘုရား)။

ဒါဖြင့် အရှင်ဘုရား....တပည့်တော်တို့ သဒ္ဓါယုံကြည်ချက်က မင်းတို့သန္တာန် ပဋိစ္စသမုပ္ပါဒ်ဆိုတဲ့ လောဘ ပေါ်လိမ့်မယ်ကွာ-၊ တဏှာပေါ်လိမ့်မယ်၊ ဥပါဒါန် ပေါ်လိမ့်မယ်၊ ကံပေါ်လိမ့်မယ်

ဆိုတာ ပဋိစ္စသမုပ္ပါဒ်ကလဲ ရှိလျက် မဟုတ်လား.... (ရှိလျက်ပါ ဘုရား) ယုံကော ယုံကြည်ရဲ့လား.... (ယုံကြည်ပါကယ်ဘုရား) ဒီ အစဉ်အတိုင်းကော မလာဘူးလား....(လာပါတယ် ဘုရား)။

အဲဒီတော့ လာတဲ့အခါကျတော့ တကာတကာမတွေ့ကာ လောဘ လာတယ်၊ အင်း....ဒါဘုရားဟောတော်မူတဲ့ အတိုင်း ဘုရား....ယုံကြည်တဲ့ အတိုင်းမင်းတို့ ခန္ဓာတခု ပေါ်ပတဲ့ ဝိညာဏကခန္ဓာဆိုတဲ့ လောဘစိတ်ပေါ်သတဲ့.... ထားလိုက်ပါတော့.... မောင်နိုင်နော်....(မှန်ပါ့)ဆိုတော့ ယုံကြည်တဲ့ အတွက်ကော.... ဘုရားဟာ ယုံကြည်တဲ့အတွက် ပေါ်တာကိုကော ကျုပ်တို့ မသိဘူးလား....(သိပါတယ်ဘုရား)။

ရှိတာ ပေါ်တာဘဲလို့ မယုံကြည်ပေဘူးလား....(ယုံကြည်ပါတယ်ဘုရား) ယုံကြည်တဲ့ အချိန်ကျလို့ရှိယင် ပညာနဲ့ တခါ ပြန်ပေါင်းလိုက်....ဦးဘရှင်းက....(မှန်ပါ့)။

ပညာနဲ့ ပြန်ပေါင်းလိုက်တဲ့ အခါကျဟော့ကိုတဲ့ ပညာနဲ့ ကြည့်လိုက်တာပေါ့(မှန်ပါ့)ခုနင်က ပေါ်တဲ့ လောဘကို ကြည့်လိုက်တော့ ပညာ ပေါ်နေတော့ လောဘ ရှိသေးရဲ့လား... (မရှိပါဘုရား)။

မရှိတော့ ပညာနဲ့ ဘာနဲ့ သွားတွေ့သတုံးဆိုတော့ မရှိတာနဲ့ ပညာနဲ့ သွားတွေ့တယ်....(မှန်ပါ့)။

တကာကြီးလှိုင် .... (မရှိတာနဲ့ ပညာနဲ့ သွားတွေ့ပါတယ် ဘုရား)။

မရှိတာနဲ့ ပညာနဲ့ သွားတွေ့တယ်၊ မရှိတာက အနိစ္စ၊ပညာက မဂ္ဂ သွားဖြစ်တယ်....(မှန်ပါ့) မဖြစ်ဒေသးဘူးလား... (ဖြစ်ပါတယ်ဘုရား)။

မရှိတာဝက....(အနိစ္စပါဘုရား) ပညာက....(မဂ္ဂပါ ဘုရား)။
ဒါဖြင့် ဒီ လောဘသည်ကဲ့....ကိုဝတို့ဘဲ ခင်ဗျားတို့ ခုံတင်ပါ့မယ် လူကြီးပိုင်းကို... အပါယ် ပို့ပါဦးမလား.... (မပို့ပါဘုရား)။

လောဘ အဖြစ်နဲ့ ဆိုယင် .... (မှန်ပါ့) ကျုပ်တို့က လောဘအဖြစ်နဲ့ သူ့ကို မြင်သလားတဲ့၊ ပညာနဲ့ ပေါင်းလိုက်တဲ့ အခါကျတော့ အနိစ္စအဖြစ်နဲ့ သဘးမြင်သလား....(အနိစ္စ အဖြစ်နဲ့ သဘးမြင်ပါတယ်) သေချာပလား....(သေချာပါပြီ ဘုရား)။

အဲဒီတော့ ဘုရားကလဲ မဟောဘူးလားလို့ မေးတဲ့အခါကျတော့ သရဂ် ဝါစိတ္တ သရဂ် စိတ္တန္တိ ပဇာနာတိ=မင်း သိအောင် လုပ်တဲ့....(မှန်ပါ့) အဲဒီ ပါဠိတော်နဲ့ကော ကိုပေါ်.... ကိုဝ....ကိုက်ကဲ့လား....(ကိုက်ပါတယ်ဘုရား)။

သရဂ် ဝါစိတ္တ=လောဘစိတ်ကို၊ သရဂ် စိတ္တန္တိ=လောဘစိတ်ဟူ၍၊ ပဇာနာတိ=မင်းသိအောင် လုပ်တဲ့....(မှန်ပါ့) မင်း ပညာနဲ့ သိအောင်လုပ်။

သိအောင် လုပ်လိုက်တော့ မောင်နိုင်....လောဘစိတ် သိတာလား၊ ပညာပေါ်လာတဲ့ အချိန် အနိစ္စသိတာလား....(အနိစ္စ သိတာပါဘုရား)။

ဒါဖြင့် ကိုပေါ်က ဆုံးဖြတ်ချက်ချ၊ ကိုဝတို့က လူကြီးတွေ ဆုံးဖြတ်ချက်ချကြ၊ အနိစ္စကဖြင့် ကျုပ်တို့ကို ဘယ်နည်းနဲ့မှ.... အပါယ်ပို့ပါ့မလား....(မပို့ပါဘုရား) လောဘ ဖြစ်ခဲ့သော်.... (ပို့မှာပါဘုရား)။

ဒီတော့ ကျုပ်တို့မှာ သဒ္ဓါ-ပညာနှစ်ခုနဲ့ ပေါင်းလိုက်တဲ့ အတွက် ဒီ လောဘဟာ အပါယ်ကျတဲ့ လောဘလို့....ဆိုကြ

မလား....(မဆိုနိုင်ပါဘုရား) အင်း....နိဗ္ဗာန်ပို့တဲ့ လောဘ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

အဲဒီတော့ ကျုပ်တို့မှာ အပေါင်းအသင်း မှားလို့သာ သဒ္ဓါပညာနဲ့ မပေါင်းမိလို့သာ လောဘက နေပြီးသကာလ လောဘက တဏှာထားပါတော့၊ တဏှာက နေပြီး ဥပါဒါန် ကျေးဇူးပြုတယ်....(မှန်ပါ့) ကျုပ်တို့က သဒ္ဓါ ပညာနဲ့ မပေါင်းမိဘဲကိုး....(မှန်ပါ့)။

ဥပါဒါန် ကျေးဇူးပြုလိုက်တော့ ဥပါဒါန်ကနေ ကံကို ကျေးဇူးပြုလိုက်တယ်....(မှန်ပါ့) ကံက-နေပြီး ကျေးဇူးပြုလိုက်တော့ ကမ္မဘဝပစ္စယာ ဇာတိဆိုပြီး အပါယ်ဇာတိကြီး ပေါ်ပေါ်လာတယ်....(မှန်ပါ့)။

ဒါဘယ်နှယ်ကြောင့် တကာတကာမတွေဒီဥစ္စာဖြစ်ပေါ်လာရပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ ယနေ့ အဖြေထုတ်ပါပြီ(ထုတ်ပါပြီဘုရား)အင်း....အပေါင်းလဲ့လို့... (မှန်ပါ့အပေါင်းလဲ့လို့ပါဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အင်း....ယခုတော့ဖြင့် ဆရာဘုန်းကြီးက ဒါနှစ်ခုကို မင်းတို့ရှေးဦးစွာ ပေါင်းပါလို့ ဆိုတဲ့ အပေါင်း လဲတဲ့အတွက် ရန်သူက မိတ်ဆွေ ဖြစ်ပြီး ရွက်ဆောင်သွားတယ်....(မှန်ပါ့)။

ဘယ်လိုပါလိမ့်...(ရန်သူက မိတ်ဆွေဖြစ်ပြီး ရွက်ဆောင်သွားပါတယ်ဘုရား)ရှင်းရဲ့လား....(ရှင်းပါတယ်ဘုရား)။

ဘယ်ပါဦးတော်မှာ လာသတုံးလို့ မေးတဲ့အခါကျတော့.... သံယုတ်ပါဦးတော်က- သဒ္ဓါဒုတိယာ ပုရိသဿ ဟောတိ=သဒ္ဓါတည်းဟူသော အဖော်တယောက်နဲ့ မင်းတို့ နေစမ်းပါကွ....တဲ့၊ ပညာစေနံ ပသာသတိ....တဲ့၊ အဲဒီ ပညာနဲ့ ဒီ သဒ္ဓါနဲ့ ပေါင်း

ပြီးသကာလ ပညာနဲ့ မင်းတို့ ကြည့်ကြည့် ပေးလိုက်စမ်းပါ-တဲ့။ သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီလိုဆိုယင် နိဗ္ဗာနဘီရတော မစ္စောတဲ့... ၊ နိဗ္ဗာန်ဌ မွေ့လျော်တဲ့ မစ္စဆိုတဲ့ ပုဂ္ဂိုလ်တယောက် လာဖြစ်တယ်ကွာ....တဲ့၊ ဟုတ်လား....(မှန်ပါ့)။

သဗ္ဗဒုက္ခာ ပမုစ္စတိ... တဲ့၊ မင်း အဲဒီ လောဘကြောင့်ကိုဘဲ လောဘဖြစ်ပျက်ကို သိလို့ နိဗ္ဗာန်ရောက်သွားတယ်....(မှန်ပါ့)။

ကဲ....လောဘအတိုင်း ကြောက်ရမှာလား....(မကြောက်ရပါဘုရား) လောဘ, လောဘအတိုင်း ထားယင်တော့ ကြောက်ကြ (မှန်ပါ့)။

တကာတကာမတို့ ဘယ်လို ဆိုပါ့မယ်....(လောဘကို လောဘအတိုင်း ထားယင် ကြောက်ရမှာပါဘုရား)။

ဟာ....ဒီလောဘကို ပညာနဲ့ ပေါင်းပြီး ကြည့်လိုက်တဲ့ အခါကျတော့....(ကြောက်ဘို့ မလိုပါဘုရား) ကြောက်စရာ မရှိတဲ့ အပြင် ခင်ဗျားတို့ အကျိုးကို ရွက်ဆောင်သွားမယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဘယ်နှယ်တုံး....(တပည့်တော်တို့ အကျိုးကို ရွက်ဆောင်သွားပါမယ်ဘုရား) ခင်ဗျားတို့ကို နိဗ္ဗာန်ရဘို့ မဂ် ပေါ်ပေးတယ်.... (မှန်ပါ့)။

ကိုထွန်းလှိုင်ကြီးတို့ ကြပ်ကြပ်သတိထားပေးပါ... ကြားတယ် မဟုတ်လား.... (မှန်ပါ့)။

အေး....ဒါဖြင့် လောဘကို လောဘအတိုင်း မထားနဲ့လို့-ကိုဝတို့၊ ကိုပေါ်တို့ကို သတိပေးလိုက်ပါတယ်....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် အဲဒီလိုဖြစ်ပြီးသကာလ အင်း .... ဒေါသ ကလေးဟာလဲ ဦးဘရှင်းတို့က ကြောက်ချင်ကြောက်မှာဘဲဒေါသ ဟာကွာ....ပစ္စုပ္ပန်လဲ ကောင်းကျိုးမပေးဘူး၊ သံသရာလဲ ကောင်း ကျိုးမပေးဘူးဆိုတာတော့ သက်ကြီးစကား သက်ငယ်ကြားနဲ့ အကုန်ဘဲ ခင်ဗျားတို့ ကြောက်လန့်နေကြတဲ့ တရားဘဲ....(မှန်ပါ ဘုရား)။

ဦးဘကလေး....ကြောက်လန့်နေတဲ့ တရားဘဲလို့ ဆိုယင် လဲ ပါမလား....(မလဲပါဘုရား)။

အဲဒီ မလဲတာကို ဘုန်းကြီးက သဒ္ဓါနဲ့ ပေါင်းပေါ့၊ မင်း သန္တာန် ဘုရားက ဟောထားတယ်၊ မင်းတို့ ခန္ဓာထဲမှာ ဒေါသ ဆိုဘဲ့ ဝိညာဏကခန္ဓာလဲ ပေါ်လာမှာဘဲ....(မှန်ပါ့)။

ဘုရားကို ယုံယုံကြည်ကြည်နဲ့ ဟာ....မင်းတို့ ခန္ဓာထဲမှာဖြင့် ဒီ ဝိညာဏကခန္ဓာဟာ ပေါ်မှာဘဲ၊ ဒေါသ ဝိညာဏကခန္ဓာ ပေါ် မှာဘဲဆိုတာကော ယုံကြည်ရဲ့ မဟုတ်လား .. (ယုံကြည်ပါတယ် ဘုရား)။

ပေါ်ကော မပေါ်ဘူးလား.... (ပေါ်ပါတယ် ဘုရား) အကြောင်းတိုက်ဆိုင်ယင် ပေါ်တာဘဲ ဒေါသဟာ....(မှန်ပါ့) မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)။

ဒါဖြင့် မင်းတို့အထဲ ခန္ဓာပေါ်လိမ့်မယ် ဆိုတဲ့ အကြောင်း အကြောင်းတိုက်ဆိုင်တော့ ပေါ်လာတာဘဲ....(မှန်ပါ့)။

ကဲ....ဒါဖြင့် ယုံကြည်လို့ ပေါ်လာပြီ....(မှန်ပါ့)ပညာနဲ့ ပေါင်းလိုက် ဦးဘရှင်း....(မှန်ပါ့) ဘူး ပေါ်လာပြီးသည့်နောက် ပညာနဲ့ တခါ ပြန်ပေါင်းလိုက်စမ်းဗျာ....(မှန်ပါ့)ဘယ်နှယ် ဖြစ် သွားသလဲ....(အနိစ္စဖြစ်သွားပါတယ်ဘုရား)။

သူ ဒေါသက ကျုပ်တို့....သန္တာန် ရောက်သွားကတည်းက သူက အနိစ္စရောက်သွားပြီ....(မှန်ပါ့) မရောက်သေးဘူးလား.... (ရောက်ပါပြီဘုရား)။

အဲဒီတော့ ဒေါသက ဖြစ်ပျက်၊ ပညာက မဂ်....(မှန်ပါ့) ပို့ဦးမလား....မောင်နိုင်....(မပို့ပါဘုရား) ကိုဝ....ပို့ဦးမလား.... (မပို့ပါဘုရား)သေချာပလား....(သေချာပါပြီဘုရား)။

ဩော်....ဒါဖြင့် ဘယ်နှယ်ကြောင့် ဒီရန်သူနှစ်ယောက် တကာ တကာမတို့ မိတ်ဆွေအဖြစ်နဲ့ ရှက်ဆောင်ပေးပါလိမ့်မလဲလို့.... မေးဘို့ မလိုဘူးလား(လိုပါတယ်ဘုရား)တပည့်တော်တို့ အပေါင်း တည့်သွားလို့ဘုရား....(မှန်ပါ့)ပေါ်ကြပလား... (ပေါ်ပါပြီ ဘုရား)။

ဘာတဲ့တုံး....(အပေါင်းတည့်သွားလို့ပါ ဘုရား)။

ဒါဖြင့် အပေါင်းအသင်း သိပ်အရေးကြီးပါကလား....(ကြီး ပါတယ်ဘုရား)ဥပါဒါန်နဲ့ ပေါင်းယင် ခက်ပြီ....(မှန်ပါ့)ကံနဲ့ ပေါင်းယင် ခက်မယ်....(ခက်ပါတယ်ဘုရား)အခုတော့ ဉာဏ်နဲ့ ပေါင်းလိုက်တာ....(မှန်ပါ့)။

ကိုဝ....ဘယ်သူနဲ့ ပေါင်းသတုံး....(ဉာဏ်နဲ့ ပေါင်းလိုက်ပါ တယ်ဘုရား)။

ဉာဏ်ပညာနဲ့ ပေါင်းလိုက်တဲ့ အတွက် ဘုန်းကြီးတို့ တကာ တကာမတွေ့မှာတဲ့ ရန်သူသည်ပင် ကိုယ့်အကျိုးဆောင်တဲ့ ပုဂ္ဂိုလ် သွားဖြစ်တယ်....(မှန်ပါ့)။

လောဘ, ဒေါသဟာ ဘာတုံး နဂိုက....(ရန်သူပါဘုရား)။

ရန်သူဘဲတဲ့၊ ရန်သူသည်ပင်လျှင် ယခု ကျုပ်တို့က သဒ္ဓါ, ပညာနဲ့ ပေါင်းလိုက်တဲ့ အတွက်တဲ့ ကိုပေါ်....ကျုပ်တို့၏ မိတ်ဆွေဖြစ်ပြီး သူက,နေ မင်္ဂလာပေါ်အောင် ကျေးဇူးပြုတယ်... (မှန်ပါ့) ကျေးဇူးမပြုဘူးလား....(ပြုပါတယ်ဘုရား)။

ဒါဖြင့် အကုသိုလ်တိုင်း ကြောက်ရမှာလား....၊ အပေါင်း အသင်းတည့်ဘို့သာ အရေးကြီးသလား....(အပေါင်း အသင်း တည့်ဘို့သာ အရေးကြီးပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ဒို့သည်ကားလို့ ဆိုလို့ရှိယင် သိပ်ပြီးအဘို့ တန်ပါပေါ့လား....ဆိုတဲ့ စကားဟာ တကာကြီးလှိုင် ကဲ....ငါ တရားအားထုတ်နေတာ အကုသိုလ်က ဝင်လှန်းလို့ ကြာတော့ စိတ်ကို ပျက်လာတယ် တရားတောင် အားမထုတ်ချင်ဘူး....၊ အကုသိုလက ဝင်လှန်းလို့တဲ့....။

လောဘက ဝင််လာကဲ့သာ....ဒေါသက ဝင််လာကဲ့သာ....ခက်လိုက်တဲ့ ဖြစ်ခြင်း၊ ကိုယ်က တရားအားထုတ်နေတယ် မဟုတ်တာတွေ ချည့် ဝင်နေတယ်....၊ ကိုဝ....ဒီလို ညည်းပြီး ထ,ပြေးတဲ့ ပုဂ္ဂိုလ် များကော တွေ့ဘူးရဲ့လား....(တွေ့ဘူးပါတယ်ဘုရား)။

ဒီလို ပြေးရမှာလားတဲ့၊ သဒ္ဓါ,ပညာနဲ့ ပေါင်းရမှာလား.... (သဒ္ဓါ,ပညာနဲ့ ပေါင်းရမှာပါဘုရား)။

ဘုရားက မင်းတို့သန္တိုင်းနဲ့ မင်္ဂလာနဲ့ မပယ်သေးသ၍ ကာလပတ်လုံး ဒီ လောဘ,ဒေါသ,မောဟတွေက လာမှာဘဲဆိုတာ ခင်ဗျားတို့က ယုံကြည်ထားလိုက်....(မှန်ပါ့)ယုံကြည်ထားတဲ့ အတိုင်းကော ကိုယ့်ခန္ဓာထဲ မပေါ်ဘူးလား....(ပေါ်ပါတယ် ဘုရား)။

အဲ....ပေါ်လာတဲ့ အခါကျတော့ ဘာနဲ့ ပေါင်းရမလဲ.... (သဒ္ဓါ,ပညာနဲ့ ပေါင်းရပါမယ်ဘုရား)။

ပညာနဲ့ တခါ ပေါင်းပေးလိုက်တဲ့အခါကျတော့ သဒ္ဓါနဲ့ ယုံကြည်ပြီး ဟ....ပေါ်လာပြီဆိုတာ သဒ္ဓါက ယုံကြည်လိုက်.... (မှန်ပါ့)။

ပညာနဲ့ ပေါင်းပြီးသကာလ ကျုပ်တို့က ကိုယ့်သန္တာန် ဒါကို ပညာနဲ့ ငါ ကြည့်ဦးမယ်ဆိုတဲ့ အချိန်ကျတော့ ကိုဝ....ဖြစ်ပျက် ဖြစ်သွားရော....(မှန်ပါ့)ကိုယ်ကြည့်တာက မင် ဖြစ်သွားတယ်.... (မှန်ပါ့)။

ဒါဖြင့် ကိုပေါ်တို့....ကိုဝတို့ ကြောက်စရာ ရှိသေးရဲ့လား.... (မရှိပါဘုရား)မရှိပါဘူး၊ သဘောပါကြလား....(ပါပါပြီ)။

ကဲ....ဘယ်နှယ်ကြောင့် ဒါလောက်တောင် ခရီးပေါက်သွား ပါလိမ့်မလဲလို့ ဘုန်းကြီးတို့ တကာတကာမတွေက မေးလို့ရှိ ယင်'သဒ္ဓါဒုတိယာ ပုရိသဿဟောတိ'နဲ့ ပေါင်းလိုက်လို့ဘုရား- (မှန်ပါ့) ပညာစေနံ ပသာ့သတိ....ဆိုတဲ့ အဘိုင်း ပညာစ=ပညာ သည်၊ နေံ=ထိုယောကျ်ားကို၊ ပသာသတိ = အမှန်မြင်အောင် ဆုံးမ၏....ဆိုတော့ အပေါင်းက တပည့်တော်တို့က တည့်သွား တယ်ဘုရား.... ဆိုတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလဲ "သဒ္ဓါသံဝါစိတ္တံ သဒ္ဓါသံ စိတ္တန္တိ ပဇာနာတိ"အဲဒါ ရှုကွ၊ ဒါ စိတ္တာနုပဿနာ သတိပဋ္ဌာန်၊ ကောယနောယံ ဘိက္ခဝေ မဂ္ဂေါ=နိဗ္ဗာန် ကေန်ရောက်တယ်လို့ မဟောဘူးလား...(ဟော ပါတယ်ဘုရား)။

ဒေါသစိတ်ကို ရှုနိုင်လို့ရှိယင်လဲ နိဗ္ဗာန် ကောန်ရောက်တယ်လို့ မဟောဘူးလား....(ဟောပါတယ်ဘုရား)။

ကဲ....ဒါဖြင့် အပေါ်ငိုးအသင်းကလေး ပြောင်းလိုက်ရုံဘဲ.... (မှန်ပါ့) ဒေါသ နောက်က,နေပြီး ကျုပ်တို့က သောကနဲ့ မပေါင်းဘို့၊ ပရိဒေဝနဲ့ မပေါင်းဘို့....(မှန်ပါ့)ဒုက္ခ ဒေါမနဿနဲ့ (မပေါင်းဘို့ပါဘုရား)။

အဲ....အပေါင်းကလေး ပြင်လိုက်ယင် ပြီးတာဘဲ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါ တရားဆန်းနေတာလားတဲ့၊ သဘီပဋ္ဌာန်ထဲမှာလဲ ပါပြီးသားလား....(သတိပဋ္ဌာန်ထဲ ပါပြီးသားပါဘုရား)။

တရားဆန်းတယ်လို့ မယူပါနဲ့....တဲ့၊ မင်းတို့ ဘုန်းကြီးက တရားခပ်ဆန်းဆန်း ဟောတတ်တယ်၊ ဒီလို မယူနဲ့တဲ့၊ သူ့ ပါဠိတော်နဲ့ တန်းဟောတာ....(မှန်ပါ့) သဘောပါပလား....(ပါပါပြီဘုရား)။

သူ့ ပါဠိတော်နဲ့ တန်းပြီးသကာလ ဟောလိုက်တော့ ကဲ.... ဒါဖြင့် ရန်သူတွေသည် ဦးဘရှင်း ဘာလာရှက်ဆောင်ကြသတုံး (မိတ်ဆွေအဖြစ် ရှက်ဆောင်ပါ့တယ်ဘုရား)။

မိတ်ဆွေအဖြစ်နဲ့ ရှက်ဆောင်တော့ သူတို့က မင်္ဂလာအောင် ရှက်ဆောင်တဲ့ အတွက် မင်္ဂဆုတာ ကလေသေ မာရေန္တော ဂစ္ဆတီတီ မင်္ဂေါ” ကိလေသေ=ကိလေသာတို့ကို၊ မာရေန္တော=သတ်လျက်၊ ဂစ္ဆတီ=နိဗ္ဗာန်သို့ သွားတတ်၏... ဆိုတော့ မောင်နှိုင်.... အပါယ်သွားသေးရဲ့လား....(မသွားပါဘုရား) မင်္ဂလာနဲ့ သွားပေါင်းတယ်....(မှန်ပါ့)။

နောက်က တကာ တကာမတွေ့ ပေါင်းတတ်ကြပလား.... (ပေါင်းတတ်ပါပြီ)ဘာနဲ့ ပေါင်းကြမယ်....(သဒ္ဓါ, ပညာနဲ့ ပေါင်းရပါမယ်ဘုရား)။

သဒ္ဓါ,ပညာနဲ့ ပေါင်းစမ်းပါဆိုတာ ယနေ့ အပေါင်းအသင်း ပြင်ပေးပါတယ်....(မှန်ပါ့)တကာကြီးလို့င်....ပေါင်းတတ်ပလား- (ပေါင်းတတ်ပါပြီဘုရား)။

အေး....ပေါ်လာတာ ပေါ်မှန်းသိလို့ရှိယင် အို....ပေါ်လိမ့်မယ်လို့ ဘုရားက ဟောထားတာဘဲ....(မှန်ပါ့) ဒါက သဒ္ဓါနဲ့ ယုံကြည်လိုက်ပါ....(မှန်ပါ့)။

ပြီးတော့မှ သဒ္ဓါနဲ့ ယုံကြည်ပြီးတော့မှ ဘုန်းကြီးတို့ တကာ တကာမတွေ့က အင်း....ပညာနဲ့ ကြည့်လိုက်စမ်းပါ....(မှန်ပါ့) ကြည့်လိုက်တော့ ဘာတွေ့သလဲ....(အနိစ္စ တွေ့ပါတယ်) အနိစ္စ တွေ့တာဘဲ, ဖြစ်ပျက် တွေ့တာဘဲ၊ ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

အဲဒီလို တွေ့သွားတဲ့ အခါကျတော့ကိုတဲ့ ခင်ဗျားတို့ ကျုပ်တို့ကို ပဋိစ္စသမုပ္ပါဒ် တန်းမလို့ လာတဲ့ တဏှာ, ဥပါဒါန်, ကံဆိုတော့ သူက ဥပါဒါန် ကျေးဇူးပြုနိုင်သေးသလား....၊မင်္ဂကျေးဇူးပြုရမယ်....(မင်္ဂကျေးဇူး ပြုရပါမယ်ဘုရား)။

တခါတည်း ပဋိစ္စသမုပ္ပါဒ် ပြတ်သွားတယ်....(မှန်ပါ့) မပြတ်ဘူးလား .. (ပြတ်ပါတယ်ဘုရား)။

ပြတ်သွားကတည်းက 'ကမ္မဘဝပစ္စယာ ဇာတိ' ဆိုတာ လာသေးသလား....(မလာပါဘုရား)။

ဟာ....ဒါဖြင့် ဦးဘရှင်းတို့ ဘယ်လို ဆောက်တည်လို့ ဖြစ်သွားပါလိမ့်မလဲဆိုတော့ အဖြေ ထုတ်ကြပလား....(ထုတ်ပါပြီ) ဘယ်လိုကြောင့်ပါလိမ့်....(အပေါင်းအသင်း တည်လို့ပါဘုရား) အပေါင်းအသင်း တည်သွားတယ်၊ ရှင်းကြပလား....(ရှင်းပါပြီဘုရား)အပေါင်းအသင်း တည်သွားတဲ့အတွက် သိပ်ကျေးဇူးများတယ်....(မှန်ပါ့)။

ကဲ....ကိုထွန်းလှိုင်ကြီး နေရာကျပြီနော်....(မှန်ပါ့)။

ဒါ တပည့်တော် ဘယ်အချိန်ရှုရမှာတုံးလို့ မမေးကြနဲ့....(မှန်ပါ့) ကိုဝ....မေးဘို့ လိုသေးသလား....(မလိုပါဘုရား)။

ဟ....ပေါ်တဲ့အချိန်ပေါ့ကွ....(မှန်ပါ့)ဆိုနိုင်ပြီမဟုတ်လား....(ဆိုနိုင်ပါပြီဘုရား)။

နောက်က တကာ တကာမတွေ ဘယ်အချိန် ရှုရမှာလဲ....(ပေါ်တဲ့အချိန် ရှုရမှာပါဘုရား)။

အဲ....ပေါ်တဲ့အချိန် ရှုလိုက်ပြီး ပေါ်တဲ့အချိန် သဒ္ဓါ,ပညာနဲ့ ပေါင်းလိုက် ပြီးတာပါဘဲ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ ဒီလို အပေါင်းအသင်း တည်တဲ့ ပုဂ္ဂိုလ်ကတော့ ကိုတဲ့ "နိဗ္ဗာနဘိရတော မစ္စော"တဲ့၊ နိဗ္ဗာန်၌ မွေ့လျော်တဲ့ သတ္တဝါကွတဲ့....(မှန်ပါ့)။

ဒီ အပေါင်းအသင်း တည်အောင် ပေါင်းနိုင်တဲ့ ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်နဲ့ မွေ့လျော်တဲ့ ပုဂ္ဂိုလ်ဆိုတော့ နိဗ္ဗာန်နဲ့ မွေ့လျော်တော့ ဘာဖြစ်သတုံးဆို....အို...."သဗ္ဗဒုက္ခာ ပမုစ္စတိ"တဲ့၊ အလုံးစုံ ဒုက္ခတွေမှ လွတ်တာပေါ့ကွတဲ့....(မှန်ပါ့)။

အဲဒါ အပေါင်းအသင်း တည့်တဲ့ အတွက် မောင်နှိုင်....ဘယ်လောက် ကျေးဇူးများသလဲ....(များပါတယ် ဘုရား)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဩဿော်....ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့ တာနေ့ကို အထူးအထူးချည့်ဘဲ ဦးဘရှင်း....မှတ်နေရတယ်.... (မှန်ပါ့)အထူးအထူးသာ မှတ်တယ် ကျုပ်တို့ ဖြစ်ပျက်ထဲ ဝင်တာချည့်ဘဲ.... (မှန်ပါ့)။

ဘယ်လိုဘဲ ဘုန်းကြီးက ကျမ်းတွေ အမျိုးမျိုး ကြည့်ပြောပြီး သကာလ နေငြားသော်လဲ ဒို့ လုပ်ထားတာနဲ့ ကိုက်တယ်သာ မှတ်....(မှန်ပါ့)။

ဘယ်လိုမှတ်ကြမယ်....(လုပ်ထားတာနဲ့ ကိုက်ပါတယ်ဘုရား) မကိုက်တာ ပါသေးရဲ့လား....(မပါပါဘုရား)မပါပါဘူးတဲ့....၊ ပိုပြီး အားရှိတာဘဲ ထူးတယ်....(မှန်ပါ့)။

ကိုဝ.... ဘယ့်နှယ်တုံး .... (ပိုပြီး အားရှိတာဘဲ ထူးပါတယ် ဘုရား)။

အားရှိတာဘဲ ထူးတယ်ဆိုတော့ ပါဦတော်လဲ အခုဟာက သံယုတ်ပါဦတော်က....ဒီလို ပေါင်းလို့ သူ ဟောတော့ ကျုပ်တို့က....သံယုတ်ပါဦတော်တော့ တကာ တကာမတွေက မကြားဘူးဘူး၊ ဘုန်းကြီးက ခေါင်းဆောင်ပြောလို့ အခု ဒီနေ့ညကျမှဘဲ ကြားကြရတယ် ထားပါတော့....(မှန်ပါ့) မဟုတ်ဘူးလား.... ဒီနေ့မှဘဲ ကြားကြရတယ် ထားပါတော့။

သထိပဋ္ဌာန်ကတော့ များသောအားဖြင့် တွေ့ဘူး, ကြုံဘူး များတော့ "သရဂ ံ ဝါ စိတ္တ ံ သရဂ ံ စိတ္တန္တိ ပဇာနာတိ" အင်း-ဒါနဲ့လဲ အကိုက်သားဘဲ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ် ဘုရား)။

လောဘစိတ် ပေါ်လာယင်.... လောဘစိတ်ကို ဖြစ်ပျက်ရှုဆို တာ မပါဘူးလား....(ပါပါတယ်)ဒေါသစိတ် လာယင်ကော.... (ဒေါသစိတ် ဖြစ်ပျက်ရှုရပါမယ်) သူ့ပါဠိတော်က မလာဘူး လား....(လာပါတယ်ဘုရား)။

အဲဒီတော့ ကျုပ်တို့က ဒါ ယုံယုံကြည်ကြည်နဲ့ ခန္ဓာကိုယ်ထဲ မပေါ်ဘူးလို့ ဆိုရမှာလား... ၊ပေါ်တာကို ယုံကြည်ရမှာလား.... (ပေါ်တာကို ယုံကြည်ရမှာပါဘုရား)။

ပေါ်တာ သူမင်္ကန္ဒဲ့ မပယ်သေးသ၍ ပေါ်မယ်ဆိုတာ ယုံ ကြည်ထားလိုက်....(မှန်ပါ့) ယုံကြည်ပြီးသကာလ ယုံကြည်တော့ ပေါ်တာ သိတယ် ဟုတ်လား....(မှန်ပါ့) ပညာနဲ့ ပေါင်းလိုက် တော့ ပျက်တာ သိတယ်....(မှန်ပါ့)။

ယုံကြည်တော့ကော....(ပေါ်တာ သိပါတယ်) ပညာနဲ့ ပေါင်းလိုက်တော့....(ပျက်တာ သိပါတယ်ဘုရား)။

ဒါဖြင့် ယုံကြည်တော့ ပေါ်တာ သိတယ်ဆိုတော့ အဖြစ်ကို သိတယ်... (မှန်ပါ့)သဘောကျပလား....(ကျပါပြီ) ပညာနဲ့ ပေါင်းလိုက်တော့....(အပျက်သိပါတယ်ဘုရား)။

ဒါဖြင့် ဖြစ်ပျက် သိတာ....(မှန်ပါ့) သဒ္ဓါက ဖြစ်ပေါ်တာ သိတာကိုး....(မှန်ပါ့)ပညာက....(ပျက်တာ သိပါတယ်ဘုရား)။

ပျက်တာ သိတော့ ကျုပ်တို့ ဟောနေကျ တရားထဲဘဲ ဖြစ်ပျက် မြင်တာဘဲ....(မှန်ပါ့) မှတ်မိကြပလား....(မှတ်မိပါပြီဘုရား)။

ဘာမြင်တာပါလိမ့်....(ဖြစ်ပျက် မြင်တာပါဘုရား)။

ဖြစ်ပျက်ဘဲ မြင်တော့ သြော်....ဒီ ကိုစ္စဟာ ဘုန်းကြီးက ကျမ်းအမျိုးမျိုးတွေကိုနိုင်နင်းပြီး ပြောပြသောလဲ ဒို့ လုပ်တဲ့ အလုပ်ကို ထောက်ခံချက် အကြီးအကျယ်ပေးတာမှ တပါး ဘာမှ မပါဘူး....(မှန်ပါ့)ဒီလို ဆုံးဖြတ်ချက်ချလိုက်ယင် တည့်တယ် (မှန်ပါ့) မတည့်သေးဘူးလား....(တည့်ပါတယ်ဘုရား)။

ကဲ....ဒါဖြင့် တကာတကာမတွေ့ အားရှိကြပလားလို့ မေးလိုက်ပါတယ်....(အားရှိပါတယ်ဘုရား)။

လောဘ ဖြစ်မှာလဲ မကြောက်ပါနဲ့၊ဒေါသ ဖြစ်မှာကော....(မကြောက်ပါဘုရား) အပေါင်းအသင်း လဲမှာကို....(ကြောက်ပါတယ်ဘုရား)။

အေး....ဒါ မှတ်ရမှာ တကာတကာမတို့၊ ကိုဝ....သဘောပါပလား....(ပါပါပြီဘုရား)။

လောဘ ဖြစ်မှာကိုလဲ....(မကြောက်ပါဘုရား) မဂ်နဲ့ မပယ်ရသေးယင် ဖြစ်မှာဘဲ....(မှန်ပါ့)။

မဂ်နဲ့ မပယ်သေးသ၍ အကြောင်းတိုက်ဆိုင်ယင် လောဘ ဖြစ်မှာဘဲ... (မှန်ပါ့) ဒေါသကော....(ဖြစ်မှာပါဘဲဘုရား)။

သို့သော်....သူတို့သည်ကားလို့ ဆိုလို့ရှိယင် ကျုပ်တို့က မဂ်နဲ့ မပယ်သေးလို့ ဖြစ်ငြားသော်လဲ ကျုပ်တို့က ဥပါဒါန်နဲ့

မပေါင်းနဲ့ ၊ သောကနဲ့ မပေါင်းနဲ့....(မှန်ပါ့)ပညာနဲ့ ပေါင်းချလိုက်....(မှန်ပါ့ဘုရား)။

သဒ္ဓါ, ပညာနဲ့ ပေါင်းချလိုက်တဲ့ အခါကျတော့ သဒ္ဓါက အဖြစ်ကို သိတယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား) ပညာက....(အပျက်ကို သိပါတယ်ဘုရား)။

ဒါဖြင့် သူတို့ နှစ်ခုသည် ဘာကို သိသတုံး မေးယင်....(ဖြစ်ပျက် သိပါတယ်ဘုရား)။

ဒါဖြင့် ဖြစ်ပျက်က အနိစ္စ....ဟုတ်လား....(မှန်ပါ့) သဒ္ဓါ, ပညာတွေက မဂ္ဂ သွားဖြစ်တော့ မင်္ဂဆိုတာ ဘာလုပ်ပါလိမ့် မတုံး ဆိုတော့ ရှင်းလို့....တဏှာနောက်က ဥပါဒါန် ကံ လာသေးသလား....(မလာပါဘုရား)အဲဒီ့ ကိလေသာတွေ ဖြတ်တယ်ကွ....(မှန်ပါ့)။

ဒေါသ နောက်က သောက, ပရိဒေဝ, ကိလေသာတွေ လာသေးသလား....(မလာပါဘုရား)အဲဒီ့ ကိလေသာတွေ ဖြတ်တယ်ကွ....(မှန်ပါ့) ဟော....မင်္ဂသတ္တိကော မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် မောင်နိုင်....ဒီ အလုပ်ဟာဖြင့် အကုသိုလ် ဖြစ်ယင် ဒို့ အပါယ်သွားရတော့မယ်ဆိုတဲ့ စကားဟာ ဒီနေ့က စပြီး သကာလ သဒ္ဓါ,ပညာနဲ့ ပေါင်းတဲ့ပုဂ္ဂိုလ် မသွားရဘူး(မှန်ပါ့) မပေါင်းတဲ့ ပုဂ္ဂိုလ်ဖြင့်....(သွားရပါမယ်ဘုရား)။

ဒီလို ခွဲခြားသိတော့ သိပ် အဘိုးတန်ပါကလားဆိုတာ ပေါ်လာတယ်....(ပေါ်လာပါတယ်ဘုရား) ဒီလို ခွဲခြားမသိတော့

ကြောက်စရာမဟုတ်လဲ ကြောက်တယ်....(မှန်ပါ့) ကြောက်စရာဟုတ်တာလဲ မကြောက်....(မှန်ပါ့)။

တကာကြီးလှိုင် ဒါဆရာသမားတာဝန်တွေ အကြီးအကျယ်လိုတယ်ဆိုတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ကဲ....ခုတော့ဖြင့်ဆရာဘုန်းကြီးကသံယုတ်ပါဦးတော်ကြည့်ပြီးပြောတာလား သတိပဋ္ဌာန်ပါဦးတော်နဲ့ ကိုက်ကဲ့လား....(ကိုက်ပါတယ်ဘုရား)အနိစ္စာဝတာသဒ်ါရာနဲ့ ကော(ကိုက်ပါတယ်ဘုရား)။

ကိုက်တယ်....၊"ယဒါ ပညာယ ပဿတိ" ဆိုတာနဲ့ကော....(ကိုက်ပါတယ်ဘုရား)။

"သဗ္ဗေသဒ်ါရာ အနိစ္စာ...."ရှေ့နား ပေါ်တာက အနိစ္စ....၊"ယဒါပညာယ ပဿတိ"ဆိုတာ ပညာနဲ့ပေါင်း ပြောနေတာ-(မှန်ပါ့)။

မောင်နှိုင်....အဲဒီ ပါဦးကကော....(ပညာနဲ့ ပေါင်းလို့ ပြောတာပါ) ကဲ....တထပ်တည်း မနေဘူးလား-(နေပါတယ်ဘုရား)။

ဩော်....ဒါဖြင့် အကုသိုလ်ဖြစ်မှာ ကျုပ်တို့ ကြောက်ရမှာလား၊အပေါင်းအသင်းလွဲတာ ကြောက်ရတာလား....(အပေါင်းအသင်းလွဲမှာ ကြောက်ရတာပါဘုရား)။

အို....တယ်အဘိုးတန်ပါလား....တကာတကာမတို့၊ မမေ့ကြစမ်းပါနဲ့၊ ဒီဥစ္စာ ခဲခဲယဉ်းယဉ်း သိရတဲ့ အသိပါ....(မှန်ပါ့)။

တကာကြီးလှိုင် လွယ်လွယ်နဲ့ သိတာ ဟုတ်ကဲ့လား....(မဟုတ်ပါဘုရား)။

ရှေးတုန်းကတော့ တကာကြီးလှိုင်တို့ ပေါင်းသင်းဆက်ဆံနေတာက တဏှာလာလို့ ရှိယင် ဥပါဒါန်နဲ့ ပေါင်းလိုက်တာဘဲ.... (မှန်ပါ့) ဥပါဒါန်နဲ့ ပေါင်းပြီး ကံနဲ့ ပေါင်းချလိုက်တယ်.... (မှန်ပါ့)။

ကံနဲ့ ပေါင်းတော့ ကမ္မဘဝပစ္စယာ ဇာတိ ဆိုပြီးသကာလ သေသည်၏ အခြားမဲ့၌ အပါယ်ဇာတိသာ ရ,ရသွားတယ်.... (မှန်ပါ့)။

အဲဒါ မောင်နှိုင်က ဘယ်နှယ်ကြောင့် ဖြစ်သွားပါလိမ့်မလဲလို့ နောက်က တကာတကာမတွေက မေးယင် ဘယ်နှယ် ဖြကြမလဲ(အပေါင်းအသင်း လဲလို့ ပါဘုရား)အပေါင်းအသင်း လဲတယ်၊သဒ္ဓါ,ပညာနဲ့ မပေါင်းမိဘူး-(မှန်ပါ့)မဟုတ်ဘူးလား.... (မှန်ပါ့) ဥပါဒါန် ကံတွေနဲ့....(ပေါင်းမိပါတယ်)သောက ပရိဒေဝတွေနဲ့....(ပေါင်းမိသွားပါတယ်ဘုရား)။

ဒါဖြင့် နောက်က တကာတကာမတွေ အားလုံး အရှင်းအချာတွေ ဖြစ်နေတော့ ဩော်....ဒို့ အပေါင်းအသင်း လဲသည်ကားလို့ ဆိုလို့ရှိယင်ဖြင့်....တဲ့ အပေါင်းအသင်းလဲယင် ပဋိစ္စသမုပ္ပါဒ်က တန်းမြဲတိုင်း တန်းသွားမယ်....(မှန်ပါ့) အပေါင်းအသင်း မလဲလို့ရှိယင် ပဋိစ္စသမုပ္ပါဒ် ပြတ်တယ်....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဩော်....ဒါဖြင့် တကာတကာမတွေ အင်မတန်မှ ကျေးဇူးများတယ်ဆိုတာ အခု ရှေ့ပိုင်းမှာ ပြောတာနဲ့ဘဲ မောင်နှိုင်.... သေပျော်တဲ့ တရားပါ....(မှန်ပါ့) ကိုဝ...သေပျော်ပလား.... (သေပျော်ပါ့ပြီဘုရား)။

သေပျော်ပြီဆိုတော့ ဒါ ချီးမြှောက်ပြောတာ မဟုတ်ပါဘူး တကာတကာမတို့ ပြင်ပြီး ပေါင်းလိုက်ယင် ပြီးသွားတာဘဲ.... (မှန်ပါ့) ပြင်ပြီး ပေါင်းလိုက်တော့ မဂ်ရသွားတယ်....(မှန်ပါ့ ဘုရား)။

မောင်နိုင်....ဘယ့်နှယ်တုံး....(ပြင်ပြီး ပေါင်းလိုက်ယင် မဂ် ရ သွားပါတယ်ဘုရား)။

နောက်က တကာတကာမတွေ့ ကျကျေနပ်နပ် သဘောကျ ရဲ့လား....(ကျပါတယ်ဘုရား)။

ဒါ့ ပါဠိတော်နဲ့ကော....(ကိုက်ပါတယ်ဘုရား)။

အေး... ပါဠိတော်ဆိုတာက သတိပဋ္ဌာန်ပါဠိတော်နဲ့ ကိုက် တယ်ပြောတာ(မှန်ပါ့)သံယုတ်ပါဠိတော်က သူက ခပ်ဆန်းဆန်း ပြောထားတော့ မောင်နိုင်က ဖြုန်းကနဲ အင်း....ဒီဟာ တမျိုး ပါကလေးလို့ ထင်ချင် ထင်နေမယ်နော်....(မှန်ပါ့)။

ကိုင်း....ဒါဖြင့် အပါယ် သွားတတ်တဲ့ အကုသိုလ်သည်ပင် လျှင် အပါယ်မသွားတာကလေးကို ရှေ့တဆင့် တိုးပါနော်.... (မှန်ပါ့)။

ရှေ့တဆင့်တိုးလိုက်တော့ ဥပမာ....လောဘစိတ်ကလေး ဖြစ် တယ်၊ သဒ္ဓါက ယုံကြည်တယ်၊ သြော်....မပယ်သေးယင် ဒီဥစ္စာ ဖြစ်ရမှာဘဲ....သူလဲ ခန္ဓာကိုး၊ ခန္ဓာမို့ ခန္ဓာ ပေါ်တာပေါ့.... (မှန်ပါ့)မပေါ်လာဘူးလား....(ပေါ်လာပါတယ်ဘုရား)။

ခန္ဓာမို့ ခန္ဓာပေါ်တယ်၊ လောဘ ခန္ဓာကလေး ပေါ်လာ တာဘဲ၊ဒါဖြင့် ဒါကို မောင်နိုင်က ယုံကြည်ပလား....(ယုံကြည် ပါတယ်ဘုရား)။

ဘယ်လို ယုံကြည်သတုံး....၊ မင်္ဂနဲ့ မပယ်သေးယင်....ပေါ်ရမှာဘဲ...(မှန်ပါ့)။

မင်္ဂနဲ့ မပယ်သေးယင်....(ပေါ်ရမှာပါဘဲဘုရား) ပေါ်ရမှာဘဲ၊ ဒါ ယုံကြည်တာဘဲ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကဲ....ပညာနဲ့ ပေါင်းလိုက်ပါ ဦးဘရှင်းက၊ ပညာနဲ့ပေါင်းလိုက်တော့ လောဘဟာ လောဘအဖြစ်နဲ့ မြင်သလား....အနိစ္စအဖြစ်နဲ့ မြင်သလား....(အနိစ္စအဖြစ်နဲ့ မြင်ပါတယ်ဘုရား)။

ဒါဖြင့် ပညာနဲ့ ပေါင်းလိုက်တဲ့ အခါကျတော့ သူက လောဘ အဖြစ်နဲ့ အမှုထမ်းယင် ဥပါဒါန်ကို ကျေးဇူးပြုမယ်....(မှန်ပါ့) အနိစ္စအဖြစ်နဲ့ အမှုထမ်းတဲ့အတွက် ပညာကို သူဌားပြီး ကျေးဇူးပြုတယ်....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

အနိစ္စအဖြစ်နဲ့ အမှုထမ်းတဲ့အတွက်....(ပညာသူဌားပြီး ကျေးဇူးပြုပါတယ်ဘုရား)။

ပညာသူဌားပြီး ကျေးဇူးပြုလိုက်တယ်....၊သူသာ အနိစ္စ မမြင်ယင် ဟိုက ပညာက မပေါ်နိုင်ဘူး....(မှန်ပါ့) ပေါ်ပါ့မလား(မပေါ်ပါဘုရား)။

ဒါဖြင့် တကာတကာမတို့ အနိစ္စနဲ့ မင်္ဂနဲ့ ဆက်သူဌားတယ်....(မှန်ပါ့) တဏှာနဲ့ ဥပါဒါန်နဲ့ မဆက်ဘူး....၊ ဆက်သေးသလား(မဆက်ပါဘုရား)။

ဒါနဲ့ ခင်ဗျားတို့ ရှုထားတာက တဏှာပစ္စယာ ဥပါဒါနံ၊ သဘောကျပလား(ကျပါပြီဘုရား)အခုဟာကတော့ ဒီလိုမဟုတ် ပါဘူးတဲ့၊ အနိစ္စနဲ့ ပညာနဲ့ သွားဆက်တယ်....(မှန်ပါ့)မကွာ ဘူးလား....(ကွာပါတယ်ဘုရား)။

ဟာ....ဘယ်နယ်ကြောင့်ပါလိမ့်မတုံး....(အပေါင်း အသင်း တည့်လို့ပါဘုရား) အပေါင်းအသင်း မှန်သွားလို့....(မှန်ပါ့) ဆိုနိုင်ကြပလား....(ဆိုနိုင်ပါပြီဘုရား)။

ဩော်....ဒါဖြင့် ဒီ တလုံးဟာ အင်မတန် အရေးကြီးပါ ကလားဆိုတာ ဦးဘရှင်း တွေးမှ အရေးကြီးမှန်း သိတယ်.... (မှန်ပါ့)။

အပေါင်းအသင်း တည့်ဘို့နဲ့ အပေါင်းအသင်းမှန်ဘို့ တကာ တကာမတို့ အလွန်အရေးမကြီးဘူးလား....(ကြီးပါတယ်ဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ကဲ....အပေါင်း အသင်း မှန်သွားတော့ အနိစ္စနဲ့ ပညာနဲ့ သွားတွေ့တယ်....(မှန်ပါ့)အနိစ္စနဲ့ ပညာနဲ့ သွားတွေ့တော့ အနိစ္စ မြင်တဲ့ အခါကျတော့ အင်း....ဒါ ငါထင်သေးရဲ့လား....အနိစ္စ ဘဲ ထင်တော့သလား....(အနိစ္စဘဲ ထင်ပါတော့တယ်ဘုရား)။

ငါထင်ယင်သာ ဒိဋ္ဌိက အပါယ်ပို့မယ်၊ သဘောကျပလား-(ကျပါပြီ)အခုတော့ ငါ မထင်တဲ့ အတွက်တဲ့....အနိစ္စမို့ အနိစ္စ ဘဲ သိသွားတဲ့ အတွက် ဒိဋ္ဌိက ပြုတ်သွားတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ကဲ....ဒါဖြင့် လောဘနဲ့ ဒိဋ္ဌိဟာ အမြဲတမ်း တွဲလျက်ဖြစ်ပြီး သကာလ နေငြားသော်လဲ အပေါင်းအသင်း မှန်သွားတဲ့အတွက် လောဘကလဲ ပြိတ္တာဘုံ မပေးနိုင်ဘူး၊ ဒိဋ္ဌိကလဲ အပါယ်မကျနိုင်ဘူး....(မှန်ပါ့)။

လောဘက ပြိတ္တာဘက် သွားတယ်...(မှန်ပါ့) ဒိဋ္ဌိက.... (အပါယ်သွားပါတယ်ဘုရား)။

အပါယ် သွားတယ်ဆိုတော့ တကာတကာမတွေ့ အင်း.... ဒါဖြင့် လောဘဖြစ်လဲ မခြောက်နဲ့ကွ၊ အပေါင်းအသင်းသာ တည့်အောင် ပေါင်းလိုက်....(မှန်ပါ့) ဒီတော့ ဦးဘလေးတို့.... ကျေနပ်ပလား(ကျေနပ်ပါပြီ) ဒိဋ္ဌပါပြုတ်သွားတာကော မြင်လိုက်ပလား....(မြင်လိုက်ပါပြီဘုရား)။

ဖြစ်ပျက်မြင်လိုက်ကတည်းကိုက ခိုင်တယ်,မြဲတယ် ကိုဝ ယူသေးသလား..(မယူတော့ပါဘုရား) ခိုင်တယ်, မြဲတယ် ယူတာက ဘယ်သူက ယူတာတုံး...(ဒိဋ္ဌိက ယူတာပါဘုရား)။

အဲ....သူမှ မလာတော့ ကိုဝတို့က ငါ့ကွာ.... ခက်လိုက်ကာ ဒါတွေကလဲ....လို့ ဆိုစရာ လိုသေးသလား....(မလိုပါဘုရား)။

မလိုတော့ပါဘူးတဲ့၊ အပေါင်း အသင်း တည့်သွားပါပြီ.... တကာတကာမတို့နော် ..(မှန်ပါ့)။

အဲဒီတော့ ဒီပဋိဂ္ဂါလ်ဟာ ဘာပဋိဂ္ဂါလ်တုံး....“နိဗ္ဗာနာဘိရတော မစ္စော”ဘဲကွ....တဲ့ ဘုရားက၊ နိဗ္ဗာနာဘိရတော=နိဗ္ဗာန်၌ ငြိမ့် လျော်သော၊ မစ္စော=သတ္တဝါ ဖြစ်သွားတယ်တဲ့....(မှန်ပါ့)။

ဒီ သတ္တဝါဖြစ်သွားတော့ ဘာဖြစ်သတုံးတဲ့....၊ “သဗ္ဗဒုက္ခာပ မုစ္စတိ”ပေါ့ကွာ....ဒုက္ခအကုန်ချုပ်တာပေါ့တဲ့....၊ ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

မိုးကုတ် ဝိပဿနာ လုပ်ငန်းစဉ် တရား (၁၂)

ဒါဖြင့် မောင်နိုင်ရေ....အပေါင်း၊ အသင်း တည့်ဘို့ တယ် အရေးကြီးပါကလား....(ကြီးပါတယ်ဘုရား) ရှင်းပလား....(ရှင်း ပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ပဌမ ရှေးဦးစွာ သဒ္ဓါ,ပညာနဲ့ ဘယ်တရား လာလာ၊ ခန္ဓာကိုယ်ထဲဘာနဲ့ ပေါ်လာလာသဒ္ဓါ,ပညာကိုသာ ပေါင်းမိအောင် ပေါင်းလို့ ရှိယင်ဖြင့် ဘယ် အကုသိုလ်မှ မကြောက်နဲ့တော့....(မှန်ပါ) ပေါ်ကြပလား.... (ပေါ်ပါပြီ ဘုရား)။

သဒ္ဓါ, ပညာသာ ပေါင်းမိလို့ရှိယင်... (ဘယ် အကုသိုလ်မှ ကြောက်စရာမလိုပါဘုရား)။

ဘယ်အကုသိုလ်မှ မကြောက်နဲ့တော့၊ အကုသိုလ်ဟူသမျှက အနိစ္စချည့် သူဌးဖြစ်ရမယ်(မှန်ပါ) မဖြစ်ပါနဲ့ ဆိုလို့ ရရဲ့လား (မရပါဘုရား)မရတော့ဘူးဆိုတာကောင်းကောင်းကျေနပ်ပလား (ကျေနပ်ပါပြီဘုရား)။

ကဲ ဒါဖြင့် အကုသိုလ်ဆို ကြောက်ရတာချည့်လား၊အပေါင်း အသင်း လဲမှာသာ ကြောက်ရတာချည်းလား(အပေါင်းအသင်း လဲမှာသာ ကြောက်ရတာချည်းပါဘုရား)ရှင်းကြပလား(ရှင်းပါ ပြီဘုရား)။

အကုလိုလ်ဆိုယင် ရှေးကတော့ ဘယ်နှယ်တုံး....(ကြောက်ရ တာချည်းပါဘုရား)။

အခုတော့ဖြင့် အဲဒီ အကုသိုလ်ကို မကြောက်နဲ့....(မှန်ပါ) အပေါင်းအသင်းမှားမှာသာ....(ကြောက်ရပါတယ်ဘုရား)။

အပေါင်းအသင်း တည့်လို့ရှိယင် သူက ရန်သူက မိတ်ဆွေ လုပ်လိမ့်မယ်ဟေ....(မှန်ပါ)ရှင်းပလား....(ရှင်းပါပြီ ဘုရား)။

အဲဒီတော့ သူတို့ကလဲ မောင်နိုင်က အကြောင်း တိုက်ဆိုင်အောရုံနဲ့ တိုက်ဆိုင်လာတဲ့အခါ ကိုယ်ဝယ်ချင်တဲ့ ကျောက်နဲ့ တွေ့နေတဲ့အခါ ကိုယ့်မှာလဲ အထုပ်ကလေးက မပြည့်သေးတဲ့ အခါကျတော့ လောဘဖြစ်မှာဘဲ.... (မှန်ပါ့) မဖြစ်ပါနဲ့ဆိုလို့ (မရပါဘုရား)။

မရဘူး... ၊ အဲ... မရတော့ မောင်နိုင်က ဘာနဲ့ ပေါင်းမယ် သဒ္ဓါ,ပညာနဲ့ ပေါင်းလိုက်....(မှန်ပါ့)။

သဒ္ဓါက ဩော်... မပယ်သေးလို့ ပေါ်နေတာကိုး(မှန်ပါ့) မယုံကြည်ဘူးလား....(ယုံကြည်ပါတယ်)မင်္ဂနဲ့ မပယ်သေးတော့ သူ လာနေဦးမှာကဲ့....(မှန်ပါ့) ဒါ ယုံကြည်ပလား... ၊ မယုံကြည် ဘူးလား....(ယုံကြည်ပါတယ်ဘုရား)။

အဲ....ယုံကြည်တဲ့ သဒ္ဓါနဲ့ ပေါင်းပြီးသကာလ ပညာနဲ့ တခါ ဆက်ပေါင်းလိုက်....(မှန်ပါ့)။

တကာကြီးလှိုင်... ပညာနဲ့ ဆက်ပေါင်းလိုက်တော့ ဘာဖြစ် သွားသလဲ....(မဂ္ဂဖြစ်သွားပါတယ်) အနိစ္စကို မြင်သွားတယ်.... (မှန်ပါ့) မဟုတ်ဘူးလား....(မှန်ပါ့)။

အနိစ္စ မြင်သွားတော့ ယုံကြည်တဲ့ သဒ္ဓါနဲ့ ပညာနဲ့ ပေါင်း လိုက်တာ မောင်နိုင်ရေ....မဂ်ဉာဏ်တောင် ရလိုက်သေးတယ်.... (မှန်ပါ့)။

ဘယ်လိုဆိုကြမယ်...(မဂ်ဉာဏ်တောင် ရလိုက်ပါသေးတယ် ဘုရား)။

မဂ်ဉာဏ်တောင် ရလိုက်သေးတယ်ဆိုတော့ ကျုပ်တို့မှာတဲ့.... အင်မတန်မှ ဝမ်းသာစရာ ကောင်းပါတယ်....(မှန်ပါ့)။

အင်မတန်မှ ဝမ်းသာစရာကောင်းတယ်၊ ဒါဟာ အပေါင်း အသင်း တည့်လို့ဆိုတဲ့ အဓိပ္ပါယ် ရှင်းပလား....(ရှင်းပါပြီ)။
ကောင်းပြီ... ဒါဖြင့် ဒီလိုချည်းဘဲ တကာ တကာမတွေက ဘာမှ မကြောက်နဲ့၊ ဟာ ...တပည့်တော် ဝိတက်တွေ များလွန်း လို့ ရှုမဖြစ်ဘူးဆိုလို့ ရှိယင်လဲ သဒ္ဓါပညာနဲ့ ပေါင်းလိုက်.... (မှန်ပါ့) ဒီ ဝိတက်ကိုဘဲ ဘာလုပ်ရမလဲ....(ဖြစ်ပျက် ရှုရပါမယ်) ဖြစ်ပျက် ရှုလိုက်။

ဟာ .... ဒီနေ့တော့ ဘုရား....တပည့်တော် အိမ်ကိုက စိတ် မချမ်းသာ, လက်မချမ်းသာနဲ့ လာခဲ့ရတဲ့အတွက် အားထုတ်ရ ပေမဲ့လဲ မဖြောင့်ဘူး....၊ ဟ....ဘာကြောင့် မဖြောင့်တာတုံး.... မချမ်းသာတာတွေ ပေါ်နေလို့....၊ အဲဒီ မချမ်းသာတာ ရှု.... (မှန်ပါ့)။

မချမ်းသာတာ ဒုက္ခစိတ်တွေ ဒေါမနဿစိတ်တွေဘဲ(မှန်ပါ့) အဲဒီ မချမ်းသာတာတွေကို သဒ္ဓါပညာနဲ့ ပေါင်းလိုက်.... (မှန်ပါ့)။

ဩော်... မချမ်းသာတာလဲ မဂ်နဲ့ မပယ်သေးတော့ မချမ်း သာတဲ့ စိတ်တွေ ပေါ်သေးတာဘဲ....(ပေါ်ပါတယ်ဘုရား)သဒ္ဓါ ပညာနဲ့ ပေါင်းလိုက်တော့ မချမ်းသာတဲ့ စိတ်ဟာ ဘာဖြစ် သွားသလဲ .. (ဖြစ်ပျက် ဖြစ်သွားပါတယ်ဘုရား)။

ဒါဖြင့် ဖြစ်ပျက်နဲ့ မဂ်နဲ့ မကိုက်ဘူးလား .... (ကိုက်ပါတယ် ဘုရား)။

အဲဒီတော့ မချမ်းသာတာလဲ ခင်ဗျားတို့ မိတ်ဆွေ ဖြစ်သွား မှာဘဲ....(မှန်ပါ့) ချမ်းသာတဲ့ စိတ်ကလဲ....(မိတ်ဆွေ ဖြစ်သွားမှာ ပါဘဲဘုရား)။

ဒါဖြင့် ကျုပ်တို့မှာ အရေးအကြီးဆုံး အချက် ဒီနေ့ ဟော တာသည် သဒ္ဓါ,ပညာနဲ့ ပေါင်းဘို့ဘဲ ပါဠိတော်က အရေးကြီး တယ်....(မှန်ပါ့)။

တကာကြီးလို့ဉ် ဘဲ့ဒအရေးကြီးသတို့း(သဒ္ဓါ,ပညာနဲ့ ပေါင်း ဘို့ အရေးကြီးပါတယ်ဘုရား)။

တကာတကာမတို့ တရားမျှားသလား .. နည်းနည်းကလေး ရှိ သေးသလား....(နည်းနည်း ရှိပါသေးတယ်ဘုရား)။

နည်းနည်းကလေး ရှိသေးတယ်၊ နာရီကသာ စေ့လို့နေတာ၊ ဒီ နှစ်လုံးဘဲ ပြောနေတယ်.:. (မှန်ပါ့) ဒီ့ပြင် မပါသေးဘူး.... (မှန်ပါ့)။

ကိုင်း ဒါဖြင့် သဒ္ဓါ,ပညာနဲ့ ပေါင်းလိုက်တဲ့အခါကျလို့ရှိ ယင်ဖြင့်....တဲ့ ခင်ဗျားတို့ ဝိပဿနာ သမ္မာဒိဋ္ဌိ ဖြစ်ပြီလို့ မှတ် လိုက်....(မှန်ပါ့)။

ဘာတဲ့တုံး....(ဝိပဿနာ သမ္မာဒိဋ္ဌိ ဖြစ်ပါပြီဘုရား)။

ရှေ့က ဖြစ်ပျက်ကိုး၊ နောက်က အမှန်မြင်တဲ့ သမ္မာဒိဋ္ဌိ.... (မှန်ပါ့) သမ္မာဒိဋ္ဌိမဂ္ဂင်၊ သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ သဒ္ဓါ,ပညာနဲ့ ပေါင်းလိုက်တာ ကိုဝရေ .. နေရာ ကျသွားပြီတဲ့၊ ဘာဖြစ်သွားသတုံး ဝိပဿနာ သမ္မာဒိဋ္ဌိ ဖြစ်သွား ပြီ...(မှန်ပါ့) ဒါက ရှေ့တိုး မှတ်ဘို့။

သဒ္ဓါ, ပညာနဲ့ ပေါင်းလိုက်တာ ဘာဖြစ်သွားသတုံး.... (ဝိပဿနာ သမ္မာဒိဋ္ဌိ ဖြစ်သွားပါပြီဘုရား)။

ဝိပဿနာ သမ္မာဒိဋ္ဌိ ဖြစ်သွားပြီတဲ့၊ ဘာလို့ဘုံး ဆိုတော့.... လာသချိုကို သူသည် သဒ္ဓါနဲ့ ပေါင်းပြီး ပညာနဲ့ ရှုပြီတဲ့.... (မှန်ပါ့) မရှုသေးဘူးလား .. (ရှုပြီဘုရား)။

ရှုလိုက်တော့ ရှေ့ပိုင်းက ဖြစ်ပျက်, နောက်ပိုင်းက မဂ် ဆို တော့ ကိုဝ....ဝိပဿနာ သမ္မာဒိဋ္ဌိ....(မှန်ပါ့)သဘောကျပလား- (ကျပါပြီဘုရား)။

ရှေ့က ရှုစရာကိုးဗျ၊ ဒနောက်က အမြင်ကိုးဗျ... (မှန်ပါ့) အဲ....ရှုစရာနဲ့ အမြင်နဲ့ ပေါင်းလိုက်တော့ သူက ဝိပဿနာ၊ သူက အမှန်မြင်လို့ သမ္မာဒိဋ္ဌိဆိုတော့ ဝိပဿနာ သမ္မာဒိဋ္ဌိ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ) ပေါ်ကြပလား....တကာ တကာမတို့....(ပေါ်ပါပြီဘုရား)။

အဲဒါကြောင့် စိတ်ပျက်လဲ ရှု....(မှန်ပါ့ဘုရား)ပျော်နေလဲ.... (ရှုရပါမယ်ဘုရား)သဘောကျပလား....(ကျပါပြီဘုရား)။

ပျင်းနေလဲ....(ရှုရပါမယ်ဘုရား) ပျင်းယင် ပျင်းစိတ် ရှုပေါ့ (မှန်ပါ့)။

ပျင်းတာ ကိုဝ... တခြားတရားလို့ ကိုပေါ်က မှတ်မနေနဲ့ အလိုမကျလို့ ပျင်းတယ်....(မှန်ပါ့) ဒါသ အနုစားလို့ မှတ် လိုက်ပါ....(မှန်ပါ့)။

ဘယ်လို မှတ်ကြမယ်....(ဒါသ အနုစားပါဘုရား) ဒါဖြင့် ဒါကလေး ဘာလုပ်ကြမယ်... (ဖြစ်ပျက် ရှုရပါမယ်ဘုရား)။

အဲ... ဖြစ်ပျက် ရှုလိုက်တော့ သြော်....အလိုမကျဆိုတာ ပျင်း စိတ်ကိုး....ဒါသ၊ဒါသဆိုတာ အနာဂါမ်မှ ပယ်နိုင်တာ၊အနာ ဂါမ် မဟုတ်သေးတော့ ပေါ်တာဘဲလို့ ယုံကြည်လိုက်-(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အနာဂါမ် မဟုတ်သေးတော့....(ပေါ်တာပါဘဲဘုရား)အဲဒါ ဘယ်သူ့ သတ္တိပါလိမ့်... သဒ္ဒါသတ္တိနော်... (မှန်ပါ့) ယုံကြည် တယ် မဟုတ်လား....(မှန်ပါ့)။

မင်္ဂနဲ့ မပယ်သေးတော့ ဘာတဲ့....(ပေါ်မှာပါဘဲဘုရား)
ဒါက ဘယ်သူ့ သတ္တိတုံး....(သဒ္ဓါ သတ္တိပါဘုရား)။

ဒါ ယုံကြည်တာပေါ့ မောင်နိုင်ရ....(မှန်ပါ့) ကြွေး....မင်္ဂနဲ့ မပယ်သေးတော့ ပေါ်ရမှာဘဲ ဒီတရား ရှိရမှာဘဲဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

ကဲ....ဒါဖြင့် ပညာနဲ့ ပေါင်းလိုက် မောင်နိုင်....ဘယ့်နှယ်တုံး....(အနိစ္စ ဖြစ်သွားတယ်)ဖြစ်ပျက်ဖြစ်သွားတယ်၊သဘောကျပလား....(ကျေပါပြီဘုရား)။

ဒါဖြင့် ဖြစ်ပျက်နဲ့ မင်္ဂနဲ့ သွားမကိုက်ဘူးလား....(ကိုက်ပါတယ်ဘုရား)။

အဲ....ကိုက်လိုက်တဲ့ အခါကျလို့ ဒုိယင်ဖြင့်တဲ့ ဝိပဿနာမင်္ဂ သွားဖြစ်တယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ ဘုရား)။

ဘာမင်္ဂတဲ့....(ဝိပဿနာမင်္ဂ သွားဖြစ်ပါတယ်ဘုရား)။

ကဲ....ဒါဖြင့် ကျုပ်တို့က ဘယ်ဟာ လာလာ သဒ္ဓါ ပညာဖြင့် လက်မလွှတ်ပါဘူး ပေါင်းသင်းပါ့မယ်လို့ ဆိုလို့ ရှိယင် ဒီ သဒ္ဓါဟာ သဒ္ဓံန္ဒြေ သွားဖြစ်မယ်၊ သဒ္ဓါရိုးရိုး မဟုတ်တော့ဘူး....(မှန်ပါ့)။

လာတိုင်း ပေါင်းလို့ ရှိယင် မောင်နိုင်....သဒ္ဓံန္ဒြေ....(ဖြစ်ပါတယ်ဘုရား) သဒ္ဓံန္ဒြေဆိုတာ အစိုးရတယ်၊ ဒီ့ပြင် တရားတွေ ပေါ်မှာ အကုန် အစိုးရတယ်....(မှန်ပါ့)။

ပညာကလဲ ဘာဖြစ်မယ်....(ပညိန္ဒြေ ဖြစ်ပါတယ်) ပညိန္ဒြေ ဖြစ်မယ်၊ သဘောကျပလား....(ကျေပါပြီဘုရား)။

ဒါဖြင့် ကြပ်ကြပ်ရှုပေး၊ လာသချိ်ကို သူတို့ နှစ်ခုနှင့်သာ ပေါင်း... (မှန်ပါ့) ပေါင်းလို့ ရင့်ကျက်လာတဲ့အခါ သဒ္ဓါက ဘာဖြစ်သတုံး....(သဒ္ဓေန္ဒြေ ဖြစ်ပါတယ်) ရှင်းပြီနော်....(ရှင်းပါပြီ) ပညာက....(ပညိန္ဒြေ ဖြစ်ပါတယ်ဘုရား)။

ကိုင်း....ဒီ့ထက် ရင့်တော့မယ် ခင်ဗျားတို့ လာတိုင်းရှု၊ လာတိုင်းရှု၊ လာတိုင်းရှု၊ ဒီ့ထက် ရင့်တော့မယ်ဆိုတော့ သဒ္ဓါကလဲ သဒ္ဓါ မဂ္ဂင် သွားဖြစ်တယ်၊ ဗောဓိပက္ခိယဆဲ သွားဝင်တာဘဲ.... (မှန်ပါ့) ပညာကလဲ ပညာ မဂ္ဂင် သွားဖြစ်တော့ အဲဒီမှာ အပါယ်လေးပါး တံခါးပိတ်တယ်....(မှန်ပါ့)သဘောကျပလား-(ကျပါပြီဘုရား)။

ပညာကလဲ ပညာ မဂ္ဂင် သွားဖြစ်တော့ ဘာတုံး....(အပါယ်လေးပါး တံခါးပိတ်ပါတယ်ဘုရား)။

မဂ်စစ် သွားဖြစ်တယ်....(မှန်ပါ့) မဂ္ဂင်ကျအောင် ကိုက်သွားတော့ မဂ် မစစ်သေးဘူးလား... (စစ်ပါတယ်) ဝိပဿနာမဂ်ဟုတ်သေးရဲ့လား....(မဟုတ်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ မှတ်ပါတဲ့....သဒ္ဓါ - သဒ္ဓေန္ဒြေ - သဒ္ဓါဗိုလ်နော်....(မှန်ပါ့) သဒ္ဓါ မဂ္ဂင်၊ ရိပ်မိပလား... (မှန်ပါ့) မဂ္ဂင် ရှစ်ပါးသာဆိုတာ သူကလဲ ပါရသေးတယ်....(မှန်ပါ့) မပါယင် မပြီးဘူး၊ သူက သဟဇာတ အဖြစ်နဲ့ ပါရတယ်၊ ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် လုပ်စ,မှာ သဒ္ဓါလို့ မှတ်ပါနော်....(မှန်ပါ့) နည်းနည်းကလေး ရှုပါမျှားလာတော့ သဒ္ဓေန္ဒြေ၊ သဘောကျပလား-(ကျပါပြီ)တော်တော် ရင့်လာတော့ သဒ္ဓါဗိုလ် သွားဖြစ်တယ်၊

ရှင်းပလား....(ရှင်းပါပြီ)နောက် ဒီ့ထက် ရင့်လာတော့ သဒ္ဓါ မဂ္ဂင်....(မှန်ပါ့) ပေါ်ပလား... (ပေါ်ပါပြီဘုရား)။

အဲဒီကျတော့ လမ်းမဆုံးသေးဘူးလား. (ဆုံးပါပြီ ဘုရား) ဆုံးပြီဆိုတော့ အဲဒါ ခင်ဗျားတို့ ဩဇာ....ပဌမ ရှုစ့်တော့ သဒ္ဓါ ဘဲ့ လာမှာဘဲ့....(မှန်ပါ့) နောက်ကျတော့ ဘာဖြစ်လာမလဲ.... (သဒ္ဓါနွေး ဖြစ်လာပါမယ်ဘုရား)။

သဒ္ဓါနွေးဆိုတော့ ဣန္ဒြေဆိုတော့ သူ အစိုးရလာပြီကွ....တဲ့- (မှန်ပါ့) ဒီ့ပြင် တရားတွေကို သူ တော်တော်နိုင်လာပြီ(မှန်ပါ့) နောက်ကျတော့ သူ ဖြစ်လာပြီ(မှန်ပါ့)မဖြစ်ပေဘူးလား....(ဖြစ်ပါတယ်ဘုရား)။

ဣန္ဒြေက အစိတ်အပိုင်းသာ ဆိုရတယ်၊ ဗိုလ်ဆိုတော့ခေါင်း ဆောင်ဖြစ်လာတယ်....(မှန်ပါ့)။

နောက်ကျတော့ ဘာဖြစ်မတုံး.... မဂ်ဖြစ်တယ်၊ သဘောကျ ပလား....(ကျပါတယ်ဘုရား) ဗောဓိပက္ခိယ အသင်းအပင်း မဂ္ဂင် မဖြစ်သေးဘူးလား....(ဖြစ်ပါတယ် ဘုရား)။

အဲဒီကဲ့သို့ ဖြစ်သွားတဲ့အခါကျတော့ ခင်ဗျားတို့ အပါယ် လေးပါးကျပါဦးမလား....(မကျပါဘုရား)။

မကျတော့ဘူးဆိုတော့ ဒါဖြင့် ဒို့ ဘယ်နှယ်ကြောင့် ဒုက္ခ ချုပ်တဲ့ နိဗ္ဗာန်ကြီး မရသေးပါလိမ့်မတုံးဆိုတော့ အို....သဒ္ဓါရိုး ရိုးက ည့ံသေးတယ်ကွာ....(မှန်ပါ့)ဣန္ဒြေဖြစ်အောင် ပွားလိုက် ဦးမယ်ဆိုပြီး ပွားလိုက်ဦးပေါ့ဗျာ....(မှန်ပါ့) ဣန္ဒြေက ဗိုလ်ဖြစ် အောင် လုပ်လိုက်ဦးဆိုတော့ကော....(ပွားလိုက်ဦး) ဗိုလ်က မဂ္ဂင်ဖြစ်အောင် လုပ်လိုက်ဦးဆိုတော့....(ပွားလိုက်ဦးပါဘုရား)။

ပွားပါမျှားယင် အစဉ်အတိုင်း တက်တာဘဲ....(မှန်ပါ့)ရိပ်မိ ကြပလား.... (ရိပ်မိပါပြီဘုရား)။

ပွားပါမျှားယင်....(အစဉ်အတိုင်း တက်ပါတယ်ဘုရား)။

အဲဒီတော့ ဒီထဲမှာ တကာတကာမတွေ့ အားလုံးဘဲ သတိ ပေးလိုက်ပါတယ်၊ ငါဘယ်နှယ်ကြောင့် ဒုက္ခမချုပ်သေးပါလိမ့် မတုံးဆိုတော့ သြော်....သူတို့ တက်စရာ ကျန်နေသေးလို့ .... (မှန်ပါ့)။

ပညာကလဲ ရှေးဦးစွာ ပညာတမျိုး၊ ပညိန္ဒြေတမျိုး၊ ပညာ ဗိုလ်ကော....(တမျိုးပါဘုရား) ပညာမဂ္ဂင်....(တမျိုးပါဘုရား)။

ဒါဖြင့် သူလဲ တက်စရာ လေးဆင့်တက်....(မှန်ပါ့)။

ပညာရိုးရိုးက ဖြစ်ပျက်ဘဲ မြင်တယ်...(မှန်ပါ့) ပညိန္ဒြေဆိုတော့ ဒီပြင်တရားတွေကို ကန့်ကွက်ပြီး သူ့ချည့် သေသေချာ ဆျာ မြင်အောင် လုပ်မယ်....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ) ကိလေသာတွေ့ တွန်းလှန်နိုင်တဲ့ အခြေအနေပေါ့လေ.... (မှန်ပါ့)။

ပညာဗိုလ်ဆိုတော့ အနားကို မသိကြနဲ့ဟော့-ဆိုတဲ့ အဓိပ္ပါယ် မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

ပညာမဂ္ဂင်ကျတော့ သူက မင်းတို့ကို အမြစ်နဲ့တက္ခ ဖြတ်ပြီ ဆိုတာ မလာပေဘူးလား....(လာပါတယ်ဘုရား)။

သြော်....ဒါဖြင့် ကျုပ်တို့ ဘယ်နှယ်ကြောင့် နိဗ္ဗာန်မရသေး ပါလိမ့်မတုံး၊ ဒုက္ခချုပ်တဲ့ နိဗ္ဗာန်ကြီး မမြင်ရသေးပါလိမ့်မတုံး-

ဆိုတော့ ဖယ်ညာယင်လဲ နုလို့၊ ကွန်ဒြေမထိုက်သေးလို့.... (မှန်ပါ့ဘုရား)။

ကွန်ဒြေထိုက်ပြီး ဘာထိုက်ရမလဲ....(ဗိုလ်ထိုက်ရပါမယ်) ဗိုလ်ထိုက်ပြီး ဘာထိုက်ရမလဲ....(မဂ္ဂင် ထိုက်ရပါမယ်) အဲ....မဂ္ဂင်ထိုက်ယင် ပြီးတာဘဲ....(မှန်ပါ့)။

ဒီလိုဆိုတော့ ကျုပ်တို့၏ လုံ့လပယောဂ စွမ်းရည်အပေါ်မှာ အကုန်ရှိတော့တယ်ဆိုတာ မပေါ်လာဘူးလား.... (ပေါ်လာပါတယ်ဘုရား)။

အခု ရေတွင်းတူး အခု ရေသောက်ချင်လို့တော့ မြေထဲကတူးတာ မြေမှုံတွေ ရှိဦးမှာဘဲ....(မှန်ပါ့)။

နည်းနည်း ကြာကြာကလေး စောင့်ပြီးသကာလ ရေတိမ်သွားတဲ့အခါကျတော့ တနေ့ထက် တနေ့ ကြည်လိုက်မယ်ဆိုတာ. ပြောစရာ လိုသေးသလား....(မလိုပါဘုရား)။

ဒုတိယနေ့ သွားကြည့်တဲ့အခါ နောက်ရိပ်ကလေး ရှိသေးတယ်၊ တတိယနေ့ သွားကြည့်တဲ့အခါ မနေ့ကထက် ကြည်လာပြီ၊ စတုတ္ထနေ့ သွားကြည့်တဲ့အခါကျတော့ ဟာ....အကြည်တန်းကုန်ပြီဟော့....မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

အဲဒီတော့ အခု ရေတွင်း ကူးလို့ အခု ရေကြည်တော့ မသောက်ရဘူး....၊ ဒါကလေးတွေ ရင့်ရင့်-ရင့်ရင့်လာမှ....(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သွားတရားဟောမည်လို့ စိတ်ကူးလိုက်တဲ့အခါ ကွန်ဒြေတွေရင့်- မရင့်ကြည့်တယ်(မှန်ပါ့)ပညာဘဲရှိသေးသလား ပညာဒြေထိုက်ပလား....ဗိုလ်

ထိုက်ပလား.... မဂ္ဂင်ကျအောင် ထိုက်လုပလား.... အဲဒါသွားချိန်တာဘဲ....(မှန်ပါ့) ဝေနေယျဇ္ဈာသယဆိုတာဒါဘဲ.... (မှန်ပါ့)။

သတ္တဝါတွေ ချိန်တယ်ဆိုတာ သဘောပါပလား.... (ပါပါပြီဘုရား)။

အဲဒီလို ချိန်ပြီးသကာလ မဂ္ဂင်ထိုက်ကာနီးမှ သွားကူလိုက်တာဘဲ....(မှန်ပါ့) သွားလဲကူလိုက်ရော မောင်နှိုင်သောတာပန်လဲတည်ရောဆိုကြပါစို့....(မှန်ပါ့) သဘောပါပလား....(ပါပါပြီဘုရား)။

ကိုင်း....ယနေ့ ဒီတွင်တော်ကြဦးစို့....။

သာဓု....သာဓု... သာဓု ...

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်မြို့ မင်္ဂလာတိုက်

ဆရာတော် ဘုရားကြီး ဟောကြား ဆုံးမတော်မူသော

(သမ္မာဒိဋ္ဌိ နှစ်မျိုး)

ညွှန်အလုပ်ပေးတရားတော်

(၂၃-၆-၆၁)

သမ္မာဒိဋ္ဌိနှစ်ခုကိုတဲ့ တကာတရကာမတွေ နားလည်အောင် ရှင်းပြမယ်နော်.... သမ္မာဒိဋ္ဌိ ဘယ်နှယ်ကြောင့်ရှင်းရပါလိမ့်မလဲလို့ တကာတကာမတွေက မေးကြလို့ရှိယင် သမ္မာက=မှန်ကန်တာ၊ ဖြောင့်မတ်တာ၊ ဒိဋ္ဌိက=မြင်တာဆိုတော့ သြော်....မျက်စိနှစ်ကွင်း အလင်းရတဲ့တရားပါလား မှတ်ရမယ်....(မှန်ပါ့)။

သမ္မာဒိဋ္ဌိကို တကာတကာမတို့ နှစ်မျိုးလို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောတော်မူတယ်လို့ မှတ်ထားပါနော်....။

သမ္မာဒိဋ္ဌိ ဘယ်နှစ်မျိုးဟောပါလိမ့်.... (နှစ်မျိုးဟောပါတယ် ဘုရား)။

သမ္မာက-- မှန်ကန်တာ၊ ဖြောင့်မတ်တာ၊ ဒိဋ္ဌိက မြင်တာ၊ သြော်....ဒါဖြင့် အမှန်မြင် နှစ်မျိုးကို ယနေ့ ထူးထူးခြားခြား သိရမှာပါကလားလို့ မောင်နိုင်တို့ မှတ်ရမယ်နော်....(မှန်ပါ့)။

အမှန်မြင်က တကာတကာမတို့ နှစ်မျိုးရှိတယ်တဲ့ ဝိပဿနာ အားထုတ်တဲ့ ပုဂ္ဂိုလ်များမှာ.... ကိုင်း....ဒါဖြင့် အမှန်မြင်ဆိုတာက ဖြစ်ပျက်သဒ်ါရမြင်တာ တမျိုး, နိဗ္ဗာန်မြင်တာက တမျိုး၊ နှစ်မျိုးရှိတယ်လို့ မှတ်ကြစမ်းပါ....(မှန်ပါ့)။

ဖြစ်ပျက်သဒ်ါရမြင်တာက.... (တမျိုးပါ) နိဗ္ဗာန်မြင်တာက (တမျိုးပါဘုရား)သြော်....ဒါဖြင့်အမှန်မြင်ဘုယ်နှစ်မျိုးရှိပါလိမ့် (နှစ်မျိုးရှိပါတယ်ဘုရား)။

ဖြစ်ပျက်မြင်တဲ့ဉာဏ်က တကာ တကာမတွေ့ မှတ်ထားပါ နိဗ္ဗာန်မမြင်ဘူး .. (မှန်ပါ့) နိဗ္ဗာန်မြင်တဲ့ဉာဏ်က တကာတကာမတို့ ဖြစ်ပျက်ကိုမမြင်ဘူး.... (မှန်ပါ့) ဒါဖြင့် အမြင်ဘယ်နှစ်မျိုးပါလိမ့်....(နှစ်မျိုးပါဘုရား)။

မှတ်ထားပါတဲ့ ဒီဥစ္စာ၊ သြော်....ငါတို့သည်ကားလို့ ဆိုလို့ ရှိယင်ဖြင့် အပါယ်လေးပါး တံခါးပိတ်တဲ့အလုပ်လုပ်ပြီးသကာလနေကြတာ အမြင်နှစ်ခုကို ထူးထူးခြားခြား ခဲခြားဝေဘန်ပြီး သိထားမှသာလျှင် ဒို့သည်ကား ၁-နံပါတ်အမြင် ၂-နံပါတ် အမြင်ဆိုတဲ့ အမြင်နှစ်ခုရှိတာကို အလုပ်သမားတွေ့ အတွက်မှာ ဖြင့် မောင်နိုင် အရေးတကြီးမှတ်ရမယ်....(မှန်ပါ့)။

၁-နံပါတ်အမြင်နဲ့ ၂-နံပါတ်အမြင် တကာ တကာမတို့ အမြင်ဘယ်နှစ်မျိုးပါလိမ့်.... (နှစ်မျိုးပါ ဘုရား) နှစ်မျိုးလို့ မှတ်ထားပါနော်....(မှန်ပါ့)။

ခန္ဓာကို ဉာဏ်စိုက်လိုက်တဲ့အခါကျလို့ ရှိယင်ဖြင့်တဲ့ ခန္ဓာက ဝေဒနာကခန္ဓာကဘဲတကာတကာမတွေ့ ပြောပြော ဝိညာဏကခန္ဓာ ဆိုတဲ့ စိတ်ကဘဲပြောပြော ပြောချင်တာပြောတဲ့ တကာတကာမ တွေ့အမြင်တော့ဖြင့် ဖြစ်ပျက်အနိစ္စ မြင်မှာပါဘဲ.... (မှန်ပါ့)

ဝေဒနာ မတွေ့ပါဘူး၊ စိတ်မတွေ့ပါဘူး၊ ရှုဖန် မျှားလာတဲ့အခါကျတော့ ဝေဒနာရယ်လို့ ရှုလိုက် ဖြစ်ပြီးပျက်တဲ့ အနိစ္စ, ဒုက္ခ, အနတ္တတွေတွေ့လိုက်၊ စိတ်ကယ်လို့ ရှုလိုက်ပြန်လဲ မောင်နိုင်ဘာတွေ့သလဲ ... (ဖြစ်ပျက်အနိစ္စဘဲ တွေ့ပါတယ်ဘုရား)။

ဖြစ်ပျက်ဘဲ တွေ့တယ်ဆိုတော့ သြော်....ဒါသည်ကား....လို့ဆိုလို့ရှိယင်ဖြင့် သခ်ၤါရဒုက္ခ မြင်တာကိုး....(မှန်ပါ့)။

ဘာမြင်ပါလိမ့်.... (သခ်ၤါရဒုက္ခပါဘုရား) သခ်ၤါရဒုက္ခမြင်တာဘဲ့ တကာတကာမတို့နော်.... သခ်ၤါရဒုက္ခကို မြင်နေပြီ၊ဒီအမြင်သည်ကားလို့ ဆိုလို့ရှိယင်လဲ မှတ်လိုက် ဦးဘရှင်းတို့က သာသနာတင်းမို့မြင်တာ.... (မှန်ပါ့)။

အမြင်တော့ အမြင်မှန်ဘဲ သူလဲ.... (မှန်ပါ့) အမြင်တော့ အမြင်မှန်ဘဲလို့ကိုဝတိုလဲမှတ်စမ်းပါ။ ဒီနေရာဖြစ် ဒီနေရာပျောက် သွားတာကလေး မြင်လိုက်လို့ရှိယင်ဖြင့် ဉာဏ်မြင်နော်(မှန်ပါ့) မနောဒ္ဓါရနဲ့မြင်တာလို့ မှတ်ထားစမ်းပါ.... (မှန်ပါ့)။

မနောဒ္ဓါရနဲ့မြင်တာ၊ အဲဒီတော့ ဒီနေရာ ယားတယ်၊ ဒီနေရာကလေးဘဲ ပျောက်သွားတယ်၊ ဒီနေရာနာတယ်.... ဒီနေရာကလေးဘဲ ပျောက်သွားတယ်၊ အင်း... ဒါသည်ကားလို့ဆိုယင် သခ်ၤါရဒုက္ခ မြင်တာလို့ မောင်နိုင် မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

ဘာမြင်တာပါလိမ့်....(သခ်ၤါရဒုက္ခမြင်တာပါဘုရား) သခ်ၤါရဆိုတာကမှန်တယ်တဲ့၊ ဒုက္ခဆိုတာကလဲ မှန်ပါတယ်တဲ့နော်.... (မှန်ပါ့)။

သခ်ၤါရဆိုတာက သူမျှား ပြုပြင်လို့ အကြောင်းတရားက ပြုပြင်လိုက်လို့ ယားတယ်ဆိုလို့ရှိယင် ပိုးကောင်ကလေးတက်လို့လဲ ယားတတ်တယ်၊ ခြေးဆိုတာ ထွက်ချင်လို့လဲယားတတ်

တယ်၊ မိတ်ကလေး ပေါက်လို့လဲ ယားတတ်တယ်.... ဆိုတော့ မောင်နှိုင် တခုခုနဲ့ ထိခိုက်တာတော့ အထင်အရှားပဲ....(ထင်ရှားပါတယ်ဘုရား) တခုခုက ပွုပြင်လို့ ပေါ်လာသောကြောင့် သူ့ကို ယားတဲ့ သဘော ကလေးဟာ သန်ဓါရလို့မှတ်ပါ.... (မှန်ပါ့)။

သူဟာ ဘာတုံးဆိုတော့ ခန္ဓာထဲမှာပေါ်တဲ့ ဝေဒနာကွန္ဓာ ဖြစ်နေသောကြောင့် ခန္ဓာက ဒုက္ခသစ္စာ သူ့ကိုက ဒုက္ခသစ္စာ (မှန်ပါ့)။

ယားတာကလေးဟာ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား) ယားတာကလေးဟာ ဒုက္ခသစ္စာဆိုတော့ ဩော်.... သန်ဓါရဒုက္ခ ဆိုတာ မောင်နှိုင် ပေါင်းမိပလား...(မှန်ပါ့ပေါင်းမိပါပြီဘုရား) သန်ဓါရဆိုတာက သူ့ကို မပြုပြင်ဘဲနဲ့ ဦးဘရှင်း ပေါ်ပါ့မလား (မပေါ်ပါဘုရား)။

ဒါဖြင့် ပွုပြင်လို့ ပေါ်လာသောကြောင့် သူ့ကိုဘာခေါ်ကြမယ်....(သန်ဓါရပါဘုရား) သန်ဓါရလို့ခေါ်တယ်၊ သို့သော် သူလဲ ဘာခန္ဓာဘုံးမေးတော့ ဝေဒနာကွန္ဓာဘဲ... (မှန်ပါ့)။

ဝေဒနာကွန္ဓာဆိုတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက တကာတကာမတွေ့ ညာဏ်မျက်လုံးနဲ့ ကြည့်လိုက်တဲ့အခါကျလို့ ရှိယင်ဖြင့် ဒီခန္ဓာထဲက ဘယ်ခန္ဓာပေါ်ပေါ် ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား)။

ဩော်... ဒါဖြင့် တကာတကာမတွေ့ ရှင်းရှင်းကလေးနားထဲမှာထောင်ပါ၊ ဩော်... သန်ဓါရဒုက္ခပါကလား၊ ပေါ်ကြပလား (ပေါ်ပါပြီ)။

ဘာတဲ့တုံး.... (သခ်ၤါရတရားပါဘုရား) သခ်ၤါရဒုက္ခ၊ ပြဳပြင်လို့ ပေါ်လာသောကြောင့် သခ်ၤါရနော်.... (မှန်ပါ့) ပေါ်တဲ့ခန္ဓာက ဒုက္ခသစ္စာဖြစ်လေသောကြောင့် ဒုက္ခဘဲ(မှန်ပါ့)ဒါဖြင့် သခ်ၤါရဒုက္ခ၊ ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

သြော်....သခ်ၤါရဒုက္ခဆိုတာ သခ်ၤါရဆိုတာကသူတပါးပြုပြင်လို့ပေါ်တဲ့ ယားမှကလေး တကာကြီးလို့ပဲ.... (မှန်ပါ့) ဒုက္ခဆိုတာက ခန္ဓာပေါ်လာလို့ဒုက္ခသစ္စာ....(မှန်ပါ့)ဒါဖြင့် သခ်ၤါရဒုက္ခ၊ သစ္စာ နောက်မှပိတ်လိုက်တာပေါ့နော်....(မှန်ပါ့)။

ဘာဒုက္ခတဲ့တုံး.... (သခ်ၤါရဒုက္ခပါ ဘုရား) ဒါဖြင့် တကာတကာမတွေ ရှုခိုင်းပြီးသကာလနေတော့ ဦးဘချင်း ကြိုးစားမှုစမ်းပါ၊ တကာကြီးလို့ ကြိုးစားရှုစမ်းပါ၊ကိုဝတို့ကြိုးစားမှုစမ်းပါလို့ ဘုန်းကြီး ရောက်တိုင်း အိမ်ဆွမ်းစားရောက်တဲ့အခါကျတော့ လုပ်ကြရဲ့လားဟေ့.... နှုလုံးသွင်းကြရဲ့လားဟေ့.... သခ်ၤါရဒုက္ခ အကြည့်ခိုင်းတာ....(မှန်ပါ့)။

ကိုပေါ် ဘာအကြည့်ခိုင်းတာတုံး .... (သခ်ၤါရဒုက္ခ အကြည့်ခိုင်းတာပါဘုရား)။

သခ်ၤါရက သူများပြုပြင်လို့ ပေါ်လာဘဲ့ ဝေဒနာ၊ စိတ်ပြဲလဲ သူများပြုပြင်လာလို့ ပေါ်လာတဲ့စိတ်....(မှန်ပါ့)ရှင်းပြီနော် (ရှင်းပါပြီဘုရား)။

အဲဒီတော့ သူများပြုပြင်လို့ ပေါ်လာသောကြောင့် သူ့ကို သခ်ၤါရလို့ဘဲခေါ်လိုက်၊ ပေါ်တဲ့တရားကလေးကို.... (မှန်ပါ့) ခန္ဓာဖြစ်နေသောကြောင့် သူ့ကို ဘာသစ္စာဖွဲ့မလဲ....(ဒုက္ခသစ္စာပါဘုရား)။

အဲ....ဒါဖြင့် နှစ်ခုပေါင်းလိုက်တဲ့အခါကျတော့ သန်ဓါရဒုက္ခ (မှန်ပါ့) ဒုက္ခသစ္စာ ထည့်ချင်လဲထည့်၊ မထည့်ချင်လဲ တိုတို ပြောချင်တော့ သန်ဓါရဒုက္ခ....(မှန်ပါ့) ရှင်းကြပလား.... (ရှင်း ပါပြီ)။

ဘာဒုက္ခတုံး.... (သန်ဓါရဒုက္ခပါ ဘုရား) အဲဒီ သန်ဓါရဒုက္ခ မြင်တာဟာ မင်္ဂါရှေ့ပြေးမြင်တာလို့ မှတ်လိုက်စမ်းပါ(မှန်ပါ့) လောကုတ္တရာမင်္ဂါ ရှေ့ပြေးမြင်တာ။

သူမြင်ယင် တကာတကာမတွေက သြော်....ဒါဖြင့်တသံသရာ လုံး နောက်က ဆိုးခဲ့ တေခဲ့တဲ့ ကံတွေကိုလဲ ဖြတ်တော့မှာဘဲ.... သူလာလို့ရှိယင်....(မှန်ပါ့) ဒီဘဝ မသိမလိမ်မာလို့ မိုက်ထားတဲ့... အကုသိုလ် ကြွေးတွေကိုလဲ အင်း.... သန်ဓါရဒုက္ခ သိတဲ့.... ဉာဏ်က ရှေ့ပြေးလာပြီ၊ ဒီ ကြွေးတွေ အကုန်ပြေပြီးသကာလ အပါယ်တော့ဖြင့် ခန္ဓာနဲ့ မဆပ်ရတော့ဘူးလို့ မှတ်ပါ....(မှန်ပါ့) ဒါ....ရှေ့ပြေးမင်္ဂါလို့ ခေါ်တယ်....(မှန်ပါ့)။

တကာတကာမတို့ ဘယ်လိုခေါ်ကြမယ်.... (ရှေ့ပြေးမင်္ဂါလို့ ခေါ်ပါတယ်ဘုရား)။

ဦးဝရေ.... သန်ဓါရဒုက္ခမြင်ယင် ဘာတဲ့တုံး....(ရှေ့ပြေးမင်္ဂါပါ ဘုရား)။

အဲ....စာလိုသုံးတော့ ပုရေစာရိုက သမ္မာဒိဋ္ဌိ၊ မဟာစတ္တာလီ သသုတ်မှာလာပါတယ်၊ လုပ်လဲလုပ်ကြပါ၊လုပ်တဲ့စခန်းချည်းဘဲ ရှင်းအောင်ပြောနေတယ်လို့ဦးဘရှင်း သေသေချာချာမှတ်ပါ.... (မှန်ပါ့) ဒီပြင်တရားပါသေးလား....(မပါပါဘုရား)။

မပါပါဘူးတဲ့၊ အလုပ်စခမ်းမှာ ရှင်းဘိုဘဲ အရေးကြီးနေတော့ ဒီပြင်တရားက ကိုဝတို့....ကိုပေါ်တို့က သေသေချာချာမှတ်ပါ၊ ဒီဟာလုပ်ဘို့ အခြံအရံတရားချည်းဘဲမှတ်ပါ(မှန်ပါ့)။

ဒါနတရား ဘုန်းကြီး ဟောတတ်ပါတယ်တဲ့၊ ဟောလိုက်ယင်လဲ အင်မတန် ကျေးဇူးများအောင်ဘဲ ဟောတတ်ပါတယ် သို့သော်လဲ သူ့ကိုတော့ဘို့ အခြံအရံတရား....(မှန်ပါ့)။

သီလတရားကို ဟောလိုက်ပြန်လို့ရှိယင်လဲ အင်မတန်ဘဲ သီလဆောက်တည်ချင်လောက်အောင် ဘုန်းကြီးတို့ ဟောတတ်ပြောတတ်, ဆိုတတ်ပါတယ်၊ သီလကျေးဇူးကိုလဲ များအောင်ပြောတတ်ပါတယ်၊ သို့သော်လဲ ဒီဟာမြင်ဘို့ အခြံအရံတရား (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

သမထတရားတွေ ဟောလိုက်မယ် ဆိုလို့ရှိယင်လဲ ဟောတတ်တာဘဲတဲ့၊ တကာတကာမတွေ့ နှားလည်မှကိုပြောတတ်ပါတယ်၊ ဆိုတတ်ပါတယ်၊ သို့သော်လဲတဲ့ ဒီဖြစ်ပျက်မြင်မှု၏- သန်ါရဒုက္ခမြင်မှု၏ အခြံအရံဘဲ ရှိသေးတယ်....(မှန်ပါ့) ကျေနပ်ကြပလား (ကျေနပ်ပါပြီ)။

ဩော်.... ဒီ့ပြင်ဟာတွေက အခြံအရံ အားပေးမှလောက် ရှိတာပါကလား၊ တကယ်မုန်းဝင် အစစ်ကဖြင့် လှေပြိုင် လှည်းပြိုင်မှာ မုန်းဝင်ပြီး ပန်းဆွတ်တဲ့ဥစ္စာကဖြင့် သန်ါရဒုက္ခ စ-တွေ့မှဘဲ....(မှန်ပါ့) ကျေနပ်ကြပလား....(ကျေနပ်ပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ သန်ါရ ဒုက္ခ ဆိုတဲ့ဥစ္စာ စားချင်တဲ့စိတ်ကလေး ပေါ်လာတယ်ဆို စားစရာမရှိဘဲနဲ့ ပေါ်ပါ့မလား.... (မပေါ်ပါဘူးရှင်)။

ဒါဖြင့် သူ့ကိုတဲ့ စားချင်တဲ့စိတ်ကလေးဟာ ခန္ဓာဘဲမဟုတ်လားကွ....(မှန်ပါ့) စိတ်ဆိုတဲ့ ဝိညာဏကခန္ဓာဘဲ မဟုတ်လား....(မှန်ပါ့) သူက စားစရာ အာရုံကြောင့် ပေါ်လာသောကြောင့် သူ့ကို သခ်ၤါရလို့ကော မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ်ဘုရား)။

စားစရာ အာရုံက ပြုပြင်လိုက်လို့ ပေါ်လာတာ....(မှန်ပါ့) ညောင်နံလို့ ထမင်းဆာလာတယ်၊ ဥပမာ ညောင်တည်းဟူသော အကြောင်းကြောင့် ဆာလောင်မွတ်သိပ်တဲ့ လောဘစိတ်ကလေး မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)။

ဒါဖြင့် သူ့ကို ဘာတရားကလေးခေါ်မယ်၊ ဒီစိတ်ကလေးကို (သခ်ၤါရ တရားပါဘုရား) သခ်ၤါရတရားလို့ပြော....(မှန်ပါ့) သို့သော် သူက ခန္ဓာဖြစ်နေသောကြောင့် ခန္ဓာဆိုလို့ရှိယင်ဖြင့် ဘာသစ္စာဖွဲ့ကြမယ်....(ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ဒီစားချင်တဲ့ စိတ်ကလေးကို နှစ်ခုပေါင်းလိုက်တော့ (သခ်ၤါရ ဒုက္ခသစ္စာပါဘုရား) သခ်ၤါရဒုက္ခသစ္စာလို့ ခေါ်ချင် ခေါ်၊ သခ်ၤါရဒုက္ခလို့ တိုတိုသုံးချင်သုံး....(မှန်ပါ့)။

တကာကြီးလိုင် ခလေးတွေသင်သလို သင်နေတာနော်.... (မှန်ပါ့) ခလေးတွေသင်သလို သင်ပြီးသကာလ ဩော်- သခ်ၤါရဒုက္ခဘဲ၊ ဒါဖြင့် ခန္ဓာထဲပေါ်လေသမျှ ကိုဝတို့ ကိုပေါ်တို့က မှတ်လိုက် သခ်ၤါရဒုက္ခချည်းဘဲ....(မှန်ပါ့)။

ခန္ဓာထဲ ဘာပေါ်ပေါ်.... (သခ်ၤါရဒုက္ခပါဘုရား) သခ်ၤါရဒုက္ခချည်းလို့ မှတ်လိုက်ကြစမ်းပါ....(မှန်ပါ့)။

အဲဒီ ဒုက္ခကို ခင်ဗျားတို့ ဆရာဘုန်းကြီးက မြင်ပလား.... ဒါကလေးဟာ အခုယားလာတယ်၊ စားချင်တဲ့ စိတ်ကလေး ပေါ်လာတယ်၊ အင်း....ဒါကလေးတွေ ဘာကလေးပါလိမ့်မတုံး လို့ ခင်ဗျားတို့ အသုပ်ခွင်ကျတော့ တွေးလိုက်တာပေါ့။ အလုပ် ခွင် မရောက်လို့ ရှိယင်လဲ ထိုင်ရင်း ထမင်းစားတော့မယ်၊ထိုင်ရင်း သန်ဳံရဒုက္ခ ပေါ်ပဟာလို့ သိလိုက်တာပေါ့....(မှန်ပါ့)။

အဲဒီလို သန်ဳံရဒုက္ခကို ကျုပ်တို့နဂိုက မသိခဲ့ဘူး၊ အခုတော့ သန်ဳံရဒုက္ခ ပေါ်လာယင်ဘဲ နောက်က အသိညာဏ်ကလေးက မလိုက်ဘူးလား....(လိုက်ပါတယ်ဘုရား)။

အဲဒီ သမ္မာဒိဋ္ဌိသည် လောကုတ္တရာမဂ် ပေါ်မလို့ ဖျ။ပြေး အမြင်လို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

လောကုတ္တရာမဂ် ပေါ်မလို့.... (ဖျ။ပြေးအမြင်ပါဘုရား)။

သြော်.... ဖျ။ပြေးအမြင်၊ ဒါ....အင်မတန် အရေးကြီးပါကလား၊ လောကုတ္တရာ သောတာပတ္တိမဂ် ပေါ်တော့မလို့ သောတာပန်ဖြစ်တော့မလို့ ဖျ။ပြေးအမြင်လို့ မှတ်လိုက်စမ်းပါ.... (မှန်ပါ့ဘုရား) ကိုပေါ်.... သေချာပလား.... (သေချာပါပြီ)။

အင်း....သန်ဳံရဒုက္ခမြင်ယင် မဂ်၏ ဖျ။ပြေးအမြင်လို့ မှတ်လိုက်....(မှန်ပါ့) သောတာပန် တည်တော့မည့်ပုဂ္ဂိုလ်၏ ဖျ။ပြေးအမြင်လို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

သန်ဳံရဒုက္ခ မြင်လို့ရှိယင် ဘယ်နှယ်ဆိုကြမယ်... (ဖျ။ပြေးအမြင်ပါ) ဘယ်သူ၏ ဖျ။ပြေးတုံးမေးတော့ (သောတာပတ္တိ

မင်္ဂ၏ ရှေ့ပြေးပါ)သောတာပတ္တိမင်္ဂ၏ ရှေ့နားကမြင်တဲ့အမြင်လို့ ကိုဝ....ရှင်းထားလိုက်....(မှန်ပါ့)။

ဒါဖြင့် သောတာပတ္တိမင်္ဂ ရှေ့နားမှာသောတာပတ္တိမင်္ဂတော့ မဟုတ်သေးဘူးတဲ့၊ သမ္မာဒိဋ္ဌိတော့ သမ္မာဒိဋ္ဌိဘဲနော်....ရှေ့ပြေး သမ္မာဒိဋ္ဌိ....(မှန်ပါ့) မောင်နိုင် ရှင်းပလား....(ရှင်းပါပြီ)။

နောက်က တကာတကာမတွေ ဘာတဲ့....(ရှေ့ပြေးသမ္မာဒိဋ္ဌိ ပါဘုရား) ရှေ့ပြေးသမ္မာဒိဋ္ဌိ။

ဒါဖြင့် ဒီအမြင် ရလို့ရှိယင် ဘုန်းကြီးများက ချီးမြှောက် ပြောတယ်လို့ မယူနဲ့၊ ဘုရားဟောတာ အမှန်ကို ပြောနေတဲ့ အတွက် ဒီအမြင်နဲ့ သေယင်လဲ အပါယ်မသွားဘူး.... (မှန်ပါ့)။

ဒီအမြင်နဲ့ သေယင်လဲ....(အပါယ်မသွားပါဘုရား) အပါယ် မသွားဘဲနဲ့ သုဂတိသွားပြီး ရောက်-ရောက်ခြင်း ခုနင်က မင်္ဂစစ် အမြင်လာတာဘဲ.... (မှန်ပါ့) ဒီတော့ ဒီအမြင်လဲ သေးသေး သိမ်သိမ်အမြင်လို့ အားလုံး တကာ တကာမတွေက မယူဘဲနဲ့ တယ်ကောင်းတဲ့ အမြင်မှန်ပါကလား....(မှန်ပါ့)။

အဲဒီတော့ ခန္ဓာကိုယ်ကို တကာ တကာမတွေ စောင့်ကြည့် လိုက်တဲ့အခါကျတော့ ကိုဝတို့.... ကိုပေါ်တို့ အင်း....ယားလာ လို့ရှိယင်လဲ သခ်ါရဒုက္ခ ပေါ်ပဟာလို့ သာ နှုလုံးသွင်းလိုက်ဟုတ် လား....(မှန်ပါ့) နာလာယင်ကော....(သခ်ါရဒုက္ခပေါ်ပဟပါ) စားချင်တဲ့စိတ်ကလေး ပေါ်လာယင် (သခ်ါရဒုက္ခ ပေါ်တာပါဘုရား) အိပ်ချင်တဲ့စိတ်ကလေးပေါ်လာယင်.... (သခ်ါရဒုက္ခ ပေါ်တာပါ)။

ပေါ်သ၍ ဘယ်နှယ်ဆိုကြမလဲ.... (သခ်ၤါရဒုက္ခပေါ်တာပါဘုရား)။

အင်း....ခန္ဓာထဲက တောင့်တင်းလာလဲ သခ်ၤါရဒုက္ခ၊ မူးဝေလာတယ်ဆိုတာကော....(သခ်ၤါရဒုက္ခပါဘုရား)။

အဲဒီ သခ်ၤါရဒုက္ခက ရှေ့က မြင်တဲ့ဉာဏ်ကလေးက သြော်.... သခ်ၤါရဒုက္ခလို့ ပြောတာက မြင်တဲ့ဉာဏ်.... (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ) အဲဒီ အမြင်ဆိုလို့ ရှိယင်ဖြင့်သစ္စာနုလောမိကဉာဏ်လဲ ဖြစ်ပါပြီ မောင်နိုင်ရော....(မှန်ပါ့) မဂ်၏ ရှေ့ပြေးဉာဏ်လဲ (ဖြစ်ပါတယ်ဘုရား)။

ဖြစ်ပါပြီ....လို့ သေသေချာချာမှတ်ပါ။ ဒီအမြင်ဟာ ဘယ်လောက်ကြီးကျယ်တဲ့အမြင်မှန်ဉာဏ်လဲလို့ ဦးဘရှင်းက မေးလို့ ရှိယင်ဖြင့် သံသရာဖြတ်တဲ့အမြင်....(မှန်ပါ့) မှတ်မိကြပလား.... (မှတ်မိပါပြီ)။

ဘာအမြင်ပါလိမ့် (သံသရာဖြတ်တဲ့အမြင်ပါဘုရား) သံသရာဖြတ်တဲ့အမြင်ဆိုတော့ သံသရာရှေ့ သွားရမည့် ဒုက္ခစက်ရဟတ်ကြီးကို ပြတ်တဲ့အမြင်....(မှန်ပါ့)။

သံသရာရှေ့ သွားရမည့် ဒုက္ခစက်ရဟတ်ကို.... (ပြတ်တဲ့ အမြင်ပါဘုရား)။

ပြတ်တဲ့အမြင်ဆိုတော့ ဒီအမြင်ကို ကိုဝတ်ကို သေးသေးသိမ်သိမ် သာမညကုသိုလ်ကလေးလို့ ယူမလား....အကြီးအကျယ် ကုသိုလ်လို့ ယူမလား.... (အကြီးအကျယ် ကုသိုလ်ပါဘုရား)။

သေသေချာချာ မှတ်ကြပါ တကာတကဲ့ဝမတို့ နားမလည်လည်အောင်ကို ပြောနေတယ်နော်....(မှန်ပါ့)။

ဩော်... ဒီအမြင်သည် ဝိပဿနာ အမြင်ဆိုလဲ ဟုတ်ပါ၏၊ မမှန်ပြေး သမ္မာဒိဋ္ဌိအမြင်ဆိုလဲ ဟုတ်ပါ၏၊ သစ္စာနုလောမိက ဉာဏ်ဆိုလဲဟုတ်ပါ၏လို့ဘဲ သုံးချက်ဆုံးဖြတ်ချက်ချ.... (မှန်ပါ့) ဒါ...နာမည်သာ တပ်ထားတာ ပြောင်းနေတာ အတူတူဘဲ.... (မှန်ပါ့)။

မင်္ဂ၏ ဓမ္မပြေးအမြင်ဆိုယင်ကော.... (ဟုတ်ပါတယ်ဘုရား) ဟုတ်တာဘဲတဲ့။

ကဲ....ဒါဖြင့် တကာတကာမတွေ ဝိပဿနာအမြင်ဆိုယင်ကော....(ဟုတ်ပါတယ်ဘုရား) ဟုတ်နေပြီနော်....(မှန်ပါ့)။

ကောင်းပြီ၊ ပဋိစ္စသမုပ္ပါဒ် ပြတ်တဲ့အမြင်ဆိုယင်ကော(ဟုတ်ပါတယ်ဘုရား)။

ကောင်းပြီတဲ့၊ အင်မတန် ဒီအမြင် သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် အဘိုးတန်တဲ့အမြင်ဆိုတာ တရားတပဲ့လုံးကဘဲ ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ဒီအမြင်ရှိတဲ့ပုဂ္ဂိုလ်ကိုသာလျှင် လိုက်ချတ်တာဗျ....(မှန်ပါ့) ဒီအမြင် မပါတဲ့ပုဂ္ဂိုလ်ကို....(မချတ်ပါဘုရား)။

ဒါက သံသရာမျှားရှည်နေကြတဲ့ပုဂ္ဂိုလ်ဖြစ်လို့ရှိယင်လဲ ဒီအမြင် သူဘယ်တုံးကမြင်ဘူးပါလိမ့်မလဲဆိုပြီးသကာလ ဒီအမြင်ကို မြတ်စွာဘုရားက "ဒိဗ္ဗစက္ခုနဲ့ စေတောပရိယ အဘိညာဏ်နဲ့

တခါတည်း တွေးရရှာတယ်၊ သူ ဘယ်တုန်းကမျှား ဒီအမြင်ကလေး တခါ မြင်ဘူးပါလိမ့်မတုံး....လို့ ဟာ....ဘယ်တုန်းက မြင်ဘူးတယ်ဆိုတော့မှ အဲဒီ အမြင်ကလေးရှိတဲ့ပုဂ္ဂိုလ်ဆီကျတော့ မြန်မြန် ကြွတာဘဲ....(မှန်ပါ့) နောက် မင်္ဂလာဘုရာမင်္ဂ ပေါ်ဘုရာ သူကူတော့ မှာကိုး.... (မှန်ပါ့)လောကုတ္တရာမင်္ဂ ပေါ်ဘုရာ ကူတော့မယ်၊ ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီအမြင်ဟာ ဘုရားက မချွတ်မနေရဘဲ့အမြင်(မှန်ပါ့) ကိုယ်ဟာကိုယ်လဲ ကျွတ်နိုင်တဲ့အမြင်.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

ဒီအမြင်သည် .. (ဘုရားကမချွတ်မနေရဝဲ့အမြင်ပါ)ဘုရားက ဒီအမြင်ရှိတဲ့ ပုဂ္ဂိုလ်ကိုမချွတ် မနေနိုင်ဘူး....(မှန်ပါ့)သဘောပါပလား....(ပါပါ၊ပြီ) ကိုယ်ဟာကိုယ်လဲ ကျွတ်တမ်းဝင်မည့်အမြင် ဆိုယင်ကော....(မလွဲပါဘုရား)။

အဲ....ဒီလိုဆိုတာ ဘုန်းကြီး သက်သေသာဓက ပြပါမယ်တဲ့ ခင်ဗျားတို့ ဂါထာကလေး တဂါထာကို စူဠပန်....ဆိုတဲ့ ရဟန်း ဟာ သူ့အစ်ကိုက ဂါထာကလေး တဂါထာတည်း၊တဂါထာဆိုတာ အကွာရာ ရှစ်လေးလီပါဘဲတဲ့၊ ၃၂-လုံးရှိတယ်၊ အဲဒါ တဝါတွင်းကျက်တာ မရဘူးတဲ့၊ စာကလေး ၃၂-လုံးကို။

ကိုဝ.... ဘယ်လောက် ဉာဏ်ထိုင်းသတုံး.... (ထိုင်းပါတယ် ဘုရား) စူဠပန်ဟာ သိပ်ဉာဏ်ထိုင်းတယ်တဲ့....။

သို့သော်လဲ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက....၊ သူ့အစ်ကို ကတော့ မင်း လူထွက်ပါတော့ကွာ သာသနာတော်မှာ နေလို့ အလကားပါဘဲ၊ မင်းလိုလူဟာ သာသနာ ကြီးပွားမှာ မဟုတ်

ပါဘူး၊ထွက်ရပ်လမ်းလဲ ပေါက်မှာ မဟုတ်ပါဘူး၊သွားတော့ ဆို တော့ သူ မိုင်ပြီး ငိုနေတယ်၊ သာသနာတော်မှာလဲ ပျော်ရဲ့၊ သူ့ဉာဏ်ကလဲ မထိုးထွင်းနိုင်တော့ ဦးဘရှင်း အစ်ကို့ သြော်ဇာ အာဏာကို ကြောက်ပြီးသကာလ သူ့စိတ်ထဲမှာ အင်မတန်ဆုတ် နှစ်တဲ့ စိတ် ဖြစ်နေတယ်....(မှန်ပါ့)။

သို့သော်....ဘုရားက ကြည့်တယ်၊ ဒီ အမြင်ကလေးများ ပါ ရဲ့လားလို့ ကြည့်လိုက်တယ်၊ ကြည့်လိုက်တဲ့ အခါကျတော့.... ဗို့....ဘဝများစွာ သံသရာက ဆင်ပေါ်မှာ ဆင်စီးပြီး သူ ရှင် ဘုရင်ဖြစ်စဉ် အခါတုန်းက ပိတ်ဖြူကလေးနဲ့ မောင်နိုင် မျက်နှာ သုတ်လိုက်တဲ့ အခါကျတော့ နဂို အဖြူကလေးဟာ ချွေးနဲ့ ထိ သွားတဲ့အခါကျတော့ ညိုရောင်,မဲရောင်ကလေးတော့ မလာပေ ဘူးလား....(လာပါတယ် ဘုရား)။

သြော်....ဒါဖြင့် ဒီ အဖြူကလေးဟာလဲ အမြဲတမ်း မဟုတ် ဘူး၊ အဖြူကလေးဟာလဲ အဖြူပျက်သွားတာဘဲလို့ ဆိုတာ တချက်တည်း ထင်ဘူးတယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ ဘုရား)။

အဲဒါ ဘဝများစွာ တသံသရာလုံး ကိုဝ ဒီ တချက် ထင်ဘူး တယ်....(မှန်ပါ့ဘုရား)။

အဖြူကလေးဟာ ညိုမဲကလေး ဖြစ်သွားတယ်၊ မမြဲလို့ဘဲ ဆိုတာကလေး .... သန်ဂါရဒုက္ခကလေး တချက် မြင်ဘူးတယ် .... (မှန်ပါ့)။

အဲဒီကျတော့မှ အဲဒီတုန်းကဟာ တွေးပြီးသကာလ ဩော်.... သူ့အစ်ကိုကလဲ အထက်ခိုင်းနေပြီ၊ သူကလဲ ဥာဏ်လေးလိုက်တာ လွန်လို့....(မှန်ပါ့) ဟိုကလဲ စရိုက်မသိလို့ ဖြစ်နေတာ....(မှန်ပါ့ ဘုရား)။

စရိုက်မသိတော့ ဘာပေးရမှန်း မသိဘူး...(မှန်ပါ့) ဒီစာဘဲ အကျက်ခိုင်းနေတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ကဲ.... ကွာ....မင်း ကြာလှတယ်၊ မင်းလူလဲ မထွက်နဲ့၊ မင့် အစ်ကိုက အထွက်ခိုင်းပေမဲ့ ငါက မထွက်ရဘူးလို့ပြော....ဆိုပြီးသကာလ ဘုရားက ပိတ်ဖြူကလေး တန်ခိုးနဲ့ ဖန်ဆင်းပြီးသကာလ ဒါက လေးကို လက်နဲ့ လှိမ့်နေကွာ...။

ပိတ်ဖြူကလေး ဟို....ကျုပ်တို့ ပိုင်းတောင့်ကလေးလိုပေါ့ ဗျာနော်....၊ ယက်ဖေါက်ကလေးလိုပေါ့၊ ကိုဝ....ဒီလို ပွတ်ပြီး လှိမ့်နေတော့ သူ နဂိုထင်ဘူးတာကလေးက ဒီမှာ ကျေးဇူး ပြုထားတယ်....(မှန်ပါ့)။

နဂိုက အဖြူကလေး၊ အခု ဘာဖြစ်သွားသတုံး....(ညိုမဲသွား ပါတယ်) ညိုမဲသွားတဲ့ အဓိပ္ပါယ်ကလေး မရောက်ဘူးလား.... (ရောက်ပါတယ်ဘုရား)။

အဲဒီတွင်မှ အဲဒီက-နေပြီး ဩော်....ဒီ ဗဟိဒ္ဓပစ္စည်းလဲ ဒီလို့ ဘဲ၊ ခန္ဓာထဲမှာလဲ ဘယ်တရားမဆို ဒီလိုဖြစ်ပြီး ဒီလိုဖေါက်ပြန် ပျက်စီးတာချည့်ဘဲဆိုတာ သခ်ၤါရဒုက္ခ သွားတွေးလိုက်တယ်.... (မှန်ပါ့) အဲဒီ အချိန်ကျမှ သူ သောတာပန်,သကဒါဂါမ်,အနာ ဂါမ် ရဟန္တာဖြစ်တယ်....(မှန်ပါ့)။

ကိုင်း....ဘုရားက ဒီလို ပုဂ္ဂိုလ်မှ ကိုဝရဲ့ လည်ဟောရတာ-- (မှန်ပါ့) ဒီ သခ်ါရဒုက္ခ တကြိမ်မှ မမြင်ဘူးတဲ့ ပုဂ္ဂိုလ်ကျတော့ ဘုရားဉာဏ်ထဲမှာလဲ မပေါ်လာဘူး....(မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

သြော်....ဒါဖြင့် ဒို့ သခ်ါရဒုက္ခ မမြင်သေးလို့ ရှိယင်ဖြင့် လူဖြစ်ကျိုးကို မနပ်သေးဘူး....(မှန်ပါ့) သာသနာတွင်း တရား လဲ ဉာဏ်ထဲ မရောက်သေးဘူး....(မှန်ပါ့) မဆိုထိုက်ဘူးလား.... (ဆိုထိုက်ပါတယ်ဘုရား)။

အဲဒါကြောင့် အရေးတကြီး ပြောနေပါတယ် ဆိုတာကိုလဲ ခင်ဗျားတို့ မှတ်ကြစမ်းပါ....(မှန်ပါ့)။

ဒုန္ဒာထဲ သခ်ါရဒုက္ခတာချုပ်ကို မမြင်ဘူးတဲ့ ပုဂ္ဂိုလ် ဘုရားလဲ တော့လဲ မတော့ဘူးလို့ ကိုပေါ် မှတ်လိုက်...(မှန်ပါ့)ရှောင်သွားရ မှာဘဲ့....။

ဘုရားနဲ့ တော့ပေမဲ့လဲ ဘုရားက သူ့ကို ဘာမှ နှုတ်ဆက် မယ်လဲ မဟုတ်ဘူး၊ တရားထူးသွားပေးလိမ့်မယ်လို့လဲ မောင်နှိုင် ရည်ရွယ်ချက် မရှိဘူးတဲ့(မှန်ပါ့)ဘာ့ကြောင့်တုံးဆိုတော့ သူ့မှာ ဥပနိဿယဆိုတဲ့ အားကြီးသော သခ်ါရဒုက္ခမြင်တဲ့ တချက် မရှိ ဘူးတဲ့....(မှန်ပါ့) မရှိတဲ့ ပုဂ္ဂိုလ်ကျတော့လဲ သွားလဲ မသွားဘူး (မှန်ပါ့)တော့ပြန်လဲ အမျှားထဲ သြော်....ဘုရားက တော့တဲ့ ပုဂ္ဂိုလ် လဲ ကြည်ညိုရုံဘဲ တတ်နိုင်တယ်....(မှန်ပါ့) မဂ်ဉာဏ်,ဖိုလ်ဉာဏ် ရအောင် သူ ထိုးထွင်းမလာဘူး....(မှန်ပါ့)သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် ဒီနေ့ ဒီအမြင်ကလေးဟာ အလွန်အရေးကြီးတဲ့.... အမြင်ဖြင့် ဒို့ မရ,ရအောင် လုပ်ထားမယ်ဆိုတာ တရားတပဲ့လုံး ဆုံးဖြတ်ချက် ချကြပါ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ ဘုရား)။

ကဲ.... တကာတကာမတို့ ဒီ အမြင်ကလေး ဘယ်လောက် အဘိုးတန်တယ်ဆိုတာ....(တန်ပါတယ် ဘုရား) မင်္ဂ၏ ရှေ့ပြေး အမြင်....(မှန်ပါ့)သမ္မာဒိဋ္ဌိ....(အမြင်ပါဘုရား) ဝိပဿနာကော--(အမြင်ပါဘုရား) ကိုင်း....ကိုဝ....ကျေနပ်ပလား....(ကျေနပ်ပါပြီ ဘုရား)။

ဒါဖြင့် ဒီအမြင် မရှိတဲ့ ပုဂ္ဂိုလ် ဒီဘဝ နိဗ္ဗာန်ဝင် အသာထားစမ်းပါဦး၊ ဘုရားနဲ့ တွေ့တဲ့အခါတောင်မှ ဒီအမြင် မပါတဲ့ ပုဂ္ဂိုလ်ကို ဘုရားသည် ရှောင်ကွင်းသွားတယ်....(မှန်ပါ့)။

တကာတကာမတို့ ကိုယ်ကျိုးမှနည်းဘူးလား....(နည်းပါတယ်ဘုရား) ဒီ အမြင် မပါယင်လေ....(ရှောင်ကွင်းသွားပါတယ် ဘုရား)။

အဲဒီတော့ အခု ဘုန်းကြီး ဟောမှာက ဒီ တကာတကာမတွေ့ ဒီ အမြင်လဲ မြင်အောင်လုပ်ကြပါ၊ လုပ်တဲ့ ပုဂ္ဂိုလ်လဲ လုပ်နေကြတဲ့ ပုဂ္ဂိုလ်တွေလဲ မြင်နေကြပါပြီ၊ မလုပ်သေးတဲ့ ပုဂ္ဂိုလ်ကလဲ ဒီအမြင်တော့ ရအောင်လုပ်ပါ၊ ဒီ အမြင်ဟာ မင်္ဂရတော့မည့် အမြင်ဟော့....(မှန်ပါ့) ဘုရားချွတ်နိုင်တဲ့ အမြင်ဟော့....ဘုရားနဲ့ တွေ့လဲပေါ့လေ....(မှန်ပါ့)။

ဟာ .... ကိုယ့်ဟာ ကိုယ်ဆက်ကြိုးစားမယ်ဆိုလို့ ရှိယင်လဲ ဒီဘဝဘဲ မင်္ဂညာဏ်, ဖိုလ်ဉာဏ် ရမည့် အမြင်ဟော့....လို့ တကာ

ကြီးလို့ပဲ သေသေချာချာ မှတ်ဗျ....(မှန်ပါ့) အားတော့ မလျှော့ကြနဲ့....(မှန်ပါ့)။

ဘာကြောင့်တုံးလို့ မေးတဲ့ အခါကျတော့ ဥပရိပဏ္ဍာဿ ပါဠိတော် မဟာစတ္တာလီသုတ်မှာ လာပါတယ်၊ "ပုရေစာရိက သမ္မာဒိဋ္ဌိ" က....တဲ့၊ ပုရေက ရှေ့၊ စာရိကက ကျင့်တာ၊သမ္မာဒိဋ္ဌိက--အမှန်အကန်မြင်တာ၊ သဘောကျပလား....(ကျပါပြီ)။

အဲ....မင်္ဂ၏ ရှေ့ပြေး မြင်တဲ့ အမြင်ပါကွာတဲ့....ဒီအမြင်ကို သေးသေးသိမ်သိမ်လို့ မမှတ်ပါနဲ့၊ လောကုတ္တရာမင်္ဂ ကပ်နေပြီတဲ့....(မှန်ပါ့)။

ကဲ....တကာတကာမတို့ ဘယ်လောက် အားရှိစရာ ကောင်းသတုံး....(ကောင်းပါတယ်ဘုရား)။

ဒါဖြင့် ဒီ အမြင်ကလေးမှ မရလို့ရှိယင်ဖြင့် မသေနဲ့ဦး ဆို တာတောင် ပြောဘို့ ဝတ္တရားရှိတယ်....(မှန်ပါ့ဘုရား)။

ဒီအမြင် မရသေးယင်... (မသေနဲ့ဦး) မသေပါနဲ့ဦး ဆိုတာ တောင် ပြောဘို့ဝတ္တရား ရှိပါတယ်တဲ့၊ ဒီအမြင်ရလို့ သေယင် ဒုတိယဘဝ နတ်ပြည် ရောက်ပြီးသကာလ နတ်ပြည်ရောက်မှန်း မသိခင် မင်္ဂက အယင်ပေါ်မယ်....(မှန်ပါ့)ဒါလောက် ကျေးဇူး များမယ်....(မှန်ပါ့)။

ဟာ...ဒါဖြင့် နက်ဖြန် ဘုရားပွင့်မယ်ဆိုလို့ရှိယင်လဲ ဒီအမြင် ရှိပြီးသား ပုဂ္ဂိုလ်ဟာ ဥာဏ်ထဲ လာထင်တယ်....(မှန်ပါ့) သူ့ကို အယင်ချွတ်ရမယ်၊ နို့မဟုတ်ယင် ဥာဏ်ထဲကို မထင်လာဘူး... (မှန်ပါ့)။

ဥာဏ်ဆိုတာက ကိုဝ....မှတ်ထားနော်....အင်မတန် ကြီးကျယ်တဲ့ မှန်ကြီးကို ဒီကနေ ထောင်လိုက်လို့ ရှိယင်ဖြင့် အမြင့်ကနေ ထောင်လိုက်လို့ ရှိယင်ဖြင့်လေယာဉ်ပျံ ပေါ်ကပြဒါးသုတ်တဲ့ မှန်ကြီး ပြမယ်ဆို ဒီမြို့ဟာ တမြို့လုံး အိမ်တွေဟာ မပါတဲ့အိမ်ရှိဘို့ အတော်ခဲယဉ်းတယ်၊ သဘောကျပလား....(ကျပါပြီ ဘုရား)။

လေယာဉ်ပျံ ပေါ်က-နေသာ ရိုက်စမ်းပါ ဒီ မြို့မှာရှိတဲ့ လူတွေလဲ မပါတဲ့ လူဟာ အတော် ရှားမယ်....(ရှားပါတယ်) အိမ်တွေကော....(ပါပါတယ်ဘုရား)။

အဲ....ဘုရားဥာဏ်ထဲမှာ ကျတ်ထိုက်**တဲ့** ပုဂ္ဂိုလ်ဟာ ဒီ လေယာဉ်ပျံ မှန်ကြီးလို**ဘဲ** ချိန်ထားတယ်....(မှန်ပါ့)ကျတ်ထိုက်တဲ့ ပုဂ္ဂိုလ် ဒီထဲ အရိပ်လာ**ဝ**င်တယ်....(မှန်ပါ့)။

အဲဒီ သွားထင်တယ်....(မှန်ပါ့)သခ်ါရဒုက္ခ မြင်ပြီးတဲ့ ပုဂ္ဂိုလ် မှ ဒီထဲ သွားထင်တယ်၊ သူ့ ဥာဏ်မှန်တော်ကြီးထဲမှာ သွားထင်တယ်....(မှန်ပါ့)။

အဲဒီ ပုဂ္ဂိုလ်ဆီကိုဖြင့် တခါတည်း ဆွမ်းမစားရချင် နေပေ....သွားလိုက်တာဘဲ၊ ကိုယ်တော်ကြီး နေမကောင်းဘူးဆိုယင် နေမကောင်းပေမဲ့ ငါ နေမကောင်းတာ အရေးမကြီးဘူး၊ သူ ကျတ်တမ်း**ဝ**င်ဘို့ အရေးကြီးတယ်....(မှန်ပါ)။

သူ.... နေမကောင်းလို့ ပရိနိဗ္ဗာန်စံလဲ သူ့မှာ ဘယ်လမ်းမှ သွားစရာမှ မရှိတော့ဘဲ၊ နိဗ္ဗာန်စခမ်းသာ ရှိတော့တာကိုး.... (မှန်ပါ့) သူ့ကို ငါ့စရာ ရှိသေးရဲ့လား....(**မ**ရှိပါဘုရား)။

ဒါဖြင့် ဒီဉာဏ်အမြင်ရှိတဲ့ ပုဂ္ဂိုလ်ဟာဖြင့် သူ့ဉာဏ်ဝမှာ လာထင်လာတယ်ဆိုတာ မောင်နှိုင်... ကျေနပ်ပလား.... (ကျေနပ်ပါပြီဘုရား) စုဥပန်ထောက်....(မှန်ပါ့)။

စုဥပန်ထောက်တော့ သူ့အစ်ကိုလိုဖြင့် ဒီဂါထာ မရတာနဲ့ လူထွက်တော့ မင်း အလကားဘဲ၊ သာသနာဘောင်မှာ ကျေးဇူးမများဘူးဆိုပြီး နှင်လို့.... မျက်ရေတွေ့ ကျနေတယ်၊ ဟိုက ဒီအမြင်မှန်း မသိဘူး....(မှန်ပါ့)။

ဘုရားတော့ ဒီ သဗ္ဗညုတ ဉာဏ်တော်ကြီးက ဉာဏ်မှန်တော်ကြီးက ရှိနေတော့ ကိုဝ....စုဥပန် အရိပ်ကို လာထင်တယ်-(မှန်ပါ့)။

ဟ....ဒီကောင် ဒီလို ပေးလိုက်ယင် ခဏကလေးနဲ့ ရမယ်ဆို တာ ဒါကလေး ပုတ်ပြီး ဖြူတာ့ မဲတာနဲ့ဘဲ ခန္ဓာ ဉာဏ်လှည့်တော့ သြော်....ဒီခန္ဓာထဲလဲ ဒီလိုဟာချည့်ပါကလား.... သင်္ခါရ ဒုက္ခချည့်ပါလားဆိုပြီး သင်္ခါရဒုက္ခ ကြည့်ဖန်များတော့ ဆုံးသွားတယ်၊ဆုံးသွားတော့ နိဗ္ဗာန်ရောက်တယ်....(မှန်ပါ့)သဘောပါပလား....(ပါပါပြီဘုရား)။

ဒါဖြင့် မင်္ဂ၌ ရှေ့ပြေး သမ္မာဒိဋ္ဌိဆိုတာ သေချာကြပလား (သေချာပါပြီဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ့ကို သာမညဆိုလို့ရှိယင် အဘိုး မတန်တဲ့ တရားဆိုလို့ ရှိယင်လဲ အခု နာရီဝက်တိုင်တိုင် ကိုဝ....အပင်ပန်းခံမပြောပါဘူး....(မှန်ပါ့) ဒီဟာဘယ်လောက် အရေးကြီးတယ်ဆိုတာကိုသောင်တို့ ပေါ်ပလား (ပေါ်ပါပြီ) ကိုဖူးညိုကြီး ပေါ်ပလား....(ပေါ်ပါပြီ ဘုရား)။

ဒါဖြင့် ဘာလုပ်ကြမလဲ-သန်ါရဒုက္ခမြင်အောင် ကြည့်ရမယ်-(မှန်ပါ့)သဘောကျပလား....(ကျေပါပြီ)နို့....ခန္ဓာကိုယ် တကိုယ် လုံးမှာ ပေါ်လေသ၍, ရှိလေသ၍ဟာ ဘာတွေတုံး မေးကြယင်-(သန်ါရဒုက္ခတွေပါဘုရား)။

ဩော်.... ခင်ဗျားတို့က ဆရာကောင်း မရတော့ ကြောင်တောင်ကွယ် ဖြစ်နေလို့သာ သန်ါရဒုက္ခ မတွေ့တာ....(မှန်ပါ့) သဘောကျပလား....(ကျေပါပြီဘုရား)။

ဆရာကောင်း မတွေ့တော့ ကြောင်တောင်ကွယ် ဖြစ်နေတော့ မင်း ဖြေးဖြေးမှ နိဗ္ဗာန် ရမှာပေါ့ကွာဆိုပြီး သန်ါရဒုက္ခကို ထိုးမပြဘူး... (မှန်ပါ့) မင်းဟာ တစ်,တစ် လုပ်ရမှာဘဲဆိုတဲ့ ဆရာနဲ့ သွားတွေ့မယ်ဆိုကော့ ကိုဝ....သွားရောပေါ့....(မှန်ပါဘုရား)။

သန်ါရဒုက္ခဟာ ရှိတာလား.... မရှိတာလား....(ရှိတာပါဘုရား)။

နို့....သန်ါရဒုက္ခ မြင်လို့ရှိယင်လဲ ဘုရားရှိယင်လဲ ဘုရား ဉာဏ်တော်ထဲမှာ ဒီပုဂ္ဂိုလ် အယင်ချုတ်ရမယ်....(မှန်ပါ့) ဘုရား မရှိတဲ့ အခါကျလို့ရှိယင် သာသနာတွင်း ရှိနေယင် သန်ါရဒုက္ခကာ-နေပြီး ဆက်အားထုတ်တော့ သန်ါရဒုက္ခ မြင်ဟဲ့ မင်း ပြီးတော့ကို နိဗ္ဗာန်မြင်တဲ့ မင် လာတာဘဲ....(မှန်ပါ့) သန်ါရဒုက္ခ မြင်တဲ့ သမ္မာဒိဋ္ဌိ ပြီးတော့ ...(နိဗ္ဗာန်မြင်တဲ့သမ္မာဒိဋ္ဌိလာပါတယ်) သမ္မာဒိဋ္ဌိနဲ့ မင်ဟာ အတူတူဘဲ....။

ကဲ....ဦးဘရှင်း ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် တကာ တကာမတို့ ထမင်းမစားရချင် နေပါစေ၊ သိန်းတန်ကျောက်, သောင်းတန်ကျောက်မရချင် နေပါစေ၊ တကာ တကာမတို့ ဘာအရေးကြီးရမလဲ....(သခ်ၤါရဒုက္ခ မြင်ဘို့ အရေးကြီးပါတယ် ဘုရား)။

အဲ....သခ်ၤါရဒုက္ခ မြင်ဘို့ရာဖြင့် အင်မတန် အရေးကြီးတယ် ဆိုတာ မှတ်ပါ၊ သခ်ၤါရဒုက္ခ မမြင်တဲ့ ပုဂ္ဂိုလ်များ အတွက်မှာ ဘုန်းကြီး ပြောပါ့မယ်၊ခင်ဗျားတို့ ဆုတောင်းနေတာတွေ ကြားပါတယ် မေတ္တာယျ ဘုရားပွင့်တဲ့ အခါကျလို့ ရှိယင် လက်ဦးစွာ ဖူးတွေ့ရပါလို့၏ တချို့ပါတယ်.... (မှန်ပါ့) မပါဘူးလား--(ပါပါတယ်ဘုရား)။

သခ်ၤါရဒုက္ခ မမြင်ရဘဲနဲ့ တွေ့လို့ ရှိယင်လဲ တွေ့ရုံဘဲတဲ့ ကျတ် တမ်းမဝင်ဘူး....(မှန်ပါ့)။

သခ်ၤါရဒုက္ခ ကိုယ်က မမြင်ဘဲနဲ့ နေလို့ ရှိယင်....(ကျတ်တမ်း မဝင်နိုင်ပါဘုရား)။

ကျတ်တမ်း မဝင်နိုင်ဘူးဆိုတော့ မရှုံးဘူးလား.... (ရှုံးပါတယ်ဘုရား) မတွေ့ဘူးလားဆိုတော့ တွေ့ချင်လဲ တွေ့မယ်.... (မှန်ပါ့)တွေ့ပြီးသကာလ တခါ တွေ့ကျိုး နပ်, မနပ်ဝေဘန်ဉီး.... (မနပ်ပါဘုရား)မနပ်ဘူးဆိုတာ နောက်က တကာတကာမတွေ့ သေချာပလား... (သေချာပါပြီဘုရား)။

အဲဒီတော့ သြော်... ဘုန်းကြီးက ဒီနေ့ ဘာ အဓိက ထားပြီး သကာလ လိုရင်း ပြောနေပါလိမ့်မတုံး ဆိုတာကော တရုံးတပဲ့ လုံး ရိပ်မိပါပြီ...(ရိပ်မိပါပြီ)ဘာ မြင်စေချင်တာတုံး....(သခ်ၤါရဒုက္ခ မြင်စေချင်တာပါ) ရှင်းပြီနော်....(ရှင်းပါပြီ ဘုရား)။

သခ်ၤါရဒုက္ခ မြင်ဘို့ဘဲ အရေးကြီးတယ်၊ ဘယ့်နှယ်ကြောင့် ဆရာဘုန်းကြီး ဒါလောက်တောင် သယ်ယူပို့ဆောင်ပြီးသကာလ ဒီ တကာတကာမတွေ့ အရေးတကြီး ဒီ စကားလုံး သုံးပါလိမ့် မတုံးဆိုတော့ ဘုရားနဲ့ တွေ့လဲ သူမှ ကျတ်နိုင်တာ.... (မှန်ပါ့) အခု သာသနာတွင်းမှာလဲ သူမှ လောကုတ္တရာမဂ်ကို ရောက် အောင် ကျေးဇူးပြုနိုင်တယ်ဆိုတော့ သူ့အတွက်ဟာ ဘယ့် နှယ်ဆိုကြမလဲ....(အရေးကြီးပါတယ်ဘုရား)။

အကြီးတကာ့ အကြီးဆုံးမှာ ခင်ဗျားတို့ ဥပမာ လုပ်နေတဲ့ ကျောက်တွေ့, သံတွေ့ မရချင် ကိစ္စမရှိဘူး၊ ထမင်းတော့ မငတ် ပါဘူး ကိုဝရေ....(မှန်ပါ့)သခ်ၤါရဒုက္ခ မတွေ့လိုက်တာကဖြင့် ဒုက္ခ ပင်လယ်ဝေလိမ့်မယ်....(မှန်ပါ့) မဝေပေဘူးလား....(ဝေပါတယ် ဘုရား)။

သခ်ၤါရဒုက္ခမြင်တဲ့ ဥာဏ်သည် သံသရာ့ပဋိစ္စသမုပ္ပါဒ်-နောက် လာမည့် ပဋိစ္စသမုပ္ပါဒ်လဲ သူ ဖြတ်တယ်....(မှန်ပါ့)မဖြတ်ဘူး လား....(ဖြတ်ပါတယ်ဘုရား)။

အဲဒီတော့ သခ်ၤါရဒုက္ခသည်ကားလို့ဆိုယင် သခ်ၤါရဒုက္ခမြင် တဲ့ သမ္မာဒိဋ္ဌိသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ကိုဝ အရေးတကြီး ဘဲ အိမ်ရောက်ကျယင် လုပ်ဖြစ်အောင် လုပ်ပါ....(မှန်ပါ့)။

တချက်မြင်မြင်, နှစ်ချက်မြင်မြင်, များများမြင်မြင် မြင်လေ ကောင်းလေဘဲ....(မှန်ပါ့)များများမြင်ယင်တော့ဖြင့် တကယ့် လောကုတ္တရာမဂ် လာတော့မလို့သာ မှတ်ပေတော့....(မှန်ပါ့) မောင်နိုင်....ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် အားလုံး တကာတကာမတွေ့ ဒါ သခ်ါရဒုက္ခ မြင်တဲ့ သမ္မာဒိဋ္ဌိသည် မင်၏ ရှေ့ပြေး ဘမ္မာဒိဋ္ဌိ၊ လောကုတ္တရာမင်၏ ရှေ့ပြေး သမ္မာဒိဋ္ဌိ....(မှန်ပါ့) ရှင်းကြပြီနော်....(ရှင်းပါပြီ ဘုရား)။

ကောင်းပြီ ဒါဖြင့် တပည့်တော်တို့ကလဲ အားလဲ ထုတ်ပါပြီဘုရား....ဒီ သခ်ါရဒုက္ခတွေလဲ ဟိုနေရာမှာ ဖြစ်လိုက်ပျက်လိုက် ဒီနေရာမှာ ဖြစ်လိုက် ပျက်လိုက်၊ ဝေဒနာကလေးတွေ ရှုလဲ ဖြစ်ပျက် တွေ့ပါတယ်ဘုရား၊စိတ်တွေ့ ရှုလဲ ဖြစ်ပျက်ဘဲ တွေ့ပါတယ်၊ အဲဒါ သခ်ါရဒုက္ခတွေဖြင့် တပည့်တော်တို့ တွေ့လှပါပြီလို့ ဆိုလို့ရှိယင် ဒါဟာ သခ်ါရဒုက္ခ တွေ့လှပါပြီလို့ ကိုယ့်ဉာဏ်နဲ့ ကိုယ်ပြောလာကြလို့ရှိယင်ဖြင့်....တဲ့ တကာတကာမတို့ သခ်ါရဒုက္ခ ပြီးလို့ရှိယင် အသခ်ါတသုခ ကူးတော့မယ်....(မှန်ပါ့)။

မှတ်မိပလား....(မှတ်မိပါပြီ) သခ်ါရဒုက္ခပြီးယင်....(အသခ်ါတသုခ ကူးတော့ပါမယ်ဘုရား)။

ဩော်....ဒါဖြင့် သူ့ကို ဆုံးအောင်လိုက်၊ သခ်ါရဒုက္ခတွေ တွေ့တာကို လာသချ်ာသာ သခ်ါရဒုက္ခဘဲ,သခ်ါရဒုက္ခဘဲ·ဖြစ်ပျက်ဘဲ, ဖြစ်ပျက်ဘဲလို့ ဆိုချင်ဆို ဒီလို ရှုလို့ရှိယင်ဖြင့် မောင်နိုင်....သခ်ါရဒုက္ခ ဆုံးသွားလိမ့်မယ်....(မှန်ပါ့) မဆုံးပေဘူးလား....(ဆုံးပါတယ်ဘုရား)။

အဲ....သခ်ါရဒုက္ခ ဆုံးလို့ရှိယင်ဖြင့် ရှေ့မင် ရှေ့ပြေး သမ္မာဒိဋ္ဌိ ကိစ္စ ကိုဝတို့, ကိုပေါ်တို့ ကုန်ပေါ့... (ကုန်ပါတယ် ဘုရား) သူလဲ ကုန်ရောတဲ့ တကာတကာမတွေ့ မင် သမ္မာဒိဋ္ဌိ လာတာဘဲ....(မှန်ပါ့)။

သခ်ၤါရဒုက္ခလဲ ဆုံးပါရော မဂ်သမ္မာဒိဋ္ဌိ ဝင်လာတယ်၊ မဂ်သမ္မာဒိဋ္ဌိက ဘာနဲ့ သွားတွေ့သတုံးဆိုတော့ မောင်နိုင် အသစ်တသုခနဲ့ သွားတွေ့တယ်....(မှန်ပါ့) အသစ်တ ဆိုတာက နိဗ္ဗာန်၊ ဘယ်သူမှ မပြုပြင်ဘူး၊ သုခ ဆိုတာက ချမ်းသာတာ....(မှန်ပါ့ ဘုရား)။

ဒါဖြင့် သခ်ၤါရဒုက္ခ ဆုံးလို့ရှိယင် အသစ်တသုခနဲ့ တွေ့ပါလိမ့်မယ်....(မှန်ပါ့) မှတ်မိကြပလား....(မှတ်မိပါပြီဘုရား)။

သခ်ၤါရဒုက္ခဆုံးယင်....(အသစ်တသုခနဲ့ တွေ့မှာပါ ဘုရား)။

ကဲ....အားလုံး တကာတကာမဘဲ့, လူငယ်တွေရော, လူကြီးတွေရော ဩော်....နိဗ္ဗာန်ဟာ သခ်ၤါရဒုက္ခတွေယင် အနိုးကလေးပါကလား....(မှန်ပါ့) မဂ်ဉာဏ် ရဘို့ရာကော ...(နိုးပါတယ် ဘုရား)။

နိုးပါတယ်ဆိုတဲ့ ဥစ္စာ အခု မဟာစတ္တာလီသသုတ်က သေသေချာချာ ပြတယ်....(မှန်ပါ့)။

ဥပရိပဏ္ဏာသပါဠိတော် မဟာစတ္တာလီသသုတ်က သေသေချာချာ ပြသောကြောင့်တဲ့...တကာတကာမတို့ ဒီဥစ္စာ လေးလေးစားစားနဲ့ သခ်ၤါရဒုက္ခ ရှာဖြစ်အောင် ရှာမှသာလျှင် သခ်ၤါရဒုက္ခမြင်တဲ့ ဝိပဿနာ မဂ် လာပြီးမှသာလျှင် အသစ်တသုခမြင်တဲ့ လောကုတ္တရာမဂ် လာပါလိမ့်မယ်လို့ ကိုပေါ်တို့, ကိုဝတို့ မှာဟ်....(မှန်ပါ့)။

ဒါဖြင့် ရှေ့ သမ္မာဒိဋ္ဌိ ပြီးလို့ရှိယင်ဖြင့် သခ်ၤါရဒုက္ခ မြင်တဲ့ သမ္မာဒိဋ္ဌိ ပြီးလို့ရှိယင်ဖြင့် အသစ်တသုခဆိုတဲ့.... နိဗ္ဗာန်မြင်တဲ့

သမ္မာဒိဋ္ဌိဘဲ လာဘို့ရှိတယ်....(မှန်ပါ့) ဒီ့ထက် နီးတာတော့.... (မရှိပါဘုရား)။

ကဲ....ဒါဖြင့် နိဗ္ဗာန်ကို ခပ်နီးနီးနဲ့ တပည့်တော်တို့ဘုရား.... အပါယ်လေးပါး တံခါးပိတ်တဲ့ နိဗ္ဗာန် ဒုက္ခခပ်သိမ်း ကင်းငြိမ်း တဲ့ နိဗ္ဗာန် ကိလေသာ အပူခတ်, အလောင်ခတ်တို့ ငြိမ်းသတ် တဲ့ နိဗ္ဗာန်ကြီးကိုဖြင့် တပည့်တော်တို့ ဘာလုပ်လုပ် တောင်းပြီး သကာလ နေကြတဲ့ ပုဂ္ဂိုလ်ဖြစ်တာ တောင်းပင် တောင်းငြား သော်လဲ သစ်ါရဒုက္ခ မတွေ့သေးယင် ဓနိုးသေးလို့ မှတ်(မှန်ပါ့) ကိုဝ ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

သစ်ါရဒုက္ခ တွေ့မှသာလျှင် အသခ်ိတသုခ ကူးမှာကိုးဗျ.... (မှန်ပါ့) သူ့မှ မတွေ့သေးဘဲနဲ့ ကျုပ် ရောက်ချင်လှချေရဲ့လို့ ဆိုလို့တော့ဖြင့်....(မရပါဘုရား) မရနိုင်ဘူးဆိုတဲ့ ဥစ္စာကော ကိုထွန်းလှိုင်တို့ ကျေကျေနပ်နပ် မှတ်ပါ....(မှန်ပါ့)။

ကျေကျေနပ်နပ် မှတ်ကြစမ်းပါ တကာတကာမတို့ ယနေ့ နှစ်လုံးဘဲ ပြောမှာဘဲ....(မှန်ပါ့) သစ်ါရဒုက္ခ မြင်တာရယ်၊ အသခ်ိတသုခ မြင်တာရယ် ဒီ နှစ်ခုကိုဘဲ ပြတယ်....(မှန်ပါ့)။

ဒါဖြင့် သစ်ါ့ရဒုက္ခမြင်တာက ဝိပဿနာ၊အသခ်ိတသုခမြင် တာက မဂ်ဉာဏ်၊ ဝိပဿနာမဂ်ဉာဏ်နဲ့ လောကုတ္တရာ မဂ်ဉာဏ် အကူးအဆက်ပြတာဘဲ(မှန်ပါ့)ရှင်းကြပလား(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ သစ်ါရဒုက္ခတွေ များများတွေ့ လို့ရှိယင်ဖြင့် ခင်ဗျားတို့ လက်ခမောင်းသာ ခတ်ပါ့တော့.... (မှန်ပါ့ ဘုရား)။

သခ်ၤါရဒုက္ခ များများတ္ဝယင်....(လက်ခမောင်းခတ်ပါ) လက်ခမောင်း ခတ်တော့တဲ့ ငါ ဒီဘဝတော့ဖြင့် အပါယ် လေးပါး တံခါးပိတ်တဲ့ သောတာပန်တော့ဖြင့် တည်တော့ မှာဘဲ....(မှန်ပါ့)။

တကာကြီးလို့င်....သခ်ၤါရဒုက္ခ များများတ္ဝယင်....(သောတာပန် တည်တော့မှာပါဘုရား)။

မတည်မရှိပါဘူး....(မှန်ပါ့) ဘာ့ကြောင့်တုံးဆိုတော့ ပုရေစာရိုက ဝိပဿနာ သမ္မာဒိဋ္ဌိ, မဂ္ဂသမ္မာဒိဋ္ဌိတဲ့၊ သမ္မာဒိဋ္ဌိ နှစ်မျိုးပြတယ်....(မှန်ပါ့)။

ပုရေစာရိုက သမ္မာဒိဋ္ဌိဆိုတာ ရှေးဦးစွာ ကျင့်ရမည့် သမ္မာဒိဋ္ဌိ....(မှန်ပါ့) မဂ္ဂ သမ္မာဒိဋ္ဌိဆိုတာက ပုရေစာရိုက သမ္မာဒိဋ္ဌိ ရှေ့ပိုင်း ကျင့်ပြီးမှ ပေါ်လာမည့် သမ္မာဒိဋ္ဌိ၊ မောင်နှိုင်....ရှင်း ပလား....(ရှင်းပါပြီဘုရား)။

အင်း.... ရှေ့ပြေး သမ္မာဒိဋ္ဌိ .... တကာတကာမတို့....နော်.... (မှန်ပါ့) သူ ဆုံးတဲ့အခါကျလို့ ရှိယင်ဖြင့် သောတာပတ္တိမဂ် သမ္မာဒိဋ္ဌိ၊ သောတာပတ္တိမဂ်ဟာ သမ္မာဒိဋ္ဌိဘဲ မောင်နှိုင်ရ.... (မှန်ပါ့)မဂ်လို့ ခေါ်ချင်လဲ ခေါ်၊ သမ္မာဒိဋ္ဌိလို့ကော....(ခေါ် နှိုင်ပါတယ်ဘုရား)။

ခေါ်နှိုင်တာဘဲဆိုတော့ ကိုဝရေ....သခ်ၤါရဒုက္ခမြင်တဲ့ သမ္မာ ဒိဋ္ဌိပြီးယင် မဂ်သမ္မာဒိဋ္ဌိ လာတယ်လို့ ဆုံးဖြတ်ချက်ချ-(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ရှေ့ပြေး သမ္မာဒိဋ္ဌိ လာပြီးယင် သစ်္စာရဒုက္ခ မြင်တဲ့ သမ္မာဒိဋ္ဌိ လာပြီးယင်....(မဂ္ဂသမ္မာဒိဋ္ဌိ လာပါတယ်) မင်္ဂ သမ္မာဒိဋ္ဌိလာတာ ဘဲဆိုတာ မဟာစတ္တာလီသသုတ်မှာ သေသေချာချာ လာတယ် (မှန်ပါ့)။

အဲဒီတော့ ဒီ တရားတွေက ရှေးက ဟောလဲ မဟောကြ, ပြောလဲ မပြောကြလို့သာ နိဗ္ဗာန် အဝေးကြီးပါကွာ....တဲ့၊ဦးဘ ရှင်းတို့ ကြားမှာပေါ့....(ကြားပါတယ်ဘုရား)။

အခု သေသေချာချာ ဘုရား ဟောတော်မူတဲ့ ကျန်းဂန်နဲ့ ဘုရား ဟောတာကို ထောက်ပြီးသကာလ ရှင်းပေးနေတော့.... သြော်....သစ်္စာရဒုက္ခမြင်တဲ့ သမ္မာဒိဋ္ဌိ ဒို့ကို ဆရာဘုန်းကြီးကလဲ ပြောထားတယ်၊ ဒို့သန္တာန် ဖြစ်ပျက်ဟာ အဲဒါ သစ်္စာရဒုက္ခဘဲ၊ အဲဒါ မြင်အောင် ကြည့်လို့ရှိယင်ဖြင့် ရှေ့ပြေး သမ္မာဒိဋ္ဌိ သေ ချာပြီ....(မှန်ပါ့)နောက်က မင်္ဂသမ္မာဒိဋ္ဌိ လိုက်ရုံဘဲ ရှိတော့တယ် (မှန်ပါ့)။

လောကုတ္တရာမင်္ဂ သမ္မာဒိဋ္ဌိ....(လိုက်ရုံဘဲ ရှိပါတော့တယ် ဘုရား)။

လိုက်ရုံဘဲ ရှိတော့တယ်ဆိုတော့ မောင်နှိုင်တို့က သြော်.... အဝေးကြီးလို့ ဆိုမလားတဲ့... မသွားတတ်လို့ ဝေးနေတာလို့ ဆိုမလား....(မသွားတတ်လို့ ဝေးနေတာပါဘုရား)။

မသွားတတ်လို့ ဝေးနေတာလို့ ခင်ဗျားတို့ ခေါင်းဆောင်က ဝေးနေတော့ နောက်လိုက်က ပျင်းလာတာပေါ့....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အခုတော့ ခေါင်းဆောင်က နိုးပါတယ်လို့ဆိုတာ ဘုရား ဟောနဲ့ သေသေချာချာ ပြောတယ်၊ ပြီးတော့လဲ ကိုယ်တိုင်လဲ လုပ်ကြည့်ပါ အနိုးကလေးဆိုတာ ပြောပါလိမ့်မယ်... (မှန်ပါ့ ဘုရား)။

တကာကြီးလှိုင်....ကိုယ်တိုင် လုပ်ကြည့်ယင်.... (ပြောပါလိမ့် မယ်ဘုရား)အနိုးကလေးလို့....ကိုယ့်ဉာဏ်ကကို ပြောပါလိမ့်မယ်- (မှန်ပါ့)။

အဲဒါကြောင့် ဒို့က ဉာဏ်လေးတယ် ခက်တယ်....၊ အို.... ဉာဏ်လေးတာ ယားတာမှ မသိဘူးလား....လို့ မေးယင် ဘယ့် နှယ် ဖြေကြမလဲ....(သိပါတယ်ဘုရား) နာတာမှ မသိဘူးလား.... (သိပါတယ်ဘုရား) ဝမ်းသာတာမှ မသိဘူးလား....(သိပါတယ် ဘုရား)။

အဲဒီတော့ ဝမ်းသာတာကလေးဟာလဲ စဉ်းစားလိုက်တာ ပေါ့။ ဝမ်းသာတာကလေးဟာလဲ ဝမ်းသာပြီး ပျောက်သွားတာ ဘဲလို့ ဉာဏ်နဲ့ ဘုယ်အခြေအနေကျအောင် ခင်ဗျားတို့ နောက် ကနေ စောင့်ပြီး ကြည့်လိုက်လို့ ရှိယင် သူ့ အခြေအနေ စောင့် ကြည့်လိုက်လို့ ရှိယင် ဝမ်းသာတဲ့ သောမနဿဝေဒနာကလေး ဟာလဲ ကိုဝ-ဖြစ်ပြီး ပျောက်တာဘဲ....(မှန်ပါ့)။

ဝမ်းသာတာ ကိုယ်ဝမ်းသာတာမှ ခင်ဗျားတို့က ဆက်ပြီး သကာလ သမ္မာဒိဋ္ဌိ နောက်က မလိုက်တော့ မသိတာပေါ့.... (မှန်ပါ့) အခုတော့ ဝမ်းသာလဲ နောက်က သမ္မာဒိဋ္ဌိလိုက်ပါ.... (မှန်ပါ့)ဝမ်းနည်းလဲ....(သမ္မာဒိဋ္ဌိ လိုက်ပါဘုရား)။

အင်း .. ဝမ်းသာလဲ သမ္မာဒိဋ္ဌိလို့ကဆိုတာ သောမနဿဝေဒနာ ဖြစ်ပျက်မြင်အောင် ပြောတာ....(မှန်ပါ့)ဝမ်းနည်းလဲ သမ္မာဒိဋ္ဌိလို့ကဆိုတော့ ဒေါမနဿဝေဒနာ ဖြစ်လဲ....(လို့ကပေးရပါမယ်) လို့ကတော့ ဒေါမနဿဝေဒနာ တွေ့သလား....ဖြစ်ပျက်ဘဲ့ တွေ့မလား....(ဖြစ်ပျက်ဘဲ့ တွေ့ပါမယ်ဘုရား) ဒါဖြင့် သစ်္ခါရဒုက္ခ တွေ့တာဘဲ့....(မှန်ပါ့)။

တကာတကာမတို့ ဘာတွေ့မလဲ.... (သစ်္ခါရဒုက္ခတွေ့ပါမယ်) သစ်္ခါရ ဒုက္ခဘဲ့ တွေ့တယ်ဆိုတော့ ကျုပ်တို့ အတွက်မှာဖြင့် ဒါ့လောက်တော့ဖြင့် ဝမ်းသာတာနဲ့ ဝမ်းနည်းတာ ကိုဝ.... ခလေးတောင်သိပါတယ်....(မှန်ပါ့)။

ကျုပ် ဝမ်းသာလို့ကတာဗျာ.... ပြောတာ၊ ကျုပ်ဒီဟာကြားရတာဗျာ.... ဝမ်းနည်းလို့ကတာလို့တော့ ပြောတာ (မှန်ပါ့) ပြောသာပြောတာ သမ္မာဒိဋ္ဌိက နောက်က မလို့က်တတ်ဘူး.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

အခုတော့ လို့က်တတ်ကြပလား....(လို့က်တတ်ပါပြီ)ဝမ်းသာတာကလေးကိုလဲ ရှိသေးသလား မရှိသေးသလားဆိုပြီး ကြည့်လို့ကတာပေါ့.... (မှန်ပါ့) ကြည့်လို့ကတော့ ဘာတွေ့သလဲ.... (မရှိတာ တွေ့ပါတယ်ဘုရား)။

မရှိတော့ ဩော်....သစ်္ခါရဒုက္ခကလေးဟာလဲ ဒုက္ခရောက်သွားတာဘဲဆိုတာဟာ မောင်နိုင် သူများပြောလား ကိုယ့်ရှေ့မှောက်မှာလား.... (ကိုယ့်ရှေ့မှောက်မှာပါ)။

ကိုယ့်ရှေ့မှောက်မှာ ဖြစ်နေတော့ ကိုပေါ်တို့ ကိုဝတို့က ဝိပဿနာ တယ်ခက်သကိုးဘုရာ့ - လို့ဆိုမလား၊ ရှိတာမသိဘူး

လို့သာ ပြောကြပါတော့....(မှန်ပါ့)ခက်တာတော့ဖြင့် (မခက်ပါဘုရား) ခက်တာတော့ဖြင့် မခက်ပါဘူးဆိုတာ ဆုံးဖြတ်ချက်ချကြပါ....(မှန်ပါ့)။

ကိုင်း....ဒါဖြင့် ပုရေစာရိုက သမ္မာဒိဋ္ဌိ မဂ္ဂသမ္မာဒိဋ္ဌိ၊ပုရေစာရိုက သမ္မာဒိဋ္ဌိ တောဘူမကသခ်ၤါရေ အနိစ္စတော ပဿတိ ဝိမံသတိ တောဘူမက သခ်ၤါရတို့ကို ပရိဝိမံသတိ = သူသုံးသပ်ပါသတဲ့၊ သြော်ရှေ့ပြေးသမ္မာဒိဋ္ဌိက ဒီသခ်ၤါရဒုက္ခကို သူသုံးသပ်တာဘဲတဲ့ မောင်နိုင်....(မှန်ပါ့)။

သူဖြစ်ပျက်မြင်တာဘဲတဲ့၊ သုံးသပ်တာဆိုတာ စာလိုသုံးတာ တကာတကာမတွေ့ နားလည်မှုနဲ့ဆိုတော့ကိုယ် သန္ဓာန်ပေါ်တဲ့ သခ်ၤါရဒုက္ခကို ဖြစ်ပျက်မြင်တာဘဲ .. (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် သူမြင်ပြီးတော့ကိုတဲ့ ဘာမြင်မှာတုံးဆိုတော့ အို.... သူမြင်ပြီးယင် မင်္ဂသမ္မာဒိဋ္ဌိလိုက်ပါလိမ့်မယ်ကွ.... လောကုတ္တရာမင် သမ္မာဒိဋ္ဌိ ချက်ခြင်းလိုက်မယ်တဲ့....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ပါဠိက ဘယ်လိုဆိုသတုံးဆိုတော့ မဂ္ဂသမ္မာဒိဋ္ဌိ ပရိဝိမံသန ပရိယောသာနေ....တဲ့ အဲဒီသခ်ၤါရဒုက္ခကိုအားထုတ်နေတဲ့ ပုဂ္ဂိုလ်ဟာတဲ့ အဲဒီ့ သခ်ၤါရဒုက္ခမမြင်ဘဲ ဖြစ်သွားလိမ့်မယ်တဲ့၊ ရှင်းပလား....(ရှင်းပါပြီ)။

ဘယ်လို ဖြစ်သွားမယ်.... (သခ်ၤါရဒုက္ခ မမြင်ဘဲဖြစ်သွားလိမ့်မယ်)။

သခ်ၤါရဒုက္ခမမြင်ဘဲ ဖြစ်သွားလိမ့်မယ်။ အားထုတ်ရင်းမတွန့်မမြင်ဘဲ ဖြစ်သွားလိမ့်မယ်....(မှန်ပါ့) မမြင်တာက အဝိဇ္ဇာဝင်လို့လဲ မဟုတ်ဘူး၊ ရှုလျက်နဲ့ ပျောက်သွားတယ်.... (မှန်ပါ့) သဘောကျပလား... (ကျပါပြီ)။

ဘာပျောက်မလဲ.... (ရှုလျက်နဲ့ ပျောက်သွားပါလိမ့်မယ်)။

အဲ....ရှုလျက်နဲ့ ပျောက်သွားတော့ကိုတဲ့ သခ်ၤါရဒုက္ခ ဆုံးသွားတယ်....(မှန်ပါ့)။

မဂ္ဂသမ္မာဒိဋ္ဌိ ပန ပရိဝိမံသန ပရိယောသာနေ=သူသည်ကား လို့ဆိုယင် သုံးသပ်လိုက်တာတဲ့၊ သခ်ၤါရဒုက္ခ၊ ဟော....သခ်ၤါရဒုက္ခ၊ ဟော....သခ်ၤါရဒုက္ခ၊ ဟော.... သခ်ၤါရဒုက္ခနဲ့ သူဖြစ်ပျက်တွေ့ရှုနေတာပေါ့လေ....(မှန်ပါ့) ရှုရင်းမတွန့် မောင်နှိုင်ရေ.... ပရိယောသာနေ....တဲ့ ဆုံးသွားတယ်တဲ့... (မှန်ပါ့)။

ဆုံးသွားတော့ဘာဖြစ်သတုံးဆိုတော့ မဂ္ဂသမ္မာဒိဋ္ဌိ ဟောတိ၊ မဂ္ဂသမ္မာဒိဋ္ဌိဖြစ်တယ်တဲ့....(မှန်ပါ့)။

သူဆုံးသွားလို့ရှိယင်.... (မဂ္ဂသမ္မာဒိဋ္ဌိ ဖြစ်ပါတယ်ဘုရား) ကဲ....တခါတည်း သောတာပတ္တိမဂ်ပုဂ္ဂိုလ်သွားဖြစ်တယ်(မှန်ပါ့) ကြာသလား.... တကာတကာမတို့.... (မကြာပါဘုရား)။

မကြာဘူးဆိုတော့ သူက ရှေ့ပြေးပြီး နောက်လိုက် ကိုဝ.... မလိုက်ပါနဲ့ဆိုလို့ ရမလား(မရပါဘုရား)သူ့အစဉ်အတိုင်းကိုးနော်....(မှန်ပါ့)။

သူ့....အစဉ်အတိုင်းဆိုတော့ ခင်ဗျားတို့ ဘုန်းကြီးကိုးပြမယ်တဲ့၊ ခင်ဗျားတို့ ရှင်းလင်းအောင်နော်၊အနန္တရပစ္စယော-အခြား

မရှိမူ၍ ကျေးဇူး ပြုတတ်သောတရားလည်းကောင်း၊ မလာဘူးလား.... (လာပါတယ်)။

နောက်က တကာတကာမတွေ ဘာတဲ့တုံး(အနန္တရပစ္စယော အခြားမရှိမူ၍ ကျေးဇူးပြုတတ်သောတရားလည်းကောင်း)။

သြော်-အခြားမရှိဘူးတဲ့၊ ခုနင်ကသစ်ါရဒုက္ခမြင်တဲ့ သမ္မာဒိဋ္ဌိ ပြီးလို့ရှိယင်ကွာတဲ့ မင်္ဂသမ္မာဒိဋ္ဌိဟာတဲ့ ကြားထဲမှာ ဘယ်သူမှ မခိုတော့ပါဘူးတဲ့၊ မင်္ဂသမ္မာဒိဋ္ဌိ တခါတည်း ပေါ်ရမယ်တဲ့.... (မှန်ပါ့)။

သစ်ါရဒုက္ခမြင်တဲ့ သမ္မာဒိဋ္ဌိက အနန္တရပစ္စည်း အကြောင်းပါကွာတဲ့၊ မင်္ဂသမ္မာဒိဋ္ဌိက အကျိုးပါတဲ့၊ အခြားကိုမရှိပါဘူးတဲ့၊ မင်းတို့ ပွားသာပွားပါတဲ့....(မှန်ပါ့)။

ဒီလိုဆိုတော့ တကာ တကာမတွေ အားငယ်စရာပါသေးလား....(မပါပါဘုရား) မလုပ်ဖြစ်မှာဘဲ စိုးရိမ်ရတယ်၊အားငယ်စရာ ဘာမှမပါဘူး....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

အဲဒီတော့ ဒီနေ့ ဟောနေတဲ့တရားမှာ နှစ်လုံးတည်းနဲ့ဘဲ တနာရီစေ့မှာပါဘဲ၊ မင်္ဂ သမ္မာဒိဋ္ဌိ အခုရောက်လာပါပြီတဲ့၊ မင်္ဂ သမ္မာဒိဋ္ဌိက မောင်နှိုင် ဘယ်အချိန် ပေါ်ပါလိမ့်မတုံး၊ ဆိုးတဲ့အချိန်ပေါ်တယ်....(မှန်ပါ့)။

မင်္ဂ သမ္မာဒိဋ္ဌိ ဘယ်အချိန်ပေါ်သတုံး.... (သစ်ါရဒုက္ခဆိုးတဲ့အချိန် ပေါ်ပါတယ်ဘုရား) အဲဒါက စာလိုပြောတဲ့စကားနော် (မှန်ပါ့) တကာတကာမတွေ သိလုံးနဲ့ပြောဘို့ စကားကတော့ ခင်ဗျားတို့ဖြစ်ပျက် ဆုံးသွားတာ၊ ဖြစ်ပျက် ဆုံးလို့ရှိယင်ဖြင့်

မင်ဉာဏ်ပေါ်တာဘဲ မှတ်လိုက်ဆိုတာနဲ့ အတူတူဘဲ....(မှန်ပါ့) မင်ဉာဏ် ပေါ်တာဘဲဆိုတာနဲ့....(အတူတူပါဘုရား) အဲဒီတော့ ကိုယ်ကသခ်ါရဒုက္ခကလေးကိုလိုက်နေဘို့ရာဟာမောင်နိုင်-အရေးကြီးတယ်....(မှန်ပါ့)။

သခ်ါရဒုက္ခအဆုံးမှာ သခ်ါရဒုက္ခကိုမြင်တဲ့ သမ္မာဒိဋ္ဌိအဆုံးမှာ မောင်နိုင် မင်သမ္မာဒိဋ္ဌိ လာမလား.... (လာပါတယ်ဘုရား) လာရမယ်တဲ့၊ မလာမရှိနဲ့တဲ့ ဒီဥစ္စာ၊ ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဩော်....ဒါဖြင့် နီးသလား....ဝေးသလားဆိုတာဘဲ အကဲခတ်ပါတော့....(နီးပါတယ်ဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

ဒါဖြင့် ရှေ့ပြေးက သခ်ါရဒုက္ခမြင်တဲ့ သမ္မာဒိဋ္ဌိ.... (မှန်ပါ့) သူဆုံးသွားယင် အသခ်ၤတသုခကိုမြင်တဲ့ သမ္မာဒိဋ္ဌိလိုက်မယ်.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

အသခ်ၤတ သုခကိုမြင်တဲ့.... (သမ္မာဒိဋ္ဌိလိုက်ပါမယ်)သမ္မာဒိဋ္ဌိလိုက်မယ်ဆိုတော့ ဩော်.... နိဗ္ဗာန်ဟာ ရှေ့က မြင်ကောင်းတာကို မမြင်ယင်သာဝေးဘာ....(မှန်ပါ့) မြင်ကောင်းတာကို မှန်မှန်ကန်ကန် မြင်ရလို့ရှိယင်ဖြင့် ကိုဝ-နီးပြီ....(မှန်ပါ့)ကိုပေါ် ဘယ့်နှယ်ဆိုမလဲ....(နီးပါပြီဘုရား)။

ဒါဖြင့် ရှေ့ပိုင်းမှာ ဆရာမကူယင် မရဘူး....(မှန်ပါ့) နောက်ပိုင်းကျဘို့ မလိုဘူး.... (မှန်ပါ့) နောက်ပိုင်းတော့ သူ့သမ္မာဒိဋ္ဌိချင်းဆက်ပြီး ကျေးဇူးပြုသွားတယ်၊အနန္တရပစ္စယောကိုး(မှန်ပါ့) မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

အဲဒါကြောင့် အားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေရော နှလုံးသွင်းမည့် ပုဂ္ဂိုလ်တွေရော ဩော်.... ဒီ....သမ္မာဒိဋ္ဌိနှစ်ခုဟာဖြင့် ငါတို့သည် ကူးဖြစ်အောင်ကူးမှာဘဲ၊ တခုက တခု ကူးဖြစ်အောင် လုပ်မှာဲဆိုတဲ့ဥစ္စာကို ဆုံးဖြတ်ချက်ချ....(မှန်ပါ့)။

ဦးဘရှင်း ဒါမရယင် မသေနဲ့ဦးဗျာ.... (မှန်ပါ့) ကိုဝ.... တော်ပါ့မလား....(မတော်ပါဘုရား) မတော်သေးဘူးတဲ့၊ ဒါမရလို့ မင်္ဂ သမ္မာဒိဋ္ဌိကို မရဘူးဘုရား.... တပည့်တော် ရှေ့ပိုင်း သမ္မာဒိဋ္ဌိနဲ့ သေရတယ်ဆိုတော့ တဘဝ ပဋိသန္ဓေ နေဦးမယ်.... (မှန်ပါ့) မနေရပေဘူးလား....(နေရပါတယ်ဘုရား)။

တဘဝ ပဋိသန္ဓေနေရတော့နေရတဲ့ပဋိသန္ဓေက ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား)။

ဩော်....ဒုက္ခဆိုတာဟာ မတွေ့တာ အကောင်းဆုံးပါဘဲ.... (မှန်ပါ့) တခါတွေ့လဲ မကောင်းပါဘူး....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ) အဖန်ဖန်တွေ့မယ်ဆိုတော့ ဆိုဘွယ်ရာမရှိအောင်ဘဲ အရုပ်ဆိုးပါတယ်၊ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒီ....တကာတကာမတွေ့ ဒီလို မတွေ့ချင်ဘူးဆိုတော့ သင်္ခါရဒုက္ခမြင်တဲ့ သမ္မာဒိဋ္ဌိဆုံးအောင် လိုက်လိုက်ပါလို့ ဆိုတာကိုပေါ်တို့ ကိုဝတို့ ဘုန်းကြီးက မေတ္တာရှေ့ထားပြီးတော့ လုပ်ဖြစ်အောင်လုပ်ပါလို့ ပြောလိုက်တယ်(မှန်ပါ့) မပြောထိုက်ဘူးလား....(ပြောထိုက်ပါတယ်ဘုရား) ရှင်းပြီနော်.... တကာတကာမတို့....(ရှင်းပါပြီ)။

အဲဒီတော့ ကဲ....ပုရေစာရိက သမ္မာဒိဋ္ဌိကတော့ ဖြစ်ပျက်မြင်တာပါဘဲ၊ အဲဒီဖြစ်ပျက်ဆုံးအောင်လိုက်နေ မင့်သမ္မာဒိဋ္ဌိနဲ့ နော် (မှန်ပါ့) ဆုံးအောင်လိုက်တဲ့အခါကျတော့ မောင်နှိုင် ဆုံးလဲဆုံးရော သခ်ါရဒုက္ခတွေလဲမမြင်ဖူးတော့ဘူးဆိုလို့ ရှိယင်ဖြင့် အသခ််တာသုခကို မြင်တဲ့ မဂ် သမ္မာဒိဋ္ဌိပေါ်တာဘဲ....(မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ)။

ပေါ်တဲ့အချိန်မှာ ဘယ်လိုမျိုး တပည့်တော်တို့ ထူးထူးခြားခြား ခန္ဓာကိုယ်ထဲမှာ ဖြစ်တတ်ပါသတုံးဆိုတော့ သူကဘဲပြောတယ်၊ သူကဘဲပြောတယ်တဲ့၊ ဘယ်လိုပြောသတုံးဆိုလို့ ရှိယင်ဖြင့် မဂ္ဂသမ္မာဒိဋ္ဌိ ပန ပရိ ဝိမံသန ပရိယောဿာနေ၊ သခ်ါရဒုက္ခဆုံးတဲ့အခါကာလဋ္ဌ၊ တေဘူမက ဝဋ္ဌံ၊ တေဘူမကဝဋ်ဆိုတဲ့ မင်းတို့ဒုခ ဖြစ်ပျက်တွေဟာ ဝိပါကဝဋ်တွေပါဘဲ၊ နောက်က ပဋိသန္ဓေ ဆုတောင်းထားလို့ အကျိုးပေးနေတာ....(မှန်ပါ့)။

ဖြစ်ပျက် ဖြစ်ပျက် ခန္ဓာကိုယ်ကြီးမှာ အနိစ္စ ခန္ဓာကိုယ်ကြီး ရထားတာက ဝဋ်ခန္ဓာကြီး ရထားတာ(မှန်ပါ့)သဘောကျပလား (ကျပါပြီဘုရား)။

အဲဒီဝဋ်တွေဟာတဲ့ ဖြစ်ပျက်တွေ့ မမြင်တော့ဘူးဆိုတဲ့ ဥစ္စာ ဝဋ်တွေကျတ်သွားတာ၊ သဘောပါလား.... (ပါပါတယ်)ဝိပါက ဝဋ်တွေ့ ကျတ်သွားတာ....(မှန်ပါ့)။

တကာတကာမတွေ့ ဘာတဲ့တုံး....(ဝိပါကဝဋ်တွေ့ကျတ်သွားတာပါဘုရား)။

ဝိပါကဝဋ်တွေ့ ကျတ်သွားတာပါကဲ့တဲ့ ဒီဥစ္စာ၊ ကြည့်လေကျုပ်တို့ နောက်ဘဝက ကိလေသာဝဋ်ကြောင့် ကမ္မဝဋ်ကြောင့်

ဒီဘဝ ရုပ်နာမ်ပေါ်လာတော့ ဝိပါကဝဋ်ကြီးပေါ်နေတယ်.... (မှန်ပါ့) ရုပ်နာမ်ကြည့်လိုက်တော့လဲ ဖြစ်ပျက်တွေ့မဟုတ်လား (မှန်ပါ့)။

ဒါဖြင့် သူ့ကို ဘာဝဋ်လို့ ဆိုကြမလဲ (ဝိပါကဝဋ်ပါဘုရား) အဲဒီ သူ့ကိုဘဲ မမြင်တော့ပဲ ပါဘူးဆိုတော့ ကိုယ့်ဝဋ် ကျွတ်သွားတာဗျ....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီ)။

သူ့ကို မမြင်တော့ဘူးဆိုတော့....(ကိုယ်ဝဋ်ကျွတ်သွားတာပါဘုရား) အဲ....ဝဋ်ကျွတ်သွားတယ်ဆိုတဲ့ အဓိပ္ပါယ်ကော တကယ် တကာမတွေ့ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဝိပါကဝဋ် ကျွတ်သွားတာ.... (မှန်ပါ့) ပဌမ ဝိပါကဝဋ်နဲ့ သမ္မာဒိဋ္ဌိနဲ့ တွေ့နေတာ.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) ကိုယ့်ဝဋ် ကိုယ်သိပြီ၊ သဘောပါကြပလား.... (ပါပါကဲ့ ဘုရား)။

အင်း....မတွေ့တော့ဘူးဆိုတော့ ကိုပေါ်တို့ ကိုဝတို့လဲဘဲလို့ ဆုံးဖြတ်ချက်ချမလဲ.... (ဝိပါကဝဋ် ကျွတ်သွားတာပါဘုရား)။

ဝိပါကဝဋ် ကျွတ်သွားတာဆိုတော့ ဝိပါကဝဋ်ကျွတ်သွားတဲ့ အကြောင်းကို ကိုယ့်ခန္ဓာကိုယ်ကြီး ဖြစ်ပျက် ဒုက္ခသစ္စာတည်း ဟူသော ဒုက္ခဝဋ်ကြီးမှ ကျွတ်သွားတယ်.... ကျွတ်သွားတဲ့အကြောင်းကို တော့ အသစ်တဘက်ကို ကူးသွားပါတယ်ဗျာ၊ နိဗ္ဗာန်ဘက်ကို (မှန်ပါ့) ကူးသွားတော့ နိဗ္ဗာန် မြင်ရော ဆိုကြပါစို့၊ လောကုတ္တရာမဂ် ပေါ်လာတာကိုးဗျ....(မှန်ပါ့)။

မင် သမ္မာဒိဋ္ဌိ ပေါ်လာပြီ မောင်နိုင်ရ.... (မှန်ပါ့) မပေါ်သေးဘူးလား....(ပေါ်ပါတယ်ဘုရား)။

အဲဒါ နိဗ္ဗာန်မြင်ရပြီတဲ့၊ သြော်....ဒုက္ခချုပ်တာ နိဗ္ဗာန်ဆိုတဲ့ဥစ္စာ ဟုတ်ပြီဆိုပြီး တခါတည်း တောဘူမက ဝင့် ဝူပဿမယ မာနာ ဒီဝင်္ဂတွေကို ငြိမ်းစေတယ်ကွ....တဲ့ မင် သမ္မာဒိဋ္ဌိဝင်္ဂလာတာ ဒီဝင်္ဂတွေ တခါတည်း ငြိမ်းသွားတယ်ကွ....တဲ့ ဒီဝင်္ဂတွေ မမြင်ရတော့ဘူး မောင်နိုင်....(မှန်ပါ့)။

ဒီ... ဖြစ်ပျက် ဒုက္ခသစ္စာကြီးကို ဘာတဲ့....(မမြင်ရပါဘုရား) သခ်ါရဒုက္ခသစ္စာကြီးကော.... (မမြင်ရပါဘုရား)။

သခ်ါရဒုက္ခနဲ့ ဖြစ်ပျက်ဒုက္ခသစ္စာဆိုတာ အတူတူဘဲ(မှန်ပါ့) အဲဒါ မမြင်ရတော့ဘူးကွ .. တဲ့၊ မမြင်ရတော့ ခန္ဓာကိုယ်ထဲမျှားဘယ်လိုမျှား ဖြစ်တတ်ပါလိမ့်မတုံး....ဆိုတော့ သိတုဒကဃဋ္ဌ သဟဿံ အာသိဥ္ဇမာနာဝိယဟောတိ။ သိတုဒကဃဋ္ဌသဟဿံ = ရေအိုးတထောင်နဲ့ လောင်းဘိသက်သို့၊ သဘောကျပလား.... (ကျပါပြီ)။

ခန္ဓာကိုယ်ထဲမှာ ရေအိုးတထောင်နဲ့ လောင်းလိုက်တဲ့အခါမှာ ဥပမာပေါ့လေ....(မှန်ပါ့) အင်မတန် ပူနေတုန်း လာတဲ့အခါ စိမ့်တဲ့ရေအိုးနဲ့ လောင်းလိုက်တဲ့အခါ ရေတွေနဲ့ လောင်းလိုက်တဲ့အခါ အေးသွားသလိုပေါ့လေ၊ ခန္ဓာကိုယ်ထဲမှာ အေးတာဘဲ ကျန်ရစ်တော့တယ်....(မှန်ပါ့) ငြိမ်းအေးတာဘဲ ကျန်တော့တယ် စာကလာတာ...(မှန်ပါ့)။

မင် သမ္မာဒိဋ္ဌိ ပေါ်လာယင် ဘာတဲ့တုံး....(ငြိမ်းအေးတာဘဲ ကျန်ပါတယ်ဘုရား)။

ငြိမ်းအေးတာဘဲ ကျန်တယ် ဆိုတာကို အဋ္ဌကထာဆရာက ဥပမာပြစရာ မရှိတာနဲ့ အလွန်ပုံတဲ့ နေပူထဲက လာပြီးသကာလ ညသိပ်ရေဆိုတဲ့ ကျုပ်တို့ စိမ့်အိုးပေါ့ဗျာ.... (မှန်ပါ့) ရေစိမ့်နေတာ အောက်ဆီမှာတော့ စိမ့်တဲ့အိုးဟာ....အေးတာကိုးကိုဝရ.... (မှန်ပါ့)။

အဲဒီ အိုးတထောင်နဲ့ လောင်းလိုက်တဲ့အခါကျလို့ ရှိယင် သူ့မှာ အကျေနပ်ကြီး ကျေနပ်သွားတဲ့ သဘောမျိုး မရှိဘူးလား....(ရှိပါတယ်ဘုရား)။

ဒီမှာလဲတဲ့ မင် သမ္မာဒိဋ္ဌိ ကူးသွားတဲ့အခါ ကျလို့ရှိယင် ဒီအတိုင်းဘဲ စိတ်ထဲမှာ ဝန်ကျသလို ဖြစ်သွားတယ်၊ အေးတာကတော့ မဟုတ်ဘူး....(မှန်ပါ့) ရေအေးသလို အေးတာမဟုတ် သူး၊ ဥပမာ ပြလိုက်တာ...(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

တခါတည်း ခန္ဓာကိုယ်ကြီးထဲမှာ ပေါ့ပေါ့ပါးပါးနဲ့ဝန်ဆုပ်ကြီးများ ကျသွားသလို ချမ်းသာပေပေါ့... အေးပေပေါ့ဆိုတဲ့ ဥစ္စာ သူများမပြောဘဲကို မနေနိုင်လောက်အောင် ကိုယ့်ဝမ်းထဲမှာ ဝမ်းမြောက်တယ်...(မှန်ပါ့) သဘောကျပလား....(ကျပါပြီ) အဲဒါကျတော့လို့ရှိယင် မှတ်ပေတော့တဲ့ မင် သမ္မာဒိဋ္ဌိပေါ်တာဘဲ....(မှန်ပါ့)။

တကာ တကာမတွေ ဘယ်လိုမှတ်ကြမယ်.... (မင် သမ္မာဒိဋ္ဌိပေါ်တာပါဘုရား) မင် သမ္မာဒိဋ္ဌိပေါ်တာ သေချာပလား... (သေချာပါပြီ)။

သြော်....ဒါဖြင့် မင် သမ္မာဒိဋ္ဌိ ပေါ်လာတာသည်ကားလို့ ဆိုလို့ရှိယင်ဖြင့်တဲ့ ဖြစ်ပျက်လဲ မမြင်ဘဲနဲ့ ခန္ဓာထဲမှာ တခါတည်း ချမ်းသာသွားတာဘဲ ရှိတာဘဲ....(မှန်ပါ့)။

ဖြစ်ပျက် မမြင်ဘဲနဲ့ဘာတုံး....(ခန္ဓာထဲမှာ ချမ်းသာသွားပါတယ်ဘုရား)။

ချမ်းသာသွားတာကို ရေအိုးပေါင်း တထောင်နဲ့လောင်းပြီး သကာလ အပူထဲကလာတဲ့လူ ရေအိုးတထောင် လောင်းလို့ အေးဘိသကဲ့သို့....ဆိုတာက သူ...ဥပမာပြတာ....(မှန်ပါ့)။

နိဗ္ဗာန်ဆိုတာ နိဗ္ဗာန်မြင်တဲ့ဉာဏ် ချမ်းသာပုံက ဦးဘရှင်းရ ပြောစရာ အတုမရှိဘူး... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ပြောစရာ.... (အတုမရှိပါဘုရား) ပြောစရာ အတုမရှိပါဘူးတဲ့၊ အင်မတန် ချမ်းသာတာကို မိမိသမ္မာဒိဋ္ဌိက မြင်လိုက်တဲ့ အတွက် ဝဋ်ကျွတ်ပေါ့ဟ.... အေးဆေးပေါ့ဟ.၊တသံသရာလုံး ကိုလေသာကလဲ ဒိဋ္ဌိ ကိလေသာ ဝိစိကိစ္ဆာကိလေသာ ဒိဋ္ဌိကိလေသာတွေကလဲ နဂိုက ပူလောင်နေတာကိုး....(မှန်ပါ့)။

ငါသား.... ငါသမီး.... ငါ့မြေး.... ငါ့မြစ်နဲ့ဒီလိုဟာတွေကလဲ ရှုပ်နေတယ်.... (မှန်ပါ့) နက်ဖြန်စားဘို့ ဘယ်နှယ်လုပ်မတုံး၊ သဘက်ခါဘယ်နှယ်တုံး၊ ရှေ့နှစ် ဘယ်နှယ်လုပ်မတုံး၊ အိုတော့ ဘယ်နှယ်လုပ်မတုံး... ဆိုတဲ့ ဝိစိကိစ္ဆာ၊ ဘယ်နှယ်လုပ်မတုံး.... ဝိစိကိစ္ဆာတွေကလဲ ရှုပ်နေတာ....(မှန်ပါ့) မရှုပ်ဘူးလား.... (ရှုပ်ပါတယ်ဘုရား)။

အဲဒီကဲ့သို့ ရှုပ်ပြီးသကာလနေတဲ့ ဒီဋ္ဌိဝိစိကိစ္ဆာတွေ ငါ့သား ငါ့သမီးလဲပြုတ် ငါ့ကိုယ်လဲပြုတဲ့၊ နက်ဖြန်သဘက် ဘယ်လိုဖြစ်မှန်းမသိဘူး၊ အဲဒီတော့ ခက်သေးတယ်ဆိုတဲ့ ဝိစိကိစ္ဆာတွေကလဲ ငါသေလဲ ဘာဖြစ်မှန်းမသိဘူးဆိုတဲ့ ဝိစိကိစ္ဆာတွေ ဒါတွေဟာ တခါတည်း ဒီအပူတွေက အကုန်ငြိမ်းသွားတယ်.... (မှန်ပါ့)။

ဒီဋ္ဌိနဲ့ ဝိစိကိစ္ဆာ အပူဓာတ်တွေက မောင်နှိုင် ဘယ်နှယ်နေသလဲ.... (ငြိမ်းသွားပါတယ်ဘုရား)။

အဲဒါ သူတို့ ငြိမ်းလို့ အေးတဲ့သဘောပြောတာ.... (မှန်ပါ့) စင်စစ်တကယ် ရေအေးသလို အေးသွားတဲ့ သဘောကိုပြောတာ မဟုတ်ဘူး... (မှန်ပါ့) ဒီနှစ်ခု မရှိတဲ့အဘုက် စိတ်ထဲမှာ စိတ်ချလက်ချ ဖြစ်သွားတာကိုဆိုတယ်(မှန်ပါ့) သဘောပါကြပလား (ပါပါပြီ)။

ဘယ်လိုဖြစ်သွားတာပါလိမ့်.... (စိခ်ချလက်ချ ဖြစ်သွားတာပါဘုရား)စိတ်ချလက်ချ၊ ဖြစ်သွားတာက ငါ.. အပါယ်မကျတော့ဘူးဆိုတာ သူ့ဟာသူသိတယ်....(မှန်ပါ့)စိတ်ချလက်ချ ဖြစ်သွားတယ်....(မှန်ပါ့)။

ငါတော့ဖြင့် အခု ဆရာသမားတွေကလဲ ဟောထားတယ်၊ ငါ့အမြင်ကလဲ ဒီအတိုင်းဘဲ၊ ငါတော့ဖြင့် စတူဟာ၀ါယေဟ်စ ဝိပဿနာတော့.... ဘဲ၊ အပါယ်လေးဘုံမှ လွတ်ပေပြီ၊ ဘာ့ကြောတုံး.... ငါသည် အမြင်မှန်ကို မြင်ရပြီ၊ အသစ်တသုခ မြင်ရပြီဟုတ်လား... (မှန်ပါ့) အပါယ်လေးပါးဖြင့် ကိုယ့်အတွက်ဖြင့် စိတ်အေးပေါ့ဆိုတဲ့ ဘဝင်အေးသွားတာကိုဆိုတာပါ (မှန်ပါ့)

စင်စစ်ရေလောင်းသလို အေးတာတော့ မဟုတ်ပါဘူး (မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီ)။

အဲဒီတော့ တကာတကာမတွေ့ ဒီဥစ္စာလုပ်ထိုက် မလုပ်ထိုက် စဉ်းစားကြ....(လုပ်ထိုက်ပါတယ်ဘုရား)။

လုပ်ထိုက်တော့ကိုတဲ့မင်် သမ္မာဒိဋ္ဌိက ဆုတောင်းနဲ့ ပေါ်တာလား.... ခုနင်က ရှေ့ပြေးသမ္မာဒိဋ္ဌိက ကျေးဇူးပြုမှု ပေါ်တာလား....(ခရှေ့ပြေးသမ္မာ ဒိဋ္ဌိကကျေးဇူးပြုမှုပေါ်တာပါဘုရား) ဒါဖြင့် ကိုဝတို့က အချောင်လိုချင်လို့ မရဘူး.... (မှန်ပါ့) သခ်ါရဒုက္ခ စွဲတွေအောင်ရှာနိုင်တဲ့ ဉာဏ်ရမှာဘဲ၊ အသခ်ါတသုခရမှာဘဲ....(မှန်ပါ့) နို့မဟုတ်လို့ ရှိယင်ဖြင့်....(မရပါဘုရား)။

ပန်းတွေ့ တဆုပ်ကြီးနဲ့ ဆုတောင်းလို့လဲ.... (မရပါဘုရား) မရနိုင်ဘူး.... မရနိုင်ဘူး၊ ဒါလုပ်ယူယင်တော့ရမှာဘဲ (မှန်ပါ့)။

မောင်နိုင် ပေါ်ပလား.... (ပေါ်ပါပြီ) ရေတွေ့ အမျိုးမျိုး လဲနေလို့လဲ.... (မရပါဘုရား) မရနိုင်သေးဘူး၊ နိဗ္ဗာန် ရ-ရပါလို့၏ ဆိုပေမဲ့လဲ သူ့တော့ လုပ်ရဦးတော့မှာဘဲ.... (မှန်ပါ့) သဘောကျပလား=(ကျပါပြီ)။

ဒါဖြင့် သူ့တော့ဖြင့် မလုပ်လို့ရှိယင် မဖြစ်တဲ့ အထဲ အပါအဝင်ကတော့ဖြင့် တကာတကာမတွေ့က အကုန်ဆုံးဖြတ်ချက်ချ....(မှန်ပါ့) မချလို့ရှိယင် တော်ပါ့မလား.... (မတော်ပါဘုရား)။

ကိုင်း....ဒါဖြင့် ရှေ့ပြေး သမ္မာဒိဋ္ဌိ၊ နောက်လိုက် သမ္မာဒိဋ္ဌိ ကဲ့ကြပလား....(ကဲ့ပါပြီဘုရား)။

ရှေ့ပြေး သမ္မာဒိဋ္ဌိက ဘာကို မြင်သတုံး....(သန်ါရဒုက္ခကို မြင်ပါတယ်) အဲ... ဖြစ်ပျက်ဆိုတဲ့ သန်ါရဒုက္ခကို မြင်တယ်.... (မှန်ပါ့) နောက် ဖြစ်ပျက် မမြင်တဲ့ သမ္မာဒိဋ္ဌိကတော့ ဘာ မြင်သဘုံး....(မင်္ဂစခန်းမြင်ပါ့ဘယ်)အဲ .. နိဗ္ဗာန် မြင်တယ်ဆိုလိုက် ပါတော့....(မှန်ပါ့) ဉာဏ်ကတော့ မင်္ဂဉာဏ်ပေါ့လေ....(မှန်ပါ့) မြင်တော့ ဘာမြင်သတုံး....(နိဗ္ဗာန်မြင်ပါတယ် ဘုရား)။

အဲ....တခု,တခုတော့ မြင်ကြတာပေါ့ဗျာ....(မှန်ပါ့)ရှေ့ပြေး သမ္မာဒိဋ္ဌိကတော့ ဖြစ်ပျက် မြင်တယ်၊ နောက်လာမည့် သမ္မာဒိဋ္ဌိ က....(နိဗ္ဗာန်မြင်ပါတယ်ဘုရား)။

နိဗ္ဗာန်မြင်တယ်ဆိုတော့ ကိုယ်မြင်တာကို ကိုယ်အကဲခတ်ချင် တော့ ဘဝင်အေးတာကို ဖြစ်ပျက်လဲ မမြင်ဘူး၊ ဘဝင်ထဲမှာလဲ စိတ်ထဲမှာ ဝန်ကျသွားတဲ့ အမြင် ရောက်လို့ရှိယင်ဖြင့် ဒါသည် တကာတကာမတို့ သောတာပန် တည်တာဘဲလို့ ဆုံးဖြတ်ချက် ချ....(မှန်ပါ့)။

သောတာပန်တည်ဘို့ရာ ဝေးသေးလား....(မဝေးပါဘုရား)။

ဒါ့ကြောင့် အခုတရား တနာရီစာ ရှိသွားတယ် ကိုဝ နှစ်လုံး တည်းပြောတာ....(မှန်ပါ့) နားမလည်စရာကော ရှိသေးသလား- (မရှိပါဘုရား)။

နားမလည်စရာလဲ မရှိဘူး၊ သြော်....ကိုယ့်ဟာကိုယ်လဲ ရှေ့ ပြေး များများတွေ့အောင် လုပ်ဘို့... (မှန်ပါ့) ရှေ့ပြေးအဆုံးမှာ လဲ နောက်လိုက်လောက်တွေ့ရာ မင်္ဂက လိုက်ဘို့ရာဟာလဲ အဆင် သင့်ဘဲ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ပါရမီတွေ, ဘာဘွေ ရှောက်ပြီး တွေးမနေပါနဲ့ ဟုတ်လား-(မှန်ပါဘုရား) အခါကာလတွေ တွေးမနေပါနဲ့၊ ရှေးပြေး တွေ့ယင် ဒီဥစ္စာသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် နောက်လိုက် မဂ်ဟာအနုန္တရပစ္စည်းလို့ ဟောထားသဖြင့် မောင်နိုင်က ဘာမှ ဆင်ခြေလဲစရာ မလိုဘူး....(မလိုပါဘုရား)။

အနုန္တရပစ္စယော=အခြားမရှိမူ၍ ကျေးဇူးပြုတယ်....(မှန်ပါဘုရား)။

ရှေ့ပြေးသမ္မာဒိဋ္ဌိက နောက်သမ္မာဒိဋ္ဌိကို-(အခြားမရှိ ကျေးဇူးပြုပါတယ်ဘုရား)။

ဒါ ဘုရားဟောချည့်ဘဲ ကိုဝဏ်....၊ ခင်ဗျားတို့လဲ ညရွတ်ချင်လဲ ရွတ်နေတဲ့ လူတွေပါ....(မှန်ပါဘုရား) ကိုပေါ်တို့ကော....(ရွတ်ပါတယ်ဘုရား)။

ရွတ်ပေမဲ့ ခင်ဗျား ငရွတ်ရှိတာကိုး....(မှန်ပါ)ခင်ဗျားဥစ္စာက ရှေ့ပြေးသမ္မာဒိဋ္ဌိတော့ မလုပ်ဘဲနဲ့ သူ့ဟာသူ အင်း...အနုန္တရပစ္စယော အခြားမရှိဘူးတဲ့ဟော့...၊ ဘယ်သူနဲ့ ဘယ်သူတုံး....၊ မပြောတတ်ပါဘူး၊ သဘောကျပလား....(ကျပါပြီဘုရား)။

အဲ....ကိုယ်ထုပ်နေတဲ့ အခါကျတော့ ငါ ဖြစ်ပျက်ကို မြင်ပြီဆို....ဟာ... ရှေ့ပြေး သမ္မာဒိဋ္ဌိ ရပြီ၊အနုန္တရပစ္စည်း ရပြီ(မှန်ပါ) ဒီ ပစ္စည်းသည်ကားလို့ဆိုယင် များများရလို့ရှိယင်ဖြင့် "အနုန္တရပစ္စယုပ္ပန်" ဆိုတဲ့ မဂ်သမ္မာဒိဋ္ဌိ မောင်နိုင် လာမှာလား....(လာမှာပါဘုရား)။

ဒါဖြင့် အာနန္တရပစ္စည်းဟာ အခြားမရှိဘူးဆိုသဖြင့် သူ့ကို မျှားမျှား ရှေ့ပိုင်းမှာ လုပ်လိုက်လို့ရှိယင် နောက်မဂ်ဉာဏ်ဟာ လာရမှာဘဲ.. (မှန်ပါ့)။

ဘာ့ကြောင့်တုံး.... ရှေ့ သမ္မာဒိဋ္ဌိပြီးယင်....(နောက် သမ္မာဒိဋ္ဌိ လာရပါမယ်)နောက် သမ္မာဒိဋ္ဌိလိုက်မယ်ဆိုတာ မသေချာသေးဘူးလား....(သေချာပါတယ်ဘုရား)။

အဲဒီတော့ ဆုတောင်း အလုပ်လားတဲ့ အစဉ်အတိုင်း လုပ်ရမည့် အလုပ်လား (အစဉ်အတိုင်းလုပ်ရမည့် အလုပ်ပါဘုရား)။

ဆုတောင်းမပါဘူး ဒီအထဲမှာ....(မှန်ပါ့) အစဉ်အတိုင်းသာ လုပ်လို့ဆိုတာ သတိုးပေးလိုက်တယ်....(မှန်ပါ့)။

အဲဒီတော့ ဝေဒနာကြိုက်လို့ရှိယင် ဝေဒနာကို သန်ဒါရဒုက္ခ မြင်အောင်ကြည့်ကြ....(မှန်ပါ့) စိတ်ကြိုက်လို့ရှိယင် စိတ်၏ သန်ဒါရဒုက္ခကို....(မြင်အောင် ကြည့်ရပါမယ်ဘုရား)။

အဲဒီ မြင်တဲ့ ဒုက္ခအဆုံးမှာ ဒီမြင်တဲ့ ဒုက္ခတွေ ဆုံးသွားလို့ ရှိယင် နိဗ္ဗာန် တွေ့မှာဘဲ....(မှန်ပါ့) မတွေ့ပေဘူးလား....(တွေ့ပါတယ်) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ကိုင်း...ယနေ့ ဒီတွင် တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်မြို့ မင်္ဂလာတိုက်

ဆရာတော် ဘုရားကြီး ဟောကြား ဆုံးမတော်မူသော

(ဝိပဿနာအလုပ် မလုပ်ယင် နိဗ္ဗာန်မရှိ)

ဉာအလုပ်ပေးတရားတော်

(၂၄-၆-၆၁)

တကာတကာမတွေ့ အလိုရှိနေတဲ့ နိဗ္ဗာန်ဆိုတဲ့ တရားဟာ ဘယ်နေရာမှာ ရှိပါလိမ့်မလဲလို့ မေးလို့ရှိယင်ဖြင့်တဲ့....မလုပ်တဲ့ ပုဂ္ဂိုလ်အတွက်မှာ ဘယ်နေရာမှ မရှိဘူးလို့ .... အောက်မေ့ထားကြပါ။

ဝိပဿနာအလုပ်-မလုပ်တဲ့ ပုဂ္ဂိုလ်များ....(ဘယ်နေရာမှ မရှိပါဘုရား)ဘယ်နေရာမှ နိဗ္ဗာန်မရှိဘူးလို့ မှတ်ပါတဲ့....။

ဒါဖြင့် နိဗ္ဗာန်သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် အားလုံးဘဲ မှတ်ကြပါ။ ယခု ပစ္စုပ္ပန်ကာလမှာလဲ ရှိတာမဟုတ်ဘူး မလုပ်တဲ့ ပုဂ္ဂိုလ်မှာ၊ အတိတ်ကာလကလဲ ရှိနှင့်နေတဲ့ နိဗ္ဗာန် မဟုတ်ဘူး၊ အနာဂတ်ကာလက စောင့်ဆိုင်းနေတဲ့ နိဗ္ဗာန်မဟုတ်ဘူးလို့.... မှတ်ထားကြပါ....(မှန်ပါ့) နိဗ္ဗာန်သည် ကာလသုံးပါးမှ လွတ်ပါတယ်၊ ရှင်းကြပလား....(ရှင်းပါတယ်ဘုရား)။

နိဗ္ဗာန်ဟာ ရှိတော့ ရှိတယ်၊မသုပ်တဲ့ ပုဂ္ဂိုလ်အတွက်မှာ ကာလသုံးပါး လွတ်နေတယ်....(မှန်ပါ့) မောင်နိုင် ရှင်းပလား.... (ရှင်းပါပြီဘုရား)။

နိဗ္ဗာန်သည် အခု ပစ္စုပ္ပန်ကာလမှာ ရှိပါသလား ဆိုယင် မလုပ်တဲ့ ပုဂ္ဂိုလ်အတွက်မှာ....(မရှိပါဘုရား) မရှိဘူးလို့ မှတ်ပါတဲ့....။

အတိတ်က သူ ရှိနေခဲ့သလားလို့ မေးပြန်တော့လဲ....(မရှိပါဘုရား)။

အနာဂတ်မှာ သူ့ဘို့ စောင့်နေသလားလို့ မေးပြန်ယင်.... (မရှိပါဘုရား)။

မရှိဘူးတဲ့၊ ဒါ့ကြောင့် နိဗ္ဗာန်သည်ကားလို့ ဆိုယင်ဖြင့် ကာလဝိမုတ်တဲ့၊ ကာလသုံးပါးမှ လွတ်သောကြောင့် ကာလဝိမုတ်လို့.... တကာကြီးလို့ .... မှတ်ထားလိုက်စမ်းပါ....(မှန်လှပါဘုရား)။

ဒါဖြင့် နိဗ္ဗာန် မရှိဘူးလားလို့.... မေးပြန်တော့လဲ လုပ်တဲ့ ပုဂ္ဂိုလ်အတွက်မှာ ရှိတယ်....(မှန်ပါ့)။

ဒီစကားကို ကိုဝတို့၊ ကိုပေါ်တို့ သုံးရတာက သုံးချင်လို့ သုံးရတာ မဟုတ်ဘူးနော်....(မှန်ပါ့) မိလိန္ဒမင်းကြီးက မေးလို့ နိဗ္ဗာန်ဟာ ဘုရား....ရှိနှင့်တယ်ဆိုလို့ ရှိယင်လဲ ရှေးက လူတွေ တွေ့နှင့်ဘို့ တယ်ကောင်းပါတယ်၊ ရှိဆဲဆိုလို့ ရှိယင်လဲ ယခုပုဂ္ဂိုလ်တွေ မြင်ဘို့၊ ယှဉ်ဘို့ သိပ်ကောင်းပါတယ်၊ စောင့်နေတယ် ဆို

လို့ ရှိယင်လဲ တပည့်တော်တို့ ဘယ်အချိန်သွားသွား သူ ရှိမှာဘဲ ဆိုပြီးသကာလ နေလဲ ရတာဘဲတဲ့....။

အဲဒီတော့ နိဗ္ဗာန်ဟာ ဘယ်လိုနေပါသတုံး၊ ဘယ်လိုအရှိနဲ့ ရှိပါသတုံးဆိုတော့ တကာကြီးလို့ဉ် ဘယ်ကာလမှာမှ မရှိဘူးလို့ အချင်နာဂသိန်က ဖြေလိုက်တယ်နော်....(မှန်ပါ့)။

နောက်က တကာတကာမတွေ ဘယ်ကာလရှိသလဲ....(ဘယ်ကာလမှာမှ မရှိပါဘုရား)။

အတိတ်ကာလမှာလဲ မရှိပါဘူး....(မှန်ပါ့) ပစ္စုပ္ပန်လာကမှာလဲ... (မရှိပါဘုရား) အနာဂတ်ကာလမှာ....(မရှိပါဘုရား)။

ဒါနဲ့ မိလိန္ဒမင်းကြီးက ဆင်ခြေတက်တယ်၊ ဒါဖြင့် အရှင်ဘုရား....မေးရတာ နိဗ္ဗာန်မရှိဘူးလို့ ဆိုလို့ ရှိယင် ဒီလိုဘဲ ယူရတော့မှာဘဲလားဆိုတော့ ဒီလိုလဲ မဟုတ်ဘူး တကာကြီးရ....၊ နိဗ္ဗာန်မရှိဘူး မဟုတ်ဘူး၊ "အတ္ထိဘိက္ခဝေ အဘူတံ အဇာတံ" ဆိုတဲ့ ဥဒါန်းပါဠိတော်မှာ ဘုရားက နိဗ္ဗာန်ရှိတယ်လို့ဘဲ ဟောထားတယ်၊ နိဗ္ဗာန်ဟာ ရှိတော့ ရှိတယ်....(မှန်ပါ့)။

သို့သော်....တယ်ကာလမှာ ရှိသတုံး မေးတဲ့အခါကျတော့ ကာလသုံးပါးမှ လွတ်နေတော့တာ မောင်နိုင်....မရှိဘူးလို့ ဆိုရမည့် အမေးဟာ မေးသင့်တာဘဲ....(မှန်ပါ့)မမေးသင့်ဘူးလား (မေးသင့်ပါတယ်ဘုရား)။

အဲဒီတော့ တကာတကာမတွေက မှတ်ရမယ်၊ ဝါးနှစ်ခုကို ပုတ်တာပေါ့တဲ့၊ မပုတ်ခင်က ပဌမ ဝါးထဲမှာလဲ မီးမပါဘူး....(မှန်ပါ့)ဒုတိယ ဝါးထဲမှာကော....(မပါပါဘုရား)။

သို့သော်... တကာတကာမတွေက တကယ်တမ်း ပုတ်လိုက်တဲ့ အခါကျတော့ အင်း....ဘယ်က,လာတဲ့ မီးတုံးဆိုလို့ ရှိယင်ဖြင့်.... ဝါးထဲက ထွက်တဲ့ မီးဘဲဆိုရမှာဘဲ....(မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဘယ်က,လာတဲ့ မီးတုံး ဆိုလို့ရှိယင်....(ဝါးထဲက ထွက်တဲ့ မီးပါဘုရား)။

အယင်က ရှိနှင့်သလား....မေးပြန်တယ်....(မရှိနှင့်ပါဘုရား)။

ရှေးက ရှိနှင့်ခဲ့သလားဆိုတော့ မရှိဘူးတဲ့၊ ခုနင်က မပုတ်ခင် တုန်းက ရှိဆဲလားလို့ မေးယင်....(မရှိပါဘုရား)နောက်ရှိလတ္တံ့ လားလို့ မေးပြန်ယင်ကော....(မရှိပါဘုရား)။

ရှိလတ္တံ့လားလို့ မေးပြန်တော့ ရှိလတ္တံ့လဲ မဟုတ်ဘူး၊ ဒါဖြင့် ကျေနပ်ကြပါတော့ နိဗ္ဗာန်ဟာ ကာလသုံးပါးမှ လွတ်ပါတယ်ဆိုတာ တကာတကာမတွေ့ မှတ်ကားကြပါ....(မှန်ပါ့ ဘုရား)။

နိဗ္ဗာန် ဘယ်ကာလ ခွဲသထုံး....(ဘယ်ကာလမှာမှ မရှိပါ ဘုရား) ဘယ်ကာလမှ မရှိဘူးဆိုတာ တကာတကာမတွေ့ သေ သေချာချာ မှတ်ထားပါ....(မှန်ပါ့)။

ဒါဖြင့် နိဗ္ဗာန်မရှိရတော့ဘူးလား ဘုံတော့ ဝိပဿနာဉာဏ်နဲ့ အနိစ္စ, ဒုက္ခ, အနတ္တ ဆိုတဲ့ တရားနဲ့ ဒီက ဉာဏ်နဲ့ ပုတ်ပေးရမယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အနိစ္စ, ဒုက္ခ, အနတ္တ ဆိုတဲ့ အာရုံတရားနဲ့ ဒီက ဉာဏ်နဲ့ ပုတ်ပေးတဲ့....၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

အနိစ္စ, ဒုက္ခ, အနတ္တ ဆိုတဲ့ တရားသုံးခုနဲ့....(ဉာဏ်နဲ့ ပုတ်ပေး ရပါမယ်ဘုရား) ဉာဏ်နဲ့ ပုတ်ပေးလိုက်တဲ့ အခါကျတော့-ကိုတဲ့ ဝါးနှစ်လုံး ပုတ်သလိုဘဲ ဒီအထဲက နိဗ္ဗာန်ထွက်လာတယ်(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဘုယ်ကာလ ရှိသတုံးဆိုတဲ့ စကား ဘယ်ကာလမှ မရှိဘူး....(မှန်ပါ့) ပုတ်နိုင်တဲ့ ပုဂ္ဂိုလ်မှာဖြင့်....(ရှိပါတယ်ဘုရား)။

ဒါဖြင့် လုပ်တဲ့ ပုဂ္ဂိုလ်မှာ ရှိတယ်....(မှန်ပါ့)မလုပ်တဲ့ပုဂ္ဂိုလ်မှာ....(မရှိပါဘုရား)။

ကိုပေါ် ကျေနပ်ပလား....(ကျေနပ်ပါပြီ) ကိုဝကော ဖကျေနပ်ပလား....(ကျေနပ်ပါပြီ) နောက်က တကာတကာမတွေ့....(ကျေနပ်ပါပြီဘုရား)။

ဒါ ဘုန်းကြီးက တန်ဆာဆင်ပြီး ပြောတာ မဟုတ်ပါဘူး ဆိုတာကိုလဲ ရှင်းရှင်းဘဲ့ မှတ်ပါ....(မှန်ပါ့)အရှင်နာဂသိန်ကို မိလိန္ဒမင်းကြီးက မေးလို့ ဖြေရခြင်း ဖြစ်ပါတယ် ဆိုတော့.... ဒါဖြင့် အရှင်ဘုရား....နိဗ္ဗာန်ဟာကာလသုံးပါးမှ လွတ်နေတော့ ဘယ်ရှိတော့မတုံးလို့ ဆိုတော့ တကာကြီး ရှိတယ်၊ ဝါးနှစ်လုံး ပုတ်ကြည့်တာပေါ့၊ နဂိုက ဒီဝါးထဲမှာ ရှေးကတော့ မီးရှိဘူး သလား....ယခုလဲ မတိုက်ခင်က ရှိသလား... (မရှိပါဘုရား) နောင်လဲ သေပြီးတော့ ရှိသေးသလား....(မရှိပါ့ဘုရား)။

မပါဘူးတဲ့၊ နို့....ဘယ်လို လုပ်တဲ့အခါကျမှ ရှိလာသတုံး.... ဆိုတော့ ပုတ်တိုက်တဲ့ပုဂ္ဂိုလ်၏ လုံ့လ ပယောဂအားစိုက်လာတဲ့ အခါကျတော့မှ သူမီးထွက်လာတယ်....(မှန်ပါ့)။

ဒီအတိုင်းပါဘဲတဲ့ ဘုန်းကြီးတို့ တကာတကာမတွေဟာလဲ ခန္ဓာ၏ဖြစ်ပျက်နဲ့ ကိုယ်.ဉာဏ် မင်္ဂနဲ့ ကြပ်ကြပ် ပွတ်ပေးပါ.... (မှန်ပါ့)။

သေသေချာချာ မှတ်စမ်းပါ ဒီအဓိပ္ပါယ်ဟာ တကာတကာမတို့ အင်မတန် အဘိုးတန်လှန်းလို့ ကိုပေါ်တို့ကိုဝတို့ ဂရုစိုက်ပြောနေတယ်....(မှန်ပါ့)။

နို့မဟုတ်လို့ရှိယင် ခင်ဗျားတို့ကနိဗ္ဗာန်ဟာဆုတောင်းပါရမီအလုပ်ဘဲလို့ ထင်ချင်ထင်နေမယ်၊ မပွတ်တော့ဘူး....(မှန်ပါ့)။

ဆုတောင်း ပါရမီအလုပ်ဘဲလို့ တင်ချင် ထင်နေကြလိမ့်မယ် မထင်ပေဘူးလား.... (ထင်ပါတယ်ဘုရား) ဆုတောင်းတဲ့ပဂ္ဂိုလ် ရှိမှာဘဲဟော့.... ပါရမီရှိတဲ့ပဂ္ဂိုလ် ရှိမှာဘဲဟော့....။

မဟုတ်ဘူးကွဲတဲ့ တကာ တကာမတွေကနော်.... (မှန်ပါ့) အနိစ္စဆိုတဲ့ခန္ဓာနဲ့ ဝေဒနာကွန္ဓာနဲ့ဖြစ်ဖြစ် ဝိညာဏ်ကွန္ဓာနဲ့ဖြစ်ဖြစ် တကာတကာမတို့ ဉာဏ်နဲ့.သာ ပွတ်ပေးပါ။ ဦးဘရှင်း.... ရိပ်မိပလား....(ရိပ်မိပါပြီ)။

အနိစ္စနဲ့ ဉာဏ်နဲ့ပွတ်ပေး, ဒုက္ခနဲ့.ဉာဏ်နဲ့.ပွတ်ပေး, အနတ္တနဲ့ ဉာဏ်နဲ့.ပွတ်ပေးပါ....(မှန်ပါ့) ပွတ်ပေးတဲ့အခါကျလို့ရှိယင်ဖြင့်တဲ့.... ဒီမီးနဲ့.တူတဲ့ နိဗ္ဗာန်ဟာတဲ့ အနိစ္စအဆုံးမှာ နိစ္စ နိဗ္ဗာန်ပေါ်လာတယ်. (မှန်ပါ့) ဒုက္ခအဆုံးမှာ သုခနိဗ္ဗာန် ပေါ်လာတာဘဲ၊ အနတ္တအဆုံးမှာ အနတ္တနိဗ္ဗာန်ဆိုတာ ပေါ်လာတာဘဲဆိုတာ ကိုပေါ်တို့ ကျေနပ်လိုက်ပါ....(မှန်ပါ့)။

ဥပမာနဲ့ ဥပမေယျနဲ့ကော ကိုက်ပါရဲ့လား....(ကိုက်ပါတယ်ဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့ နားလည်မှုရှိ- မရှိကို ဘုန်းကြီးကဘဲမေးပြီ၊ နိဗ္ဗာန်ဟာ ဘယ်ကာလရှိသတုံး(ဘယ်ကာလမှမရှိပါဘုရား)။

ကဲ....ဒါဖြင့် ဘယ်ကာလမှ မရှိဘူးဆိုတဲ့တရားဟာ မောင်နှိုင်အတော်ဆန်းတဲ့တရား....(ဆန်းပါတယ်ဘုရား) မဟုတ်ဘူးလား(မှန်ပါ့)။

မင်းတို့ မိုးကုတ်မြို့မှာ ကျောက်ရှိတယ်ဆိုတဲ့ဥစ္စာ အင်း....ဒီနေရာ အယင်ကမရှိဘူးကဲ့၊ ခုရှိတယ်ဆို တူးကြည့်တဲ့အခါကျတော့ သူဖြုန်းစတို့ ဘာတို့နဲ့ တွေ့တဲ့အခါကျတော့ သူရှိနှင့်နေတာ ဧကန်ဘဲ....(မှန်ပါ့)။

ဒီတော့ တူးတဲ့ပုဂ္ဂိုလ်၏ ကံနဲ့ ဒီနေရာ တူယှင်းချမိ, ဆေးမိ, ကြောမိတဲ့အခါ မကြုံသေးလို့သာ ရှိနှင့်တာ သေချာတယ်....(မှန်ပါ့)။

အဲဒီလို ကျောက်ရှိနှင့်သလို တကာတကာမတွေ့နိဗ္ဗာန်ကရှိနှင့်တာလားလို့ မေးယင် ဘယ့်နယ်ပြောကြမယ်....(မရှိပါဘုရား) ရှိနှင့်ယင် အတိတ်ဖြစ်ရမယ်.... .(မှန်ပါ့)။

ရှိနှင့်ယင် ဘယ့်နယ်ပြောကြမယ်.... (အတိတ်ဖြစ်ပါတယ်) အတိတ် ဖြစ်ရမယ်ဆိုတာ သေချာပလား.... (သေချာပါပြီဘုရား)။

ဒါ့ကြောင့် နိဗ္ဗာန်သည် ဘယ်ကာလမှာ ရှိပါလိမ့် (ဘယ်ကာလမှာမှ မရှိပါဘုရား)။

ဟုတ်ပြီတဲ့၊ မိလိန္ဒမင်းကြီးက မေးတယ်၊ ဒါဖြင့်ဘုရား.... ကာလသုံးပါးမှ လွတ်တဲ့တရားဖြင့် မရှိတော့ဘူးလို့ ဘရင်ဘုရား ဆိုချင်တာဘဲ၊ တပည့်တော်အရဆိုယင် ဟာ....တကာကြီး ဒီလိုလဲ နဗ္ဗာနဟာ အတ္ထိဘက္ခဝေ....လို့ ဆုထားတယ်၊ နဗ္ဗာနဟာရှိတယ်လို့ ပြောတယ်၊ ရှိတယ်တကာကြီးရ၊ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

နိဗ္ဗာန်ဟာ ဘာတဲ့တုံး(ရှိပါတယ်ဘုရား)ရှိတာဖတော့ ခေါချတယ်နော်....(မှန်ပါ့)။

အဲဒီတော့ ကျုပ် ဥပမာပြမယ်ဆိုပြီး ... ဝါးနှစ်လုံး ကိုင်တာဘဲနော်၊ ဝါးနှစ်လုံးကိုင်ပြီး အခုလို ဘယ်ဘက်ဝါးထဲမှာလဲ မိုးမပါ....ညာဘက်ဝါးထဲမှာရော....(မိုးမပါပါဘုရား)။

စမ်းကြည့်ယင် အအေးတွေဲတကာတကာမတို့နော်(မှန်ပါ့) ပွတ်ပါမျှားလာတော့ ဒီအထဲကဘဲ မီးထွက်ကာဘဲ... (မှန်ပါ့) ဝါးနှစ်လုံးထဲကဘဲ ဘာဖြစ်လာသတုံး.... (မီးဖြစ်လာတယ်ဘုရား)။

မီးဖြစ်လာတော့ ကိုပေါ်တို့ ကိုဝတို့ ခေမးပြီ၊ နဂိုကရှိနှင့်တာလား....(မရှိပါဘုရား)နဂိုကရှိနှင့်ယင် သူ့ဝါးရဲ့ကြီးထဲမှာတူ့ဟာသူတောက်နေတို့ ကောင်းတယ်....(မှန်ပါ့)မဟုတ်ဘူးလား၊ အခုတော့ပွတ်ပါမျှားလို့ မီးထွက်တယ်(မှန်ပါ့) သဘောပါကြပလား (ပါပါပြီ)။

အဲဒီတော့ ဘုန်းကြီးတို့ တကာတကာမတွေ အင်း....ဒို့ဟဲ့ဘာနဲ့ဘာ ပွတ်တိုက်ရမှာပါလိမ့်မလဲဆိုတဲ့ အဖြေ ထွက်လာလိမ့်မယ်....(ထွက်ပါတယ်ဘုရား)။

အဲဒီတော့ ဘုန်းကြီးကဘဲ တန်ဆာဆင်ပြီး ပေးလိုက်တယ်၊ တကာတကာ့မတို့ ခန္ဓာ၏ အနိစ္စတရားနဲ့ ရှုကြည့်တဲ့၊ မဂ္ဂတရားနဲ့ ကြပ်ကြပ်တိုက်ပေးပါ....(မှန်ပါ့) မပေါ်သေးဘူးလား.... (ပေါ်ပါပြီဘုရား)။

အဲဒီလို တိုက်ပေးလိုက်လို့ ရှိယင်ဖြင့်တဲ့....မီးနဲ့ တူတဲ့ နိဗ္ဗာန်ဟာ တကာတကာမတို့ ပေါ်လာတာဘဲ....(မှန်ပါ့)သဘော ပါပလား.... (ပါပါပြီဘုရား)။

ဒါဖြင့် အားထုတ်တဲ့ ပုဂ္ဂိုလ်အတွက်မှာ ရ,ထိုက်တယ် .... (မှန်ပါ့) အားမထုတ်တဲ့ ပုဂ္ဂိုလ်အတွက်မှာ .. (မရထိုက်ပါ) မရဘူးဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ဩော်....ဒါဖြင့် နိဗ္ဗာန်မရှိဘူးလား....ရှိသလားလို့ မေးယင် (ရှိပါတယ် ဘုရား) ရှိတယ်၊ သဘောကျပလား....(မှန်ပါ့)။

ဘယ်ကာလမှာ ရှိသတုံး... (ဘယ်ကာလမှာမှ မရှိပါဘုရား)။

ဒါဖြင့် ဘယ်ကာလမှ မရှိလို့ရှိယင် ဘယ်လိုလုပ်မှ နိဗ္ဗာန်သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ပေါ်ထွန်းလာပါလိမ့် မလဲလို့ မေးလို့ရှိယင်လဲ တကာတကာမတို့ ဘယ်လိုပြောကြမယ်(အားထုတ်မှ ပေါ်လာမှာပါ)။

ဆိုု....ဆိုု....ဆိုု၊ ခန္ဓာနဲ့ ဉာဏ်နဲ့ တိုက်ပေးရမယ်.... (မှန်ပါ့ ဘုရား)။

ခန္ဓာနဲ့ ဉာဏ်နဲ့ တိုက်ပေးရမယ်....(မှန်ပါ့) ဖြစ်ပျက်နဲ့ မဂ်နဲ့ တိုက်ပေးရပါမယ်)။

တိုက်ပေးရမယ် ဆိုလို့ရှိယင်ဖြင့် ဒါဟာ နိဗ္ဗာန်မရမရှိဘူး တကာကြီးတဲ့၊ ကာလသုံးပါးတော့ လုတ်တာ အမှန်ဘဲဆိုတော့ အားလုံးတကာတကာမတွေ တော်တော် နက်နဲ့တဲ့စကား (နက်နဲပါတယ်ဘုရား)။

ဉာဏ်နဲ့တွေးကြည့်မှနော်(မှန်ပါ့) ဒါဖြင့် ဆုတောင်းသမား တို့၏အလုပ်မဟုတ်သေးဘူးဗျ....(မှန်ပါ့)။

သူက ပုတ်တိုက်တဲ့အလုပ်မှ မလုပ်ဘဲ .... (မှန်ပါ့ဘုရား) ဆုတောင်းသမား၏အလုပ်လို့ တကာတကာမတွေက ဆိုမလား (မဆိုပါဘုရား)။

မဆိုကြပါနဲ့တဲ့၊ ဆုတောင်းသမား အလုပ်ကယ်လို့ မဆိုကြပါနဲ့၊ ပါးစပ်အလုပ်မပါဘူး၊ မနောထဲက ဉာဏ်နဲ့ ခန္ဓာနဲ့ တိုက်-တိုက်ပေးရမယ်.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့်ဝစီကံနဲ့ ဆုတောင်းလို့တော့ဖြင့် ဝေးသေဘေးကြောင်းသာဖြစ်မယ်ဆိုတာ ကိုပေါ်က မှတ်လိုက်....(မှန်ပါ့)။

ဝစီကံနဲ့ ဆုတောင်းယင် (ဝေးသေဘေးကြောင်းသာ ဖြင့်ပါမယ်ဘုရား)။

ဝေးသေဘေးကြောင်း၊ အင်မတန် ဝေးပါတယ်.... (မှန်ပါ့ဘုရား)။

မနောကံနဲ့ပုတ်တိုက်နေလို့ရှိယင်ဖြင့်....(အင်မတန်နီးပါတယ်ဘုရား)။

အင်မတန် နီးတယ်ဆိုယင်ဖြင့် ခဏဘဲ အားစိုက်လိုက်ယင် မီးပွင့်လာတာဘဲ....(မှန်ပါ့)။

တကာတကာမတွေ့ ခင်ဗျားတို့ ဒါ....ဆရာကောင်း သမားကောင်းနဲ့ ကြုံလို့ဝင်း၊ ခင်ဗျားတို့ကလဲ ဆက်နာလို့ဝင်း၊ ဒီအခိပွါယ်မျိုးသိရတယ်....(မှန်ပါ့)။

နဲ့မဟုတ်လို့ရှိယင် ကိုဝ.... ဒီအခိပွါယ်ကြားဘို့ကို ခဲယဉ်းတယ်....(ခဲယဉ်းပါတယ်ဘုရား)။

ဒီအတိုင်းဘဲ ဒို့ထုံးစံအတိုင်းကွာ.... လူတန်း ပေးကမ်းပြီးသကာလ ဝင်္ကပ်ရာ နိဗ္ဗာန်ဆုတောင်းလို့ရှိယင် တောင်းပါများပြည့် ပေါ့ကွာ.... နည်းရောင်း များရောင်းတောင်းပြည့် ဆိုသလိုပေါ့ဒီကို လမ်းဆုံး နေလိမ့်မယ် ဆိုတဲ့သဘော သက်ရောက်တယ်....(မှန်ပါ့) မသက်ရောက်ဘူးလား.... (သက်ရောက်ပါတယ်ဘုရား)။

ဒါဖြင့် အလုပ်စခမ်း ပါရဲ့လား (မပါ.... ပါဘုရား)။

မပါတော့ကို ဦးဘကလေးတို့က သြော်-အခုသေသေချာချာမိလိန္ဒမင်းကြီး ရှင်နာဂသိန်မေးတော့မှ ကာလသုံးပါး လွတ်တဲ့တရား နိဗ္ဗာန်ဘဲ....(မှန်ပါ့)။

ကာလဝိမုတ် ကာလသုံးပါး လွတ်တဲ့တရား နိဗ္ဗာန်တဲ့၊ မရှိဘူးလားဆိုတော့လဲ ရှိသတဲ့ဘုရားက "အတ္ထိဘိက္ခဝေ အဇာတံ အဘူတံ" ဆိုပြီးတော့ ဥဒါန်းပါဠိတော်မှာ ဟောထားလို့ရှိတာလဲ ဧကန်ဘဲတဲ့....(မှန်ပါ့)။

သို့သော် လူတိုင်းမှာ ရှိသလားလို့ တခါ ဝေဘန်ပြန်တော့ (မရှိပါဘုရား)။

မရှိဘူးတဲ့၊ လူတိုင်းမှာလဲ မရှိဘူး၊ ဘယ်လို ပုဂ္ဂိုလ်မှာ ရှိပါလမ့်မတုံးဆိုတော့ ခုနင်က အနုစ္စနဲ့ မဂ္ဂတုံကနေတဲ့ ပုဂ္ဂိုလမှာရှိတယ်....(မှန်ပါ့) ပေါ်ကြပလား(ပေါ်ပါပြီ)။

အနိစ္စနဲ့ မဂ္ဂနဲ့.... (တိုက်နေတဲ့ ပုဂ္ဂိုလ်မှာ ရှိပါတယ် ဘုရား)။

သြော်....ဒါဖြင့် ဟိုကအနိစ္စဖြင့်ဒီကမဂ္ဂနဲ့ သွားသွားပြီးတိုက် (မှန်ပါ့)။

ဉာဏ်နဲ့ သွားသွားတွေ့ရမယ်....ဆိုတာပေါ့လေ.... (မှန်ပါ့ ဘုရား)။

အဲဒီလို တွေ့တဲ့ ပုဂ္ဂိုလ် ကျလို့ ရှိယင်ဖြင့်....တဲ့ မောင်နိုင်ရေ ဝါးနှစ်လုံးပွတ်လို့ မီးထွက်လာသလို နိဗ္ဗာန် တည်းဟူသော တရားဟာ တခါတည်း ပေါ်လာတယ်....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

နိဗ္ဗာန်တရားသည် တကာ တကာမတို့... ယနေ့ ပြောတဲ့ အဓိပ္ပါယ်သည် တမျိုးဘဲ၊ ခါတိုင်း ဝိပဿနာ ပြောနေတယ်.... ဒီနေ့တော့ နိဗ္ဗာန်ကို ပြောတယ်ဆိုတာဖြင့် ရှင်းသွားပြီ.... (ရှင်းပါပြီ) ရှင်းကြပလား....(မှန်ပါ့)။

နောက်က တကာတကာမတွေ နိဗ္ဗာန် ဘယ်လိုလုပ်ယင်ထွက်မယ်....(ခန္ဓာနဲ့ ဉာဏ်နဲ့ တိုက်ပေးယင် ထွက်ပါတယ်ဘုရား)။

ခန္ဓာနဲ့ ဉာဏ်နဲ့ တိုက်တိုက်ယူရမယ်....(မှန်ပါ့) သဘောကျပလား(ကျေပါပြီ)။

ခန္ဓာနဲ့ ဉာဏ်နဲ့ တိုက်တဲ့အခါကျလို့ ရှိယင်ဖြင့်တဲ့ ခန္ဓာက ဖြစ်ပျက် ဉာဏ်က မင်္ဂနဲ့သာ မခဲနဲ့....(မှန်ပါ့)။

ဦးဘကလေး ခန္ဓာဖြစ်ပျက်နဲ့ ဉာဏ်မင်္ဂကို.... (မခဲရပါဘုရား)။

မခဲကြပါနဲ့ဆိုတာ တကာတကာမတွေ သတိပေးတယ်နော် (မှန်ပါ့)။

အဲဒီတော့ ခန္ဓာဖြစ်ပျက်နဲ့ ဉာဏ်မင်္ဂနဲ့ မခဲကြလို့ ရှိယင်ဖြင့်တဲ့၊ ခန္ဓာဖြစ်ပျက်လဲ ဆုံးပါရော မိုးပွင့်တာနဲ့ တပြိုင်နက်တည်း နိဗ္ဗာန်ဟာ ပေါ်လာတာဘဲ.... (မှန်ပါ့) သဘောကျပလား.... (ကျေပါပြီ)။

ဩော်....ဒါဖြင့် ကျုပ်တို့ ခင်ဗျားတို့ ရှေးနိဗ္ဗာန်နဲ့တော့ အတော်ကွာသွားတယ်....(ကွာပါတယ်ဘုရား) ဒါ....မိလိန္ဒပဉ္ဉာမှာလာတယ်လို့ မှတ်ရမယ်....(မှန်ပါ့)။

ဘယ်မှာ လာပါလိမ့်.... (မိလိန္ဒပဉ္ဉာမှာ လာပါတယ်ဘုရား)။

မိလိန္ဒပဉ္ဉာမှာလာတယ်၊ ဖြေတဲ့ပုဂ္ဂိုလ်ကလဲ ရဟန္တာ၊သဘောကျပလား....(ကျေပါတယ်)။

မေးတဲ့ ပုဂ္ဂိုလ်ကလဲ ရဟန္တာဖြစ်အောင်ကို မေးတာဘဲ.... (မှန်ပါ့)။

သူလဲ နောက်ရဟန္တာဖြစ်တာဘဲ၊ ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

အဲဒီတော့ ဘုန်းကြီးတို့ တကာတကာမတွေကို အထူးတိုက် တွန်းစရာ ဟေ....ဝိပဿနာအလုပ်များ လုပ်ကြဟေ....လို့ ဘုန်း ကြီးက တိုက်တွန်းတာ မစောင့်နဲ့တော့.... (မှန်ပါ့) သူ့လုပ်မှု ရမှာဘဲ....ဆိုတာဘာ ဆုံးဖြတ်ချက် ချလိုက်တော့.... (မှန်ပါ့ ဘုရား)။

ဝါးနှစ်လုံး မပုတ်ဘဲနဲ့ မီးထွက်လိမ့်မယ်ဆိုတဲ့ သဘောဖြင့် ဘယ်အခါ ကာလမှ တကာတကာမတွေက စိတ်ကူးမယဉ်လိုက် ပါနဲ့....(မှန်ပါ့)။

ရနိုင်ပါ့မလား....(မရနိုင်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီ ဘုရား)။

ဝါးနှစ်လုံး တိုက်လိုက်တဲ့အခါ ကျတော့ဖြင့် ပုတ်ပါများ မီးထွက်လာသလို တကာတကာမတို့ ဒီမှာလဲ အနိစ္စနဲ့ မဂ္ဂနဲ့ကြပ် ကြပ်တိုက်ပေးပါ၊ ဉာဏ်လဲ လက္ခဏာရေး သုံးပါးနဲ့ တိုက်တိုက် တိုက်တိုက်ပေးတဲ့အခါကျလို့ ရှိယင်ဖြင့်....တဲ့ ဘယ်နှယ်ကြောင့် နိဗ္ဗာန်ပေါ်လာပါလိမ့်မလဲလို့ မောင်နိုင်က မေးစရာရှိတယ်နော် (မှန်ပါ့)။

ပေါ်ရမယ်တဲ့၊ ခုနင်တုန်းကတော့ဖြင့် အနိစ္စနဲ့ မဂ္ဂနဲ့ မတိုက် ယင်ကိုလေသာကရှိနေတာ....(မှန်ပါ့)။

အနိစ္စနဲ့ မဂ္ဂနဲ့ မတိုက်ယင်.... (ကိလေသာက ရှိနေပါတယ် ဘုရား)။

ကိုလေသာ ရှိနေတုန်းကို ဘယ်မှာသာလျှင် နိဗ္ဗာန်က မိုးနဲ့တူတဲ့ နိဗ္ဗာန်က ထွက်နိုင်ပါ့မလား.... (မထွက်နိုင်ပါဘုရား) တိုက်ပါမျှားတော့ ကိုလေသာတွေက ပါးပါး.... ပါးပါးပြီး ဝိပဿနာဉာဏ်က ပါးပါး.... ပါးပါးပြီးမသွားလား.... (သွားပါတယ်ဘုရား)။

အဲ....ဝိပဿနာဉာဏ်က ပါးပါး....ပါးပါးသွားလို့ ကိုလေသာဝေးဘဲ့အချိန်ကျတော့ ခုနင်က နိဗ္ဗာန် တည်းဟူသောမိုးဟာ တကာဘကာမတို့ ထွက်လာတယ်လို့ မှတ်လိုက်စမ်းပါ (မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဩော်...ဒါဖြင့် ဒို့သည် ဘယ်နှယ်ကြောင့်လုပ်ဟာလဲ တော်တော်ကလေးကြာပြီ၊ ဘယ်နှယ်ကြောင့် ဒီနိဗ္ဗာန်တည်းဟူသောမိုးသည် မပွင့်လာ မထွက်လာသေးပါလိမ့်မလဲလို့ မေးလို့ရှိယင် ဖြင့် ကိုလေသာ မဝေးသေး ပွတ်တိုက်မှု နှေးသေးလို့ (မှန်ပါ့) ပေါ်ကြပလား...(ပေါ်ပါပြီ)။

ကိုလေသာက....(မဝေးသေးလို့ပါဘုရား) ပွတ်တိုက်မှုက.... (နှေးသေးလို့ပါဘုရား) ပွတ်တိုက်မှုကလဲနှေးနေတယ်....(မှန်ပါ့ဘုရား)။

မောင်နိုင် ဒီညစ်စာ တော်တော် အရေးကြီးတဲ့ဝကား.... (ကြီးပါတယ်ဘုရား) နောက်က တကာတကာမတွေ.... (အရေးကြီးပါတယ်ဘုရား)။

အရေးကြီးပါတယ်ဆိုတော့ ဩော်....ဒါဟာ အခု ဆရာသမားကလဲ ဆုံးမ,လို့ ဒို့ နားထဲ ကြားရတယ်၊ ဒို့ပင်ကိုယ်

သဘော ကြားဘူးနားဝ ရှိသ၍နဲ့ ဒို့ ပင်ကိုယ်သဘော ကြားဘူးနားဝ ရှိသ၍ ဒို့ အထင်နဲ့ ဆိုလို့ရှိယင် ဒါအမျှားကြီး ကွာသွားမယ်....(မှန်ပါ့)။

ကိုဝ....ကွာ-မကွာ စဉ်းစားစမ်းပါ... (ကွာပါတယ်ဘုရား)သေသေချာချာ ကွာသွားတာဘဲတဲ့....၊အနိစ္စနဲ့ မင်္ဂနဲ့ မကိုက်ယင် ရှုကို မရဘူး... (မှန်ပါ့)။

မောင်နိုင်....(မရပါဘုရား) မရနိုင်ဘူးတဲ့၊ ဘာ့ကြောင့် မရနိုင်သတုံးလို့ မေးတဲ့အခါကျတော့မှ တကာတကာမတို့ ကိလေသာကို မင်္ဂကမှ ဖြတ်တာ.... (မှန်ပါ့) ရှေ့က အနိစ္စ၊ မြင်တာက မဂ္ဂ....(မှန်ပါ့)။

ဗျ့ရှေ့က အနိစ္စ၊ မြင်တာက....(မဂ္ဂပါဘုရား) အဲ....မဂ္ဂဆိုတော့ ပဋိပတ္တိမပွါဒ် အတန်းကြီးဟာ တန်းလို့ကို ရသေးရဲ့လား.... (မဒုပါဘုရား) ရှစရာသာ ပေါ်လာတော့တယ်၊ ရှုပ်စရာမပေါ်လာဘူး... (မှန်ပါ့) ရှုပ်စရာ ကိလေသာက လာသေးရဲ့လား.... (မတပါဘုရား)။

အဲ.... ရှစရာသာ ပေါ်လာ၍ ကန့်ကွက် ရှုပ်ထွေးတဲ့ ကိလေသာက လာခွင့်မရတော့ ကိလေသာက ဝေးသွားတယ်-(မှန်ပါ့) မဝေးဘူးလား....(ဝေးပါတယ်ဘုရား)။

အဲ....ကိလေသာ ဝေးတဲ့ အခါကျတော့ ဖြစ်ပျက်အဆုံးမှာ မီးတိုက်ပါမျှားလို့ အဆုံးမှာ တခါတည်း မီးထွက်လာတော့တာဘဲဆိုတော့ တကာတကာမတို့ ကျကျနပ်နပ်နဲ့ ဘဲ သဘောကျဘို့ ကောင်းပါတယ်....(ကျပါတယ်ဘုရား) သဘောကျပလား.... (ကျပါတယ်ဘုရား)။

ဒါ ဖျောက်မပစ်ပါနဲ့တဲ့ ဖျောက်ပစ်လိုက်လို့ ရှိယင် အင်း.... ဒီနေ့တော့ဖြင့် တော်လောက်ပြီဆိုပြီး ဝိပဿနာအလုပ်က ထချင် ထုပစ်လိုက်တယ်....(မှန်ပါ့) မီးမှ မထွက်သေးဘဲ....(မှန်ပါ့ ဘုရား)။

အဲဒီတော့ မီးထွက်လိမ့်မယ် သိနေလို့ ရှိယင်လဲ နိဗ္ဗာန် ပေါ် လာလိမ့်မယ် သိနေလို့ ရှိယင် ကြပ်ကြပ်သာ တကာတကာမတွေ့ က ကြိုးစားပြီး ရှုပေးပါ....(မှန်ပါ့)သဘောပါပလား....(ပါပါ ပြီဘုရား)။

ကြပ်ကြပ်ရှုပေးလိုက်တဲ့ အခါကျလို့ ရှိယင် နိဗ္ဗာန်တည်းဟူ သော မီးဟာ ဘယ်နှယ်တုံး....(ထွက်ရပါမယ်) ထွက်ရမယ်၊ ကိလေသာ ဝေးလို့ ထွက်ရမယ်၊ သဘောကျပလား....(ကျပါပြီ ဘုရား)။

အဲဒီတော့ ဝါးဟာ နဂိုက နှစ်လုံးကိုင်ထားတော့ ဘယ်ဘက် က တလုံးဟာလဲ အအေးဘဲ မဟုတ်လား....၊ညာဘက်က အလုံး ဟာကော....(အအေးပါဘုရား)။

အဲဒီ အအေးတွေ ပျောက်ပျောက်, ပျောက်ပျောက်ပြီး သကာလသွားမှသာလျှင်တဲ့ အပူဓာတ်တွေက တဖြေးတဖြေးခြင်း ရင့်ကျက်လာမယ် မဟုတ်လား....(မှန်ပါ့)သဘောကျပလား.... (ကျပါပြီ)ရင့်ကျက်ပါမျှားတော့မှ မီးထွက်မယ်ဆိုတာကော.... (သေချာပါတယ်ဘုရား) အင်မတန် မသေချာဘူးလား....(သေ ချာပါတယ်ဘုရား)။

တကာကြီးလို့ငင် မလျှော့နဲ့နော်....(မှန်ပါ့) ဝါးပွတ်သော ယောကျ်ားဆိုတာ ဒီက လာတာ....(မှန်ပါ့) မီးပွတ်သော ယောကျ်ားလို့လဲ ရေးကြတယ်....(မှန်ပါ့) အခုတော့ ဝါးပွတ်သော ယောကျ်ားလို့သာ မှတ်လိုက်ပေတော့....(မှန်ပါ့)။

ကိုင်း....တကာတကာမတွေ ကြော်....ဒို့ နိဗ္ဗာန် ဘယ်လိုလုပ်ပြီးသကာလ ရောက်အောင် သွားရမှာပါလိမ့်မတုံးဆိုတဲ့ သွားလမ်းတော့ ကိုပေါ်တို့...ကိုဝတို့ ယနေ့ ပေါ်ပြီနော်....(ပေါ်ပါပြီဘုရား)။

ငါ့ပါရမီ မရှိလို့လားဆိုတဲ့ စကားကိုလဲ မသုံးပါနဲ့.... (မှန်ပါ့) မီးပွတ်တာ နည်းနေသေးလို့ မထွက်သေးတာသာလျှင် ကောန်ထားပါ.. (မှန်ပါ့)

တကာကြီးလို့ငင်ရှင်းပြီနော်(ရှင်းပါပြီဘုရား)အဲ့....ဒုဝ်ဟိတ်တို့ အဟိတ်တို့ ကျတော့လဲ.... ဘယ်ထွက်နိုင်ပါ့မတုံး ပေါ့ဗျာ.... ဒီမှာတော့ တကာတကာမတွေက ဝိပဿနာဉာဏ် နားလည်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်နေတော့ ဒါတွေ တိဟိတ်တွေက ပို့ပြီးသကာလ နေတော့ တိဟိတ်ပင် ဖြစ်ခြေးသော်လဲ ကိုပေါ်,ကိုဝတို့က မှတ်၊ မပွတ်တို့က်လို့ရှိယင် မီးမထွက်ဘူး....(မှန်ပါ့)သဘောပါလား-- (ပါပါပြီ) ငါ တိဟိတ်ဘဲဆိုပြီး အိပ်နေလို့ကော(မရပါဘုရား) မရနိုင်ဘူးဆိုတာ သေချာကြပလား....(သေချာပါပြီဘုရား)။

အဲဒါကြောင့် ဟန်ကလေး,ပန်ကလေးနဲ့ တချိတပဲ့တော့ဖြင့် မနေဘဲနဲ့ ဟန်ပန်တွေ အကုန်သိမ်းပြီးသကာလ မီးထွက်အောင် တိုက်မယ်ဟဲ့....ဆိုတဲ့ ဝိရိယ အဓိပတိထား၊ ဆန္ဒ အဓိပတိထား

ယင် ရပါလိမ့်မယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ ဘုရား)။

ဘာ အဓိပတိထားရမလဲ....(ဝီရိယနဲ့ ဆန္ဒ အဓိပတိထားရပါ မယ်ဘုရား)။

ဝီရိယနဲ့ ဆန္ဒ၊ ဆန္ဒကလဲ နိဗ္ဗာန်တည်းဟူသော မိုးကို မထုတ် ထုတ်အောင်, မရ-ရအောင် လုပ်မဟ....ဆိုတဲ့ ဆန္ဒပြင်းပြလို့ရှိ ယင်လဲ ဆန္ဒိဒ္ဓိပါဒ် သွားဖြစ်တယ်....(မှန်ပါ့)သဘောကျပလား (ကျပါပြီဘုရား)။

အဲဒီကဲ့သို့ ဆန္ဒိဒ္ဓိပါဒ် ဖြစ်သွားပြန်တော့လဲတဲ့ ဝီရိယကလဲ ဝီရိယ အဓိပတိဖြစ်လို့ ဟိုကလဲ ဣဒ္ဓိပါဒ် ဖြစ်သွားတဲ့အခါကျ တော့ တကာတကာမတို့ မှတ်လိုက်တာပေါ့ မရ,မရှိပါဘူးဆို တာ ပေါ်လာပါတယ်...(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ ဘုရား)။

ဒါဖြင့် နိဗ္ဗာန်သည် ဘယ်ကာလမှာ ဖို့ပါလိမ့်....(ဘယ်ကာ လမှာမှ မရှိပါဘုရား) ဘယ်ကာလမှာမှ မရှိဘူး။

ဦး....မရှိဘူးလားဆိုတော့....(ရှိပါတယ်ဘုရား)။

ဘယ်လို ပုဂ္ဂိုလ်မှာ ရှိပါလိမ့်မလဲဆိုတော့ ခန္ဓာနဲ့ ဉာဏ်နဲ့ များများတိုက်တဲ့ ပုဂ္ဂိုလ်မှာ ရှိတာဘဲ....(မှန်ပါ့)ခန္ဓာနဲ့ ဉာဏ်နဲ့ များများမတိုက်တဲ့ ပုဂ္ဂိုလ်မှာ....(မရှိပါဘုရား)မရှိဘူးတဲ့....။

ဒါဖြင့် သားရေး, သမီးရေး, စီးပွားရေး အရေးကြီးနေတဲ့ ပုဂ္ဂိုလ်ကျတော့ ကိုယ့်ခန္ဓာနဲ့ ဉာဏ်နဲ့မှ မတိုက်တော့ဘဲ... (မှန်ပါ့) သားသမီး ခန္ဓာနဲ့သာ ကိုယ့်တဏှာတွေနဲ့ သွားတိုက်

တယ်....(မှန်ပါ့)ကိုယ့်ဒေါသနဲ့ သွားတိုက်တယ်....(မှန်ပါ့)မဟုတ်ဘူးလား....(မှန်ပါ့)။

အဲဒီတော့ ခန္ဓာနဲ့ ဉာဏ်နဲ့ ဟုတ်သေးရဲ့လား....(မဟုတ်ပါဘုရား)။

စိုးပွားရေးသမားတွေ အလုံးစုံ အကုန် လောဘ,ဒေါသတွေနဲ့ နေတဲ့ ပုဂ္ဂိုလ်ကျတော့ သားရေး,သမီးရေး, စိုးပွားရေးနဲ့သာတဏှာနဲ့ သွားတိုက်, ဒေါသနဲ့ သွားတိုက်၊ သားအာရုံနဲ့ ဒေါသနဲ့ -သမီးအာရုံနဲ့ ဒေါသနဲ့ သွားတိုက်လို့ ဘယ်နိဗ္ဗာန်ထွက်လိမ့်မတုံး....(မှန်ပါ့)။

ကိုပေါ် ထွက်ပါ့မလား....(မထွက်ပါဘုရား) ကဲ... ဦးဘကလေး ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် နိဗ္ဗာန်ရှိသလား....မရှိဘူးလား....တကာ တကာမတို့ (ရှိပါတယ်ဘုရား) ဘယ်လို ပုဂ္ဂိုလ် ရှိပါလိမ့်မတုံး....(ခန္ဓာနဲ့ ဉာဏ်နဲ့ တိုက်တဲ့ပုဂ္ဂိုလ် ရှိပါတယ်ဘုရား)။

အဲ....သေချာသွားပြီ၊ ခန္ဓာနဲ့ ဉာဏ်နဲ့ တိုက်တဲ့ ပုဂ္ဂိုလ်မှာဖြင့် မီးနဲ့ တူတဲ့ နိဗ္ဗာန်သည် ကေန်ထွက်လာပါလိမ့်မယ်ဆိုတာ လုပ်ပါ....(မှန်ပါ့) ခန္ဓာနဲ့ ဉာဏ်နဲ့ တိုက်ပါမျှးတော့ ကြည့်စမ်းပါလား....တဲ့ ပဌမ ဖြစ်ပျက်ဆိုတော့ ဥဒယဗ္ဗယနဲ့ ဉာဏ်နဲ့ သွားတိုက်တယ်....(မှန်ပါ့) မတိုက်ဘူးလား....(တိုက်ပါတယ်ဘုရား)။

တော်တော်ကြာကျလို့ ရှိယင်ဖြင့် ရှုဖန်မျှးလာတော့ အင်း--ဖြစ်ပျက်တောင် မဖေါက်တော့ဘူး၊ အပျက်နဲ့ ဉာဏ်နဲ့ သွားတိုက်တယ်....(မှန်ပါ့) ရင့်မလာဘူးလား....(ရင့်ပါတယ်ဘုရား)။

ဥဒယဗ္ဗယ-ဘင်္ဂ-နောက်ကျတော့ ဒီ ဖြစ်ပျက်တွေက ဘေး ထင်ပြီးသကာလ ဉာဏ်နဲ့ မတိုက်မိဘူးလား....(တိုက်မိပါတယ် ဘုရား)။

ဒီလို အစဉ်အတိုင်း တက်သွားတာကွာ....တဲ့ တိုက်ပါမျှား တော့၊ နောက်ကျတော့ အာဒီနဝ ဆိုတဲ့ ဒီ ဖြစ်ပျက်တွေဟာ ကိုယ့်အားပြစ် သင့်နေတာဘဲဆိုပြီးတော့ ဉာဏ်နဲ့ သွားသွားမတိုက်ဘူးလား....(တိုက်ပါတယ် ဘုရား) အဲဒါ အာဒီနဝ ဉာဏ်နဲ့လဲ ခန္ဓာနဲ့ဘဲ သွားတိုက်တာဘဲ....(မှန်ပါ့) မတိုက်ဘူးလား....(တိုက် ပါတယ်ဘုရား)။

အင်း... နောက်ကျတော့ နိဗ္ဗဒ်ဉာဏ်ဆိုတော့ ဒီဖြစ်ပျက်တွေ ကို ဒီ ဉာဏ်နဲ့ သွားတိုက်တာဘဲတဲ့၊ ငြီးငွေ့တဲ့ ဉာဏ်နဲ့ သွားတိုက် တယ်....(မှန်ပါ့)မတိုက်ဘူးလား....(တိုက်ပါတယ်ဘုရား)။

အဲ....ဒီကျလာလို့ ရှိယင် တကာတကာမတွေက မပေါ့နဲ့တော့ ဩဿော်... ဗလဝ အားကြီးတဲ့ ဝိပဿနာဖြစ်ပြီ....(မှန်ပါ့)။

ဘယ်လို ဆိုကြပါ့မယ်....(ဗလဝ ဝိပဿနာ ဖြစ်ပါပြီဘုရား)။

ဗလဝ ဝိပဿနာဆိုတာ မှတ်လိုက်စမ်းပါ ဝိပဿနာမှာဖြင့် ရှုင့်ကျက်ပြီဟော့....၊ မိုးထွက်ဘို့ ကပ်နေပြီ....(မှန်ပါ့)သဘောကျ ပလား....(ကျပါပြီဘုရား)။

ငြီးငွေ့လာလို့ ရှိယင်ဖြင့်....(မိုးထွက်ဘို့နီးပါပြီ)နိဗ္ဗာန်တည်း ဟူသော မိုးထွက်ဘို့....(ကပ်နေပါပြီဘုရား)။

အေး... နိဗ္ဗာန်တည်းဟူသော မိုးထွက်ဘို့ဟာ အနီးကလေး ကျွန်တော့်တယ်ဆိုပြီး တကာတကာမတွေ နောက်မဆုတ်လိုက်

ပါနဲ့....(မှန်ပါ) ဖြစ်ပျက်တွေ့မျှား မုန်းနေတဲ့ အချိန်ကျယင် မောင်နိုင်....နောက်ဆုံတ်လိုက်လို့ တော်ပါ့မလား....(မတော်ပါဘူးရှား) မီးထွက်ဘို့ ဘယ်နှယ်နေသလဲ....(နှိုးပါပြီဘုရား)။

နိုဗ္ဗာန်တည်းဟူသော မီးထွက်ဘို့....(နှိုးပါပြီဘုရား) နှိုးပြီဆို တာ သေသေချာချာ လုပ်ပါနော်....(မှန်ပါ့)။

အဲဒီတော့ နိုဗ္ဗာန် တစ့်တစလို့ လုပ်တဲ့ ပုဂ္ဂိုလ်က ခုနင်က ဆန္ဒ ဝီရိယ လျော့တဲ့ ပုဂ္ဂိုလ်ဆီ ပုဂ္ဂိုလ်ရောက်တယ်.... (မှန်ပါ့) ပြင်းပြင်းထန်ထန် လုပ်လိုက်မယ်ဆိုလို့ ရှိယင် မောင်နိုင်....မရပေဘူးလား... (ရပါတယ်ဘုရား)။

အေး....ဒါကြောင့် အို.... ကျုပ်တို့တော့ဖြင့် တဖြေးဖြေး တော့ပြင့် ရအောင် လုပ်ရမှာဘဲဆိုတဲ့ ဥစ္စာကို မီးတိုက်တာ ဝါးန္ဒစ်လုံး တိုက်နေတဲ့ ဥစ္စာ ဦးဘရှင်းရေ...ခပ်အေးအေး တယောထိုးသလို တိုက်နေလို့ မဖြစ်ဘူး....(မှန်ပါ့)သဘောပါပလား.... (ပါပါပြီဘုရား)။

ခပ်ပြင်းပြင်း တိုက်ယင် ခပ်ပြင်းပြင်း မီးထွက်လာမယ်ဆိုတာ မသေချာဘူးလား....(သေချာပါတယ်) အေး....ဒါတွေ ရှင်းကြပလား .. (ရှင်းပါပြီဘုရား)။

ကိုင်း... ဒါဖြင့် မီး ပူပူ-ပူပူလာတဲ့ ဥစ္စာ မောင်နိုင်... ပဌမဖြစ်ပျက်နဲ့ မဂ်နဲ့ တိုက်လို့ ဥဒယဗ္ဗယ ဉာဏ်ကိုဘဲ ထက်လာတယ် (မှန်ပါ့) နောက်တခါ တိုက်ပါမျှားတော့ ဘင်္ဂ-အပျက်တွေ့ချည့် မြင်တဲ့ ဉာဏ်နဲ့ကော....(တိုက်ပါတယ်) ဒါ မီးပူလာတာလား....မပူလာတာလား....(ပူလာတာပါဘုရား)။

ခုနင်က ဥဒယဗ္ဗယထက် ဘင်္ဂကို ပူလာတယ်....(မှန်ပါ့)ဘင်္ဂထက် ဘယကကော....(ပူပါတယ်ဘုရား)ဘယထက် အာဒီနဝကကော....(ပူပါတယ်)အာဒီနဝထက် နိဗ္ဗိန္ဒကခကော....(ပူပါတယ်ဘုရား)။

ကဲ....နိဗ္ဗိန္ဒပြီးတော့ မင်္ဂလာတော့မှာဘဲဆိုတော့ အပူအစုမ်းကုန်ရှိလို့ရှိယင် တောင်ရုံဘဲ ရှိတော့တယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

နိဗ္ဗိန္ဒဉာဏ်ပြီးတော့ ဘဉာဏ်လာမတုံး.... (မင်္ဂဉာဏ် လာပါမယ်)မင်္ဂဉာဏ်ဘဲလာပါတယ်၊ဒီကြားဟာတွေက ကျော်လို့က်ပါတော့တဲ့၊ ဒါ....နိဗ္ဗိန္ဒထဲ အကုန် ဝင်လာတာတွေ(မှန်ပါ့)။

တကာကြီးလှိုင်....ရိပ်မိပြီလား....(ရိပ်မိပါပြီဘုရား) သဘောပါကြလား....(ပါပါပြီဘုရား)။

အင်မတန် အဘိုးတန်တဲ့ နေ့ပါကလားဆိုတဲ့ဥစ္စာ ကိုယ်တိုင် ကိုဝတို့....နော်....(မှန်ပါ့)။

ဆုတောင်းသမားတို့၏ အလုပ် မဟုတ်ဘူး၊ ဘဝကြည့်ပြီး အပြောသမားတို့၏....(အလုပ်မဟုတ်ပါဘုရား)။

အလုပ်မဟုတ်ဘူးဆိုတာကော တကာတကာမတူအခု မလာနှင်းကြီးနဲ့ ရှင်နာဂသိန် အမေးအဖြေ ထောက်လို့က်သဖြင့်ဘဲ အရှင်းကြီး ရှင်းသွားပါပြီ မရှင်းသေးဘူးလား.... (ရှင်းပါပြီဘုရား)။

ဒါခြောင့် ဟော....ဝိပဿနာ ကြိုးစားကြ၊ကြိုးစားကြ၊ကြပ်ကြပ်ရှုကြပါ၊ ကြပ်ကြပ်မှတ်ကြပါဆိုတာကို ကိုဝ.... တိုက်တွန်း

သင့်.... မတို့က်တ္ဒန်းသင့်.... (တို့က်တ္ဒန်းသင့်ပါတယ် ဘုရား) သဘောကျပလား....(ကျပါပြီ)။

အဲဒီတော့ကို ခပ်နှေးနှေးနဲ့ ခပ်ပျင်းပျင်း လုပ်နေလို့ ရှိယင် မီးဟာ နှေးနှေးမှဘဲ ထွက်မှာဘဲ....(မှန်ပါ့)။

ခပ်သုတ်သုတ်ကလေး လုပ်ကြမယ်ဆိုလို့ ရှိယင်တဲ့ (ခပ်သုတ်သုတ် မီးထွက်ပါမယ်ဘုရား)။

ခပ်သုတ်သုတ် မီးထွက်လာမှာဘဲ မီးနဲ့တူတဲ့ နိဗ္ဗာန်ထက်လာလိမ့်မယ်ဆိုတာ ငြင်းစရာ လိုသေးသလား.... (မလိုပါဘုရား) သေချာကြပလား....(သေချာပါပြီ)။

အဲဒီမှာ မိလိန္ဒပဉ္ဉာကို အကိုးအကားတားပြီး သိပ်ဥဇ္ဇတ္တန်းကပြုတဲ့ နာမရူပပရိစ္ဆေဒကျမ်းဆိုတာရှိတယ်၊ သုပိပဿီကရုဒ္ဓဂန်းတဲ့ ကျမ်းပါဘဲ....(မှန်ပါ့) သူက ဘယ်လို ရေးလိုက်သာတုံး....ဆိုတော့....

"ပရိပက္ကာကမေနေဝံ၊ ပရိဘာဝိတ ဘာဝနာ"။

ပရိပက္ကာကမေနေဝံ .... တဲ့ အစဉ်အတိုင်းသာ တိုးသွားစမ်းပါကွာ....တဲ့ ဝါးကို ဒီနေရာကလေးချည့် အစဉ်အတိုင်း တိုက်တိုက်သွားစမ်းပါ၊ ထပ်ထပ်....ထပ်ထပ် တိုက်သွားစမ်းပါဆိုတာဘဲနော်... (မှန်ပါ့)။

နောက်ကျတော့ ဘယ့်နှယ်ဖြစ်မလဲ ပရိစ္ဆေဒန္တိ သဒ်္ဒါရေ....တဲ့ ပရိစ္ဆေဒန္တိ သဒ်္ဒါရေဆိုတာ ဉာဏ်က နောက်ကျတော့လွှာ....တဲ့ ဖြစ်ပျက်ကိုဘဲ၊ အစတော့ ဖြစ်ပျက်နဲ့ မဂ်နဲ့ချည့် တိုက်နေတာဘဲ နောက်ကျတော့ ဉာဏ်က ဖြစ်ပျက်နဲ့။ မတို့က်တော့ဘူးဟော....

ပရိုစ္စဇဉ် သခ်ါရေ....သခ်ါရတရား စဉ့်သွားတယ်....တဲ့၊ ဖြစ်ပျက် စဉ့်တယ်....(မှန်ပါ့) ပက္ခန္ဒတိ အသခ််တေ-အသခ််တ....ဆိုတဲ့ဘက် ကို တခါတည်း ဥာဏ်က ပြေးသွားတယ်....(မှန်ပါ့)။

ပဌမတော့ သခ််တဖြစ်ပျက်နဲ့ မဂ်နဲ့ တိုက်နေတာဘဲ (မှန်ပါ့ ဘုရား)။

နောက်ကျတော့ မောင်နိုင် ဒီဥာဏ်က ဘယ်ဘက်ပြေးသွား သတုံး (အသခ််တဘက် ပြေးသွားပါတယ်ဘုရား)။

အသခ််တဘက်ပြေးသွားတယ် တကာတကာမတို့ ပဌမသခ််တ အနိစ္စနဲ့ ဥာဏ်နဲ့ ကိုဝ....တိုက်နေတယ်....(မှန်ပါ့)။

နောက် တိုက်ပါမျှားတော့ ဒီဥာဏ်က ဘယ်ဘက်ပြေးသလဲ (အသခ််တဘက် ပြေးပါတယ်)။

အဲဒါကြောင့်.... " ပရိပက္ကာ ကမေနေဝ၊ ပရိဘာဝိတ ဘာဝနာ"တဲ့ ပရိဘာဝိတ ဘာဝနာဆိုတာ ကြပ်ကြပ်ကလေးကို ပွားပေးစမ်းပါကွာ....တဲ့၊ သဘောကျပလား....(ကျပါပြီ)။

အစဉ် အတိုင်း ဥာဏ်တွေတက်လာပါလိမ့်မယ်တဲ့နော်(မှန်ပါ့ ဘုရား)။

ခင်ဗျားတို့က ဥာဏ်တက်ပေးလို့လဲ မရဘူး၊ ဆရာက ဥာဏ် တဖက်တက်ပေးလို့လဲ မရဘူး....(မှန်ပါ့)။

ဥာဏ်ဆိုတာမျိုးဟာက အစဉ်အတိုင်း သူ့ဟာသူ ဝိပဿနာ ဥာဏ်ဆိုတာက မောင်နိုင် ဖြစ်ပျက်နဲ့ မဂ်နဲ့ တခါတည်းတိုက်ပါ မျှားလို့ အမြင်ပြောင်းပြောင်းသွားတာ....(မှန်ပါ့)။

သူ့ကို ဆရာက တက်ပေးလို့ ရရဲ့လား.... (မရပါဘူးရှင်း)။

ကိုယ့်ဟာကို တိုက်ပါမျှားတာနဲ့ ဘာဖြင့် သွားသလဲ.... (တိုက်ပါမျှားယင် ပြောင်းသွားပါတယ်)။

ပြောင်းပုံကလေးကဘာတဲ့.... (အမြင်ပြောင်းပါတယ်) ပဌမဖြစ်ပျက်မြင်တယ်၊ နောက် အပျက်ခံသည်မြင်တယ် ... (မှန်ပါ့ဘုရား)။

အမြင် ဘယ့်နှယ် နေကြသလဲ.... (ပြောင်းသွားပါတယ် ဘုရား)။

အေး....ဒါကြောင့် အဲဒါ အကြောင်းရင်းခံပြီး နာမရူပ ပရိစ္ဆေဒကျမ်းက ပရိပက္ကာကမေနော်၊ ရှင့်ကျက်တဲ့အစဉ်ရှိသလဟ့တဲ့....(မှန်ပါ့)။

ဧဝံ....ဤသို့၊ ကမေန....အစဉ်သဖြင့်၊ ပခိုပက္ကာ.... ရှင့်ကျက်ခြင်းသည်၊ ဟောတိ= ဖြစ်၏၊ အစဉ်အတိုင်း ရှင့်ကျက်သတဲ့၊ သဘောပါပလား....(ပါပါပြီ)။

ပဌမဖြစ်ပျက်နဲ့တိုက်တယ်၊ နောက်ကျတော့ အပျက်နဲ့လာတိုက်တယ်၊ အပျက်နဲ့မဂ်နဲ့ မတိုက်ဘူးလား.... (တိုက်ပါတယ်ဘုရား)။

ဥဒယဗ္ဗယ ဘင်္ဂ....နောက် ခုနင်က ဖြစ်ပျက်နဲ့ဘဲ ခန္ဓာဖြစ်ပျက်ကိုဘဲ ဘေးထင်တဲ့ဥာဏ်နဲ့ သွားမတိုက်ဘူးလား....(တိုက်ပါတယ်ဘုရား)။

ဒီလို အစဉ်အတိုင်း တိုက်သွားတာဘဲကွာ....တဲ့ ပေါ်ကြပလား....(ပေါ်ပါပြီ)။

အဲဒီတော့ ဘယ်လိုတုံးလို့ မေးတဲ့အခါကျတော့ ပရိဘာဝိတဘာဝနာ... တဲ့ ၊ မင်းတို့ ပဉ်းသာပေးဘဲ့၊ မင်းတို့က ဘယ်ဥာဏ် ရောက်ရပါလို့၏၊ဘယ်ဥာဏ် ရောက်ရပါလို့၏ဆိုတာ မင်းတို့တာဝန်မဟုတ်ဘူးတဲ့.... (မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီ)။

ဘယ်ဥာဏ် ရောက်ရပါလို့၏၊ ဘယ်ဥာဏ် ရောက်ရပါလို့၏ ဆိုတာ ယောဂိပုဂ္ဂိုလ်၏တာဝန် မဟုတ်ပါဘူး...တဲ့.... (မှန်ပါ့ ဘုရား)။

ယောဂိပုဂ္ဂိုလ်အလုပ်က ဒီဝါးနှစ်လုံးတိုက်တဲ့ဥစ္စာ နည်းနည်းပဲရှာက အလတ်စားပဉ်ဘို့၊အလတ်စားကနေပြီး အထက်စား ပဉ်ဘို့၊ ဒါ....တိုက်တဲ့အလုပ်က ကိုယ့်ဘာဝနာ၊ ပဉ်ဘို့အလုပ်က ဝါးနှစ်လုံး၏တာဝန်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

အဲဒီလိုမှတ်ပြီးသကာလထားလိုက်တော့မှ သြော်... ဝိပဿနာအလုပ်ဆိုတာသည်ကားလို့ ဆိုယင် ဖြစ်ပျက်နဲ့ မဂ်နဲ့တိုက်နေဘို့အလုပ်တခုဟာ ဒို့တာဝန်ဘဲ၊ ဉာဏ်စဉ် တက်တာကတော့ဖြင့် တိုက်ပါမျှားလို့ အမြင်ပြောင်းတာဘဲ....(မှန်ပါ့)မှတ်မိကြပလား (မှတ်မိပါပြီ)။

တိုက်ပါမျှားလို့.... (အမြင်ပြောင်းတာပါဘုရား) အမြင်ပြောင်းတာကို ဉာဏ်တက်တယ် ခေါ်တာ(မှန်ပါ့)ရှင်းကြပလား (ရှင်းပါပြီ)။

အမြင်ပြောင်းတာကို.... (ဉာဏ်တက်တယ် ခေါ်ပါတယ် ဘုရား)။

ဉာဏ်တက်တယ်လို့ ခေါ်တယ်ဆိုတော့ဖြင့် သြော်... ငါဘယ် ဉာဏ်ရောက်ပြီ.... ငါဘယ်ဉာဏ်ရောက်ပြီလို့ ဆရာကလဲ မပြော နိုင်ဘူး သဘောကျပလား....(ကျပါပြီ) အလုပ်ကပြောသွားမယ် (မှန်ပါ့)။

ကိုဝ.... ဘယ်သူကပြောမတုံး.... (အလုပ်က ပြောပါတယ် ဘုရား)။

တိုက်ပါမျှားတာနဲ့ အလုပ်က ပြောသွားတာဘဲ.... (မှန်ပါ့ ဘုရား)။

ဦးဘကလေး.... ကောင်းကောင်းကျနပ်ပလား.... (ကျနပ် ပါပြီ)ရှင်းပြီနော်.. (ရှင်းပါပြီ)။

ကိုင်း....ဒါဖြင့် "ပရိပက္ကာဂကမေနော်၊ ပရိဘာဝ်တဘာဝနာ" တဲ့ ခင်ဗျားတို့တာဝန်ကဖြင့် ဖြဝ်ပျက်နဲ့ မဂ်နဲ့ ပွားနေဘို့ပါဘဲ တဲ့....(မှန်ပါ့)။

သူ့ဟာသူ အစဉ်အတိုင်းအမြင်ပြောင်းပါလိမ့်မယ် (မှန်ပါ့ ဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

နောက်ကျတော့ အမြင်ပြောင်းသွားတော့ ဘယ်လိုဖြစ်မလဲ လို့ မေးတဲ့အခါကျတော့ သန်ါရတွေ့ မမြင်ဘဲနဲ့ သန်ါရမရှိတဲ့ ဘက်ကို မြင်လိမ့်ဦးမယ်ကွ....တဲ့။

မောင်နိုင် သန်ါရမမြင်ဘဲနဲ့.... (သန်ါရမရှိတဲ့ဘက် မြင်ပါ လိမ့်မယ်ဘုရား)။

အဲ....ခုနင်က ဥဒယဗ္ဗယ- ဘင်္ဂ- ဘယ....ဆိုတဲ့ ရုပ်နာမ် ဓမ္မ တွေကို မမြင်ဘဲနဲ့ ရုပ်နာမ်ဓမ္မတွေ့ မရှိတဲ့နိဗ္ဗာန်သွားမြင်မှာဘဲတဲ့

(မှန်ပါ့) တိုက်ပါမျှားဘို့ဘဲ အရေးကြီးပါတယ်.... (မှန်ပါ့ဘုရား)။

တကာ တကာမတို့.... ရှုပါမျှားဘို့ဘဲ....(အရေးကြီးပါတယ်ဘုရား)။

အရေးကြီးတယ်ဆိုတာ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

အဲဒီတော့ အင်မတန် တကာတကာမတွေ ကံထူး ဘုန်းထူးလို့ ကိုဝ.... ကြားရတာနော်....(မှန်ပါ့)။

နို့မဟုတ်လို့ ရှိယင် ခင်ဗျားတို့ မိဘရိုးရာနဲ့မျှား ဆုံးနေကြဦးမယ်ဆိုလို့ ရှိယင်ဖြင့် ဘာကလေးလှူလဲ နိဗ္ဗာန်ရရပါလို့၏၊ ဘာကလေးတန်းလဲ နိဗ္ဗာန်ရရပါလို့၏၊ ဒါနဲ့သာ ခေါင်းထဲဝင်သွားတာဘဲ... (မှန်ပါ့) ဦးဘရှင်း ရှေးကပုဂ္ဂိုလ်တွေ့ မျှားသောအားဖြင့် ... (ဒီအတိုင်းပါဘုရား) ဒီအတိုင်း ဒါနဲ့ဘဲ ခေါင်းထဲဝင်သွားကြတာဘဲ ကိုဝတို့.... ဒါ....ဘုန်းကြီးက စကားကြီးပြောတာ မဟုတ်ပါဘူး....(မှန်ပါဘုရား) ဒီ....ပုတ်တိုက်နေတဲ့ပုဂ္ဂိုလ်ဟာ ကိုဝ.... ရှာမှရှားလိမ့်မယ်....(ရှားပါတယ်ဘုရား)။

ဒါဖြင့် အဲဒီပုဂ္ဂိုလ်တွေ့ အခု ဘယ်လိုမျှား နေရှာပါလိမ့်မတုံး၊ နိဗ္ဗာန်မျှားရောက်နေလေရော့လား.... သူတို့လုပ်သွားတာတွေ့ နည်းတာတွေ့မဟုတ်ဘူး၊ အို....အလုပ်စစ် ပါမသွားသေးဘူးပြောတာ....(မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီ)အလုပ်စစ်ဖြင့်....(ပါမသွားသေးပါဘုရား)။

မပါသေးပါဘူး ဆိုစဲ့ဥစ္စာသည် ဝေးသောအကြောင်းသာ ပါသွား၍ နီးသောအကြောင်းက.... (မပါပါဘုရား)။

မပါသေးတော့ နောက်ဘဝကျတော့လဲ ကိုဝ.... ဝေးသော အကြောင်းက သူ့စ-မှာဘဲ (မှန်ပါ့)။

အဲဒီတော့ ငါလုပ်နေတာ ကြာလှပြီ.... မရသေးဘူးလို့.... ညည်းလုံးတွေ့ တကာတကာမတို့ အားလျှော့လုံးတွေ့ ဆုတ်နစ်တဲ့ အသံတွေ့ မထုတ်လိုက်ပါနဲ့....(မှန်ပါ့)။

မီးထွက်ချိန် မရောက်သေးလို့ တကာကြီးလှိုင် ဘာဖြစ်ကာ တုံး...(မရသေးတာပါ) မထွက်သေးတာ၊ မျှင်းပလား....(ရှင်းပါ ပြီဘုရား)။

အဲ.... ဒီ အတိုင်း မှတ်လို့ ရှိယင်ဖြင့် မလုပ်သေးတဲ့ တကာ တကာမတွေလဲ ကြိုးစားလိုက်စမ်းပါ.... (မှန်ပါ့) လုပ်ပြီးသား တကာတကာမတွေလဲ တက်နိုင်အောင် ကြိုးစားပေါ့....(မှန်ပါ့) ဘုရား) မကြိုးစားရပေဘူးလား....(ကြိုးစားရပါမယ်) ကြိုးစား ရမှာဘဲဆိုတာ သေချာပလား....(သေချာပါပြီ)။

ဒါကြောင့် နာမရူပ ပရိစ္ဆေဒကျမ်းမှာတဲ့ တကာတကာမ တို့ ပရိပက္ကာ ကမ္မေနေဝံ....ဆိုတာ အစဉ်အတိုင်းသာ လုပ်ပါ။

အစဉ်အတိုင်း ဘယ်လို လုပ်ရမလဲ .... ပရိဘာဝိတဘာဝနာ ပွားသာပွားဟေ့....တဲ့ အစဉ်အတိုင်းဆိုတာဒါပါဘဲတဲ့။

ပွားတော့ ဘာဖြစ်မှာတုံးဆိုတော့ ပရိစ္ဓဇန္တိ သင်္ခါရေ--တဲ့၊ သင်္ခါရတရားတွေ့ စွန့်ပစ်ပါ့တယ်ကွ....တဲ့။

"ပက္ခန္ဒတိ အသခ်ံတေ"....တဲ့၊ အဲဒီ့ မင်းရှုနေတဲ့ ဥာဏ်က နိဗ္ဗာန်ဘက် ပြေးသွားတာဘဲကွ....တဲ့၊ သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒါ နာမရူပပရိစ္ဆေဒကျမ်းမှာ လာတယ်နော်.... (မှန်ပါဘုရား)။

အဲဒီတော့ ဒါဖြင့် တပည့်တော်တို့ ဘယ်ဟာ ရှေ့ထားပြီး ဘယ်ဟာ နောက်ထားရမှာတုံးလို့ ဓမ်းတဲ့အခါကျတော့မှ သူက တခါ ဘယ်ကနေကူးပြီး ရေးပြန်သတုံးဆိုတော့မှ တကာတကာမတို့ မဟာဝဂ္ဂသံယုတ်ပါဠိတော်က ဟာကို သူက ဂါထာစီပြီး သကားလ ထားတယ်၊ စင်စစ်တော့ မဟာဝဂ္ဂသံယုတ်မှာ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောတာနော်....(မှန်ပါ)။

ဘယ်လို ဟောသတုံးဆိုလို့ ရှိယင်ဖြင့်တဲ့ တကာတကာမတို့ နေထွက်တော့မယ်ဆိုတဲ့ နိမိတ်ဟာ ဘာမြင်သဖြင့် သိရပါလိမ့် မတုံးဆိုတော့ အာရုဏ်တက်တာ မြင်သဖြင့် သိရတယ်....(မှန်ပါဘုရား)။

နေထွက်တော့မယ်ဆိုတဲ့ ပုဗ္ဗနိမိတ်ဟာ ဘာပါလိမ့်-(အာရုဏ်တက်ပါတယ်) အာရုဏ်တက်တယ်။

အာရုဏ်တက်တော့ နိုလာတယ်၊ အာရုဏ်တွေ့ နိုလာပြီဆိုမှ ဖြင့် ကိုဝရေ....ဘာဖြစ်မလို့ ထင်သတုံး....(နေထွက်တော့မလို့ ပါဘုရား)။

ဩော်....နေထွက်မည့် ပုဗ္ဗနိမိတ်သည် အာရုဏ်တက်က ပြပါ့ကလား....(မှန်ပါ့)။

နေထုတ်မည့် ပုဗ္ဗနိမိတ်သည်....(အာရုဏ်တက်က ပြပါတယ် ဘုရား)။

အာရုဏ်တက်တဲ့ နေ့ဟာဖြင့် နေ ထုတ်တော့မှာဘဲ ဆိုတာ ဘယ်သူ့ မေးစရာ လိုသေးသလား....(မလိုပါ ဘုရား)။

အဲ....ဒီအတိုင်းပါဘဲကွာ....တဲ့။

"ဥဂ္ဂစ္ဆတိ ယထာဒိစ္စော ပုရေကွေ တဉ္စ ရုဏ်တထာ"

အဲ....နေထုတ်တော့မယ်ဆိုတော့ အာရုဏ် တက်တာဟာ ရှေ့သွားရှိသလိုဘဲတဲ့၊ ဝိပဿနံ ပုရေကွေ တဉ္စ=ဝိပဿနာကို မင်းတို့ ရှုနေလို့ ရှိယင် အာရုဏ်တက်တာကဉ်တဲ့....(မှန်ပါ့)။

ကိုဝ... ဘာတဲ့....(အာရုဏ်တက်တာပါတဲ့ဘုရား)ဟို့....မဂ် တည်းဟူသော နေထုတ်တော့မယ် .. (မှန်ပါ့) နိဗ္ဗာန်တည်းဟူ သော အာရုဏ် ပေါ်တော့မလို့....(မှန်ပါ) ရှင်းကြပလား.... (ရှင်းပါပြီ)။

"ဥဂ္ဂစ္ဆတိ ယထာဒိစ္စော၊ ပုရေကွေ တဉ္စ ရုဏံတထာ၊ ဝိပဿနံ ပုရေကွေ တဉ္စ" ဝိပဿနာကို ရှေ့သွားကလေးလုပ်ပေးစမ်းပါကွာ-တဲ့၊ သဘောကျပလား....(ကျပါပြီ)။

ဝိပဿနာ ရှေ့သွားလုပ်ပါပြီတဲ့ တပည့်တော်တို့ နေ့တိုင်း ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်အောင် ရှုနေတာဘဲလို့ ဦးဘရှင်းကဘဲ ပြောပြော၊ အားလုံး တရားနာတဲ့ တကာတကာမတွေက တပည့် တော်တို့လဲ လုပ်နေတာပါဘုရား၊ ဝိပဿနာ ရှေ့ထားပြီး လုပ် တာပါဘဲ၊ သဘောကျပလား....(ကျပါပြီ) ဝိပဿနာ ရှေ့ထား ပြီးသာ လုပ်ပါတဲ့....။

တကာတကာမတို့ ဘာကို ရှု့ထားလုပ်ရမလဲ....(ဝိပဿနာ ရှု့ထား လုပ်ရပါမယ်ဘုရား)။

ဝိပဿနာသာ ရှု့ထားပြီးသကာလ လုပ်ပါတဲ့....၊ ကဲ.... ဒါဖြင့်....

ဥဂ္ဂစ္ဆတိ ယထာဒိဋ္ဌော၊ ပုရေက္ခ ်တွာ ရုဏ်တထာ။
ဝိပဿနံ ပုရေက္ခ ်တွာ၊ မဂ္ဂမေဓော ပဝတ္တတိ။ ။

ကဲ....မင်း ဝိပဿနာသာ ရှု့ထားလုပ်လို့ရှိယင် မင်္ဂဗာဏ် သေသေချာချာ လာမယ်ကွာ....တဲ့(မှန်ပါ့) ဒါဒီဖြင့်ဟာ မပြောလိုဘူးတဲ့....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ)။

အာရုဏ်တက်တဲ့ အလုပ် ဒိုလို့ရှိယင်ဖြင့် နေထွက်တဲ့ အလုပ် နှောက်က လိုက်မှာဘဲ... (မှန်ပါ့) ဒီမှာလဲ ဝိပဿနာတည်းဟူသော အာရုဏ်တက်တဲ့ အလုပ်သာ လုပ်နေပါတဲ့... (မှန်ပါ့) မင်္ဂဗာဏ်တည်းဟူသော နေဟာ မုချ ဝင်းပါလိမ့်မယ်လို့ တာဝန် ခံပါတယ်... (မှန်ပါ့)။

ဒီဟာကတော့ မိလိန္ဒပဉ္ဉာ မဟုတ်ဘူးတဲ့၊ မဟာဝဂ္ဂသံယုတ် ပါဠိတော်မှာ ဘုရားကိုယ်တော်တိုင် ဟောတာ.... (မှန်ပါ့)။

အဲဒါကို နာမရှုပ ပရိစ္ဆေဒကျမ်းဆရာက သူက ကြည့်ပြီး ဂါထာစီထားလို့ ဘုန်းကြီးက ဒီဂါထာကလေးကို ပြောဆိုခြင်း ဖြစ်ပါတယ်....(မှန်ပါ့) စင်စစ် ဘုရားဟောလို့ သေသေချာချာ မှတ်ပါ....(မှန်ပါ့)။

အာရုဏ်တက်တာဟာ နောက်က တကာတကာမတွေ ဘာ ဖြစ်ဘို့ပါလိမ့်....(နေထွက်ဘို့ပါဘုရား)။

ဝိပဿနာ ရှု့ထားယင် ဘာနေထွက်မယ် ထင်ကြသတုံး.... (မဂ်နေထွက်ပါမယ်) မဂ်ဉာဏ်တည်းဟူသော နေဟာ တခါတည်း ထွက်လာမယ်ဆိုတဲ့ ဥစ္စာဖြင့် ကိုပေါ်, ကိုဝ....သံသယ မရှိလိုက်ပါနဲ့....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် သူ့အဓိပ္ပါယ်ကို ကျုပ်တို့က သေသေချာချာ ကြည့်တော့ ...သြော်....နိဗ္ဗာန် ရချင်ယင် ဘယ်သူ့ ရှု့ထားရမှာပါ လိမ့်မတုံးဆိုတဲ့ အဓိပ္ပါယ် သူက ပါလာမယ်....(မှန်ပါ့)။

တကာတကာမတို့....(ဝိပဿနာရှု့ထားရပါမယ်)ဝိပဿနာ ရှု့ထားတဲ့ .. (မှန်ပါ့)။

ကိုဝ ဘာတဲ့တုံး... (ဝိပဿနာ ရှု့ထားရပါမယ်ဘုရား)။

ဝိပဿနံ ပုရေကွ်ာ်တွာကိုး၊ ဝိပဿနံ=ဝိပဿနာကို၊ ပုရေကွ်ာ် တွာ = ရှု့သွားပြုမှ သာလျှင်၊ မဂ္ဂဓမ္မော = မဂ်ဉာဏ် သည်၊ ပဝတ္တတိ=ဖြစ်၏၊ တကာတကာမတို့ ဝိပဿနာ ရှု့သွားရှိမှ မဂ်ဉာဏ် လာတာတဲ့....(မှန်ပါ့)။

ဒါဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် လိုချင်တဲ့ ပုဂ္ဂိုလ်အပေါင်းဟာ အိပ်နေလို့ မရဘူး(မရပါဘုရား)ဒီ့ပြင် အလုပ်တွေ ရှောက်လုပ်နေလို့ ရှိယင်လဲ ဝေးသော အကြောင်းတွေသာ ဖြစ်စရာရှိတယ် (မှန်ပါ့) သူ့ ဝိပဿနာ ရှု့သွားရှိမှ ရမယ်ဆိုတဲ့ ဥစ္စာ ယနေ့ဆုံးဖြတ်ချက် ချပေးလိုက်တယ် .. (မှန်ပါ့ဘုရား)ကိုပေါ်... ရှင်းပြီ (မှန်ပါ့ဘုရား)။

နောက်က တကာတကာမတွေမဂ်ဉာဏ်,ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန် အာရုံပြုချင်ယင် ဘယ်သူ့ကို ရှု့သွားလုပ်ရမလဲ .. (ဝိပဿနာ ရှု့သွားလုပ်ရပါမယ်ဘုရား)။

ဝိပဿနာ ရှေ့သွားလုပ်ရမယ်ဆိုတော့ ဒီထဲမှာ အရှယ်ကြီးတွေလဲ ပါတယ်၊ အရှယ်လတ်တွေလဲ ပါတယ်၊ အရှယ်ငယ်တွေလဲ ပါပြီးနေတော့ အရှယ်ကို ဘုရားက မဆိုလို....(မှန်ပါ့) ဝိပဿနာ ရှေ့သွားရှိတဲ့ ပုဂ္ဂိုလ် မဂ်ဉာဏ် ခုမယ်-(မှန်ပါ့)သဘောကျပလား (ကျပါပြီဘုရား)။

ငါတို့ ကြီးပြီ မရဘူးလို့လဲ ဆုံးဖြတ်ချက် မချနဲ့၊ ဝိပဿနာ ရှေ့သွားကလေးသာ လုပ်ပေး... (မှန်ပါ့) မဂ်ဉာဏ် ရမှာဘဲဆိုတာ ကောင်းတဲ့....(မှန်ပါ့)သဘောပါကြလား....(ပါပါတယ် ဘုရား)။

"ဝိပဿနံ ပုရေက္ခ ံတ့ာ၊ မဂ္ဂမ္မော ပဝတ္တတိ" တကာတကာ မတို့ ဒီဥစ္စာက ဘုရားသခင်ကိုယ်တော်မြတ်ကြီး မဟာဝဂ္ဂသံယုတ် ပါဠိတော်မှာ သေသေချာချာ ဟောသည် ဖြစ်လေသောကြောင့် ဝိပဿနာသာ ရှေ့သွားထားကြလို့ ရှိယင်ဖြင့် မင်းတို့ မဂ်မရဘူးလို့ ငါ ဘယ်တော့မှ မဟောဘူးဘူး....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ဝိပဿနာ ရှေ့သွားရှိယင် မဂ်ဉာဏ် နောက်က လိုက်မှာဘဲတဲ့....(မှန်ပါ့) မလိုက်ပါနဲ့ ဆိုလို့... (မရပါ)မရနိုင်ဘူးဆိုတာကော တကာတကာမတွေ လေးလေးစားစားကြီး သဘောကျပလား....(ကျပါပြီ)။

ကိုင်း....ဒါဖြင့် ဒီ တကာတကာမတွေမှာ အင်မတန်မှ အဘိုးတန်တဲ့ စကားနှစ်ခွန်းကို ယနေ့ကြားရပါပြီ....(မှန်ပါ့)။

နိဗ္ဗာန်ဟာ ကာလသုံးပါး ဘုယ်ကာလပါလိမ့်....(ဘယ်ကာကမှ မဟုတ်ပါဘုရား)။

နို့....မရှိဘူးလား....ရှိသလား....(ရှိပါတယ်ဘုရား)ဘယ်လို ပုဂ္ဂိုလ် ရှိပါလိမ့်....(ခန္ဓာနဲ့ ဉာဏ်နဲ့ တိုက်တဲ့ ပုဂ္ဂိုလ်မှာရှိပါတယ် ဘုရား)။

ခန္ဓာနဲ့ ဉာဏ်နဲ့ တိုက်နေတဲ့ ပုဂ္ဂိုလ်မှာ ရှိတယ်၊ အလုပ် လုပ်တဲ့ ပုဂ္ဂိုလ်မှာ ရှိတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ ဘုရား)။

လုပ်ပါမျှားလာတော့ ခန္ဓာစုနှံပြီးသကာလ နိဗ္ဗာန်ဘက်ကို ဉာဏ်ပြေးတယ်၊ ဒါကလေးလဲ မှတ်လိုက်စမ်းပါ(မှန်ပါ့) လုပ်ပါ့ မျှားလာတော့.... (ခန္ဓာစုနှံပြီး နိဗ္ဗာန်ဘက် ဉာဏ်ပြေးပါတယ် ဘုရား)။

ခန္ဓာစုနှံပြီးသကာလ ဉာဏ်သည် အယင်တော့ ဉာဏ်သည် ခန္ဓာဘက်ချည့်လှည့်နေတယ်.... (မှန်ပါ့) နောက် လုပ်ပါမျှားလာတော့ ဒီဉာဏ်က ခန္ဓာစုနှံပြီးသကာလ ခန္ဓာမရှိတဲ့နိဗ္ဗာန်ဘက်ပြေးပါတယ်....(မှန်ပါ့) ဒါ....ဒီပါဠိတော်ဘဲ၊ သဘောပါ့ ကြလား....(ပါပါတယ်) ခန္ဓာစုနှံပြီးသကာလ ခန္ဓာမရှိတဲ့နိဗ္ဗာန်ဘက်ကို....(ပြေးပါတဲ့ယ်ဘုရား) ပြေးတယ်ဆိုတာ သေချာပလား (သေချာပါပြီ) ရှင်းပြီနော်....(ရှင်းပါပြီ)။

အေး....ဒါဖြင့် ဘာရှေ့သွားထားမှ ဘာရမယ်ဆိုတာ၊ကော တခါ နောက် ဆုံးဖြတ်ချက်ကလေး ကြည့်လိုက်ပါဦး(ဝိပဿနာ ရှေ့သွားထားမှ နိဗ္ဗာန်ရမှာပါဘုရား)။

ဝိပဿနာမက် ရှေ့သွားရှိမှ လောကုတ္တရာမက် နောက်လိုက်မယ်....(မှန်ပါ့)ဝိပဿနာမက် ရှေ့သွားမရှိခဲ့သော်(လောကုတ္တရာမက် နောက်ကမလိုက်ပါဘုရား)။

လောကုတ္တရာမဂ်ဘယ်တော့မှ မလိုက်နိုင်သောကြောင့်တကာ တကာမတွေ့တဲ့ ဝိပဿနာမဂ်ကိုဖြင့် ဘယ်အခါကာလမှ စွန့်လို့ မရပါဘူး....(မှန်ပါ့) ကိုဝ....ရပါ့မလား....(မရပါဘုရား)။

ဝိပဿနာပုံရေကို တွာဝိပဿနာ=ဝိပဿနာမဂ်ကုံပုံရေကို တွာ ရေ့သွားထား၍၊ သူ့ ပါဠိတော်ကနော်....(မှန်ပါ့) ပြီးတော့မှ ဘာလာမတုံး၊ မဂ္ဂဓမ္မော ပဝတ္တတိ"ပြီးတော့မှ မဂ်ဉာဏ်လာတာ ဟေ့....တဲ့ ဝိပဿနာ ရှေ့သွားထားလုပ်တဲ့ ပုဂ္ဂိုလ်မှ မဂ်ဉာဏ်လာပါတယ်....(မှန်ပါ့) ကျေနပ်ပလား....(ကျေနပ်ပါပြီ)။

ကျေနပ်တော့ကိုတဲ့ တကာ တကာမတို့ မိုး ပွတ်သော ယောကျ်ားကို တခါပြန်ပြီးကြည့်လိုက်တဲ့အခါကျတော့ နှေးနှေး ပွတ်လို့ ထွက်တာလား အားစိုက်ပြီးသကာလ ခပ်သုတ်သုတ် ကလေးအလုပ်လုပ်လို့ ထွက်တာလား.... (ခပ်သုတ်သုတ်ကလေး အလုပ်လုပ်လို့ ထွက်ပါတယ်) ကိုပေါ် ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

အားစိုက်ပြီး ခတ်သုတ်သုတ် လုပ်လိုက်တဲ့အတွက် ဘာဖြစ်သွားပါလိမ့်....(မိုးထွက်ပါတယ် ဘုရား) အဲ....ဒီမှာလဲ ခန္ဓာနဲ့ ဉာဏ်ဟာ အားစိုက်ပြီးသာ တိုက်ပေးပါ၊ တော်တော်ကြာကျလို့ ရှိယင် နိဗ္ဗာန်တည်းဟူသော မိုးသည်ကားလို့ ဆိုယင်ထွက်ပါစေ သဘည်းလို့လဲ မတောင်းတရဘူး.... (မှန်ပါ့) မထွက်ပါစေနဲ့ လို့လဲ မကန့်ကွက်ရဘူး၊သူ့ဟာသူဘဲထွက်လာတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

အဲဒီတော့ ဒါ.... ပါရမီ လိုသေးသလား.... (မလိုပါဘုရား)။

အေး....ဘုရားဖြင့်ချင်ယင် ပါရမီဆယ်ပါး အပြားသုံးဆယ် ဖြည့်ရလိမ့်မယ်၊ဟုတ်လား... (မှန်ပါ့)လေးသခေါ်နဲ့ ကမ္ဘာတသိန်း လုပ်ရလိမ့်မယ်၊ တစ်သခေါ်နဲ့ ကမ္ဘာတသိန်း၊ လက်ဝဲရံ လက်ျာရံ ဖြစ်ချင်လို့ ရှိယင်နော်....(မှန်ပါ့) အဲ....ဒီ့ပြင်အသိတိ ရှစ်ကျိပ် ဖြစ်ချင်လို့ ရှိယင် ကမ္ဘာတသိန်း လုပ်ရလိမ့်မယ်၊ ဟာ.... တပည့် တော်တို့ဖြင့် ဘုရား....၊ အခုရ၊ အခုယူမယ်ဆိုတဲ့ သာဝက ပါရမီ များများတော့ ဝိပဿနာရှေ့သွားရှိယင် နောက်က မဂ်လိုက်ပေး ယင် ဇပါတယ်ကွ- ဆိုတာတော့ သာဝက ပါရမီဉာဏ်တွေကို ဟောနေတာ....(မှန်ပါ့)ပေါ်လာကြပလား....(ပေါ်လာပါပြီ)။

ဘာတွေ ဟောတာပါလိမ့်.... (သာဝက ပါရမီဉာဏ်တွေ ဟောတာပါ)။

အခုရယင် အခုနိဗ္ဗာန်ယူမည့် ဆုကြီးပန်မဟုတ်တဲ့ ပုဂ္ဂိုလ်တွေ နိဗ္ဗာန်ရောက် ပြီးရောဆိုတဲ့ ပုဂ္ဂိုလ်တွေ အကျင့်ဖြင့် ကိုပေါ် ကိုဝတို့.... ဝိပဿနာရှေ့သွားရှိယင် နောက်က လောကုတ္တရာမဂ်လိုက်မယ်- (မှန်ပါ့) တကာကြီးလိုင် ကျေနပ်ပလား.... (ကျေနပ်ပါပြီ) ပုဝဏ္ဏ, ပင်စရာ ရှိသေးရဲ့လား....(မရှိပါဘုရား) ဘာမှပုစရာ ပင်စရာ မရှိဘူးဆိုတာဖြင့် သေသေချာချာ မှတ်တာပေါ့....(မှန် ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် ဝိပဿနာမဂ် ရှေ့သွားရှိတော့ကို နောက်က လောကုတ္တရာမဂ် လိုက်လာတယ်ဆိုတာ မောင်နှိုင် ရှင်းသွားပြီ-- (ရှင်းသွားပါပြီဘုရား)။

ဟုဟ်တယ်တဲ့ ဟိုပုဂ္ဂိုလ် ကြည့်ပါလားတဲ့၊ မုဆိုးတသက်လုံး လုပ်လာတဲ့ ပုဂ္ဂိုလ်ဟာ သွားပြီး ရဟန္တာကျောင်းမှာ ရေရွာ

ဖတော့ ရေအိုး သူ ခတ်သည်နဲ့ တပြိုင်နက် ရေပျောက်တာ.... (မှန်ပါ့) ခင်ဗျားတို့ အယင် မပြောဘူးဘူးလား....(ပြောဘူးပါ တယ်ဘုရား) သူ့နာမည်က မိလက္ခတိဿလို့ ခေါ်တယ်နော်.... (မှန်ပါ့)။

သူ့နာမည်က ဘာတဲ့....(မိလက္ခတိဿပါဘုရား)အဲ....မိလက္ခ တိဿ....။

ဒါနဲ့ဘဲ သူ ရေပျောက်ဘာနဲ့ဘဲ.... ရဟန်းတွေ ကဲ့ရဲ့ပြီး သကာလ နေတော့ ရဟန်းတွေက ထကြည့်တဲ့အခါ ရေအပြည့် တွေတယ်သူသွား ခေါ်လို့ရှိယင်ရေရှာလို့ မတွေ့ဘူး(မှန်ပါ့)။

လူစင်စစ်က နေပြီးသကာလ တခါတည်း အကုသိုလ်ကံဘေ့ ဟာ ပဌမဇော အကျိုးပေးနေတယ်ဆိုတာ ကိုပေါ်....မပေါ် သေးဘူးလား....(ပေးပါတယ်ဘုရား) အကုလိုလ်က များတာကိုး ဗျ၊ တသက်လုံး လုပ်လာတာ....(မှန်ပါ့)။

ဒါနဲ့ ရဟန်းက ဘ,ကြည့်တော့ ရဟန်းတွေဟာ သူများ ဆွမ်းတွေ, ကွမ်းတွေ စားပြီး ရေမှ မခတ်၊ ကိုယ့်ကျောင်းကိုယ် ရောကလေးမှ သေနာသေနဝတ်တောင်မှ မပြည့်စုံဘူးလို့ သူက တောင် ကဲ့ရဲ့သေးတယ်....(မှန်ပါ့)။

အဲဒီမှာ ရဟန္တာက ထ,ကြည့်တဲ့အခါ ရေအပြည့်ရှိတော့.... တကာ လာခဲ့....လာခဲ့ဆိုပြီး ဒီရေခွက်နဲ့ သူ ခတ်တဲ့ အိုးကဲဲ.... ကောင်ခတ်ပြီး ပေးလိုက်တာ ဦးဘရှင်း ဝအောင် သောက်ရရှာ တယ်....(မှန်ပါ့) အဲဒီမှာ သူ သံဝေဂ ရရှာတယ်၊ မရဘူးလား.... (ရပါတယ်ဘုရား)။

ဟာ....လူစင်စစ်က လူ့ပြိတ္တာ ဖြစ်နေပါပေါ့လား ဆိုပြီး သကာလ အရှင်ဘုရား....ဒီလိုဝဋ်တွေ ဒါလောက်တောင်ဆိုးဝါးနေတဲ့ အကျိုးပေးတွေ သေလဲ ဒီပုဂ္ဂိုလ်ဟာ အစိစိမှ တပါး ဘယ်မှ သွားစရာမရှိလောက်အောင်ဘဲ ဆိုးဝါးနေပြီ၊ ပစ္စုပ္ပန်မှာတောင် ရေပျောက်နေပြီ၊ သဘောကျပလား....(ကျပါပြီ)။

ပစ္စုပ္ပန်မှာတောင်....(ရေပျောက်နေပါတယ်ဘုရား)။

အဲဒီတော့ ကယ်မည့်တရား၊ ယူမည့်တရား ခဲ့သေးသလားဆိုတော့ တကာကြီး ဝိပဿနာရှေ့သွားရှိယင် မဂ်ရတယ်လို့.... အဲဒီ ရဟန္တာက ဟောပြီ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဝိပဿနာရှေ့သွားရှိယင်....(မဂ်ရပါတယ်ဘုရား)။

ဟာ....ဒါဖြင့် ကယ်မည့်,ယူမည့်တရား ခဲ့ပါသေးသလား.... ဘုရားဆိုပြီး တခါတည်း သူ့စိတ်ထဲ တက်ကြွပြီး ဒီမှာပြန်တော့ဘူး၊ သူ့ လေးတွေ,မြားတွေ, ညှတ်ကွင်းတွေ, ဘာတွေ မောင်နှိုင် အကုန်စွန့်တာဘဲ၊ မစွန့်ဘူးလား....(စွန့်ပါတယ် ဘုရား)။

စွန့်လိုက်ပြီးသကာလ အရှင်ဘုရား....သက်နှံသာ ငတ်တော့ဘုရား...ကိုရင်ကြီးဝတ်တော့၊ တပည့်တော် ဒီဥစ္စာ တပည့်တော် အကြောင်း တပည့်တော် ကောင်းကောင်းသိပြီ၊ အရှင်ဘုရား ကလဲ ကာကွယ်တဲ့ ဆေးရှိတယ်လို့ ဆိုထားတယ်၊ တပည့်တော် ကြိုးစားပါတော့မယ်ဆိုပြီး ကြိုးစားတော့ ကြိုးစားရင်း မတွန့်ဆုတ်သူလုပ်ထားတဲ့ အကုသိုလ်တွေချည်း စိတ်ထဲမှာ ပေါ်နေတယ်.... (မှန်ပါ့)ကုက္ကုစ္စတွေ ဖြစ်နေတယ်....(မှန်ပါ့ဘုရား)။

အရှင်ဘုရား....တပည့်တော် အဖြစ်နဲ့ဘဲ တပည့်တော် ရှိပါစေကော့ တရားအားထုတ်တာ့ တရားမမြင်ဘူးဘုရား....၊တပည့်တော် သတ်ဖြတ်ထားတဲ့ ဥစ္စာတွေသာ လာလာပြီး ပေါ်နေတယ်၊ ဒါကြောင့် တပည့်တော် လူထွက်ပရစေဆိုတော့ မထွက်နဲ့ဦးဆိုပြီးသကာလ မောင်နိုင် သဖန်းသားတွေ အခုတ်မခိုင်းဘူးလား....(ခိုင်းပါတယ် ဘုရား) အစေးတွေနဲ့.... (မှန်ပါ့)။

အဲ... လှည်းတစီးတိုက် နှစ်စီးတိုက် ပုံပြီးသကာလ တနေ့ကပြောခဲ့သလိုပေါ့.... အစုံတွေကို မီးချစ်နဲ့ မီးရှို့ခိုင်းတယ်.... (မှန်ပါ့) လောင်ပါ့မလား....(မလောင်ပါဘုရား)။

မလောင်တော့မှ သူ့ဆရာရဟန္တာကို သွားပြောတယ်၊အရှင်ဘုရား....အရှင်ဘုရားပေးတဲ့မီးချစ်နဲ့မီးကပ်နဲ့ ရှို့တာဘဲ၊မလောင်ဘူးဘုရ့ဲ။

အေး အေး.... ငါလာခဲ့မယ်ဆိုပြီး ရဟန္တာက လိုက်သွားပြီး မြေကြီးနှစ်ခြမ်းခဲ့ပြီးသကာလ အောက်အဝိဇ္ဇာ ပြပေးတာ.... (မှန်ပါ့) မောင်နိုင် အောက်အဝိစိပြတယ်။

ပြလိုက်တော့ ကိုရင်ကြီး လှုပ်ချင်တဲ့ ကိုရင်ကြီး ကြည့်စမ်းဆိုတော့ အို....ကြည့်စရာမရှိဘူး.... (မှန်ပါ့) တခါတည်း မှုန်ညက်ထောင်းသလို စနေတာဘာ ခနေရတာတွေ့။

အဲဒီတုန်းမှ ရဟန္တာက ကိုယ်တိုင် သူ့ရှေ့တွင်သွားပြီး ငရဲမီးကလေး ပိုးစိမ်းကြူးလောက် သွားပြီးယူတာ၊ ပိုးစိမ်းကြူးကောင်ကလေးလောက်ယူတာ။

အဲဒါကလေးကို သူ့ရှေ့တွင် ခုနင်က သူတနေ့လုံး ရှိုးနေတဲ့ထင်းပုံထဲ ထည့်လိုက်တာဘဲ မောင်နိုင်ရ....(မှန်ပါ့) ရောက်တာနဲ့ ပျာကျတာနဲ့ တခါတည်း၊ ငရဲမီး ဘယ်လောက် ပြင်းတယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီ)။

ဒါဖြင့် တကာ တကာမတို့ ငရဲရောက်မယ် ဆိုလို့ရှိယင် ဒီခန္ဓာတွေဟာ သဖန်းသားလောက် ကျူပ်တို့မမာသေးပါဘူး.... (မှန်ပါ့)။

အစေးလဲ မထွက်သေးပါဘူး.... (မှန်ပါ့) ဘယ်လောက် လောင်ကောင်းမယ်ဆိုတာ တကာတကာမတွေ့ ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

အဲဒီတော့ ကြောက်စရာ အင်မတန် ကောင်းပါတယ်ဆိုတဲ့ ဥစ္စာကို ခင်ဗျားတို့ သာမညကလေး မယူပါနဲ့၊ ကိုပေါ်တို့က နော်....(မှန်ပါ့)။

ငရဲမီး ပိုးစိမ်းကြူးလောက်က လှည်း သုံးစီးတိုက်လောက် ထင်းစီးကို ကျသည်နဲ့တပြိုင်နက်ဟည်း ပြောင်အောင် လောင်နိုင်တယ်၊ပျာကျအောင် လောင်နိုင်တယ်ဆိုတော့ နှည်းနှည်းပုတဲ့ မီးလား၊ ကျူပ်တို့အခု ဒီ....အလက်ထရိတ်မီး (လျှပ်စစ်မီး)တဲ့ဟာ ဒီဂရီ နှစ်ရာကျော်ယင် ရှေ့အရည်ပျော်တယ်လို့ အနောက်နိုင်ငံများက ရေးကြပြုကြတယ်နော်.... ဒီလောက် ဘယ်ကမလဲ (မှန်ပါ့)။

ဒီဂရီ နှစ်ရာ ဘယ်ကမလဲ၊တခေသင်းလဲမကဘူး၊ တသိန်းလဲမကဘူး၊ အပူချိန်ဟာ သဘောကျပလား.... (ကျပါပြီဘုရား)။

ကဲ....ဒါဆိုတော့ သူ့ကို အစိစိလဲ ပြပြန်၊ငရဲမီးပူပုံလဲပြတယ်၊ မောင်နှိုင် ကြောက်သွားပြီ၊ မကြောက်ဘူးလား.... (ကြောက်ပါတယ်ဘုရား)။

ကြောက်သွားတော့မှ အရှင်ဘုရား....ဒီလိုဆိုယင် မဖြစ်တော့ ဘူးဘုရား၊ တပည့်တော်မထွက်တော့ဘူးဘုရှ့.... ကယ်နှိုင်တယ် ဆိုယင် မထွက်တော့ဘူးဘုရှ့။

ဟ....ကယ်နှိုင်တယ်ကဆိုပြီး ဖြစ်ပျက်နဲ့မင်္ဂလာနဲ့ ဝိပဿနာရှေ့ သွားလုပ်ခိုင်းတယ်၊ ရိပ်မိကြပလား.... ဘကာတကာမတို့ (ရိပ်မိပါပြီ)။

ဝိပဿနာ ရှေ့သွားလုပ်တော့ သူ့စိတ်ထဲမှာ အကြောက်ကလဲသန် ငရဲမီးပြတာကလဲ ရှင်းရှင်းလင်းလင်း၊ ဟိုမှာ အစိစိဆိုတာကလဲ မျက်စောင်းမှ မထိုးပဲ့အောင် ကြောက်နေတော့ မောင်နှိုင် ခြေထောက်တွေကို အဝတ်ကြီးနဲ့ရေဆတ်ပြီးသကာလ ဂုံအိတ်နဲ့စပ်တယ်၊ ခြေအေးယင် မငိုက်အောင်လို့ - (မှန်ပါ့)။

အပေါ်မှာတော့ အဝတ်ကို ကရုတ်ခေ့ကြီးလုပ်ပြီး ရေဘဲတ် ပြီးခေါင်းပေါ်တင် တစက်တစက်ကျအောင်လုပ်တယ်၊ လုပ်ပြီး တော့မှ တခါတည်း အိပ်ချင်တဲ့စိတ် အကုန်ပျောက်ပြီးသကာလ ဝိပဿနာနဲ့ မင်္ဂလာနဲ့ချည်းတိုက်ပေးတယ်၊ တည်တည်း အားထုတ်တယ်တကာ တကာမတို့ မနက်ကျတော့ အနာဂါမ်တည်နေတယ် (မှန်ပါ့)။

အဲဒီတုံးမှ သူက တခါတည်း အနာဂါမ်တည်တော့သူ့ဟာသူ သိပြီးသကာလတဲ့ တကာ တကာမတို့ သူ့ကိုယ်တိုင်ကိုဘဲ ခုနင်က ရောက်ရမှာလဲ သေချာပြီးသား မောင်နှိုင်.... ငရဲကို....

(မှန်ပါ့) ဝိပဿနာ ရှေ့သွားနဲ့ မဂ်သုံးတန် ပေါ်လာလိုက်တာ ရောက်သေးရဲ့လား....(မရောက်ပါဘုရား)။

တမဂ်တည်း ပေါ်ပါတဲ့၊ သူ့မှာတော့ ကြိုးစားလွန်းလို့ မဂ်သုံးတန် ဆက်ပေါ်သွားတာကိုး.... (မှန်ပါ့) တမဂ်တည်း ပေါ်တောင်မှ ခုနင်္ကနေရာ မရောက်ပါဘူး....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် ကယ်မည့်လူ ယူမည့်လူဟာ ဒါဘဲ၊ ခင်ဗျားတို့ကျုပ်တို့မှာရှိတယ်....(မှန်ပါ့) ဒီ့ပြင်ဖြင့်....(မရှိပါဘုရား)။

ဒါပြင့် ဝိပဿနာ ရှေ့သွားဟာ ဘယ်လောက် အရေးကြီးတယ်ဆိုတာ တကာတကာမတွေ့....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဘာလုပ်ကြမယ် (ဝိပဿနာအလုပ် လုပ်ကြရပါမယ် ဘုရား)။

ဝိပဿနာသာလုပ်နေ၊ မဂ်တည်းဟူသောနေ ထွက်ပါစေလို့ ဆုတောင်းရသလား....ဉာဏ်နဲ့ လုပ်ရသလား.... (ဉာဏ်နဲ့လုပ်ရပါတယ်)ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ကိုင်း....ယနေ့ ဒီတွင်တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်မြို့ မင်္ဂလာတိုက်

ဆရာတော် ဘုရားကြီး ဟောကြား ဆိုးမတော်မူသော

(သစ္စာသိဘို့ အရေးအကြီးဆုံး)

ညအလုပ်ပေးတရားတော်

(၂၅-၆-၆၁)

တကာတကာမတွေ့ သစ္စာသိအောင် လုပ်ပါဆိုတဲ့စကားဟာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက အရေးအကြီးဆုံးပြောဆိုတဲ့ စကားလို့ မှတ်ထားကြပါ။

သစ္စာသိအောင် လုပ်ပါဆိုတဲ့စကားဟာ အရေးအကြီးဆုံး ပြောတဲ့စကား....(မှန်ပါ့)။

ဒါနှ ပြုကြပါဆိုတဲ့စကားဟာ အရေး အကြီးဆုံး ပြောတဲ့ **စကားမဟုတ်ဘူး**၊ သီလ ဆောက်တည်ပါဆိုတဲ့ စကားဟာလဲ ဒီလောက် အရေးမကြီးလှဘူး၊ သမထ ကြိုးစားပါဆိုတဲ့ စကားဟာလဲ ဒီလောက် အရေးမကြီးလှဘူး၊ **သစ္စာသိအောင်လုပ်ပါ** ဆိုတဲ့စကားသာ အရေးအကြီးဆုံးစကားလို့ ဘုရားကိုယ်တော်မြတ်ကြီး ပြောတဲ့အထဲမှာဖြင့် ဒီဟာကို လေးဘေးစွာနဲ့ မှတ်ရတော့မယ်....(မှန်ပါ့)။

ဦးဘရှင်း ဘာသိဘို့လဲ(သစ္စာသိဘို့ပါဘုရား)သစ္စာသိဘို့နော် တကာတကာမတို့ သစ္စာဖြင့် သိအောင် လုပ်ပါလို့ ဆိုတဲ့ဥစ္စာ အင်မတန် အရေးတကြီး မှာတယ်နော်...(မှန်ပါ့)။

သစ္စာဟာတဲ့....ဒီ့ပြင် တရားက သစ္စာလို့ မလာဘူး၊ ဒါနှင့် သစ္စာလို့ မလာဘူး၊ သီလသစ္စာလို့ မလာဘူး၊ ကို့ဝ....လာရဲ့လား(မလာပါ) သမထသစ္စာလို့ လာရဲ့လား(မလာပါဘုရား) ဝိပဿနာကျတော့ သစ္စာလို့ လာတယ်....(မှန်ပါ့)။

ဒါ့ကြောင့် ဘုန်းကြီးကို့ တကာ တကာမတွေ့ အားကိုးအစစ်ကို ရှာကြပါဆိုတဲ့ ဥစ္စာကိုလဲ ဆရာကောင်း,သမားကောင်းမို့ သာသနာတွင်းတရားနဲ့ လမ်းညွှန်ပေးနေတယ်ဆိုတာ မှတ်ပါ(မှန်ပါ့)။

ဆရာသမားလဲ ကောင်းမှနော်(မှန်ပါ့) သာသနာတွင်းနားနဲ့လဲ ထောင်မှ၊ ဆရာသမားကလဲ သာသနာတွင်းတရား ဟောပါဦးမှ၊ တကာကြီးလို့ပင်....အရေးကြီးပုံက....(မှန်ပါ့)။

ဆရာသမားကလဲ ဘာတရား ဟောရမလဲ....(သာသနာတွင်းတရား ဟောရပါမယ်) သာသနာတွင်းတရားဘဲ ဟောပါဦးမှ....၊ ဟာ....ပေးကြဟာ၊ ကမ်းကြဟာ၊ လှူကြဟာ....ဆိုတာ သာသနာပတရားတွေနော်....(မှန်ပါ့)။

သီလ ဆောက်တည်ကြဟာ....ဆိုတာ....(သာသနာပတရားပါ) အို....သာသနာပတရားတွေ....၊ တိုရစ္ဆာန်တွေတောင် ဇောင်နေတာ ရှိနေတာ သာသနာပမှာ၊ မောင်နိုင်....မရှိဘူးလား....(ရှိပါတယ်ဘုရား)။

အဲဒါ ဒီလောက် အရေးမကြီးပါဘူးလို့ဆိုတာ သေသေချာချာ မှတ်တော့ သစ္စာသိအောင် လုပ်ပါလို့ဆိုတာ အရေးအကြီးဆုံးစကား....(မှန်ပါ့)။

ဒါဖြင့် သစ္စာသိအောင် ဘုန်းကြီးများကလဲ ပြောပါ့မယ်၊ တကာတကာမတွေကလဲ သစ္စာထောင်တတ်တဲ့ နားနဲ့ ထောင်ပေးပါဆိုတာကိုလဲ ဦးဘရှင်း....အထူးဘဲ ဘုန်းကြီးများက ရှေ့ထားပြီး ဖောင်းပန်တယ်နော်....(မှန်ပါ့)။

တကာကြီးလှိုင်....အရေးကြီးတာ ကြီးသလို ပြောနေတယ် မှတ်ပါ....(မှန်ပါ့)။

တချုးချိုးနေတယ်လို့ ဒီလို မယူလိုက်ပါနဲ့၊ သစ္စာမသိယင် သောတာပန်လဲ မဖြစ်ဘူး၊ သကဒါဂါမ်, အနာဂါမ်, ရဟန္တာ, ဘုရား, ပစ္စေက ဗုဒ္ဓါ....(ဘယ်သူမှ ထုတ်ရပ်လမ်း ပဂိုလ်ဟူသ၍) ဖြစ်ကို မဖြစ်ဘူးဆိုတာ ဆုံးဖြတ်ချက်ချ....(မှန်ပါ့)။

ကိုပေါ်.... မှတ်မိပလား....(မှတ်မိပါပြီ) သစ္စာ မသိယင် သောတာပန်လဲ....(မဖြစ်ပါဘုရား) သကဒါဂါမ်, အနာဂါမ်, ရဟန္တာ, ဘုရား....(မဖြစ်ပါဘုရား) ပစ္စေက ဗုဒ္ဓါ....(မဖြစ်ပါဘုရား) မဖြစ်ဘူး၊ ဘယ်သူမှ ဘာမှ မဖြစ်တော့ဘူး....။

ဒါဖြင့် ဘယ်သူမှ ဘာမှမဖြစ်လို့ ရှိယင်ဖြင့် နိဗ္ဗာန်ဘယ်သူမှ မရဘူးလို့ ဦးဘရှင်း....ကန့်ကွက်လိုက်တော့(မှန်ပါ့)သစ္စာထဲမှာမှ နိဗ္ဗာန်ပါကာကိုး....(မှန်ပါ့)။

တကာတကာမတို့ ဘယ်အထဲမှာ နိဗ္ဗာန်ပါသတုံး....(သစ္စာထဲမှာ ပါပါတယ်) သစ္စာထဲမှာမှ နိဗ္ဗာန်ပါတာကို သိနေတော့

ဩသြော်....ဒါဖြင့် ဒို့သည် ဒုက္ခခပ်သိမ်း ငြိမ်းတာ နိဗ္ဗာန်၊ ကိလေသာ သိမ်းတာ နိဗ္ဗာန်ဆိုတာဟာ သစ္စာထဲမှာဘဲ ပါကယ်၊ဒို့ပြင်နေရာမှာ မပါဘူး၊ အဲဒီတော့ ဒို့ သစ္စာ မသိသရွေ့ ကာလပတ်လုံး နိဗ္ဗာန် မရောက်ဘူးဆိုတဲ့ စကားတလုံးကို ကိုဝ....သေသေချာချာ မှတ်လိုက်စမ်းပါ....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

သစ္စာ မသိယင် သူ့သန္တာန်မှာ နိဗ္ဗာန်မရှိဘူးသာမှတ်လိုက် (မှန်ပါ့) အားထုတ်နေတဲ့ ပုဂ္ဂိုလ်သန္တာန် သူတို့ လုပ်ချင်တာ လုပ်နေတဲ့ သဘောတွေ လုပ်နေပြီး သစ္စာ မသိလို့ရှိယင်ဖြင့် သူ့သန္တာန်မှာဖြင့် နိဗ္ဗာန်မရှိဘူး....(မှန်ပါ့)သစ္စာသိယင် နိဗ္ဗာန်ရှိတယ်....(မှန်ပါ့)။

သစ္စာ မသိယင်....(နိဗ္ဗာန် မရှိပါဘုရား)နိဗ္ဗာန် မရှိဘူးဆိုတာ သေသေချာချာ မှတ်ပါ....(မှတ်ပါမယ်ဘုရား)။

အဲဒီတော့ ဘယ်နှယ်ကြောင့် ဒီဆရာဘုန်းကြီးက ဒီလောက်တောင် အရေးတကြီး တကာတကာမတွေ သစ္စာ မသိယင်....နိဗ္ဗာန် မသိဘူး၊ သူတို့ တောင်းသာနေတာ ရမှာလဲ မဟုတ်ပါဘူး၊သူတို့ သန္တာန်မှာ သစ္စာမသိလို့ သူတို့ ဝမ်းထဲမှာလဲ နိဗ္ဗာန်ရှိဘို့ ဝတ္တရား မရှိဘူး....(မှန်ပါ့) ဦးဘရှင်း....ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

သစ္စာဟာတဲ့....တကာတကာမတို့ "နိဗ္ဗာနဿ ခန္ဓပဋိဗဒ္ဓမေဝ" နိဗ္ဗာနဿ=နိဗ္ဗာန်ဟူသည်ကား၊ခန္ဓပဋိဗဒ္ဓမေဝ=ခန္ဓာနဲ့ စပ်လျက်ရှိသည်သာလျှင်တည်း၊ ခန္ဓာနဲ့စပ်နေတာယ်တဲ့....(မှန်ပါ့)။

တကာတကာမတို့ နိဗ္ဗာန်ဟာ ဘာနဲ့ စပ်နေသလဲ....(ခန္ဓာနဲ့ စပ်နေပါတယ်ဘုရား)။

ခန္ဓာနဲ့ စပ်နေတယ်ဆိုတော့ ခန္ဓာက ဒုက္ခသစ္စာ၊ ခန္ဓာနဲ့ စပ်နေတာက နိရောဓသစ္စာ....(မှန်ပါ့)ဆိုတော့ ခန္ဓာမသိလို့ ဦ်ယင်ဖြင့် ခန္ဓာဒုက္ခသစ္စာမှ မသိလို့ ရှိယင်ဖြင့် သူသည် ခန္ဓာနဲ့ စပ်နေတဲ့ နိဗ္ဗာန်ကို ရောက်နိုင်စရာ, တွေ့နိုင်စရာကော....(မရှိပါဘုရား)။

ဒါ့ကြောင့် အားလုံး အရေးတကြီး ပြောနေတဲ့ တရားလို့ ခင်ဗျားတို့က လေးလေးစားစား မှတ်ပါ....(မှန်ပါ့)သာမည ပြောဆိုလို့ ရတဲ့ တရားမဟုတ်လို့ အခု သေသေချာချာ တရားကို နားစိုက်အောင်လို့ဘဲ ရှင်းရှင်းလင်းလင်း ပြောနေပါတယ် ဆိုတာ မှတ်လိုက်စမ်းပါ....(မှန်ပါ့) သစ္စာ မသိတဲ့ ပုဂ္ဂိုလ် သူတို့မှာ နိဗ္ဗာန် မရှိဘူး....(မှန်ပါ့)။

သစ္စာ မသိတဲ့ ပုဂ္ဂိုလ်....(သူတို့မှာ နိဗ္ဗာန် မရှိပါဘုရား) "နိဗ္ဗာနန္တိ ခန္ဓပဋိဗဒ္ဓမေဝ" နိဗ္ဗာနန္တိ = နိဗ္ဗာန်ဟူသည်ကား....! ခန္ဓပဋိဗဒ္ဓမေဝ=ခန္ဓာနဲ့ တစ်ပတ်သား စပ်လျက် နေတော့သည်သာလျှင်တည်း....၊ဒီလို ပါဠိတော်တွေက ရှိပြီးသကာလ နေသောကြောင့်၊ "အညေခန္ဓာ အညံ နိဗ္ဗာနန္တိ၊ နဟေဝံ ဝတ္တာဗ္ဗေ" နိဗ္ဗာန်နဲ့ ခန္ဓာဟာ တခြားစီလို့ မယူနဲ့ကွာလို့ ဆိုတာ၊ ကထာဝတ္ထု ပါဠိတော်ကလာတာလို့ မှတ်လိုက်....(မှန်ပါ့)။

ကထာဝတ္ထု ပါဠိတော် ဆိုတာ ကြားဘူးကြပါလိမ့်မယ် .... (မှန်ပါ့) မောင်နိုင်....အဘိဓမ္မာ ခုနစ်ကျမ်းထဲမှာ ကထာဝတ္ထု မပါဘူးလား....(ပါပါတယ်ဘုရား)။

ဓမ္မသင်္ကီ, ဝိဘင်း, ဓာတုကထာ, ပုဂ္ဂလပညတ်, ကထာဝတ္ထု, ယမိုက်, ပဋ္ဌာန်းဆိုပြီးသကာလ ဦးဘရှင်း....အဘိဓမ္မာ ခုနစ်ကျမ်း ရှိတဲ့ အထဲ ကထာဝတ္ထုမှာ လာတယ်....(မှန်ပါ့)။

ဒါဖြင့် သစ္စာ မသိယင် နိဗ္ဗာန် မရှိ....(မှန်ပါ့ဘုရား)သစ္စာ မသိတဲ့ ပုဂ္ဂိုလ်....(နိဗ္ဗာန်မရှိပါဘုရား)သူတို့သန္တာန်မှာနိဗ္ဗာန် မရှိ ဘူးဆိုတာ တကာ တကာမတွေ့ သေသေချာချာ မှတ်ပါ....(မှန်ပါ့)။

ဒါဖြင့် သစ္စာ သိမှ နိဗ္ဗာန်ရှိတယ်... (မှန်ပါ့) သစ္စာသိမှ.... (နိဗ္ဗာန်ရှိပါတယ်ဘုရား) နိဗ္ဗာန်ရှိတယ်ဆိုတာ လေးလေးစားစားကဲလေး မှတ်လိုက်မှသြော်....ဒါဖြင့် နိဗ္ဗာန် ဘယ်သူနဲ့စပ်နေသတုံး... ဆိုတော့ ဘယ် ဒုယ်ဖြကြမလဲ.... (ခန္ဓာနဲ့ စပ်နေပါတယ်ဘုရား)။

ခန္ဓာနဲ့ စပ်နေတယ်လို့ဆိုတော့ ခန္ဓာ ငတ္တဆောင် ရှာပြီးတော့မှ နိဗ္ဗာန်တွေ့မယ်....(မှန်ပါ့)။

ကိုဝ .... ခန္ဓာ တွေ့ပြီးတော့မှ .... (နိဗ္ဗာန်တွေ့ပါတယ် ဘုရား)။

ခန္ဓာက ဒုက္ခသစ္စာကိုး၊ အဲဒီ ဒုက္ခသစ္စာ တွေ့ပြီးတော့မှ နိဗ္ဗာန် နိရောဓသစ္စာ သွားတွေ့မယ်.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

ဒုက္ခသစ္စာ မတွေ့ဘဲနဲ့ နိရောဓသစ္စာ နိဗ္ဗာန် တွေ့လိမ့်မယ်လို့ ဘယ်တော့မှ မအောက်မေ့နဲ့....(မှန်ပါ့) ဘာ့ကြောင့်တုံး သူတို့က တစပ်တည်းနေတာ....(မှန်ပါ့)။

တစပ်တည်းနေတော့ ဥပမာ မိုးကုတ် ကသဲနဲ့ ကြပ်ပြင်တစပ် တည်းနေတယ်ဆိုတော့ ကသဲမှ မတွေ့သေးတဲ့ပုဂ္ဂိုလ်ဟာ ကြပ် ပြင် တွေ့ချင်လို့တော့ ဒီက မိုးကုတ်သားကတော့ အတော် ခဲယဉ်းတယ်....(မှန်ပါ့)။

ဘာဖြစ်လို့တုံး .... တစပ်တည်းနေတာ၊ ကသဲတွေ့ပြီးမှ ကြပ်ပြင်ကို....(တွေ့ရပါမယ်) တွေ့ရမယ်ဆိုတော့ ထို့အတူဘဲတဲ့ ခန္ဓာအရင်တွေ့ပြီးမှခန္ဓာချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကိုဒုတိယတွေ့မယ်.... (မှန်ပါ့) ရှင်းကြပလေး....(ရှင်းပါပြီ)။

ခန္ဓာတွေ့ပြီးမှ.... (ခန္ဓာချုပ်ငြိမ်းတဲ့နိဗ္ဗာန် တွေ့ရပါမယ် ဘုရား)။

သြော်....ဒါဖြင့် နိဗ္ဗာန် ရှာလို့ရှိယင်ဖြင့် တကာတကာမတို့ ခန္ဓာအယင် တွေ့အောင်ဖမ်း....(မှန်ပါ့)။

နိဗ္ဗာန်ရှာယင်.... (ခန္ဓာအယင် တွေ့အောင် ဖမ်းရပါမယ် ဘုရား)။

ခန္ဓာအယင် တွေ့အောင်ဖမ်းရမယ် ဆိုတဲ့စကားဖြင့် လေး လေးစားစားဘဲ ကိုပေါ်တို့.... ကိုဝတို့.... မှတ်ရတော့မှာဘဲ.... (မှန်ပါ့) မဟုတ်ဘူးလား....(မှန်ပါ့)။

ကျုပ်တို့ကလဲ အိုဘေး.... နာဘေး....သေဘေး ကြောက်တဲ့ ပုဂ္ဂိုလ်တွေ့ အပါယ်ဘေးတွေ့ ကြောက်တဲ့ ပုဂ္ဂိုလ်ဘွေ့ ဆင်းရဲ ဟူသချိလဲ ဒီအထဲ မကြောက်တဲ့ပုဂ္ဂိုလ် မပါကြဘူး....(မှန်ပါ့)။

ဒါဖြင့် ဆင်းရဲဇာတ်သိမ်းချင်လို့ရှိယင်လဲ ခန္ဓာတွေ့မှ နိဗ္ဗာန် တွေ့မယ်၊ နိဗ္ဗာန်တွေ့မှလဲ ဆင်းရဲဇာတ်က သိမ့်မယ်....(မှန်ပါ့)

နို့ မဟုတ်လို့ ရှိယင် ဆင်းရဲဇာတ်သိမ်းနိုင်ကြပါ့မလား....(မသိမ်းနိုင်ကြပါဘုရား)။

မသိမ်းနိုင်ဘူးဆိုတော့ သြော်....ဒါဖြင့် ရှေးဦးမှာ ဒုက္ခသစ္စာတွေ့အောင် ရှာရမှာဘဲ.... (မှန်ပါဘုရား)။

တကာတကာမတို့ ဘာတွေ့အောင် ရှာရမလဲ... (ဒုက္ခသစ္စာတွေ့အောင် ရှာရပါမယ်ဘုရား)။

ဒုက္ခသစ္စာ တွေ့အောင်ရှာရမယ်၊ ဒုက္ခသစ္စာက ခန္ဓာ၊ အဲဒီ့ ဒုက္ခသစ္စာနဲ့ တစပ်တည်း နေတာက နိရောဓသစ္စာ.... (မှန်ပါ့ဘုရား)။

ဒုက္ခသစ္စာနဲ့ တစပ်တည်းနေတာက.... (နိရောဓ သစ္စာပါဘုရား)။

ဒါဖြင့် ဒုက္ခသစ္စာတည်းဟူသော ကဲ့ မတွေ့ဘဲနဲ့ နိရောဓသစ္စာတည်းဟူသော ကြပ်ပြင် တွေ့ချင်လို့(မဖြစ်နိုင်ပါဘုရား) မိုးကုတ်သားမှာ မဖြစ်နိုင်ဘူး၊ သဘောကျပလား.... (ကျပါပြီဘုရား)၁

ကဲ....မိုးကုတ်က သွားတယ်ဆိုယင်ဖြင့် ဒါ.... အစဉ်အတိုင်း တွေ့ရမှာဘဲ....(မှန်ပါ့)။

ကိုင်း... ဒါဖြင့် တကာတကာမတို့ သေသေချာချာဘဲ သစ္စာသိအောင် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောရှာတယ်၊ မင်းတို့ကွာ....တဲ့ ဆရာကောင်း သမားကောင်းရှာပြီး ဒီသစ္စာတွေ့အောင်ဖြင့် ရှာဖြစ်အောင် ရှာပါတဲ့၊ မင်းတို့ဒုက္ခတွေ့ဟာ သစ္စာတွေ့ပြီးလို့ ရှိယင်လဲ အင်မတန်ချမ်းသာသွားပါလိမ့်မယ်တဲ့

(မှန်ပါ့) သစ္စာမတွေ့သေးဘူးဆိုလို့ ရှိယင်လဲ မင်းတို့အတွက်ဟာ ဖြင့်-ငါဘုရားသခင် ကိုယ်တော်မြတ်ကြီး ဘယ်နှယ် နည်းနှင့်မှ မတတ်နိုင်ဘူးတဲ့၊ သဘောကျပလား....(ကျပါပြီ)။

ဘုရားကို ကိုးကွယ်ကြ- ဆည်းကပ်ကြတယ်ဆိုငြား သော်လဲ ငါဘုရား ကိုးကွယ်ဆည်းကပ်ယင် မင်းတို့ သုဂတိတော့ ရောက်ပါတယ်ကွာ... တဲ့၊ နိဗ္ဗာန်တော့ဖြင့် ငါမပို့နိုင်ဘူးတဲ့ (မှန်ပါ့) သစ္စာသိမှ**ာ**ဘဲ့ မင်းတို့ နိဗ္ဗာန်ရောက်မယ်....တဲ့....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

ဘုရား....ကိုးကွယ်ဆည်းကပ်ယင် ဘယ်ရောက်မယ်....(သုဂတိရောက်ပါမယ်) သုဂတိဘဲ့ ရောက်မယ်လို့ တကာတကာမတွေက မှတ်ပါ(မှန်ပါ့) အဲဒါတွေဟာ ပဏ္ဏာသပါဠိတော် အလဂဒ္ဒူပမသုတ်မှာ ကိုယ်တော်တိုင် ဟောတယ်(မှန်ပါ့)။

ငါ့ ကိုးကွယ်ဆည်းကပ်ယင် သုဂတိဘဲ့ကွ....၊ ရှင်းပလား.... (ရှင်းပါပြီ) သစ္စာသိယင် နိဗ္ဗာန်ကွ....ဆိုတော့ ရှင်းမနေဘူးလား....(ရှင်းပါတယ်ဘုရား)။

သစ္စာ သိယင်....(နိဗ္ဗာန်ပါဘုရား) သစ္စာသိယင် နိဗ္ဗာန်ကွ.... လို့ ဆိုသဖြင့် ဘုန်းကြီးတို့ တကာတကာမတွေက သြော်.... ဘုရားလဲ ကိုးကွယ်ရမှာဘဲ၊ သို့သော်....ဘုရား ကိုးကွယ်မှထက် သစ္စာသိမှက အရေးကြီးတယ်....(မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဘုရား ကိုးကွယ်မှထက်....(သစ္စာသိမှက အရေးကြီးပါတယ် ဘုရား) ဝက္ကလိ....နှင်ပစ်တာဟာ ဘုရား ကိုးကွယ်လွန်းလို့ကို

နှင်ပစ်တာ သစ္စာ မသိမှာစိုးလို့....(မှန်ပါ့ဘုရား)သဘောကျပဲလား....(ကျပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ပြောကြပါစို့တဲ့....၊ မင်းတို့ သစ္စာ မသိမှာမျှား ငါ စိုးရိမ်လို့က်တဲ့ ဖြစ်ခြင်း မပြောပါနဲ့တော့ကွာ....၊ ငါ သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ ချိန်ကြည့်တယ်ကွ....တဲ့၊ သဗ္ဗညုတဉာဏ်ချိန်ခွင်ကြီးနဲ့ ချိန်ကြည့်တယ်တဲ့၊ ၁၃-မိုင်ပတ်လည် ရေကန်ကြီး၊ အောက်အနက်ကလဲ ၁၃-မိုင်ဆိုတော့ ကိုပေါ်....နည်းတဲ့ ရေကန် မဟုတ်ဘူး....(မှန်ပါ့)။

အဲဒါ နားခမ်းနဲ့ ညီနေအောင် ရေတွေ့ ထည့်ပါတဲ့(မှန်ပါ့) ရေတွေ့ ထည့်ပါ၊ ရေတွေ့ ထည့်ပြီးသကာလ ကျုပ်တို့ မြက်ဖျားကလေးနဲ့ သွားတို့လိုက်၊ ပြင်ဘက် သွားခါလိုက်၊ အဲဒီ ရေသွားတို့လိုက်, ပြင်ဘက်သွားခါလိုက် ခုနစ်ခါ ခါလိုက်ပါတဲ့....၊ ခုနှစ်ခါ ခါတဲ့ ရေနဲ့ အတွင်းရှိတဲ့ ရေနဲ့ ကိုဝ....ဘယ်သူက များပါ့မလဲ....(အတွင်းရှိတဲ့ ရေက များပါတယ်)နှိုင်းချိန်လို့တောင် မှ ပြောစရာ ရှိရဲ့လား....(မရှိပါဘုရား)။

အဲ.... သစ္စာ သိပြီးတော့ ခုနစ်ခါ ခါတဲ့ ရေလောက်ဘဲ မင်းတို့မှာ ဒုက္ခကျန်တော့တယ်တဲ့၊ သစ္စာ မသိသေးယင် ခုနှင်က ရေကန်ထဲမှာ ရှိတဲ့ သမန်းမြက်ဖျားမှာ ပါ့တဲ့ ရေတွေ့လောက် ဒုက္ခတွေဟာ မင်းတို့ဟာချည်းဘဲမှတ်....(မှန်ပါ့)။

ကဲ....ဘယ်လောက် အရေးတကြီး ဟောသလဲ.... (ကြီးပါတယ်ဘုရား)နောက်က တကာတကာမတွေ့ ပေါ်ကြပလား.... (ပေါ်ပါပြီ) ဘာအရေးတကြီး ဟောပါလိမ့်....(သစ္စာလေးပါး အရေးတကြီး ဟောပါတယ်ဘုရား)။

ငါ သစ္စာ မသိလို့လဲ သူမျှားပါးစပ်ထဲမှာ ခန္ဓာ ပျက်ပြီး လမ်းဆုံးခဲ့ရတယ်ကွာ....တဲ့.... ။

အပါယ်လေးပါးလဲ လမ်းဆုံးခဲ့တဲ့ အပြင် သူမျှားပါးစပ်ထဲမှာ ငါး ဖြစ်လို့, ပါး ဖြစ်လို့ သူမျှားပါးစပ်ထဲ သေခဲ့ရတဲ့ ဘဝတွေလဲ ငါ ကိုယ်တိုင် သဗ္ဗညုတ ဉာဏ်နဲ့ ဂဏန်းတွက်ကြည့်တယ် မရဘူးဟေ့တဲ့....၊ အသေမျှားလှန်းလို့....(မှန်ပါ့)။

တကာ့တကာမတို့ ဘယ်လောက် ဒုက္ခ ကြီးကျယ်တယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဘာသိမှတုံး....(သစ္စာသိမှပါဘုရား)သစ္စာ သိလို့က်တော့လဲ သောတာပန် တည်တယ်ဆို ခုနင်က ပြင်ဘက်ခါတဲ့.... ရေခုနစ်မှန်လောက်သာ တကာ တကာမတို့ ရှိတော့တယ်တဲ့.... (မှန်ပါ့)အတွင်းရေမှန်တွေလောက် ရှိတဲ့ ဒုက္ခတွေ ကုန်ပြီကွာ.... တဲ့....(မှန်ပါ့)။

ဒါ ငါ သဗ္ဗညုတဉာဏ်တော်နဲ့ ချိန်တာပါတဲ့....၊ သူမျှားပြောသံကြားနဲ့ ငါ ပြောတယ်လို့လဲ မင်းတို့က အယူမရှိပါနဲ့တဲ့....၊ပိတ်လိုက်သေးတယ်(မှန်ပါ့) ငါ ကိုယ်တိုင် သိပြီးသကာလ ရှင်းလင်းတဲ့ အလုပ်ပါကွာ-ဆိုတော့ ဦးဘရှင်းက ယုံမှားသံသယ ရှိသေးသလား....(မရှိပါဘုရား)ကိုဝတို့ကော....(မရှိပါဘုရား) ကိုပေါ်....(မရှိပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ဘာအရေးကြီးနေသလဲ....(သစ္စာသိဘို့ အရေးကြီးပါတယ်ဘုရား)။

အဲဒါ ခင်ဗျားတို့ ဩဩ....တရားနဲ့ တရားနဲ့ ဆိုပြီးသကာလ နေကြဦးသော်ငဲ့ ကျုပ်တို့ တရားဓေအာင်တော့ နေတာပါဘဲ ဆိုတာ မပြီးသေးဘူး၊ ကိုဝ....ကျုပ်တို့ တရားသဖြင့် လုပ်နေတာဘဲ ဆိုရုံနဲ့ ပြီးပါ့မလား....(မပြီးသေးပါဘုရား)။

မပြီးသေးဘူးတဲ့၊ တရားသဖြင့် လုပ်နေတယ် ဆိုတာ သူဘာပြောသတုံးလို့ တကာတကာမတွေက ဘုန်းကြီး မေးလို့ ရှိယင် ကျုပ် သီလ ပျက်မှာစိုးလို့ သီလ လုံခြုံအောင် လုပ်နေတယ် ပြောတာ....(မှန်ပါ့)။

ကျုပ်တို့ သီလပျက်မှာစိုးလို့ ကျုပ်သီလ လုံခြုံအောင်လုပ်နေတယ်လို့ ပြောတာ၊ စဉ်းစားကြည့်ပါ၊ ဒီအသံဘဲလွှတ်ပါတယ် (မှန်ပါ့)။

ကျုပ် တရားသဖြင့် ရောင်းဝယ်ဖေါက်ကား စားနေပါတယ် ဆိုတာ ကိုဝ....ဘာပြောတယ်ထင်သတုံး.... (မှန်ပါ့ သီလလုံခြုံအောင် ထိန်းသိမ်းတာပါဘုရား) သီလ စကားပြောနေတာ၊ ရှင်းကြပလား....(ရှင်းပါပြီ)။

မောင်နိုင် ဘာစကားပြောနေတာလဲ.... (သီလစကားပြောနေတာပါ) သစ္စာပါပလား(မပါပါဘုရား)။

တကာတကာမတွေ ဒါဘဲ၊တခြို့ တကာတကာမတွေက ဂုဏ်ယူပြီးသကာလနေကြတယ်။

ကျုပ်တို့ ကောင်းသော ရောင်းခြင်း၊ ကောင်းသောဝယ်ခြင်းဘဲ၊ မဟုတ်တာလဲ မပြောပါဘူးတဲ့.... သီလဘဲ ပြောတာဘဲ ... (မှန်ပါ့)။

မဟုတ်တာ မပြောဘူးဆိုတော့ မုသားမပြောဘူးပြောတာ၊ သိလဘဲ မကျဘူးလား....(ကျပါတယ်ဘုရား)။

အဲဒီတော့ မဟုတ်တာလဲ မပြောပါဘူး....တဲ့ ကျုပ်တို့သည် ကားလို့ ဆိုယင်ဖြင့် အပြစ် လွတ်အောင် နေတာပါဘဲဆိုတော့ သင့်နေတဲ့အပြစ်ကိုမသိဘူး....(မှန်ပါ့)။

သိလပြစ်တော့ လွတ်ပါရဲ့၊ သစ္စာမသိတဲ့ အဝိဇ္ဇာပြစ်က သင့်နေတယ်....(မှန်ပါ့) သိလပြစ်တော့.... (သိပါတယ်ဘုရား) သစ္စာမသိတဲ့ အဝိဇ္ဇာပြစ်တော့....(မသိပါဘုရား)။

ဒါဖြင့် အဝိဇ္ဇာပြစ်သင့်တာ မသိလို့ရှိယင် အဝိဇ္ဇာ ပစ္စယာ သင်္ခါရာက ကိုပေါ် နေပါ့မလား(မနေပါဘုရား)သင်္ခါရပစ္စယာ ဝိညာဏံ ဆိုတဲ့နောက်ပဋိသန္ဓေတွေကကော....(မနေပါဘုရား)။

အဲဒီ ပဋိသန္ဓေတွေ ဘာသစ္စာလဲ.... (ဒုက္ခသစ္စာပါဘုရား) အဲဒီဒုက္ခတွေနဲ့ တော့ သူလွတ်ပါ့မလား.... (မလွတ်ပါဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့က အားလုံးယဉ်ကျေးနေတဲ့ တကာ တကာမတွေအပေါ်မှာ ထူးခြားစွာ ဟောပြန်တယ်လို့ ကိုဝ.... မှတ်ပေတော့....(မှန်ပါ့)။

နို့မို့ ကိုယ့်ဟာကလေးနဲ့ကိုယ် တင်းတိမ်နေတော့သူသိလ နဲ့တင်းတိမ်နေတာဘဲ....(မှန်ပါ့) အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင်သူ လုပ်ပလား....(မလုပ်သေးပါဘုရား) အဝိဇ္ဇာ ဝိဇ္ဇာဖြစ်မှ သစ္စာ သိမှာကိုး....(မှန်ပါ့)။

အဲဒီတော့ လိုနေတာကို ကိုပေါ်တို့ ကိုဝတို့က မသိတော့ တော်ပြီ ကျုပ်တို့တော့ဖြင့် သူများလို တော့ဖြင့် အပါယ်သွား

ကြောင်းတော့ ကျုပ်တို့မရှိပါဘူး၊ ဘာဖြစ်လို့တုံး.... ကောင်းသော ရောင်းခြင်း၊ ကောင်းသောဝယ်ခြင်းဘဲ သူတပါးလဲ စားသာအောင် ကိုယ်လဲစားသာအောင် မုသားလဲမသုံးပါဘူး၊ဒီလို နဲ့ဘဲ ကျုပ်ဖြင့် သားတွေသမီးတွေကျွေး၊ ဒါနဲ့ဘဲ၊ လှူတန်းလာခဲ့တာဘာ။

အံမာ သူ့ဟာနဲ့သူတော့ ကိုဝ....ဟုတ်နေတာ.... (မှန်ပါ့) ဘာနဲ့ ဟုတ်နေတာတုံး.... (သီလနဲ့ ဟုတ်နေတာပါ) ဒါဖြင့် သစ္စာကျတော့ သူဘယ်နှယ်နေသတုံး....(မရှိပါဘူးရှား)မရှိတော့ သစ္စာမသိတာက ဘယ်သူပါလိမ့်....(အဝိဇ္ဇာပါဘုရား)။

ဒါဖြင့် သူ့မှာ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရာပစ္စယာ ဝိညာဏ်ဆိုတဲ့စစ္စာက သူ့မှာအကြိမ်ပေါင်း တန်ဘယ်လောက်တုံး....(မရေတွက်နိုင်ပါဘုရား) မရေတွက်နိုင်တော့ ဒီအပြင်က လွတ်မှာလား.... မလွတ်ဘူးလား....(မလွတ်ပါဘုရား)။

ဒါဖြင့် သြော်.... တကာတကာမတို့ မသိတဲ့လူပြောတော့ မသိသလိုနဲ့ဘဲ မသိတဲ့လူက အင်း....သူတော်လိုက်တာလို့ ချီးမွမ်းရတော့မလိုလိုဘဲ....(မှန်ပါ့)သဘောကျပလား....(ကျုပ်ပြီ)။

မသိတဲ့လူက သူက သီလ အသားယူပြီး ပြောနေတာကိုး.... (မှန်ပါ့) သီလအသားယူပြီး ပြောနေတော့ ဒီကလဲ ဒီလောက်မှ မရှိတဲ့ ပုဂ္ဂိုလ်ဆိုတော့ ကိုဝရေ....တော်ပေသကွာ....အံမာ တော်ပေသကွာလို့ တောင် ခင်ဗျားတို့က လက်ခုတ်တီးသေးတယ်.... (မှန်ပါ့)။

တော်သလား....(မတော်ပါဘုရား) ဘာလို့နေသတုံး(သစ္စာမသိပါဘုရား)သစ္စာမသိတာကဘယ်သူတုံး....(အဝိဇ္ဇာပါဘုရား)

ဒါဖြင့် အဝိဇ္ဇာကရှိနေတော့ အဝိဇ္ဇာက သူတင်လား....လို့ မေးတော့ အဝိဇ္ဇာပစ္စယာ သခ်ၤါရာ....(မှန်ပါ့) သခ်ၤါရ ပစ္စယာ....(ဝိညာဏံပါဘုရား)ကဲ့....သွားလိုက်ပါတော့ ဇာတိဇရာ မရဏာ မရဘူးလား....(ရပါတယ်ဘုရား)။

အဲဒါ ဆုံးသွားလိုက်တော့ ဒုက္ခက္ခန္ဓာသာ သမုဒယော ဟောတိ၊ ဒုက္ခဖြစ်ကြောင်းဘဲ သူလုပ်နေတယ်တဲ့(မှန်ပါ့) ပေါ်ကြပလား (ပေါ်ပါပြီ) ဘာဖြစ်ကြောင်းတဲ့တုံး.... (ဒုက္ခဖြစ်ကြောင်းပါဘုရား) တနေ့ ဘယ်နှစ်ကြိမ်တုံးမေးတော့ သူမသိတဲ့အချိန်က....(မရေတွက်နိုင်ပါဘုရား)။

လုံးဝမှ မပါဘဲ....(မှန်ပါ့) လုံးဝ မပါတော့ ခန္ဓာကဘယ်လို ပြောနေနေ သူဒုက္ခသစ္စာလို့ သိသေးရဲ့လား....(မသိပါဘုရား) မသိတော့ အဝိဇ္ဇာပစ္စယာ သခ်ၤါရာပေါင်း တနေ့အကြိမ်ဘယ်လောက်ရှိမလဲ....(မရေတွက်နိုင်ပါဘုရား)။

ဒါဖြင့် သွားရော ... (မှန်ပါ့) ကိုဝ.... အပါယ်သာတွန်းချလိုက်တော့....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

သီလ တန်ခိုးကြောင့်နတ်ပြည်ရောက်၊အဝိဇ္ဇာတန်ခိုးကြောင့် အပါယ်သွား....ဆိုတော့.... လွတ်ရေး ကျတ်ရေး မြင်သေးရဲ့လား...(မမြင်ပါဘုရား)သူ့သီလနဲ့ သူဖြစ်တဲ့အဝိဇ္ဇာနဲ့ ကိုပေါ်က ချိန်ကြည့်စမ်း၊ မျှရဲ့လား....(မမျှပါဘုရား) မမျှဘူးဆိုတာ ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

အေး....ဒါကြောင့် အခါကောင်း အခွင့်ကောင်းကြုံတုန်း ကို ခင်ဗျားတို့က ခုနင်ကဒု-မိုင်ပတ်လည်ရှိတဲ့ ရေကန်ကြီးထဲမှာရှိတဲ့ ရေကလေးသမန်းမြက်ဖျားနဲ့ တို့တခုဟမှု တခု တမှု ဆိုယင် ဒီထဲ

မှာအမှုံပေါင်း ရေတွက်နိုင်ကြပါ့မလား.... (မရေတွက်နိုင်ပါဘုရား)။

အဲဒီ ဒုက္ခတွေဟာ ခင်ဗျားတို့ ဝိဇ္ဇာမဖြစ်သေးသ၍ ကာလပတ်လုံး အကုန်ရှိတယ်....(မှန်ပါ့)။

သစ္စာမသိသေးသ၍ ကာလပတ်လုံး.... (အကုန်ရှိပါတယ်) ဒါဖြင့် ဒုက္ခပေါင်းအရေအတွက် ဘယ်လောက်ပါလိမ့်....(မရေတွက်နိုင်ပါဘုရား) ကိုင်း....တကာတကာမတို့ ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

ဒါဖြင့် သစ္စာမသိတဲ့ပုဂ္ဂိုလ် ခုနှင့်က ပြောတဲ့စကားပြန်နိုင်း ချုပ်လိုက် နိဗ္ဗာန်မရှိဘူး.... (မှန်ပါဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီ) သစ္စာမသိတဲ့ပုဂ္ဂိုလ်မှာ.... (နိဗ္ဗာန် မရှိပါဘုရား) နိဗ္ဗာန်မရှိဘူးဆိုတော့ အားလုံး တကာတကာမတွေ ကျေနပ်ကြပလား....(ကျေနပ်ပါပြီ) ရှင်းပလား.... (ရှင်းပါပြီ)။

အေး....ဒါကြောင့် ကဲ....ဒါဖြင့် ပြောကြပါစို့။ သစ္စာသိအောင်နော်.... သစ္စာသိအောင် ပြောကြပါစို့ တကာတကာမတို့၊ သစ္စာမသိလို့ရှိယင် ဒုက္ခအနန္တကြီးက ကျန်နေလို့ ကိုဝ.... မဟောထိုက်ဘူးလား.... ဟောထိုက်သလား.... (ဟောထိုက်ပါတယ်ဘုရား) မဟောလို့ရှိယင် ဖြစ်ကို ဖြစ်ပါ့မလား.... (မဖြစ်ပါဘုရား)။

မဖြစ်တော့ဘူးဆိုတဲ့ တရားပါဘဲ၊ တကာတကာမတို့ မဟောယင် လုံးဝကို မဖြစ်တဲ့တရားလို့ မှတ်လိုက်စမ်းပါ.... (မှန်ပါ့) ဦးဘကလေး ဟောရမယ်....(မှန်ပါ့)။

ဒါ့ကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သစ္စာမျှး ဟောနိုင်တဲ့ ဆရာသမားမျှး တွေ့ယင်ကွာ....ကဲ့ မင်းက အသက် တရာ ရှည်ပါလိမ့်မယ်၊ တနေ့ကို မနက်လှဲ အချက်သုံးရာထိုးလိမ့် မယ်၊ နေ့လည်သုံးရာထိုး၊ ညနေသုံးရာထိုး၊ အဲ ကိုးဆယ့်ကိုးနှစ် ကျော်မှ တရားပြည့်ကာနီးမှ သစ္စာပြောမယ်ဆိုယင်ဖြင့်တဲ့ ရက် ပေါင်းမျှားစွာ ပြောတာတွေ့ ခံသာခံလိုက်....(မှန်ပါ့)။

ခုနင်က ရေမှုန်ဒုက္ခနဲ့စာတော့ ဒီလှဲ ထိုးချက်က ဖြစ်လောက် ကဲ့လား .... (မဖြစ်လောက်ပါဘုရား) ရှင်းပလား .... (ရှင်းပါပြီ ဘုရား)။

အဲဒါကြောင့် တကာတကာမတို့ သစ္စာသိအောင်ပြောနိုင်တဲ့ ပုဂ္ဂိုလ်နဲ့ကြုံလို့ ရှိယင်ဖြင့် လှဲ အချက်တနေ့ကို ကိုးရာ- ကိုးရာ အထိုးခံ၊ အသက်တရာပြည့်ယင် နောက်ဆုံးပိတ် သေကာနီးရက် မှာ သစ္စာသိအောင်ခံလိုက်က ဆိုတော့ ကိုဝ ဒါအရေးတကြီး ပြောတဲ့စကားဟုတ်·မဟုတ်....(ဟုတ်ပါတယ်ဘုရား)။

နောင်းက တကာ တကာမတွေ့ အရေးကြီးတဲ့ စကားမှ ဟုတ်ပါရဲ့လား... (ဟုတ်ပါတယ်ဘုရား) ဘယ်သူကပြောတာတုံး (ဘုရားကပြောတာပါဘုရား) သစ္စာသံယုတ်မှာ ဘုရားကပြော တယ်....(မှန်ပါ့) သစ္စာသံယုတ်မှာ ဘုရားက ပြောတယ်ဆိုတော့ တကာတကာမတွေ့ အလွန်ရိပ်မိဘို့ ကောင်းသွားပြီ .... (မှန်ပါ့ ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ကျောက်အရောင်းအဝယ်နဲ့၊ခင်ဗျား တို့တွင်းနဲ့ ခင်ဗျားတို့ အကျိုးပေးနေတာကလေးတွေ့ကိုဘုန်းကြီး မျှားသည် ဝမ်းသာပါတယ်၊ တိုက်တွေ့တည့်, ကားတွေ့ဝယ်ကြ၊

အမျိုးမျိုးအဖုံဖုံ ဝမ်းသာငြားသော်လဲ စိတ်မချရတဲ့ဝမ်းသာလုံးတွေ....(မှန်ပါ့ဘုရား)။

ဘယ်လိုဆိုကြမလဲ .... (စိတ်မချရတဲ့ ဝမ်းသာလုံးတွေပါ) သော်....ယနေ့သူဌေးကြီး၊ နက်ဖြန်ခေါ်းကြီးကိုး.... (မှန်ပါ့) ဒီလို ဖြစ်သွားမှာစိုးရိမ်ရတယ်....(မှန်ပါ့) ယနေ့သူဌေးကြီး နက်ဖြန် ခေါ်းဆိုတော့ ကိုဝ .... ကောင်းသေးရဲ့လား .... (မကောင်းပါဘုရား)။

တောဒေယျ ပုဏ္ဏားကြီးဟာ ယနေ့ သူဌေးကြီးဘဲ .... (မှန်ပါ့) မြေသဲမှာ ကုဋေလေးဆယ်မြုပ်နိုင်တယ်၊ သုံးဘုံအပေါ်မှာ နေတိုင်းသုံးဘို ကုဋေလေးဆယ်ပုံထားတယ်၊ မောင်နှိုင်နက်ဖြန် ခေါ်းကြီးသွားဖြစ်တယ်....(မှန်ပါ့ဘုရား)။

သစ္စာမသိတော့ ဘယ်လောက်ကြောက်စရာကောင်းသတုံး.... (ကောင်းပါတယ်ဘုရား)ရှင်းကြပလား....(ရှင်းပါပြီ)။

အဲဒါကြောင့် ခင်ဗျားတို့ ကျန်းမာချမ်းသာမှန်နေတာကိုလဲ ဘုန်းကြီးများက အင်မတန်ဝမ်းသာတယ်၊ ဘာ့ကြောင့်ဝမ်းသာသတုံး ဆိုလို့ရှိယင်ဖြင့်တဲ့၊ သြော်....ဒီတကာတကာမတွေ့ ပုဗ္ဗေကတပုညတာ=ရှေးကပြုလုပ်ခဲ့ဘူး ကောင်းမှုအထူးရှိပါပေတယ်လို့ မဆိုထိုက်ဘူးလား....(ဆိုထိုက်ပါတယ်ဘုရား)။

ရှေးကပြုဘူးတဲ့ ကောင်းမှုထူး ရှိပါပေတယ် .... (မှန်ပါ့)ရှိပေမဲ့ အဟောင်းစားသွားဖြစ်တယ်....(မှန်ပါ့) အသစ်ဒုက္ခလုတ်ရေးကို မရှာဘူး....(မှန်ပါ့) မရှာတာက သစ္စာမသိတော့ မရှာဘူး....(မှန်ပါ့)ဒီလိုဆိုတော့ ဒို့လိုသေးတယ်ဆိုတာ ပေါ်ပလား (ပေါ်ပါပြီ)ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဟောပါတော့မယ်တဲ့၊ သစ္စာဟောဘို့ရာအကြောင်းကို ခင်ဗျားတို့က သာမညပုဂ္ဂိုလ်ကလဲ့ မဟောနိုင်၊ ခင်ဗျားတို့ကလဲ့ သာမညနားနဲ့ကလဲ့ မထောင်နိုင်၊ ဘယ်နှယ်ကြောင့်တုံး အဖေးကြီးမှန်းမသိတော့ ခက်တယ်....(မှန်ပါ့) အခုတော့ သူ့ထက် အရေးကြီးတာ ရှိသေးသလား....(မရှိပါဘူးဘုရား)မရှိဘူးဆိုဟာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ကဲ ဒါဖြင့် သစ္စာပြောပါတော့မယ်ဆိုတော့ တကာတကာမတို့ သစ္စာဆိုတာ တခြားမှတ်မနေနဲ့နော်....(မှန်ပါ့) ဘာတုံးမေးလို့ရှိယင် ခင်ဗျားတို့၏ ခန္ဓာငါးပါး· တပါးပါးသည် သစ္စာဘဲ့....(မှန်ပါ့)။

ခန္ဓာငါးပါး- တပါးပါးသည် .... (သစ္စာပါဘုရား)ဒါ ဒုက္ခသစ္စာနော်....(မှန်ပါ့)။

ခန္ဓာငါးပါး- တပါးပါးသည်.... (ဒုက္ခသစ္စာပါ) ဩော်.... ဒါဖြင့် ခန္ဓာငါးပါး တပါးပါးကို ဒို့ပိုင်ပိုင်နိုင်နိုင်သိလို့ရှိယင်ဖြင့် သူ့ခန္ဓာ၏အကြောင်း ကောင်းကောင်း သိလို့ရှိယင် ခန္ဓာ၏ဖြစ်ပုံကောင်းကောင်း သိလို့ရှိယင်ဖြင့် ခန္ဓာ၏အနေအထားကို ကောင်းကောင်း သိလို့ရှိယင် သစ္စာသိတာပါဘဲ့ ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

ခန္ဓာ၏ အနေအထား ကောင်းကောင်းသိယင်.... (သစ္စာသိပါ့တယ်ဘုရား) သစ္စာသိတာပါဘဲ့ဆိုတာ သဘောကျပလား....(ကျပါပြီဘုရား)။

အခုတော့ တကာတကာမတွေသိတဲ့ သစ္စာက ဘယ်လိုနေသတုံး၊ ယားတယ်ဆိုလို့ရှိယင်ဖြင့်၊ ယားတယ်ဆိုလို့ရှိယင်ဖြင့်

ယားလိုက်တာတဲ့၊ ဒုက္ခသစ္စာရယ်လို့တော့ မသိဘူး .... (မှန်ပါ့ဘုရား)။

သိပြန်တော့လဲ ယားလိုက်တာ၊ စိတ်မျှား ပျက်ပါပေါ့၊ ဒေါမနဿနဲ့ လာနေတာယ်....(မှန်ပါ့) ဒေါမနဿကသိတာမျိုးဟုတ်ကဲ့လား....(မဟုတ်ပါဘုရား)။

ဒေါမနဿက သိတာမျိုးမဟုတ်ဘူး၊ဒေါမနဿက စိတ်ပျက်တယ်၊ ယားလို့စိတ်ပျက်တယ် .... (မှန်ပါ့) ယားလို့ဉာဏ်နဲ့သိတာ ဒုက္ခသစ္စာရယ်လို့ သိတာဟုတ်ပါရဲ့လား .... (မဟုတ်ပါဘုရား) ဒါဖြင့် အင်မတန်ကျွာခြားမနေဘူးလား....(ကွာခြားနေပါတယ်ဘုရား)။

အေး... ဒါကြောင့် အိမ်မှာလဲ တကာတကာမတွေ့ တွေးကြပါဆိုတဲ့ဥစ္စာ ရှင်အာနန္ဒာမျှား တကာကြီးလို့ မှာလိုက်တာလေ၊ မင့်အမျိုး,မင့်အနွယ်, မင့်ကြည်ညို,မင့်ဝတ်ပြုနေတဲ့ ပုဂ္ဂိုလ်ဖြစ်စေ၊ မင်းသနားတဲ့ပုဂ္ဂိုလ်ဖြစ်စေ အလုံးစုံကွာ....တဲ့ မင်းသနားလို့ ရှိယင်ဖြင့် ဒီ့ပြင်အမေ့ ဘာမှမပေးနဲ့၊ ဒီသစ္စာသိဘို့အမေ့ကလေးတလုံးသာပေး .... (မှန်ပါ့)ဒါ သူတို့ ဒုက္ခကျတ်သွားလိမ့်မယ်။

ကဲ ဒါဖြင့် တကာတကာမတို့ ဘယ်လောက် အရေးကြီးတယ်ဆိုတာ ရှင်အာနန္ဒာ မှာကတည်းက ကိုဝ သေချာပြီ.... (သေချာပါပြီဘုရား) မသေချာသေးဘူးလား....(သေချာပါပြီဘုရား)။

အဲဒါ အဘိုးတန်တဲ့ဆရာက ပြောနေလို့ အဘိုးတန်တယ်လို့ မအောက်မေ့ပါနဲ့၊ ဒါပါဦးတော်ချည်းဘဲလို့မှတ်လိုက်.... (မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ဘာတွေပါလိမ့်.... (ပါဦးတော်တွေပါဘုရား) ပါဦးမှာ ရှိုးရှိုးမဟုတ်ပါဘူး၊ တော် ပါလာသေးတယ်နော်.... (မှန်ပါ) ကိုယ်တော်တိုင်ဟောတာ....(မှန်ပါ့)။

ဒီ့ပြင်ဟာတော့ ပါဦးလို့သုံးတယ်၊ ဒီဟာကျတော့- တော်, ပါလာတယ်၊ သဘောကျပလား....(ကျပါတယ်ဘုရား)။

တော်, ပါလာတာက ဘယ်သူတုံး .... (ဘုရားသုံးတာပါဘုရား) ကိုယ်တော်တိုင် ဟောတာ ဟာ.... ဒါက ပါဦးပါဌ်ဘဲ့ တွေဘဲဆိုတာက သူကိုယ်တိုင် ဟောတာ မဟုတ်ပါဘူး၊ ရှင်းပလား....(မှန်ပါ့) သာဝကတွေ ဟောတာ ဖြစ်နေတယ်။

အဲဒီတော့ တကာတကာမတို့ ဒါပါဦးတော်ဆိုတော့ ရိပ်မိပြီ....(မှန်ပါ့) ကိုင်း....ဒါဖြင့် သစ္စာ ရှာကြစို့.....(မှန်ပါ့)။

သစ္စာ ရှာကြစို့ဆိုတော့ လွယ်ပါတယ် တကာတကာမတို့၊ သစ္စာရှာချင်တော့ လွယ်ပါတယ်၊ စာက ရေးတဲ့ သစ္စာကို မလို့ချင်၊ ခန္ဓာထဲ အခုပေါ်တဲ့ သစ္စာကို လိုချင်သည်၊ ဒါလဲ မှတ်ကြပါဦး....(မှန်ပါ့)။

စာက ရေးတဲ့ သစ္စာကို မလိုချင်ပါဘူးနော်....(မှန်ပါ့)စာက ရေးတဲ့ သစ္စာကို....(မလိုချင်ပါဘုရား) ခန္ဓာက အခုပြောတဲ့ သစ္စာကို....(လိုချင်ပါတယ်ဘုရား)ဒီ ရောက်ရမယ်ဆိုတာကော သဘောပါပလား....(ပါ့ပါပြီဘုရား)။

စာမှာ ပါသားဘဲလို့ ဆိုလို့ရှိယင် ဒီတကာ တကာမတွေ့ နိဗ္ဗာန် မရောက်ပါဘူး....(မှန်ပါ့)။

ဘာဖြစ်လို့တုံး ဆိုလို့ရှိယင် စာသိက ကိုဝ....သညာ(မှန်ပါ့) ကိုယ့်ခန္ဓာထဲ ကိုယ်သိတာက ပညာ....(မှန်ပါ့)သညာနဲ့ ပညာ ကွာခြားတယ်....(ကွာပါတယ်ဘုရား)။

သညာနဲ့ ပညာ...(ကွာခြားသွားပါတယ်) ရှင်းပလား.... (ရှင်းပါပြီ) သညာက ပဋိစ္စသမုပ္ပါဒ် မပြတ်ဘူး....(မှန်ပါ့)ပညာက ပဋိစ္စသမုပ္ပါဒ် ပြတ်တယ်....(မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

သညာက....(ပဋိစ္စသမုပ္ပါဒ် မပြတ်ပါဘုရား)အဲ....ဒုက္ခကို မပြတ်နိုင်ဘူး....(မှန်ပါ့) ပဋိစ္စသမုပ္ပါဒ်ဆိုတာ ဒုက္ခဘဲ....(မှန်ပါ့ဘုရား)။

ပညာကတော့....(ဖြတ်နိုင်ပါတယ်ဘုရား) ဖြတ်နိုင်တယ်ဆို တော့ ကိုဝ....စာသမားကို ခင်ဗျားတို့က အားကိုးမနေနဲ့ဦး.... (မှန်ပါ့)။

ရှေးကတော့ အို့သူက စာဖတ်တတ်တယ်၊ သူက တော်ပြီ၊ စာဆို သူက တောတော မွေ့နှောက်ထားတာ၊ အင်း....ခန္ဓာမွေ့ နှောက်တယ်လို့ ပါရဲ့လား....(မပါပါဘုရား) စာမွေ့နှောက်ထားတာလို့ ပြောနေတယ်....(မှန်ပါ့)။

အဲဒီကတည်းက ရှိတဲ့ဆီ ရှာတာလား....၊ မှတ်တမ်းထဲ ရှာနေတာလား....(မှတ်တမ်းထဲ ရှာနေတာပါဘုရား)။

မှတ်တမ်းထဲ ရှာလို့ ရှိယင်ဖြင့် စာရင်းစာအုပ်ထဲမှာ ငွေမရှိသလို့ဘဲ အဲဒီ့ထဲ သွားမရှာနဲ့....(မှန်ပါ့) ကိုယ်ထားတဲ့ မီးခံသေတ္တာထဲမှာ ဖြစ်စေ၊ တခြားသော သားရေအိတ်ထဲမှာဖြစ်စေ ရှာယင်တော့ ငွေတွေ့မယ်....(မှန်ပါ့)။

မှတ်တမ်းထဲ သွားရှာလို့ ရှိယင်ဖြင့် ငွေစက္ကူ နံပါတ်တောင် မပါဘူး....(မှန်ပါ့)ပါပါ့မလား... (မပါပါဘုရား) ကဲ....ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် စာသမားလဲ အားကိုးလို့ မရသေးဘူး၊ ခန္ဓာညာဏ်ရောက်တဲ့ ပုဂ္ဂိုလ် အရေးကြီးတယ်....(မှန်ပါ့)။

ကိုပေါ် .... ဘာ အရေးကြီးသတုံး....(ခန္ဓာညာဏ်ရောက်တဲ့ ပုဂ္ဂိုလ် အရေးကြီးပါတယ်ဘုရား)။

ခန္ဓာညာဏ်ရောက်တဲ့ ပုဂ္ဂိုလ် အရေးကြီးတယ်ဆိုတာလဲ ပေါ်ကြပလား....(ပေါ်ပါပြီ)ကဲ....ဒါဖြင့် ခန္ဓာထဲ ရှာကြစို့....(မှန်ပါ့ဘုရား)။

တကာတကာမတို့ ဘယ်ထဲ ရှာကြမယ်....(ခန္ဓာထဲ ရှာပါမယ်ဘုရား)။

ခန္ဓာထဲ ရှာတော့မယ်ဆိုတော့ လွယ်ပါတယ်တဲ့၊ အခု ဆရာကောင်း, သမားကောင်း, လမ်းညွှန်ကောင်းနဲ့ တွေ့နေတာ-ကိုဝဒါ မခဲယဉ်းပါဘူး... (မှန်ပါ့)။

တကာတကာမတို့ အခု ဘုန်းကြီးပြောတဲ့ အသံကိုကြား ရဲ့လားလို့ မေးလို့ရှိယင်ဖြင့် ဘယ်နှယ်ဖြေပါ့မလဲ....(ကြားပါတယ်ဘုရား)။

အဲဒါဟာ နားထဲမှာ ကြားစိတ်ကလေး ပေါ်တာ....(မှန်ပါ့ဘုရား)။

နားထဲမှာ....(ကြားစိတ်ကလေး ပေါ်ပါတယ်ဘုရား) နားထိုင်းဆိုယင် ပေါ်ပါ့မလား....(မပေါ်ပါဘုရား)ဝမ်းထဲကတည်းက နားပင်းလာတဲ့ ပုဂ္ဂိုလ်....(မပေါ်ပါဘုရား)။

ဒါဖြင့် ဘုန်းကြီးအသံနဲ့ သူ့မှာ ကြားတတ်တဲ့ ရုပ်နဲ့ တိုက်ဆိုင်တာနဲ့ နားထဲမှာ အမွေးနု ပေါက်ရာမှာ ကြားစိတ်ကလေး ပေါ်တယ်....(မှန်ပါ့)။

တကာတကာမတို့ ဒီ ကြားစိတ်ကလေး ပေါ်တာ သိသွားပလား....(သိသွားပါပြီဘုရား)။

အဲဒီ ကြားစိတ်ကလေးဟာ တကာတကာမတို့ ဆွေ....ကြားစိတ်ကလေး ကြည့်တာပေါ့တဲ့ ကြားစိတ်ကလေးကို ဒါကိုယ်ခန္ဓာဘဲလို့လဲ မှတ်လိုက်....(မှန်ပါ့)ဝိညာဏက္ခန္ဓာ....(မှန်ပါ့ဘုရား)။

ကြားစိတ်ကလေးကို ဘာခန္ဓာ ဖွဲ့မလဲ.... (ဝိညာဏက္ခန္ဓာပါဘုရား)ဝိညာဏက္ခန္ဓာ။

ကြားတိုင်း,ကြားတိုင်း ကြားစိတ်ကလေးဟာ နားထဲ ပေါ်တယ်၊ ပေါ်တိုင်း, ပေါ်တိုင်း သူ့ကို ဘာဆိုကြမလဲ....(ဝိညာဏက္ခန္ဓာပါဘုရား)။

ဒီ ဝိညာဏက္ခန္ဓာက အခု ကြားတဲ့ ပုဂ္ဂိုလ်သန္တာန် ပေါ်တဲ့ခန္ဓာ....(မှန်ပါ့) တခြားသော ပုဂ္ဂိုလ်သန္တာန်ပေါ်တာ ဟုတ်သေးရဲ့လား....(မဟုတ်ပါဘုရား)။

ဒါဖြင့် ဒီ ခန္ဓာကလေးဟာ သူ့ခန္ဓာဘဲ ဆိုကြစို့ဆိုတော့၊ ကြားတဲ့ ပုဂ္ဂိုလ်၏ ခန္ဓာဘဲ....(မှန်ပါ့) ဆိုနိုင်ကြရဲ့လား.... (ဆိုနိုင်ပါတယ်ဘုရား)။

အဲဒီ့ ကြားတဲ့ ပုဂ္ဂိုလ်၏ ခန္ဓာထဲမှာ ဒါ ဂီညာဏကခန္ဓာဆို တာဟာ တကာတကာမတို့ ခန္ဓာဘဲဆိုတာ သိသွားပြီ-(မှန်ပါ့) ခန္ဓာသည် ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

ဪ....ဒါဖြင့် ငါ့သန္တာန် ဒုက္ခသစ္စာကလေး ပေါ်ပြီလို့ ဒီက စ,သိလိုက်....(မှန်ပါ့)။

ဘာသစ္စာ ပေါ်လာသတုံး....(ဒုက္ခသစ္စာ ပေါ်လာပါတယ် ဘုရား)။

ကဲ....ကိုဝ....ခက်သလားဗျာ....(မခက်ပါဘုရား) နားလည် ပါးလည်အောင် ပြောတတ်တဲ့ ဆရာသမားနဲ့ ကျုံပြန်တော့လဲ ဪ....သစ္စာဆိုတာ အခုကြားတဲ့ စိတ်ကလေးဆိုတာပါကလား (မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

သစ္စာဆိုတာ ဘာပါလိမ့်....(အခုကြားတဲ့ စိတ်ကလေးဆိုတာ ပါဘုရား)။

ကြားတဲ့ စိတ်ကလေးဆိုတာဘဲ တကာ တကာမတို့နော် ....၊ အဲဒီ့ ကြားတဲ့စိတ်ကလေး ကြားပြီးသကာလ ကြားတဲ့စိတ် ကလေးက ကြားပြီးတော့ ချုပ်သွားတာဘဲ... (မှန်ပါ့)။

ကြားပြီး တကာ တကာမတွေက ဪ.... ဒါကလေးဟာ ငါ့သားကလေးက ခေါ်လို့ ကြားတာဘဲဆိုပြီး ကြားစိတ် ကလေးဆိုပြီးသကာလ သားကလေး အသံကြားတဲ့ ကြားစိတ်

ကလေး ပေါ်ပြီးသကာလ ဟိုကငိုတဲ့ အသံကလေး ကြားတော့ ကြားစိတ်ကလေး ပေါ်ပါတယ် နော်.... (မှန်ပါ့)။

ကြားတော့ ခလေးကလေးဆိုကို သွားချင်တဲ့ စိတ်ကလေး ကော မပေါ်ဘူးလား-(ပေါ်ပါတယ်ဘုရား) အင်း....ဘယ်နှယ် ကြောင့် သွားချင်ပါလိမ့်မတုံး ဆိုတော့ ကိုယ် မွေးထားတဲ့ သားကလေးမို့ ကိုယ်ခင်တယ်၊ မလာဘူးလား....(လာပါတယ် ဘုရား)။

ကြားစိတ်ကလေး မရှိဘူး၊ ခင်စိတ်ကလေးနဲ့ တကာတကာ မတွေ့မှာ ဖြစ်နေတယ်....(မှန်ပါ့) မဖြစ်ဘူးလား....(ဖြစ်ပါတယ် ဘုရား)။

ဒီခင်စိတ်ကလေးကလဲ ဘာသစ္စာတုံးလို့ မေးပြန်တော့.... (ဒုက္ခသစ္စာပါဘုရား) သူလဲ ခင်ဗျားတို့ သန္တာန်ပေါ်တော့ ဝိညာဏက္ခန္ဓာဘဲကိုး....(မှန်ပါ့) ဒါဖြင့် သူဘာသစ္စာတုံး....(ဒုက္ခ သစ္စာပါဘုရား)။

ထားဦး....ထားဦး.... ဒုက္ခကစ္စာလို့ဘဲ သိသိသွား....(မှန်ပါ့ ဘုရား)။

ကဲ....တခါ သွားပါဦး၊ ကြားပြီးသည်၏ အခြားမဲ့၌ အို.... ကြားကာမျှနေသလား...တဲ့ စဲ့စဲ့ လမ်းလမ်းဘဲ ရှိသလား....လို့ မေးယင်.... (စဲ့စဲ့လမ်းလမ်း ရှိပါတယ်ဘုရား)။

ဟာ....ဒါဖြင့် ကြားစိတ်ကလေး တဏှာ ချုပ်ပြီးသကာလ ကိုဝ.... ကိုပေါ်.... ဥပါဒါန်စိတ်ဖြစ်တယ်.... (မှန်ပါ) ဘာသစ္စာ တုံး....(ဒုက္ခသစ္စာပါဘုရား)။

ဒုက္ခသစ္စာဘဲ မှတ်ထားလိုက်တာပေါ့၊ ဟာ....ဒီ့ သန္တာန်မှာ ကြားစ,ကလဲ ဒုက္ခသစ္စာ၊ ကြားလို့ ခင်တဲ့ စိတ်ကလေးကလဲ ဒုက္ခသစ္စာ၊ စဲလမ်းတဲ့ စိတ်ကလေးကော....(ဒုက္ခသစ္စာပါ) ဒုက္ခသစ္စာတွေ့ ဆက်ဖြစ်သွားတာဘဲ....(မှန်ပါ့) သဘောကျပလား.... (ကျပါ့ပြီ)။

အင်း....ဒါဖြင့် သွားဦးမှာဲ့ ဆိုပြီးသကာလ နှုတ်က ပြောလိုက်တယ်၊ ခလေး ငိုနေတယ် သွားဦးမှာဲ့လို့ မထသေးပါဘူးကိုဝ....၊ သွားဦးမှာဲ့ ဆိုတာကလေးကော မပြောဘူးလား.... (ပြောပါတယ်ဘုရား)။

ပြောတာ စေတနာပါလို့ ပြောတာ....(မှန်ပါ့) စေတနာမပါယင်ကော....(မပြောပါဘုရား)။

အဲဒါကလေးက ဘာတုံး မေးတော့ ဥပါဒါနုပစ္ဆယာ ကမ္မဘဝေါ၊ ဝစီကံကလေး လာဖြစ်တယ်....(မှန်ပါ့)။

ဒါ ဘာပါလိမ့်....ဝစီကံနော်.... (မှန်ပါ့) ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား)။

အင်း....ကြည့်စမ်း.... မောင်နိုင်....၊ ကြားစ,က စ,ပြီးတော့ ဘာသစ္စာတွေ့ တန်းသလဲ (ဒုက္ခသစ္စာတွေ့ တန်းပါတယ်ဘုရား)။

ဩော်....ဒါ ဒုက္ခသစ္စာတွေ့ချည့် တန်းနေပြီဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ကဲ....ဒါဖြင့် ကြားစိတ်ကလဲ ဒုက္ခသစ္စာ၊ ကြားလို့ ခင်တာကလေးကလဲ.... (ဒုက္ခသစ္စာပါ) ကြားလို့ စဲလမ်းတာကလေးကော....(ဒုက္ခသစ္စာပါ) ဒါဖြင့် ကြားလို့ သွားဦးမှာဲ့လို့ ပြောတဲ့ ဝစီကံကလေးဟာကော....(ဒုက္ခသစ္စာပါ)ဒုက္ခသစ္စာဘဲ။

ဟုတ်တယ်-မဟုတ်တယ် ဘုန်းကြီးကဘခါရှင်းပြီးပြပါဦးမယ် ဒါဒုက္ခသစ္စာဘဲဆိုတဲ့ဥစ္စာ၊ သေခြာချာ ရှင်းပြတဲ့အခါကျတော့ဖြင့် သောတဉ္စ ပဋိစ္စ သဒ္ဒေစဥပ္ပဒတိသောတဝိညာဏံ ဆိုတဲ့ကြားဝိတ်ကလေး မောင်နှိုင် မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)။

အင်း....ကြားပြီးသည်၏ အခြားမဲ့၌ တိတ္တဲ့ သင်္ခတိပဋ္ဌာ ဖဿပစ္စယာ ဝေဒနာတွေတော့ ကျော်လိုက်ပါ့တော့ ဝေဒနာပစ္စယာတဏှာဆိုတဲ့ ခင်ဗျိတ်ကလေးကော (ပေါ်ပါတယ်)ဟာကျော ပစ္စယာ ဥပါဒါနံဆိုတာကော....(ပေါ်ပါတယ်ဘုရား) ဘာသစ္စာကလေးတွေချည့် ရှောက်ဖြစ်နေသလဲ(ဒုက္ခသစ္စာတွေချည့် ဖြစ်နေပါတယ်ဘုရား)။

ဥပါဒါနပစ္စယာ ကမ္မဘဝေါ- မပေါ်ဘူးလား(ပေါ်ပါတယ်ဘုရား) သူးဦးမှာဆိုတဲ့ ဝဗိုက်ကလေးမလာဘူးလား .... (လာပါတယ်) တော်တော်ကြာကျတော့ အင်း- ထ,ကိုသွားတာဘဲ -ပို့တော့ ကာယကံကလေးကော....(လာပါတယ်ဘုရား) ရှင်းပလား (ရှင်းပါတယ်ဘုရား)။

အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်နဲ့လဲ ဒါ မကိုက်သေးဘူးလား.... (ကိုက်ပါတယ်ဘုရား)။

ကဲ....ပဋိစ္စသမုပ္ပါဒ်ကို ဦးဘရှင်းက ဖြစ်စေ၊ ကိုပေါ်က ဖြစ်စေ အဆုံးရှုတ်လိုက်စမ်းပါတဲ့ အလည်ကဟာတွေ ကျုပ်တို့ ခဏြာနေယင် ရှည်နေမှာစိုးလို့၊ အဆုံးရှုတ်လိုက်ဘော့ ကိုပေါ်.... ဘာတွေသလဲ....(ဒုက္ခက္ခန္ဓာသာ တွေပါတယ်ဘုရား)။

ဟော....ဒုက္ခကွန္ခဿတဲ့ ဒုက္ခအစုကြီးက....ဆိုတော့ ဒုက္ခသစ္စာလို့ မပြောဘူးလား....(ပြောပါတယ်ဘုရား)။

နောက်က ဖြစ်ခဲ့တာဟာသ၍ ဘာချည့်တဲ့တုံး....(ဒုက္ခချည့်ပါဘုရား)ဒုက္ခသစ္စာချည့်ဘဲဆိုတာ ဘုရားကဘဲ တာဝန်မခံဘူးလား (ခံပါတယ်ဘုရား)။

ဒါဘုရားဟောလို့ သိရတာလား....တဲ့ ခင်ဗျားတို့ ဖြစ်စဉ်ကို ဘုရားက လက်ညှိုးထိုးတာလား....(ဖြစ်စဉ် လက်ညှိုးထိုးတာပါဘုရား)။

အဲ... ဘုရားက ဟောတာ မဟုတ်ဘူး၊ ခင်ဗျားတို့ ဖြစ်စဉ်ကို လက်ညှိုးထိုးပြတာ....(မှန်ပါ့)။

ဘုရားဟောလို့ သိရပေသည်....(မှန်ပါ့) ရှိတာကတော့....(ဒုက္ခသစ္စာပါဘုရား)။

ဒီ တကာတကာမတွေ့ သန္ဓာန်မှာ ရှိတယ်--(မှန်ပါ့)ဘုရားက လက်ညှိုးထိုး ဖေါ်ရတယ်... (မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ရှိတဲ့ ဒုက္ခသစ္စာက ခင်ဗျားတို့ဆီမှာ....(မှန်ပါ့) ဘုရားက ဘာပြောဖေါ်ရသတုံးဆိုတော့ ဟောဒါ ဒုက္ခသစ္စာအတန်းကြီးကွာလို့....ကျုပ်တို့က သစ္စာမသိတဲ့ ပုဂ္ဂိုလ်မို့ ဒုက္ခကွန္ခဿ သမုဒယောဟောတီ ဆိုပြီး ပြောရှာတယ်....(မှန်ပါ့)ဒုက္ခတွေ့ ဖြစ်နေပြီဟော့... တပုံကြီးဘဲ၊ မပြောဘူးလား....(ပြောပါတယ်ဘုရား)။

ပြောတော့ အခု တရားနာရတာ တကာတကာမတွေ့....ဩော်....ဒုက္ခသစ္စာဆိုတာ ရှုံးသလား-ပေါ်သလား ပြောင်းမ်း.... (ပေါ်ပါတယ်ဘုရား)။

ပေါ်ပြီးသကာလ မသိဘဲ ဖြစ်နေတယ်....(မှန်ပါ့) ကျုပ်တို့ ဒီ ဂေါ်ကြီး မပေါ်ခင်က ဂေါ်ကြီးတွေဟာ မပေါ်ဘူးလား (ပေါပါ့တယ်ဘုရား) ရောင်းစားရမှန်း သိရဲ့လား....(မသိပါဘုရား)။

ပေါ်ပြီး မသိဘဲ ဖြစ်နေတယ်....(မှန်ပါ့)အခု သိလာတော့ ရှားတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါတယ်ဘုရား)။

ပေါ်ပြီး မသိတုန်းကတော့ ဒါတွေဟာ ကျုပ်တို့ အလကား ဘဲ ကြောင်ကျောက်တွေ ဘာလုပ်ဘို့တုံး၊ အနီထဲလဲ ကြောင်ထိုး လာယင် အလကားဘဲ၊ အပြာထဲလဲ ကြောင်ထိုးလာယင် ဦးဘရှင်း....အလကားဘဲ၊ ပေါပင် ပေါငြားသော်လဲ အဘိုးတန်မှန်း မသိတော့....(မှန်ပါ့)။

ဒီမှာလဲ ခန္ဓာထဲမှာ သစ္စာတွေတော့ ပေါပါရဲ့၊ သစ္စာ သိ တဲ့ ဉာဏ်က နောက်က မလိုက်တော့ အဘိုးတန်သေးရဲ့လား.... (မတန်ပါဘုရား)။

ဒါဖြင့် သူ့ဟာသူ ဖြစ်နေတဲ့ ဒုက္ခသစ္စာ....(မှန်ပါ့) ခင်ဗျားတို့ ဉာဏ်ဝ ရောက်တဲ့ ဒုက္ခသစ္စာလို့ ဆိုလို့ ရရဲ့လား....(မရပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ရှေ့က ဒုက္ခသစ္စာ သိခဲ့ရဲ့လားလို့ မေးတော့... မသိခဲ့ပါဘူး....(မှန်ပါ့- မသိခဲ့ပါဘုရား)။

သိပါရဲ့ဘုရား....ခေါ်ကိုက်တဲ့ အခါနာတာ သိတယ်(မှန်ပါ့) ထမင်းစားမကောင်းယင် မကောင်းတာ သိတယ်....(မှန်ပါ့) အဲဒါ ဒေါသသိက္ခ၊ ဉာဏ်သိ မဟုတ်ဘူး....(မှန်ပါ့)ရိပ်မိပလား- (ရိပ်မိပါပြီဘုရား)။

ဒါဘာသိပါလိမ့်....(ဒေါသသိပါ့ဘုရား) အရေးကြီးတာက ဘာသိ အရေးကြီးသလဲ....(ဉာဏ်သိ အရေးကြီးပါတယ်)ဉာဏ်သိကမှ ပဋိစ္စသမုပ္ပါဒ် ဖြတ်မှာကိုး....(မှန်ပါ့)။

ဉာဏ်သိကမှ ဖြတ်မှာ ဖြစ်နေတော့ ဉာဏ်သိက ဒုက္ခဖြတ်တယ်....(မှန်ပါ့)။

ကဲ....ဒါဖြင့် ဉာဏ်သိက ဒုက္ခဖြတ်ကြပါစို့ ဆိုတော့ တကာတကာမတွေ ခလေးကလေးက ကိုယ် သားသမီးကလေးက အောင်လိုက်တယ်၊ ငိုသံကလေးနဲ့ အောင်လိုက်တယ်၊ ကြားစိတ်ကလေး မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)။

အင်း....ကြားစိတ်ကလေး ပေါ်တာ ဘာသစ္စာတုံး..(ဒုက္ခသစ္စာပါဘုရား)ဒါဖြင့် .ပေါ်ယင် ဒုက္ခသစ္စာလို့ နောက်က သိပေး....(မှန်ပါ့)။

ပေါ်ယင်....(ဒုက္ခသစ္စာလို့ သိပေးရပါမယ်ဘုရား)ဒုက္ခသစ္စာနော်....၊ ဒုက္ခသစ္စာလို့ ဆိုတော့ ဒု-က စက်ဆုပ်စရာ၊ခ-က အသုံးမကျတာ၊ သစ္စာက မှန်တာ၊ မောင်နှိုင်....မှဟ်မိပလား....(မှန်ပါ့ဘုရား)။

ဒု-က စက်ဆုပ်စရာနော်....၊ ခ-က အသုံးမကျတာ၊သစ္စာက....(မှန်တာပါဘုရား)။

ဒု-က ဘာတဲ့....(စက်ဆုပ်စရာပါ)ခ-က-(အသုံးမကျတာပါ)သစ္စာက....(မှန်တာပါဘုရား)။

ဒါဖြင့် စက်ဆုပ်စရာ၊ အသုံးမကျတာ၊ အမှန်ပေါ်တာ....(မှန်ပါ့) ကြားစိတ်ကလေးဟာ....(မှန်ပါ့)။

ကြားစိတ်ကလေးဟာ ဘာတဲ့....(စက်ဆုပ်စရာ, အသုံးမကျတာ, အမှန်ပါဘုရား)။

အမှန်ပေါ်တာကို ဘယ်နှယ်ကြောင့် သူ့ကို စက်ဆုပ်စရာ, အသုံးမကျတာ, အမှန်ပါဘဲလို့ ကျုပ်တို့က နောက်က သိရမှာ တုံးလို့ မေးတဲ့အခါကျလို့ ရှိယင်ဖြင့်တဲ့ သူဟာ အာရုံဒုါရ တိုက်ဆိုင်တာနဲ့ ပေါ်လိုက်တာ....(မှန်ပါ့)။

ဦးဘရှင်း ပေါ်ပြီးတော့ကို သူသည် သူ့မှာလဲ ဖြစ်ပြီး ပျက်သွားတယ်....(မှန်ပါ့) မေ့ပြီး သေသွားတယ်....(မှန်ပါ့)အသုဘကလေးပေါ်လာတယ်(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘာကလေး ပေါ်လာသလဲ....(အသုဘကလေး ပေါ်လာပါတယ်) အသုဘကို ဘာသစ္စာ ပဲ့မလဲ....(ဒုက္ခသစ္စာဖဲ့ပါမယ်) ကျုပ်တို့အိမ် အသုဘတွေ့ပြီဗျာ....ဒုက္ခဘဲဆိုတာ လူတိုင်း ပြောတယ်.. (မှန်ပါ့)။

ကျုပ်တို့အိမ် အသုဘတွေ့ပြီ ဒုက္ခဘဲလို့ လူတိုင်း မပြောဘူးလား....(ပြောပါတယ် ဘုရား)။

ဒီလိုဟာတော့ ပြောပါတယ်၊သာဓကတွေ့ထင်ရှားတာခင်ဗျကျတော့ ကိုဝတို့က အလွန်ပြောပါတယ်....(မှန်ပါ့)။

တကယ် အစ,ပျောက် သေတဲ့ ကြားစိတ်ကလေးကို အသုဘဒုက္ခသစ္စာလို့ တခါမှ မပြောဘူး....(မှန်ပါ့) ပြောကြရဲ့လား....(မပြောပါဘုရား)။

မပြောဘဲ ဖြစ်ပြီးသကာလ နေတော့ အဲဒါ မသိလို့ဘဲဆိုတာ သေချာသွားပြီ...(သေချာပါပြီ)ဒါဖြင့် မသိတာက အဝိဇ္ဇာ....(မှန်ပါ့)။

မသိတာက....(အဝိဇ္ဇာပါဘုရား) အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ ဆိုပြီး ကိုပေါ်က ဒုက္ခကွန်ဆဲသူးလိုက်....(မှန်ပါ့) အကုန် ဒုက္ခအစုကြီး ဖြစ်ကြောင်းတွေသာ ခင်ဗျားတို့ ကြိုးစားနေတယ်တဲ့၊ ဒုက္ခသစ္စာသိတဲ့ မဂ္ဂသစ္စာ ပေါ်ရဲ့လား....(မပေါ်ပါဘုရား)။

ကိုင်း....ဒါဖြင့် ဒီကရှေ့ တကာတကာမတွေက ကြားစိတ်ကလေး ပေါ်လာလို့ရှိယင် ပေါ်တဲ့ စိတ်ကလေးသည် ဒုက္ခသစ္စာလို့ နောက်က ကိုဝတို့က ညွှန်ဲ့ သိပေး....(မှန်ပါ့)။

ဘာဖြစ်လို့တုံးလို့ မေးတော့ အသုဘကလေးကိုး--(မှန်ပါ့) အသုဘဟာ ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါဘုရား)။

ဒုက္ခသစ္စာဘဲဆိုတာ ဆင်းရဲတာ အမှန်....(မှန်ပါ့) ဘယ်သူ့သေဘာတုံးက္ခ....(မိမိသေတာပါ)မိမိသေတာ။

တကာတကာ့မတို့ ခင်ဗျားတို့က သူများသေမှ ဒုက္ခရောက်တာ....(မှန်ပါ့)မိမိသေဘဲ့ ဒုက္ခကို မိမိ မသိဘူး.... (မှန်ပါ့ဘုရား)။

ဟိုက အသုဘက သူများသေတဲ့ ဒုက္ခက မောင်နိုင် ငဥ်ကုန် ရုံဘဲ့....(မှန်ပါ့) အခုဟာက ကိုယ့်ခန္ဓာ ပျောက်တာ....(မှန်ပါ့ဘုရား)။

ဘယ်လို ဆိုကြပါ့မယ်....(ကိုယ့်ခန္ဓာ ပျောက်တာပါ) ကိုယ့်ခန္ဓာ ပျောက်ဘာဆိုတာ သေချာကြပလား.... (သေချာပါပြီဘုရား)။

ကဲ....ဘာပျောက်သတုံး....(ကိုယ့်ခန္ဓာ ပျောက်တာပါ)ကိုယ့် ခန္ဓာ ဒုက္ခရောက်တယ်....(မှန်ပါ့) ဘာခန္ဓာတဲ့....ဝိညာဏကွန္ဓာ.... (မှန်ပါ့)။

ဒီ ဝိညာဏကွန္ဓာကြီး ကိုဝ .... ဘာဖြစ်သွားသတုံး....(ဒုက္ခ ရောက်သွားပါ့တယ်ဘုရား)။

ဒုက္ခရောက်သွားတယ်ဆိုတာ မသေချာဘူးလား....(သေချာ ပါတယ်)ဒါဖြင့် သူ့ကို ဘာသစ္စာဖဲ့ကြမလဲ....(ဒုက္ခသစ္စာဖဲ့ရပါ မယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ဟာ ကိုယ့်အသေ ဒုက္ခတော့ ကိုယ်မသိဘူး၊ သူများသေတော့ သြော်... အိမ်သားတယောက်ယောက် ဖေါက် ပြန်ပြီး သေလိုက်လို့ ရှိယင် ဒုက္ခဘဲ၊ ကျုပ်တို့ အကုသိုလ် ဝင်ပြီ ထင်တယ်၊ ဒီလို ပြောချင်ပြောတာ....(မှန်ပါ့) ကိုယ်သေတဲ့ ဒုက္ခ ကျတော့ကို ကိုပေါ်တို့က ရှုမိရဲ့လား....(မရှုမိပါဘုရား)။

မရှုမိတော့ ခင်ဗျားတို့သည် အသုဘကိုသာ သိ၍ ဒုက္ခသစ္စာ မသိဘူး....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

အခုဟောတဲ့ တရားက အသုဘလဲ သိ၊ ဒုက္ခသစ္စာကော.... (သိပါတယ်ဘုရား) နှစ်ချက်သိ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါ ပြီဘုရား)။

ဒါဖြင့် ဒီကဲ့သို့ သိနေတော့ သြော်....ကိုယ့်သန္တာန်မှာ ကြား စိတ်ကလေးသည် ဒုက္ခသစ္စာဘဲလို့ နောက်က သိလိုက်တယ်၊ သိ လိုက်တော့ကို တကာတကာမတို့ သိသည်နဲ့ တပြိုင်နက်တည်း ခုနင်က ကြားလို့ ခင်တာကလေးဟာလဲ လိုက်သေးရဲ့လား ....

(မလိုက်ပါဘုရား)ခင်လို့ စံလမ်းတာကလေးဟာကော(မလိုက်ပါဘုရား)စံလမ်းလို့ သွားမယ်, လာမယ် ပြောတဲ့ ဝစီကံ ကမ္မဘဝကော....(မလိုက်ပါဘုရား)။

ဒါဖြင့် ကမ္မဘာဝမှ မလိုက်ဘဲနဲ့ စုတေ မနေ သေလွန်သည်၏ အခြားမဲ့ဌ် ကမ္မဘဝပဋိသန္ဓေယာ ဇာတိလို့ကော....(မရပါ) ဇရာ မရဏ လိုက်လို့ကော....(မရပါ)သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ လိုက်လို့ကော....(မရပါ)ဟာ....ဒါဖြင့် ဒုက္ခက္ခန္ဓသာ နိရောဓော ဟောတီ....(မှန်ပါ့)။

ကိုပေါ်...မှတ်စမ်း....(ဒုက္ခက္ခန္ဓသာ နိရောဓော ဟောတိပါဘုရား)။

မင်္ဂလာ ဝင်ပြီး ကြားတာကို ဒုက္ခသစ္စာ သိတဲ့ သဘောကနေပြီး လာလတ္တံ့ ဒုက္ခတွေ အကုန်ချုပ်အောင် မလုပ်ဘူးလား....(လုပ်ပါတယ်ဘုရား)။

အဲဒီတော့ ပါဠိတော် ရှုတ်ပါ၊ ဘုန်းကြီးက ဟောနေတယ်လို့ မယူကြပါနဲ့....နော်....(မှန်ပါ့) ဘာတဲ့တုံး....(ဒုက္ခက္ခန္ဓသာ နိရောဓော ဟောတိပါဘုရား)။

ဒုက္ခက္ခန္ဓသာ နိရောဓော ဟောတိ၊ ကဲ....ဦးဘရှင်း မလာဘူးလား....(လာပါတယ်ဘုရား)။

ဒါ ဘယ့်နှယ်ကြောင့် ဒီ ဒုက္ခက္ခန္ဓသာ နိရောဓော ဟောတိ ဖြစ်ပါလိမ့်မတုံး၊ ခုနင်တုန်းကတော့ ဒုက္ခက္ခန္ဓသာ သမုဒယော ဟောတိနဲ့....(မှန်ပါ့) အခုတော့ ကိုဝ ဒုက္ခက္ခန္ဓသာ နိရောဓော

ဟောတိ၊ ချုပ်သွားပြီလို့ မပြောဘူးလား....(ပြောပါတယ်ဘုရား)။

ဘယ့်နှယ်ကြောင့် ပါလိမ့်မတုံးဆိုတော့ သစ္စာသိလိုက်လို့....(မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီဘုရား)ဘာဖြစ်လို့ ပါလိမ့်....(သစ္စာသိလိုက်လို့ ပါဘုရား)။

သစ္စာသိလိုက်တော့ ပါဦးရှတ်ကြည့်လိုက်ပါ၊ ဘာတဲ့တုံး....တကာ တကာမတို့ .... (ဒုက္ခက္ခန္ဓာ နိရောဓော ဟောတိပါဘုရား)။

ဒုက္ခက္ခန္ဓာ=နောင်လာလတ္တံ့ ဒုက္ခအစုကြီး၏၊နိရောဓော=ဒီပဋိပဒါလိုက်သွားနဲ့ မရှိခြင်းသည် (ဝါ) ချုပ်ပျောက်ခြင်းသည်၊ ဟောတိ=ဖြစ်၏....ဆိုတော့ နောက်ဘဝတွေရော, ယခုဘဝတွေရော, နောက်လာလတ္တံ့ ဒုက္ခတွေရော ကိုဝ....ရှိသေးသလား....(မရှိပါဘုရား)။

ဒါ ဘာဖြစ်လို့တုံးလို့ မေးတဲ့အခါကျတော့မှ ကြားစိတ်ကို ဒုက္ခသစ္စာလို့ တပည့်တော်တို့က နောက်က အသိလိုက်....လိုက်လို့ဘုရား....(မှန်ပါ့)တကာကြိုးလို့ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ကြားစိတ်ကို ဘာလိုက်-လိုက်လို့လဲ....(နောက်က မဂ်လိုက်လိုက်လို့ပါ) ဒုက္ခသစ္စာလို့ အသိကလေး လိုက်-လိုက်တယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)ဒါ ဓမ္မာနုပဿနာသတိပဋ္ဌာန်လို့ ခေါ်သည်....(မှန်ပါ့)။

သတိပဋ္ဌာန်ထဲ သွင်းယင် ဘာတဲ့....(ဓမ္မာနုပဿနာ သတိပဋ္ဌာန်ပါဘုရား) ဓမ္မာနုပဿနာ သတိပဋ္ဌာန်လို့ ဆိုခြားသော်လဲ ဖြစ်ပျက်ပါဘဲ .. (မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား)။

အင်း....ကြားစိတ်ကလေးဟာ ဖြစ်ပြီး ပျက်သွားတယ်လို့ သိလိုက်တာ ဖြစ်ဒုက္ခ ပျက်ဒုက္ခဘဲ... (မှန်ပါ့)သဘောကျပလား- (ကျပါပြီ ဘုရား)။

ဖြစ်တာလဲ....(ဒုက္ခပါဘဲဘုရား)ပျက်တာလဲ....(ဒုက္ခပါဘဲဘုရား)။

ဘာ့ကြောင့်တုံးလို့ ဆရာဘုန်းကြီးက ဒီဥစ္စာ - ဒီ ဖြစ်ဒုက္ခ, ပျက်ဒုက္ခလို့ ကြားစိတ်ကလေးကို ဖြစ်တာလဲ ဒုက္ခဘဲ, ပျက်သွားတာလဲ ဒုက္ခဘဲလို့ ဟောရသတုံးဆိုတော့ အို....ဓမ္မစကြာရတဲ့ ပဋိပုဒ်လ်ကျတော့ သံခိတ္တောန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာဆိုတော့ မင်းတို့ သန္တာန်ထဲ ခန္ဓာတွေ ဘယ်ခန္ဓာပေါ်ပေါ် ဒုက္ခသစ္စာလို့....ဟောထားတယ်....(မှန်ပါ့ဘုရား)။

ပေါ်လဲ ဒုက္ခသစ္စာဘဲ....(မှန်ပါ့) ပျက်လဲ....(ဒုက္ခ သစ္စာပါဘဲဘုရား)။

အဲဒါကလေးကို တကာတကာမတို့က ဒီ ကြားဝိတ်ကလေးကို ပေါ်သည်နဲ့ တပြိုင်နက်တည်း သြော်....ဒုက္ခသစ္စာဘဲလို့.... သူ့ဆီကို ဉာဏ်လှည့်ပြီး ရှုလိုက်စမ်းပါ....(မှန်ပါ့)။

ရှုလိုက်သည်နဲ့ တပြိုင်နက်တည်း ဦးဘရှင်း.... ဒုက္ခကွန္ဓသာနိရောဓော ဟောတိ....(မှန်ပါ့)။

တကာကြီးလို့ပြောတဲ့....ဘာတဲ့....(ဒုက္ခကွန္ဓာသ နိရောဓော ဟောတဲ့ ပါဘုရား)။

နောက်က တကာတကာမတွေ့ ခင်ဗျားတို့ စာသာရွတ်နေတယ် ကိုယ့် ဒုက္ခ ကိုယ်မသိမ်းတတ်ဘူး....(မှန်ပါ့) အခုတော့ဖြင့် ဘယ့်နှယ်တုံး....(သိမ်းတတ်ပါပြီဘုရား)။

ဟာ....ကြားတဲ့ စိတ်ကလေးကို ဒုက္ခသစ္စာလို့ သိလိုက်ပါတယ်တဲ့....၊ ဒါဖြင့် ကြားတဲ့ စိတ်က ဒုက္ခသစ္စာ၊သိလိုက်တာက ဝိဇ္ဇာဥဒပါဒိ၊ ဝိဇ္ဇာဖြစ်သွားပြီကွ တဲ့....(မှန်ပါ့) အာလောကော ဥဒါဒိ, ဉာဏံ ဥဒပါဒိ ဖြစ်သွားပြီကွတဲ့....(မှန်ပါ့) သတော်ကျပလား....(ကျပါတယ်ဘုရား)။

ဝိဇ္ဇာဉာဏ်တွေ့ မရသေးဘူးလား....(ရပါပြီဘုရား)ဝိဇ္ဇာဉာဏ်လဲ ရပါရော ကိုပေါ်ရေ....ရတဲ့ အကျိုး ဘာခံစားရသတုံးလို့ မေးတဲ့အခါကျတော့ လားလတ္တံ့ ခင်ဗျားတို့ ပြုထားတဲ့....ကံတွေက ကမ္မဘဝပစ္စယာ ဇာတိ,ကမ္မဘဝပစ္စယာ ဇာတိနဲ့ ဇာတိ ဇရာ, မရဏ, သောက, ပရိဒေဝနဲ့ ဦးဘရှင်း တပုံကြီး၊ နောက်ကလာမှာတွေ့ မရှိဘူးလား....(ရှိပါတယ်ဘုရား)။

အဲဒါတွေ့ဟာ ဒီက ဖြစ်ပျက်က ကြားစိတ်ကလေးက ဒုက္ခသစ္စာ၊သိလိုက်တာကလေးက မဂ္ဂသစ္စာ၊ ဝိဇ္ဇာမဂ္ဂသစ္စာကလေး ဖြစ်သွားတော့ ကိုဝ....မဖြတ်လိုက်ဘူးလား....(ဖြတ်လိုက်ပါတယ်ဘုရား)။

ဖြတ်လိုက်တော့ကို ခင်ဗျားတို့ ဘယ်သူမှ ကျုပ်သေယင်....ဘယ်သွားမှာတုံးလို့ မေးမနေနဲ့နော်....(မှန်ပါ့)ဒုက္ခကွန္ဓာသ

နီရောဓော ဟောတိလို့ ဘုရားက ဟောလိုက်တယ်....(မှန်ပါ့ ဘုရား)။

မောင်နိုင်... မဟောဘူးလား....(ဟောပါတယ် ဘုရား)။

ဘယ်နှယ်ကြောင့် ချုပ်သွားတာဘုံး....လို့.....၊ ကြားစိတ် ကလေးကို တပည့်တော်တို့က ဒုက္ခသစ္စာလို့ သိလိုက်လို့ ဘုရား၊ သိလိုက်တာကလေးက ဝိဇ္ဇာမဂ် မဖြစ်ဘူးလား....(ဖြစ်ပါတယ် ဘုရား)။

အဲဒီတော့ ဝိဇ္ဇာမဂ်ကလေးလာတော့ ဟိုဘက်က ဘဝ်ာတွေ ချုပ်သွားသတုံး....(ဒုက္ခတွေ ချုပ်သွားပါတယ်)ဒုက္ခတွေ အကုန် မချုပ်ဘူးလား....(ချုပ်ပါတယ်ဘုရား)။

ဒါဖြင့် သစ္စာသိတော့ကို ဒုက္ခချုပ်တယ်ဆိုတော့ တကာ့ တကာမတို့ သစ္စာသိလိုက်တော့ မသိတဲ့ ပဋိုလ်မှာ ဟိုဘက် လာမည့် ဒုက္ခပေါင်း တနေ့-တနေ့ ရေတွက်နိုင်ကြရဲ့လား .... (မရေတွက်နိုင်ပါဘုရား)။

ဒါဖြင့် ၁၃-မိုင်ပတ်လည် ကန်ထဲမှာ ရှိတဲ့ ရေမှုန်တွေလို ဒုက္ခ တွေဟာ နောက်က လုပ်ထားတဲ့ ဒုက္ခတွေ့, အခု လုပ်ထားတဲ့ ဒုက္ခ တွေဟာ သစ္စာသိလိုက်တော့ ဒီ ဒုက္ခတွေ ရှိသေးရဲ့လား....(မရှိ တော့ပါဘုရား)။

ဩော်....ဒါဖြင့် တကာတကာမတို့ သစ္စာသိတဲ့ တန်ခိုးဟာ တယ်ကြီးမားပါကလား....(မှန်ပါ့) ကိုဝ... ဆိုထိုက်ပလား....(ဆို ထိုက်ပါတယ်)နောက်က တကာတကာမတွေ....(ဆိုထိုက်ပါတယ် ဘုရား)။

ခင်ဗျားတို့က ဤကား .... ဒုက္ခသစ္စာ, ဤကား.... သမုဒယ သစ္စာသာ ခင်ဗျားတို့က ရနေတာကိုး....(မှန်ပါ့)ကိုယ့်သန္တာန် ပေါ်တာတော့ သိမှ မသိဘဲကိုး....(မှန်ပါ့) ဒါကြောင့် လေး လေးစားစားနဲ့ အပင်ပန်းခံပြီး ပြောနေတယ်ဆိုတာ မောင်နှိုင် ရိပ်မိဘို့ ကောင်းပါပြီ....(ရိပ်မိပါပြီဘုရား)။

ကဲ....ဒါဖြင့် ကြားစိတ်ကလေး ဘာသစ္စာလဲ....(ဒုက္ခသစ္စာ ပါ) သိလုံးကလေးက....(မဂ္ဂသစ္စာပါဘုရား)။

ဒီ မဂ္ဂသစ္စာက ဘာမျိုး လုပ်လိုက်သတုံးလို့ မမေးဘူး လား....(မေးပါတယ်ဘုရား)မေးလိုက်တော့ သူ မလာလို့ ရှိယင် တဏှာ, ဥပါဒါန်, ကံ လာမယ်....(မှန်ပါ့) မလာပေဘူးလား.... (လာပါတယ်)ကံလာလို့ရှိယင် ဟိုဘက် ဇာတိ, ဇရာ, မရဏ လာမယ်... (မှန်ပါ့)။

ဒါဖြင့် တဏှာ,ဥပါဒါန်က ကိလေသဝဋ်....(မှန်ပါ့)ကံက.... (ကမ္မဝဋ်ပါ) ဟိုဘက် ဇာတိ,ဇရာ, မရဏတွေက....(ဝိပါကဝဋ် ပါ) ဝဋ်သုံးပါး ကျတ်သွားတယ်....(မှန်ပါ့)။

ဘယ်လို ဆိုကြမယ် .. (ဝဋ်သုံးပါးကျတ်သွားပါတယ်)။

ဝဋ်သုံးပါး ကျတ်သွားတယ်ဆိုတော့ ခင်ဗျားတို့က ဘုရား ရှေ့ သွားပြီးသကာလ ဝဋ်ကြီး မြန်မြန် ကျတ်ပါရစေဘုရား.... ဆိုတော့မင်္ကလဲ မပါဘူး၊ဒီတော့ ဘုရားမတတ်နိုင်ဘူး(မှန်ပါ့)။

မင်္ကမပါတော့ တတ်နိုင်ပါ့မလား.... (မတတ်နိုင်ပါ ဘုရား) ဖြစ်တာက ကျုပ်တို့သန္တာန်မှာ....(မှန်ပါ့)ဘုရားကို ဖြတ်ပေးပါ ခိုင်းလို့ ရပါ့မလား....(မရပါဘုရား)။

မရဘူးဆိုတော့ သစ္စာသိတဲ့ ကိုယ့်ဝိဇ္ဇာမဂ္ဂင်နဲ့ ကိုယ့်ဟာ ကိုယ်ဖြတ်ရတယ်(မှန်ပါ့) ရှင်းပလား....တကာကြီးလို့င်....(မှန်ပါ့ ဘုရား)။

ဘုရားသွားပြီး ပူစာလို့ ရှိယင်ဖြင့် ဘုရား နားညီးရုံဘဲ ရှိမယ်....(မှန်ပါ့)သဘောကျပလား... (ကျပါပြီ)ကိုယ့်ဟာ ကိုယ် ဖြတ်မှသာလျှင်....(ရပါတယ်) ပေါ်ကြပလား....(ပေါ်ပါပြီ ဘုရား)။

ဒါဖြင့် တကာတကာမတို့ ကြားစိတ်ကလေးက ဘာသစ္စာ တုံး....(ဒုက္ခသစ္စာပါဘုရား) သိတာကလေးက....(မဂ္ဂသစ္စာပါ) ဝိဇ္ဇာမှ ဟုတ်ကဲ့လား....(ဟုတ်ပါတယ်ဘုရား)။

ဝိဇ္ဇာဆိုလို့ ရှိယင်ဖြင့် တကာတကာမတို့ အဝိဇ္ဇာ နိရောဓာ သင်္ခါရ် နိရောဓေလဲ ဖြစ်ပါတယ်....(မှန်ပါ့) ဟိုဘက်က လာ လင့်တဲ့ ဝိညာဏ နိရောဓေကော....(ဖြစ်ပါတယ် ဘုရား) ဒုက္ခကွန်ဆာ နိရောဓေကော....(ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် ကိုဝ ...သက်သေခံ လုံလောက်ကဲ့လား....(လုံလောက် ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ကယ်မည့်,ယူမည့်လူ ဘယ်သူပါလိမ့်.... မတုံးလို့ မေးတဲ့အခါကျတော့ သစ္စာသိတဲ့ ဉာဏ်ဘဲ ဘုရဲ့.... (မှန်ပါ့)။

ဦးဘကလေး ဘာတုံး....(သစ္စာသိတဲ့ ဉာဏ်ပါ) သစ္စာသိတဲ့ ဉာဏ်ဘဲလို့ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါ့တယ်ဘုရား)။

သြော်....ဒါဖြင့် သစ္စာသိတော့ တကာတကာမတို့ နောက် လာသတ္တံ့ ဒုက္ခတွေ ဘယ် နှယ်နေကြသတုံး....(ချုပ်သွားပါ့ တယ်ဘုရား)ရှေးက မိုက်မဲထားလို့ ပေးစရာ ဒုက္ခတွေကော.... (ပြတ်ပါတယ်ဘုရား) ချုပ်တယ်၊ရှေ့, နောက်ဖြတ်တာ မောင် နိုင်ရ....(မှန်ပါ့)။

အတိတ်ကံတွေလဲ.... (ဖြတ်ပါတယ် ဘုရား) အနာဂတ် လာ လတ္တံ့ တွေကော....(ဖြတ်ပါတယ် ဘုရား) သဘောကျပလား.... (ကျေပါပြီ)ရှင်းပြီနော်....(မှန်ပါ့ဘုရား)။

အဲဒီတော့ကို အတိတ်ကံတွေက အကျိုးပေးချင်ပြန်တယ်.... တပည့်တော်တို့ ဘုရား....ယခုဘဝ ကံတွေသာ တပည့်တော်တို့က တဏှာတွေသာ ဖြတ်တယ်၊ အတိတ်ဘဝက တဏှာတွေ, ကံတွေ တော့ဖြင့် တပည့်တော်တို့က မဖြတ်နိုင်ဘူးလို့ ထင်ချင်လဲ ထင် နေကြမယ်....(မှန်ပ့ါ့)။

အတိတ်**ဘဝက** မူးခဲ့, မိုက်ခဲ့တာတွေလေ....ကိုဝ....မရှိပေဘူး လား....(ဋီပါတယ်ဘုရား) အပရာ ပရိယ ဝေဒနိယ**ကံ**ဆိုတာ လူတိုင်းရှိတယ်... (မှန်ပါ့)သဘောကျပလား....(ကျေပါပြီဘုရား)။

ဟော....ရှိချင် ရှိပေစေကွ....၊ ဘုန်းကြီးကဲ့ ဟောတယ်....၊ ဘုရားကလဲ ဟောတယ်၊ ဘယ်လို ဟောသတုံးဆိုတော့ မောင် နိုင်.... ကဲ... ကြားစိတ်ကလေးကို သိလိုက်တော့ သူ့ နောက်က အသိကလေး မလိုက်-လိုက်ဘူးလား....(လိုက်-လိုက်ပါတယ်) လိုက်တဲ့အခါကျတော့ မဂ္ဂသစ္စာကလေးက မပေါ်ဘူးလား.... (ပေါ်ပါတယ်ဘုရား)။

သူ့နောက်က ထုံးစံအတိုင်း လိုက်မည့် မသိလို့ လိုက်မည့် တဏှာ, ဥပါဒါန် လာသေးရဲ့လား....(မလာပါ)ကံကော.... (မလာပါ)ကံ မလာတော့ ခန္ဓာ လာသေးရဲ့လား....(မလာပါဘုရား)။

ခန္ဓာ မလာယင် ခန္ဓာ ပျောက်တဲ့အတွက် ခန္ဓာ မပေါ်တဲ့အတွက် အတိတ်ကံတွေကလဲ တကာတကာမတို့ ခန္ဓာရှိမှ လိုက်အကျိုးပေးတယ်... (မှန်ပါ့)သဘောကျပလား.... (ကျပါပြီဘုရား)။

ပစ္စုပ္ပန် ကံကလဲ မပေါ်လို့ ခန္ဓာမလုပ်တော့ဘူး....(မှန်ပါ့ဘုရား)။

ပစ္စုပ္ပန်ခန္ဓာကလဲ....(မပေါ်လို့ ခန္ဓာ မလုပ်တော့ပါဘုရား) ကံ မပေါ်လို့ ခန္ဓာလုပ်သေးရဲ့လား....(မလုပ်ပါဘုရား)။

ဦး... ခန္ဓာရှိမှလဲ နောက်အတိတ်ကံတွေကလဲ လိုက်အကျိုးပေးမှာကိုး....(မှန်ပါ့) ပေးနိုင်သေးရဲ့လား....(မပေးနိုင်ပါဘုရား)။

ဒါဖြင့် ရှေ့က ပြေးမည့်လူ ရှိမှ နောက်က လိုက်မယ်.... (မှန်ပါ့)ပြေးမည့်လူ ဇာတ်သိမ်းလိုက်လို့ ရှိယင် နောက်က လိုက်တာတွေဟာလဲ လိုက်နိုင်သေးရဲ့လား .... (မလိုက်နိုင်ပါဘုရား)။

ဒါဖြင့် ကိုဝ....ပြေးမည့် ခန္ဓာပေါ်မှ နောက်က လိုက်မယ်-(မှန်ပါ့)။

ဒါဖြင့် အတိတ်ကံတွေကော မဖြတ်ဘူးလား... (ဖြတ်ပါတယ်ဘုရား) ပစ္စုပ္ပန်ကံတွေကော....(ဖြတ်ပါတယ်ဘုရား)။

ဒါဖြင့် တကာ - တကာမတို့ ဖြစ်ပျက်ဒုက္ခသစ္စာကို သိတဲ့ မဂ်ဉာဏ်သည် အတိတ်ကံတွေကိုလဲတားမြစ်နိုင်တယ် .... (မှန်ပါ့) ပစ္စုပ္ပန်ကံတွေကိုလဲ အကျိုးမပေးအောင် ကန့်ကွက်ပါ့ဟယ် .... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)ဒီ ကံတွေက အကျိုးပေးယင် ဘာသစ္စာတွေ လာမယ်ထင်ကြသလဲ....(ဒုက္ခသစ္စာနဲ့ ပါဘုရား)။

ဒါဖြင့် အတိတ်က ကံတွေက အကျိုးပေးမည့် ဒုက္ခသစ္စာကို လဲ ယခု သစ္စာသိတဲ့ ဉာဏ်က ဖြတ်လိုက်တယ်.... (မှန်ပါ့) သဘောကျပလား... (ကျပါပြီ)နောက် လာလတ္တံ့ ကံစဉ်လဲ သစ္စာသိလို့ မပေါ်လာတော့ဘူး....(မှန်ပါ့) ပေါ်လာသေးရဲ့ လား....(မပေါ်လာပါဘုရား)။

မပေါ်လာတော့ ကိုပေါ်က စဉ်းစား....ကိုဝက စဉ်းစား.... ဩော်....အတိတ်ကံတွေလဲ ကြောက်စရာ မလိုတော့ပါကလား ... (မှန်ပါ့) ယခုဘဝ ကံတွေကော....(ကြောက်စရာ မလိုတော့ပါဘုရား)။

လာကို လာသေးရဲ့လား....(မလာပါ) ဘာက ဖြတ်လိုက်သလဲ... (မဂ်က ဖြတ်လိုက်ပါတယ်)မဂ်က ဖြတ်တယ်၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဒီ မဂ်ဟာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒီ သစ္စာသိတဲ့ မဂ်လာမှကွာ....ခုနင်က ဘုရားမိုင်ပတ်လည် အနက် ဘုရားမိုင်ရှိတဲ့ ရေမှုန်ထက် များတဲ့ ဒုက္ခတွေဟာ အတိတ်ဒုက္ခတွေ

ဟာလဲ အကုန် ခန်းရမယ်....(မှန်ပါ့)ပစ္စုပ္ပန်လဲ ကျုပ်တို့က ဒီကန်ထဲမှာ ရေမှုန်တွေ ပြန်ထည့်သေးရဲ့လား.... (မထည့်ပါဘုရား)။

ဒါဖြင့် ဒီရေကန်သည် အတိတ်က ဟာလဲ ခန်း၊ နောက်ကလဲ ရေသစ် မလောင်းတော့ဘူး ဆိုလို့ ရှိယင်ဖြင့် ကန်ဟာ ဟောင်းလောင်းကြီး ဖြစ်ရုံဘဲ ရှိတယ်....(မှန်ပါ့)ဒုက္ခတွေ အကုန် ကုန်သွားတယ်....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘာတွေ ကုန်ပါလိမ့်....(ဒုက္ခတွေ ကုန်ပါတယ်ဘုရား)။

ဒါဖြင့် ဒုက္ခကုန်ချင်ယင် သစ္စာသိအောင် လုပ်.... (မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒုက္ခကုန်ချင်ယင်....(သစ္စာသိအောင်လုပ်ရပါမယ်)သစ္စာ သိအောင် လုပ်မှုမှ တပါး တခြားသော နည်းမှာဖြင့် ကိုဝ.... ဘုန်းကြီး ပိဋ္ဌကတ်သုံးပုံ အလုံးစုံအကုန် ဘုရားသခင်ကိုယ်တော် မြတ်ကြီးဟောတာအကုန် မှေ့နှောက်ရှာတာ ဒါဘဲ ရှိတယ် .... (မှန်ပါ့) သစ္စာသိမှာဘဲ....(မှန်ပါ့)သစ္စာမသိလို့ ရှိယင် ဒီ့ပြင်ဟာ ရောင်ဝါးဝါးချည့်မှတ်.... (မှန်ပါ့) သဘောပါကြပလား....(ပါပါပြီဘုရား)။

သစ္စာ မသိသေးယင် ဒီ့ပြင်ဟာတွေ....(ရောင်ဝါးဝါးချည့်ပါဘုရား)ရောင်ဝါးတွေဘဲဆိုတော့ သစ္စာသိမှ ဝိဇ္ဇာဖြစ်တာကိုး (မှန်ပါ့)။

ကိုဝ ဘယ့်နှယ် ဆိုကြမလဲ .... (သစ္စာသိမှ ဝိဇ္ဇာဖြစ်တာပါဘုရား)။

သစ္စာ မသိတဲ့ ပုဂ္ဂိုလ် အဝိဇ္ဇာ....(မှန်ပါ့) သစ္စာသိတော့.... (ဝိဇ္ဇာပါဘူးရား)။

ကဲ....ဒါဖြင့် မဂ်ဝိဇ္ဇာ မဖြစ်သေးဘူးလား .... (ဖြစ်ပါတယ် ဘုရား)။

အဲ....မဂ်လဲ ခေါ်, ဝိဇ္ဇာလဲ ခေါ်ဆိုတော့ တကာတကာမ တွေက ဒီကြားစိတ်ကလေး ပေါ်လဲ သိနေ....(မှန်ပါ့)ဩော်.... ဒုက္ခသစ္စာလို့ ရှုလိုက်၊ ဒါ ဒုက္ခသစ္စာဘဲလို့ ပွားလိုက်၊ သဘော ကျပလား....(ကျပါပြီဘုရား)။

နံစိတ်ကလေး ပေါ်လဲ .... (ဒုက္ခသစ္စာပါဘူးရား)စားစိတ် ကလေးပေါ်လဲ....(ဒုက္ခသစ္စာပါဘူးရား)ယားစိတ်, ယံစိတ်ကလေး ပေါ်လဲ....(ဒုက္ခသစ္စာပါဘူးရား) ဒုက္ခသစ္စာ ပွားပွားနေလိုက်စမ်း ပါ....(မှန်ပါ့)။

ပွားနေလိုက်တော့ အတိတ်ကံတွေကော မဂ်က ...(ဖြတ်ပါ တယ်ဘုရား) ပစ္စုပ္ပန်ကံတွေ လာခွင့်ပေးသေးသလား....(မပေး ပါဘုရား)။

မပေးတော့ အင်း....ဟင်... အတိတ်က ဝဋ်ကြွေးတွေလဲ ပြေ ပေါ့ဟ....(မှန်ပါ့) ဝဋ်သစ်တွေလဲ မလာဘူးဟ....(မှန်ပါ့)။

ဘယ်နှယ်ဆိုကြမလဲ....(ဝဋ်ကြွေးတွေလဲ ပြေပါတယ်ဘုရား၊ ဝဋ်သစ်တွေလဲ မလာပါဘုရား)။

ဒါဖြင့် ဒီပုဂ္ဂိုလ်သည် ဝဋ်ကျွတ်သွားတဲ့ ပုဂ္ဂိုလ် ဆိုရမယ်.... (မှန်ပါ့)။

တကာကြီးလှိုင်....ဘယ် ့နှယ်ဆိုမလဲ(ဝဋ်ကျတ်သွားတဲ့ ပုဂ္ဂိုလ် ပါဘုရား)။

ဝဋ်ကျတ်သွားတဲ့ ပုဂ္ဂိုလ် ဆိုထိုက်–မဆိုထိုက်.... (ဆိုထိုက်ပါ တယ်ဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

တပည့်တော်ဖြင့် ဝဋ်ဘဝ တိုတိုနဲ့ နိဗ္ဗာန် ရောက်ရပါလို၏ ဘုရား... ဆိုတာ ဝဋ်ကျတ်ပါရစေဘုရား....ပြောတာ....(မှန်ပါ့ ဘုရား) မောင်နှိုင်....ဝဋ်တိုတိုနဲ့ နိဗ္ဗာန် ရောက်ရပါလို၏လို့.... ဘုရားရှေ့မှာ လုပ်နေကြတာ ဘာပါလိမ့်....(ဝဋ်ကျတ်ပါရစေ ပြောတာပါ) ကျတ်ကဲ့လား ...(မကျတ်ပါဘုရား)။

ဘာ့ကြောင့်တုံး....ကိုယ့် ပဋိစ္စသမုပ္ပါဒ်မှ ကိုယ်မဖြတ်ဘဲနဲ့.... ကိုယ့် ပဋိစ္စသမုပ္ပါဒ်ကြောင့် ကိုယ့် ဝဋ် ဖြစ်နေတာကို ကိုယ့် ပဋိစ္စသမုပ္ပါဒ် ကိုယ့် ဉာဏ်နဲ့မဖြတ်ဘဲနဲ့ဘုရား....ဖြတ်ပေးပါ ခိုင်း လို့ တော့ဖြင့် မရဘူးကွ....(မှန်ပါ့)သဘောကျပလား....(ကျပါ ပြီဘုရား)။

ဒါကြောင့် ဘုရားက ငါဘုရား ကြည့်လို့ ရှိယင် သုဂတိ ရောက်ရုံဘဲ၊ နိဗ္ဗာန် ရောက်ချင်လို့ ရှိယင်ဖြင့် သစ္စာ သိအောင် လုပ်တဲ့(မှန်ပါ့) မပေါ်ကြသေးဘူးလား....(ပေါ်ပါပြီဘုရား)။

နိဗ္ဗာန် ရောက်ချင်ယင်တော့ .... (သစ္စာသိအောင် လုပ်ရပါ မယ်) ကဲ....ကိုဝ....ကျေနပ်ပလား....(ကျေနပ်ပါပြီ ဘုရား)။

ဒါဖြင့် တကာတကာမတို့ ကိုယ့် သန္တာန်မှာ ပေါ်လာသ၍ ဘာသစ္စာတုံး... (ဒုက္ခသစ္စာပါဘုရား)။

ကဲ....ဒါဖြင့် အခုဟာ စိတ်တွေ့ချည့်ဘဲ ရှု၊ လာသမျှ စိတ်ကို ဖမ်းရှုနေတယ်... (မှန်ပါ့)ရှု့စိတ်ကလေး လာလဲ ရှုဘဲ၊ ရှိုက်စိတ် ကလေး လာလဲ....(ရှုရပါမယ်) စားချင်တဲ့ စိတ်ကလေး လာလဲ (ရှုရပါမယ်)အိပ်ချင်တဲ့ စိတ်ကလေး လာလဲ....(ရှုရပါမယ် ဘုရား)။

အင်း... အကုန် ဒုက္ခသစ္စာချည့် ရှုပေးလိုက်စမ်းပါ....(မှန်ပါ့) ရှုတိုင်း, ရှုတိုင်း အရှုခံရတာက ဒုက္ခသစ္စာ၊ ရှုညာဏ်က မဂ္ဂသစ္စာ ဖြစ်လာပါတယ်....(မှန်ပါ့)။

အရှုခံရတာက....(ဒုက္ခသစ္စာပါ) ရှုညာဏ်က .. (မဂ္ဂသစ္စာပါ ဘုရား)။

ဒါဖြင့် ဒီ မဂ္ဂသစ္စာတလုံးသည် ဦး, ပဲ့ ထမ်းသလိုဘဲ....၊ အတိတ်ကံတွေကို ဖြတ်တောက်ပေးတာလဲ သူဘဲ....(မှန်ပါ့) အနာဂတ် ကံတွေ မလာအောင် ကန့်ကွက်တာလဲ.... (သူပါဘဲ ဘုရား)။

သူဘဲလို့ ဆိုသဖြင့် ကျုပ်တို့မှာ ဩဇာ.... ဒီဘဝတော့ဖြင့် ဒီ့ကောင်းကောင်းမွန်မွန် စားကာ,သောက်ကာနဲ့ နေကြတာဘဲ၊ အတိတ်ကံတွေကမျှား မတော်လို့ နှိပ်စက်လိုက်ယင်ဖြင့် အင်း.... ဒီ အိမ်ပေါ်က ဆင်းချင် ဆင်းရမယ်ဆိုတာ စိုးရိမ်နေရတယ်.... (မှန်ပါ့)မစိုးရိမ်ရဘူးလား....(စိုးရိမ်ရပါတယ်ဘုရား)။

နောက်လဲ ဘာဖြစ်ဦးမယ် မသိသေးပါဘူးလေ .... ဆိုတဲ့ ကြောက်လုံးကော မလာဘူးလား....(လာပါတယ်ဘုရား)။

အဲဒါ ဝိဇ္ဇာ မဖြစ်သမျှ ကာလပတ်လုံး လိုသေးတယ် မှတ်ပါ....(မှန်ပါ့)။

ဒီ ကြောက်လုံးနှစ်ခု လာမှာဘဲ....(မှန်ပါ့)အိမ်ပေါ်ကဘဲ ဖြုန်းကနဲများ ဥပစ္ဆေဒကကံများက ဖြတ်ချလိုက်ယင် အခက်ကြီးဘဲ၊ မလာဘူးလား....(လာပါတယ်ဘုရား)။

အင်း...ဒီဘဝလဲ ကိုယ်က မူးမိုက်ထားတာတွေ ဖြစ်နေတော့ ဒီ ကံတွေကလဲ ကြောက်စရာဘဲ... ဒါ အမြဲတမ်း စိုးရိမ်ရတယ် (မှန်ပါ့)။

အတိတ်အတွက်လဲ လှမ်းပြီးတော့ ...(စိုးရိမ်ရပါတယ်)ပစ္စုပ္ပန် အတွက်လဲ....(စိုးရိမ်ရပါတယ်ဘုရား)။

အဲ .. မစိုးရိမ်ချင်လို့ ရှိယင် ဘာလုပ်ကြမယ်... (သစ္စာ သိအောင် လုပ်ရပါ့မယ်)သစ္စာသိအောင် လုပ်ပစ်လိုက်ပါ....(မှန်ပါ့ဘုရား)။

ဒါဖြင့် ဖြစ်ပျက်က ဘာသစ္စာ....(ဒုက္ခသစ္စာပါ) သိလုံးကလေးက ...(မဂ္ဂသစ္စာပါ) အတိတ်ကံ ပြတ်တာလဲ ဘယ်သူကြောင့်....(မင်းကြောင့်ပါ) ပစ္စုပ္ပန်ကံတွေ့ မလာတာလဲ....(မင်းကြောင့်ပါဘုရား)။

ဒါဖြင့် မင်းသည် တကာတကာမတို့၏ အားကိုးရာ အစစ် အမှန်ဖြစ်တော့တယ်ဆိုတာ ဆုံးဖြတ်ချက်ချပါ... (မှန်ပါ့) ရှင်းပလား(ရှင်းပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင်တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်မြို့ မဂ်လာတိုက်

ဆရာတော် ဘုရားကြီး ဟောကြား ဆုံးမတော်မူသော

(သစ္စာမသိတာကြောက်စရာအကောင်းဆုံး)

ညအလုပ်ပေးတရားတော်

(၂၆-၆-၆၁)

တကာ တကာမတွေ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး အမြင်နဲ့ ပြောတာ ကြောက်စရာအကောင်းဆုံး ဘယ်သူတုံးလို့ မေးတဲ့အခါကျတော့မှ မနေ့ကလဲ ပြောခဲ့တယ် မောင်နှိုင်တို့ကို.... သစ္စာမသိတာ ကြောက်စရာ အကောင်းဆုံး....(မှန်ပါ့)။

ဘာကြောက်စရာအကောင်းဆုံးလဲ....(သစ္စာမသိတာကြောက်စရာအကောင်းဆုံးပါ)သစ္စာ မသိတာ ကြောက်စရာ အကောင်းဆုံးလို့ သေသေချာချာ မှတ်ထားကြပါ....(မှန်ပါ့)။

ဘာဖြစ်လို့လဲ ဆိုတော့ သစ္စာမသိတော့ ဦးဘရှင်း မေးလိုက်ယင်ဘဲ ရှင်းပါတယ်၊ အခု ဒီဘဝက နောက် လူပြန်ဖြစ်ချင်တဲ့ လူတယောက်ဘဲ အကဲခတ်တာပေါ့....(မှန်ပါ့)။

လူပြန်ဖြစ်ချင်တဲ့ လူတယောက် အကဲခတ်တော့ လူ ပြန်ဖြစ်တယ်ဆိုတော့ မောင်နိုင်....လူ၏ အစ ဇာတိက လာမှာ....(မှန်ပါ့ဘုရား)။

လူ၏ အစ....(ဇာတိက,ပါဘုရား) ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

သြော်....ဒါဖြင့် လူပြန်ဖြစ်ချင်တဲ့ ပုဂ္ဂိုလ်ဟာ သစ္စာ သိလို့လား....မသိလို့လား....(မသိလို့ပါဘုရား)မသိလို့ဆိုတဲ့ သဘော မပေါ်လာဘူးလား....(ပေါ်လာပါတယ်ဘုရား)။

ဒါဖြင့် လူပြန်ဖြစ်ချင်တော့ ပဋိသန္ဓေ နေချင်သေးလို့....! ဦးဘရှင်း....လဲသလား....(မလဲပါ)အိုချင်သေးလို့ဆိုယင်....(မလဲပါ)သေချင်သေးလို့ဆိုယင်....(မလဲပါ) သေချင်သေးလို့ဆိုယင် (မလဲပါ) အပါယ်ရောက်ချင်သေးလို့ ဆိုယင်....(မလဲပါဘုရား)။

ဒါ ဘာကြောင့်ပါလိမ့် မောင်နိုင်....အကဲခတ်စမ်း....(သစ္စာမသိသေးလို့ပါဘုရား)။

ဒါဖြင့် တကာတကာမတွေ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သူ အစိုးရိမ်ဆုံး, သူ အကြောင့်ကြဆုံးဟာ သစ္စာမသိမှာကို အစိုးရိမ်ဆုံးဘဲ....(မှန်ပါ့)။

သစ္စာမသိယင် သံသရာရှည်တယ်၊ သဘောကျပလား....(ကျပါပြီ)သစ္စာသိတော့ သံသရာ ဆုံးတယ်....(မှန်ပါ့)။

ကိုဝ....သစ္စာမသိတော့....(သံသရာ ရှည်ပါတယ်ဘုရား)။

ဒါ အခု ဘုန်းကြီး ပြောနေတဲ့ ဟိုဘဝ, ဒီဘဝ ဆုတောင်းတဲ့ ပုဂ္ဂိုလ်ဟာ ခင်ဗျားတို့ ရှေ့တွင်ဘဲ ဘုရားဖူးသွားတဲ့အခါ ကြား နေကြမှာပါဘဲ၊ ဟောင်းလိုက်တဲ့ ဆုတွေကလဲ ဘုရားတန်ခိုးကြီး ရှေ့မှာဆိုယင် မောင်နှိုင်....ပုံလို့ ပေါ့ကွာ... (မှန်ပါ့)။

ဒါတွေ ကိုဝ....ကိုပေါ်တို့က စဉ်းစားစမ်း၊ သူတို့ ဘုံဘဝ တွေ တောင်းနေတာ ဘယ့်နှယ်ကြောင့်ပါလိမ့်မတုံးလို့ ခင်ဗျား တို့ တွေးကြည့်ယင် အခုတော့ ဆရာကောင်းတပည့်ဖြစ်လို့ သိ ပါပြီ....(မှန်ပါ့) ဘာမသိလို့ပါလိမ့်....(သစ္စာ မသိလို့ပါ ဘုရား)။

ဒါဖြင့် သစ္စာ မသိတဲ့သူဟာ ဒုက္ခကို တောင်းယူနေသလား-ဟုတ်လား၊ သုခကို တောင်းယူနေသလား....လို့ ခင်ဗျားတို့ဘဲ ဝေဘန်ပါတော့ .. (ဒုက္ခကို တောင်းယူနေပါတယ်) ကိုဝ....ကျေ နပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ကိုယ်ကိုယ်တိုင် အမှားတွေကိုလဲ တကာတကာမတွေ ပြင် ဖြစ်အောင် ပြင်ပါ....(မှန်ပါ့) သူတပါး မှားတာ သိလို့ရှိယင် လဲ နားထောင်မည့် ပုဂ္ဂိုလ်ဆို ပြင်ပေးပါ....(မှန်ပါ့) ဒီ သစ္စာ မသိမှုဟာအရုပ်အဆိုးဆုံးဘဲဆိုတာသေချာကြပလား....(သေချာ ပါပြီဘုရား)။

သစ္စာမသိတဲ့ ပုဂ္ဂိုလ်သည် အရုပ်အဆိုးဆုံးဘဲ ဆိုတော့ သူ ဇာတိချည့် စ,တောင်းတယ်....(မှန်ပါ့) ဇာတိကို သူ ဒုက္ခသစ္စာ လို့ကော သိရဲ့လား....(မသိပါဘုရား)။

နောက်က တကာတကာမတွေ သူ ဇာတိကို ဒုက္ခသစ္စာလို့ မသိတော့ လူဖြစ်ရပါလို့၏, နတ်ဖြစ်ရပါလို့၏, အကြိမ်ကြိမ်ဖြစ်

ရုပါလို၏ ဆိုတော့ ကဲ....သစ္စာသိတဲ့ ပုဂ္ဂိုလ်နားနဲ့ ထောင်ကြည့်တော့ ကိုပေါ်တို့က သြော်....ဒုက္ခအကြိမ်ကြိမ် ဖြစ်ရပါလို၏ သူ ဆိုနေတာကိုး....(မှန်ပါ့ဘုရား)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဘာတုံး....(ဒုက္ခအကြိမ်ကြိမ် ဖြစ်ရပါလို၏ ဘုရား)။

ဒုက္ခအကြိမ်ကြိမ်ဖြစ်ရပါလို၏ ဆိုတော့ ကဲ ဒီထဲမှာလူကြီးတွေလဲပါတော့ တောင်းကောင်း-မတောင်းကောင်းအကဲခတ်စမ်း (မတောင်းကောင်းပါဘုရား)ဒုက္ခဆိုတာ ရှောင်ကွင်းရမည့် အလုပ်....(မှန်ပါ့)။

ဒုက္ခဆိုတာ....(ရှောင်ကွင်းရမည့်အလုပ်ပါဘုရား)။

ရှောင်ကွင်းရမည့်အလုပ်ကို တကာတကာမတွေက ဒုက္ခကိုဘဲ မရ-အရ တောင်းယူနေကြတယ်ဆိုတော့ ကိုဝ ဒီ့ထက်လဲရှိသေးရဲ့လား....(မရှိပါဘုရား)။

ဒါ့ကြောင့် တကာတကာမတွေ အဆိုးဆုံးတရားဟာ ဘယ်တရားပါလိမ့်....(သစ္စာမသိမှုပါဘုရား)။

ဒါဖြင့် နောက်က တကာတကာမတွေ လေးလေးစားစားနဲ့ သေသေချာချာမှတ်ပါ၊ သစ္စာဖြင့် ငါမသိ- သိအောင်လုပ်မဟဲ့ ဆိုတဲ့ စိတ်ကိုဖြင့် မွေးဖြစ်အောင် မွေးပါဆိုတာ သတိပေးလိုက်ပါ့တယ်....(မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် သစ္စာမသိယင် ဘာဖြစ်မလဲကွာလို့ မေးတဲ့ အခါကျလို့ ရှိယင်ဖြင့်ကွာတဲ့ သစ္စာမသိတဲ့ပုဂ္ဂိုလ်ဟာ အကန်းလမ်းသွားတယ်လို့သာ မှတ်လိုက်ပါတော့....(မှန်ပါ့)။

သစ္စာမသိတဲ့ပုဂ္ဂိုလ်ဟာ-(အကန်းလမ်းသွားပါတယ်ဘုရား)။
ကန်းလဲ ကန်းပြန် လမ်းလဲသွားပြန်ဆိုတော့ မြေနဲ့တွေ့လဲ မြေကလာကိုက်မှာမဟုတ်ဘူး၊ သူကတိုးမှာ....(မှန်ပါ့) ခလုတ် တွေ့တွေ့ပြန်တော့လဲ ခလုတ်ကလာတိုက်တာလား သူကတိုးတာလား....(သူကတိုးတာပါဘုရား)။

ကဲ....ရန်သူတွေ့ထဲ သွားပြန်ကော ရန်သူက မလာတောင် သူက မျက်လုံးမမြင်တော့ အရမ်းသွား မသွားပေဘူးလား.... (သွားပါတယ်ဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။
ဒါဖြင့် ဘယ်သူအဆိုးဆုံးတုံး....(သစ္စာမသိတာ အဆိုးဆုံးပါဘုရား)။

ခင်ဗျားတို့အိမ်များ သားဘက်သမီးတွက် ပူမည့်ကြံလို့ရှိယင် သြော်....သူတို့အတွက် ခက်တယ်ဆိုလို့ရှိယင် ဒါသစ္စာမသိလို့သာ မှတ်ပေတော့....(မှန်ပါ့) ကိုယ့်အတွက်ခက်တာ တွေးရမယ်....(မှန်ပါ့) သူများအတွက် ခက်မနေကြပါနဲ့ဆိုတာ တကာတကာမတွေ့ သတိပေးလိုက်တယ်....(မှန်ပါ့)။

ဘယ်သူ့အတွက် ခက်ရမလဲ....(ကိုယ့်အတွက် ခက်ရပါမယ်ဘုရား)။

ကိုယ့်အတွက် သစ္စာမသိယင်.... (ခက်ပါတယ်ဘုရား) ခက်တယ်လို့ ဒီလိုအမှန်ယူပါလို့ ဦးဘုကလေးတို့ သတိပေးလိုက်တယ်....(မှန်ပါ့)။

ဒီသားတွေ သမီးတွေကလဲ မသုံးတတ် မဖြုန်းတတ် မရှာတတ် မပွေတတ်နဲ့ သူတို့အတွက် ခက်ပါသေးတယ်လို့ သာကိုဝတို့ ညည်းလေ့ရှိတယ်နော်....(မှန်ပါ့)။

ကိုယ့် အတွက် သစ္စာမသိသေးလို့ ဉာဏ်နဲ့ သစ္စာကို ကောင်း ကောင်းမှန်မှန် မရှင်းသေးလို့ ခက်သေးတယ်လို့ မျှးညည်းဘူး ကြရဲ့လား.... (မညည်းဘူးပါဘုရား) မောင်နှိုင် သိပ်လဲနေပြီ.... (မှန်ပါ့)မလဲဘူးလား....(လဲပါတယ်ဘုရား)။

အဲဒီတော့ကွာတဲ့ သစ္စာမသိယင် မင်းတို့သည်ကားလို့ ဆိုလို့ ရှိယင်ဖြင့် ဟိုပဋိသန္ဓေလဲ ဒုက္ခသစ္စာလဲသူယူဖြစ်မှာဘဲ....(မှန်ပါ့) ဒီပဋိသန္ဓေတွေကိုလဲဒုက္ခသစ္စာမှန်းမသိလို့ ယူဖြစ်မှာဘဲ....(မှန်ပါ့) မယူဖြစ်ပေဘူးလား....(ယူဖြစ်ပါတယ်ဘုရား)။

အဲဒီ ပဋိသန္ဓေယူမိလို့ ရှိယင်ဖြင့် အိုဘေး, နာဘေး, သေဘေး စိုးရိမ်သောက ဗျာပါရဘေး, အပါယ်ဘေးတွေ လွတ်ပါ့မလား (မလွတ်ပါဘုရား)။

ဒါဘယ့်နှယ်ကြောင့် မလွတ်ပါလိမ့် .... (သစ္စာမသိလို့ပါ ဘုရား) သစ္စာမသိလို့ဆိုတာ သဘောပါကြပလား....(ပါပါပြီ ဘုရား)။

ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက တောင်ကြီးတခု ပေါ်တက်သွားတယ်၊ ရဟန်းတပါး ခေါ်သွားတယ်၊ ရဟန်း တပါးခေါ်ပြီး တောင်ကြီးပေါ်တက်ပြီးသွားတဲ့အခါ ကျတော့ တောင်ထိပ်ရောက်ကြတယ်၊ တောင်ထိပ်ရောက်ပြီး အောက်လှည့် ကြည့်လိုက်တော့ တောင်ကတခြမ်းကပြိုနေတယ်၊ အရှင်ဘုရား ဒီချောက်ကြီး သိပ်ကြောက်စရာကောင်းပါကလားလို့ ရဟန်းက ဘုရားလျှောက်တယ်....(မှန်ပါ့)။

ဟာ- ရဟန်း... ရဟန်း.... မင်းအမြင်မလဲပါနဲ့ကဲ့၊ ဒီတောင်ပေါ်က မင်းခြေချော်လက်ချော် ကျသွားလို့ရှိယင် တခါသေပါ့ကဲ့....မကြောက်ပါနဲ့၊ သစ္စာမသိလို့ သေရမည့်အသေမျိုးသာ ကြောက်စမ်းပါ....(မှန်ပါ့) အကြိမ်အရေအတွက်မရှိဘူးတဲ့၊ သဘောပါကြပလား....(ပါပါပြီဘုရား)။

ဘာမသိလို့သေတဲ့ အသေမျိုးလဲ .... (သစ္စာမသိလို့သေတဲ့ အသေပါ)။

သစ္စာမသိလို့ သေတဲ့အသေမျိုးသာ မင်းကြောက်စမ်းပါ ဆိုတာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကိုယ်တိုင် သစ္စသံယုတ်မှာ ဟောတယ်လို့ ကိုပေါ်၊ ကိုဝတ်မှတ်လိုက်....(မှန်ပါ့ဘုရား)။

ကဲ .... ဒါဖြင့် ကြောက်စရာကောင်းလိုက်တာ ဆိုတဲ့ဥစ္စာ ချောက်ကြီးမြင်လို့ကယင် အရိုးတခြား အသားတခြားသွားမှာ မြင်လို့ သူကြောက်တာဘဲတဲ့၊ ကြောက်ပင်ကြောက်ငြားသော်လဲ ဒါမကြောက်ပါနဲ့ တခါသေပါကဲ့တဲ့၊ မောင်နိုင်....မဟောဘူးလား....(ဟောပါတယ်ဘုရား)။

သစ္စာမသိမည့် အသေကဖြင့် ..... (ကြောက်စရာကောင်းပါတယ်) မရေတွက်နိုင်ဘူး....(မှန်ပါ့)။

အဲဒါကြောင့် ဒီဘဝကို အားလုံး တကာ တကာမတွေ အကြောင်းညီညွတ်ပြီးတော့ ကုံကြဆုံကြပြီးသကာလ ဘုန်းကြီးကလဲ စေတနာကောင်း၊ ခင်ဗျားတို့ကလဲ ကိုယ့်ဇာတ်ကိုယ် သိမ်းအောင် သစ္စာသိအောင်လုပ်....(မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

ခင်ဗျားတို့ကလဲ ကိုယ့်ဇာတ်ကိုယ် သိမ်းအောင်....(လုပ်ရမှာ ပါဘုရား)။

သစ္စာသိအောင် လုပ်ရမယ်၊ ကိုယ့်ဇာတ်ဆိုတာက ဘာတုံး ဆိုတော့ ယခု ရ,ထားတဲ့ဒုက္ခသစ္စာ .... (မှန်ပါ့) နောင်လာမှာ တွေ့ကကော....(ဒုက္ခသစ္စာပါဘုရား)။

အဲဒီဇာတ်ကိုဖြင့် တကာတကာမတွေ့ အသိတလုံးပိုင်ယင် သိမ်းတာပါဘဲ....(မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီ)။

ဘာပိုင်ယင်တုံး....(အသိတလုံးပိုင်ယင် သိမ်းပါတယ်ဘုရား)။
အသိတလုံးပိုင်ယင် သိမ်းတာပါဘဲဆိုတာ တကာတကာမတို့ ကျကျနပ်နပ် သဘောကျပလား(ကျပါပြီ)။

အမမျိုး မောင်နှင်ရေ သားကလေးအတွက် မလမမာလို့ စိုးရိမ်တယ်၊ သမီးအတွက် မလိမ်မာလို့ စိုးရိမ်တယ်ဆိုယင်-ငါမှားပြီဟော့၊ ကိုယ့်ဟာကိုယ်ဆုံးမကြပါ....(မှန်ပါ့)။

ငါမှားပြီ၊ ငါမှားပြီဆိုတဲ့ဉစ္စာ လူကြီးဆိုတော့ကို ကိုဝ သူ့ပြောချင်တာ ပြောတာနော်....(မှန်ပါ့)။

ဘယ်သူက မလိမ်မာသေးဘူး၊ ဘယ်သူက ငယ်သေးတယ်လို့ ဆိုပြီးသကာလ ခင်ဗျားတို့စိုးရိမ်နေကြလို့ရှိယင်ဖြင့် အဲဒါအလဲ့ စိုးရိမ်တာလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

ကိုယ့်ကိုယ် စိုးရိမ်ပါ၊ ငါသစ္စာမသိသေးလို့ နိဗ္ဗာန်မျက်မှောက်မပြုနိုင်သေးဘူး၊ ငါမှာဒုက္ခတွေပင်လယ်ဝအောင် ကျန်သေးတယ်၊ ငါ့အတွက်စိုးရိမ်တယ်ဆိုပြီး ချက်ခြင်းပြောင်းပါ.... (မှန်ပါ့)။

ဘယ်ဘက်လှည့်သတုံး....(ကိုယ့်ဘက်လှည့်ပါတယ် ဘုရား)။

ဘာဖြစ်လို့တုံးလို့ မေးတဲ့အခါကျတော့ ဘုန်းကြီးတို့ပြော နေတာဘဲ၊ စိုးရိမ်တဲ့ပုဂ္ဂိုလ်က သေခါနီး၊အစိုးရိမ်ခံရတဲ့ ပုဂ္ဂိုလ်က သေခါဝေးလို့ ပြောတယ်.... (မှန်ပါ့) မပြောထိုက်ဘူးလား.... (ပြောထိုက်ပါတယ်ဘုရား)။

ကိုဝ-ကြီးတဲ့ ပုဂ္ဂိုလ်က သေခါနီးနော်.... (မှန်ပါ့)ခင်ဗျားတို့ စိုးရိမ်တဲ့ခလေးတွေက....(သေခါဝေးပါဘုရား)။

ဒါဖြင့် သေခါနီးက သေခါဝေးစိုးရိမ်တာသည် ဘယ်သူပို မိုက်သတုံး....(သေခါနီးက ပိုမိုက်ပါတယ်)။

ဒါဖြင့် ခင်ဗျားတို့ ဒီအတိုင်းပြောတော့ မခံချင်ဘူး၊ မင်းက သေခါနီးမှ မိုက်တာလားလို့ ဆိုလို့ရှိယင် မခံချင်ပေဘူး.... (မှန်ပါ့)။

သေသေချာချာ စဉ်းစားကြည့်လိုက်တဲ့အခါကျတော့ကိုယ်က သစ္စာမသိသေး၊ ဟိုပုဂ္ဂိုလ်တွေက အသာထားပါဦး၊ စားရေး, သောက်ရေး, နေရေး, ထိုင်ရေး ပညာရေး မပြည့်စုံသေးလို့ ပူမယ် ဆွေးမယ်ကြံလို့ရှိယင် ဘုန်းကြီးပြောတဲ့ဆီကို လှည့်လိုက်ပါ....(မှန်ပါ့)။

မင်း သစ္စာသိအောင်လုပ်နေ၊ မင်းသစ္စာသိမှ မင်းအရေးပြီးမှာ၊ ဟိုဟာဘွဲ့အတွက်ကို မင်းစိုးရိမ်မနေနဲ့။ မင်းအတွက်မင်း စိုးရိမ်ပြီးသကာလ မင်းသစ္စာသိအောင်လုပ်ပါလို့ ကိုယ့်ကိုယ် ကိုယ်ပြင်လိုက်စမ်းပါ....(မှန်ပါ့)။

ဒါ သား‌နဲ့- သမီး‌နဲ့ ရန်တိုက်တာမဟုတ်ပါဘူး၊ အမှန်ပြော‌နေတာ....(မှန်ပါ့)။

သား‌နဲ့-သမီး‌နဲ့ ရန်တိုက်တာလား ကိုဝ အမှန်ပြောတာလား (အမှန်ပြောတာပါဘုရား)။

ဘာ့ကြောင့် ပြောရပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့မှ ဦးဘရှင်းရေ သေခါနီးက သေခါဝေးအတွက် စိုးရိမ်တယ်.... (မှန်ပါ့)။

ဘာစိုးရိမ်တာပါလိမ့် .... (သေခါနီးက သေခါဝေးအတွက် စိုးရိမ်ပါတယ်ဘုရား)။

အင်း... သေခါနီးက သေခါဝေးအတွက် စိုးရိမ်တယ်ဆိုတော့ စည်းကမ်းကျ-မကျ....(မကျပါဘုရား)။

သေခါနီးက ကိုယ့်အသေလွတ်ဘို့ရာကိုသာ ဂရုစိုက်ရမယ် (မှန်ပါ့)ဟိုသေခါဝေးက ဝေးသေးတာဘဲ၊ သူ့ဂရုစိုက်စရာလို့ရဲ့လား....(မလိုပါဘုရား)။

မလိုဘူးဆိုတော့ အဲ-သစ္စာဏ်နဲ့ ပြောလိုက်တော့ ခွင်ဗျား တို့ ပြောနေတာတွေဟာ ကိုပေါ်အပိုချည့်ဘဲ....(မှန်ပါဘုရား)။

မောင်နှိုင်-ပိုလား-မပိုဘူးလား....(ပိုပါတယ်ဘုရား)နောက်က တကာတကာမတွေ့ သဘောကျရဲ့လား.... (ကျပါစေတယ်ဘုရား)။

ပူမယ်, ဆွေးမယ်, စိုးရိမ်မယ်, ကြောင့်ကြမယ် ကံတိုင်း,ကံတိုင်း ဟ....မင်းက ဘယ်သူ့အတွက် ပူတာတုံး မေးတာပေါ့.... မောင်နှိုင်ရ....(မှန်ပါ့) ကိုယ့်ကိုယ် ကိုယ်မေးပါနော်....။

ကိုယ့်ကိုယ် ကိုယ်မေးတော့ အဖြေ ဘယ်လို ထွက်လာသ
တုံး၊ သေခါနီးက သေခါဝေးအတွက်ကို ဒါလောက်ကြောင့်ကြ
နေဘို့ မလိုဘူး....(မှန်ပါ့)သေခါနီးသည်ကားလို့ဆိုယင် နောင်
မသေရတဲ့ နည်းကိုသာလျှင် ငါ သစ္စာသိဘို့ အရေးကိုသာလျှင်
အလိုကြီး လိုတော့တယ်ဆိုတာ သေသေချာချာမှတ်ပါ....(မှန်ပါ့
ဘုရား)။

သူ့ မသိသေးယင် ခင်ဗျားတို့ ကုသိုလ် ပြုရာမှာလဲ အလဲတဲ့
သူ့ မသိသေးယင်... (မှန်ပါ့)။

ကုသိုလ်ပြုတာလဲ .... (အလဲပါဘုရား) အကုသိုလ်ဆိုတာတော့
လဲတယ်လို့ ဆိုစရာ မလိုပါဘူး ပင်ကိုယ် လဲနေလို့နော်....(မှန်
ပါဘုရား)။

ကုသိုလ်ပြုတာတောင်မှ ဘယ်နှယ်တဲ့....(အလဲပါဘုရား)။

ဘယ်နှယ် ကိုဝ....ရာ ဘုံဘဝ လိုချင်တော့ ဒုက္ခသစ္စာဆု
တောင်းမယူဘူးလား....(ယူပါတယ်ဘုရား)။

ကုသိုလ်လဲ ပြုတာဘဲ၊ ကုသိုလ်မပြုဘဲနဲ့ သူ တောင်းတာ
လား-ကုသိုလ်ပြုပြီးမှ တောင်းတာလား(ကုသိုလ်ပြုပြီးမှ တောင်း
တာပါဘုရား)။

ဒါဖြင့် ဒီ ကုသိုလ်ကို တကာတကာမတွေက ဒုက္ခရောက်
မည့် ကုသိုလ်ကို အကောင်းကုသိုလ်ဆိုကြမလား....အဆိုးကုသိုလ်
ဆိုကြမလား....(အဆိုးကုသိုလ်ပါဘုရား)။

အဲဒါ ပြင်မိအောင် ပြင်စမ်းပါဆိုတာကို အတင်း ပြောတာ
ဘဲ....(မှန်ပါ့) မပြင်မိမှာကို ကိုဝ....စိုးရိမ်ထိုက်....မစိုးရိမ်ထိုက်....
(စိုးရိမ်ထိုက်ပါတယ်ဘုရား)။

အင်မတန် စိုးရိမ်ထိုက်တယ်၊ ငွေကုန်ပြီး နောက်ဘဝ လူပန်းမှာ....(မှန်ပါ့)။

ငွေကုန်ပြီးတော့....(လူပန်းမှာပါဘုရား) လူပန်းမှာ ဆိုလို့ ရှိယင်ဖြင့်တဲ့....နောက်ဘဝ အသေကကော လွတ်ပါ့မလား.... (မလွတ်ပါဘုရား)။

ဒါဖြင့် သူ ငွေထိုးပြီးတော့ စက်ရှင်အမှု အထ,မြောက်အောင် လုပ်စမ်းပါဆိုတဲ့ ပုဂ္ဂိုလ်နဲ့ တူ - မတူ....(တူပါတယ်ဘုရား)။

သူက စက်ရှင်မှု ဖြစ်နေတယ်၊ ငွေလဲ သူ ထိုးတယ်၊ ကျုပ်ကိုလဲ သတ်ဖြစ်အောင် သတ်ပါဆိုတာနဲ့ ဘယ် နှယ်နေသတုံး--(တူတူပါဘဲဘုရား)။

ဒါဖြင့် အလှူပေးတဲ့က ငွေထိုးတာ....(မှန်ပါ့)ဟိုဘဝ သေရတာက စက်ရှင်မှုကို ကိုယ်ကိုယ်တိုင် ကျခြင်လို့ တောင်းပန်တာနဲ့ မတူဘူးလား....(တူပါတယ်ဘုရား)။

အဲဒါကြောင့် ဒီအရေးဟာ စကားကြီးကြီး ပြောတာလား.... အလုပ်က ဒီအတိုင်း ဖြစ်နေသလား....အကဲခတ် .... (အလုပ်က ဒီအတိုင်း ဖြစ်နေပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီ အရေးဟာ သစ္စာမသိလို့ ဖြစ်ပေါ်တဲ့ အရေး....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဘာမသိလို့တုံး.... (သစ္စာမသိလို့ ဖြစ်ပေါ်တဲ့ အရေးပါဘုရား)။

သစ္စာမသိလို့ ဖြစ်ပေါ်တဲ့ အရေးဆိုတဲ့ဥစ္စာ ဦးဘရှင်း.... ကျေနပ်ပလား....(ကျေနပ်ပါပြီ) တကာကြီးလှိုင်....ပေါ်ပလား ဗျာ...(ပေါ်ပါပြီဘုရား)။

ဒီအရေးဟာ ဘာအရေးပါလိမ့်...(သစ္စာမသိလို့ ဖြစ်ပေါ်တဲ့ အရေးပါဘုရား)။

သစ္စာမသိတော့ စက်ရှင်မှု လွတ်ဘို့ရာတောင်မှ စက်ရှင်မှု ငေ့ထိုးပြီးသကာလ ကိုယ့်ကိုယ် သတ်ပေးပါလို့ ခိုင်းတာနဲ့.... ကိုဝ တူ-မတူ....(တူပါတယ်ဘုရား)။

နောက်ဘဝ နတ်ဖြစ်ရပါလို့၏၊ ဒီသား, ဒီသမီးနဲ့ မခွဲရပါလို့ ၏....ဆိုလို့ရှိယင် နောက်ဘဝလဲ သေခြင်းဆိုး သေရပါလို့၏.... ပါ-မပါ....(ပါပါတယ်ဘုရား)ပါတယ်ဆိုတာ ကျေနပ်ပလား.... (ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် ဒါဘာမသိလို့ သူ ဒီ အခိုပွါယ်တွေချည့် သဘော ကျနေပါလိမ့်မတုံးလို့ အကဲခတ်ကြည့်စမ်း....(သစ္စာမသိလို့ပါဘုရား)။

ကဲ....ဒါဖြင့် ကိုပေါ်တို့, ကိုဝတို့....အရေးအကြီးဆုံးစကား ပေါ်ပြီ...(ပေါ်ပါပြီဘုရား)မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

တကာကြီးလှိုင်....ပေါ်ပလား....(ပေါ်ပါပြီဘုရား)တရားနာနေကြတယ်ဆိုငြားသော်လဲ ဘယ်ဟာ အရေးကြီးပါလိမ့်မတုံးဆိုတာလဲ ကိုယ့်ဟာ ကိုယ်လဲ သိကြပါ....(မှန်ပါ့)။

သစ္စာသိဘို့ကိုဘဲ ဆရာတုန်းကြီးက အရေးတကြီး ဟောနေတယ်....(မှန်ပါ့) သစ္စာသိသည်နဲ့ တပြိုင်နက်တည်းလဲ နိဗ္ဗာန်ရောက်တာဘဲ....(မှန်ပါ့)။

သစ္စာ မသိသေးတဲ့ အလုံပ်ဟူသ၍ကိုလဲ ခင်ဗျားတို့ကဘဲ ဆုံးဖြတ်ချက်ချပါတော့ နိဗ္ဗာန်ရောက်ပါ့မလား....(မရောက်ပါ) ဒီရောက်နိုင်ဘူးဆိုတာ ပေါ်ကြပလား....(ပေါ်ပါ့ပြီ ဘုရား)။

ဒါဖြင့် တကာကြီးလို့ဆိုရေ.... ဒီနေ့ အရေးကြီးကြီးပြောတာ ဒီကာ သိပလား....(သိပါ့ပြီ)ဘာသိရမလဲ....(သစ္စာသိရမယ်ပြောတာပါ)သစ္စာသိရမယ် ဆိုတဲ့ဥစ္စာ....။

ကိုင်း....ဒါဖြင့် သစ္စာသိရမယ်ဆိုတော့ သစ္စာရှိတာကို အယင်ပြောရလိမ့်မယ်....(မှန်ပါ့)။

တကာတကာမတို့ သစ္စာသိအောင်ဆိုတော့ သစ္စာရှိတာကို အယင်ပြောမှ အသိက နောက်က လိုက်ရမယ်....(မှန်ပါ့)။

ဒါဖြင့် အရှိပြောမှသာလျှင် အသိနောက်က လိုက်မှာဖြစ်လေသောကြောင့် တကာတကာမတို့ ယခု ခန္ဓာကြီးဟာဖြင့် ဒုက္ခသစ္စာလို့ဘဲ မှတ်လိုက်ပါ....(မှန်ပါ့) ယခုခန္ဓာကြီးဟာဖြင့်.... (ဒုက္ခသစ္စာပါဘုရား)။

ယခု ခန္ဓာကြီးဟာဖြင့် ဒုက္ခသစ္စာဘဲ၊ ဒါဖြင့် လုံးဓပြောလိုက်တော့ မောင်နိုင်.... ရှင်းမသွားဘူးလား .... (ရှင်းသွားပါတယ် ဘုရား)။

အဲဒီတော့ ယခု ခန္ဓာကြီးဟာ ဒုက္ခသစ္စာဆိုတော့ ခန္ဓာထဲက ဘာဘဲ ပေါ်လာ....ပေါ်လာ မောင်နိုင်က ဘယ်လို ဆုံးဖြတ်ချက်ချမလဲ....(ဒုက္ခသစ္စာပါဘုရား)။

ဝေဒနာ ပေါ်လာလဲ....(ဒုက္ခသစ္စာပါ) စိတ်ပေါ်လာလဲ.... (ဒုက္ခသစ္စာပါ)ပူတဲ့, အေးတဲ့ ရုပ်တွေ ပေါ်လာလဲ....(ဒုက္ခသစ္စာပါဘုရား)။

ဘာဖြစ်လို့တုံး မေးတော့ ပင်ကိုယ်က ဒုက္ခသစ္စာမို့ ပေါ် ပေါက်တာလဲ ဒုက္ခသစ္စာဘဲ ပေါ်ပေါက်ရတယ်...(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ပင်ကိုယ်က....(ဒုက္ခသစ္စာမို့) သူ့ထဲ ထူးထူးခြားခြား ပေါ် လာယင်....(ဒုက္ခသစ္စာပါဘဲဘုရား)။

အဲဒါကို ခင်ဗျားတို့က ပဌမ အပေါင်းသိထားတော့.... အပေါင်း သိထားလို့က်တာက တကာတကာမတို့ သစ္စာကျော် ခေါ်ပါတယ်....(မှန်ပါ့)။

နောက် အစိတ်ကလေးတွေ ပေါ်လာတော့ ဥပမာ-ဝေဒနာ ဝိပဿနာ ရှုမည့် ပုဂ္ဂိုလ်ဆိုယင် ဝေဒနာတွေ ပေါ်လို့....၊ စိတ် ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်ဆိုယင် စိတ်တွေ ပေါ်တဲ့အခါ ဉာဏ်ထဲမှာ မဖမ်းမိပေဘူးလား....(ဖမ်းမိပါတယ်ဘုရား)။

ဖမ်းမိတာက သြော်....ဒီဥစ္စာသည် သစ္စာကို ရိုးရိုးအပေါင်း သိ မဟုတ်ဘဲနဲ့ ခန္ဓာကိုယ်ထဲမှာ အစိတ်ပါသိရတဲ့အတွက်တဲ့.... ဒီဥစ္စာက သြော်....သူတို့ နှိပ်စက်နေတာကိုးလို့ သိရတယ်.... (မှန်ပါ့ဘုရား)။

ဒါကိစ္စဉာဏ်ကျအောင် တက်သွားတယ်....(မှန်ပါ့)အပေါင်း သိတာက သစ္စဉာဏ်၊ ဒီထဲ ပေါ်တဲ့ အစိတ်ကလေးတွေ သိတာက....(ကိစ္စဉာဏ်ပါဘုရား)။

ဒါ သေသေချာချာ မှတ်ပါ။ ဒါ သေသေချာချာ မှတ်ပါ ဦးဘရှင်း....။

အပေါင်းကြီးဟာ ဘာတဲ့....(သစ္စဉာဏ်ပါဘုရား) ဒုက္ခသစ္စာလို့ မသိဘူးလား... (သိပါတယ်ဘုရား)။

အပေါင်းကြီးက (ဒုက္ခသစ္စာလို့ သိပါတယ်ဘုရား)။

ခန္ဓာငါးပါး အပေါင်းကြီး သိတာက .... (သစ္စဉာဏ်ပါဘုရား) သစ္စဉာဏ်....။

နောက်က တကာတကာမတွေ့ ပေါ့ပေါ့ဆဆ အေးစက်စက် မနာပါနဲ့နော်....၊ မှတ်မှတ်သားသားနဲ့ ဒါချက်ခြင်းကိစ္စပြီးမည့် တရား ဖြစ်နေလို့ လေးလေးစားစား ပြောနေတယ်....(မှန်ပါ ဘုရား)။

ခန္ဓာငါးပါးကြီးဟာ အပေါင်းသိတာက ဘာတဲ့တုံး....(သစ္စဉာဏ်ပါဘုရား)။

ဒီထဲကနေ ဝေဒနာကလေးတွေ့ ထိုးကျင်ပြီးသကာလ ထွက်လာတယ်၊ သုခ, ဒုက္ခ, သောမနဿတွေ့ ကိုဝ....မလာဘူးလား-(လာပါတယ်ဘုရား)စိတ်ကလေးတွေ့ကလဲ ဘုန်းကြီး ပြောထားတဲ့ ဆယ်နှစ်မျိုးတို့, ဆယ်လေးမျိုးတို့ မလာဘူးလား....(လာပါတယ်ဘုရား)။

အဲဒါကလေးဘဲ့ လာတိုင်း... လာတိုင်း ဉာဏ်နဲ့ တည့်မိတာက သစ္စာသိတဲ့ ကိစ္စကြီး....(မှန်ပါ့)အယင်က အပေါင်း သိတဲ့ သစ္စဉာဏ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒီလို ပေါ်တိုင်း, ပေါ်တိုင်း ဖြစ်ပျက်မှုကို သိတာက ဘာတဲ့....(ကိုစဉ္ဇာဏ်ပါဘုရား)။

ဒါဖြင့် သစ္စဉာဏ်, ကိစ္စဉာဏ်၊ သဘောကျပလား ...(ကျပါပြီဘုရား)။

တခါ သစ္စဉာဏ်နဲ့ကိစ္စဉာဏ်ပြီးယင် တခါတည်းမှတ်ကြတကာတကာမတို့ ကတဉာဏ်ဆိုလို့ရှိယင် သောတာပန် တည်တာဘဲ (မှန်ပါ့)။

ဒီနေ့ ဉာဏ်သုံးမျိုးနဲ့ တမျိုး ဟောတယ်လို့ မှတ်ရမယ်နော် (မှန်ပါ့)။

အပေါင်းသိတာက ခန္ဓာငါးပါးကြီးဟာ တကာတကာမတွေ အပေါင်းသိထားတာကဘာတဲ့....(သစ္စဉာဏ်ပါဘုရား)။

သစ္စာတော့ မသိဘူးလား....(သိပါတယ်ဘုရား)ခန္ဓာငါးပါး အပေါင်းဟာ ဘာသစ္စာတဲ့တုံး....(ဒုက္ခသစ္စာပါ)အဲ....အပေါင်း သိတာက သစ္စဉာဏ်....(မှန်ပါ့)။

တခါ သတိပဋ္ဌာန်လေးပါးထဲက တပါးပါးကို ပေါ်တိုင်း ပေါ်တိုင်း ဖြစ်ပျက်ကလေးရှုပြီးသကာလ နေတာကတဲ့ တကာတကာမတို့ ကိစ္စဉာဏ်....(မှန်ပါ့)။

ဒီဖြစ်ပျက်ကို တကာ တကာမတွေက ဆုံးအောင်လိုက်လို့ ဆုံးသွားလို့ရှိယင် ကတဉာဏ်....(မှန်ပါ့) သဘောပါကြလား.... (ပါပါပြီ)။

ခန္ဓာငါးပါး အပေါင်းကြီး သိနေတာ .... (သစ္စဉာဏ်ပါဘုရား)။

ဒီထဲက သတိပဋ္ဌာန်လေးပါးထဲက-တပါးပါးစိတ်ဖြင့် စိတ်ဖြစ်ပျက်ကလေးတွေဟာ ဩော်....ဒါကလေးတွေ ဒုက္ခဆိုပဋ္ဌနဌော သခ်ာတဌော ဆိုတဲ့အတိုင်း သူတို့နှိပ်စက်နေတာဘဲ၊ ဒီဖြစ်ပျက်ကလေးဟာ နှိပ်စက်နေတာဘဲလို့ သိပြန်တော့ ဘာဉာဏ်တဲ့တုံး (ကိစ္စဉာဏ်ပါဘုရား)။

ဒါဖြင့်-ဒီဖြစ်ပျက်ကလေးတွေကို တကာတကာမတွေကသိပြီးသကာလနေတော့ ဖြစ်ပျက်တွေဟာ အင်း.... နှိပ်စက်တဲ့တရားတွေမို့ နှိပ်စက်နေတာဘဲလို့ အမှန်အကန်သိသိ-သိသိပြီးသွားတဲ့အခါကျတော့ ဒီဟာတွေ ဒီခန္ဓာကြီးဖြင့် မလိုချင်တော့ပါဘူးဆိုတဲ့အခါကျတော့ ဖျတ်ခနဲချုပ်သွားတယ်....(မှန်ပါ့)ချုပ်ပြီးမှပေါ်လာတဲ့ဉာဏ်ကို မောင်နိုင် ဘာဉာဏ် ခေါ်မလဲ .... (ကတဉာဏ်ပါဘုရား)။

ကတဉာဏ်ခေါ်တယ်၊ ဟာ .... ငါသောတာပန်တည်ပြီလို့ သိတဲ့ဉာဏ်....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

ငါ သောတာပန်တည်ပြီလို့ သိတဲ့ဉာဏ် ဘာဉာဏ်ခေါ်ကြမလဲ.... (ကတဉာဏ်ခေါ်ပါတယ်ဘုရား)။

သုံးခေါက်ပြောပါမယ် တကာ တကာမတို့ ဒီဉာဏ်တွေမဟောသေးလို့နော်....(မှန်ပါ့)။

တကာတကာမတို့ အလုပ်ကို အတိုနဲ့တက်တာလို့မှတ်ပါ.... (မှန်ပါ့)။

ကိုဝ ဘာနဲ့တက်သလဲ....(အတိုနဲ့တက်တာပါဘုရား)။

ဓမ္မာနုပဿနာနဲ့ တက်တာ၊ ဦးဘကလေး ရိပ်မိပလား .... (ရိပ်မိပါပြီဘုရား)။

အဲဒီတော့ ဒါဖြင့် တကာတကာမတို့ ဥာဏ်သုံးဆင့်တော့ဖြင့် ဆရာဘုန်းကြီးကဟောထားပြီ၊ ကဲဘုရား....တပည့်တော်တို့ အပေါင်းသိတဲ့ဥာဏ်က သစ္စဥာဏ်၊ ဒီထဲက ဖြစ်ပျက်သိတဲ့ဥာဏ်က ကိစ္စဥာဏ်၊ ဖြစ်ပျက်အဆုံးကိုသိတဲ့ဥာဏ်က ကတဥာဏ်ဆိုတာတော့ဖြင့် ယုံမှားသံသယမရှိဘဲနဲ့ဘဲ ရှင်းလိုက်ပါပြီ....(မှန်ပါ့)။

ဒါဖြင့် လိုရင်းကိုပြောပါတော့မယ်၊ ဥာဏ်သုံးဆင့်ကိုတကာတကာမတွေ့ ကိစ္စဥာဏ်ဟာ အလုပ်လုပ်ရမည့်ဥာဏ်....(မှန်ပါ) သစ္စဥာဏ်က သိရမည့်ဥာဏ်....(မှန်ပါ့ဘုရား)။

ကိစ္စဥာဏ်က....(အလုပ်·လုပ်ရမည့်ဥာဏ်ပါဘုရား)။

ကတဥာဏ်က ဝမ်းမြောက်ရမဲ့ဥာဏ်....(မှန်ပါ့)။

ဒါ သေသေချာချာမှတ်ပါ၊ သစ္စဥာဏ်က.... (သိရမည့်ဥာဏ်ပါ)ကိစ္စဥာဏ်က....(အလုပ်·လုပ်ရမည့်ဥာဏ်ပါ) ကတဥာဏ်က.... (ဝမ်းမြောက်ရမည့်ဥာဏ်ပါဘုရား)။

ဝမ်းမြောက်ရမည့်ဥာဏ်ဆိုတာ ကိစ္စပြီးပြီလို့သိတာ....(မှန်ပါ့ဘုရား)။

ကိစ္စပြီးပြီလို့သိတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်ကိစ္စပြီးပြီး- ပြီးသွားပြီဟော့-ဆိုတဲ့ ဝမ်းမြောက်မှုမလာဘူးလား....(လာပါတယ်)။

အဲဒီတော့ ဝမ်းမြောက်ရမည့် ဥာဏ်က ဘာဥာဏ်တဲ့ .... (ကတဥာဏ်ပါဘုရား) ကတဥာဏ်ဆိုတာ သေချာပလား.... (သေချာပါပြီ)။

ကောင်းပြီ- ဒါဖြင့် တကာ တကာမတို့ သေသေချာချာ ဒါ ဘယ်မှာလာပါလိမ့်မတုံးလို့ ကိုဝတို့က မေးလို့ ရှိယင်ဖြင့် ဓမ္မစကြာမှာလာတယ်လို့ မှတ်.... (မှန်ပါ့)။

ဘုရားတိုင်း မစ္ဆန့်တဲ့ ဓမ္မစကြာမှာလာတယ်လို့ မှတ်ပါ.... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘုရားတိုင်းမစ္ဆန့်တဲ့.... (ဓမ္မစကြာမှာလာပါတယ်) ဓမ္မစကြာမှာလာတယ်ဆိုတော့ သူ့ဟာလိုက်တော့ ကောင်္ကွည်နဲ့တက္ခဗြဟ္မာပေါင်း ရှစ်သောင်းလေးထောင်တွေ အကုန်ကျတ်ကြတယ် (မှန်ပါ့)။

အကုန်လုံးတခါတည်း မဂ်ဉာဏ် ဖိုလ်ဉာဏ် ရကုန်ကြတယ် ဆိုတော့ သြော်.... ဒါအရေးအကြီးဆုံးဘဲဆိုတာ ကိုဝ မပေါ်သေးဘူးလား(ပေါ်ပါပြီဘုရား)။

ကိုင်း .... ဒါဖြင့် တခေါက် ပြန်ပြောတယ်၊ သစ္စဉာဏ်က တကာတကာမတို့ သိရမည့်ဉာဏ်- မပါဘူးလား....(ပါပါတယ် ဘုရား)။

အေး....ဒါကြောင့် နောက်ကတကာတကာမတွေ့ ခန္ဓာကိုယ်က အစိုးမရဘဲနဲ့ အလုပ်လုပ်ပြီးဟောတဲ့ ပုဂ္ဂိုလ်ကလဲ သူ့ခန္ဓာက အနတ္တ၊ နာတဲ့ပုဂ္ဂိုလ်တွေကလဲအနတ္တ၊ အနတ္တ- အနတ္တချင်း ကိုဝ ယိုင်းပင်းကူညီနေတာ... (မှန်ပါ့) ဖျောက်မပစ်ပါနဲ့ဆိုတာ ကိုလဲ သေသေချာချာ သတိပေးလိုက်ပါတယ်၊ ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ကဲ....ဒါဖြင့် ကိုစဉ်ကျော်ပြောပါတော့မယ်တဲ့၊ သူ့ဝတ္ထုထုတ် လိုက်ဦးမယ် တကာတကာမတို့။

ကုရုတိုင်းမှာ ဘုရားသခင်ကိုယ်တော်မြတ်ကြီး သီတင်းသုံး ပါတယ်တဲ့၊ အဲဒီမှာ ကပိလဝတ်ပြည်ဆိုတာရှိတယ်၊ရှိပြီးသကာလ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဆွမ်းခံသွားမလို့ဆိုပြီး စောလှုပါသေးတယ်လေ ဆိုပြီး သကာလ ခဏနေပြီး သကာလ နောက်မှဘဲ ကဲ-အချိန်ရောက်ပြီဆိုပြီး သွားလိုက်တယ်၊ ကပိလဝတ်ပြည်ထဲ တပါးတည်းဘဲကြွတယ်....(မှန်ပါ့)။

ကြွပြီးသကာလ ဆွမ်းတော်ဘာတော့ယူခဲ့ပြီးသကာလတခုသောတောတည်း ညဿစ်ပင်အောက်မှာ သူသွားပြီး· ဆွမ်းဘုန်းပေးပြီးသကာလ နေ့သန့်စဉ် ဒီနေရာမှာဘဲ ဖလသမာပတ် ဝင်စားနေတော့မယ်ဆိုပြီး သကာလ ကိုယ်တော်မြတ်ကြီး သီတင်းသုံးနေတယ်... (မှန်ပါ့)။

သီတင်းသုံးပြီးသကာလ နေတော့ ဒဏ္ဍပါဏိဆိုတဲ့ ပုဂ္ဂိုလ်က ရွှေဒုတ်ကောက်ကြီးနဲ့ ဘုရားလဲ ဝတ်မချဘူး၊ သစ်ပင်အောက်လာပြီးတော့ ဒုတ်ကောက်ကို မေးထောက်ပြီးသကာလ ဩော်....ရှင်ကြီးဂေါတမ ဒီရောက်နေသကိုးလို့ သူကန္ဦတ်ဆက်တယ်။

ရှင်ကြီးဂေါတမ အယူပြောစမ်းပါ၊ ဝါဒလဲပြောစမ်းပါ၊ ရှင်ကြီးဂေါတမယူတဲ့ အယူလဲဖြောစမ်းပါ၊ သူမျှားကိုပေးတဲ့ ဝါဒကိုလဲသိချင်ပါတယ်၊ ဒါမေးတာဘဲနော်....(မှန်ပါ့)။

မေးတဲ့အခါကျတော့ ဘုရားကရိပ်မိတယ်၊ သူက ဒေဝဒတ်နဲ့ အမျိုးလဲတော်တယ်၊ အမျိုးတော်ပြီး သူက ကျွတ်တမ်းဝင်မှာလဲ

မဟုတ်ဘူးတဲ့- ဘုရားက၊ သို့သော်လဲ ငါဝါဒရှိတာတော့ အကုန် ပြောလိုက်မှာပဲ၊ ပြီးတော့ ဘုရားလဲ စိတ်ဆိုးနေတဲ့ပုဂ္ဂိုလ်။

ဒေဝဒတ်ကိုလဲ သံဃာအပေါင်းက ကြဉ်ထားလို့ တင့်ကြောင်း ဒေဝဒတ်ကို တရားဟောတိုင်း ဟောတိုင်း အပါယ်သွားမည့် ပုဂ္ဂိုလ်ဘဲ၊ ဘယ်သူကယ်လို့မှ မရတော့ဘူး၊ သူက သံဃာသင်းခဲ့ သွေးစိမ်းတည်အောင် လုပ်ထားတာကိုး....(မှန်ပါ့) အဲဒါတွေ ဟောတာလဲ သူကမကြိုက်ဘူး။

ပြီးတော့- ဒီ ရာဟုလာကလေးကို အတင်းသက်နှံးဝတ်ပေး တာလဲ သူကမကြိုက်ဘူး၊ မကြိုက်တာက စကြာဝဠာတေးမင်း လောင်းကို တခါတည်း စကြာဝဠာတေးရတနာတွေ ဖျက်ပစ်တဲ့ ပုဂ္ဂိုလ်ဆိုပြီး သူကလောကီသမားဖြစ်နေတာကိုး....(မှန်ပါ့)။

အဲဒီလို မကြိုက်တာနဲ့တွေ့လို့သာ စကားပြောလိုက်ရတယ်၊ ရှင်ကြီးဂေါတမ ဘယ်အယူရှိသတုံး၊ ရှင်ကြီးဂေါတမ ဝါဒက ဘယ်လိုဝါဒလဲ... တဲ့။

ငါဝါဒကကွာ....တဲ့၊ ဘယ်သူနဲ့မှ ရန်မဖြစ်တဲ့ဝါဒ၊ရှင်းပလား (ရှင်းပါပြီ)။

သူ့ဝါဒကဘာတဲ့....(ဘယ်သူနဲ့မှ ရန်မဖြစ်တဲ့ဝါဒပါ)။

ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီး၏ ဝါဒစစ်- ဝါဒမှန် ကဖြင့် ဘယ်သူနဲ့မှ ရန်မဖြစ်တဲ့ ဝါဒလို့ ကိုဝ....မှတ်ထားလိုက် စမ်းပါ....(မှန်ပါ့ဘုရား)။

ကိုပေါ် .... (ဘယ်သူနဲ့မှ ရန်မဖြစ်တဲ့ဝါဒပါ) နောက်က ဘာကာဘကာမတွေ—(ဘယ်သူနဲ့မှ ရန်မဖြစ်တဲ့ဝါဒပါဘုရား)။

နို့ ဘယ်သူနဲ့မှ ရန်မဖြစ်တဲ့ဝါဒဆိုပြီးသကာလ ဘေးကဘုရားမှာရန်သူတွေ ပေါလှချည့်ကလား၊ တိုတ်တိုတွေကလဲတပုံကြီး၊ ဒေဝဒတ်တို့လို အဇာတသတ်တို့လိုဟာတွေ ရန်သူတွေက ပေါလိုက်တာ၊ မာရ်နတ်ကြီးကလဲ စစ်လာတိုက်လိုက်တာ မောင်နှိုင်ဟင်... (မှန်ပါ့)။

သူတပါးနဲ့ ရန်မဖြစ်ဘူးဆိုပြီးသကာလ ရန်ဖြစ်ရမည့်ပုဂ္ဂိုလ်တွေနဲ့ကို ခဏခဏ ရန်ပဲမတွေ့ဘူးလား.... (တွေ့ပါတယ်ဘုရား)။

သို့သော်လဲတဲ့ ဘုရားသခင်ဝါဒကဆောဲ့ ဘယ်သူနဲ့မှ ရန်မဖြစ်တဲ့ဝါဒလို့ မှတ်လိုက်စမ်းပါ .... (မှန်ပါ့) ဒီဝါဒကိုမကြိုက်တဲ့လူကလာပြီးစစ်တိုက်တာ....(မှန်ပါ့) ဝါဒကတော့အမှန်ဘဲ....(မှန်ပါ့)။

သူက ဘယ်လိုဟောလေ.ရှိသတုံး၊သူတပါးက ဒါရှေးဘုရားတွေက ဒုက္ခသစ္စာလို့ ရှေးပညာရှိဘုရားတွေက ဒုက္ခသစ္စာဘဲဟောလို့ရှိယင် သူဒုက္ခသစ္စာဘဲ ပိုမဟောဘူး....(မှန်ပါ့)။

ဒီ ဒုက္ခသစ္စာမှာလဲဟော....သစ္စာသိမှ သစ္စာကျော်၊ဖြစ်ပျက်သိမှကိစ္စာကျော်၊ ဖြစ်ပျက်တွေဆုံးသွားယင် ကတာကျော်ဘဲ ဆိုတာလဲ ရှေးဘုရားတွေလဲ ဒီလိုဘဲဟောတယ်....(မှန်ပါ့) သူကော....(ဒီလိုဘဲဟောပါတယ်ဘုရား)။

အဲဒီတော့ ပညာရှိနဲ့တော့ သူရန်ဖြစ်တယ်လို့ရဲ့လား....(မရှိပါဘုရား)။

မကြိုက်တဲ့ ပုဂ္ဂိုလ်က ဒီဟာနားမလည်တဲ့ ပုဂ္ဂိုလ်ကတော့ သူ့ကိုရန်ဖြစ်တယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။ ဒါဖြင့် ဘုရားသည် သူကရန်ဖြစ်တာလား....တပါးသော ပုဂ္ဂိုလ်

က ရှန်ဖြစ်တာလား....(တပါးသောပုဂ္ဂိုလ်က လာရှန်ဖြစ်တာပါ ဘုရား)။

ဒါကြောင့် သူ့ဝါဒကတော့ ရှန်မဖြစ်ပါဘူးတဲ့၊ ပညာရှိ တွေ့ အကုန်လက်ခံနိုင်တဲ့ ဝါဒပါ....(မှန်ပါ့) ပညာမဲ့တွေက သူ့ကိုဘယ်တုံးကမှမကြားဘူးဘူးဆိုပြီးသကာလဘဲ့ တိုက်ကြတာ တော့ ငါမတတ်နိုင်ဘူးတဲ့....(မှန်ပါ့)။

ဘုရားဝါဒ ရှင်းကြပလား....(ရှင်းပါပြီဘုရား) ဘာတဲ့တုံး.... (သူတပါးနဲ့ ရှန်မဖြစ်တဲ့ ဝါဒပါဘုရား)။

ဘယ်ပုဂ္ဂိုလ်နဲ့မှ ရှန်မဖြစ်တဲ့ ဝါဒဟာ ဘုရားဝါဒ--(မှန်ပါ့) တကာကြီးလို့....ပေါ်ပြီ....(ပေါ်ပါပြီဘုရား)။

ဘယ်ပုဂ္ဂိုလ်နဲ့မှ ရှန်မဖြစ်တဲ့ ဝါဒဟာ(ဘုရားဝါဒပါဘုရား) ဘုရားဝါဒလို့ မှတ်ကြစမ်းပါနော်....(မှန်ပါ့)။

အဲဒီတော့ကို ခင်ဗျားတို့ အထဲမှာလဲ ဩော်.... ရှေးရှေး-အင်မတန်ကျသွားတဲ့ ပုဂ္ဂိုလ်နဲ့ဆို ကိုဝ....အတော် ခက်တယ်နော်....(မှန်ပါ့)။

မင်းတို့ဟာကွာ....ဝိပဿနာ အလုပ်၊ ဝိပဿနာအလုပ်နဲ့ ဒို့ အနိစ္စ, ဒုက္ခ, အနတ္တ ပုတီးစိပ်နေတာလဲ ဒီအတိုင်းပါဘဲကွလို့.... ဆိုလို့ရှိယင် သူ့ဟာ မြင်စိတ်မဟုတ်ဘူး၊ ရလို့ စိပ်နေတဲ့ စိတ်နဲ့ ကျုပ်တို့က ပုတီး မပါဘဲနဲ့ ဉာဏ်နဲ့ စိပ်နေတဲ့ စိတ်နဲ့ ကိုဝ... ဘယ်ဟာက မှန်ပါ့မလဲ....(ဉာဏ်နဲ့ စိပ်နေတာက မှန်ပါတယ် ဘုရား)။

မင်းတို့ လက်ထက်မှာကွာ....ကိုင်ရတာနဲ့ ပြုရတာနဲ့ ရှုရတာနဲ့ ပွားရတာနဲ့ ဒီ ဒီလိုလာခဲ့တာပါဘဲ၊ ဒီ ဆရာကြီးတွေလဲ ဒီလိုဘဲ ဆိုလို့ရှိယင် အဲဒီလူနဲ့ ခင်ဗျားတို့ ရန်ဖြစ်လိမ့်မယ်.... (မှန်ပါ့) မဖြစ်ရပေဘူးလား... (ဖြစ်ရပါတယ်ဘုရား)။

သို့သော်.... ခင်ဗျားတို့က ဖြစ်တာလား....သူတို့က မကြိုက်လို့ ဖြစ်တာလား....(သူတို့က မကြိုက်လို့ ဖြစ်တာပါဘုရား)။

အဲဒီလိုဘဲတဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဝါဒဟာလဲ ဘယ်သူနဲ့မှ ရန်မဖြစ်တဲ့ ဝါဒ၊ ပညာရှိ လက်ခံတဲ့ ဝါဒ၊ ဘုရားအစဉ်အဆက်သုံးတဲ့ဝါဒဟာ ငါ့ဝါဒဘဲ၊သို့သော်... ငါ့မကြားဘူးတဲ့ ပုဂ္ဂိုလ် မသိဘူးတဲ့ ပုဂ္ဂိုလ်တွေကဖြင့် ဒါ ရန်ဖြစ်မှာဘဲကွာ....၊ ငါ့ဝါဒကတော့ ဘယ်သူနဲ့မှ ရန်မဖြစ်တဲ့ ဝါဒ၊ ရှင်းကြပလား-(ရှင်းပါပြီဘုရား)။

ဘုရားဝါဒဟာ ဘာပါလိမ့်....(ဘယ်သူနဲ့မှ ရန်မဖြစ်တဲ့ ဝါဒပါဘုရား) ဘယ်သူနဲ့မှ ရန်မဖြစ်တဲ့ ဝါဒလို့ မှတ်လိုက်စမ်း ပါနော်....(မှန်ပါ့)။

ဒါတွင်မကသေးဘူးကွ၊ ငါသည်တဲ့ သံသယ ဝိစိကိစ္ဆာကင်းပြီးသကာလ အလုံးစုံ အပေါ်မှာတဲ့ တဏှာဖြတ်တဲ့ ပုဂ္ဂိုလ်တဦး တယောက်လို့လဲ မင်း မှတ်ပါတဲ့ ဒဏ္ဍပါဏိကိုဘုရားက ပြောနေတယ်....(မှန်ပါ့)။

အလုံးစုံ သံသယကင်းပြီးသကာလ တဏှာ ဖြတ်တဲ့ အလုပ်ဟာ ငါ့အလုပ်လို့ မှတ်ပါတဲ့....(မှန်ပါ့)သဘောကျပလား.... (ကျပါပြီဘုရား)။

ဘယ်သူနဲ့မှ ရန်မဖြစ်တာက သူ့ဝါဒ....(မှန်ပါ့) သူ့အလုပ်က သံသယ ဝိစိကိစ္ဆာကင်းပြီး တရားဖြတ်တဲ့ အလုပ်ဟာဖြင့် ဒါ သူ့လုပ်ငန်းစဉ်....(မှန်ပါ့)။

ဝါဒက ဘာတဲ့တုံး....(ဘယ်သူနဲ့မှ ရန်မဖြစ်တဲ့ ဝါဒပါ)ဘယ်သူနဲ့မှ မဆန့်ကျင်တဲ့ ဝါဒဖြင့်....ဒါ သူ့ဝါဒ....(မှန်ပါ့)အလုပ်စဉ် ပြောစမ်းပါဆိုတော့ သံသယ မရှိဘဲနဲ့ တရားဖြတ်တဲ့ဝါဒ (မှန်ပါ့)ပေါ်ကြပလား....(ပေါ်ပါဖြီဘုရား)။

အဲဒါ ပြောပြီးသကာလ ဒဏ္ဍပါဏိကလဲ မောင်နိုင်ရှေ့နားထောင်ပြီး ပြန်သွားတာဘဲ....(မှန်ပါ့)။

ဩော်....ဒီဝါဒကိုး ဒီ အကျင့်ကိုးဆိုပြီးသကာလ ဒီလိုဟောလေ.ရှိသကိုး ဆိုပြီးသကာလ ပြန်သွားတာဘဲ....(မှန်ပါ့)။

ပြန်သွားတော့ ကျောင်းပြန်ရောက်လာတဲ့ အခါ ရဟန်းတပါးက အရှင်ဘုရား....ဒီနေ့ ဘယ်ကြွပါတုံးဘုရှ့....ငါ ဘယ်ကြွတယ်ကွာ၊ဘာနဲ့ တွေ့ပါသတုံးဘုရှ့၊ဒဏ္ဍပါဏိနဲ့ တွေ့သကွာ။

ဘာပြောခဲ့ပါသတုံး....ငါဝါဒနဲ့ အလုပ်စဉ် ပြောခဲ့တယ်ဟေ့၊ ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဘာပြောခဲ့သတုံး .... (ဝါဒနဲ့ အလုပ်စဉ် ပြောခဲ့ပါတယ်ဘုရား)။

ဝါဒနဲ့ အလုပ်စဉ် ပြောခဲ့တယ် ဆိုတဲ့ ဥစ္စာ ပြောတော့ ဒါဖြင့် ဘုရားတပည့်တော်မျှား သိပါရစေတဲ့....။

ဩော်....ငါ့ဝါဒဟာကွာ....ဘယ်သူနဲ့မှ ရန်မဖြစ်တဲ့ ဝါဒ....၊ သံသယ မရှိဘဲနဲ့ ကိလေသာသတ်တဲ့ အလုပ်စဉ်က္ခ....(မှန်ပါ့။

ဘယ်သူနဲ့မှ ရန်မဖြစ်တာ ငါ့ဝါဒ၊ သံသယတွေ သတ်ပြီး သကာလ ကိလေသာ ဖယ်ရှားတဲ့ အလုပ်ဟာ ငါ့အလုပ်စဉ်ကွ-- ဆိုတော့ ဦးဘရှင်း ဒီ ရဟန်းကလဲ ဗဟုသုတနည်းတော့ .... ဒီလောက်ကလေးနဲ့ သူ နားလည်ပါ့မလား....(မလည်ပါ)။

မလည်ဘူးနော်....(မှန်ပါ့) မလည်တော့ ဘုရားသခင်ကိုယ် တော်မြတ်ကြီးကလဲ ဒါကလေး ဟပြာခဲ့ပြီး ကိုပေါ် - ကျောင်း ခန်းထဲ ကြွသွားတယ်....(မှန်ပါ့) အရှင်ဘုရား ဒါကလေး ထက် ပြောပါဦးလို့ လိုက်တောင်းပန်လို့လဲ ရပါ့မလား.... (မရပါ ဘုရား)။

မရတော့ တရားနာတဲ့ ရဟန်းကော, ဘေးက အဖေါ်အဖေါ် တွေကော သူတို့ စိတ်ကူးကြတယ်၊ ဩ....ဘုရားကလဲ တရားကို တိုတိုပေါသွားတယ်၊ အကျယ်မဟောဘဲနဲ့ အကျဉ်း ဘဲ ဟောသွားတယ်၊ ဝါဒလဲ ပြောသွားတယ်၊ အလုပ်စဉ်လဲ ပြောသွားတယ်၊ ဘယ်သူ့ မေးရပါမတုံးလို့ သူတို့ လိုက်ရှာ တော့ အရှင်မဟာကစ္စည်းကို သူတို့ သတိရတယ်....(မှန်ပါ့)။

အရှင်မဟာကစ္စည်းက ဘုရားအကျဉ်းဟောတာကို သူချုံနှိုင်တဲ့ သတ္တိ ရှိတယ်၊ ဘုရားကလဲ သူ့ကို ချီးမွမ်းတယ်(မှန်ပါ့)ဒီတော့ သူ့ဆီ သွားကြစို့ဆိုပြီး အရှင်မဟာကစ္စည်းဆီ သွားကြတယ်.... (မှန်ပါ့)။

သွားကြပြီး အရှင်မဟာကစ္စည်းထံလျှောက်တယ်၊အရှင်ဘုရား ဒဏ္ဍပါဏိဟောခဲ့တယ် တရား....တပည့်တော်တို့ ဟောတာလဲ ... အင်မတန်မှ ကျဉ်းနေပါတယ်။

ဘာတုံးကွ....ဘယ်လို ဟောသတုံး ဘုရားက....တဲ့။

သူ့ဝါဒက ဘယ်သူနဲ့မှ မဆန့်ကျင်တဲ့ ဝါဒလို့ ဟောပါတယ်၊သူ့မှာ သံသယ မရှိဘဲနဲ့ ကိလေသာကိုသတ်တဲ့ အလုပ်ဟာသူ့အလုပ်ပါဘဲလို့လဲ ဟောတယ်၊ အဲဒါ တပည့်တော်တို့က ကျင့်လွန်းလို့ ဘာမှနားမလည်ဘူးဆိုတော့ ဖြစ်ပျက်ရှုပါဘယ်လိုလုပ်ပါဆိုတာ ဦးဘရှင်းပါသေးလား.... (မပါ-ပါဘုရား)။

မပါတော့ ရှေးကလဲနားမလည်ဘူး.... (မှန်ပါ့) တကာကြီးလို့ရှင် ရှေးကလဲနားမလည်ဘူး....(မှန်ပါ့)။

ဩော်....မင်းတို့ကလဲကွာ အနှစ်ရှိတဲ့သစ်ပင်ဆီက အနှစ်မရှိတဲ့သစ်ပင်ဆီလာပြီး အနှစ်တောင်းသလို ဖြစ်နေပါပေါ့လားလို့ အရှင်မဟာကစ္စည်းက ပြောလိုက်တယ်... (မှန်ပါ့)။

ဘုရားက အနှစ်ရှိတာကိုး.... (မှန်ပါ့) သူတို့က ဘုရားနှင့်စာတော့ အနှစ်က ဒီလောက်ပြည့်စုံတာမဟုတ်တော့-မဟုတ်ပါဘူးဘုရားတဲ့၊ အနှစ်ရှိတဲ့ဆီက အနှစ်မရှိတဲ့ဆီ လာပြီးသကာလ တရားတောင်းတယ်လို့ ဒီလိုအယူမရှိပါနဲ့၊ အရှင် ဘုရားကို ဘုရားကလဲ ချီးမွမ်းပါတယ်၊ ဘုရားအကျင့်ဟောထားလို့ရှိယင် အရှင်ဘုရားခဲ့ချိန်ိုင်တယ် ဆိုတဲ့ဥစ္စာ သတင်းက အင်မတန်မွှေးပါတယ်၊ ဒါ့ကြောင့် တပည့်တော်မျှား လာရပါတယ်ဆိုတော့-မင်းတို့ တကယ်နာချင်သလား....တဲ့၊ တကယ်နာချင်ပါတယ်ဆိုတော့ ဒါဖြင့် ငါသစ္စာဟောမယ်ဆိုပြီး သစ္စာဟောတာဘဲ.... (မှန်ပါ့)။

ကဲ .... တကာတကာမတို့ သူဟောတဲ့သစ္စာ ဒီလိုမှတ်ကြပေတော့နော်....(မှန်ပါ့) ခင်ဗျားတို့ အလုပ်စဉ်ပေးတော့မယ်။

အလုပ်စဉ် ပေးတော့မယ်ဆိုတော့ တကာတကာမတို့ မြင်စိတ်ကလေးပေါ်တယ်တဲ့နော်....(မှန်ပါ့)။

အဆင်းကြည့်တော့ မြင်စိတ်ကလေး မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)လူသေမှာပေါ်သလား- လူရှင်မှာပေါ်သလား....(လူရှင်မှာပေါ်ပါတယ်ဘုရား)။

သြော်....ဒါဖြင့် လူရှင်ဖြင့် မျက်လုံးရုပ်ကလေးကလဲ- ပသာဒရုပ်ကလေးကလဲ ကြည့်သေးလို့ ဟိုဘက်က အဆင်းကလဲရှိလို့ပေါ့ မောင်နိုင်ရာ....(မှန်ပါ့)။

ဒါဖြင့် ဒီက မျက်လုံး အကြည်ရုပ်နဲ့ ဟိုကအဆင်းနဲ့ နှစ်ခု တိုက်တဲ့အခါကျတော့ ကြားထဲမှာ မျက်လုံးအကြည်ပေါ်မှာ မြင်တဲ့စိတ်ကလေး ဖျတ်ကနဲပေါ်တယ်.... (မှန်ပါ့) မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ဒါဖြင့် အဆင်းနဲ့ မျက်လုံးအကြည်နဲ့ပေါင်းပြီးတော့ ကြားထဲမှာ အလည်မှာ ဘာပေါ်သတုံး .... (မြင်စိတ်ပေါ်ပါတယ်ဘုရား)။

မြင်စိတ်ပေါ်တယ်ဆိုတာ ဘုန်းကြီး ခဏခဏပြောတယ်....(မှန်ပါ့) စက္ခုံစ ပဋိစ္စ ရူပေစ ဥပဇ္ဈတိ စက္ခုဝိညာဏံ ဆိုတဲ့ဥစ္စာပေါ်သွားပြီဆိုကြပါစို့....(မှန်ပါ့)။

မြင်စိတ်ကလေး မပေါ်ဘူးလား....(ပေါ်ပါပြီဘုရား) စက္ခုဝိညာဏံဆိုတာ မြင်စိတ်ပါဘဲ။

အဲဒီတော့ တကာတကာမတွေ ဘယ်အခါမြင်မြင် သြော်....ဒီနှစ်ကြောင်းကြောင့် မြင်စိတ်ကလေးပေါ်တာကို မှတ်လိုက်တာပေါ့....(မှန်ပါ့)။

အဲဒီ မြင်တော့ကိုတဲ့- ဒါထားပါဦးကွာတဲ့၊ မြင်ပြီးသကာလ ဘာလုပ်ကြသတုံးဆိုတော့ မြင်ဖြီးသကာလ တွေ့တယ်ကွာ....တဲ့ ဖဿ ဖြစ်ပါတယ်၊မတွေ့ဘူးလား.....(တွေ့ပါတယ်ဘုရား)။

ကျုပ်မျက်လုံးထဲ တွေ့တယ်လို့ မပြောဘူးလား .... (ပြောပါတယ်ဘုရား) ဖဿပစ္စယာ ဝေဒနာလာပါတယ်ကွာတဲ့နော် .... (မှန်ပါ့)။

ဖဿပစ္စယာ....(ဝေဒနာလာပါတယ်ဘုရား)။

ခုနင်က တိတ္ထာ် သင်္ဂီတိဖဿော၊ ဖဿပစ္စယာ.... (ဝေဒနာပါဘုရား)။

ဝေဒနာလာပြီးသကာလ ဝေဒနာတင် ခံစားတာမဟုတ်ဘူး မှတ်သေးတယ်ကွာတဲ့၊ ဒါကလေးဟာ နိလာဘဲ၊ ဒါကလေးဟာ ကောင်းတယ်ဆိုတဲ့- ဒီကျောက်ကလေးဟာ ကောင်းတယ်ဆိုတဲ့ ဝေဒနာက အယင်လာတယ်....(မှန်ပါ့) ပြီးတော့မှ အနိကောင်းကလေးဟေ့၊ အပြာကောင်းကလေးဟေ့ဆိုတဲ့ သညာနောက်က လိုက်လာတယ်....(မှန်ပါ့) မလိုက်လာဘူးလား .... (လိုက်လာပါတယ်ဘုရား)။

အဲဒီလိုက်လာပြီးတော့မှ တကာတကာမတွေက အင်း .... ဘယ်လိုတယ်ရမယ်၊ ချွန်းဘယ်ဘက်ထားရမယ်- ဟုတ်လား၊ အစရှိသည်နဲ့ အမျိုးမျိုးအဖုံဖုံ မကြုံကြဘူးလား .... (ကြုံပါတယ်ဘုရား)။

ဩော်....ဒါမြင့် တကာတကာမတို့ မြင်ပြီးတော့ တွေ့တယ်၊ တွေ့ပြီးတော့ခံစားတယ်၊ ခံစားပြီးသကာလမှတ်တယ်၊ မှတ်ပြီး

သကာလမှ ကြံတာကိုး... (မှန်ပါ့)မလာဘူးလား....(လာပါတယ်ဘုရား)။

ဒါကလေးမှတ်ထားစမ်းပါ တကာတကာမတို့။

အဆင်းနဲ့ မျက်လုံးအကြည်နဲ့ တိုက်ပြီးတော့ ကျောက်ကလေးမြင်စိတ် မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)အဆင်းဟာ ကျောက်ဘဲနော်....။

အဲဒီ အဆင်းပေါ်လာပြီး သူတို့ သုံးခုပေါင်းမိတဲ့ အခါဖယ မလာဘူးလား....(လာပါတယ်ဘုရား)တွေ့ထိတဲ့ဖဿလာပါတယ်၊ ဒါကလေးဖြင့်တွေ့ပြီ ကျောက်ကလေးတွေ့ပြီ ဆိုတာလာပါတယ်....(မှန်ပါ့)။

လာပြီးသကာလ ကောင်းလိုက်တာဟော မကောင်းယင်လဲ မကောင်းဘူးဟော ဆိုတဲ့ ဝေဒနာမလာဘူးလား.... (လာပါတယ်ဘုရား)။

ဝေဒနာလာပြီးသကာလ ဒီဥစ္စာကလေးကိုဖြင့်....တဲ့၊ သညာကလဲမှတ်ပါတာယ်၊ မမှတ်သေးဘူးလား....(မှတ်ပါတယ်ဘုရား)။

ခံစားတဲ့ဝေဒနာကို ဒါ အနိကောင်းကလေးလို့မှတ် အပြာကောင်းကလေးလို့မှတ်တဲ့ သဘော်ာမလာဘူးလား .... (လာပါတယ်ဘုရား)။

ပြီးတော့မှ ဒါကလေး ထောင်ကြည့်ပြီးသကာလ ကြံလုံးလာတယ်ကွာတဲ့....(မှန်ပါ့)မလာလား....(လာပါတယ်ဘုရား)။

ကြံလုံးလာပါတယ်တဲ့၊ ကြံပြီးသကာလ အကြံတည့်တဲ့ အခါကျတော့မှ တဏှာ,မာန,ဒိဋ္ဌိလာတဖ်....(မှန်ပါ့)။

မောင်နိုင်....အကြံတည့်သွားတော့ (တဏှာ,မာန,ဒိဋ္ဌိလာပါတယ်)မကြံဘဲနဲ့ဝယ်တဲ့ပုဂ္ဂိုလ်မျိုး ရှိပါ့မလား....(မရှိပါဘုရား)။

အဲဒါ ကျောက်ကုန်သည် ဟောနေတယ်လို့ မယူနဲ့၊ ဘုရား ဟောစဉ်....(မှန်ပါ့)။

ပဌမရှေ့ဦးစွာ ကျောက်ကလေးနဲ့ မျက်လုံးအကြည်နဲ့တွေ့တဲ့ အခါ ကျောက်ကိုမြင်တဲ့ စိတ်ကလေးပေါ်တယ်၊ မြင်ပြီးတွေ့တယ်၊ တွေ့ပြီးခံစားတယ်၊ ခံစားပြီးတော့မှတ်တယ်၊ မှတ်ပြီး သကာလမှ ကြံလုံးမထုတ်ဘူးလား....(ထုတ်ပါတယ်)။

ကြံလုံးထုတ်ပြီးတော့မှ ဝယ်မယ်- မဝယ်မယ်ဆိုတဲ့- ဝယ်ချင်တဲ့ စိတ် တဏှာယင်လဲလာလိမ့်မယ်၊ ဒါကလေး ငါကြိုက်တယ် ဆို တော့ဒိဋ္ဌိကော....(လာပါတယ်)သဘောကျပလား.... (မှန်ပါ့)။

အဲဒီတော့ ဒီကျောက်မျိုးဟာ ငါဘဲဝယ်နိုင်တယ် ဆိုတဲ့ မာနကကော....(လာပါတယ်ဘုရား)။

ဒါဖြင့် တဏှာ မာန ဒိဋ္ဌိ တခုခုတော့မလိုက်ပေဘူးလား.... (လိုက်ပါတယ်ဘုရား)။

ဒါဖြင့်တဲ့- တဏှာ မာန ဒိဋ္ဌိ လိုက်လာတော့ တဏှာပစ္စယာ ဥပါဒါနံ၊ဥပါဒါနပစ္စယာ ကမ္မဘဝေါ၊ ကမ္မဘဝပစ္စယာဇာတိ၊ ပဋိစ္စသမုပ္ပါဒ် မတန်းသေးဘူးလား....(တန်းပါတယ်ဘုရား)။

အဲဒီတော့ကို ပဌမ တကာတကာမတွေ့ ဒီလိုမှတ်ရမယ်တဲ့၊ ဒီကျအောင်တန်းသွားတော့ ကျုပ်တို့သည် ပစ္စုပ္ပန်ဘဝက အနာဂတ်ဘဝကျအောင်ဘဲ အကျိုးအကြောင်း မဆက်ဘူးလား ....

(ဆက်ပါတယ်ဘုရား) ကောင်းသေးရဲ့လား.... (မကောင်းပါဘုရား)။

မကောင်းတော့ဘူး ပပဉ္စလိုက်လာပြီ....(မှန်ပါ့)ပပဉ္စလိုက်လာတော့ ကောင်းသေးရဲ့လား ...(မကောင်းပါဘုရား)။

ကြုံပြီးတော့ ဘာလိုက်သတုံး မောင်နိုင် .... (ပပဉ္စလိုက်ပါတယ်ဘုရား) တဏှာ မာန ဒိဋ္ဌိဆိုတဲ့ ပပဉ္စမလိုက်ဘူးလား.... (လိုက်ပါတယ်ဘုရား)။

အကြုံသာတည့်သွားလို့ ရှိယင် တဏှာကဝယ်မယ်၊ မလာဘူးလား....(လာပါတယ်ဘုရား)။

ဒိဋ္ဌိကလဲ ဒါကလေးဟာတော့ ငါ့မှာအစပ်ရှိတယ်၊ ငါ့အစပ်နဲ့ အတော်ဘဲဆိုတဲ့ ငါကလေးဟာကလဲ သွင်းလာတယ်.... (မှန်ပါ့) ဒိဋ္ဌိကောမလာဘူးလား....(လာပါတယ်ဘုရား)။

မာနကလဲ ဒီဥစ္စာတော့ ဒီအဘိုးတော့ဖြင့် သူမျှားမမှီအောင်ဘဲ ပေးမှဘဲ ရမှာဘဲဆိုပြီး မာနကလေး နည်းနည်းကလေး ကူပေးလိုက်တယ်....(မှန်ပါ့) တခုခုတော့လာရမယ်ဗျာ၊ မလာပေဘူးလား....(လာပါတယ်)။

ဒါဖြင့် တဏှာ မာန ဒိဋ္ဌိတခုခုမလာဘူးလား....(လာပါတယ်ဘုရား)။

ဒါဖြင့် ကြုံပြီးမှလာတာ၊ ရှင်းကြပလား....(ရှင်းပါပြီ)။

အဲဒီလိုဆိုလို့ ရှိယင် မောင်နိုင်- သံသရာမဆက်သေးဘူးလား ဆက်သလား....(ဆက်ပါတယ်ဘုရား)။

ဆက်သွားပြီဆိုတာ ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

အဲဒီတော့ကွာတဲ့၊ ငါက တဏှာဖြတ်တဲ့ဝါဒဆိုသောကြောင့်တဲ့၊ မင်းတို့ကို ငါ သစ္စာပြောမယ်တဲ့၊ ဟော-အဆင်းရုပ်ကလေး ကျောက်အဆင်း ရုပ်ကလေးဟာလဲ ဒုက္ခသစ္စာဘဲ၊ သဘောကျပလား....(ကျပါပြီဘုရား)။

မြင်စိတ်ကလေးဟာကော ... (ဒုက္ခသစ္စာပါဘဲ) အကြည်ရုပ်ကလေးဟာကော... (ဒုက္ခသစ္စာပါဘဲ)။

အဲဒါ ကြိုက်ရာတခုခုကို တကာတကာမတွေ့ကတဲ့- ပပဉ္စမလာခင် ဖြစ်ပျက်ရှုပါ....(မှန်ပါ!)။

ပပဉ္စမလာခင်....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဒါဖြင့် ဖြစ်ပျက်ရှုလိုက်တော့ကိုတဲ့ ပပဉ္စမသိမ်းဘူးလား....(သိမ်းသွားပါတယ်ဘုရား)။

ပပဉ္စသိမ်းတယ်နော်....(မှန်ပါ!)ပပဉ္စသိမ်းတယ်ဆိုတော့တဏှာသိမ်း, မာနသိမ်း, ဒိဋ္ဌိသိမ်း မကျဘူးလား.... (ကျပါတယ်ဘုရား)။

ဒါဖြင့် သူတို့သုံးခုကမှ သံသရာခဲ့တာကို ကျုပ်တို့က ဒီမြင်စိတ်ကလေးကြိုက်လို့ မြင်စိတ်ဖြစ်ပျက်ရှုလိုက်တယ်၊ အဆင်းကြိုက်လို့ အဆင်းဖြစ်ပျက်ရှုလိုက်တယ်၊ တည့်တာရှုပေါ့ဗျာ.... (မှန်ပါ!)။

အဆင်းရှုလို့ရှိယင် ကာယာနုပဿနာ၊ မြင်စိတ်ရှုလို့ရှိယင် စိတ္တာနုပဿနာ၊ အကြည်ရုပ်ကလေး ရှုလို့ရှိယင်လဲ ကာယာနုပဿနာသတိပဋ္ဌာန် ရုပ်ရှုတာဘဲ....(မှန်ပါ!)ကျေနပ်ပလား.... (ကျေနပ်ပါပြီဘုရား)။

အဲဒါ တခုခုကို တကာတကာမတွေက ဘုန်းကြီးကတော့ ဒီနှစ်မှာ စိတ္တာနုပဿနာကို မှန်မှန်ကြီးပြောနေတဲ့အတွက် စိတ်သာရှု....(မှန်ပါ့)မြင်စိတ် ဖြစ်ပျက်ရှုလိုက်တော့ တဏှာ မာနဒိဋ္ဌိ ဘယ်နှယ်နေသလဲ....(မလာပါဘုရား)မလာတာဇာတ့ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

အဲဒီတော့ တဏှာ မာန ဒိဋ္ဌိ မလာတော့ သြော်... ငါသည် နောက်ဘာမျှား ဘယ်နှယ်ဟာမျှား ဖြစ်ဦးမှာပါလိမ့်မတုံးဆိုတဲ့ ဝိစိကိစ္ဆာလာသေးလား... (မလာပါဘုရား)။

ဟော .... ဝိစိကိစ္ဆာသတ်တယ်၊ ဝိစိကိစ္ဆာမသတ်ဘူးလား.... (သတ်ပါတယ်ဘုရား)။

ပဗဇ္ဇမှ ဓမ္မလာဘဲ ကိုဝရ... ဝိစိကိစ္ဆာ လာသေးရဲ့လား .... (မလာပါဘုရား)။

ငါ့နောက်ဘဝ ဘာမျှား ဖြစ်မှာပါလိမ့်မတုံး....ဒီအိုအို....ဒီမြင်စိတ်ကလေးဟာ ဖြစ်ပျက် ဒုက္ခသစ္စာ၊ နှုတာက မဂ္ဂသစ္စာလို့.... ခင်ဗျားတို့သန္ဓာန် ပေါ်လေသမျှ ဒုက္ခသစ္စာကိုး....(မှန်ပါ့)။

ဖြစ်ပျက်ဟာ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါ) ဒါဖြင့် ကိစ္စညာဏ်နဲ့ ရှုလိုက်....(မှန်ပါ့)။

ကိစ္စညာဏ်နဲ့ ပွားပေးလိုက်၊ မြင်စိတ် ပေါ်တိုင်း, ပေါ်တိုင်း ရှု၊ ကြားစိတ် ပေါ်တိုင်း, ပေါ်တိုင်း(ရှုရပါမယ်)အဲ....တနေ့က သင်တဲ့အတိုင်းပေါ့ဗျာ....(မှန်ပါ့)။

အဲဒါတွေ ရှုပေးလိုက်တော့ ဘာညာဏ်နဲ့ ရှုနေတာတုံး.... မောင်နိုင်....(ကိစ္စညာဏ်နဲ့ ရှုနေတာပါ) ကိစ္စညာဏ်နဲ့ ရှုနေတယ်၊ သဘောပါပလား... (ပါပါပြီဘုရား)။

ကိစ္စဉာဏ်နဲ့ ရှုပြီး နေလိုက်တော့ ခုနင်က ကြုံလုံးတို့ ပပဉ္စ တို့ ဦးဘရှင်း....လာသေးသလား....(မလာပါဘုရား)။

မလာတော့ ငါ့ဝါဒဟာ တဏှာဖြတ်တဲ့ ဝါဒဆိုတာကော သေချာပလား....(သေချာပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီ တဏှာသည် အခု ဖြစ်ပျက် ရှုလိုက်ပါတယ်၊ စိတ်ကလေး ဖြစ်ပျက် ရှုလိုက်တော့ ခုနင်က တဏှာလဲ မလာ၊ မာနလဲ မလာ၊ ဒိဋ္ဌိလဲ မလာဆိုတော့ ကိုဝ.... ဒါ သေချာသွားပြီ....(မှန်ပါ့) ပပဉ္စ မပြတ်ဘူးလား .... (ပြတ်ပါတယ်ဘုရား)။

ပပဉ္စပြတ်တယ်ဆိုယင် ပဋိစ္စသမုပ္ပါဒ်ကော....(ပြတ်ပါတယ်) ဒီ ပပဉ္စက ခဲ့လို့ ပဋိစ္စသမုပ္ပါဒ် ဖြစ်ရတယ်... (မှန်ပါ့)။

သေသေချာချာ မှတ်စမ်းပါ၊ ပဋိစ္စသမုပ္ပါဒ် ရှည်တန်းထွက် တာသည် ဘယ်သူက တန်းအောင် လုပ်တာတုံး....(ပပဉ္စက လုပ် တာပါဘုရား)။

တဏှာ,မာန,ဒိဋ္ဌိ ဤသုံးခုက တန်းအောင်လုပ်တာ၊ နှစ်ဘဝ ဆက်အောင် မောင်နှိုင် .... မလုပ်ဘူးလား.... (လုပ်ပါတယ် ဘုရား)။

ဘဝများစွာဆက်အောင် ဘယ်သူက လုပ်ပါလိမ့်....(တဏှာ မာန ဒိဋ္ဌိက လုပ်ပါတယ်ဘုရား)။

အေး....ပပဉ္စက လုပ်တယ်၊ချုံးခေါတော့ ပပဉ္စ၊ ရှင်းပလား (မှန်ပါ့) အခု လာသေးရဲ့လား....(မလာပါဘုရား)။

မလာတော့ကိုတဲ့ တကာတကာမတွေ ဒီတက္ကာ, ဒီမာန,ဒီဒိဋ္ဌိ ဟာတဲ့ ဘယ်နားမှာ သေပါလိမ့်မတုံးလို့ မေးဘို့ မလိုဘူးလား (လို့ပါတယ်ဘုရား)။

ဟော....တကာတကာမတို့ ကျုပ်တို့က ကိစ္စဥာဏ်နဲ့ ဖြစ်ပျက်ဆိုတဲ့ မြင်စိတ်ကလေးကို ဖြစ်ပျက်ရှုလိုက်တော့ အဲဒီ နေရာနားမှာ မင်က သတ်ပစ်လိုက်တယ်....(မှန်ပါ့)။

မြင်စိတ်တည်းဟူသော ချည်တိုင်နားမှာ မင်က ဒီ တက္ကာ, မာန, ဒိဋ္ဌိသတ်ပစ်လိုက်တယ်....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရားဘုရား)။

မြင်စိတ်တည်းဟူသော ချည်တိုင်နားမှာ....(မင်က သတ်ပစ်လိုက်ပါတယ်) မင်က သတ်လိုက်တယ်၊ ဘယ်သူ့ သတ်လိုက်ပါလိမ့်....(တက္ကာ, မာန,ဒိဋ္ဌိသတ်လိုက်ပါဘယ်ဘုရား)။

အဲ....ဒါကြောင့် တကာတကာမတွေ့ ခင်ဗျားတို့ စိတ်ခြေရင်းမှာ တက္ကာ, မာန, ဒိဋ္ဌိ သေရတာယ်....(မှန်ပါ့)ဘယ်သူက သေအောင် လုပ်ပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့မှ တကာတကာမတွေ မှတ်ထားလိုက်စမ်းပါတဲ့....ဘယ်သူက သေအောင် လုပ်သတုံးဆိုတော့ ကိစ္စဥာဏ်က သတ်ပစ်လိုက်တယ်....(မှန်ပါ့ဘုရား)။

ဖြစ်ပျက်ကို သိတဲ့ ကိစ္စဥာဏ်က ဘာတုံး....(သတ်ပစ်လိုက်ပါတယ်ဘုရား)။

အဲ .. ဖြစ်ပျက်ကို သိတဲ့ ကိစ္စဥာဏ်က သတ်လိုက်တယ်၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ကြားစိတ်ကလေး လာလဲ ခုနင်က ပပဉ္စ မလာရ အောင် ကြားစိတ်ကလေး ဘာလုပ်ရမလဲ့... (ဖြစ်ပျက်ရှုရပါမယ် ဘုရား)။

ဖြစ်ပျက်ရှုတော့ ဘာဉာဏ်ရသလဲ.... (ကိစ္စဉာဏ်ရပါတယ်) ကိစ္စဉာဏ်ရတယ်နော်....(မှန်ပါ့)။

ကိစ္စဉာဏ် ရတယ်တဲ့၊ ကိစ္စဉာဏ်ဆိုတာ ဩဿ်....ဘာဉာဏ် ပါ့လိမ့်မတုံး ဆိုလို့ရှိယင်ဖြင့် ပိဋ္ဌနဌော, သခ်ၤတဌော, သန္တီဘ ပဌော ဝိပရိဏာမဌော....၊ ဝိပရိဏာမဌောဆိုတာ ဩဿ်.... ဖေါက်ပြန်ပျက်စီးသွားတာဘဲကိုး....လို့ မသိလို့ကဘူးလား .... (သိလို့ပါတယ်ဘုရား)။

မြင်စိတ်ကလေးဟာလေ....(မှန်ပါ့) ကြားစိတ်ကလေးဟာ-(ဒီအတိုင်း ပျက်စီးပါတယ်) ဒီအတိုင်းဘဲ ဖေါက်ပြန်ပျက်စီး ဘာဘဲ....(မှန်ပါ့) ဒါ ကိစ္စဉာဏ်ဘဲ....(မှန်ပါ့)။

မဖေါက်ပြန်ဘဲနဲ့ ပျက်စီးတာ ဟုတ်ကဲ့လား....(မဟုတ်ပါ ဘုရား) ဖြစ်လဲ ဖြစ်တယ်၊ ဖြစ်ပြီးလဲ ချုပ်သွားတယ်....(မှန်ပါ့) မချုပ်ဘူးလား....(ချုပ်သွားပါတယ်ဘုရား)။

အဲဒီတော့ ဖေါက်ပြန်ပျက်စီးတဲ့ ဒါကလေး သိလို့က်တဲ့ အတွက် ကိုဝ.... ဘယ်ဉာဏ်ရသတုံး .... (ကိစ္စဉာဏ် ရပါတယ် ဘုရား)။

ကြည့်... ဟို... ပါဋ္ဌိတော် သွားကြည့်လိုက်၊ ပိဋ္ဌနဌော, သခ်ၤတ ဌော, သန္တီဘပဌော, ဝိပရိဏာမဌော....ကိစ္စမှာ လာတယ်(မှန်ပါ့) မလာဘူးလား....(လာပါတယ် ဘုရား) ဝိပရိဏာမ ဖေါက်ပြန် မသွားသေးဘူးလား....(ဖေါက်ပြန်ပါတယ်ဘုရား)။

ဒါဖြင့် ဖေါက်ပြန်သွားတာကို ဉာဏ်က မသိလိုက်ဘူးလား (သိလိုက်ပါတယ်ဘုရား)။

အင်း....ခုနင်က အရှင်ကလေး၊ အခု အသေဖြစ်ပြီး မရှိဘူး--(မှန်ပါ့)ကိုဝ....ကျေနပ်ပြီ....(ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် ဒါ ဘာဉာဏ်နဲ့. ကြည့်လိုက်တာပါလိမ့် .... (ကိုစ္စဉာဏ်နဲ့. ကြည့်လိုက်တာပါဘုရား)။

ဒါဖြင့် ကိစ္စဉာဏ်နဲ့.ခင်ဗျားတို့ စိတ်တွေ့ လာတိုင်း,လာတိုင်း မြင်စိတ်လာလာ... ကြားစိတ်လာလာ....ဝမ်းထဲ လောဘစိတ် လာလာ....ဒေါသစိတ် လာလာ....မောဟစိတ် လာလာ မောင်နိုင်က ကိစ္စဉာဏ်နဲ့ ရှု... (မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ဩော်....ဖေါက်ပြန်တာက ဘာသစ္စာ (ဒုက္ခသစ္စာပါဘုရား) အဲ....ဖေါက်ပြန်တာ သိတာက ဘာပါလိမ့် .... (ကိစ္စဉာဏ်ပါဘုရား) ကိစ္စဉာဏ်ဆိုတဲ့ မဂ္ဂသစ္စာ....(မှန်ပါ) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ကိစ္စ ဉာဏ်ဆိုတဲ့.... (မဂ္ဂသစ္စာပါဘုရား) မဂ္ဂသစ္စာဆိုတော့ တကာတကာမတွေ့ပပဉ္စသေ....မသေ(သေပါတယ်ဘုရား)ဒါဖြင့် ပပဉ္စသေတာသည် တကာတကာမတို့ ပပဉ္စဆိုတာကသူ့နာမည်ရင်းက ပပဉ္စလို့ပြောတာဟာ ကိုဝ....ခဲ့လို့ပြောတာ....(မှန်ပါ့)

ဘာတွေ့ခဲ့သတုံးလို့ မေးတဲ့အခါ တဏှာလာယင်လဲ ဥပါဒါန်ကံ ဇာတိ ဇရာ မရဏ ခဲ့မှာဘဲ.... (မှန်ပါ့) မာန လာယင်လဲ မာန ကာမုပါဒါန်နဲ့ တခါတည်း ကံနဲ့ မလာပေဘူးလား....

(လာပါတယ်ဘုရား) ဇာတိ ဇရာမရဏကျအောင် မခဲ့ပေဘူးလား.... (ခဲ့ပါတယ်ဘုရား)။

ဒီဌိကလဲ ဒီဌိ ဒီဌိပါဒါနဲ့ ဒီဌိ အုပ်ချုပ်တဲ့ ကံနဲ့ စ,ပြီး သကာလ ကမ္မဘဝပစ္စယာ ဇာတိ ဇရာ မရဏမချုပေဘူးလား (ခဲ့ပါတယ်ဘုရား)။

အင်း... ဒါဟာ သူတို့ပဟ္ဆဟာ ပဋိစ္စသမုပ္ပါဒ်သုံးမျိုး မထုတ်ဘူးလား... (ထုတ်ပါတယ်ဘုရား)။

အဲဒီ ပဋိစ္စသမုပ္ပါဒ် သုံးမျိုးကို မဂ္ဂသစ္စာက မောင်နှိုင်.... ဖြတ်....မဖြတ်....(ဖြတ်ပါတယ်ဘုရား)။

ဒါဖြင့် ငါသည် တဏှာဖြတ်တဲ့ဝါဒဆိုတာ မမှန်သေးဘူးလား....(မှန်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတွေ ဒီလိုဖြတ်တဲ့ဝါဒကိုခင်ဗျားတို့က လိုက်မယ်ဆိုတော့ ပပဉ္စသေ.... မသေ.... (သေပါတယ်ဘုရား)။

ဒါဖြင့် ပပဉ္စသေတယ်ဆိုတာသည် ပဋိစ္စသမုပ္ပါဒ် ပြတ်တာ (မှန်ပါ့)။

တကာတကာမတို့ ပပဉ္စသေတာ ဘာခေါ်မယ်.... (ပဋိစ္စသမုပ္ပါဒ် ပြတ်တာပါဘုရား)။

ပဋိစ္စသမုပ္ပါဒ် ပြတ်တာဘဲဆိုတော့ ဘယ်သူ့ ပဋိစ္စသမုပ္ပါဒ် ပြတ်တာပါလိမ့်.... (ကိုယ် ပဋိစ္စသမုပ္ပါဒ် ပြတ်တာပါဘုရား) ကိစ္စဉာဏ်ရတဲ့ ပုဂ္ဂိုလ်၏ ပဋိစ္စသမုပ္ပါဒ်ပြတ်တယ်....(မှန်ပါ့)ရှင်းပလား... (ရှင်းပါဘုရား)။

ဘယ်ပုဂ္ဂိုလ်မှာ ပြတ်ပါလိမ့်.... (ကိစ္စဉာဏ်ရတဲ့ပုဂ္ဂိုလ်မှာပြတ်ပါတယ်ဘုရား)။

ခုနင်က ဖြစ်ပျက်ကို ဝိပဿနာမကိစ္စကို သိလိုက်တာကိုး.... (မှန်ပါ)။

ဩော်....ကိုယ့်ခန္ဓာထဲ ဘယ်စိတ်တွေဖြစ်ဖြစ် ဖေါက်ပြန်တဲ့ က်စ္စဝဲရှိသကိုးဆိုတာဉာဏ်ကလေးနဲ့ မသိဘူးလား....(သိပါတယ်ဘုရား) အဲဒီတော့ ဒီဉာဏ် ဘာဉာဏ်ခေါ်ကြမယ်.... (ကိစ္စဉာဏ်ပါဘုရား)။

အဲဒီ ကိစ္စဉာဏ်နဲ့ တကာတကာမတွေက ဘယ်စိတ်ပေါ်လာလာ ဖေါက်ပြန်ပျက်စီးပြန်ပြီ၊ ဘယ်စိတ်ပေါ်လာလာဖေါက်ပြန်ပျက်စီး ပြန်ပြီလို့ သိတဲ့ဉာဏ် ဘာဉာဏ်တုံး.... (ကိစ္စဉာဏ်ပါဘုရား)။

ရှေ့က ဖေဖက်ပြန်ပျက်စီးတာက ဒုက္ခသစ္စာ၊ သိတဲ့ဉာဏ်က (မဂ္ဂသစ္စာပါဘုရား) မဂ္ဂသစ္စာ ကိစ္စဉာဏ်၊ သာဓောပါပလား.... (ပါပါပြီ)။

အဲဒီလိုချည့် တကာ တကာမတွေက ရှုလိုက်တဲ့အခါကျလို့ ရှိယင်ဖြင့် ပပဉ္စတွေ့ မချုပ်ဘူးလား...(ချုပ်ပါတယ်ဘုရား)။

ဒါဖြင့် ပပဉ္စဆိုတာ ဘာပါလိမ့်မတုံး မေးတဲ့အခါကျတော့ သံသရာကို အိုဘေး, နာဘေး, သေဘေးတွေ့ ပုံဘေးအောင်အပါယ်ဘေးတွေကို မရောက်-ရောက်အောင် ပို့တဲ့တရားလို့ ဆိုလို့ရှိယင် လဲပါ့မလား... (မလဲပါဘုရား) ဒါဖြင့် ပပဉ္စချုပ်-မချုပ် (ချုပ်ပါတယ်ဘုရား)။

ဒါဖြင့် ဘုရားကဟောပြန်တယ်ကိုဝ.... သေသေချာချာမှတ်စမ်း....(မှန်ပါ့) ငါတို့ရားသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ပပဉ္စနိရောဓေါ နိဗ္ဗာနံလို့ ငါဟောတယ်ကွာ... တဲ့....(မှန်ပါ့)။

မောင်နိုင်.... ဘာတဲ့.... (ပပဉ္စနိရောဓေါ နိဗ္ဗာနံပါဘုရား) နောက်က တကာတကာမတွေဘာတဲ့....(ပပဉ္စ နိရောဓေါ နိဗ္ဗာနံပါဘုရား)။

ငါဟာ နိပ္ပပဉ္စကွ....တဲ့၊ နိပ္ပပဉ္စဆိုတာ ငါဟာတဲ့.... ဒီသုံးခု ချုပ်သွားလို့ရှိယင် အဲဒီ့ချုပ်တဲ့နေရာ နိဗ္ဗာန်လို့ ငါဟောတယ် (မှန်ပါ့)။

တကာတကာမတို့ ခုနင်က ပပဉ္စမလာတော့ နိပ္ပပဉ္စဖြစ်တာပေါ့....(မှန်ပါ့) နိပ္ပပဉ္စဆိုတဲ့ဥစ္စာ ငါ....စာလို့ သုံးတာပါကွာတဲ့ နိဗ္ဗာန်ကို ဆိုတာပါ....(မှန်ပါ့)။

ကိုပေါ်....ဘာတဲ့.... (နိဗ္ဗာန်ကို ဆိုတာပါ) နိပ္ပပဉ္စဆိုတော့ ပပဉ္စရှိနေယင် ပပဉ္စ....(မှန်ပါ့) ပဟ္စမရှိလို့ရှိယင် နိပ္ပပဉ္စ(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

နိပ္ပပဉ္စဆိုတာ ဘာပါလိမ့်.... (နိဗ္ဗာန်ပါဘုရား) နိဗ္ဗာန်ဘဲတဲ့၊ ပပဉ္စမရှိတာကို ဆိုတယ်....(မှန်ပါ့)။

ပပဉ္စမရှိတာကို တကာတကာမတွေက ဘာခေါ်ကြမယ်.... (နိဗ္ဗာန်လို့ ခေါ်ပါတယ်ဘုရား)။

ဒါဖြင့် ဒီနိဗ္ဗာန်ကို တကာတကာမတွေသည် ဆုတောင်းလို့ရတာလား....ကိစ္စဉာဏ်ကြောင့် ရတာလား....(ကိစ္စဉာဏ်ကြောင့် ရတာပါဘုရား) ကဲ....ပပဉ္စချုပ်တာ တကာတကာမတွေ ပေါ်

ကြပလား....(ပေါ်ပါပြီဘုရား) ဘယ်သူ့ကြောင့်ရပါလိမ့် (ကိုစွဉာဏ်ကြောင့် ရပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ စိတ်တွေလာတိုင်း လာတိုင်း ဘယ်စိတ်လာလာ ခင်ဗျားတို့ စိတ္တာနုပဿနာ ရှုပေးလိုက်တာပေါ့.... (မှန်ပါ့)။

ရှုတော့ အရှုခံရတာက ဒုက္ခသစ္စာ မောင်နိုင်.... (မှန်ပါ့) ရှုတဲ့ဉာဏ်က ကိုစွဉာဏ် မဂ္ဂသစ္စာ....(မှန်ပါ့)မဖြစ်သေးဘူးလား (ဖြစ်ပါပြီ) သေတာက နိပ္ပဟ္ဠ၊ ပပဉ္စမလာတော့ဘူး....(မှန်ပါ့)။

ဒါဖြင့် ပပဉ္စနိရောဓေါ နိဗ္ဗာနံ....လို့ ဆိုချင်လဲဆို၊ နိပ္ပပဉ္စော နိဗ္ဗာနံလို့လဲ ဆိုချင်ဆိုပါတဲ့၊ သဘောကျပလား.... (ကျပါပြီဘုရား)။

နိပ္ပပဉ္စဆိုတဲ့ ပပဉ္စ မလာသောကြောင့်လဲ ဘာခေါ်ကြမလဲ (နိဗ္ဗာန်ပါဘုရား)။

ဒါဖြင့် နိဗ္ဗာန်သည် ကိုပေါ်တို့ ကိုဝတို့က စဉ်းစား....တဲ့ နိဗ္ဗာန်သည်ကားလို့ ဆိုယင် တကာတကာမတို့ သြော်....အလုပ်လုပ်တဲ့ပုဂ္ဂိုလ်၏ ပစ္စည်းတခုပါကလား....(မှန်ပါ့)။

ဘယ်လို ဆိုကြမယ်....(အလုပ်လုပ်တဲ့ပုဂ္ဂိုလ်၏ ပစ္စည်းတခုပါ့ ဘုရား)။

အလုပ်လုပ်တဲ့ ပုဂ္ဂိုလ်၏ ပစ္စည်းတခု၊ ပါးစပ်နဲ့ လိုချင်တဲ့ ပုဂ္ဂိုလ်၏ ပစ္စည်းတခု မဟုတ်ဘူး....(မှန်ပါ့)သဘောကျပလား.... (ကျပါပြီဘုရား)။

ဘယ်သူမှ ပေးလို့ ရတဲ့ ပစ္စည်းတခုလဲ....(မဟုတ်ပါဘူးရှင်း) သူများ ပေးလို့ ရတဲ့ ပစ္စည်းလဲ မဟုတ်ပါဘူး.... (မဟုတ်ပါဘူးရှင်း)သဘောပါပလား....(ပါပါပြီဘုရား)။

ကိုင်း....ဒါဖြင့် တရားနာလို့ ရတဲ့ ပစ္စည်းကော.... (မဟုတ်ပါဘူးရှင်း) အလုပ်လုပ်လို့ ရတယ်....(မှန်ပါ့)သဘောကျပလား-(ကျပါတယ်ဘုရား)။

ဘုရားပေးလို့ ရတဲ့ ပစ္စည်းကော.... (မဟုတ်ပါဘုရား) မဟုတ်ပါဘူးတဲ့၊ ဘုရားက နည်းပေးတာဘဲ ရှိတယ်၊သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် အမျှပေးလို့ ရတဲ့ ပစ္စည်းကော....(မဟုတ်ပါဘုရား)။

ခင်ဗျားတို့....အမျှဗျို့.... အမျှဆိုတော့ တဝက်ပေးတာတွေ့ ဒါန, သီလတွေ့ကျတော့ ရပါတယ်....(မှန်ပါ့)။

တကာကြီးလှိုင်....ရတယ်နော်....(ရပါတယ်) ဒီဟာကျတော့ ဘယ်နှယ်တုံး.... (မရပါ) ပပဉ္စချုပ်အောင်ဆိုတော့ ကိုယ့်ကိစ္စ ဉာဏ်နဲ့ ကိုယ်လုပ်ရလိမ့်မယ်....(မှန်ပါ့)။

တကာတကာမတို့ ဘယ်လိုလုပ်ရမှာတုံး.... (ကိုယ့်ကိစ္စဉာဏ်နဲ့ ကိုယ်လုပ်ရပါမယ်)ကိုယ့်ကိစ္စဉာဏ်နဲ့ ကိုယ်လုပ်တော့ ခုနင်က ပပဉ္စတွေ့ ဘယ်နှယ်နေသတုံး... (ချုပ်ပါတယ်ဘုရား)။

ဒါဖြင့် ပပဉ္စနိရောဓောကို ဘယ်နှယ်ဆိုမလဲ....(နိဗ္ဗာနံပါ) နိပ္ပပဉ္စောတိ နိဗ္ဗာနံ....(မှန်ပါ့)။

ဒါဖြင့် နိဗ္ဗာန်ဟာ အင်း....ဘာပါလိမ့်မတုံး မေးတဲ့အခါ ပပဉ္စ....မလာတာနိဗ္ဗာန်ဘဲ့....(မှန်ပါ့) တကာကြီးလို့င်....ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် အနီးလား....အဝေးလားတဲ့၊ ရှုတဲ့ နောက်မှာ သူ့ချုပ်တာဘဲ့....(မှန်ပါ့)ရှုတဲ့ ကိုစ္စဉာဏ်လဲ လာရော သူလဲ့ မချုပ်ဘူးလား....(ချုပ်ပါတယ်ဘုရား)။

နောက်ကျတော့ ခင်ဗျားတို့ ရှုတဲ့ ဝိပရိဏာမ ကိစ္စတွေကို ရှုလို့ မရတော့ဘူး၊ ဝိပရိဏာမ ကိစ္စတွေကို မောင်နှိုင်.... မမြင်တော့ဘူးဆိုယင် ကတဉာဏ် သုံးဖြစ်တယ်....(မှန်ပါ့)။

ဝိပရိဏာမ ကိစ္စတွေကို မမြင်တော့ဘူးတဲ့ တကာတို့၊ရှေ့မှာ ဖြစ်ပျက်, ဖြစ်ပျက်ဆိုတာတွေ့ မမြင်တော့ဘူး၊ ဘယ်စိတ်မှလဲ့ မလာတော့ဘူး၊ဖြစ်ပျက်တွေ့လဲ့ မတွေ့တော့ဘူးဆိုတော့ ဒါသည် နိဗ္ဗာန်ပေါ်မလာဘူးလား....(ပေါ်လာပါတယ်ဘုရား)။

ဒါဖြင့် နိဗ္ဗာန် ပေါ်လာတဲ့ အခါကျတော့ နိဗ္ဗာန်မြင်တဲ့ ဉာဏ် ဘာဉာဏ် ခေါ်ကြမယ်....(ကတဉာဏ်ပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ခန္ဓာငါးပါး အပေါင်းသိတဲ့ ဉာဏ်က....(သစ္စဉာဏ်ပါဘုရား)။

ဖြစ်ပျက်ကလေးတွေ့ သိတဲ့ ဉာဏ်က.... (ကိစ္စဉာဏ်ပါ) ကိစ္စဉာဏ်....။

ဖြစ်ပျက်တွေ့ ဆုံးအောင်ဘဲ့ တကာတကာမတွေ့ လိုက်ပြီး ရှုလိုက်တဲ့အခါကျတော့ ဟို....ပပဉ္စကလဲ့ ချုပ်၊ ရှေ့ကလဲ့ ဒုက္ခ

မရှိတာ မသိရဘူးလား....(သိရပါတယ်)ဒါကို ဘာညာဏ်ခေါ်ကြမယ်....(ကတညာဏ်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဒီညာဏ်သုံးညာဏ်နဲ့ တက်လဲ ဝိပဿနာမှာ ရပါတယ်....(မှန်ပါ့)။

ဘယ်သူ တက်သတုံးလို့ မေးတဲ့အခါကျတော့ ပဋ္ဌဝဂို့ ငါးဦးနဲ့ ဗြဟ္မာပေါင်း ရှစ်သောင်း,လေးထောင် ဒီညာဏ်သုံးညာဏ်နဲ့ တက်တယ်....(မှန်ပါ့) မောင်နှိုင်....ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ပဋ္ဌဝဂို့ငါးဦးထဲ တပါးဘဲ ဒီဥစ္စာ အယင်ဆုံးတက်တယ်နော်... (မှန်ပါ့) ဗြဟ္မာက ရှစ်သောင်း,လေးထောင် ဒီညာဏ်သုံးခုနဲ့ တက်တယ်... (မှန်ပါ့)သဘောပါကြပလား....(ပါပါပြီဘုရား)။

ပဌမ သစ္စာဏ်ကို သူ သိလိုက်တယ်....(မှန်ပါ့)နောက်ကိစ္စညာဏ်နဲ့ ပွားလိုက်တယ်၊ ပွားတာမှ ကိုဝ....သိပ်ကြာတာ မဟုတ်ဘူးနော်....တရားနာရင်း ပွားသွားတာ....(မှန်ပါ့)။

ဟကာတကာမတို့ ဘယ်လိုပွားတာတုံး....(တရားနာရင်း ပွားတာပါဘုရား)။

ကဲ....ယနေ့ ဒီစာတွင် တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု

ကျေးငှးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်မြို့ မဂ်လာတိုက်

ဆရာတော် ဘုရားကြီး ဟောကြား ဆုံးမတော်မူသော

(ပုဂ္ဂိုလ်လေးမျိုးဖြင့် ဝေဘန် ဟောကြားခြင်း)

ညအလုပ်ပေးတရားတော်

(၂၇-၆-၆၁)

တကာတကာမတို့ ကိုယ့်ကိုယ်ပါးဘို့ အရေးကြီးတယ်ဆိုတာ မှတ်ရမယ်နော်....(မှန်ပါ့)။

ကိုယ့်ကိုယ်အတွက် ကိုယ်ပါးဘို့ အရေးကြီးတယ်....လို့... ကိုပေါ်....ဘယ်သူ့အတွက် ပါးဘို့လဲ....(ကိုယ့်ကိုယ်အတွက် ပါးဘို့ပါဘုရား)။

ကိုယ့်ကိုယ်အတွက် ပါးဘို့ အရေးကြီးတယ်ဆိုတာ တကာတကာမတွေ့ မှတ်ထားပါ....၊တကာကြီးလို့ (မှတ်ထားပါတယ် ဘုရား)။

သားတွေ့,သမီးတွေ့,ဆွေတွေ့,မျိုးတွေ့ ကျေးဘို့ လူပုံအလည် မှာ လည်လည်ပတ်ပတ်နဲ့ ရောင်းဝယ် ဖေါက်ကားပြီးသကာလ ပါးတာက သူများအတွက် ပါးတာနော်....(မှန်ပါ့) ကိုယ့်ကိုယ် အတွက် ပါးဘို့က ပိုမို အရေးမကြီးဘူးလား....(ကြီးပါတယ် ဘုရား)။

ကိုယ့်ကိုယ်အတွက် ပါးဘိုကမ္ပ၊ ကိုယ့်ကိုလေသာ ပါးအောင်ဆိုတဲ့ အရေးကမ္ပ ကိုယ့်ထွက်ရပ်လမ်း ချမ်းသာအရေးကိုပဲ့.... (မှန်ပါ့)။

လူပုံအလည်မှာ သားတွေ, သမီးတွေ ကျွဲဘို့, မွေးဘို့ အရောင်းအဝယ် လည်လည်ပတ်ပတ်နဲ့ ပါးနပ်ပြီးသကာလ နေတဲ့ သဘောက ဒါအပါးစစ်လားလို့ မေးတဲ့အခါကျလို့ ရှိယင် ဖြင့် ထူတာပါဘဲလို့ တကာကြီးလိုင်....အပြစ်တင်လိုက်-(မှန်ပါ့ဘုရား)။

ပါးတာလား... ထူတာလား....(ထူတာပါဘုရား)။

သို့သော်လဲ ခင်ဗျားတို့ လောကမျက်လုံးနဲ့ ကြည့်လိုက်တဲ့ အခါကျတော့ ပါးနပ်လို့ တော်ပါပေတယ်၊ ဒီသား, ဒီသမီးတွေ ဝအောင်, လှအောင် ကျွေးနိုင်, မွေးနိုင်ပါပေတယ်လို့ ကိုပေါ်တို့က မြောက်ချင်လဲ မြောက်တာ....(မှန်ပါ့)။

အရေးကြီးတာက ကိုယ့်ကိုယ် ကိုယ်ပါးဘို့ အရေးကြီးပါတယ်၊ သားတွေ, သမီးတွေ, ဆွေတွေ, မျိုးတွေအတွက် ပါးဘို့နပ်ဘို့ကို ဒါလောက် အရေးမကြီးပါဘူး....(မှန်ပါ့)ဒီဟာတွေက ထူတဲ့ သဘောဘဲ သက်ရောက်ပါတယ်လို့ တကာကြီးလိုင်.... ပြောလိုက်ပါတယ်....(မှန်ပါ့)။

ကိုယ့်ကိုယ်အတွက် ကိလေသာ ပါးဘို့က....(အရေးကြီးပါတယ်ဘုရား) အရေးကြီးတယ်လို့ ဆိုတာ မှတ်ပါနော်....(မှန်ပါ့ဘုရား)။

ကောင်းပြီ-ဒါဖြင့် ဒါ ဘုန်းကြီးက ဟောတယ်လို့ တကာ တကာမတွေက မယူပါနဲ့ နော်-(မှန်ပါ့) သာဝတ္ထိပြည် ဇေတဝန် ကျောင်း တော်မှာ အရှင်သာရိပုတ္တရာကြီး သိ တင်း သုံး ပြီး နေတော့ ရဟန်းတွေကလဲ အရှင်သာရိပုတ္တရာ၏တရား နာချင်ကြ တယ်၊ အရှင်မောဂ္ဂလ္လာန်ကြီး ကလဲ နာချင်တယ်။

ဒီကဲ့သို့ နာချင်ကြတာနဲ့ အရှင်သာရိပုတ္တရာကြီးက ကိုပေါ် တရားဟောတယ်နော်....(မှန်ပါ့) ကဲ....တဲ့ လောကကြီးထဲမှာ လူလေးယောက် ရှိတယ်ဟေ့....လို့ စ,လိုက်တယ်နော်....(မှန်ပါ့ ဘုရား)။

လောကကြီးထဲမှာ လူလေးယောက် ရှိတယ်လို့ ကိုမြင့်.... စ,လိုက်တယ်... (မှန်ပါ့) လေးယောက် ဘယ်သူ,ဘယ်သူတုံးလို့ မေးတဲ့အခါကျတော့ ကိုလေသာ ရှိလျက်သားနဲ့ ကိုလေသာ အညစ်အကြေး ရှိမှန်းမသိတဲ့ ပုဂ္ဂိုလ် တယောက်ဟေ့....(မှန်ပါ့ ဘုရား)။

ဘာတဲ့တုံး တကာတကာမတို့....(ကိုလေသာ အညစ်အကြေး ရှိလျက်သားနဲ့ ရှိမှန်းမသိတဲ့ ပုဂ္ဂိုလ်တယောက်ပါဘုရား)။

တကာကြီးလို့င် မှတ်ထားနော်....(မှန်ပါ့)အရှင်သာရိပုတ္တရာ ကြီးက ဟောနေတယ်၊ တကာတကာမတို့ အရှင်သာရိပုတ္တရာ ဟောနေတာ နားထောင်ပါ....(မှန်ပါ့) ကိုလေသာ အညစ် အကြေး ရှိလျက်သားနဲ့ ရှိတယ်လို့ မသိတဲ့ ပုဂ္ဂိုလ်တယောက် က....တဲ့....(မှန်ပါ့)။

ဦးဘကလေး မှတ်မိပြီ....(မှတ်မိပါပြီဘုရား)ဒါက ၁-နံပါတ် ပုဂ္ဂိုလ်....။

၂-နံပါတ်ပုဂ္ဂိုလ်က ကိလေသာ အညစ်အကြေး ရှိလဲ ရှိပါတယ်၊ ရှိတယ်လို့လဲ သူက သိတယ်၊ခုနင်က ပုဂ္ဂိုလ်နဲ့ သိမှုမသိမှု ကွာသွားတယ်....(ကွာသွားပါတယ်ဘုရား)။

ဒုတိယပုဂ္ဂိုလ်က ကိလေသာ အညစ်အကြေးရှိတာကို ရှိတယ်လို့ သူ သိပါတယ်....(သိပါတယ်ဘုရား)။

သူ သိတယ် ဒုတိယ ပုဂ္ဂိုလ်က....(မှန်ပါ့) ဘယ်နှစ်ယောက် ရှိသွားပြီလဲ....(နှစ်ယောက်ပါဘုရား)။

မှတ်မိပြီနော်....(မှန်ပါ့) နောက်က တကာတကာမတွေ့.... ပဌမ ပုဂ္ဂိုလ်က ကိလေသာ အညစ်အကြေးရှိတာကို ရှိတယ်လို့ မသိတဲ့ ပုဂ္ဂိုလ်တယောက်....(မှန်ပါ့ဘုရား)နောက်ပုဂ္ဂိုလ်က ကိလေသာ အညစ်အကြေးတွေ ရှိနေတာကို ရှိတယ်လို့ သူ့ဟာသူ သိတဲ့ ပုဂ္ဂိုလ်က တယောက်....(မှန်ပါ့)တကာကြီးလို့ဆိုင် ဘယ်နှစ်ယောက် ရှိသွားပတုံး....(နှစ်ယောက်ပါဘုရား) လေးယောက်စေ့အောင် ပြောရမယ်။

နောက် တတိယ ပုဂ္ဂိုလ်ကတော့ ကိလေသာ မြူမွှေး အညစ်အကြေး သူ့မှာမရှိပါဘူးတဲ့နော်....(မှန်ပါ့)မရှိပါဘူး၊အဲဒီတော့ မရှိတာကို သူကလဲ မရှိဘူးလို့ မသိဘဲ ဖြစ်နေတယ်....(မှန်ပါ့) ဒါက ဘယ်ပုဂ္ဂိုလ်ပါလိမ့်....(တတိယပုဂ္ဂိုလ်ပါဘုရား)။

ကိလေသာ အညစ်အကြေး မရှိတဲ့ ပုဂ္ဂိုလ်က သူ့ဟာသူ မရှိဘူးလို့ ဟုတ်တိုင်းမှန်စွာ မသိဘဲ ဖြစ်နေတယ်....(မှန်ပါ့)။

ဦးဘကလေး ဒီ ပုဂ္ဂိုလ်ဟာ ဘာပါလိမ့်....(တတိယ ပုဂ္ဂိုလ်ပါဘုရား) တတိယပုဂ္ဂိုလ်နော်....(မှန်ပါ့)။

တကာတကာမတွေ့ သေသေချာချာ မှတ်ပါ။ စတုတ္ထပုဂ္ဂိုလ်ကတော့ ကိလေသာ အညစ်အကြေးမရှိတာကို မရှိဘူးလို့ သိတယ်....(မှန်ပါ့)။

ဘယ်နှစ်ယောက်ရှိသွားပလဲ....(လေးယောက်ရှိသွားပါပြီ) လေးယောက်ရှိသွားပြီ တကာတကာမတို့....။

လေးယောက်ရှိသွားပါပြီ သေသေချာချာ မှတ်ပါ(မှန်ပါ့) ပဌမပုဂ္ဂိုလ် ပြန်ပြောပါဦးမယ် တကာကြီးလို့ငြင်....(မှန်ပါ့)။

(၁) ပဌမ ပုဂ္ဂိုလ်က ကိလေသာ အညစ်အကြေး ရှိတာကို ရှိတယ်လို့ မသိဘူး သူက....(မှန်ပါ့)။

(၂) ဒုတိယ ပုဂ္ဂိုလ်က ကိလေသာ အညစ်အကြေး ရှိတာကို ရှိတယ်လို့ သူ သိတယ်...(မှန်ပါ့)။

(၃) တတိယ ပုဂ္ဂိုလ်က ကိလေသာအညစ်အကြေး သူ့မှာ မရှိတာကိုတဲ့ မရှိဘူးလို့ သူ မသိဘဲ ဖြစ်နေတယ်....(မှန်ပါ့)

(၄) စတုတ္ထပုဂ္ဂိုလ်ကတော့ ကိလေသာ မြူမှုန်မရှိတာကို မရှိဘူးလို့ သိတယ်....(မှန်ပါ့)သဘောပါပလား....(ပါပါပြီ) ဘယ်နှစ်ယောက်ပါလိမ့်....(လေးယောက်ပါဘုရား)။

အဲဒါအရှင်သာရိပုတ္တရာကြီးကဟောတော့အရှင်မောဂ္ဂလ္လာန်က မေးတယ်၊ အရှင်ဘုရား....အရှင်ဘုရားက ဉာဏ်ကြီးတဲ့ ပုဂ္ဂိုလ်ကြီးလဲ ဖြစ်ပါတယ်၊ ပဌမ ပုဂ္ဂိုလ်က ဘယ်လိုပုဂ္ဂိုလ်, ဒုတိယ

ပုဂ္ဂိုလ်က ဘယ်လိုပုဂ္ဂိုလ်, တတိယ ပုဂ္ဂိုလ်, စတုတ္ထပုဂ္ဂိုလ်တို့က ဘယ်လို ပုဂ္ဂိုလ်လဲတွေလဲ ဆိုတာကို တပည့်တော်များ ရှင်လင်း ပြောပြပါဦးလို့ အရှင်မောဂ္ဂလ္လာန်ကြီးက တောင်းပန်တယ်နော် (မှန်ပါ့)။

အရှင်သာရိပုတ္တရာကြီးက ဟောလို့ အရှင်မောဂ္ဂလ္လံာန်က.... တောင်းပန်တယ်၊ မင်းတို့ သေသေချာချာ နားထောင် ငါ သေသေချာချာ ရှင်းပြမယ်၊ လောကကြီးထဲမှာ ဒီ ပုဂ္ဂိုလ် လေး ယောက် ရှိတယ်....ကွဲတဲ့....(မှန်ပါ့)။

လောကကြီးထဲ ပုဂ္ဂိုလ်ဘယ်နှစ်ယောက် ရှိသလဲ .... (လေး ယောက် ရှိပါတယ်ဘုရား)။

ပဌမပုဂ္ဂိုလ်ဟာကွာ....တဲ့ ကိလေသာ အညစ်အကြေးတွေ ရှိလျက်နဲ့ သူသည် ရှိမှန်း မသိတဲ့ ပုဂ္ဂိုလ်ဟာ ယုတ်တဲ့ ပုဂ္ဂိုလ် ဟေ့....တဲ့....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ကိလေသာမြူမှုန်း အညစ်အကြေးတွေ ရှိပါလျက်သားနဲ့ ရှိမှန်းမသိတဲ့ ပုဂ္ဂိုလ်ဟာ....(ယုတ်တဲ့ ပုဂ္ဂိုလ်ပါဘုရား)။

ဒုတိယပုဂ္ဂိုလ်ကတော့ ကွာ....တဲ့ ကိလေသာ မြူမှုန်း အညစ် အကြေးတွေ ရှိတာကို ရှိတယ်လို့ သိသောကြောင့် သူက မြတ်တဲ့ ပုဂ္ဂိုလ်....(မှန်ပါ့) မှတ်မိပလား....(မှတ်မိပါပြီဘုရား)။

အရှင်မောဂ္ဂလ္လာန်ကြီးက တောင်းပန်လို့ ဟောရပြန်ပါတယ် တကာတကာမတို့....(မှန်ပါ့)။

တတိယ ပုဂ္ဂိုလ်ကတော့ ကိလေသာ ပါးရှားလို့ မရှိတဲ့.... ပုဂ္ဂိုလ်၊ ကိလေသာ ပါးပါးရှားရှားနေတဲ့ ပုဂ္ဂိုလ်ဟာ ပါးပါး

ရှားရှားနေတယ်လို့ သူက မသိဘဲ ဖြစ်နေတယ်..(မှန်ပါ့) အဲဒါကြောင့် သူကလဲ ယုတ်တဲ့ ပုဂ္ဂိုလ်ဘဲ....(မှန်ပါ့) သဘော ကျပလား....(ကျပါပြီဘုရား)။

သူ့မှာ ကိလေသာတော့ နည်းတော့ နည်းပါတယ်(မှန်ပါ့) မရှိလောက်အောင် မဂ်နဲ့ ပယ်လောက်အောင်တော့ မဟုတ်ဘူးပေါ့ဗျာ....ငုတ်နေတဲ့ ကိလေသာဘဲတဲ့၊ သူ့မှာ မရှိပါဘူး၊ အနည်းငယ်လောက်သာ ရှိတာကို သူဟာ ရှိတယ်လို့ မသိဘဲ ဖြစ်နေတယ်....(မှန်ပါ့)သူလဲ ယုတ်တဲ့ ပုဂ္ဂိုလ်ဘဲ....(မှန်ပါ့)သူက တတိယမြောက် ပုဂ္ဂိုလ်၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

စတုတ္ထပုဂ္ဂိုလ်ကတော့ ကိလေသာ မရှိတာကို မရှိဘူးလို့ သိသောကြောင့် သူက မြတ်တဲ့ ပုဂ္ဂိုလ်....(မှန်ပါ့)။

လေးယောက်ကို ချုံးလိုက်ပြန်တော့လဲ ယုတ်တဲ့ ပုဂ္ဂိုလ်က နှစ်ယောက်၊ မြတ်တဲ့ ပုဂ္ဂိုလ်က...(နှစ်ယောက်ပါဘုရား)။

ဒါ တကာတကာမတွေ့ ကိုယ် ဘယ်ထဲ ပါတယ်ဆိုတာ သိကြရတော့မယ်...(မှန်ပါ့)။

တကာကြီးလို့ပြောင်....ကိုယ် ဘယ်ထဲ ပါတယ်ဆိုတာ ဝေဘန်ရတော့မယ် ကျုပ်တို့....နော်....(မှန်ပါ့)ဝေဘန်ရမယ်။

ကိုမြင့်....ပုဂ္ဂိုလ် ဘယ်နှစ်ယောက်ပါလိမ့်....(လေးယောက်ပါဘုရား)မြတ်တဲ့ ပုဂ္ဂိုလ်....(နှစ်ယောက်ပါဘုရား)ယုတ်တဲ့ ပုဂ္ဂိုလ်က....(နှစ်ယောက်ပါဘုရား) နှစ်ယောက်တဲ့....။

တကာတကာမတွေ့ သေသေချာချာ မှတ်ကြပါတဲ့..ဒါပြင်ဘို့ဆောင်ဘို့ ဟောတာပါဘဲလို့ ဦးဘကလေး မှတ်ရလိမ့်မယ် (မှန်ပါ့ဘုရား)။

ကိုယ့်အနေ, ကိုယ့်အထိုင်တွေ့ ပြင်ဘို့, ဆင်ဘို့ ဟောတာ ဘဲဆိုတာ အရှင်သာရိပုတ္တရာကြီးဟောလို့ အရှင်မောဂ္ဂလ္လဲနာန်က တောင်းပန်လို့ တခါ နှစ်မျိုးခွဲရပြန်တယ်ဆိုတာကော ကိုပေါ်က ရိပ်မိဟလား....(ရိပ်မိပါပြီဘုရား)။

အေး....ဒီအတိုင်း မှတ်ထားပေါ့နော် .. ၊ ကဲ... ရှင်းပြမယ်.... ရှင်းပြမယ်....တကာ့တကာမတို့ ပဌမဆုံး ပုဂ္ဂိုလ်က အယုတ် ပုဂ္ဂိုလ်....(မှန်ပါ့) တတိယ ပုဂ္ဂိုလ်ဟာကော....(အယုတ်ပုဂ္ဂိုလ် ပါဘုရား) အဲ....ဒုတိယနဲ့ စတုတ္ထသာလျှင် အမြတ်ပုဂ္ဂိုလ်.... (မှန်ပါ့) မှတ်မိပလား....(မှတ်မိပါပြီဘုရား)။

သေသေချာချာ မှတ်ကြ တကာတကာမတို့၊ သေသေချာ ချာ မှတ်ပါ၊ နားကြီးကြီးနဲ့ ထောင်ပါ ဆိုတာကိုလဲ တကာ ကြီးလို့င်....ပြောရတယ်....(မှန်ပါ့)။

ဘာကြောင့်တုံးဆိုတော့ တစ်သခ်ျနဲ့ကမ္မာတသိန်း အသား တွေ့,အသွေးတွေ့,အရိုးတွေ့လူပြီးမှ လက်ျာရုံ အရှင်သာရိပုတ္တရာ ဖြစ်လာတယ်၊ ဒီ ဥာဏ်ရဘို့ ကိုပေါ် လွယ်ပါ့မလား....(မလွယ် ပါဘုရား)။

တစ်သခ်ျနဲ့ ကမ္မာတသိန်းဖြည့်ဆည်းမှ ဒီဥာဏ်တွေ့ ရတယ် (မှန်ပါ့)။

ဦးဘကလေး လွယ်လွယ်တရားလို့ ဆိုလို့ ရပါ့မလား.... (မရပါဘုရား)။

ဟောနိုင်တဲ့ ပုဂ္ဂိုလ်ကလဲ တစ်သခ်ျနဲ့ ကမ္မာတသိန်း ကျင့် ကြံကြိုးကုတ် အားထုတ်ပြီးတော့ အသား,အသွေးတွေ့လူ၊အမျိုး

မျိုး, အဖုံဖုံ အကျင့်မျိုးစုံတွေကို ကျင့်၊ ဒီကျတော့မှ ဒီဥာဏ် ရလို့ ဟောနိုင်တယ်ဆိုတာ မှတ်ရမယ်နော်....(မှန်ပါ့)။

မေးတဲ့အရှင်မောဂ္ဂလ္လာန်ကြီးကလဲတစ်သချှေနဲ့ကမ္ဘာတသိန်း သူ ကျင့်လို့ သာလျှင် ဒီ အဓိပ္ပါယ်တွေကို မေးလဲ မေးရဲတယ်၊ နားထောင်တဲ့ အခါမှာလဲ နားလည်တယ်ဆိုတာ မှတ်ရမယ်....(မှန်ပါ့)။

တကာကြီးလို့ဆိုင်....လွယ်ကူရဲ့လားဗျာ--(မလွယ်ကူပါဘုရား) မလွယ်ကူဘူးဆိုတာ မှတ်လိုက်တာပေါ့....(မှန်ပါ့)။

ကိုင်း....ဒါဖြင့် ပဌမ ပုဂ္ဂိုလ် ရှင်းပြပါမယ်နော်....(မှန်ပါ့) ပဌမ ပုဂ္ဂိုလ်ဟာ အယုတ်ပုဂ္ဂိုလ်နော်... (မှန်ပါ့) တတိယ ပုဂ္ဂိုလ်ကော....(အယုတ်ပုဂ္ဂိုလ်ပါဘုရား) ဒုတိယ, စတုတ္ထက....(အမြတ်ပုဂ္ဂိုလ်ပါဘုရား)။

ဒါကလေး မှတ်ထားလိုက်တော့ စောစောစီးစီးကလေးက တကာတကာမတွေက အကျဉ်းချုပ် မှတ်ထားတော့ ဘုန်းကြီးက တခါ အကျယ်ခဲ့ပြီး ပြောမယ်ဆိုတော့ ဦးဘကလေး ရှင်းသွားတာပေါ့....(မှန်ပါဘုရား)။

ပဌမ ပုဂ္ဂိုလ်က တကာတကာမတို့နော်....ကိလေသာ အညစ်အကြေး ရှိနေပါ့လျက်သားနဲ့ ရှိမှန်းမသိတဲ့ ပုဂ္ဂိုလ်....(မှန်ပါဘုရား)။

ရှိတာကို....(ရှိမှန်းမသိပါဘုရား)ရှိမှန်း မသိတဲ့ ပုဂ္ဂိုလ်ဆိုတော့ အင်း....အညစ်အကြေးရှိတာကို ရှိမှန်းမသိတဲ့ ပုဂ္ဂိုလ်ဟာ ဆေးချင်, ကြောချင်တဲ့စိတ် လာပါ့မလား....(မလာပါဘုရား)။

ဆေးချင့်,ကြောချင်စိတ် မလာတဲ့ အပြင်မှာ သူ လုပ်နေတဲ့ အလုပ်တွေကလဲ ရှိမှန်း မသိတော့ကို အညစ်အကြေးတွေဘဲ ထပ်ပြီး မလုပ်ပေဘူးလား....(လုပ်ပါတယ်ဘုရား) လောဘ, ဒေါသ, မောဟ အလုပ်တွေဘဲ မလုပ်ပေဘူးလား....(လုပ်ပါတယ်ဘုရား)။

တကာကြီးလို့ပြောင်....နဂိုကလဲ အညစ်အကြေးက ရှိပြန်၊ ရှိမှန်းကလဲ မသိပြန်ဆိုတော့ နောက်ထပ် ထပ်လုပ်နေတဲ့ ကိုယ့် အရောင်းအဝယ် အပြောအဆိုတွေက ဘာတွေပါလိမ့်....(အညစ်အကြေးတွေပါဘုရား)။

ဒါဖြင့် အညစ်အကြေးရှိတဲ့ ပဋိုလ် အညစ်အကြေး ရှိမှန်း မသိတော့ အညစ်အကြေးတွေဘဲ ထပ်တင်အောင် ကြိုးစားနေတယ်....(မှန်ပါ့)သဘောပါပလား....(ပါပါပြီဘုရား)။

အညစ်အကြေးက နဂိုကလဲ ရှိ....(မှန်ပါ့)ရှိမှန်းက မသိတော့ အညစ်အကြေးတွေဘဲ ထပ်ပြီးသကာလ သူ ရောင်းလိုက်,ဝယ်လိုက်, ပြောလိုက်၊ ရောင်းမှား, ဆိုမှား, ပြောမှားတွေ ကိုပေါ်မရှိပေဘူးလား....(ရှိပါတယ်ဘုရား)။

ဒါဖြင့် နဂိုကလဲ အညစ်အကြေးက ရှိလျက်နော်....(မှန်ပါ့) နောက်တခါ အညစ်အကြေးဘဲ ထပ်တင်အောင် လုပ်ပြန်တယ် ဆိုတဲ့ သဘော မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

ဒါဖြင့် သူ့ကို ယုတ်တဲ့ ပဋိုလ် ဆိုမလား....မြတ်တဲ့ ပဋိုလ် ဆိုမလား....(ယုတ်တဲ့ပဋိုလ်ပါဘုရား)။

တကာတကာမတို့ တယောက်အတွက် ပေါ်လာပြီ....(မှန်ပါ့ဘုရား)။

ဦးဘကလေး....တယောက်အတွက် ဘယ်နှယ်တုံး .... (ပေါ်လာပါပြီဘုရား)။

ကဲ....တဲ့ မင်းတို့ နားလည်အောင် ငါလောကီ ဥပမာနဲ့ပြောပါမယ်၊တကာကြီးလို့ပေါ့....လောကီ ဥပမာနဲ့ ငါပြောမယ် ကဲ....တဲ့။

လူတယောက်သည် စျေးထဲက ရေဒသောက်ဘို့ ကြေးဖလားတခု ဝယ်လာခဲ့တယ်ကဲ့တဲ့၊ကြေးပန်းတိမ်ဖို့ကြေးခွက်ဆိုင်က နေပြီး ကြေးဖလားတွေ ဝယ်လာတော့ ဟိုမှာ တိုက်ချတ်ထားတာမှု မဟုတ်တော့ အညစ်အကြေး, ကြေးညိုတွေ, ဘာတွေနဲ့ ဝယ်ခဲ့ကြရတာပေါ့ဗျာ....(မှန်ပါ့)။

ဒီမိက်ကျတော့လဲ ဆေးလား, ပုတ်လား, ချတ်လားကလဲသုံးဆောင်ခြင်း အလုပ်ကလဲ ဟာ...ချက်ခြင်းဘဲ သုံးဆောင်မယ်, ရေခပ်သောက်မယ်, ဘာလုပ်မယ်လို့ မလုပ်သေးဘူး၊ဒီလို သောက်ဖြစ်မယ် ဆိုယင်လဲ သူ့ဟာသူ ပုတ်ဦးမှာပေါ့ဗျာ-နော် (မှန်ပါ့)။

အခုတော့ ဒီလိုလဲ မပုတ်ဘူး၊ အိမ်ကျတဲ့ အခါတော့လဲ ခုနင်က မြေတွေပေါ်မှာ ဖုံတွေကြားထဲမှာ ထိုးချင်တဲ့ နေရာ, အညစ်အကြေးပေါ်တဲ့ နေရာ ထိုးထားလိုက်တယ်။

တကာကြီးလို့ .... ဘယ် ထိုးထားလိုက်ပါလိမ့်....(အညစ်အကြေးပေါ်တဲ့ နေရာ ထိုးထားလိုက်ပါတယ်ဘုရား)။

ဒါဖြင့် ကိုပေါ်....ညစ်သဆက် ဘယ့်နှယ်တုံး....(ညစ်ပါ့ တယ်ဘုရား)။

အဲဒီ ကြေးဖလားလို ဖြစ်သွားတယ် ကွာ....တဲ့....(မှန်ပါ့ဘုရား)။

ဈေးက ဝယ်တုန်းကလဲ မစင်ကြယ်ခဲ့ဘူး....(မှန်ပါ့)ဒီကျလဲ သုံးဆောင်မှကလဲ လုပ်သေးရဲ့လား....(မလုပ်ပါဘုရား)။

မလုပ်တော့ အညစ်အကြေး ရှိတဲ့ နေရာမှာဘဲ တော်ရာ ချောင်ထိုးထားလိုက်တော့ အညစ်အကြေးက ချေးက တက်ချင် ချင်ကိုးဗျ....(မှန်ပါ့)သူထိုးတဲ့ ချောင်ကလဲ အညစ်အကြေးတွေ ကလဲ ပေါပါဘိနဲ့.... ဆိုတော့ သုံးလို့, စွဲလို့ကို ဖြစ်သေးရဲ့ လား....(မဖြစ်ပါဘုရား)။

အဲဒီလိုဘဲကွာ....တဲ့ အညစ်အကြေးရှိတဲ့ ပုဂ္ဂိုလ်ဟာ အညစ် အကြေး ရှိမှန်း မသိပြီဆိုမှဖြင့် အညစ်အကြေး စင်ကြယ်အောင် အားထုတ်မဟဲ့.... ဆိုတဲ့ ဝိပဿနာ အလုပ်တွေ လုပ်ကို မလုပ် ဓာတ်ဘူးဟေ့တဲ့....(မှန်ပါ့) မိုက်သထက်သာ မိုက်သွားတော့ တာဘဲ....(မှန်ပါ့)။

တကာကြီးလို့ .... ဘယ့်နှယ်တုံး....(မိုက်သထက်သာ မိုက် သွားပါတယ်ဘုရား)။

နဂိုကလဲ ပုထုဇန် အညစ်အကြေးတွေနဲ့ ၊ကိလေသာ အညစ် အကြေးတွေနဲ့ ဟုတ်ပါရဲ့လား....(ဟုတ်ပါတယ်ဘုရား)။

အဲဒီ အညစ်အကြေးတွေနဲ့ ဥစ္စာကို ခုနင်က ကြေးဖလား ဝယ်လာပြီးသကာလ မသုံးဆောင်ဘဲနဲ့ ချေးညှော်ပေါတဲ့ဆီ ဖုံ

ထဲ, ဘာထဲဘဲ ထားလိုက်တော့ သာပြီးတော့ ဘယ်နှယ်ဖြစ် သွားသလဲ....(အညစ်အကြေး တက်ပါတယ်ဘုရား) သာပြီး အညစ်အကြေး တက်လာတော့တယ်ဆိုတာ တကာကြီးလို့င်.... ရိပ်မိပလား....(ရိပ်မိပါပြီ) သုံးဖြစ်သေးရဲ့လား....(မဖြစ်ပါ ဘုရား)။

ဝယ်တုန်းကလဲ အညစ်အကြေး ပါခဲ့တယ်....(မှန်ပါ့) နောက်ကျတော့ သုံးဆောင်ခြင်းကိုလဲ မလုပ်တော့ ပွတ်ခြင်း တိုက်ခြင်းကလဲ မလုပ်ဖြစ်တော့ဘူး ..(မှန်ပါ့) အင်း....ချောင်ထဲ မှာဘဲ ထိုးထားလိုက်တော့ ကြေးညိုတွေ့ ပိုမတက်ဘူးလား.... (တက်ပါတယ်ဘုရား) မြူတွေကော....(တက်ပါတယ် ဘုရား)။

ဒါဖြင့် ဘယ်နှယ်ကြောင့် တက်ပါလိမ့်မတုံးလို့ တားတာ တကာမတွေ့က မေးတဲ့အခါ အညစ်အကြေးရှိတာကို အညစ် အကြေးရှိတယ်လို့ မသိလို့....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ ဘုရား)။

ဒါဖြင့် တကာကြီးလို့င်.... မေးရတော့ ပုထုဇန်က ကိုလေ သာ ပေါများလို့ အညစ်အကြေးရှိတယ်နော်....(မှန်ပါ့)မြေး ကတည်းက တကာကြီးလို့င်....ကိလေသာ အညစ်အကြေး ပါ မလာဘူးလား....(ပါလာပါတယ် ဘုရား)။

အဲဒါ မသိတော့ တရားတည်းဟူသော ဝိပဿနာဉာဏ်တွေ့ နဲ့ ဆေးကြောမပစ်လိုက်တော့ဘူး . ၊ ရောင်းမှု, ဝယ်မှု, သားရေး,သမီးရေး,စီးပွားရေးနဲ့ဘဲ အချိန်ကုန်တော့ နဂိုက အညစ် အကြေးပေါ်မှာ အညစ်အကြေး ထပ်လာဘယ်....(မှန်ပါ့)ရိပ်မိ ပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် စျေးထဲက ဝယ်တုန်းကလဲ ကြေးဖလားက စင်စင်ကြယ်ကြယ် မဟုတ်ခဲ့....(မှန်ပါ့) အိမ်ကျတော့လဲ ပုတ်တိုက်ပြီး သုံးဆောင်တာ မဟုတ်တော့ တနေရာ ချောင်ထိုးထားလိုက်ပြန်တော့ ပိုမိုပြီးသကာလ ချေးတွဲ့, ထုတွဲ့ တက်မလာဘူးလား....(တက်လာပါတယ်ဘုရား)။

ဒါဖြင့် အညစ်အကြေးရှိတာ အညစ်အကြေးရှိမှန်း မသိတဲ့ ပုဂ္ဂိုလ်ဟာ အညစ်အကြေး စင်ကြယ်အောင် လုပ်ပါမယ်ဆိုပြီး သကာလ ကာယကံ, ဝစီကံ, မနောကံ အလုပ်တွေ့ လုပ်သေးရဲ့လား....(မလုပ်ပါဘုရား) မလုပ်တော့ သူသည် သေသည်၏ အခြားမဲ့ဌ် အပါယ်သွားတယ်ကွာ....တဲ့....(မှန်ပါ့)။

တယ် သဘောပါတဲ့ ကိုယ်တော်ကြီးပါကလား.... (မှန်ပါ့) တကာကြီးလို့ပြောင်....သဘောပါသလား....(မှန်ပါ့) နောက်က တကာတကာမတွေ့....(ပါပါ့တယ်ဘုရား)။

အဲ....ခင်ဗျားတို့ကို အခု ဘုန်းကြီးက တရားအားထုတ်ကြ တရားအားထုတ်လို့ ပြောတာက ကိုပေါ်... နဂိုကလဲ ကိလေသာ အညစ်အကြေးတွေနဲ့ လာခဲ့တယ်....(မှန်ပါ့) ပစ်မထားပါနဲ့ ဆိုတော့ ကိလေသာ အညစ်အကြေးတွေဟာ ပါးပါး.... ပါးပါး....ပါးပါးမသွားဘူးလား....(သွားပါတယ်ဘုရား)။

အဲဒါ အရောင်ထွက်ပြီးသကာလ လာတဲ့ ကြေးဖလားလို ဖြစ်လာအောင်လို့ ဉာဏ်ရောင်တွေ,ဘာတွေ ထွက်ပြီးသကာလ လာအောင်လို့ အညစ်အကြေးရှိတာကိုဖြင့် တကာတကာမတို့ ချောင်ထိုးပြီးသကာလ သဲးရေး,သမီးရေး,စိုးပွားရေးနဲ့ အချိန်မကုန်လိုက်ပါနဲ့၊ ကုန်လိုက်လို့ ရှိယင်ဖြင့် အားထုတ်ချင်တဲ့ စိတ်

ဟာလဲ ရှိမှန်းမသိတော့ လာသေးရဲ့လား(မလာပါ) ဒီ့ထက် ပိုမိုအားထုတ်ချင်တဲ့စိတ် လာသေးရဲ့လား....(မလာပါဘုရား)။

မလာတဲ့ အပြင် သူ့မှာ ဘာတွေ ဖြစ်နေသတုံးဆိုးတော့.... မသိတဲ့ အတွက် မသိတဲ့ အလုပ်တွေဘဲ ဦးဘကလေး ပိုမိုလုပ်တယ်....(မှန်ပါ့) မလုပ်ဘူးလား....(လုပ်ပါတယ်ဘုရား)။

အဲဒီတော့ နဂိုက အညစ်အကြေးပေါ်မှာ အညစ်အကြေးဆင့်တဲ့ အဓိပ္ပါယ် ရောက်-မရောက်....(ရောက်ပါတယ် ဘုရား)။

ဟာ....မောင်ခင်တို့ တော်-တော်သေးတယ် မင်းတို့လုပ်ဖြစ်လို့....(မှန်ပါ့) တော်-တော်သေး တကာတကာမတို့ လုပ်ဖြစ်ကြလို့....(မှန်ပါ့) မလုပ်ဖြစ်တဲ့ ပုဂ္ဂိုလ်များ ၁-နံပါတ် ပုဂ္ဂိုလ်ဖြစ်သွားတယ်....(မှန်ပါ့)။

အညစ်အကြေးတွေ ပိုမိုပြီး တက်ပြီးသကာလ သေသည်၏ အခြားမဲ့၌ အပါယ်သာ သွားတာဘဲကွ....(မှန်ပါ့) ကိုမြင့်.... ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် လောကကြီးထဲမှာ တကာတကာမတွေက အတွေ့, အကြုံများတော့ အပေါင်းအသင်း ဆက်ဆံတွေ့ များကြတော့ အညစ်အကြေးရှိလျက်နဲ့ အညစ်အကြေးရှိမှန်း မသိတဲ့ ပုဂ္ဂိုလ်တွေ သိပ်များပါကလား....(များပါတယ်ဘုရား)။

အညစ်အကြေးရှိလျက်နဲ့.... (အညစ်အကြေးရှိမှန်း မသိတဲ့ ပုဂ္ဂိုလ်တွေ သိပ်များပါတယ်ဘုရား)သိပ်များတယ်ဆိုတာ ပေါ်လာကြပလား....(ပေါ်လာပါပြီဘုရား)။

ဒါဖြင့် စျေးထဲက ဝယ်တုန်းကလဲ ကြေးဖလားက ဘယ့်နှယ်တုံး....(ကြေးညှိတွေ့ ပါပါတယ်ဘုရား)။

အိမ်ကျတော့လဲ သုံးဆောင်မှုအလုပ် မလုပ်တော့ကို ရေတို့ ဘာတို့ ခတ်မှု့ သောက်မှု့ မလုပ်ဘဲနဲ့ ချောင်ထိုးထားလိုက်ပြန်တော့ စျေးထဲက ဝယ်တာထက် ပိုမိုပြီး အညစ်အကြေးတွေ ထူလာပြန်တယ်....(ထူပါတယ်ဘုရား)။

တကာကြီး ဘယ့်နှယ်နေသတုံး....(အညစ်အကြေးတွေ ပိုလာပါတယ်ဘုရား)။

အင်း....တကာကြီးလိုင်တို့ စောင်းပြောနေတယ်လို့ မဆိုပါနဲ့....(မှန်ပါ!) မဆိုပါနဲ့တဲ့ အညစ်အကြေး ရှိတဲ့ ပုဂ္ဂိုလ် အညစ်အကြေးဘဲ ဆေးကြောရမည့် အလုပ်ကိုဘဲ, ဒီအတိုင်းဘဲ ဒို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ဒါနလဲ ထိုက်တန်သလောက် လုပ်ရပြီ၊ သီလလဲ ထိုက်တန်သလောက် လုပ်ရပြီ၊ ဘာလိုသေးသလဲ.... ဆိုတဲ့ ဥစ္စာ ကိလေသာ အညစ်အကြေး သူ ဆေးမယ်လို့ ပြောတာမှ မှတ်တဲ့....(မှန်ပါ!)ကိလေသာ အညစ်အကြေး ဆေးတာက ဝိပဿနာ မဂ်ဉာဏ်တို့ကမှ သာလျှင် ဆေးနိုင်တာ.... (မှန်ပါ!) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် တကာ တကာမတွေ့ ခင်ဗျားတို့ အယင်တုန်းက ဒီ ဆရာသမားနဲ့ မတွေ့ခင် ရိုးရာနေတုန်းက အညစ်အကြေး ရှိလျှက်နဲ့ အညစ်အကြေး ရှိမှန်းမသိတဲ့ ပုဂ္ဂိုလ်ထဲ ခင်ဗျားတို့ ပါသွားတယ်....(ပါသွားပါတယ်ဘုရား)။

ဘယ်ထဲ ပါသွားပါလိမ့်....(အညစ်အကြေးရှိလျှက်နဲ့ မသိတဲ့ ပုဂ္ဂိုလ်ထဲ ပါသွားပါတယ်ဘုရား)။

အညစ်အကြေးရှိလျက်နဲ့ ရှိမှန်းမသိတဲ့ ပုဂ္ဂိုလ်ထဲ ပါသွားတယ်....(မှန်ပါ့) အဲဒီ ပုဂ္ဂိုလ်ဟာတဲ့ ရှင်သာရိပုတ္တရာက အညစ်အကြေး စင်ကြယ်အောင် လုပ်မယ်ဆိုတဲ့ လုံ့လဝီရိယဆန္ဒ ဘယ်တော့မှ မလာဘူးကွ....တဲ့....(မှန်ပါ့) လာသေးရဲ့လား....(မလာပါဘုရား)။

မလာတော့ကိုတဲ့ အညစ်အကြေးဘဲ ထပ်ပြီး တင်အောင် လုပ်တာဘဲ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ ဘုရား)။

အညစ်အကြေးဘဲ ထပ်တင်အောင် လုပ်လိုက်တဲ့ အတွက်တဲ့ သေသည်၏ အခြားမဲ့၌ အညစ်အကြေးတွေကြောင့်ဘဲ .... မကောင်းသော စိတ်နဲ့ဘဲ တကာကြီးလှိုင်....သေသွားရတယ်.... (မှန်ပါ့)။

ဒါ့ကြောင့် ငါ ၁-နံပါတ် ပုဂ္ဂိုလ်ကို ယုတ်တဲ့ ပုဂ္ဂိုလ်ထဲ သွင်းလိုက်တယ်ကွာ....တဲ့....(မှန်ပါ့)။

တယ်ဉာဏ်ကြီးတဲ့ ပုဂ္ဂိုလ်ကြီးပါကလား....(မှန်ပါ့) ဥပမာကော မကောင်းဘူးလား....(ကောင်းပါတယ်ဘုရား)။

အရှင်သာရိပုတ္တရာ ဟောနေတာ တကာတကာမတို့....။အဲဒါဒီ ကိုယ့်အတွက်က လာတော့မယ်....ဒုတိယ ပုဂ္ဂိုလ်နော်....(မှန်ပါ့ဘုရား)။

ဒုတိယ ပုဂ္ဂိုလ်က တကာ တကာမတွေ ဘာတဲ့ ခုနင်က ဘုန်းကြီး သင်ထားတာ....(အညစ်အကြေးလဲ ရှိတယ်၊ ရှိမှန်းလဲ သိပါတယ်ဘုရား)။

အညစ်အကြေးတော့ ရှိတယ်၊ ရှိမှန်း သိတယ်....(မှန်ပါ့ ဘုရား)။

အညစ်အကြေးတော့ ရှိတယ်တဲ့၊ ရှိမှန်း သိတယ်၊ ငါ့မှာ ပုထုဇန် ဖြစ်နေတော့ ကိလေသာတွေကလဲ မဂ်နဲ့ မပယ်ရသေးတော့ ရှိနေသေးတယ်၊ အညစ်အကြေးရှိတယ်၊ အဲဒီတော့.... ဒီ အညစ်အကြေးကို ရှိမှန်း သိတဲ့ ပဂ္ဂိုလ်ကတော့ ဆေးမှဘဲဟေ့....ကြောမှဘဲဟေ့....၊ လုံ့လဗီရိယ လျှော့လို့ မတော်ဘူးဟေ့လို့....မလာပေဘူးလား....(လာပါတယ်ဘုရား)။

အဲဒီလို ပဂ္ဂိုလ်ကတော့ကို....တဲ့ လုံ့လဗီရိယတွေ့ မလျှော့ဘဲနဲ့ ဆေးကြောပြီးသကာလ လုပ်နေတဲ့ အတွက် သေသည်၏ အခြားမဲ့၌ သူက နိဗ္ဗာန်တို့, သုဂတိတို့ သွားတယ်ကွ....တဲ့.... (မှန်ပါ့) ရှိတာကို ရှိမှန်း သိတော့ ဆေးကြောသကိုးကွ....တဲ့.... (မှန်ပါ့)။

ဒုတိယပုဂ္ဂိုလ်ကို ဒါကြောင့် ငါက မြတ်တဲ့ ပုဂ္ဂိုလ်ထဲ သွင်းလိုက်တယ်တဲ့....(မှန်ပါ့)။

ဘယ်ထဲ သွင်းလိုက်သလဲ....(မြတ်တဲ့ ပုဂ္ဂိုလ်ထဲ သွင်းပါတယ်ဘုရား)။

တကာတကာမတို့ ခင်ဗျားတို့ အခု ဒီတရားကို နာရတော့ မှ ဩော်....ဒို့သည်ကား အညစ်အကြေးကတော့်ပင်ကိုယ်က ရှိလျက်ဘဲတဲ့၊ မပေါ်လာသေးဘူးလား....(ပေါ်လာပါတယ်)။ ကိုမြင့်....အညစ်အကြေးကတော့....(ပင်ကိုယ်ရှိပါဘုရား)။

အဲဒါကို ဝိပဿနာအလုပ်တွေ့ ထဲပ်တဲ့အခါကျတော့ တကာတကာမတွေက ဘာလုပ်ကြတာပါလိမ့်.... (ဆေးကြောတာပါဘုရား)ဆေးကြောတယ်....(မှန်ပါ့)။

ဆေးကြောတော့ စင်သေးတာပေါ့ဗျာ....(မှန်ပါ့)ဒီ ပုဂ္ဂိုလ် ကျတော့ အဋ္ဌကထာဆရာက ကျွတ်ထိုက်တဲ့ ပုဂ္ဂိုလ်ဟော့ .... (မှန်ပါ့)။

ဒီကျအောင် လာလိုက်တယ် ဦးဘကလေး....တယ်ကောင်း ပါကလား....(ကောင်းပါတယ်ဘုရား)။

ကျွတ်ထိုက်တဲ့ ပုဂ္ဂိုလ်, ဘဗ္ဗပုဂ္ဂိုလ်ဟော့လို့ တကာကြီးလှိုင် ဟောလိုက်တယ်....(မှန်လှပါ)။

အဲဒီတော့ တကာကြီးလှိုင်....အားလျော့စရာ ရှိသေးရဲ့လား (မရှိပါဘုရား)။

အညစ်အကြေးတော့ တကာကြီးလှိုင်.... ရှိတယ်။ ရှိပေမဲ့ အဓိ ဆေးကြောတဲ့ အလုပ်ဟာ တနေ့ကို အမျှားကြီးလုပ်တယ်-(မှန်ပါ့)လုပ်တဲ့အတွက်အရှင်သာရိပုတ္တရာကကျွတ်ထိုက်တဲ့ ပုဂ္ဂိုလ် က္ခ....တဲ့... (မှန်ပါ့)ဆေးဖေါ်ရတယ်....(မှန်ပါ့)။

လောကီဥပမာ....ငါ ပြောမယ်ကွာ....တဲ့၊ ဈေးထဲသွားပြီး သကာလ....ဈေးထဲ ဖြစ်စေ, ပန်းတိန်ဖိုဖြစ်စေ သွားပြီး ကြေးဖလားကြီးတခု ဝယ်လာခဲ့တယ်တဲ့၊ ဘယ်....ဟိုက တိုက်ချွတ် ပေးတာ ဟုတ်မလဲ ဖိုထုတ်မေါ့....ဟင်....(မှန်ပါ့)။

အဲဒါ အိမ်ကျတဲ့အခါကျတော့ သုံးဆောင်တယ်ကွာ....တဲ့၊ သုံးဆောင်ပြီးသကာလ သူ စားသောက်ပြီးသကာလ ပုတ်တိုက်ပြီး သုံးဆောင်ပါတယ်....တဲ့၊ သုံးဆောင်ပြီး လုံခြုံတဲ့ နေရာ, အခိုးမသန်းနိုင်တဲ့ နေရာ ထားလိုက်တယ် ကွာ....တဲ့၊ ဒီတော့ ဒီ ကြေးဖလားဟာ ကောင်းသထက် မကောင်းဘူးလား .... (ကောင်းပါတယ်ဘုရား)။

ထို့အတူဘဲတဲ့၊အခု တရားအားထုတ်ဘဲ့ တကာတကာမတွေ ကျတော့ ပင်ကိုယ်ကတော့ အညစ်အကြေးပါခဲ့ကြတယ် ပုထုဇန်ဆိုဘာ....(မှန်ပါ့)။

အခု တခါ ဝိပဿနာဉာဏ်, မဂ်ဉာဏ်တွေနဲ့ ဆေးပစ်လိုက်တဲ့ အခါကျတော့ တကာကြီးလှိုင်....စင်ကြယ်မသွားဘူးလား.... (စင်ကြယ်ပါတယ်ဘုရား)။

အဲဒီလို စင်ကြယ်တဲ့ ဖလားကျလာတော့ အို....နိဗ္ဗာန်ဆိုတဲ့ နေရာဌာနကလဲ ကောင်းတဲ့ ပစ္စည်းမို့ လက်ခံတယ်....(မှန်ပါ့) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ဩော်....ငါတို့သည်ကားလို့ ဆိုလို့ရှိယင် မြတ်တဲ့ ဒုတိယ ပုဂ္ဂိုလ်ထဲ ပါသေးလို့ တော်သေးတယ်ဆိုတော့ ကိုပေါ် .... တယ် ဝမ်းသာစရာ ကောင်းပါကလား .... (ကောင်းပါတယ် ဘုရား)။

တကာတကာမတွေ ဒီနေ့ တရားမှာ ကိုယ့်အတွက် အလုပ် လုပ်နေတဲ့ ပုဂ္ဂိုလ်၊ အလုပ်ကို ထ,မြောက်အောင် လုပ်နေတဲ့ ပုဂ္ဂိုလ်၊ မမြောက်သေးပေမဲ့ ဆေးကြောနေတယ်၊ ဝိပဿနာဉာဏ် ဖြစ်ပျက်မြင်နေတာလဲ ဆေးကြောပြီး ပြောင်အောင်လုပ်နေတာဘဲ....(မှန်ပါ့) မဟုတ်ဘူးလား....(မှန်ပါ့)။

အဲဒီတော့ ဒီပုဂ္ဂိုလ်တွေကို အရှင်သာရိပုတ္တရာက ဘယ်အထဲ ထည့်လိုက်ပါလိမ့်....(မြတ်တဲ့ ပုဂ္ဂိုလ်ထဲ ထည့်ပါတယ် ဘုရား)။

ဟယ်အဘိုးတန်ပါကလား... (မှန်ပါ့)အဘိုးတန်တယ်ဆိုတာ တကာဘကာမတွေ ကြားကြတယ်မဟုတ်လား....(မှန်ပါ့)အင်း-

ဒီ့ သာမည ပုဂ္ဂိုလ် မဟုတ်ဘူးဆိုတာ ပေါ်လာတယ်....(မှန်ပါ့ဘုရား)။

အညစ်အကြေးရှိတာ ရှိမှန်းသိတာနဲ့ ဘာလုပ်ကြသလဲ.... (ဆေးကြောရပါမယ်ဘုရား)။

အင်း....ဝိပဿနာဉာဏ်, မဂ်ဉာဏ်တွေနဲ့ ဆေးကြောလိုက်တဲ့ အခါကျတော့ ဝိပဿနာဉာဏ်လာလဲ ပဋိစ္စသမုပ္ပါဒ် အညစ်အကြေးတွေ ပျောက်တာဘဲ... (မှန်ပါ့) ဝိပဿနာ မလုပ်ဘဲ နေယင် ကာမဝိတက်ဆိုတဲ့ ပစ္စည်းရလိုမှုတွေ၊ ဗျာပါဒဝိတက်ဆိုတဲ့ စိတ်တိုမှုတွေ, စိတ်သဘော မကျမှုတွေ၊ ဝိဟိံသဝိတက်ဆိုတဲ့.... ဘယ်သူ့ခြိုးလိုက်မယ်, ဘယ်သူ့ကို ဖဲ့လိုက်မယ်, ဘယ်သူ့ကို ငဲ့နဲ့ ဖိလိုက်မယ်....ဟုတ်လား အစရှိသည်နဲ့ မလာပေဘူးလား....(လာပါတယ်ဘုရား)။

အခု ဒါတွေ ရှိသေးရဲ့လား....(မရှိပါ) မရှိတော့ ဘုန်းကြီးတို့တကာတကာမတွေမှာ အညစ်အကြေးရှိတာ အညစ်အကြေးရှိမှန်း သိသောကြောင့် ဆေးကြောတဲ့ ပုဂ္ဂိုလ်တွေနဲ့ တူပါတယ် (မှန်ပါ့) ဒီ ပုဂ္ဂိုလ်ကတော့ ဘဗ္ဗပုဂ္ဂိုလ်၊ ဘဗ္ဗပုဂ္ဂိုလ်ဆိုတာ ကျတ်ရမည့် ပုဂ္ဂိုလ်ကွ....တဲ့....(မှန်ပါ့) ဆေးကြောသကိုးဗျ.... (မှန်ပါ့)တကာကြီးလို့င်....အားမလျော့နဲ့....(မှန်ပါ့)။

တကာကြီးလို့င်....အခု ဘယ်ထဲ ရောက်နေသလဲ....(ဆေးကြောတဲ့ အထဲ ရောက်နေပါတယ်ဘုရား) ဒုတိယ ပုဂ္ဂိုလ်ထဲ ရောက်နေတယ် .. (မှန်ပါ့)။

နောက်က တကာတကာမတွေက ကိုယ့်ဟာ ကိုယ်အားရှိကြရဲ့လား....(ရှိပါတယ်ဘုရား)။

အေး....ဒါကြောင့် တကာတကာမတွေ့တဲ့ ရှိတာ ရှိမှန်းသိတဲ့ ပုဂ္ဂိုလ်ဟာ မြတ်တဲ့ ပုဂ္ဂိုလ်ထဲ သွင်းလိုက်တယ်ဆိုတော့ကို.... ဦးမှုကြီး....တော်တော် ဉာဏ်ကြီးတာဘဲဆိုတာ ပေါ်လာတယ်၊ အရှင်သာရိပုတ္တရာဟာလေ....(မှန်ပါ့ဘုရား)။

ဦးဘကလေး....ဘယ်နှစ်ယောက်ကျန်သေးသတုံး(နှစ်ယောက် ကျန်ပါတယ်ဘုရား) နှစ်ယောက်ကျန်သေးတယ်။

ဒီ နှစ်ယောက်အနက် တတိယမြောက် ပုဂ္ဂိုလ်ကတော့ ဘာတုံးလို့ မေးတော့ .. သူ့မှာ ကိလေသာကတော့ ပင်ကိုယ် မှေးကတည်းက တော်တော်ပါးရှားတဲ့ ပုဂ္ဂိုလ်ဘဲတဲ့၊ မဂ်နဲ့တော့ မပယ်ရသေးဘူးပေါ့ဗျာ....(မှန်ပါ့)ကိလေသာ နည်းပါးတဲ့ ပုဂ္ဂိုလ်....(မှန်ပါ့)။

သို့သော်... သူ့စိတ်ထဲ ငါ့မှာ နည်းပါးတယ်လို့ သူ မသိဘူး... (မှန်ပါ့) မသိတော့ သူက အာရုံတောထဲ လျှောက်သွားလိုက်တယ်၊ ခင်စရာ, မင်စရာ သုဘနိမိတ်တွေပေါ့ဗျာ....စာလို့သုံးတော့ တကာကြီးလို့ပေါ့....(မှန်ပါ့)။

သုဘ တင့်တယ်တဲ့ အထဲမှာ ကျောက်ဓတ္တုပေါတဲ့ အထဲ သဘင်သည်ပေါတဲ့ အထဲ, ဘိုင်စကုတ်ဓာတ်ရှင်ပေါတဲ့ အထဲကို သူ လျှောက်သွားတော့ ခုနင်က နဂိုကမ္မ နည်းနည်းပါးပါးရှိတဲ့ ဥစ္စာ မဟုတ်တဲ့ နေရာ သွားမိတော့ ကိလေသာတွေက ထ,ကြွသောင်းကျန်းလာတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

နဂိုကတော့ သူ ကိလေသာအညစ်အကြေး ပါးရှားတယ်.... နော်....(မှန်ပါ)ပါးရှားမှန်း သူက မသိတော့ကို မတော်တဲ့ နေ

ရာ သွားလိုက်တယ်၊ သဘောကျပလား....(မှန်ပါ့) သူ ကိုလေသာ ထ,ကြွမည့် နေရာ....(မှန်ပါ့) အပေါင်းအသင်း မှားမည့် နေရာ,အပြောအဆို မှားမည့် နေရာ, ပျော်စရာ,ပါးစရာ မှားမည့် နေရာ သွားမိတယ်....(မှန်ပါ့)။

သွားမိတော့ သူက သြော်....ငါ့မှာ ကိုလေသာ ထ,တဲ့ လို့လဲ မသိတော့ကို တကာတကာမတွေ့ ဆေးမိ, ကြောမိသေးရဲ့လား....(မဆေးမိ, မကြောမိပါ) အင်း....သူ့ကို ဘယ်ပုဂ္ဂိုလ်ထဲ သွင်းကြမတုံး....(ယုတ်တဲ့ ပုဂ္ဂိုလ်ထဲ သွင်းရပါမယ်) ယုတ်တဲ့ ပုဂ္ဂိုလ်ထဲဘဲ သွင်းလိုက်ပါ....(မှန်ပါ့)။

တကာကြီးလို့ .... ဘယ်ပုဂ္ဂိုလ်တဲ့ .... (ယုတ်တဲ့ ပုဂ္ဂိုလ်ပါဘုရား)။

ငါ ဥပမာ....ပြပါဦးမယ်ကွာ....ဆိုပြီး အရှင်သာရိပုတ္တရာက တကာတကာမတို့ ဥပမာ....ပြတယ်နော်.... (မှန်ပါ့) ဥပမာ.... ဘယ်လို ပြလိုက်ပါလိမ့်မတုံး ဆိုလို့ ရှိယင်ဖြင့်ကွာ....တဲ့ ကြေးဖလားတခု စျေးထဲက ပြောင်ပြောင်စင်စင်ဟာဘဲ ဝယ်လာခဲ့ပါတယ်....တဲ့....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒီကျတော့ သူလဲ မသုံးဆောင်ဘူးတဲ့၊ ရေသောက်ခွက်လဲ မလုပ်,ဘုဉ်လဲမလုပ်အိမ်ကျတော့ ချောင်ထဲထိုးထားတယ်၊အညစ်အကြေး ရှိတဲ့ ချောင်တွေထဲ ထိုးထားလိုက်တော့ ဦးဘကလေး ဘယ် နှယ်နေသတုံး....(အညစ်အကြေးတက်ပါတယ် ဘုရား)။

ပိုပြီး အညစ်အကြေးတွေ့ မလာဘူးလား....(လာပါတယ်) နဂိုကတော့ အပြောင်..(မှန်ပါ့) နေရာမျှားတာနဲ့, အထားမှားတာနဲ့, ပုတ်တိုက်မှု မလုပ်ဘဲနဲ့ အထားမှားတာနဲ့ အညစ်အကြေးပိုတက်လာတယ်....(မှန်ပါ့ဘုရား)။

နဂိုကစျေးထဲကဝယ်တုန်းကတော့ ခပ်ပြောင်ပြောင်ကလေး၊ ဒီကျတော့ သုံးစဲ့ သုံးဆောင်မှုကလဲ့ မလုပ်တော့ ကိုမြင့်ရေ... အညစ်အကြေးထဲ့ သူက ဟိုချောင်, ဒီချောင်သွားထိုးထားလိုက်တယ်....(မှန်ပါ့) ထိုးထားလိုက်တဲ့ အတွက် အညစ်အကြေးတွေဘာဖြစ်လာသတုံး....(ပိုတက်လာပါတယ်ဘုရား)။

အဲဒီ ပဋိုလ်ကတော့လဲကွာ....တဲ့ နဂိုကတော့ ကိလေသာကပါးရှားပါရဲ့... (မှန်ပါ့)သို့သော်သူသည်ကားလို့ ဆိုလို့ရှိယင် ပါးရှားမှန်း မသိတော့ကို....တဲ့ ခုနင်က ပျော်စရာ,ပါးစရာ,မှုးစရာ, ယစ်စရာရှိတဲ့အထဲ သူက သွားပစ်, လာပစ်တာ များတယ် (မှန်ပါ့)။

အဲဒီတော့ သူ့မှာ ကိလေသာတွေ ပါးရှားနေတာ ကိလေသာတွေ ထ,ကြွလာပြီလို့လဲ့ မသိစော့ကိုတဲ့ ကြေးဖလား အပြောင်ဝယ်ပြီး ချောင်ထိုးလိုက်တဲ့အခါ အညစ်အကြေးပိုသလို သူမှာလဲ့ ပိုလာတာ မသိသောကြောင့် တကာတကာမတို့.... ဝိပဿနာ အလုပ်တွေကော လုပ်ဖြစ်သေးရဲ့လား...(မလုပ်ဖြစ်ပါ)ဆေးကြောတဲ့ အလုပ်တွေလေ....(မလုပ်ဖြစ်ပါဘုရား)။

မလုပ်ဖြစ်တော့ ဒီ ပဋိုလ် မြတ်တဲ့ ပဋိုလ်လား.... ယုတ်တဲ့ ပဋိုလ်လား....(ယုတ်တဲ့ ပဋိုလ်ပါဘုရား)။

အဲ....ယုတ်တဲ့ ပဋိုလ်ထဲ သွင်းလိုက်ပဟော့....(မှန်ပါ့)။

တကာကြီးလို့ပြောင်... ပါရမီ ပါပြီးသား ပဋိုလ်တောင်မှ ဒီကျတော့ မကောင်းတဲ့ နေရာသွား, မကောင်းသူနဲ့ ပေါင်းပြီး မကောင်းတဲ့ အလုပ်တွေ လုပ်မိပြီဆိုမှဖြင့်....တဲ့ ကိုပေါ်ရေ.... အညစ်အကြေး ပြန်တင်တယ်....(မှန်ပါ့)။

နို့သော်....သူ့မှာက အညစ်အကြေး မရှိပါဘဲလျက်နဲ့ မရှိမှန်း မသိတဲ့ ပုဂ္ဂိုလ် ဖြစ်နေတယ်....(မှန်ပါ့)။

မရှိမှန်း မသိတော့ ခုနင်က ကြေးဖလား ဝယ်လာပြီးသကာလ ခပ်ပြောင်ပြောင်ကလေး ဝယ်လာပြီးသကာလ တော်တော်ကြာ သူက ချောင်ထိုးထားလိုက်တဲ့ အခါကျတော့ ဝယ်သထက် ဆိုးသွားတာပေါ့....(မှန်ပါ့)။

တကာတကာမတွေ့ ဘယ့်နှယ်ဆိုကြမလဲ.... (ဝယ်သထက် ဆိုးသွားပါတယ်ဘုရား)။

ဒီမှာလဲ တကာတကာမတွေ့ ကိုယ့် လူ့ဘဝရတာ ကိုယ့်ဖြင့် ဒီဘဝမှာ ကိုလေသာ ပါးရှားတယ် တော်သေးရဲ့ - ဆိုတော် သေးရဲ့ဆိုပြီး နေငြားသော်လဲ ဝိပဿနာအလုပ် မလုပ်ဘဲနဲ့.... ပေါင်းချင်တာနဲ့ ပေါင်း, သင်းချင်တာနဲ့ သင်း, စားချင်သလို စား, သွားချင်သလို သွားဆိုတော့ အညစ်အကြေးတွေ့ ဘယ့်နှယ်နေသတုံး....(ပိုတက်လာပါတယ်ဘုရား)။

ပိုတက်လာတော့ ဒီ ပုဂ္ဂိုလ်ကို တကာတကာမတွေက ဘယ်ထဲ သွင်းကြမယ်....(ယုတ်တဲ့ ပုဂ္ဂိုလ်ထဲ သွင်းကြပါမယ်)အယုတ်ထဲ သွင်းရမယ်....(မှန်ပါ့)။

ဒါ့ကြောင့်သူသည်ဒ-နံပါတ်နဲ့ခ-နံပါတ်နဲ့အတူတူဘဲ(မှန်ပါ့)။

တကာတကာမတွေ့ ဘာတဲ့....(ဒ-နံပါတ်နဲ့ ခ-နံပါတ် အတူတူပါဘဲ) ဒ-နံပါတ်နဲ့ ခ-နံပါတ် အတူတူဘဲကွ....တဲ့....(မှန်ပါ့ဘုရား)။

ကိုင်း....တကာတကာမတွေ့ အဲဒီတော့ ခင်ဗျားတို့ကို သတိပေးပါတယ်၊ ခင်ဗျားတို့က အညစ်အကြေးတွေ့ ရှိတာကိုလဲ ဆေးကြောတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်နော်--(မှန်ပါ့)အညစ်အကြေးဟာ အခု ပါးပါပြီ၊ မပါးသေးဘူးလား....(ပါးပါပြီဘုရား)။

အညစ်အကြေး အယင်နဲ့ စာယင် အခု အမျှားကြီးပါးသွားပြီ....(ပါးပါပြီ) ပါးလာတဲ့ ဥစ္စာကို ခုနင်က အပေါင်းအသင်းမှား, အနေအထိုင်မှားနဲ့ အပြောအဆိုမှားနဲ့ ဆိုယင်ဖြင့် ချောင်ထိုးထဲ ပြန်ရောက်လို့ ရှိယင်လဲ တခါ ပြန်မိုက်သွားဦးမှာလဲ စိုးရသေးတယ်....(မှန်ပါ့)တကာကြီးလိုင်....ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အေး....တတိယပုဂ္ဂိုလ် မဖြစ်ပါစေနဲ့ဆိုတာကိုလဲ သတိပေးရပြန်တယ်....(မှန်ပါ့) ဦးမှု....ပေးထိုက်....မပေးထိုက်....(ပေးထိုက်ပါတယ်ဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ခပ်ပြောင်ပြောင်ကလေး ဆေးထားတာ ဒီကျတော့ နေ့စဉ် ထာဝရ ပတ်ခြင်း, သပ်ခြင်း အလုပ်ကို မလုံပ်ဘဲနဲ့ ချောင်ထဲထိုးထားလိုက်ပြန်တော့ အညစ်အကြေးက ဘယ်နှယ်နေသလဲ....(ပိုတက်ပါတယ်ဘုရား)။

ပြန်တက်လာပြန်တော့ သူက ဘယ်ပုဂ္ဂိုလ်လဲလို့ မေးတဲ့အခါကျတော့မှ အညစ်အကြေး မရှိတာကို မရှိမှန်း မသိတဲ့ပုဂ္ဂိုလ်....(မှန်ပါ့) ဒါကြောင့် ပြန်တက်လာတယ်၊ တကာကြီးလိုင်....သဘောပါပလား....(ပါပါပြီဘုရား)။

အေး....ဒီထဲလဲ မရောက်စေနဲ့ ဆိုတာကိုလဲ သတိမပေးရဘူးလား....(ပေးရပါတယ်)နားကော လည်ကြရဲ့လား....(လည်ပါ

တယ်ဘုရား) ဘယ်နှစ်ယောက်ရှိသွားပလဲ....(သုံးယောက်ရှိသွားပါပြီဘုရား) သုံးယောက်ရှိသွားပြီဆိုတာ ပေါ်ကြရဲ့လား.... (ပေါ်ပါပြီဘုရား)။

စတုတ္ထပုဂ္ဂိုလ်ကတော့ တကာကြီးလို့ပြောင်... အညစ်အကြေး သူကိုလေသာ ပါးရှားလို့ အညစ်အကြေးနည်းတဲ့ ပုဂ္ဂိုလ်(မှန်ပါ့) အညစ်အကြေးမရှိတဲ့ ပုဂ္ဂိုလ်ဘဲ....(မှန်ပါ့)။

အဲဒီတော့ သူက မရှိတာကို မရှိမှန်းသိတဲ့ အတွက်တဲ့ သူက အာရုံလူတောထဲ ခုနင်က ကောင်းတဲ့ အာရုံတွေ တင့်တယ်တဲ့ အာရုံထဲ သွားငြားသော်လဲ သူက လောဘ မဖြစ်အောင်ဟဲ့....၊ ဒေါသ မဖြစ်အောင်ဟဲ့ ....၊ မောဟ မဖြစ်အောင်ဟဲ့ .... ၊ ဣဿာ မဖြစ်အောင်ဟဲ့....၊မာန မဖြစ်အောင်ဟဲ့....ဆိုပြီး သူက အမြဲ ရှောင်နေတာဘဲ.... (မှန်ပါ့)။

နဂိုကလဲ သူက ကိလေသာ ပါးရှားတဲ့ ပုဂ္ဂိုလ်....(မှန်ပါ့) အာရုံတွေထဲတော့ လူရယ်လို့ ဖြစ်လာတော့ မသွား-မလာလို့ လဲ မဖြစ်ဘဲကိုး....(မှန်ပါ့)သို့သော်လဲ တွေ့တဲ့အခါမှာ ဒီ အာရုံတွေကို သူက တွန်းလှန်နိုင်တဲ့ အခြေအနေ ရှိတယ်....(မှန်ပါ့ ဘုရား)။

ဒီ အာရုံတွေ တွေ့တဲ့အခါ သုဘနိမိတ်တွေ တွေ့တဲ့အခါကျ လို့ရှိယင်လဲ ဒါတွေလဲ အနိစ္စဘဲ ကိုယ့်စိတ်လဲ အနိစ္စဘဲ အစရှိသည်နဲ့ ဝိပဿနာဉာဏ် မကင်းဘဲနဲ့ သွားလေ့ရှိတယ်....(မှန်ပါ့ဘုရား)။

သူကတော့ ယခုဘဝလဲ နိဗ္ဗာန်ရနိုင်တယ်ကွ....တဲ့--(မှန်ပါ့) သေသည်၏ အခြားမဲ့ဌ်လဲ သုဂတိကနေ နိဗ္ဗာန်ကူးနိုင်တယ်ကွာ လို့ အညစ်အကြေး မရှိတာကို မရှိမှန်း နည်းပါးတာကို နည်းပါးမှန်း သိပြီးသကာလအညစ်အကြေးတောထဲ သွားတဲ့ အခါလဲ သူက ဆင်ဆင်ခြင်ခြင်နဲ့ သွားလေ့ရှိတယ်....(မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

တကာတကာမတို့ ဘယ်နှစ်ယောက် ရှိသွားပလဲ....(လေးယောက်ရှိသွားပါပြီဘုရား)။

ကဲ....ခင်ဗျားတို့ အလှည့် ပေးရဦးမယ်နော်....ကိုမြင့်တို့ အားလုံးပေါ့ဗျာ....(မှန်ပါ့) ၁-နံပါတ်ပုဂ္ဂိုလ်က ဘယ်လို ပုဂ္ဂိုလ်ပါလိမ့်... (အညစ်အကြေးတင်တဲ့ ပုဂ္ဂိုလ်) ဟင်....(ယုတ်တဲ့ ပုဂ္ဂိုလ်ပါ) ယုတ်တဲ့ ပုဂ္ဂိုလ်....(မှန်ပါ့) ၃-နံပါတ် ပုဂ္ဂိုလ်က....(ယုတ်တဲ့ ပုဂ္ဂိုလ်ပါဘဲဘုရား)။

တကာတကာမတို့ ၂-နဲ့ ၄-ကတော့....(မြတ်တဲ့ ပုဂ္ဂိုလ်ပါ) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ကဲ....ဒါက အကျဉ်းချုံး ပြောတာပါ အရှင်မောဂ္ဂလ္လာန်က မေးလို့နော်....(မှန်ပါ့)အကျယ် ပြောကြပါဦးစို့ဆိုတော့ မှတ်မိမှ ကောင်းတယ် တကာတကာမတို့နော်....(မှန်ပါ့)။

၁-နံပါတ် ပုဂ္ဂိုလ်က အကျယ်က အညစ်အကြေးရှိလျက်နဲ့....(အညစ်အကြေးရှိမှန်း မသိတဲ့ ပုဂ္ဂိုလ်ပါ) ရှိမှန်း မသိတဲ့ ပုဂ္ဂိုလ် (မှန်ပါ့)။

ဘယ်ကြေးဖလားနဲ့ တူပါလိမ့်...၊ စျေးထဲက ဝယ်တုန်းကလဲ အညစ်အကြေးနဲ့၊ ဒီကျ ချောင်ထိုးထားလို့....(အညစ်အကြေးထပ်တင်ပါတယ်ဘုရား)။

ဒါဖြင့် သူ့ကို ယုတ်တဲ့ ပုဂ္ဂိုလ်ထဲသွင်းလိုက်....(မှန်ပါ့)ပေါ့ ကြပါ့လား ...(ပေါ့ပါပြီ)။

ဘယ်ထဲ သွင်းကြမယ်.... (ယုတ်တဲ့ ပုဂ္ဂိုလ်ထဲ သွင်းရပါမယ်) ယုတ်တဲ့ ပုဂ္ဂိုလ်ထဲသွင်းရမယ်ဆိုတာဖြင့် ဘာမှ သံသယမရှိပါနဲ့ (မှန်ပါ့) ဦးဘကလေး ပေါ့ပလား....(ပေါ့ပါပြီဘုရား)။

ကဲ .. ဒုတိယ ပုဂ္ဂိုလ်က ဘာတဲ့....၊ တကာ တကာမတို့.... (အညစ်အကြေးရှိတာကို ရှိမှန်းသိပါတယ်) ရှိမှန်းသိတဲ့ ပုဂ္ဂိုလ် (မှန်ပါ့)။

အညစ်အကြေးရှိလျက်နဲ့....(ရှိမှန်းသိတဲ့ ပုဂ္ဂိုလ်) အဲဒီ ပုဂ္ဂိုလ် ကတော့ကိုတဲ့ ဒီအညစ်အကြေးတွေကို ပြောင်အောင်ဆေးမှာဘဲ၊ နေ့တိုင်းကြိုးစားမှာဘဲ အစရှိသည်နဲ့ သူပိုမိုပြီးသကာလ သူတော် ကောင်း ဝိပဿနာအလုပ်တွေ မလုပ်ပေဘူးလား....(လုပ်ပါတယ် ဘုရား)။

အဲဒီလုပ်တဲ့ ပုဂ္ဂိုလ်ကတော့....၊ အင်း....ရှိတာတွေဟာ ပြောင် ပြီးသကာလ အသုံးချလို့ဖြစ်သလို....နော်၊ ကျွတ်ထိုက်တဲ့ ပုဂ္ဂိုလ် ထဲ ပါဝင်သွားတယ်ကွာ....တဲ့....(မှန်ပါ့)။

တကာတကာမတို့ ဘာတဲ့တုံး.... (ကျွတ်ထိုက်တဲ့ ပုဂ္ဂိုလ်ထဲ ပါဝင်သွားပါတယ်ဘုရား)။

ဘာဖြစ်လို့ပါလိမ့် သူက၊ အညစ်အကြေး ရှိတာကို ရှိမှန်းသိ တာနဲ့ သူက ပိုမိုအားထုတ်တယ်....(မှန်ပါ့)။

ပိုမိုပြီး အားထုတ်တယ်၊ ဥပမာ.... လက်မောင်းမှာ ချေးပေ နေတယ်၊ ဒီ့ပြင်နေရာ ဒါလောက်မပေဘူးဆိုယင် တကာတကာ

မတို့ ဆပ်ပြာနဲ့ ပွတ်ပွတ်၊ ကိုယ့်လက်နဲ့ ကိုယ် ပွတ်ပွတ်၊ ဒီ ပြင်နေရာထက် အဲဒီ နေရာကို ထပ်ပြန်တလဲလဲ မပွတ်ပေဘူးလား.... (ပွတ်ပါတယ်ဘုရား) ဒီနေရာ ချေးများတဲ့ နေရာကိုး.... (မှန်ပါ!) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဘယ် နှယ်ကြောင့် ဒီနေရာချည့် ထပ်ပွတ်ပါလိမ့် မလဲ မေးယင်တော့ အညစ် အကြေးရှိတာ ရှိမှန်းသိလို့ .... (မှန်ပါ!) သဘောကျပလား....(ကျပါပြီ)။

အညစ်အကြေးရှိတာကို.... (ရှိမှန်းသိလို့ပါဘုရား) ရှိမှန်းသိလို့ တကာကြီးလှိုင်ရဲ့ ပိုပွတ်တယ်.... (မှန်ပါ!) သဘောပါကြလား....(ပါ-ပါတယ်ဘုရား)။

အဲ....အခု တရားအားထုတ် နေကြတဲ့ တကာတကာမတွေက တော့ဖြင့်တဲ့ အညစ်အကြေးရှိမှန်းကိုလဲ သိတယ်.... (မှန်ပါ!) အညစ်အကြေး ပင်ကိုယ်ကလဲရှိတယ်၊ ရှိမှန်းကလဲ သိတဲ့ အတွက် ကြိုးစားပြီး ပွတ်ကြပါ။ ကျွတ်ထိုက်တဲ့ ပုဂ္ဂိုလ် သေသေချာချာ ဖြစ်ပါတယ်....(မှန်ပါ!) မင် ဉာဏ် ဖိုလ် ဉာဏ် ရနိုင်တဲ့ပုဂ္ဂိုလ် ဖြစ်ပါတယ်လို့ ဒီမှာ အရှင်သာရိပုတ္တရာက ဆုံးဖြတ်ချက်ချပါတယ် (မှန်ပါ!)။

တကာကြီးလှိုင် တယ်အဘိုးတန်ပါကလား.... (တန်ပါတယ် ဘုရား)။

ကိုင်း... တကာတကာမတို့ တတိယပုဂ္ဂိုလ် ပြောကြစမ်းပါဦး၊ အညစ်အကြေးနည်းပါးတယ်၊ မရှိဘူး ဆိုပါတော့ဗျာ၊ အညစ်အကြေးတော့ သူ့မှာ မရှိဘူး.... (မရှိပါဘူး မရှိမှန်းလဲ မသိပါဘုရား)။

မရှိမှန်း သူက မသိဘဲဖြစ်နေတယ်၊ သဘောကျပလား....(ကျေ ပါပြီဘုရား) မရှိမှန်း မသိဘဲ ဖြစ်နေတော့ သူက သွားချင်ရာ သွား၊ စားချင်ရာစား နေချင်ရာ မနေပေဘူးလား....(နေပါတယ် ဘုရား)။

နေတဲ့အခါကျတော့ အညစ် အကြေးတွေ ဘယ်နှယ်နေသ လဲ....(ပိုတက်လာပါတယ်ဘုရား)။

ပိုမိုတက်လာတဲ့ အခါကျတော့ ဘယ်ကြေးဖလားနဲ့ တူနေ သတုံး၊ စျေးထဲက ဝယ်လာတူန်းက ဘယ်နှယ်တုံး.... (ပြောင် ပါတယ်ဘုရား) ပြောင်တယ်၊ အိမ်ကျမှ ချောင်ထိုးတာနဲ့ ချေး တွေ့ ပိုတက်လာတယ်ဆိုတဲ့ အဓိပ္ပါယ်မရောက်ဘူးလား....(ရောက် ပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ အိမ်ပြန်တဲ့အခါမှာ ချေးတက်တယ် ဆိုတာ....ဒါပြောတာ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ)။

အိမ်ပြန်တဲ့ အခါကျတော့....(ချေးတက်ပါ့တယ်ဘုရား)။

ဒီမှာ ပြောင်ပြီးနေငြားသော်လဲ ဘာတုံး .... (အိမ်ကျတော့ ချေးတက်ပါတယ်ဘုရား)။

အညစ်အကြေးတော့ ဒီမှာ မရှိမှန်းသိသားဘဲ၊ ဒီနေ့တော့ ကုသိုလ်တွေအများကြီးရပြီ၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရဘို့ ကုသိုလ် တွေကအများကြီးရသွားပြီဆိုပြီးသကာလနေကြတာဘဲ (မှန်ပါ့)

သို့သော်လဲ အိမ်ကျတဲ့အခါကျတော့ ကြေးဖလားကို အဖြူ ကြီးကို အိမ်ကျတော့ မဆေးဘဲနဲ့ ချောင်ထိုးလိုက်တော့ ဘာ ဖြစ်လာသတုံး....(အညစ်အကြေး ပိုတက်လာပါတယ်ဘုရား)

ချေး ပိုတက်လာပြန်တယ် ဆိုတော့ ကောင်းသေး ရဲ့လား.... (မကောင်းပါဘုရား)။

အဲဒါလဲ ကိုယ့်ကြေးမလားကလေးလဲကိုယ် ကြပ်ကြပ် သတို့ထားကြပါလို့....(မှန်ပါ့)။

တကာကြီးလို့င် ကိုယ့်ကြေးဖလားကို.... (ကိုယ်သတိထားရပါမယ်ဘုရား)။

နဂိုရိုက ကြေးဖလားက တော်တော်ဖြူနေတယ်....(မှန်ပါ့) တော်တော်ပြောင်နေတာ....(မှန်ပါ့)အိမ်ကမှ ချောင်ထိုးလိုက်တဲ့ အခါကျတော့ ဘယ်နှယ်နေသလဲ... (အညစ်အကြေး ပိုတက်ပါတယ်ဘုရား)။

ပိုတက်လာတယ်၊ မတက်လာဘူးလား.... (တက်လာပါတယ် ဘုရား)။

ဒါအညစ်အကြေးမရှိတာကို မရှိမှန်းမသိတဲ့ပုဂ္ဂိုလ်... (မှန်ပါ့) ချောင်ထိုးတာကိုး.... (မှန်ပါ့) ဒီလို မဖြစ်တတ်ဘူးလား....(ဖြစ်တတ်ပါတယ်ဘုရား)။

အဲဒါကြောင့် အိမ်ကျလဲ တိုက်မြဲ-တိုက်ပေါ့နော်.... (မှန်ပါ့) တကာကြီးလို့င် တိုက်မြဲ-တိုက်ရမယ်၊ ဝိပဿနာ လုပ်မြဲ-လုပ်ရမယ် ပြောတာဘဲ.... (မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီ)။

ကဲ....စတုတ္ထပုဂ္ဂိုလ်ပြောစမ်းပါဦး....ဘာတဲ့တုံး.... (အညစ်အကြေးမရှိဘူး၊ မရှိမှန်းလဲ သိပါတယ်)။

အဲ... အညစ်အကြေးမရှိတာ မရှိမှန်းသိတဲ့ပုဂ္ဂိုလ်ဖြစ်နေတော့ တကာတကာမတွေ့ စျေးကလဲ ကြေးဖလားက ဝယ်တုန်းက

ဘာတုံး....၊ အဖြူဘဲ၊ ဒီကျတော့လဲ ပြောင်အောင်လုပ်ပြီး သကာလ သူ သုံးစွဲတော့ကိုတဲ့ သူခြေးထုတွေ့ တက်သေးရဲ့လား.... (မတက်ပါဘုရား)။

အဲဒါ ဘယ်ပုဂ္ဂိုလ်ပါလိမ့်ဗျာ....(စတုတ္ထပုဂ္ဂိုလ်ပါဘုရား) အယုတ်ထဲကလား....၊ အမြတ်ထဲကလား.... (အမြတ်ထဲကပါဘုရား)။

အဲဒါကလဲ ဒီဘဝကျတော်တမ်းဝင်မည့်ပုဂ္ဂိုလ်ပါ....(မှန်ပါ့) နောက်ဘဝကလဲ ကိုလေသာ ပါးခဲ့တယ်နော်.... (မှန်ပါ့) ဒီဘဝကျပြန်တော့လဲ ပွတ်တိုက်တဲ့ ဝိပဿနာ အလုပ်ကြီး ကလဲ များဖြန်ဆိုတော့ ဘာမှ တကာကြီးလျှိုင်တို့က ဒီ.ပြင် တွေးမနေနဲ့.... ဒီပုဂ္ဂိုလ်လေးယောက် ဒါ....မူလပဏ္ဏာသ ပါဠိတော်မှာ ဟောပြန်လို့ ဒီနေ့ဟောပြန်တယ်ဆိုတာကိုလဲ တကာ တကာမ ဇတ္တ သေသေချာချာ မှတ်ရမယ်နော်... (မှန်ပါ့ဘုရား)။

ဒါဖြင့် ဆုံးဖြတ်ချက်ချထားရမှာက မြတ်တဲ့ပုဂ္ဂိုလ်က ဘယ်သူ ဘယ်သူပါလိမ့် ... (၂-နံပါတ်နဲ့ ၄-နံပါတ်ပါဘုရား) ဒုတိယနဲ့ စတုတ္ထ....(မှန်ပါ့)။

ယုတ်တဲ့ပုဂ္ဂိုလ်က.... (၁-နံပါတ်နဲ့ ၃-နံပါတ်ပါဘုရား)ပဌမနဲ့ ဘတိယဆိုတော့ တကာကြီးလျှိုင် မှတ်မိပလား....(မှတ်မိပါပြီ) နောက်က တကာတကာမတွေကော....(မှတ်မိပါပြီ)။

မှတ်မိတော့ ဘယ်အထဲ နေမယ်လို့ စိတ်ကူးကြသတုံး.... (ဒုတိယနဲ့ စတုတ္ထပါဘုရား)။

ဒုတိယနဲ့ စတုတ္ထနေမယ်လို့ စိတ်ကူးတယ်နော်.... (မှန်ပါ့) တော်တော်ကြာ လမ်းမှားပြီးသကာလပဌမနဲ့ တတိယထဲမပြေးလို့ကန်နဲ့ဆိုတာကိုလဲ ပြောရသေးတယ်.... (မှန်ပါ့) မပြောရပေဘူးလဇး....(ပြောရပါတယ်ဘုရား) ရှင်းကြပလား (ရှင်းပါပြီ)။

ကဲ....ယနေ့ ဒီတွင်တော်ကြပါဦးစို့....။

သာဓု....သာဓု....သာဓု....။

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်မြို့ မင်္ဂလာတိုက်

ဆရာတော် ဘုရားကြီး ဟောကြားဆုံးမတော်မူသော

(ယနေ့ အရေးအကြီးဆုံးတရား)

ညအလုပ်ပေးတရားတော်

(၂၀-၆-၆၁)

တကာတကာမတွေ အရေးအကြီးဆုံးအလုပ်ဟာ မနေ့ကလဲ ပြောခဲ့တယ်နော်.... အရေးအကြီးဆုံး အလုပ်ဟာ ဘာပါလိမ့် မလဲလို့ မေးလို့ရှိယင်ဖြင့်... တဲ့ သစ္စာသီဘို့ အရေးဟာ အကြီးဆုံးဘဲ။

မောင်နိုင် ဒါ....အကြီးဆုံးဘဲ....(မှန်ပါ့) ဘာသီဘို့ပါလိမ့်.... (သစ္စာသီဘို့ အရေးကြီးပါတယ်ဘုရား) သစ္စာသီဘို့ အရေးဟာ အကြီးဆုံးဘဲ။

ဒါဖြင့် ဘုရားတပည့်တော်တို့ ဒုံနတွေ လုပ်နေတာလဲ ဘယ် အကျိုးငှာတုံး၊ သီလ ဆောက်တည်တာ ဘယ်အကျိုးငှာတုံး၊ သမထလုပ်နေတာ ဘယ်အကျိုးငှာတုံး၊ ဝိပဿနာ ဘာဝနာ တွေလုပ်နေတာ ဘယ်အကျိုးငှာတုံး....လို့ မေးတော့ အို....ဒါ သစ္စာသီဘို့ အခြံအရံတွေဟေ့....(မှန်ပါ့)။

ဦးဘကလေး ဘာတဲ့တုံး....(သစ္စာသီဘို့ အခြံအရံတွေပါ)။

သစ္စာသိဘို့ အခြံ အရံတွေ့ လုပ်ကြတယ်၊ သစ္စာမသိဘဲနဲ့ တော့ ကိစ္စမပြီးဘူး....(မှန်ပ၊!)။

ဒါဖြင့် ဒါနဟာ ဘယ်သူ့ အခြံအရံတုံး.... (သစ္စာသိဘို့ အခြံအရံပါ!) အကျိုးရှိတာပေါ့လေ....နော်.... (မှန်ပါ!) သစ္စာသူမသိ... သိအောင် ဆရာသမားတွေက ကောင်းတဲ့ဆီ ရောက်အောင်ပို့၊ ဘုရားနဲ့ တွေ့အောင်လုပ်....ဆိုတော့ သြော်....သူလဲ အခြံအရံဘဲ၊ သစ္စာသိဘို့ အခြံအရံနော်....(မှန်ပါ!)။

မောင်နှိုင်တို့က ဒီနေ့ ရှစ်ပါးသီလ ဆောက်တည်ပြန်တယ်၊ ဦးဘရှင်းတို့က ဘာလုပ်ဘို့တုံးဗျ.... ဒါတွေ့ ထမင်းအငတ်ခံပြီး သကာလစောင့်တာဆိုတော့ ယနေ့သိသွားပြီ (မှန်ဖ!) ဘယ်လို သိပါလိမ့်....(သစ္စာသိဘို့ အခြံအရံတွေ့ပါဘုရား) သစ္စာသိဘို့ အခြံအရံတွေ့ဘုရား....မလုပ် မဖြစ်ဘူးဘုရဲ့...။

တခါသွားပြန်ပြီတဲ့.... သမထတွေ့မှုတည်ပြီးသကာလ တကာ တကာမတွေ့ လုပ်နေကြပြန်တာလဲ ဘယ်အကျိုးငှာပါလိမ့်.... (သစ္စာသိဘို့ အခြံအရံဆွေ့ပါ) သြော်....သစ္စာ အခြံအရံတွေ့ ပါကလားဆိုတာ တကာတကာမတွေ့ပေါ်လာပြီနော်....(မှန်ပါ!)

တခါဘုန်းကြီးကလဲ ဖြစ်ပျက်တွေ့ ရှုခိုင်းနေတယ်၊ ဝိပဿနာ အလုပ်ကြီး လုပ်ခိုင်းနေပြန်တယ်လို့ ဆိုတာလဲ အားလုံး တကာ တကာမတွေ့ ဘယ်အကျိုးငှာပါလိမ့်.... (သစ္စာသိဘို့ပါဘုရား)။

သြော်....ဒါဖြင့် သစ္စာချည့်ဲ သွားဆိုက်တယ်.... (မှန်ပါ!)။

နောက်က တကာ တကာမတွေ့ ဘယ်သွားဆိုက်ပါလိမ့်.... (သစ္စာချည့် သွားဆိုက်ပါတယ်ဘုရား)။

ဩော်....ဒါဖြင့် မောင်နိုင် သစ္စာသိမှ နိဗ္ဗာန်ကို ပိုင်ပိုင်နိုင် နိုင်မိတာကိုး....(မှန်ပါ့) သစ္စာမသိသေးယင်.... (ပိုင်ပိုင်နိုင်နိုင် မမိသေးပါဘုရား)။

နိဗ္ဗာန် ပိုင်ပိုင်နိုင်နိုင် မမသေးတော့တကာတကာမတူ သစ္စာသိဘို့ အခြံအရံတွေဟာ ဘယ်လောက်မျှားတယ် ဆိုတာဟာဖြင့် အခုပြောတဲ့အတိုင်း သိလောက်ပါပြီ....(မှန်ပါ့) ဒါဖြင့် လိုရင်းက ဘယ်သူပါလိမ့်မလဲ ဆိုတာ ကိုဝတို့ ကိုပေါ်တို့ ဘုန်းကြီးပြောဘို့ မလိုတော့ဘူး.... (မှန်ပါ့) သစ္စာ၏ အခြံအရံတွေဆိုတော့ သစ္စာသိတယ်ဆိုတာ ပေါ်လာတယ်.... (ပေါ်လာပါတယ်ဘုရား)။

ကောင်းပြီ....ဒါဖြင့် သစ္စာသိဘို့ အရေးဟာ အကြီးဆုံးဘဲ ဆိုတော့ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဥပမာပြတယ်၊ သစ္စာမျှားသိအောင် လုပ်ပါကွာဆိုတဲ့ဥစ္စာ သစ္စာဟောတတ်တဲ့ဆရာနဲ့တွေ့ဘို့ သစ္စာနာတတ်တဲ့နားလဲရှိဘို့ သစ္စာ ဒီအချိန် မကုန်ခင် ကလေး မိလိုက်ဘို့၊ မောင်နိုင် ဘယ်နှစ်ချက် ပါလိမ့်မလဲ.... (သုံးချက်ပါဘုရား)။

သစ္စာဟောတတ်တဲ့ဆရာနဲ့ တွေ့ဘို့.... (မှန်ပါ့) သစ္စာထောင်တတ်တဲ့နားလဲ ကိုယ့်သန္တာန်ရှိဘို့.... (မှန်ပါ့ဘုရား)။

သစ္စာမကုန်ခင်ကလေးဆိုတာ ဒီသာသနာ မကုန်ခင်ကလေးသာ သစ္စာရှိတာ....(မှန်ပါ့) သာသနာကုန်ယင် ဒါနဲ့, သီလ, သမထတွေက လွှမ်းမိုးသွားတယ်....(မှန်ပါ့)။

ဒါဖြင့် သစ္စာခေတ်ကလေး မိဘို့လဲ အရေးကြီးတာဘဲ.... (မှန်ပါ့)။

တကာတကာမတွေ့ နား-လည်ကြရဲ့လား.... (နားလည်ပါတယ်ဘုရား)။

အဲဒါကြောင့် သေသေချာချာ ဂရုစိုက်ပြီးသကာလ ဆြော်ဆရာဘုန်းကြီးသည် အရေးကြီးတာကို ကြီးလို့ပြောတယ်ဆိုတဲ့ ဥစ္စာကိုကိုဝ တို့ကသေသေချာချာမှတ်ရမယ်(မှန်ပါ့ဘုရား)အရေးမကြီးလို့ရှိယင် ဘုန်းကြီးကလဲ ဘယ်အပင်ပန်းခံမလဲ၊ ဒီတကာတကာမတွေ့လဲ ဘုန်းကြီးဆီကို အလာမခိုင်းတော့ပါဘူး၊ အခုတော့ဖြင့် သစ္စာဟောတတ်တဲ့ ဆရာလဲရှိ သစ္စာထောင်တတ်တဲ့ နားလဲရှိ၊ သစ္စာကလေးကလဲ သာသနာတော်ဝင်း အချိန်မကုန်ခင် ကလေးကလဲ မိနေတော့ သုံးချက်ညီညွတ်ခြင်းကြောင့် တကာတကာမတွေ့ကို ဒီအချိန်ဖြင့် မလွဲစေနဲ့လို့ဆိုတာ တောင်းပန်လိုက်တယ်....(မှန်ပါ့)။

ဒီအချိန် လွဲသွားလို့ ဝိပဿနာချည့် ကျန်နေရစ်ပြန်လဲ သစ္စာမဆိုက်လို့ရှိယင် မောင်နှိုင် ကုသိုလ်ဘဲရမယ်....(မှန်ပါ့) သမထတော့လုပ်ပြန်လဲ ထို့အတူဘဲ ကုသိုလ်ရ- ဗြဟ္မာပြည်သွား၊ ဒါနတွေ့ သီလတွေ့ ဆောက်တည်ပြန်လဲ သုဂတိသွားဆိုတော့ သွားတာမကျေနပ်လို့ မဟုတ်ပါဘူး၊ ကိုပေါ်တို့ ကိုဝတို့နော် (မှန်ပါ့) သစ္စာမသိသေးတဲ့ ပုဂ္ဂိုလ်ဟူသ၍ ဒုက္ခသစ္စာရှိတဲ့ဘက်ချည့်လှည့်တယ်....(မှန်ပါ့)။

သစ္စာမသိတဲ့ပုဂ္ဂိုလ်ဟာ....(ဒုက္ခသစ္စာရှိတဲ့ဘက်ချည့် လှည့်ပါတယ်ဘုရား)။

ခင်ဗျားတို့ဘဲ စဉ်းစားကြည့်ပါတဲ့၊ ရှာမှီးခြင်း လဲနေလိုက်တဲ့ ဖြစ်ခြင်း၊ ဆြော်.... ယောကျ်ားဆိုယင် ခင်ပွန်းမရှိမှ၊ ခင်ပွန်းမ

ဆိုလို့ရှိယင်လဲ ယောကျ်ားအစောင့်အရှောက်ရှိမှ.... ဆိုတော့ ဒီမှာ ရှာမှီးခြင်းလဲနေလိုက်တာ၊ ရှာရမှာက သစ္စာ ရှာရမှာ.... (မှန်ပါ့ဘုရား) မဟုတ်တာကို အရှာကဲနေတယ် ဆိုယင်ကောလဲမလား....(မလဲပါဘုရား)။

ဒါ သစ္စာသာသနာရှိတုန်းမှာကို ကိုယ်ကိုယ်တိုင် လဲနေကြတာကို တာဝန်ခံကြပါပြီ.. (မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

တခါ သစ္စာရှိတုန်းမှာဘဲ ဘုန်းကြီးတို့ တကာတကာမတော့ ဒါနတရား, သီလတရားကလေးနဲ့ဘဲ အချိန်ကုန်ပြီး နေခဲ့ရတဲ့ အခါကာလကလဲ ကိုပေါ် မနည်းလှဘူး.... (မှန်ပါ့ဘုရား)ကွယ်နေတယ်ဆိုတာ သိပလား....(သိပါပြီ)။

နို့ သစ္စာထဲမှာမှလဲ နိဗ္ဗာန်ကလဲပါတယ်....(မှန်ပါ့) နိဗ္ဗာန်ဘယ်ထဲပါသတုံး....(သစ္စာထဲမှာ ပါပါတယ်)။

သစ္စာထဲမှာပါတော့ နိဗ္ဗာနသစ္စာကိုမသိ၊ ထိုကဲ့သို့ မသိတော့ တကာတကာမတွေသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် နိဗ္ဗာန ရှိရာကို သွားမလား....တဲ့၊ နိဗ္ဗာနမရှိရာ သွားမလားဆိုတာလဲ မောင်နိုင်ဘဲ ဝေဘန်ကြည့်ပါတော့.... (နိဗ္ဗာန မရှိရာ သွားပါတယ်ဘုရား)။

သစ္စာသိတဲ့ ပုဂ္ဂိုလ်ဟာ နိဗ္ဗာနရှိရာသွားတယ်.. (မှန်ပါ့) သစ္စာမသိတဲ့ပုဂ္ဂိုလ်ဟာတဲ့ နိဗ္ဗာန်ရှိရာ မသွားဘဲနဲ့ဒုက္ခရှိရာသွားတယ်....(မှန်ပါ့)။

တကာကြီးလှိုင် ရိပ်မိပလား.... (ရိပ်မိပါ့ဘုရား) သစ္စာမသိတဲ့ ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်ရောမရှိရာမသွားး၊ ဒုက္ခရှိရာကိုသာသွားတယ်.... (မှန်ပါ့) သဘောကျပလား....(ကျေးဇူးပါ့ဘုရား)။

ကောင်းပြီ ဒါဖြင့် သစ္စာမျှားဖြင့် ကွာ .. တဲ့ ငါအင်မတန် ကြီးကျယ်တဲ့ သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ မင်းတို့ကို ချိန်လိုက်တဲ့ ဥစ္စာဟာ သစ္စာဟောတတ်တဲ့ ဆရာနဲ့ သစ္စာထောင်တတ်တဲ့ နားနဲ့ သစ္စာသာသနာ မကုန်ခင်ကလေး ကြုံဘို့ရာမျှား အလွန် ခဲယဉ်းတယ်....ဆိုတဲ့ဥစ္စာ ငါ.... ဥပမာ တခုပြောမယ် နာဏ်ထောင်ကြည့်စမ်း....ဆိုပြီးသကာလ သံယုတ်ပါဠိတော်ကြီးမျှား မှာလာတယ်နော်....(မှန်ပါ့)။

အနှစ်တရာမှတခါပေါ်တဲ့ပင်လယ်ထဲလိပ်ကန်းကြီးတကောင် ရှိတယ်တဲ့ မောင်နှိုင်း (မှန်ပါ့) ဒီကနေ ရောဝတီမြစ်ကနေပြီး မျောလိုက်တဲ့ ထန်တုံးကြီး တခုကလဲ တပေါက်တည်းဖောက်ပြီး သကာလ မျောလိုက်စမ်းပါတဲ့နော်....(မှန်ပါ့)။

ပင်လယ်ထဲ ရောက်သွားတော့ တောင်လေတိုက် မြောက်.... မြောက်လေတိုက်တောင်၊ အရှေ့လေ တိုက်ယင် အနောက်၊ အနောက်လေ တိုက်ယင် အရှေ့ကို ထန်တုံး ပြန်လှည့်တယ်.... (မှန်ပါ့)။

အနှစ်တရာမှ တခါပေါ်တဲ့ လိပ်ကန်းကြီးကလဲ ဒီထန်တုံး ပေါက်ကို လျှိုမိဘို့ မောင်နှိုင် ဘယ်နှယ်နေသတုံး... (ခဲယဉ်းပါ တယ်ဘုရား) သူကလဲ လိပ်ကန်းကိုး....(မှန်ပါ့)။

အဲဒါ ငါဘုရားသခင်ကိုယ်တော်မြတ်ကြီးကလျှိုမိမယ်ဆိုယင် လျှိုမိဘို့ သစ်တုံးကလဲမဆွဲး လိပ်ကန်းကလဲ မသေသေးယင် ကြုံချင်ကြုံဦးမယ်ကွာ....တဲ့။

ခုနင်က ပြောခဲ့တဲ့ သစ္စာဟောတတ်တဲ့ဆရာ၊ သစ္စာထောင်တတ်တဲ့နား သစ္စာသာသနာမကုန်ခင် မိဘို့ရာဟာဒီ့ထက်ခဲ့ယဉ်းတယ်တဲ့(မှန်ပါ့)။

ဒီလိုဆိုတော့ တကာကြီးလို့ဒါကလေး လွတ်ထွက်သွားယင် သိပ်ဝမ်းနည်းစရာကောင်းပါကလား.... (မှန်ပါ့) နောက်က တကာတကာမတွေ့ ဝမ်းနည်းလောက်အောင်ဘဲ ဖြစ်တယ်ဆိုတာကော ပေါ်ကြပလား... (ပေါ်ပါပြီ)။

အဲဒါကြောင့် သစ္စာရှိတုန်းကို သစ္စာသိဘို့ အရေးကို.... ကိုဝ ကြိုးကြိုးစားစားနဲ့ဘဲ နာလဲ-နာလို့၊ သိလဲ-သိအောင် လုပ်ဘို့ အရေးကြီးပါတယ်....(မှန်ပါ့ဘုရား)။

ပြီးတော့ ခင်ဗျားတို့မှာ ဒီ သုံးပါးညီနေတယ် ဆိုတာလဲ.... မောင်နှိုင် ပြောသံကြားလား၊ ကိုယ်တော့လား.... (ကိုယ်တော့ပါဘုရား)။

အဲဒီသုံးပါး ညီနေတယ်ဆိုတာလဲ တကာတကာမတို့ ဟောတတ်တဲ့ ပုဂ္ဂိုလ်နဲ့လဲတော့၊ ထောင်တတ်တဲ့ နားကလဲရှိ၊ သစ္စာအချိန်မကုန်ခင်မိ နောက်နှစ်ထောင့်ငါးရာ လျော့လျော့ဆိုယင် ကိုဝ-ပျောက်ပြီဗျာ....(မှန်ပါ့ဘုရား) ဒီတော့ အချိန်ကလေးကော မမိလိုက်ဘူးလား....(မိပါတယ်ဘုရား)။

ဒီထဲမှာမှတခါ ခင်ဗျားတို့ကလဲ ဒီ ဆရာဟောနေတယ်၊ဟော တတ်တဲ့ ပုဂ္ဂိုလ်ကလဲ ရှိပြန်တော့ ခင်ဗျားတို့ကလဲ အသေက မဥ်းနှင့်လို့ တခါတွေ့ပြန်တယ်.... (မှန်ပါ့) အသေဦးသွားတဲ့ ပုဂ္ဂိုလ်တွေ့ ဒါန, သီလ, သမထနဲ့ မျှသွားတာတွေ့ ကိုဝ၊ ကိုပေါ်တို့ တပြုံကြီးရှိပါလိမ့်မယ်ဆိုတာကော ငြင်းဘို့လိုသေး သလား....(မလိုပါဘုရား)။

ကဲ... ခင်ဗျားတို့ကလဲ အသေမဥ်းလို့ အချိန်မိနေတယ်ဆို တော့ ဒီ အချိန်ထက်ကောင်းတာ မောင်နိုင် ရှိသေးရဲ့လား(မရှိ ပါဘုရား)။

ဟာ....ဒါ....ဘုန်းကြီးက အရေးတကြီး ပြောနေလို့ ဒို့မှာ လှုမ်းဆွတ်နေရတဲ့တရားမျိုးလို့ ဒီလို မယူပါနဲ့.... (မှန်ပါ့) တကယ်ကို အချိန်မိလို့ တကယ် တကာတကာမတွေ့မှာ ထူးချွန် တဲ့ ပုဗ္ဗေစကလဲ ပါပြန်လို့ ယခုအချိန်ကြီးမှာ အကုံကြီးကုံတယ် ဆိုတာ ဦးဘရှင်း လေးစားစွဲနဲ့ မှတ်လိုက်ပါ .... (မှန်ပါ့) တကာတကာမတွေ့ လေးစားစွဲနဲ့ မှတ်ရမယ်နော်....(မှန်ပါ့)။

ကြည့်လေ....အခုပြောတော့ သစ္စာဟောတတ်တဲ့ ဆရာလဲရှိ၊ ခင်ဗျားတို့မှာလဲ ထောင်တတ်တဲ့ နားကကော ... (ရှိပါတယ် ဘုရား) တခါ သစ္စာသာသနာ မကွယ်ခင် အချိန်ကလေး ကကော....(ရှိပါတယ်)။

အချိန်ကလေးက မိုလိုက်သေးတယ်....(မှန်ပါ့) ကိုယ်ကလဲ မရဏာ မင်းက မဥ်းသေးလို့ တွေ့ရတယ်... (မှန်ပါ့) မရဏာမင်းက ဦးသွားပြန်တော့....(မတွေ့ရပါဘုရား)။

မတွေ့ရဘူးဆိုတော့ သြော်.... ဒါဖြင့် ဒို့သည်ကားလို့ဆို ယင်ဖြင့် လေးချက်မိပြန်တာဘဲ....(မှန်ပါ့)။

ဒါဖြင့်....ဒီ တကာတကာမတွေက ဆုံးဖြတ်ချက်ချ၊ သြော်.... ဒို့ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရထိုက်တဲ့ ကံ့ဟာ ဒီလေးချက်ဆုံတာကိုး-(မှန်ပါ့)။

မောင်နှိုင် လေးလေး-စားစားမှတ်ပါနော် .... (မှန်ပါ့) မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရထိုက်တဲ့ သစ္စာကို သိတတ်တဲ့ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရထိုက်တဲ့ အဖြစ်ဟာ ဒို့ ဒီထက်ကောင်းတာ မရှိတော့ဘူး....(မှန်ပါ့)။

ဒါ ကျော်ယင်လဲ လွတ်သွားမယ်.... (မှန်ပါ့) ဒီ-ရှေးကလဲ လွတ်ခဲ့ပြီ....(မှန်ပါ့)။

ဒီ....ရှေးကလဲ ဒီ သစ္စာကို စ,ပြီး ပြောဘို့ ဆိုဘို့ကို .... ကိုဝ အတော် ခဲယဉ်းတယ်....(မှန်ပါ့ဘုရား)။

ဒါဖြင့်....ရှေးက ခင်ဗျားတို့ ဘိုး-ဘွားတွေ့ သေခဲ့တာတွေလဲ အင်း .. သာသနာ သစ္စာအချိန်တော့ မိပါရဲ့၊ ဟောတတ်တဲ့ ဆရာနဲ့ မတွေ့ဘူး....(မှန်ပါ့) မနာဘူးလားဗျာ.... (နာပါတယ် ဘုရား)။

နာတာမှ သြော် .... သာမည နာသွားတာလား၊ လိုရင်း အချက် နာသွားတာလား .... (လိုရင်းအချက် နာသွားတာပါ ဘုရား)။

တကာကြီးလိုင် ဒါကြောင့် ခင်ဗျားမသေသေးနဲ့ဦးပြောတာ ဗျ....(မှန်ပါ့) အင်မတန် အရေးကြီးနေတယ်ဆိုတဲ့ အဓိပ္ပါယ်ဟာ ရှင်းပလား....(ရှင်းပါပြီ)။

အဲ့ဒါကြောင့်တဲ့ ခုနင်က လိပ်ကန်းထမ်းပိုးဆိုတဲ့ဥစ္စာ လိပ်ကန်းနဲ့ ထမ်းပိုး လျှိုမိဘို့ရာ ဓရှိဘူးတောင် ပြောဘို့ကောင်းတယ်....(မှန်ပါ့) သို့သော် ဘုရားသခင် ကိုတော်မြတ်ကြီးက လျှိုချင်လျှိုပေဦးမယ်ကွာတဲ့....(မှန်ပါ့)။

ထွန်တုံးကြီးကလဲ မဆွေး လိပ်ကန်းကလဲ မသေသေးဆိုလို့ ရှိယင်ဖြင့် အဲဒါ ကြုံချင် ကြုံလိမ့်ဦးမယ်၊ မင်းတို့ အခုအထိ လေးပါးကြုံဘို့ရာကဖြင့် ငါမမြင်ဘူးပြောတာ...(မမှန်ပါ့)။

စဉ်းစားကြည့်ပါ၊ ဘုရားသခင်၏ လောကီဆရာ အာဠာရကာလာမဆိုတဲ့ ရသေ့ရှိတယ် ကိုဝ....၊ လောကီဈာန်တွေ့ သင်ပေးတာ အာကိဉ္စညာယတန ဈာန်ထိအောင်(မှန်ပါ့)နောက်တခါ ဥဒကတို့က နေဝသညာ နာသညာယတနဈာန်တို့ သမထ အကြိုးအာကျယ်တွေ့ပေါ့လေ.... မောင်နှိုင် အဲဒါတွေ့ သင်တဲ့ဆရာတွေ့ဟာ ဘုရားမဖြစ်ခင် တွေ့လိုက်ရသေးတယ်....(မှန်ပါ့)။

ဘုရားမဖြစ်ခင် တွေ့လိုက်တယ် ဦးဘရှင်း.... သူ့ဆရာတွေ့ မဟုတ်လားဗျာ....(မှန်ပါ့)။

နောက်တခါ ဗောဓိပင်နဲ့ ရှေပလွင်မှာ သူ...သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ်...ဆိုတဲ့ သုံးဉာဏ်ကို သူရလိုက်တယ်....(မှန်ပါ့)။

ရလိုက်တဲ့အခါကျတော့မှ ကိုင်း....ငါလဲ သစ္စာသိလို့ ဘုရားဖြစ်ပြီ၊ ဘယ်သူ့ ရှေးဦးစွာ ချွတ်ရပါ့မလဲလို့ ဆိုတော့ ရှေးဦးစွာ အောက်ဈာန်သင်တဲ့အာဠာရ သွားပြီးသတိရတယ်။

ဩော်....ငါ့ဆရာအာဠာဝရ ရဿေ့ရှိပါသေးကလားလို့ ဆိုပြီး စဉ်းစားလိုက်တဲ့အခါ အာဠာဝရကသေနှင့်တယ်၊ ခုနစ်ရက်ဦးတယ် (မှန်ပါ့)။

ကိုဝ.... ခုနစ်ရက်တည် းဦးတယ်၊ ဘုရားက သစ္စာဟောဘို့ ကြံတဲ့ နေ့နှင့် အသေက ခုနစ်ရက်စောတယ်....(မှန်ပါ့)။

ဒါ့ကြောင့် ခင်ဗျားတို့ မသေနှင့်သေးတာ ကောင်းတယ် ဆိုတဲ့စကားဟာ ကြီးကြီးပြောတာလားလို့ ဆိုတော့ မှန်ပါပေ တယ်သာလိုက်ရမယ်....(မှန်ပါ့)။

ကိုဝ.... မှန်တယ်ဆိုတာ လိုက်ရမယ်....(မှန်ပါ့)။

အဘိုးတန်အောင် ပြောနေတာလား.... တန်သဆင်တန်လို့ ပြောနေတာလားလဲ သတိထားပါဦး (တန်သဆင်တန် ဒုတာ ပါဘုရား)။

ဒါနဲ့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သူဌေးပဟော-ကမ္မာ ပေါင်း ခြောက်သောင်းတောင်သူဌေးပဟာ၊ အရှုံးကြီး ရှုံးပြီလို့ သူ့ဆရာကို အရှုံးကြီး ရှုံးပြီလို့ ဓမ္မသံဝေဂဖြစ်တော်မူခဲ့ တယ် ကိုဝ....(မှန်ပါ့)။

သစ္စာ မသိလိုက်ရဘူးကွာ ... ကမ္ဘာပေါင်း ခြောက်သောင်း တောင် ဒုက္ခသစ္စာနဲ့ နေရစ်ပေတော့....(မှန်ပါ့)။

ကဲ....မောင်နိုင် ဘယ်လောက် နာသွားသလဲ.... (နာပါတယ် ဘုရား) ဘာစောသွားလို့တုံး.... (အသေ စောသွားလို့ပါ့ ဘုရား)။

ဒါ....ခင်ဗျားတို့ အသေ မစောသေးဘူးဆိုတာလဲ ပေါ်ကြပြ လား....(ပေါ်ပါပြီ)။

ဒါ....အာဠာရမ္မာ ကိုဝ.... ခုနစ်ရက်တည်း ဒေသစောသွားတယ်....(မှန်ပါ့)။

တခါ လိုက်ဟောမယ်လို့ ကြံပြန်တော့လဲ နာမ်ဓမ္မသာရှိ၍ ထောင်တတ်တဲ့နားက မရှိပြန်ဘူး၊ အကြည်ရှုပ်က မောင်နိုင်.... မရှိပြန်ဘူး....(မှန်ပါ့)။

ပဿာဒရုပ် မရှိဘူး၊ အရှုပဘုံ ရောက်သွားတာကိုး၊အရှုပဘုံ ဆိုတာ နာမ်သာရှိ၍ ကိုဝ.... ရုပ်မရှိဘူး.... (မှန်ပါ့) နာမ်နဲ့ ရုပ်နဲ့ ပေါင်းပြီးတော့မှသာလျှင် အသံကို ကြားနိုင်တာကိုး.... (မှန်ပါ့)။

အဲဒီလိုက်ဟောမလို့ ဆရာ့ဆီ ကျေးဇူးဆပ်မလို့ စိတ်ကူးပြန်တော့လဲ ခုနင်က ပြောခဲ့တဲ့ ရုပ်ပြင်ရှစ်ပါး ရောက်သွားတယ် (မှန်ပါ့) သောတာပန် မတည်နိုင်တဲ့ ဒေဝဒပါယ် ရောက်သွားတယ်....(မှန်ပါ့)။

ကိုဝ မနာဘူးလားဗျာ.... (နာပါတယ်ဘုရား) သိပ်နာသွားတယ်။

နောက် ဒီလိုတွေးလိုက်တော့ ကိုယ်တော်မြတ်ကြီးကလဲ သိပါတယ်၊ သို့အနားရှိတဲ့ နတ်တွေကလဲ လာလျှောက်တယ်၊ ဘုရားကတော့ဖြင့် သစ္စာဟောတော်မူချင်လို့ ဘဲ၊ ဒီပုဂ္ဂိုလ်ဟာ အတော်ညာဏ်ထက်တဲ့ ပုဂ္ဂိုလ်ဘဲ၊ တိဟိတ်ကြီးတော့ဗျ.... (မှန်ပါ့) ကောင်းကင်ပျံ မြေသျှိုးနိုင်တဲ့ တိဟိတ်ကြီးတွေ....(မှန်ပါ့) သစ္စာသာသိလိုက်ရယင် ချက်ခြင်းပြီးသွားမယ် သံသရာ စခမ်းသဘ်မယ်.... (မှန်ပါ့)။

သို့သော် နောက်က တကာတကာမတွေ ဘာဖြစ်သွားတယ် ဆိုတာ သိကြပလား....(သိပါပြီဘုရား) ဘာဖြစ်သွားသတုံး.... (အသေစောသွားပါတယ်)။

အသေစောသွားတယ်၊မျိုးမျိုးစောသလား မေးလုိက်တော့ (ခုနှစ်ရက်တည်းစောပါတယ်ဘုရား)။

အဲဒီမှာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မဟာဇာနိယော ခေါ အာဠာရော၊ အာဠာရကြီးဖြင့်ရှုံးပဟေ့....သေသေချာချာ သစ္စာသိထိုက်တဲ့ဥာဏ် ပါလျက်သားနဲ့ အသေစောလို့ကွ.... ကမ္ဘာပေါင်း ခြောက်သောင်းတောင် သွားပဟေ့.... ရှုံးပဟေ့....(မှန်ပါ့) ကဲ....သမထကို အပြစ်တင်ချလိုက်တယ်.... (မှန်ပါ့) ဘယ်လောက်များ နစ်နာသွားသတုံး.... (နစ်နာပါတယ်ဘုရား)။

ကဲ....ဒါဖြင့် တကာတကာမတွေ အသေမစောသေးတာလဲ ထည့်မဟောရပေဘူးလား.... (ဟောရပါတယ်)။

မောင်နိုင် ဟောသင့်သလား.... (ဟောသင့်ပါတယ်ဘုရား) နောက်က တကာတကာမတွေ မဟောသင့်ဘူးလား ... (ဟောသင့်ပါတယ်ဘုရား)။

ဒါ့ကြောင့်တဲ့ ခင်ဗျားတို့ ကိုယ့်ပါရမီဟာ သေးဘယ်လို့ကိုဝ မယူနဲ့နော်.... (မှန်ပါ့) မယူနဲ့၊ အခု ခုနှစ်ရက်စောတာနဲ့ကမ္ဘာပေါင်း ခြောက်သောင်းတောင် တခါတည်း ဒုက္ခသစ္စာကြီးနဲ့ နေတော့ အဲဒီကပြန်လာလဲ ကျွတ်လိမ့်မယ်....လို့ ဘုရားက မမြင်သေးဘူး.... (မှန်ပါ့) ကမ္ဘာပေါင်းကလဲ

ခြောက်သောင်းတောင်ဆိုတော့ မောင်နိုင်ရာပျဉ်းစရာကြီးပေါ့.... (မှန်ပါဘုရား)။

အဲဒီက ပြန်တော့ ကျုတ်မှာလား.... (မကျုတ်သေးပါဘုရား) တော်တော်ကြာ့်တိရစ္ဆာန်တွေ ဘာတွေ ဖြစ်ချင်ဖြစ်ဦးမှာ.... (မှန်ပါ့)။

မနာဘူးလား.... (နာပါတယ်ဘုရား) အဲဒီ လောက်တောင် အနာကြီး နာနေလို့ တကာ တကာမတွေ တရားချီးနေတာ မဟုတ်ပါဘူး၊ ခင်ဗျားတို့၏ ဘုန်းထူး ကံထူးတွေ ရှိကြောင်းကို ပေါ်သွားအောင်လို့ ပြောနေတာပါ....(မှန်ပါ့) မပျင်းကြပါနဲ့ ဆိုတာပြောတာ ရှင်းပလား....(ရှင်းပါပြီ)။

ဒါနဲ့ ကိုပေါ်ရေ....ဆက်ပြီးတွေးတယ်၊ သစ္စာသိမည့်ပုဂ္ဂိုလ် မျှား ဘယ်သူမျှား ရှိပါသေးသတုံးလို့၊ဟာ ငါ့ဆရာတယောက် ရှိပါသေးကလား... အထက်ဗျာန်သင်တဲ့ ဥဒကဆိုတာ ရှိပါသေး ကလားဆိုတော့ ဘုရားကသစ္စာတရားဟောဘို့ကြံတော့ ဥဒကက ညကသေနှင့်ပြီ.... (မှန်ပါ့) ကဲ....မနာဘူးလား.... (နာပါတယ် ဘုရား) နည်းနည်း ကလေး နာရိပိုင်း လွဲသွားတယ်...(မှန်ပါ့ ဘုရား)။

ဦးဘကလေး ဘယ်နှယ်နေသလဲ.... (နာရိပိုင်းကလေးလွဲ သွားပါတယ်ဘုရား)။

သွားပြန်ပကွာ... တဲ့ အရှုံးကြီး ရှုံးပဟ.... သစ္စာမသိလို့က် ရတဲ့အတွက် အရှုံးကြီးရှုံးပြီကွလို့။

ဘယ်နှယ် သမထသမား ကောင်းကင်ပျံ မြေလျှိုး ကမ္ဘာ ပေါင်း ရှစ်သောင်း.... လေးထောင်တောင် နေရမှာ အရှုံး

ကြီး ရှုံးပြီလို့ ပြောရသတုံး.... ဆိုတော့ ဦးဘရှင်းက သူဌး ကြည့်လိုက်တာပေါ့.... သူက ဘာသစ္စာ သူဌးရသတုံး....(ဒုက္ခ သစ္စာ သူဌးရပါတယ်) ကဲ....မရှုံးသေးဘူးလား (ရှုံးပါတယ် ဘုရား)။

တကာတကာမတွေ့ ဝမ်းနည်းစရာ ပြောတဲ့စကား မဟုတ်ပါဘူး၊ ဝမ်းမြောက်စရာ ပြောတဲ့စကားပါနော်....(မှန်ပါ့)။

ဝမ်းမြောက်စရာ သြော်.. ဒီမှာ ခုနင်က ဆရာဘုန်းကြီး ပြောတဲ့အတိုင်း ဟောတတ်တဲ့ ဆရာနဲ့လဲတွေ့၊ ထောင်တတ်တဲ့ နားကလဲရှိ သစ္စာ သာသနာကလေးကလဲမိ အသေကလဲမစောဘူး အကြုံကြီး ကြုံပါသေးကလား ဆိုတာ လိပ်ကန်း ထမ်းပိုးထက် အဘိုးတန်ပြီ....(မှန်ပါ့) သဘောပါကြလား....(ပါ့ပါပြီ)။

အဲဒါကြောင့် နောက်ပိုင်းက ခဲခဲယဉ်းယဉ်းလာကြရတယ်၊ အားလုံး တကာတကာမတွေ့ သြော်.... တော်သေးရဲ့ တော်သေးရဲ့လို့ ကိုယ့်ဟာကိုယ် ရင်မပြီး ဝမ်းသာဘို့ သိပ်ကောင်းပါတယ်....(မှန်ပါ့)။

သိပ်ဝမ်းသာဘို့ကောင်းပါတယ် တကာတကာမတို့ သစ္စာ သိယင် အကုန်ကိစ္စပြီးတယ်....(မှန်ပါ့)။

မောင်နိုင် သစ္စာသိယင်.... (အကုန် ကိစ္စပြီးပါတယ်ဘုရား)။

သံသရာက မူးခဲ့၊ မိုက်ခဲ့၊ တေခဲ့၊ လေခဲ့ အပါယ်သူဌးစရာတွေ့ အပရာပရိယ ဝေဒနိယကံတွေ့ ယခုဘဝမှာ မိုက်ရှူးထားတာတွေ့ အကုန်အဟောသိကံဖြစ်.... သစ္စာသိယင်.... (မှန်ပါ့) ဒါတွေ့ဟာ မလိုက်နိုင်တော့ဘူး....(မှန်ပါ့)။

ဖြဟ္မာပြည်သွားဘို့ကံတွေဟာ ကျုပ်တို့မှာအမျိုးမျိုးရှိတယ် မောင်နိုင် ဒါတွေ့ ဘာဖြစ်ကုန်သလဲ.... (အဟောသိကံဖြစ်ကုန် ပါတယ်ဘုရား) အဓိစိသွားဘို့ ကံတွေကော.... (အဟောသိကံ ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ သစ္စာသိတဲ့ ဉာဏ်ဟာဖြင့် ကိုဝ ရေ... ကျုပ်တို့ သိန်းကျောက် သောင်းကျောက် မကပါဘူး၊ အဘိုးတန်တယ်ဟင်....(မှန်ပါ့) ကိုပေါ် ရိပ်မိပလား.... (ရိပ်မိ ပါပြီ)။

အဲဒါကြောင့် ကျောက်ထဲ မောမနေနဲ့၊ သစ္စာသိအောင် လုပ်ပစ်လိုက်ပါဆိုတဲ့ ဥစ္စာ ခင်ဗျားတို့ အရှုံးကြီးရှုံးမှာစိုးလို့ (မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီ)။

အရှုံးကြီး ရှုံးမှာစိုးလို့၊ သစ္စာမသိယင်ဖြင့် ဦးတိဿသန်း ဖြစ်တာ သစ္စာမသိလို့ သွားဖြစ်တာ... (မှန်ပါ့)။

ဘုရားနဲ့ တကျောင်းတည်းဇေတဝန်ကျောင်း နေပြီးသကာ လ ဦးတိဿ ရဟန်းကြီး သန်းဖြစ်တာဟာ သစ္စာ သိပြီးယင် အပါယ်လေးပါး ကျစရာမှမရှိဘဲ....(မှန်ပါ့ဘုရား)။

ဒါတို ရစ္ဆာန်ဘုံ ရောက်သွားတယ်.... (မှန်ပါ့) မဆိုးဝါး ဘူးလား ... (ဆိုးဝါးပါတယ်ဘုရား)ဘာလို့သွားသလဲ....(သစ္စာ သိဘို့ လိုသွားပါတယ်ဘုရား)။

သီလ မဖြူစင်ဘူးလား မေးလိုက်တယ်.... (ဖြူစင်ပါတယ် ဘုရား) မတတ်နိုင်တာနဲ့ မောင်နိုင် သစ္စာသိတဲ့ဉာဏ် မရတာ နဲ့ ကိုဝ....သန်းသွားဖြစ်ရတယ်....(မှန်ပါ့)။

ဘယ်နှယ်နေသတုံး... မဆိုးဝါးဘူးလား....(ဆိုးဝါးပါတယ် ဘုရား) တကာတကာမတွေ့ အင်မတန်ဆိုးတယ်ဆိုတာပေါ်ကြ ပလား....(ပေါ်ပါပြီ)။

အဲဒါကြောင့် ခင်ဗျားတို့ လှမ်းအောင် ဟောနေတဲ့ တရား မဟုတ်ပါဘူး၊ ဝမ်းမြောက်ဘို့အရေး အင်မတန် ပြီးနေပြီဆိုတာ အချိန်အခါကလေးကို အဘိုးတန်ကြောင်း ကိုယ့်အကြောင်း ကိုယ် အထိလေးပါး ညီနေတာကိုလဲ အပေါ်ကြီး ပေါ်အောင် လို့ ပြောနေပါတယ်...(မှန်ပါ့)။

သာမည ဆိုလို့ရှိယင်ဖြင့် တရား စ,လာတယ်ဆို သြော်.... ငါ့ဝတ္တရားက တရားပလွှင်ပေါ်ရောက်ယင် ဟောဘို့ဘဲ၊ တကာ တကာမတွေက နှာဘို့တင် ပြောမှာပေါ့ဗျာ....(မှန်ပါ့)။

အခုတော့ ဒီလိုမဟုတ်ပါဘူးတဲ့၊ ကိုယ့်မှာ အထိလေးပါး ညီနေတာလဲသိတော့မှ သြော်.... ဒါလဲသွားယင် ငါကိုယ်ကျိုး နည်းပြီ (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါလဲသွားယင်... (ကိုယ်ကျိုးနည်းပါပြီဘုရား) နို့... လဲတဲ့ ပဂ္ဂိုလ်တွေ့ အခုတော့ပြီမဟုတ်လား....(မှန်ပါ့) သမထသမားကြီး တွေ့ ကမ္မာပေါင်း ရှစ်သောင်း လေးထောင် မောင်နှိုင်.... (မှန်ပါ့) သွားပြီလို့ ညည်းတာဘဲ.... အရှုံးကြီး ရှုံးပြီကိုပြော တာဘဲ..(မှန်ပါ့) ခုနင်က သီလသမားကြီး သန်းဖြစ်နေတာလဲ ဒီအတိုင်း ရှုံးသွားတာဘဲ....(မှန်ပါ့) မရှုံးဘူးလား.... (ရှုံးပါ တယ်ဘုရား)။

ဟိုး....ဒါနသမားတွေ မလွဲကာ မိဖုရားတွေ (၇) ရက်အပါယ်ကျသွားတာလဲ ရှုံးတာဘဲ....ဒုံ(မှန်ပါ့) မရှုံးဘူးလား.... (ရှုံးပါတယ်ဘုရား)။

သစ္စာသိပြီးယင် အခုပြောတဲ့ပုဂ္ဂိုလ် သုံးယောက်ဟာ ဒီနေရာတွေ့ ရောက်ဘို့ ရှိသေးရဲ့လား....(မရှိပါဘုရား)။

ဒါဖြင့် ဦးဘကလေး ကျေကျေ နပ်နပ်ဘဲ သဘောကျပြီးသကာလ ငါတော့ဖြင့် သေပျော်ပြီဟေ့.... ဆိုတဲ့ဥစ္စာ ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက်ရမယ်....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

ကောင်းပြီ ဒါဖြင့် သစ္စာကိုတဲ့ ဘယ်နှစ်ဦးနဲ့ တပည့်တော်တို့ သိရမှာတုံးဆိုတာ တရားတပဲ့လုံးက မေးရတော့မယ်....(မှန်ပါဘုရား)။

သစ္စာကို တပည့်တော်တို့ သိချင်ပါပြီဘုရား၊ သမထသမားတွေလဲ ရှုံး၊ သီလသမားတွေလဲရှုံး၊ ဒါန သမားတွေလဲရှုံး အရှုံးကြီးရှုံးပြီးသကာလသူ့းတာတွေဟာ ဂတိမမြဲသေးဘဲကိုး ဗျ....(မှန်ပါ့) ဂတိကသစ္စာသိမှ ဂတိမြဲတာ....(မှန်ပါ့)။

သစ္စာမသိသေး၊ ဘာလုပ်နေနေ ဂတိက.... (မမြဲပါဘုရား) ကိုဝ... လားရာဂတိဘယ့်နှယ်တုံး....(မမြဲသေးပါဘုရား)။

ဘာ့ကြောင့်တုံး....ဆိုတော့မှ ဝိနိပါတိကဘေး ဗရမ်းဗတာကျတဲ့ဘေးကို သစ္စာကမှ ကယ်နိုင်တာ....(မှန်ပါ့) ကျန်တဲ့ဟာက (မကယ်နိုင်ပါဘုရား) ကဲ... ကျေနပ်ပလား.... (ကျေနပ်ပါပြီဘုရား)။

အဝိဇ္ဇာနိပါတဓမ္မော....ဆိုတာက သစ္စာ သိပြီးတဲ့ပဋိလ်ိုက်သာ ဟောတာ တခြားသောပဋိလ်ိုက် ဟောကိုမဟောဘူး(မှန်ပါ့)။

ဒါ့ကြောင့် အားလုံးတကာတကာမတွေဒီသစ္စာသိအောင်ဖြင့် လုပ်ရတော့မယ်....(မှန်ပါ့)။

နောက်က တကာတကာမတွေ ဘာအရေးကြီးပါလိမ့် (သစ္စာသိဘို့ အရေးကြီးပါတယ်ဘုရား)။

သစ္စာသိဘို့ အရေးကြီးတော့တယ်.... ဆိုတဲ့ ဥစ္စာကိုဖြင့်....တဲ့ ခင်ဗျားတို့ ဒီ့ထက် အရေးကြီးတဲ့တရားဖြင့် ရှာလို့ဖတော့မတွေ့တော့ဘူး... (မှန်ပါ့)။

ရှာလို့မတွေ့ဘူး၊ ဘုန်းကြီးလဲ ပို့ဆက်သုံးပုံ အကုန်နှံ့နေတာဘဲ၊ သူအရေးအကြီးဆုံး၊ သူအရေးအကြီးဆုံးဆိုတာ ဘုရားသွားပြီး ကြည့်လိုက်ပြန်တော့လဲ သစ္စာမသိလို့ ရှုံးတာတွေ့ချည့်ဘဲသူကဟောတယ်....(မှန်ပါ့) ငါကိုယ်တိုင်လဲ ရှုံးခဲ့တယ်ကွာ....တဲ့၊ နောက်ကျတော့ သူပါလှည့်တာဘဲ....(မှန်ပါ့)။

ငါကိုယ်တိုင်လဲကွာ.... သစ္စာမသိတာနဲ့ ရှုံးလိုက်တဲ့ဖြစ်ခြင်းမပြောပါနဲ့တော့... ရှည်လိုက်တဲ့သံသရာကွ....(မှန်ပါ့)။

ကြည့်ပါလားဗျ၊ ပါရမီ ရင့်ပြီးသားကြီးတွေတောင် နဂါးကြီးတွေဖြစ်နေရတယ်.... စမ္မေယျတို့ ဘုရိဒတ်တို့ မောင်နှိုင်.... သစ္စာမသိလို့... (မှန်ပါ့) ဘုရားအလောင်းတဲ့ကွာ.... နဂါးကြီးဖြစ်ရတယ်၊ စမ္မေယျတို့ ဘုရိဒတ်တို့၊ ခင်ဗျားတို့ကတော့ ဘတ်လို့ကောင်းတယ်သာထင်တယ်....(မှန်ပါ့)။

ဩော်... တယ်သည်းခံနိုင်ပါလား၊ တယ်တော်ပါလား၊ဘုရား အလောင်းများ တယ်စွန့်ပါလား၊ မဟုတ်ဘူး သစ္စာမသိလို့ ဖြစ်နေရရှာတာ.... (မှန်ပါ့)။

တယ်တော်တယ်လို့ ခင်ဗျားတို့က ချီးမွမ်းမနေနဲ့၊ ကိုဝ.... တော်တာလား.... သစ္စာမသိလို့ ဖြစ်နေတာလား....(သစ္စာမသိလို့ ဖြစ်နေတာပါ)။

အဲဒါ.... ခင်ဗျားတို့က ဒီဇာတ်တော်တွေ ဘတ်တဲ့ပြီးသကာလ လွှမ်းလိုက်တာနဲ့ ဆွဲလိုက်တာနဲ့၊ ဩော်.... ဘုရားအဖြစ် ရပေတာ မလွယ်ပါလား၊ ဒီလို သည်းခံနိုင်မှုပါကလားဆိုတော့ ခင်ဗျားတို့က မရောင်ရာ ဆေးလိမ်းမိ.... ဖြစ်နေတယ်၊ ဒါဘယ့်နှယ်ကြောင့် ဒီကိုယ်တော်ကြီး ဇာတ်ကြီးဆယ်ဘဲဖြစ်နေရပါလိမ့် မတုံးလို့ မေးတဲ့အခါကျတော့မှ ဦးဘရှင်း အဖြေထွက်ပေါ်လား (ထွက်ပါပြီဘုရား)။

ဘယ်လိုထွက်သတုံး.... (သစ္စာမသိလို့ ဖြစ်ရတာပါ) သစ္စာမသိလို့ တိရစ္ဆာန်ကြီးတွေ ဖြစ်ရတဲ့ဘဝတွေကိုးဗျ(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

သစ္စာသိပြီးတဲ့ပုဂ္ဂိုလ်မှာ "စတူဟာပါယေဟိ စ ဝိပ္ပမုတ္တော" ဆိုတာက ရှိပြီးသား ဖြစ်နေတော့ လွတ်ပါတယ်.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

အဲဒါ သစ္စာအသိ နောက်ကျနေတာတွေဟာ အမျိုးမျိုး ထင်ရှားသွားတယ်ဆိုတာ အခုဟောနေတယ်....(မှန်ပါ့)။

ကဲ.. ကျေကျေ နပ်နပ် သဘောကျပလား.... (ကျပါပြီ ဘုရား)။

သစ္စာမသိတဲ့အပြစ်လောက် ကြီးတာဖြင့် ဦးဘရှင်းမြင်သေးလား....(မမြင်ပါဘုရား)။

ကဲ....ဒါဖြင့် သစ္စာ ဘယ်နှစ်မျိုးနဲ့ သိရမှာတုံးဘုရား....ဆို တာသာ ခင်ဗျားတို့ တရားတပ်လုံးက လျှောက်ဘို့ဘဲ လို့ဟာ တယ်....(မှန်ပါ့)။

ဟောပါးတာ့ဘုရား....တပည့်တော်တို့အရေးကြီးမှန်း အင်မ တန်သိပါပြီ၊ တပည့်တော်တို့ ခန္ဓာကိုယ်ကလဲ အနတ္တပါ။ အဲဒီ တော့ ဒီနေ့လား.... နက်ဖြန်လားမသိဘူး၊ ယခုမိုဘို့ဘဲ အရေး ကြီးပါတယ်ဆိုတာ တရားတပ်လုံးက လျှောက်ဘို့သိပ်အရေးကြီး တယ်....(မှန်ပါ့) မကြီးဘူးလား.... (ကြီးပါတယ်ဘုရား)။

ခန္ဓာကိုယ်က အစိုးရကြရဲ့လား ... (မရပါဘုရား) ဒီနေ့လာ နိုင်ပေမဲ့ နက်ဖြန်မလာနိုင်ဘူးဆိုတာလဲ ဒီထဲဖြစ်နိုင်တာချည့်ဘဲ (မှန်ပါ့) ရှင်းပြီနော်....(မှန်ပါ့)။

ကဲ....ဒါဖြင့် ယနေ့ အရေးကြီးတဲ့တရားဟာ ဦးဘကလေး ဘာဘရားဟောမယ်....(ယနေ့ အရေးကြီးတဲ့တရား ဟောပါလိမ့် မယ်ဘုရား)။

ယနေ့ အရေးကြီးတဲ့တရားကို ဟောလိမ့်မယ်ဆိုတာ နောက် ပိုင်းက တကာတကာမတွေ့လဲသေသေချာချာမှတ်ပါ....(မှန်ပါ့) ဒါနဲ့ ပဋိသန္ဓေဒါမက်က သစ္စာဉာဏ် ကိစ္စာဉာဏ် ကတညာဏ်ကို့ မနေ့က အကျဉ်းဟောခဲ့တယ်၊ ဒီနေ့ အကျယ် ဟောလိမ့်မယ် လို့ မှတ်ပါနော်....(မှန်ပါ့)။

ဒီနေ့ အကျယ်ဟောလိမ့်မယ်ဆိုတဲ့ဥစ္စာက သစ္စာဉာဏ်ဆိုတာ သည် ၁-နံပါတ်ဉာဏ်၊ အောက်တန်းဉာဏ်၊ ကိစ္စာဉာဏ်ဆိုတာ

ဒေါလတ်စားညာဏ်၊ မောင်နိုင်နော်....(မှန်ပါ့) ကတညာဏ်ဆိုတာ အထွဋ်ဆိုးညာဏ်... (မှန်ပါ့)။

သစ္စဉာဏ်သည်ကား အညံ့စားညာဏ်.... (မှန်ပါ့)။
ကိစ္စဉာဏ်က....(အလတ်စားညာဏ်ပါဘုရား)။
ကတညာဏ်က....(အထွဋ်ဆိုးညာဏ်ပါဘုရား)။

ဒါဖြင့် ဒီညာဏ်သုံးဆင့်ကို တကာ တကာမတွေ ပြောတော့မယ်....(မှန်ပါ့)။

သစ္စဉာဏ်ဆိုတာ တကာတကာမတွေ သစ္စာသိဘို့ညာဏ်၊ ကိစ္စညာဏ်ဆိုတဲ့ညစ္စာက ဘယ်သူ့ကို ပိုင်းခြားသိရမယ်၊ ဘယ်သူ့ကို ပယ်ရမယ်၊ ဘယ်သူ့ကိုမျက်မှောက်ပြုရမယ်၊ဘယ်သူ့ကိုပွားများရမယ်လို့ သိတဲ့ညာဏ်က ကိစ္စဉာဏ်.... (မှန်ပါ့ဘုရား)။

ကတညာဏ်ဆိုတာကခပ်ကျဉ်းကျဉ်းအခုစကားအကျယ်မပြောသေးပါဘူး၊ သြော်.... ငါသည်ကားလို့ ဆိုယင် ပိုင်းလဲပိုင်းခြားပြီးပြီ၊ ပယ်လဲပယ်ပြီးပြီ၊ မျက်မှောက်လဲပြုနိုင်ပြီ၊ပွားလဲ ပွားဖြီးပြီလို့ သိတဲ့ညာဏ်ဟာ ဘာညာဏ်တဲ့.... (ကတညာဏ်ပါဘုရား) ကတညာဏ်၊ ဒါ....အကျဉ်းပြောပါတယ်....(မှန်ပါ့)။

ကဲ... ဒါဖြင့် အကျယ်ပြောကြစို့ တကာတကာမတွေဝေဘန်ပေါမှသိမည့် တကာတကာမတွေမို့ မောင်နိုင် ဝေဘန်လို့ကမယ်....(မှန်ပါ့)။

ဝေဘန်ရမယ်တဲ့ နောက်က တကာတကာမတွေ မပျင်းဘဲနဲ့ ဒီညစ္စာ အထူးဂရုစိုက်ပါနော် (မှန်ပါ့)ဂရုစိုက်ပြီးတော့ ခန္ဓာထဲညာဏ်စိုက်ကြည့်တာပေါ့.... ပြောတာလဲ နားထောင် ခန္ဓာထဲညာဏ်စိုက်တာပေါ့နော်....(မှန်ပါ့ဘုရား)။

ကဲ....ဒါဖြင့် သစ္စဉ္ဇာဏ် ဆိုတဲ့ဥစ္စာဘာပါလိမ့်မတုံးလို့ မေးတဲ့ အခါကျစတာ့ ဒီခန္ဓာကိုယ်ကြီးထဲမှာ ရုပ်တွေ့, ဝေဒနာတွေ့ စိတ်တွေ့ ပေါ်မယ်၊ ဒီ ပေါ်တဲ့အထဲက လောဘမှတပါး ဘာစိတ် ပေါ်နေနေ၊ပေါ်သ၍သည် ဩော်....ဒါ ဒုက္ခသစ္စာဘဲလို့ ကိုပေါ် တို့ ကိုဝတို့က သိနေရမယ်....(မှန်ပါ့) ဒါသစ္စာသိတာဘဲ၊ ကိစ္စနဲ့ သိတာ မဟုတ်သေးပါဘူး....(မှန်ပါ့)။

သစ္စဉ္ဇာဏ်နဲ့ သစ္စာသိတာဘဲ ရှိသေးတယ်....(မှန်ပါ့) ခန္ဓာထဲ ရှုပ်တွေ့ပေါ်တာ၊ ပူတဲ့ အေးတဲ့ရုပ်တွေ့ တောင့်တဲ့ တင်းတဲ့ရုပ် တွေ့ လှုပ်တဲ့ ငြိမ်တဲ့ရုပ်တွေ့၊ အင်း.... တော်တော်ကြာကျလို့ ရှိယင်ဖြင့် အိပ်ချင်တဲ့စိတ်တွေ့ သွားချင် လာချင်တဲ့စိတ်တွေ့ပြော ချင်ဆိုချင်တဲ့စိတ်တွေ့ ကိုဝ....မလာပေဘူးလား.... (လာပါတယ် ဘုရား) ဦးဘရှင်း လာတယ်နော်....(မှန်ပါ့)။

လာလို့ရှိယင် ဩော်....ဒါ ဒုက္ခသစ္စာတွေ့ပါကလား... လို့ ဘာမှ အဖြစ်အပျက်ကို မထည့်နဲ့ဦး၊ ဒါ....ဒုက္ခသစ္စာတွေ့ဘဲလို့ သိတဲ့ဉာဏ်ဟာ....တဲ့ မောင်နှိုင်.... ပေါ်တိုင်း ပေါ်တိုင်း သိနေ လို့ရှိယင် ဒါ... ဒုက္ခတွေ့ ပေါ်နေတာဘဲ၊ ဒုက္ခတွေ့ မပေါ်နေတာ ဘဲ....လို့ သိနေလို့ ရှိယင်ဖြင့် ဒါ.... သစ္စဉ္ဇာဏ်ဘဲ....(မှန်ပါ့ ဘုရား)။

ဒါက သစ္စဉ္ဇာဏ်ဘဲ၊ ရှင်းပလား.... (ရှင်းပါပြီ) ဒီ....တလုံး တည်းနဲ့ မပြီးသေးပါဘူး....တဲ့ သစ္စဉ္ဇာဏ်ကလဲ လေးခုသိရမှာ (မှန်ပါ့)။

တခါတလေကျတော့ ဦးဘရှင်းတို့က ထမင်းဆာလာတယ် ကွာ.... ဆေးလိပ်ကလေး ဆာလောင်မွတ်သိပ်လာတယ်ကွာ....ရေ

ကလေး ဆာလောင်မွတ်သိပ်လာတယ်ကွာ... လို့ အဲဒီအခါကျွေတာ့ ဖေသာက်ချင်တဲ့တဏှာကလေးလာတယ်....(မှန်ပါ့)။

သူလာပြန်လဲ ဆွေဗျာ.... ဒါ....သမ္မဒယသစ္စာကလေး ပါကလားလို့ ချက်ခြင်းဖမ်းလိုက်....(မှန်ပါ့)။

လာတိုင်း....လာတိုင်း သူ့ကို ဘာဆိုကြမယ်.... (သမ္မဒယသစ္စာပါဘုရား)။

ဒီ....ဒါက သစ္စာဟာဘဲ သူလာတုန်း သိလိုက်တာသစ္စာဟာကလေး၊ သဘောကျပလား... (ကျပါပြီ)။

သူလာတုန်းသိတာ.... (သစ္စာဟာပါဘုရား)။

သူကလဲ အမြဲလာတာမှမဟုတ်ဘဲ.... (မှန်ပါ့) ကိုဝ....အမြဲလာခဲ့လား....(မလာပါဘုရား)။

မလာဘူးတဲ့၊အင်း....သားကလေးခင်ချင်တယ်၊ သမီးကလေးလွမ်းချင်တယ်၊ အစရှိသည်နဲ့ ဒါကလေး ပေ့ါချင်တယ်၊ချီချင်တယ်ဆိုလို့ရှိယင်ဖြင့် ဘာသစ္စာကလေးပါလိမ့် (သမ္မဒယသစ္စာကလေးပါဘုရား)။

အဲ....အဲဒီလို လာတုန်းကို သိလိုက်တဲ့ ဥစ္စာကလေးဟာလဲ ဦးဘရှင်း မှတ်လိုက်တာပေါ့။ ဆွေဗျာ....ဒါ သမ္မဒယသစ္စာသိတဲ့ဉာဏ်ဘဲရှိသေးတယ်....(မှန်ပါ့) ဒါဖြင့် သစ္စာဏ်ဘဲရှိသေးတယ် (မှန်ပါ့)။

တကာကြီးလို့ဗျ ဘာဉာဏ်တဲ့.... (သစ္စာဉာဏ်ပါဘုရား) သစ္စာဉာဏ်ဘဲရှိသေးတယ်နော်....(မှန်ပါ့)။

တခါ ဩော်....ဒီသမုဒယကလေးချုပ်သွားတဲ့အခါကျတော့ ဩော်....ဒါဘာပါလိမ့်မတုံးလို့ ဆိုတော့ ဩော်....“တဏှာနိရောဓော နိဗ္ဗာန”ဘဲ၊တဏှာချုပ်ယင်နိဗ္ဗာန်ဘဲကိုးလို့၊ တဏှာကလေးမရှိဘူး၊ မရှိမှန်းသိတဲ့အခါကျလို့ ရှိယင် ဩော်.... တဏှာချုပ်တာ နိဗ္ဗာန်ဆိုတာ တခြားလား အောက်မေ့နေတယ်၊ တဏှာချုပ်တာကိုးလို့....ဆိုတော့ နိရောဓသစ္စာ သိလိုက်တယ်၊တကယ်ပဲဘဲများမှန်နဲ့သိတာ မဟုတ်သေးဘူး....(မှန်ပါ့)သစ္စာဏ်နဲ့သိတာဘဲ ရှိသေးတယ်....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

အင်း....တဏှာကလေး ချုပ်သွားတဲ့အခါကျတော့ တဏှာချုပ်တာ ဘာခေါ်ကြမယ်(နိဗ္ဗာန်ပါဘုရား) “တဏှာနိရောဓော နိဗ္ဗာနံ၊ ခန္ဓနိရောဓော နိဗ္ဗာနံ”နော်....(မှန်ပါ့)။

အဒတော့ တဏှာကလေး ချုပ်သွားတော့ ခန္ဓာထမှာ အခုအခါဖြင့် ကျုပ်လောဘ မရှိပါဘူးလို့ သိတဲ့ဉာဏ်ကလေးဟာ နိရောဓသစ္စာသိတဲ့ဉာဏ်....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

တခါတလေ ကျလာတဲ့အခါတကာတကာ့မတွေ့မှာ ဩော် မဂ္ဂသစ္စာဆိုတာလဲ ဘာပါလိမ့်မလဲ... လို့ မေးတဲ့အခါကျတော့ ကိုယ့်အထဲထဲမှာ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ....ဆိုတဲ့ ရုပ်နာမ် ဓမ္မကလေးတွေ ကြုံလုံး, စည်လုံး, မြင်လုံးကလေးတွေရှိလာတဲ့အခါကျတော့ ဩော်... ဒါသည်ကားလို့ ဆိုယင် ဘာပါလိမ့်မလဲလို့ ဆိုတော့ အခုပေါ်တဲ့ ဒို့ဉာဏ်ကလေးတွေဟာ ဩော်....ဒါမဂ္ဂသစ္စာဘဲ၊ ဉာဏ်ကလေး ပေါ်လာတိုင်း ပေါ်လာတိုင်းလဲ ဒါ....

မဂ္ဂသစ္စာကလေးပါလား... လို့ ပေါ်တိုင်း ပေါ်တိုင်းသိပေး.... (မှန်ပါ့)။

ဒီလိုဆိုတော့ လေးချက်မပြည့်သေးဘူးလား.... (ပြည့်ပါပြီဘုရား)။

ဒါက ကိုဝ... သာမညသိနော်....(မှန်ပါ့)ကိုပေါ်(သာမညသိပါတဲ့ဘုရား)။

သာမညသိ၊ ဒုက္ခပေါ်လို့ ဒုက္ခသိ၊ သမုဒယပေါ်လို့.... (သမုဒယသိပါ) သမုဒယချုပ်လို့ နိုဗ္ဗာန်သိ....(မှန်ပါ့)မဟုတ်ဘူးလား....(မှန်ပါ့)။

ဒဲ့ဒီတော့ တခါတလေ ဉာဏ်ကလေး ဘာကလေးပေါ်လာတဲ့အခါကျလို့ ရှိယင်ဖြင့် ဆရာသမားဆီက နည်းရပြီး ဉာဏ်ကလေးပေါ်တော့ သြော်....ဒီဉာဏ်ကလေးဟာမဂ္ဂသစ္စာကလေးပေါ်တာပါကလား....လို့ ကိုယ့်ဟာကိုယ်ဘဲသိလိုက်.... (မှန်ပါ့ဘုရား)။

ဒါ....ဘာဉာဏ်ခေါ်ကြမယ်.... (သစ္စဉာဏ်ပါဘုရား)။

ဒါ့ကြောင့် ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာဆရာက "ဇွေ့ ဣဒံ ဒုက္ခ ။ဣဒ ဒုက္ခ သမုဒယ ။ ဣဒ ဒုက္ခနုရောဓ ။ ဣဒ ဒုက္ခနုရောဓဂါမိနီ ပဋိပဒါတိ ဉာဏံ သစ္စဉာဏံ နာမ"သူတို့ ပေါ်လာတိုင်း ပေါ်လာတိုင်း သိလိုက်လို့ရှိယင် ဒါ.... သစ္စဉာဏ်ရှိပါသေးတယ်ကွာ....တဲ့....(မှန်ပါ့)။

လေးပါးစလုံး အလှည့်ကျနဲ့ ပေါ်လာတာ မောင်နှိုင်ရဲ့ ဩော်... ဒါဘာတုံး.... ဒါဟာဒုက္ခ၊ ဒါကလေးဟာ အခုပေါ်လာတဲ့ သမုဒယ၊ အခုချုပ်သွားတာက နိရောဓ၊ အင်း....အဲဒါကလေး သိလိုက်တာက မဂ္ဂ....ဆိုတော့ ဒါသိတဲ့ဉာဏ်တဲ့ ရှုပလေးတယ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

ပေါ်တိုင်း ပေါ်တိုင်း သိလိုက်တဲ့ဉာဏ်ကလေးကို ဘာဉာဏ်ခေါ်ကြမလဲ.... (သစ္စဉာဏ်ပါ ဘုရား) သဘောကျပလား.... (ကျပါပြီ)။

သစ္စဉာဏ်ကတော့ဖြင့် ရှင်းသွားပြီ၊ ပေါ်တိုင်း ပေါ်တိုင်း တပည့်တော်တို့ သမုဒယပေါ်လဲ အင်း.... ဒါ....သမုဒယသစ္စာ ပေါ်တယ်လို့ သိလိုက်တာဘဲ၊ ဒုက္ခတွေ့ ပေါ်လာလဲ ချက်ခြင်း ဒါ....ဒုက္ခတွေ့တဲ့....လို့ သိလိုက်တာဘဲ၊ သမုဒယကလေး ဂျုပ်သွားတော့ ဩော်... ဒါကလေးဟာ နိဗ္ဗာန်....ဆိုတဲ့ နိရောဓဟာ သူချုပ်တာကို ဆိုတာကိုး၊ အဲဒီ သူချုပ်တာ ဆိုတာကိုး....လို့ သိလုံးကလေးကျတော့ မောင်နှိုင်က ဘယ်ဉာဏ် ဆိုပါ့မတုံး.... မဂ္ဂသစ္စာ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

အဲဒီတော့ လေးပါးစလုံး မသိဘူးလား(သိပါတယ်ဘုရား) သိတဲ့အခါကျလို့ ရှိယင် ဒါ.... ဘာဉာဏ်ခေါ်ကြမလဲ....(သစ္စဉာဏ်ပါဘုရား)။

သစ္စဉာဏ်ဆိုတဲ့ဥစ္စာ မနေ့ကနဲ့ မတ္တဘူးလို့ မှတ်....(မှန်ပါ့) မနေ့က အပေါင်းသိကိုပြောတယ်၊ ယနေ့ အစိတ်သိကို ပြောပါတယ်....(မှန်ပါ့) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ဒီလိုဆိုလို့ ရှိယင် သစ္စာဉာဏ်ရပြီလို့ နောက်က တရားနာတဲ့ ဟကာဝတကာမတွေ ရှင်းကြပလား....(ရှင်းပါပြီ)။

အခုတော့ တကာတကာမတွေက လောဘပေါ်လာလို့ ရှိယင် ဖြင့် သမုဒယသစ္စာပါကလားလို့ တယ်ပြီးတော့ နှုလုံးမသွင်းတဲ့ ဘူး....(မှန်ပါ့) ချုပ်သွားပြန်လဲ ဩော်....ဒါ နိရောဓကလေး ပေါ်နေတာပါကလားလို့.... (နှုလုံးမသွင်းပါဘုရား)။

အင်း....ချုပ်တာကလေး သိတာကလေးကလဲ ဩော်....ငါ့ သန္ဓာန် မဂ္ဂသစ္စာကလေး ပေါ်နေတယ်လို့ကော.... (မသိပါဘုရား)။

မသိတော့ သစ္စာဉာဏ်ကို မသိမှာစိုးလို့ ယနေ့ အကျယ်တဝင့် ခဲ့ပြထွင်ပြောတယ်....(မှန်ပါ့)။

ဒါဖြင့် ပေါ်တိုင်း ပေါ်တိုင်း ဉာဏ်ကား.... ဒုက္ခ၊ ဉာဏ်ကား.... သမုဒယ၊ ဉာဏ်ကား....နိရောဓ၊ ဉာဏ်ကား ... မဂ္ဂ... လို့ ခန္ဓာထဲ ပေါ်တိုင်း ပေါ်တိုင်းသိတာ ဘာဉာဏ်ခေါ်ကြမယ်.... (သစ္စာဉာဏ်ပါဘုရား)။

သစ္စာဉာဏ်လို့ ဦးမှုကြီးတို့ သေသေချာချာမှတ်ပါ (မှန်ပါ့) အသေမစောလို့ တွေ့တယ်ဆိုတာကောရှင်းပလား....(ရှင်းပါပြီ) ဒါဟာလဲ အခုပြောနေတယ် တကာတကာမတို့ ဒီဉာဏ်ကလေး ရဘို့ကိုလဲ ဦးဘရှင်း လူတိုင်း တွေ့မိပါ့မလား.... (မတွေ့မိပါဘူးရှာ)။

ကဲ....ဒါဟာ ဒီဉာဏ် အညံ့ဉာဏ်ဘဲရှိသေးတယ်... (မှန်ပါ့) ဒါကလေးတောင် ဒီတကာတကာမတွေ တွေ့မိပါရဲ့လားလို့ ဆိုတော့ မတွေ့မိဘူး....(မှန်ပါ့)။

အခုဘုန်းကြီးတို့က သင်ဆေးလို့သာ ဖြစ်ပျက်က ဒုက္ခသစ္စာ မင်းတို့ ရှုတာကလေးက ဘာတဲ့.... (မဂ္ဂသစ္စာပါ) သေနေတာ ကလေးက....(သမုဒယပါ) အင်း....သူသေလို့ နောက်ခန္ဓာမလာ တာက.... (နိရောဓပါဘုရား)။

ဒါဟာ အခု ဘုန်းကြီးတို့ပေါ်လာမှ ဒီဟာ ရှုလာတာ.... (မှန်ပါ့) နဂိုရိုက ရှိရဲ့လား....(မရှိပါဘုရား)။

မရှိဘူး ကိုဝရဲ့....(မှန်ပါ့)နဂိုရိုက်ရှိရဲ့လား....(မရှိပါဘုရား) ဖြစ်ပျက်ကလေးတွေတော့ ခင်ဗျားတို့ ဒွန်နေတယ်၊ ဖြင့်တာပျက် တာကလေး မြင်ပါတယ်၊ ဖြစ်ပျက်ကဘာတုံး.... (ဒုက္ခသစ္စာပါ ဘုရား) မြင်တာကလေးက....(မဂ္ဂသစ္စာပါဘုရား)အင်း....သူလာ တော့ သေတာကလေးက.... (သမုဒယသစ္စာပါ)သူသေတဲ့အခါ ကျတော့ကို နောက် ဒုက္ခခန္ဓာတွေ မလာတာက.... (နိရောဓပါ ဘုရား)။

အခုပေါ်လာတာ....(မှန်ပါ့) သဘောကျလား....(ကျပါပြီ ဘုရား)။

အဲဒါသည် ရွေးက ပေါ်သလားလို့ မေးပြန်တော့လဲ ဦးဘ ရှင်း.... မပေါ်ဘူး.... (မပေါ်ပါဘုရား) ခင်ဗျားတို့ အခု ကံကောင်းလို့တွေ့တာ....(မှန်ပါ့)။

ရွေးကဒီဥစ္စာ သစ္စာလေးပါးပေါ်တယ်လို့ကော မသိဘူး.... (မှန်ပါ့) သိကြရဲ့လား....(မသိပါဘုရား)။

မသိဘဲဖြစ်ပြီးသကာလနေတော့ ဒါဖြင့် သစ္စာဉာဏ်တောင်ရဲ့ မသွားကြဘူးဟေ....(မှန်ပါ့) မဆိုနိုင်ဘူးလား...(ဆိုနိုင်ပါတယ် ဘုရား)။

ဒါဖြင့် သစ္စဉာဏ်တောင် ရမသွားကြဘူးဆိုတော့ အာဠဝရတို့ သေသလို ဥဒကတို့သေသလို ဖြစ်သွားတယ်.... (မှန်ပါ့)မနစ်နာဘူးလား... (နစ်နာပါတယ်)။

အာဠဝရ ဥဒကတို့မှာ အသေဆိုး မကျဘူးလား.... (ကျပါတယ်) ကမ္ဘာပေါင်း ရှစ်သောင်းလေးထောင် ကိုဝ ဒုက္ခသစ္စာနဲ့နေရမယ်....(မှန်ပါ့) ဘာမသိလို့ပါလိမ့်.... (သစ္စာမသိလို့ပါဘုရား)။

ကဲ .. ဟောလိုက်ယင် တချက်တည်းနဲ့ သိမယ်တဲ့၊ ဒီလူတွေတိဟိတ်တွေတဲ့၊ တိဟိတ်မှ စျာန်ရတွေကွ....တဲ့.... (မှန်ပါ့)ဒီလိုဆိုတော့ သူတို့လဲ အင်မတန် မထက်ဘူးလား.... (ထက်ပါတယ်ဘုရား)။

အဲဒီမှာ အရှုံးကြီး ရှုံးသွားပြီလို့ ဘုရားမညည်းဘူးလား-(ညည်းပါတယ်ဘုရား) အဲ....သစ္စဉာဏ်မျှလောက်တောင် ကိုဝကိုပေါ် ရမသွားရှာဘူး....(မှန်ပါ့) ဘယ်လောက် နာသတုံး.... (နာပါတယ်ဘုရား)။

နို့....သူ ကမ္ဘာပေါင်း ဘယ်လောက်လည်ရမှာတုံးလို့ မေးလို့ရှိယင်လဲ နောက် အရေအတွက် မထည့်နိုင်ဘူး(မှန်ပါ့)ငြဟ္မာပြည်မှာ ရှစ်သောင်း လေးထောင် နေပြီးနောက် သူ....ဘာဖြစ်မှန်း မသိသေးဘူး....(မှန်ပါ့)။

ဘုရားက ပဋ္ဌာန်ချင်တိုင်း ပဋ္ဌာန်နေတယ်ထားပါတော့ ကိုဝ သူကတိရစ္ဆာန်ဘုံနေမယ်၊ အပါယ်နေမယ် ပစ္စုန္ဓရာဇ် ရောက်နေမယ် ဇတ္ထုပါဠိးမလား....(မတွေ့ပါဘုရား)။

ဒါဖြင့် လွဲဘို့ရာနဲ့ ကြုံဘို့ရာ ဦးဘရှင်းဘဲ ဆုံးဖြတ်ချက်ချပါ့ (လွဲဘို့ရာက များပါတယ်ဘုရား)။

လွဲဘို့ရာကများတော့ ဘယ်တော့မှမကျတ်ဘူး....ဆို့ကြပါစို့ (မှန်ပါ့) ဘယ်တော့မှ ဒုက္ခဝင်္ဂ် မကျတ်တော့ဘူး ဆိုတဲ့ဥစ္စာ ဆုံးဖြတ်ချက်ချမယ် ဆိုလို့ရှိယင်လဲ အမှန်ပါဘဲလို့ဘဲ ပြောကြရမယ်....(မှန်ပါ့)။

ဒါ့ကြောင့် ဒီတကာ တကာမတွေကို အထိုလေးပါးညီနေတာ မလွဲစေနဲ့၊မလွဲစေနဲ့ဆိုတာ ခင်ဗျားတို့ သနားလို့ပြောတာပါ...(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ကဲ....သစ္စာဏ်ဖြင့်ခန္ဓာထဲမှာဒို့ခန္ဓာထဲပေါ်လာသချိုကလေး ဟာ အင်း....လောဘမှတပါး ကျန်တဲ့ရုပ်တွေ ဝေဒနာ-သညာ-စိတ်တွေ ကြည့်လိုက်တော့ မောင်နိုင်.... ဒါတွေ ဘာတွေပါလိမ့်ကွာ (ဒုက္ခသစ္စာတွေပါဘုရား)။

ဒုက္ခသစ္စာတွေဆိုတော့ ဒုက္ခသစ္စာပေါ်လို့ ဒုက္ခသစ္စာသိတာ သစ္စာဏ်နော်....(မှန်ပါ့)။

တခါတလေ စားချင်သောက်ချင်တဲ့စိတ်ကလေး ပေါ်လာပြန်တော့ ဘယ်နှယ်ဆိုမလဲ.... (သမုဒယသစ္စာပါဘုရား)။

ဒါ.... သမုဒယသစ္စာ၊ သြော်.... ဒီ....သမုဒယသစ္စာကလေး ပေါ်ပြန်ပြီလို့ မသိဘူးလား.... (သိပါတယ်ဘုရား)။

ဝိပဿနာ မရှုပါနဲ့ဦးတဲ့၊ ရှုဘို့မလိုသေးပါဘူး.... (မှန်ပါ့) ပေါ်လာလို့ သိတာဘဲ ထားလိုက်တော့နော်....(မှန်ပါ့)။

ဒါကလေးချုပ်သွားတော့ လောဘကလေးများ ချုပ်သွားတော့ ဩော်....ဒါဘာပါလိမ့်....(နိုရောဓပါ)နိုရောဓကိုး၊ တဏှာနိုရောဓေါနိုဗ္ဗာနံ...ဆိုတာ ဟုတ်ပါလား....ဒီလိုဘဲ ဆ,ပြီးသိဉီး (မှန်ပါ့) ကတညာဏ်ကျမှ မြင်မှာကိုး.... (မှန်ပါ့) ဒီအချိန်မှာ ဆ,သိဘဲရှိသေးတယ်....(မှန်ပါ့)။

ကဲ....ဒါဖြင့် ဒီဉာဏ်ကလေးတွေ ဒါကလေးတွေ ပေါ်တိုင်း ပေါ်တိုင်း သိနေတာကလေးဟာ ဒုက္ခမေါ်လဲသိ၊ သမုဒယကလေးပေါ်တာလဲသိ၊ ဒုက္ခချုပ်သွားတာလဲသိ၊သိဉာဏ်ကလေးက ဘာပါလိမ့်....(မဂ္ဂသစ္စာပါဘုရား)ဒါကလေးဟာ မဂ္ဂသစ္စာပေါ်တယ်လို့ဘဲသိပေး....(မှန်ပါ့) လောကီ မဂ္ဂသစ္စာပေါ်ပြီလို့လဲသိပေးလိုက်....(မှန်ပါ့)။

ဒါဖြင့် လေးခုစလုံး ပေါ်တိုင်းပေါ်တိုင်း တကာတကာမတွေ့က သိနေတော့ ဒီဉာဏ်.... ဘာဉာဏ်ခေါ်ကြမယ်.... (သစ္စဉာဏ်ပါ့ဘုရား)။

သစ္စဉာဏ်ဘဲရှိသေးတယ် ..(မှန်ပါ့) မနေ့ကနဲ့ မတ္ဆဘူးနော် (မှန်ပါ့)။

မနေ့က အကြမ်းဖျင်းပြီး သိလှယ်အောင်ပြောတာ(မှန်ပါ့) ယနေ့ဟာကတော့ တကာတကာမတို့ မှတ်လိုက်ပါ။ အချုပ်.... ကောဏ္ဍညတို့ ဒီလိုသိတာကိုပြောတာနော်....(မှန်ပါ့)။

အချုပ်ကောဏ္ဍညတို့ ဤကဲ့သို့ ထူးထူးခြားခြား သိတာကို ပြောပါတယ်....(မှန်ပါ့)မောင်နှိုင် နေရာကျပလား(ကျပါပြီ)။

ဒါဖြင့် မင်းတို့သည် ဩော်....ပေါ်တိုင်း ပေါ်တိုင်း ဒုက္ခပေါ်....ဒုက္ခသိ၊ သမုဒယပေါ်ယင်ကော....(သမုဒယသိပါတယ်

ဘုရား) သမုဒယစျုပ်ယင်....ချုပ်တယ်လို့ သိပေါ့ကွာ....(မှန်ပါ့ ဘုရား) ချုပ်တယ်လို့ သိ၊ သိလုံးကလေးကိုလဲ ဘယ်လိုဆုံးဖြတ် ချက်ချမလဲ....(မဂ္ဂသစ္စာပါဘုရား)။

အင်း...ဒါ မဂ္ဂသစ္စာကလေးဘဲဆိုတာလဲ မသိနိုင်ဘူးလား (သိနိုင်ပါတယ်) ဒီလိုသိတဲ့ဉာဏ် ဘာဉာဏ် ခေါ်ကြမယ်.... (သစ္စဉာဏ်ပါ) သစ္စဉာဏ်၊ ရှင်းပလား....(ရှင်းပါပြီ)။

ကိုင်း....ဒါဖြင့် သစ္စဉာဏ်တော့ ရှင်းသွားပြီတဲ့၊ ဒါလောက် သိယင်ဘဲ ဒါ....သစ္စဉာဏ်ဘဲကွာဆိုတာ ပဋိသမ္ဘဝဒါမဂ် အဋ္ဌ ကထာ ဆရာက....

"ဏ္ဍ ဣဒံ ဒုက္ခံ၊ ဣဒံ ဒုက္ခသမုဒယံ၊ ဣဒံ ဒုက္ခ နိရောဓံ၊ ဣဒံ ဒုက္ခနိရောဓဂါမိနိပဋိပဒါတိ ဉာဏံ သစ္စဉာဏံ နာမ...."

ဒါ....သစ္စဉာဏ်ဆိုတာ ဒါပါဘဲကွာဆိုတော့ ဒါကလေးဟာ လူသာမန်နဲ့ ခင်ဗျားတို့ ခုနင်က အထိလေးပါးမညီတဲ့ပုဂ္ဂိုလ်မှာ ပေါ်တိုင်း ပေါ်စိုင်း ဒါ....ဘာသစ္စာ ဘာသစ္စာလို့ မောင်နိုင် ဝေဘန်နိုင်ပါ့မလား....(မဝေဘန်နိုင်ပါဘုရား) မဝေဘန်နိုင်ဘူး ဆိုတာ သေချာပလား....(သေချာပါပြီ)။

တကာကြီးလိုင် ကြားမှမကြားဘူးတော့ ပေါ်တာသိပါ့မ လား....(မသိပါဘုရား)။

မသိတော့သူဟာ အိမ်ထောင်ရယ်လို့ ကျသွားတယ်၊ စီးပွား လဲဖြစ်ရှာပါတယ်၊ကျောင်းတော့ ကန်တော့လဲ ဆောက်လုပ်သွားပါ တယ်၊သေတော့ သေသွားရှာပြီ။

ဟာ....သစ္စာမသိဘဲနဲ့ သေသွားတယ်ဟေ့....(မှန်ပါ့) ကိုဝ ဆိုနိုင်....မဆိုနိုင်.... (ဆိုနိုင်ပါတယ်ဘုရား)။

သစ္စာမသိတာ ဘယ်သူတုံးလို့ တခါ လက်သည်ရှာလိုက် အပ်ဦးဘဲ.... (မှန်ပါ့) "အဝိဇ္ဇာ ဒုက္ခ အညာဏံကိုး"။

သစ္စာမသိဘဲနဲ့ သေသွားတော့ ဘာနဲ့ သေသွားသတုံး.... (အဝိဇ္ဇာနဲ့ သေသွားပါတယ်ဘုရား)။

ဒါဖြင့် အဝိဇ္ဇာပစ္စယာ သင်္ခါရာလမ်း သူလိုက်သွားတယ်.... (မှန်ပါ့) အဆုံးမှာ "ဒုက္ခက္ခန္ဓာသာ သမုဒယော ဟောတိ" သူ.... မလာဘူးလား....(လာပါတယ်ဘုရား)။

သြော်....ဒါဖြင့် လူတယောက်ဖြင့်မျက်လုံးမပွင့်ဘဲနဲ့ ဘဲ ကိုဝ သေသွားလေရဲ့.....(မှန်ပါ့) မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ်) ရှင်းကြပလား....(ရှင်းပါပြီ)။

ဘာနဲ့ သေသွားသတုံး.... မေးတဲ့အခါကျတော့ မောင်နိုင် ဘာနဲ့သေသလဲ....(အဝိဇ္ဇာနဲ့သေပါတယ်ဘုရား)။

အဝိဇ္ဇာနဲ့သေတော့ကိုအဝိဇ္ဇာပစ္စယာ သင်္ခါရာလမ်းလိုက်သွား လေရဲ့.... ဆိုယင်ကော....(မလဲပါဘုရား)။

သင်္ခါရာ လမ်းအဆုံးမှာ ကြည့်လိုက်တော့ ဘာတွေ့သတုံး ကိုပေါက....(ဒုက္ခက္ခန္ဓာသာ သမုဒယော ဟောတိပါဘုရား)။

သြော်....ဒါ သူ့ပစ္စည်းတွေပါကလားဟေ့....(မှန်ပါ)အဲဒီ့ သေတဲ့ပုဂ္ဂိုလ်၏ ပစ္စည်းတွေပါကလား....(မှန်ပါ့)။

ဒုက္ခအစုကြီးဟာ ဘယ်သူ့ပစ္စည်းတွေ့ ဆိုမလဲ.... (သေတဲ့ ပုဂ္ဂိုလ်၏ အစုကြီးတွေပါဘုရား) သစ္စာမသိတဲ့ပုဂ္ဂိုလ်၏ပစ္စည်း.... (မှန်ပါ့)။

တကာတကာမတို့ ဘယ်သူ့ပစ္စည်းတွေပါလိမ့်....(သစ္စာမသိတဲ့ပုဂ္ဂိုလ်၏ ပစ္စည်းတွေပါဘုရား)။

သစ္စာမသိတဲ့ပုဂ္ဂိုလ်၏ ပစ္စည်းတွေဆိုတာ ကောင်းကောင်းကျေနပ်ပလား....(ကျေနပ်ပါပြီ)။

ကိုင်း....ဒါဖြင့်ကိုဝ....ရိုင်းရိုင်းပြောတော့ အကန်းတယောက်သေသွားပြီဟေ့....(မှန်ပါ) ဆိုးဆိုး.... မဆိုးဆိုး....(ဆိုးဆိုးပါတယ်ဘုရား)။

အကန်းတယောက် သေသွားပြီဟေ့.... ဗျို့ဆက်လိုက်ပါဦးမောင်ဇိုင်ရ၊ အကန်းတယောက် သေလဲသေတယ်၊ ရှုံးလဲရှုံးသွားပြီ....(မှန်ပါ)။

ဘုရားက ညည်းတာကိုး၊ မဟာဇာနီယော...လို့ အာဠာဝရဉဒကအတွက် သိပ်ညည်းတော်မူတယ်၊ ဖြေ....အကန်းကြီးရှုံးသွားရှာပြီ ...(မှန်ပါ)။

ဦးဘကလေး ဘယ့်နှယ်ဆိုမလဲ.... (အကန်းကြီး ရှုံးသွားပါပြီဘုရား)။

နောက်က တကာတကာမတွေ....(အကန်းကြီးရှုံးသွားပါပြီဘုရား)။

အဲဒါ ခင်ဗျားတို့ သနားတာ(မှန်ပါ) ဒါကြောင့် သေသေချာချာ ပြောနေတယ်ဆိုတာကော ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ကန်းလဲကန်းသေးတယ်၊ ရှုံးလဲရှုံးသေးတယ်ဆိုတော့ ဘယ်မှာတုံးဗျာ.... အမြတ်ကိုပါသေးရဲ့လား....(မပါပါဘုရား)။

အေး....ဒါကြောင့် ဒီတရားကို နာတဲ့ တကာတကာမများ ဟာဖြင့်....တဲ့ အတော်ဘဲ ဘုန်းရှိတယ်, ကံရှိတယ်ဆိုတာ ကိုဝ.... မြောက်ပြောတာလား.... (မဟုတ်ပါဘုရား)။

မဟုတ်ပါဘူးနော်.... သစ္စာမသိဘဲနဲ့ ဈာန်သမားကြီးတွေ သေသွားတာ ထောက်လိုက်တော့မှ အရှုံးကြီး ရှုံးသွားပဟေ့ ဘုရားက ညည်းတာကိုး... နော်....(မှန်ပါ့) ဘုရားက ညည်းချင်လို့ ညည်းတာလား.... မောင်နိုင်.... တကယ်ရှုံးလို့ ညည်းတာလား.... (တကယ်ရှုံးလို့ညည်းတာပါဘုရား)။

အေး....ဒါကြောင့် အရှုံး မခံကြပါနဲ့ဆိုတာ တပ်လုံးဘဲ ပြောလိုက်ပါတယ်.... (မှန်ပါ့) ဒီဟာ ရှုံးသွားလို့ ရှိုယင်ဖြင့် ဓကျောက်ရှုံးတာဟာ နောက်က ဖာနိုင်ပါသေးတယ်(မှန်ပါ့) မဖာနိုင်ဘူးလား....(ဖာနိုင်ပါတယ်ဘုရား)။

အင်း....တသိန်းကျောက် ဝယ်လိုက်တယ်.... ရှုံးသွားတယ်၊ ဟာ....နောက် ဒို့ ကြည့်ရောင်းပေးပါဦးကွာ.... မင်းရောင်းတဲ့ ဓကျောက်က ရှုံးသွားတယ်ဆိုတော့ ဟိုလူက သစ္စာရှိတဲ့ပုဂ္ဂိုလ်ဖြင့် မောင်နိုင်....နောက်လာဖေးလိမ့်ဦးမယ်.... (မှန်ပါ့) ဒီဟာက ဖေးစရာ....(မရှိပါဘုရား) ဒါဖြင့် ဒါ....အနာဆုံး.... (မှန်ပါ့ ဘုရား)။

ဒါ.... အနာဆုံးဆိုတာ ပေါ်ပလား.... (ပေါ်ပါပြီ)။

ကောင်းပြီ....ဒါဖြင့် ကိစ္စညာဏ်ပြောကြစို့....။

သစ္စာ ပေါ်တိုင်း... ပေါ်တိုင်း သိတဲ့ဉာဏ်ဟာ ဘာဉာဏ်တဲ့ (သစ္စဉာဏ်ပါဘုရား) သစ္စဉာဏ်။

နောက်တက်ရမည့် အသိက တကာတကာမတို့ အရေးကြီးတဲ့ အသိလို့ ထားလိုက်ပါ.... (မှန်ပါ့) အခုဟာက ဆရာသမားပြောတာနဲ့ဘဲ ခန္ဓာကိုယ်ထဲ ပေါ်တိုင်း....ပေါ်တိုင်း သိသွားလိုက်လို့ ရှိယင် သစ္စာဉာဏ် ဖြစ်ပါတယ်.... (မှန်ပါ့) ရှင်းပြီနော် (ရှင်းပါပြီ)။

ကိစ္စဉာဏ် ပြောပါတော့မယ်....(မှန်ပါ့) တကာတကာမတို့ အခု ဘာပြောမယ်....(ကိစ္စဉာဏ် ပြောပါမယ်ဘုရား)။

ကိစ္စဉာဏ်ပြောပါတော့မယ်၊ နားကြီးကြီးနဲ့ထောင်ပါ။ ကိစ္စဉာဏ်ဆိုတာက ခန္ဓာကိုယ်ထဲမှာ ဥပမာ....ရုပ်ကလေးတခုဖြစ်စေ လောဘမှတပါး စိတ်ကလေးတခုဖြစ်စေ ပေါ်လာတယ်၊ ပေါ်လာတဲ့အခါမှာ သြော်.... ဒီတရားကလေးဟာ ဖြစ်လဲဖြစ်တယ်၊ ပျက်လဲပျက်တယ်၊ နှစ်ခုသိရမယ်.... (မှန်ပါ့)။

ဖြစ်လဲ... ဖြစ်တယ်....(ပျက်လဲ ပျက်ပါတယ်)။

ဖြစ်လဲ ဖြစ်တယ်၊ ပျက်လဲ ပျက်တယ်လို့သိတော့ သြော်.... အဖြစ်အပျက်မှတပါးလဲ ဒုက္ခမရှိပါကလား...(မှန်ပါ့) ပေါ့ပါးလား... (ပေါ့ပါးပါပြီ)။

အဖြစ်အပျက်မှ တပါးလဲ....(ဒုက္ခမရှိပါဘုရား)။

အဲ....ဖြစ်ပျက်ကို ပိုင်ပိုင်နိုင်နိုင် ဒုက္ခဘဲလို့သိတာက ကိစ္စဉာဏ်....(မှန်ပါ့)။

ဖြစ်ပျက်ကို ပိုင်ပိုင်နိုင်နိုင် သိတာသည် ဘာဉာဏ်ခေါ်ကြမလဲ....(ကိစ္စဉာဏ်ပါဘုရား)။

ဖြစ်ပျက်ဟာ ဘာမှမရောဘူး၊ ဒုက္ခဖြစ်၍ ဒုက္ခပျက်တာဘဲ.... (မှန်ပါ့) သဘောပါကြပလား... (ပါပါပြီ)။

ဒုက္ခဖြစ်၍.... (ဒုက္ခပျက်တာပါဘုရား)။

ဒုက္ခဖြစ်၍ ဒုက္ခပျက်တာဘဲလို့ ဘယ်တရားလာလာ ပိုင်ပိုင်နိုင်နိုင်သိတာသည် ဒုက္ခသစ္စာကို ပရိညေယျနဲ့ သိတယ်(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ဒုက္ခသစ္စာကို.... (ပရိညေယျနဲ့ သိပါတယ်ဘုရား) ဒါက ခုနင်္ကထက် မထူးဘူးလား... (ထူးသွားပါတယ်ဘုရား) ခုနင်္ကအပေါင်းသိလောက် ဖြစ်နေတယ်.... (မှန်ပါ့) ရှင်းပြီနော်.... (ရှင်းပါပြီ)။

ဒါဖြင့်ခန္ဓာထဲ ဝေဒနာကလေး ပေါ်လာလို.... ဖြစ်တာလဲ ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား) ပျက်တာလဲ(ဒုက္ခသစ္စာပါ) ပျက်တာလဲ....(ဒုက္ခသစ္စာပါဘုရား)။

ဩော်... ဒုက္ခမှတပါး ခန္ဓာထဲ ပေါ်စရာ မရှိပါကလား.... (မှန်ပါ့) ဒီလိုသိတာက ဘာဆိုကြမယ်....(ကိစ္စဉာဏ်ပါဘုရား)။

ကိစ္စဉာဏ်၊ ဩော်... သူ့ ကိစ္စကို အကုန်သိတယ်.... (မှန်ပါ့) သူ့မှာ ဒုက္ခကိစ္စရှိတာကို အကုန်မသိဘူးလား.... (သိပါတယ်ဘုရား)။

အဲဒီ့ဉာဏ် ဘာဉာဏ်ခေါ်ကြမယ်.... (ကိစ္စဉာဏ်ပါဘုရား) အဲ...ဟိုက ပြတာက ဒုက္ခကိစ္စကိုပြတယ်.... (မှန်ပါ့) ကျုပ်မှာ ဒုက္ခကိစ္စသာရှိတယ်၊ဒုက္ခနဲ့ ကွဲရတဲ့ကိစ္စဘဲရှိတယ်....(မှန်ပါ့)ဟိုက ဓမ္မက ပြောတာကို ဒီကဉာဏ်က ဩော်....ဒီကိစ္စရှိတာကို ဒီကိစ္စရှိတယ်လို့ သိလိုက်တဲ့ဉာဏ်သည် ကိစ္စဉာဏ်... (မှန်ပါ့)။

ဒါဖြင့် ကိစ္စကတခြား၊ သိတဲ့ဉာဏ်က (တခြားပါဘုရား)။
ဖြစ်မှုကိစ္စ ပျက်မှုကိစ္စက ဘာတဲ့တုံး.... (ဒုက္ခသစ္စာပါဘုရား)
အဲ....ဒါကလေးကို သူ.....ဒီကိစ္စမှတပါးဘာမှမရှိဘူးလို့ သိတာက
ဘယ်သူကသိစေတုံး.... (ဉာဏ်ကသိတာပါ) ဉာဏ်ကသိတယ်၊
သဘောကျပလား....(ကျပါပြီ)။

သူ့မှာ ဖြစ်မှုကိစ္စ ပျက်မှုကိစ္စမှတပါး ဘာမှမရှိဘူးလို့ ဆိုတာ
ဘယ်သူက သိတာတုံး....(ဉာဏ်က သိတာပါဘုရား)။

ဒါဖြင့် ဖြစ်မှုကိစ္စ ပျက်မှုကိစ္စက ရှုစရာ အာရုံမှာနေတယ်....
(မှန်ပါ့) အဲဒီကိစ္စကို ဒီကနေ ဉာဏ်နဲ့ ဝေဘန်လိုက်တဲ့အခါ
ဒီကိစ္စနှစ်ခုမှတပါး ဘာမှမရှိဘူးဆိုတော့ ပိုင်ပိုင်နိုင်နိုင်-မသိဘူး
ဘူးလား....(သိပါတယ်ဘုရား)အဲဒီ့ဉာဏ် ဘာဉာဏ်ခေါ်ကြမယ်
(ကိစ္စဉာဏ်ပါဘုရား)။

ကိစ္စဉာဏ်၊ နားကြီးကြီးနဲ့ ထောင်ပါ တကာတကာမတို့၊ကိစ္စ
ဉာဏ်က အလုပ်စခန်း....(မှန်ပါ့)။

ကိစ္စဉာဏ်က....(အလုပ်စခန်းပါ ဘုရား) အလုပ်စခန်းဘဲဆို
တာ သေချာကြပလား....(သေချာပါပြီ)။

ဒီဉာဏ် မရလို့ ရှိယင်ဖြင့် ကိုယ်ကျိုးနည်းပြီ....(မှန်ပါ့)။
ကိုယ်ပေါ် ဘယ်နှယ်တုံး.... (ကိုယ်ကျိုးနည်းပါတယ်ဘုရား)
ကိုယ်ကျိုးနည်းပြီတဲ့၊ ပိုင်ပိုင်သိမလာဘူး....(မှန်ပါ့)။

ခုနင်ကတော့ သာမညသိကိုး.... သစ္စဉာဏ်က.... (မှန်ပါ့)
သဘောကျပလား....(ကျပါပြီ)။

အခုဟာကတော့ ပိုင်ပိုင်နိုင်နိုင်သိတယ်၊ခုနင်က သာမညသိ....(မှန်ပါ့) အခုဟာက ပိုင်ပိုင်နိုင်နိုင်သိ၊ ပိုင်းခြားသိဆိုတာပိုင်ပိုင်နိုင်နိုင်သိကို ဆိုပါတယ်....(မှန်ပါ့)။

ပိုင်းခြားသိဆိုတာ.... (ပိုင်ပိုင်နိုင်နိုင်သိကိုဆိုပါတယ်) ဖိုင်ပိုင်နိုင်နိုင်သိကို ဆိုပါတယ်ဆိုတာ ကျေနပ်ပလား.... (ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေမှာ ဘာကလေးပေါ်လာ....ပေါ်လာ.... တခုတည်းမှတ်ပေတော့၊ သြော်....ဖြစ်တာလဲဒုက္ခ၊ ပျက်တာလဲဒုက္ခဘဲ၊ ခန္ဓာထဲက ပေါ်သချိုင်းဖြင့် ဒုက္ခမှတပါး ဘာမှမပေါ်ဘူးလို့ ဥာဏ်ထဲမှာ ဆုံးဖြတ်ချက်ချလိုက်တာ ဒါ..ကိစ္စဥာဏ်....(မှန်ပါ့)။

ခန္ဓာက ပေါ်လေသချိ....(ဒုက္ခချည့်ပါ) ဒုက္ခချည့်ပေါ်တာဘဲ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ခန္ဓာက ပေါ်လေသချိ.... (ဒုက္ခချည့် ပေါ်တာပါဘုရား)။

ဒုက္ခချည့်ပေါ်တယ်လို့သိတော့ ခန္ဓာကဒုက္ခ၊ သဘောကျပလား....(ကျပါပြီ) ခန္ဓာက ခန္ဓကိစ္စကိုပြောတယ်.... (မှန်ပါ့)။

ခန္ဓာက ဘာပြောလေ.ရှိသလဲ.... (ခန္ဓကိစ္စကို ပြောပါတယ်ဘုရား)။

ကျုပ်ကိစ္စဟာဗျာ....ဒုက္ခရောက်တဲ့ကိစ္စဘဲရှိတယ်....(မှန်ပါ့)။

ရှုပွားတဲ့ တကာတကာမတွေက ဒီဉာဏ်ကို ရလိုက်ပါတယ်၊ သြော်....သူ့ကိစ္စဟာ ဒါဘဲ....လို့မသိဘူးလား.... (သိပါတယ်ဘုရား)။

အင်း....လူတယောက်သွားတယ်၊ ဟိုနား တူရင်းကလေးနဲ့ ပေါက်ပြားကလေးနဲ့ သွားတော့.... ခြေဖြင့်.... တွင်းတူးသွားတဲ့ ကိစ္စတဲ့။ ကိုယ့်ဉာဏ်က မသိဘူးလား.... (သိပါတယ်ဘုရား)။

အဲ....ဟိုဟာက ကိစ္စ၊ဒီက ဉာဏ်....(မှန်ပါ့)သဘောကျပလား (ကျပါပြီ)။

ဟို... တွင်းတူးသွားတာက.... (ကိစ္စပါဘုရား) သူ့ကိစ္စကို ကိုယ်က သိလိုက်တာက....(ဉာဏ်ပါဘုရား)။

အဲ .. ဟိုကကိစ္စနဲ့ ဒီကဉာဏ်နဲ့ပေါင်းမှ ဘာခေါ်ကြမယ်.... (ကိစ္စဉာဏ်ပါဘုရား)။

အဲ... ကိစ္စဉာဏ် ရှင်းပြီ.... မောင်နိုင်ရ....(မှန်ပါ့)။

ကိစ္စဉာဏ် ရှင်းပြီဆိုတော့ တကာ တကာမတွေ လေးလေး စားစား မှတ်မိပလား... (မှတ်မိပါပြီ)။

ဒေး .. ဒါဖြင့် ခင်ဗျားတို့ ရှုပွားနေတာဟာ ဘာတွေ့မျှော် လုပ်နေကြပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့မှ မောင်နိုင်ရေ.... ကိစ္စဉာဏ်လုပ်နေတယ်....(မှန်ပါ့)။

ဒေနာ ပေါ်လာယင် ဘာကိစ္စရှိသတုံး.... မေးလိုက်တော့ ဒုက္ခကိစ္စဘဲရှိတယ်....(မှန်ပါ့) သညာပေါ်လာယင်ကော....(ဒုက္ခကိစ္စဘဲရှိပါတယ်) စိတ်ကလေးပေါ်လာယင်.... (ဒုက္ခကိစ္စဘဲရှိပါတယ်) သညာပေါ်လာယင်ကော.... (ဒုက္ခကိစ္စဘဲရှိတယ်) စိတ်ကလေးပေါ်လာယင်.... (ဒုက္ခကိစ္စဘဲရှိပါတယ်ဘုရား)။

ဒုက္ခရောက်ဘို့ ကိစ္စက.... ကိုဝ.... သူ့အလုပ် မဟုတ်လား....

(မှန်ပါ့)ကျုပ်တို့က အဲဒီသူက ဒုက္ခရောက်တဲ့ကိစ္စကို ကျုပ်တို့က ဉာဏ်က မလှည့်မိမှာ စိုးရပါတယ်....(မှန်ပါ့)။

ဉာဏ်ကလှည့်မိတော့ ကိစ္စနဲ့ဉာဏ်နဲ့ ပေါင်းလိုက်တာပေါ့....(မှန်ပါ့) ပေါင်းလိုက်တော့ ဘာဖြစ်သတုံး.... (ကိစ္စဉာဏ် ဖြစ်ပါတယ်ဘုရား)။

အဲဒါမှာ တကာတကာမတွေမှာ မပေါင်းမိဘူး....(မှန်ပါ့)။

ဟိုက ကိစ္စတော့ပြောရဲ့၊ သူ့ကိစ္စ ဒါဘဲလို့ ခန္ဓာကတော့ အခုချိန်မရွေးပြောတယ်....(ပြောပါတယ်) ခင်ဗျားတို့က ဉာဏ် မလှည့်မိတော့ မပေါင်းမိဘူး.... (မှန်ပါ့) မပေါင်းမိတော့ ကိစ္စသာဖြစ်၍ ဉာဏ်မရလိုက်ဘူး.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

ဒါဖြင့် ယနေ့ကစပြီး ဘကာ တကာမတွေက ကိစ္စနဲ့ဖြင့် ဉာဏ်နဲ့တဲ့မဟ....(မှန်ပါ့)။

ဘယ်လိုဆုံးဖြတ်ချက်ချမလဲ....(ကိစ္စနဲ့ ဉာဏ်နဲ့ တဲ့ရပါ့မယ် ဘုရား)။

ကိစ္စနဲ့ ဉာဏ်နဲ့ တဲ့ဖြစ်အောင် တဲ့မယ်.... (မှန်ပါ့) သူကလဲ ကိုဝ.... ကိုပေါ်.... တနေ့ဘုယ်နှစ်ကိစ္စပြမလဲ.... (မရေတွက်နိုင်ပါဘုရား)။

ဒါဖြင့် မရေတွက်နိုင်တဲ့ကိစ္စ သူပြတော့ ကျုပ်တို့မှာ ဉာဏ်နဲ့ တဲ့မယ်ဆိုတော့ ဉာဏ်ပေါင်းလဲ ဘယ်လောက်ရမလဲလို့ မေးယင် (မရေတွက်နိုင်ပါဘုရား)မရေတွက်နိုင်တဲ့ဉာဏ်ရမယ်.... (မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီ)။

ဒါဖြင့် အဲဒီလိုဥာဏ်ရတော့ ဒီဥာဏ် ဘာဥာဏ်ခေါ်ကြမယ်· (ကိစ္စဥာဏ်ပါဘုရား) ဒါ....ဒုက္ခကို ပိုင်ပိုင်နိုင်နိုင် သိတဲ့ဥာဏ်ဘဲ (မှန်ပါ) ရှင်းပလား... (ရှင်းပါပြီ)။

ဒုက္ခကို ပိုင်ပိုင်နိုင်နိုင်သိတဲ့ဥာဏ်ဘဲဆိုတာ ကောင်းကောင်း ကျေနပ်ပလား....(ကျေနပ်ပါပြီ)။

ဩော်.... ဒါဖြင့် ခန္ဓာကိုယ်ဆဲက နှားတကောင်လုံးပုပ်ဝန်ကဲ့ ဥစ္စာကို ဘယ်ကဘဲ လှစ်ယူယူ ကိုဝ....ဘာတွေ့မတုံး.... (ဘယ်တွေ့ဘဲရပါမယ်ဘုရား)။

ဒါ....ခန္ဓာကိုယ်က ပင်ကိုယ်က သစ္စဥာဏ်နဲ့ဒုက္ခဖျတ်ခနဲ့ဖြစ်လာတဲ့ဥစ္စာဘဲ၊ သူက ဘာကလေး တဇန်းတစ ထွက်လာလဲဟ ကျုပ်တို့က ခုနင်က နှားလှစ်ယူတော့ အပုပ်ခြည့် ရသလို့....(မှန်ပါ) သဘောကျပလား....(ကျပါပြီ)ဒုက္ခကိစ္စဘဲထွက်မှာဘဲ... (မှန်ပါဘုရား)။

ဒုက္ခသစ္စာထဲက ပေါ်သလိုဟာ.... (ဒုက္ခဘဲ ထွက်ပါ့ကွာ) ဒုက္ခဘဲ ပေါ်ထွက်လာမှာဘဲ.... (မှန်ပါ) သဘောကျပလား.... (ကျပါပြီ)။

သုခ ယောင်ယောင်ကလေးမျှား လာပါဦးမလား... (မလာပါဘုရား)။

အဲဒီလို မလာဘူးလို့ ပိုင်ပိုင်နိုင်နိုင် လာသလိုကို ဒုက္ခသာလာတာဘဲဆိုပြီး တကာတကာမတွေ့က ဥာဏ်နဲ့ သာရှု(မှန်ပါ) ရှုလိုက်တော့ ဟိုကလဲအပုပ်မို့ အပုပ်ကိစ္စ ပြတာဘဲ....(မှန်ပါ)

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်မြို့ မင်္ဂလာတိုက်

ဆရာတော် ဘုရားကြီး ဟောကြား ဆုံးမတော်မူသော

(သစ္စဉာဏ် အကြောင်း)

ညအလုပ်ပေးတရားတော်

(၂၀-၆-၆၁)

တရားထဲမှာ ဦးဘရှင်းတို့ အရေးအကြီးဆုံးအချက် သိပြီနော်....(မှန်ပါ့) ဘယ်တရားပါလိမ့်.... (သစ္စာတရားပါဘုရား) သစ္စာတရားဆိုတာ မောင်နှိုင် အရေးအကြီးဆုံးတရား (မှန်ပါ့) သူမပါဘဲနဲ့ ဘုရားလဲမဖြစ်နိုင်ဘူးနော်.... (မှန်ပါ့) သောတာပန် သကဒါဂါမ်ကော... (မဖြစ်နိုင်ပါ ဘုရား) အနာဂါမ် ရဟန္တာ ကော....(မဖြစ်နိုင်ပါဘုရား)။

ကဲ....ဒါဖြင့် ယနေ့တော့ ထူးထူးခြားခြားသိရအောင်ဘုရား သခင် ကိုယ်တော်မြတ်ကြီးဟာသူသောတာပန်တည်မည့်ပုဂ္ဂိုလ်ကို ဘယ်လိုစပြီး ဟောလေ့ရှိသတုံးဆိုလို့ရှိယင်ဖြင့် ရှေးဦးစွာ ယဉ်ကျေးသွားအောင် မောင်နှိုင်.... ဒါနကထာတွေ့ ဟောလိုက်တယ် (မှန်ပါ့)။

ဒါနကထာတွေ့ ဟောလိုက်တော့ ဒါနဆိုတာဟေ့....လူချမ်းသာ နတ်ချမ်းသာ ပေးစေနိုင်တယ်ကွ၊ လူ့ပြည်နတ်ပြည် အစ

ရှိသည်တို့ကိုက္ခ.... အခုချမ်းသာနေတဲ့ပုဂ္ဂိုလ်တွေ နတ်တွေ လူတွေ ကြည့်က္ခ၊ ဒါန ကောင်းကြောင်းချည့်ဘဲ ဘုရားသခင်ကိုယ်တော် မြတ်ကြီးက ဥပါလိကို ဟောပါတယ်နော်....(မှန်ပါ့)။

နောက်တခါ အို....ဒါနချည့်မတော်သေးဘူးက္ခ ... အသက် ရှည်ခြင်း အကြောင်းမှာလဲ သီလကလဲ ရှိသေးတယ်က္ခ....ဆိုပြီး သီလအမှမ်းတင်ပြီးသကာလ မောင်နှိုင်... သီလကထာ ဟောပြန်တယ်....(မှန်ပါ့ဘုရား)။

ဘယ်နှစ်ချက်ရှိသွားပလဲ.... (နှစ်ချက် ရှိသွားပါပြီဘုရား) နှစ်ချက်ရှိသွားပြီနော်....။

အဲဒီ ဒါန တန်းခိုး သီလတန်းခိုးကြောင့်ဟာ.... နတ်ပြည်မှာ ဘုံတွေ ပေါက်ပြီးသကာလ ပဒေသာပင်တွေ ဆွတ်စားပြီးသကာလ ပျော်ချင်သလိုပျော်.... ပါးချင်သလိုပါးရတယ်က္ခ.... ဆိုပြီးတော့ နတ်ပြည်ကောင်းကြောင်းဟောလိုက်တယ်....(မှန်ပါ့ဘုရား)။

နတ်ပြည် ကောင်းကြောင်းဘဲ ဟောလိုက်တယ်....ပြီးတော့မှ ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ဘယ်လိုဖြစ်လာသတုံးဆိုတော့မှ သြော်.. ဒါတွေသည်ကားလို့ဆိုယင်ကာ တဲ့.... အယုတ်တရားတွေဘဲက္ခ.... အညစ်အကြေး တရားတွေဘဲက္ခ ဆိုပြီးသကာလ စွန့်ပစ်အောင်ဟောတယ် ...(မှန်ပါ့)။

ဘာကြောင့်တုံးဆိုတော့ နတ်ပြည်ကောင်းကြောင်း ဟောလိုက်တဲ့အခါကျတော့ လောဘတွေ ဒေါသတွေ မောဟတွေ ကြပြီးသကာလလာတော့ အညစ်အကြေးတွေ ထုမလာဘူးလား (ထုလာပါတယ်ဘုရား)။

အဲဒီအချိန်ကျတော့မှ သူ....ဘာဟောသတုံးဆိုတော့ ဒါ.... သူဟောစဉ်လို့ မှတ်ကြစမ်းပါ ဦးဘရှင်းတို့က....(မှန်ပါ့) ဒါနဲ့ ဟောပြီး သိလဟောတယ်၊ သိလဟောပြီး နတ်ပြည် ကောင်းကြောင်း သဂ္ဂကထာ ဟောလိုက်တယ်.... (မှန်ပါ့)။

နတ်ပြည်ကောင်းကြောင်း ဟောပြီးတော့မှ ဒီဟာတွေဟာ အပြစ်ချည့်ဘဲလို့ ဟောတယ်၊ ဒီဟာတွေမှ ထွက်ဘို့ကို နေကွမကထာ....ဆိုပြီးသကာလ တခါဟောရပြန်တယ်....(မှန်ပါ့)။

မောင်နှိုင် ဒါ....ဘုရားဟောစဉ်နော်....(မှန်ပါ့) ဘုရားဟောစဉ်လို့ တကာတကာမတွေ သေသေချာချာမှတ်ပါ။

အဲဒီလိုဟောပြီးသကာလနတ်ပြည်ကောင်းကြောင်းတွေဟောပြီးမှ ကာမဂုဏ်အပြစ်တွေ နတ်ပြည်မှာ ခံစားရတဲ့၊ လူ့ပြည်မှာခံစားရတဲ့ ကာမဂုဏ်အပြစ်တွေကို တခါဟောရပြန်တယ်....။

ကိုပေါ်.... ဘယ်နယ်ကြောင့် ကောင်းတာဟောပြီး ဒါတွေ အပြစ်သင့်ပါတယ်လို့ ဆက်ဟောပြန်တော့ ခုနင်တုန်းက....တဲ့ တဏှာ မာန ဒိဋ္ဌိတွေ မောင်နှိုင်....လွှမ်းမိုးလာတယ်....(မှန်ပါ့)။

ဒါနကထာ ဟောလိုက် သိလကထာဟောလိုက် နတ်ပြည် ရောက်ကြောင်း ဟောလိုက်တဲ့အခါကျတော့ကို တကာတကာမတွေသိတဲ့အတိုင်း တယ်လုပ်ဘို့ ကောင်းပါကလား၊ တယ်နေရာကျပါကလား၊ ဒီဟာ ကြိုးစားကြမှပါဘဲ ဒို့ရအောင်၊ ဒါမှမဟုတ် ဒို့ခံစားရမှာဘဲဆိုတော့ တဏှာတွေ မာနတွေ ဒိဋ္ဌိတွေ ကြွမလာဘူးလား....(ကြွလာပါတယ်ဘုရား)။

အဲဒီ ကြွလာတဲ့အချိန်ကျတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက "ကာမာနံ အာဒီနဝ ကထာ" ဆိုပြီးသကာလ ကာမဂုဏ်တို့ရဲ့ အပြစ်ကို ဟောလိုက်တယ်....(မှန်ပါ့)။

မင်းတို့နတ်ပြည်မှာနတ်စိုးစိမ်ခံစားတယ်၊လူ့ပြည်မှာလူ့စည်းစိမ်ခံစားတယ်ဆိုတာကွာ-တဲ့ ခွေးတောကောင်ရှိပါတယ်၊ နွားသတ်နေတဲ့ယောကျ်ားဆရာတပည့်ရှိတယ်၊အဲဒီနားကို ခွေးတကောင်ကသွားတယ်ကွာတဲ့၊ သွားတဲ့အခါကျလို့ ရှိယင်ဖြင့်တဲ့ ဒီခွေးသည်ကားလို့ ... ဆိုလို့ ရှိယင်ဖြင့်စားရမလားလို့ အနားသွား စောင့်တဲ့အခါမှာ နွားသတ်ယောကျ်ားနဲ့ တပည့်သားမြေးက အသားတွေ အကုန်ခြစ်ပြီး အရိုးတွေ အကုန်ပစ်လိုက်တဲ့အခါကျလို့ ရှိယင်ဖြင့်တဲ့၊ ဒီခွေးဆီ ပစ်လိုက်တာပါဘဲ ဒီအရိုးကို။

ခွေးက လျက်တယ်ကွာ....တဲ့၊ ထိုကဲ့သို့လျက်တဲ့အခါကျလို့ ရှိယင် ဝပါ့မလားလို့ မေးယင် မောင်နိုင် ဘယ် နှယ်ပြောပါ့မလဲ (မဝပါဘုရား)။

အဲ .. ကာမဂုဏ်ဆိုတာကွာတဲ့ မောတာဘဲ အဖတ်တင်တာပါဘဲတဲ့၊ ဝတာမျိုး မဟုတ်ပါဘူးတဲ့.... (မှန်ပါ့)။

သားနဲ့ သမီးနဲ့ ဆွေနဲ့ မျိုးနဲ့ ပျော်တယ်ရှင်တယ်ဆိုတာ မျိုးဟာ ခဏကလေး ခွေးအမဲရိုးကို ပစ်လိုက်တာကလေးလျှာနဲ့ လျက်ပြီးသကာလ ဝ-တာမဟုတ်ဘဲနဲ့ နေရတာ....(မှန်ပါ့)။

မောင်နိုင် ဘယ်လိုနေရသလဲ....(ဝ-တာမဟုတ်ဘဲနဲ့ နေရပါတယ်ဘုရား)။

အားလုံး တကာတကာမတွေ ခင်ဗျားတို့ စည်းစိမ် ခံစားပြီးသကာလနေကြတယ်၊ သားခင်, သမီးခင်, ဆွေခင်, မျိုးခင်, ခင်ပွန်းမ,ခင်,ခင်ပွန်းသည်ခင်နဲ့ ဒါတွေဟာ ဝ,တယ်လို့ ရှိရဲ့လား (မရှိပါဘုရား)။

မရှိဘူးတဲ့၊ ခုနင်က ပင်ပန်းရုံမျှဘဲ၊ဝ-တယ်လို့ မရှိဘူး(မှန်ပါ့) သဘောကျွေပလား....(ကျပါပြီ)။

ပင်ပန်းရုံမျှဘဲ....(ဝ-တယ်လို့ မရှိပါဘုရား)ကိုဝ... ကိုယ်ကိုယ် တိုင်ကည်ထောင်ပြီးသကာလ လာခဲ့တာ အခုအခါနှံကျတော့ ချော်.. ပင်ပန်းတာ အဖတ်တင်တာဘဲဟော့.... သူတို့ ခင်ရမင်ရတာ တော်ပြီတန်ပြီလို့ ဝ-တယ်လို့ ရှိရဲ့လား....(မရှိပါဘုရား)။

ခုနင်က သွေးရဲရဲ သံရဲရဲနဲ့ အရိုးကို လျက်ရသလိုပါဘဲ၊ မဝ-ဘဲနဲ့ဘဲ ပြီးလိုက်ရတယ်.... (မှန်ပါ့) သဘောကျပလား.... (ကျေးပါပြီ) မဝ-ဘဲနဲ့သာလျှင် သုသာန်သို့ သွားလိုက်ရတာဘဲ (မှန်ပါ့)။

ဒါကြောင့်ကွာ....တဲ့ မင်းတို့ နတ်ပြည်ဆိုတာ မကောင်းပါဘူး၊ ခွေးအမဲရိုးကို လျက်သလိုပါဘဲတဲ့၊ ဘာမှ အသုံးမကျပါဘူးတဲ့၊ အပြစ်တွေပြတယ်....(မှန်ပါ့)။

အပြစ်တွေ ပြလိုက်တယ်ဆိုတော့ ကိုပေါ်တို့က ရိပ်မိပြီ၊ ချော်.... ဒါတွေဟာ ဟောမဲ့ ဟောနေတာပါကလား၊နောက် ဆုံးပိတ်တော့ ဖျက်ချရတာပါကလား... (မှန်ပါ့)။

တကာတကာမတို့ ဘယ်လို သဘောရောက်သလဲ....(ဖျက်ချလိုက်တာပါဘုရား)။

ဖျက်ချလိုက်တာနော်၊ ဖျက်ချလိုက်တော့ ခုနင်ကဘုရားရှေ့မှာ တရားနာတဲ့ ပုဂ္ဂိုလ်တွေက ချော်.... ဒါဖြင့် ဘာမှအသုံးမကျပါကလားဆိုတော့ ခုနင်က သာယာတာတွေဟာ ဥာဏ်ထဲမှာ စင်မသွားဘူးလား.... (စင်ပါတယ်ဘုရား) သဘောကျပလား... (ကျပါတယ်ဘုရား)။

ဒါဖြင့် ဒီကာမဂုဏ် ငါးပါးမှ ထွက်မှတော်မယ်ဆိုတဲ့ စိတ်ကလေးကော ပေါ်မလာဘူးလား....(ပေါ်ပါတယ်ဘုရား)ပေါ်လာကယ်။

အဲဒီ့ ပေါ်လာတဲ့အချိန်ကျတော့ ကိုပေါ်တို့ ကိုဝတို့က စဉ်းစား ကိုယ့်ဝမ်းထဲမှာဘဲ ကိလေသာတွေဟာ ဖြူစင်သွားတဲ့ အဓိပ္ပါယ် မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

အဲဒီအချိန် ကျလာတော့မှ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သစ္စာဏ် ကိစ္စာဏ် ကတညာဏ်ဟောတယ်.... (မှန်ပါ့) ဒါတွေ့ ခံနေယင် ဒီဟာဟောလို့မရဘူး.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ဝမ်းထဲမှာ ကိလေသာ ဖြူစင်ချိန်မှာ ကိုဝ....ဘာဟောရမတုံး....(သစ္စာဏ် ကိစ္စာဏ် ကတညာဏ် ဟောရပါတယ် ဘုရား) တိုတိုပြောတော့ ဒီအချိန်မှ သစ္စာဟောရတယ်(မှန်ပါ့) ရိပ်မိကြပလား....(ရိပ်မိပါပြီ)။

သစ္စာ စ-ယင်စ ခြင်း တကာတကာမတွေ့ လူတိုင်းမှာသွား မဟောနဲ့ကွတဲ့....(မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

နို့... ဘုန်းကြီးများတော့ ဘာဖြစ်လို့ သစ္စာကစ-ဟောသတုံးဆိုတော့ ဒီမှာ ယဉ်ကျေးပြီးသား ပုဂ္ဂိုလ်ဘွဲ့ဖြစ်လို့ ကိုဝ....ဟောပါတယ်....(မှန်ပါ့) ရှင်းပြီနော်....(ရှင်းပါပြီ)။

အဲဒီတော့ ဟိုဟာတွေ့ သူကောင်းတယ်ဆိုလို့ရှိယင် အပြစ်ပြစရာ ကြားထဲမှာ အပြစ်ထိုးပြစရာ ဦးဘရှင်း လိုသေးတယ် (မှန်ပါ့)။

ဒါနကြောင့် အကြောင်းပေးတာတွေ့ ကောင်းတယ်....လို့ ဆိုပြီး အကောင်းစစ်လို့ ဆိုပြီး ဘုရားဟောရဲ့လား....(မဟာဝါဒါ ဘုရား) မဟောဘူးတဲ့၊ မြက်မီးရှူးကလေး မီးရှို့ပြီးသကာလ လေလာတဲ့ဘက်လှည့်သလိုပါဘဲကွာ-လှတ်ယင်လှတ် မလှတ်ယင် ကိုယ့်လက် လောင်တာပါဘဲ၊ ကာမဂုဏ် ငါးပါးဆိုတာလဲ လှတ်ယင်လှတ်၊ မလှတ်ယင် ကိုယ့်လောင်တာပါဘဲ... ဆိုတော့ တကာတကာမတွေကိုယ်တိုင် သားပို့၊ သမီးပို့၊ ဆွေပို့၊ မျိုးပို့ကိုပဲ့ မလောင်ကြဘူးလား.... (လောင်ပါတယ်ဘုရား)။

ဒါ လှတ်လို့လား....မလှတ်လို့လောင်တာလား.... (မလှတ်လို့လောင်တာပါ) မလှတ်လို့ လောင်တာဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

အဲဒီတော့ ဒါ.... ကာမဂုဏ်၏ အပြစ်တွေဆိုတာ ဘုရားကပြောလိုက်တယ်....(မှန်ပါ့)။

ဒီ့ပြင် တခါပြောပြန်တယ်၊ ဒီ....ကာမဂုဏ်၏ အပြစ်ကို.... (မှန်ပါ့) လူတယောက်ဟာကွာတဲ့.... တောထဲ သရက်ပင်ကြီး တပင်ရှိတယ်၊ သရက်ပင် တပင်ရှိတော့ သရက်ပင်ကို ကြည့်လိုက်တယ်တဲ့၊ သြော်-အသီးတွေကလဲ အပေါမှာ ပြည့်လို့ဘဲဆိုပြီး သကာလ ဒီပုဂ္ဂိုလ်က စားချင်တာနဲ့ဘဲ ငါသည် ဒီအပင်ပေါ် တက်ပြီးသကာလ သရက်သီးဆွတ်မယ်၊ ငါ့ခါးပိုက်နဲ့လဲ ပြည့်အောင်ထည့်မယ်၊ စားလဲ စားမယ်ဆိုပြီး တက်သွားတယ်.... (မှန်ပါ့) တက်သွားပြီး ခါးပိုက်ထဲလဲထည့် စားလဲစား.... ဒီလို နေတာဘဲ၊ နောက်တယောက် လာပြန်တယ်... မောင်နှိုင်ရ(မှန်ပါ့ ဘုရား)။

နောက်တယောက်က လာပြီး သကာလ ငါတော့ဖြင့်....တဲ့ ဒီသရက်ပင်အပေါ်မှာ အသီးတွေလဲမြင်တယ်၊ စားလဲစားချင်တယ်၊ တက်လဲမတက်နိုင်ဘူး၊ ဒီအပင် လှဲမှာဘဲ၊ သူကခါးပါလာထယ်....(မှန်ပါ့)။

ဒီအပင်လှဲမှာဆိုပြီး လဲလိုက်တော့ ဟိုပုဂ္ဂိုလ် အယင်တက်နေတဲ့ပုဂ္ဂိုလ်ဟာ မောင်နိုင်ရေ.... ဘာဖြစ်သွားမယ်ဖင်သတုံး.... ဆင်းယင်... ဆင်း၊ မဆင်းယင်ခြေကျိုးလက်ကျိုးဖြစ်ရမယ်(မှန်ပါဘုရား) မသေသော်လဲ မလှတပ....(ဖြစ်ရပါမယ်) ခွင်းကြပလား(ရှင်းပါပြီ)။

ဒီမှာလဲ ခင်ဗျားတို့ သားသမီး မြေးမြစ်နဲ့နေကြတဲ့ တကာတကာမတွေတဲ့ ဒီပေါ်က ဆင်းယင်ဆင်းပါ....(မှန်ပါ့) မဆင်းယင် မရဏာမင်းက အရင်းက လှဲပါလိမ့်မယ်....(မှန်ပါ့) လဲလို့ရှိယင်ဖြင့် အိုခြင်းဆိုး....သေခြင်းဆိုးနဲ့ အပါယ်သွားရမယ်ဆိုတာ မသေချာဘူးလား.... (သေချာပါတယ်ဘုရား)။

ဒီသားသမီး ဆွေမျိုး ဉာတကာဟာ အသိး....သီးတဲ့ သရက်ပင်နဲ့တူတယ်....နော်....(မှန်ပါ့)။

ပဌမပုဂ္ဂိုလ်က ဆွတ်တာဘဲ၊ ဒုတိယပုဂ္ဂိုလ်က အပင်လှဲတယ်ဆိုတော့ ဦးဘရှင်း ခံနိုင်ရည်ရှိပါ့မလား.... (မရှိပါဘုရား)။

အဲဒါကြောင့် အဲဒီကာမဂုဏ်တွေဟာ ဒီလို သရက်ပင်ပေါ်တက်တဲ့ပုဂ္ဂိုလ်လိုဘဲ ဆင်းယင်ဆင်း... မဆင်းဒုက္ခဆောက်မယ်ကွဲဆိုပြီးတော့ ကာမဂုဏ်ငါးပါးအပြစ်တွေအကုန်ပြတယ်....(မှန်ပါ့ဘုရား)။

မောင်နှိုင် ရိပ်မိပလား၊ကောင်းလို့ဟောတာလား... ဆိုးလို့ဟောတာလား.... (ဆိုးလို့ဟောတာပါဘုရား)။

အဲဒီလို ဆိုးတာဟောလိုက်တဲ့အခါကျတော့မှ ကိုပေါ်တို့.... ကိုဝတို့က ခုနင်ကတရားနာနေတဲ့ ပဂ္ဂိုလ်တွေက သြော်....ကာမဂုဏ်အပြစ်ဟာ အတော်ကြီးပါကလား....ဆိုတာ ပေါ်မလာဘူးလား... (ပေါ်လာပါတယ်ဘုရား)။

ပေါ်လာတော့ သူ့စိတ်ထဲ ရာဂဒေါသ မောဟ ကိလေသာတွေ မပါးဘူးလား.... ပါးသလား... (ပါးပါတယ်ဘုရား)အဲဒီ့ပါးတဲ့အချိန်ကျမှ သစ္စာဏ် ကိစ္စာဏ် ကတညာဏ် ဟောရပါ့မယ်....(မှန်ပါ့) သဘောပါကြပလား....(ပါပါပြီ)။

ဘယ်အချိန် ဟောရပါလိမ့်.... (ကိလေသာ ပါးတဲ့အချိန် ဟောရပါတယ်) ကိလေသာ ဝမ်းထဲ ဖြူစင်နေတဲ့အချိန်... (မှန်ပါ့)။

ဒါ....ကိုဝ မှတ်လိုက်စမ်း၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးတရားဟောစဉ်....(မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီ)။

ပဌမ ဒါနမဟောဘူးလား.... (ဟောပါတယ်) နောက်ဘာဟောသတုံး.... (သီလဟောပါတယ်)အင်း.... သီလပြီးတော့ နတ်ပြည်ဟောတယ်.... (ဟောပါတယ်ဘုရား) ဒါတွေကြောင့် နတ်ပြည်ရောက်တယ်ကွ။

ပြီးတော့မှတခါ ဒီနတ်ပြည်၏ အပြစ်တွေကို ဘာပြောပြန်သတုံး... (အပြစ်ပြပါတယ်ဘုရား)။

အေး....ဒါတွေ့ ပြလိုက်တော့ ခုနင်က ခွေးအမဲရိုး လျက်ရသလို၊ အင်း... ခုနင်က မီးရှူးတိုင် ကိုင်ပြီးသွားတဲ့ပဂ္ဂိုလ် လွှတ်

ယင်လှတ်၊မလှတ် ကိုယ်လောင်သလို၊ သရက်ဖင်ပေါ်တက်နေတဲ့ ပုဂ္ဂိုလ်ဟာ အောက်ပုဂ္ဂိုလ်က လှဲလိုက်လို့ရှိယင် ဆင်းယင်ဆင်း မဆင်းယင် သေမည့်ပုံ၊ အမျိုးမျိုး ဒုက္ခတွေ့ တွေ့ရမည့်ပုံတွေ့ ဟောလိုက်တော့ ဩော်.... ဒို့သားသမီး မြေး-မြစ် တည်းဟူသော အာရုံတွေ့ပေါ်မှာ တက်ပြီးသကာလနေတဲ့ ဒို့.... ပုထုဇဉ်ပိုက်တွေဟာ မဆင်းယင်တော့ ဒုက္ခရောက်မှာဘဲဆိုတာ အပါယ်လေးပါးရောက်မယ်ပြောတာ....(မှန်ပါ့) ရိပ်မိကြပလား....(ရိပ်မိပါဖြို့ဘုရား)။

အဲဒါတွေ့ အကုန်ဟောပြီးတော့ ကဲ....ကိုပေါ် စိတ်ထဲဘယ်နှယ်ဖြစ်သွားမယ်ထင်သတုံး.... နာတဲ့ပုဂ္ဂိုလ်မှာ.... (ဖြူစင်သွားပါတယ်ဘုရား) ဖြူစင်သွားတယ်။

ကိုလေသာ ဖြူစင်သွားတဲ့အချိန် ကျွတော့မှ သစ္စကထာ ဟောရတယ်....(မှန်ပါ့)။

သစ္စာ အရမ်းဟောလို့မရဘူး....(မှန်ပါ့) ငါ....ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဥပမာပြမယ်၊ အဝတ်တခုကို ဖြူစင်နေအောင် ဖွတ်လိုက်ပါတဲ့.... (မှန်ပါ့) နောက်မှ ဒီပန်းဆိုးဆရာဖြစ်စေ၊ ပင်းမင်းဖြစ်စေ ဦးဘရှင်း....အပ်လိုက်....(မှန်ပါ့)။

အပ်လိုက်တဲ့အခါကျလို့ရှိယင်ဖြင့် ဒီ....အဝတ်မှာ ကိုယ်လုံးချင်တဲ့ ပန်းချက်ပန်းသက် ဆေးရောင်တွေ့ မစဲပေဘူးလား.... (စဲပါတယ်) ဘာဖြစ်လို့စဲသတုံး.... မေးတဲ့အခါ.... (ဖြူစင်နေလို့ပါဘုရား)။

အဲဒီမှာလဲ တကာတကာမတွေ့ ခင်ဗျားတို့ အခု တရားနာတဲ့အခါမှာ ဘုန်းကြီးသစ္စာဟောတာ ခင်ဗျားတို့ တရားသက်သက်

ဘဲ၊ ဒီဖြင့် နည်းယူပါတော့မယ်၊ လုပ်ပါတော့မယ်.... ဆိုတော့ ဖြူစင်တဲ့ စိတ်နဲ့လာတာနဲ့ သစ္စာဟောရတယ်... (မှန်ပါ့)သစ္စာဟာ အညစ်အကြေးခံနေတဲ့ပုဂ္ဂိုလ်ကို ဟောကို ဟောလို့ မရဘူး (မှန်ပါ့) အင်မတန် အရေးကြီးတဲ့ တရားဆိုတာ ပေါ်ပလား.... (ပေါ်ပါပြီ)။

ဒါဖြင့် သစ္စာဘယ်အချိန် ဟောရမှာပါလိမ့်.... (ဖြူစင်တဲ့အချိန် ဟောရမှာပါဘုရား)။

ဖြူစင်တဲ့အချိန်မှာ သစ္စာတည်းဟူသောဆေး ဆိုးလိုက်လို့ ရှိယင် ဝမ်းထဲကကိလေသာ အညစ်အကြေး ဖြူစင်နေတဲ့အချိန်မှာ သစ္စာတည်းဟူသော ဆေးကို ဆိုးလိုက်မယ်ဆိုယင် စဲသွားတယ်....(မှန်ပါ့)။

အဲဒီစဲသွားလို့ မောင်နိုင် တခါတည်း သောတာပန်တည်တယ်ဆိုတာ ဒါကြောင့်တည်တာ....(မှန်ပါ့)။

သောတာပန်တည်တာက ကိုပေါ်....ပြင်ဘက်မှာ တည်တာလား.... ဝမ်းထဲမှာ မဂ်ဉာဏ်တည်တာလား.... (ဝမ်းထဲမှာ မဂ်ဉာဏ်တည်တာပါဘုရား)။

ကိလေသာ အညစ်အကြေးခံနေယင် ဒီ....မဂ်ဉာဏ်က အဲဒီနေရာမှာသွားပြီး ကိန်းအောင်းလို့ မရဘူး....(မှန်ပါ့)။

ဒါ့ကြောင့် ဘုန်းကြီး တကာ တကာမတွေ့ကို သတိပေးရပါတယ်၊ တရားနာတဲ့အခါကျလို့ ရှိယင် သားရေး, သမီးရေး, စီးပွားရေး မိတ်ဆွေသင်္ဂဟနဲ့ တွေ့ယင် ပျော်ရေး.... ရှင်ရေးတွေ့ကို ဝ....ဒါတွေ့ စိတ်ထဲမှာမထားနဲ့....(မှန်ပါ့)။

မတားပါနဲ့၊ ဒါ....စိတ်ထဲမှာဖြူးဖြူးစင်စင်ထား၊ အဲဒီဖြူးဖြူးစင်စင်ထားတဲ့အချိန်မှာ ဒီက သစ္စာဏ်တွေ ဟောလိုက်၊ ကိစ္စဉာဏ်ဖြစ်ပေါ်လိုက်၊ ကတဉာဏ်တွေ ဟောလိုက်တဲ့အချိန်မှာ ဖြူးစင်နေတာကို ဆေးဆိုးလိုက်တာနဲ့တူတယ်... (မှန်ပါ့)သေသေချာချာ စဲသွားတယ်....(မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီ)။

ဒါဖြင့် အခု တရားနာတဲ့ တကာ တကာမတွေ ဘုန်းကြီးသစ္စာဟောတော့မယ်တဲ့၊ ခင်ဗျားတို့က စိတ်ထဲမှာ ဖြူးဖြူးစင်စင်ယားတာတောင် မဖျောက်နဲ့တော့ တပါးစိတ်တွေ ဝင်လာမှာစိုးလို့....(မှန်ပါ့) ဒီလိုနာလို့ရှိယင်ဖြင့်တဲ့၊ ဒီ....တရားပဲထဲတွင်ကိုဝ....သောတာပန် တည်နိုင်တယ်၊ ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒီထဲမှာ ကိလေသာမရှိတုန်းကို သစ္စာက ဉာဏ်ထဲဝင်အောင်းလိုက်တာကိုး....(မှန်ပါ့)။

အယင်တော့ သစ္စာက ဝမ်းထဲကလာပြီး ကိလေသာကခံနေလို့ရှိယင် လောဘ ဒေါသ မောဟ ပျော်မှုရွှင်မှုတွေက ဝမ်းထဲကနေလို့ရှိယင် အညစ်အကြေးတွေက ဟဒယဝတ္ထုပေါ်မရှိပေဘူးလား....(ရှိပါတယ်ဘုရား)။

အဲဒီအချိန်မှာ သစ္စာသွားမဟောနဲ့ဟော...တဲ့၊ ဘာဖြစ်လို့တုံးဆိုလို့ရှိယင် အဝတ်က နဂိုက ဆီတွေ ရေနံတွေ ပေနေတဲ့အဝတ်ကြီးကို မင်းကသွားပြီး ဆေးဆိုးလိုက်လို့ရှိယင် ဘုရားကမစဲပေဘူးတဲ့....(မှန်ပါ့)။

အဝတ်ကိုက အညစ်အကြေးပါနေတယ်....၊ အဲဒီတော့ စဲပါ့မလား....(မစဲပါဘုရား) ဖြူးစင်နေယင်တော့တကာတကာမတွေ

(စဲ့ပါတယ်) စဲ့မယ်ဆိုတာ သေချာပလား_ (သေချာပါပြီ ဘုရား)။

ဒါကြောင့် ဘုန်းကြီးများလဲ ပင်ပန်းကျိုးနပ်အောင်ခင်ဗျား တို့လဲ အကျိုးရှိအောင် ဆိုပြီးသကာလ တရားနာတဲ့ အချိန်မှာ ဘုယ်အာရုံတွေမှ မဝင်ဘဲနဲ့ သြော်.... သစ္စာဟောတော့မှာဘဲ။ သစ္စာခန္ဓာကိုယ်ထဲမှာ.... သစ္စာဉာဏ် ခန္ဓာကိုယ်ထဲမှာ.. ကိစ္စဉာဏ် ခန္ဓာကိုယ်ထဲမှာ.... ကတဉာဏ် ခန္ဓာကိုယ်ထဲ ရောက်လို့ရှိယင် ကိုဝ.... သောတာပန်တည်တာဘဲ....(မှန်ပါ့) သိပ်ဝေးသလား.... (မဝေးပါဘုရား)။

အဲဒီတော့ မဝေးတာက ဘာတုံး....လို့မေးတော့မှ ယနေ့ ရှင်းရှင်းလင်းလင်း တကာတကာမတွေ ပြောရမှာက ဝမ်းထဲမှာ ဖြူစင်ဘို့ဘဲ အရေးကြီးတယ်....(မှန်ပါ့)။

ဝမ်းထဲမှာ တရားနာရင်းမတွန်နဲ့ ဖြူစင်နေဘို့....(အရေးကြီး ပါတယ်ဘုရား)။

အဲဒီ ဖြူစင်နေတဲ့ အချိန်ကျမှ ဒီက သစ္စာဉာဏ်ကို ပေးလိုက်တော့ တကာတကာမတွေ ဟဒယဝတ္ထုပေါ်မှာသစ္စာဉာဏ်ကလေး သွားကိန်းတယ်....(မှန်ပါ့)။

ကိစ္စဉာဏ်ကလေး ပေးလိုက်တော့ကော.... (ကိန်းပါတယ် ဘုရား)။

ကိစ္စဉာဏ်ကလေး ပေးလိုက်တော့ ကိစ္စဉာဏ်ကလေးက သွား ကိန်းတယ်....(မှန်ပါ့)။

ဘာဖြစ်လို့တုံး....(ဖြူစင်နေလို့ပါ့)ဖြူစင်နေတော့ ဆိုးတဲ့ ဆေးဟာ စဲသွားတယ်....(မှန်ပါ့)။

ဖြူစင်နေတော့....(ဆိုးတဲ့ဆေးဟာ စုံသွားပါတယ်ဘုရား)။

အဲ....သစ္စာတည်းဟူသော ဆိုးဆေးကို ခင်ဗျားတို့ ဟဒယ ဝတ္ထုပေါ်မှာ ကိုဝ.... ကိုပေါ်....ဆိုးတော့မှာကိုးဗျ.... (မှန်ပါ့ဘုရား)။

အဲဒီတော့ ခင်ဗျားတို့က အညစ်အကြေးခံနေယင် စုံပါ့မလား.... (မစုံပါဘုရား)။

အဲဒါကြောင့် ဩဇော်.... ဘုရားလက်ထက်က အရှင်ဥပါလိတို့ အရှင်ကောဏ္ဍညတို့ ဘယ်လိုကြောင့်တည်ပါလိမ့်မတုံး.... ဆိုဖေ့ခုနင်က ဘုရားကြည်ညိုအောင် ဒါနတရားတွေဟာ၊ သီလပရိတွေဟာ၊ နတ်ပြည်ရောက်ကြောင်းတွေဟာ၊ ပြီးတော့မှ ဒီ.... ကိလေသာငါးပါး အာရုံ ကာမဂုဏ်တွေဟာကွာ....အသိုးကိုးတဲ့ သရက်ပင် ပျက်စီးရသလို၊ မီးရှို့ မလှတ်တဲ့ပုဂ္ဂိုလ် ခြေထောက် အင်္ဂါတွေ လောင်ရသလို၊ ခွေးအမဲရိုး ကိုက်သလိုက္ခ.... မတည်ငြိမ်သေခြင်းဆိုး သေရသလို မင်းတို့အလုပ်ဟာ နေရာမကျပါဘူးဆိုတော့ ဩဇော်.... ကိလေသာ အလုပ်ဟာ အလကားပါဘူးဆိုတော့ ဝမ်းထဲ ကိလေသာရှိသေးရဲ့လား.... (မရှိပါဘုရား)။

ဒီ....ကိလေသာမှ ထွက်ချင်တဲ့စိတ်ကလေးကော ပေါ်မလာဘူးလား....(ပေါ်လာပါတယ်) အဲဒီ ထွက်ချင်တဲ့စိတ်ကလေး ပေါ်လာတော့ ဟဒယဝတ္ထုပေါ်မှာ ဖြူနေတယ်.... (မှန်ပါ့ဘုရား)။

ဒါ..တကာတကာမတွေ ဝမ်းထဲမှာနော်....(မှန်ပါ့) တကာတကာမတွေ ဝမ်းထဲ ဟဒယဝတ္ထုပေါ်မှာ ဖြူစင်ပြီးသကာလ

အညစ်အကြေး မရှိဘဲနဲ့ ဘဝင်စိတ်တွေသာရှိနေတယ်လို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

ဒါ့ကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဘဝင်စိတ်ကတော့ ဖြူဖြူစင်စင်ဟေ့....တဲ့....(မှန်ပါ့)။

အဲဒီ ဘဝင်စိတ်နဲ့ ဖြူဖြူစင်စင်နေတုန်းမှာ ဒီက သစ္စာကျ်သွားဟောလိုက်လဲ ဟဒယဝတ္ထုပေါ်ရောက်သွားတာဘဲ(မှန်ပါ့) ကိစ္စာကျ်ဟောလိုက်လဲ.... (ဟဒယဝတ္ထုပေါ် ရောက်သွားပါတယ်ဘုရား) ကတညာကျ်ဟောလိုက်ယင်ကော.... (ဟဒယဝတ္ထုပေါ်ရောက်သွားပါတယ်ဘုရား)။

ဟဒယဝတ္ထုပေါ် ရောက်သွားတော့ ဟဒယ ဝတ္ထုပေါ်မှာ ကတညာကျ်တည်းဟူသောမဂ်က သွားနေတော့ အင်း....ဒီအချိန်မှာ သောတာပတ္တိမဂ်ပဲဂွိုလ်၊ သဘောပါပလား.... (ပါပါပြီဘုရား)။

ဒါဖြင့် သောတာပန် တည်ဘို့ဟာ တရားခံနည်းနိဿယျည်းကို ဆရာသမားက သေသေချာချာ ပြောပြီးလာတော့ ဟောမှာလဲ သစ္စ,ကိစ္စ,ကတ, သုံးညာကျ်ကို ဟောတော့မယ်... ဆိုတော့ ဒီလိုနှာနည်းနဲ့ ဒီလိုဟောနည်းနဲ့ ဒီလိုနှောကိုယ်ထဲမှာ သစ္စာတွေစဲ့သွားမယ်ဆိုလို့ ရှိယင်ဖြင့် သစ္စာကျ်, ကိစ္စာကျ်, ကတညာကျ်ဝမ်းထဲမှာ စဲ့သွားတယ်ဆိုလို့ ရှိယင်ဖြင့်တဲ့သောတာပန် တည်ဘို့ရာဝေးသလား....(မဝေးပါဘုရား)။

ဒါကြောင့် သေသေချာချာ နှုံးလည်တဲ့ ဆရာသမားနဲ့တွေ့လာတော့ ကိုဝရေ.... တရားနှုံနှုံနည်းကိုက လိုနေတယ်.... (မှန်ပါ့) မလိုဘူးလား....(လိုပါတယ်ဘုရား ။

တရားနာနည်းက နဂိုရိုက်က ကိုယ် ဝမ်းထဲမှာ ကိလေသာ မရှိနှင့်ဘို့ကို အရေးကြီးတယ်....(မှန်ပါ့)။

အညစ်အကြေး ဘာတုံး(မရှိနှင့်ဘို့အရေးကြီးပါတယ်ဘုရား) မရှိနှင့်ဘို့ အရေးကြီးတယ်ဆိုတာ မှတ်လိုက်စမ်းပါ.... (မှန်ပါ့)။

အဲဒီ မရှိနှင့်တဲ့အချိန်ကျမှ ဒီ....သစ္စာတွေကို ခင်ဗျားတို့နား ထဲကနေပြီး ဟဒယဝတ္ထုထဲ ရောက်အောင် သွင်းလိုက်တဲ့အခါ ကျတော့ ဖြူတာကို တခါတည်း တကာတကာမတွေ ဆေးဆိုးတဲ့အခါ လိုချင်တဲ့အရောင်, လိုချင်တဲ့ ပန်းခက်, လိုချင်တဲ့ပန်း ရက်ဆိုသလိုဘဲ ဦးဘရှင်း သွားမစဲပေဘူးလား.... (စံပါတယ် ဘုရား)။

ဒါဖြင့် တကာတကာမတို့ တရားနာနည်းကိုဘဲ အခုသင်ပြန် တယ်ဆိုတာကော ပေါ်ပလား....(ပေါ်ပါပြီ)။

ကိုင်း....တကာ တကာမတွေ အခုအခါမှာ ဇကျောင်းထဲလဲ ရောက်နေကြတာကြောင့် ခင်ဗျားတို့နှစ်သက်တဲ့အာရုံဟူသ၍လဲ ဒီကျောင်းထဲမှာလဲ ဘာမှမရှိဘူး....(မှန်ပါ့) အိမ်ကလဲစွန့်ပစ်ပြီးသကာလ လာခဲ့ကြတဲ့ပုဂ္ဂိုလ်တွေ .(မှန်ပါ့) နှတ်ခမ်း သုဂတိကိုလဲ ခုနင်က ပြောလိုက်တဲ့ အလကားဟာတွေဟာ... ခွေးအမဲရိုးကိုက်တဲ့ အသွားမျိုးတွေ၊ သရက်ပင် အသီးသီးမိလို့ ပင်လုံးပါ အလဲခံရတဲ့ကိစ္စတွေက.... မြက်မီးရှူးကြိုး ကိုင်ပြီးသကာလ လေရှိရာဘက်သွားတဲ့အခါ လွတ်ယင်လွတ်၊ မလွတ်ယင် လက်လောင်တာဘဲ၊ ခန္ဓာကိုယ်ပါလောင်တာဘဲ၊ မင်းတို့ငါးပါးအာရုံကာမဂုဏ်တွေဟဲာ အလကားဟာတွေက....လို့ဆိုတော့ ဩဿော်.... ဟုတ်သားဘဲဆိုတာ မလာဘူးလား....(လာပါတယ်ဘုရား)။

လာတဲ့အခါကျတော့ သြော်.... ဟုတ်သားဘဲ.. လို့ လာလိုက်တော့ ဟဲဒယဝတ္ထုပေါ် ဘာဖြစ်သွားတယ် ထင်ကြသတုံး (ဖြူစင်သွားပါတယ်ဘုရား) ဖြူစင်သွားတယ်၊ ရှင်းကြပလား (ရှင်းပါပြီ)။

ဟဒယဝတ္ထုပေါ်မှာ.... (ဖြူစင်သွားပါတယ်ဘုရား)။

အဲဒီဖြူစင်တဲ့အချိန်ကျမှ သစ္စာဏ်, ကိစ္စာဏ်နဲ့ ကတညာဏ်ကို ကိုဝ....ကိုပေါ်.... ပေးရတယ်.... (မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီ)။

အဲဒီလိုပေးလိုက်တော့ ခုနင်က ဥပါလိတို့လဲ ဒီတရားနာရင်းဘဲ သောတာပန် တည်တာဘဲ.... (မှန်ပါ့) ရှင်းပလား .... (ရှင်းပါပြီ)။

ဒါဖြင့် အရှင် ကောဏ္ဍညတို့လဲ တရားနာရင်း တည်တာဘဲ ဆိုတာ သြော်....မြန်လိုက်တာနော်... သူတို့ ဘယ်နှယ်ကြောင့်ပါလိမ့်မကဲ့ပါရမီရှင်တွေမို့ ထင်ပါရဲ့လို့ ခင်ဗျားတို့ကဝေးသောအကြောင်းတွေ သုံးတွေးတယ်နော် (မှန်ပါ့)။

ဝေးသောအကြောင်း မတွေးကြဘူးလား....(တွေးပါတယ်ဘုရား) ဘဝများစွာက သူတို့က အတော်ပါရမီဖြည့်ခဲ့ပကိုး....ဆိုတော့ ဘယ်လောက်ဖြည့်ဖြည့် ဝမ်းထဲမှာ အညစ်အကြေးခံနေယင် သစ္စာ ဇဲကိုမစဲဘူး.. (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဘယ်လောက် ဖြည့်ခဲ့ဖြည့်ခဲ့ ဝမ်းထဲမှာ အညစ် အကြေးခံနေယင်... (သစ္စာမခဲ့ပါဘုရား) သစ္စာမစဲဘူးတဲ့.... (မှန်ပါ့) မစဲလို့ ရှိယင် ဒီပါရမီတွေဟာ ဘာဖြစ်ရမတုံးမေးတော့ အဟောသိကံ့ ဖြစ်ရမယ် . (မှန်ပါ့) သဘောပါပလား.... (ပါပါပြီ)။

ဒါဖြင့် ကျုပ်တို့ ဝမ်းထဲမှာ တကာတကာမတွေ့ ဝမ်းထဲမှာ သစ္စာမဟောခင် ဘာဖြစ်နေနှင့်ဘို့ အရေးကြီးပါလိမ့်....မလဲလို့ ဆရာဘုန်းကြီးကမေးတယ်.... (ကိလေသာ ဖြူစင်နေဘို့ အရေးကြီးပါတယ်ဘုရား)။

ပေါ့ပြီ တကာတကာမတို့ ဩဇော်....ကိလေသာဖြူစင်နေဘို့ ဘယ်အာရုံမှ မလိုချင်ဘို့ ဘယ်နတ်ပြည်ကိုလဲ မလိုချင်ဘို့....။

ဒါဖြင့် နတ်ပြည်လိုချင်လို့ တရားနာတဲ့ ပုဂ္ဂိုလ်မှာဖြင့် ကိုဝမဂ်ဖိုလ်ရနိုင်ပါ့မလား....(မရနိုင်ပါဘုရား)။

သူ့မှာ လိုချင်တဲ့ ကိလေသာအညစ်အကြေးက ဟဒယဝတ္ထုပေါ်ရောက်နေတယ်....(မှန်ပါ့) မရောက်ဘူးလား.... (ရောက်ပါတယ်ဘုရား)။

အဲဒီတော့ ဘုန်းကြီးက ဘယ်လိုဘဲ ငါသိမ်းတော့မယ်ဟော့ ဥာဏ်ကား.... အဘိဓမ္မာဒေသနာတော်မြက် သည်ကား.... ဆိုပြီး ဒုက္ခသစ္စာ သမုဒယသစ္စာလို့ ဟောလိုက် ငြားသော်လဲ သူက နှတ်ပြည်ကြိုက်နေတော့ ကြိုက်တဲ့သစ္စာကလဲသစ္စာဥာဏ်, ကိစ္စဉာဏ်ကတဉာဏ်က မပါဘူး....(မှန်ပါ့) မပါတော့ ဒီတရားတွေနဲ့ဖြင့် ကိစ္စပြီးနိုင်ပါ့မလား.... (မပြီးနိုင်ပါဘုရား)။

နောက်က တကာတကာမတွေ့ သဘောကျပလား(ကျပါ့ပြီဘုရား)။

ဩော်....ဒါဖြင့် တရားမဟောခင် တရားနာတဲ့ ပုဂ္ဂိုလ်တွေ့ သင်မှုကိုလဲ မရှိယင် ကိုဝ....မတော်ဘူးဗျ.... (မှန်ပါ့) ဟောမည့် ပုဂ္ဂိုလ်ကလဲ အရမ်းဟောနေယင်လဲ ပင်ပန်းရုံဘဲရှိမယ်....(မှန်ပါ့) သဘောကျကြပလား....(ကျပါပြီ)။

ဒါဖြင့် တရားနာတဲ့ပုဂ္ဂိုလ်က ဝမ်းထဲမှာ ကိလေသာဖြူစင်နှင့်ဘို့ရာ ၁-နံပါတ်....(မှန်ပါ့) ဒီတရားဟောတဲ့ပုဂ္ဂိုလ်က ဟော ပြီးသကာလထားတော့ ဖြူစင်အောင် အယင်လုပ်ထားရမယ် (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

ဖြူစင်အောင် အယင်လုပ်ထားပြီးသကာလမှ အဲဒီဖြူစင်တဲ့ အချိန်ကို တရားဟောတဲ့ ဘုန်းကြီးကလဲ ဒီ့ပြင်တရား မဟော ရဘူး....(မှန်ပါ့) သစ္စာဘဲ ဟောရမယ်.... (မှန်ပါ့) ရိပ်မိကြပလား....(ရိပ်မိပါပြီ)။

အဲဒါ ဘယ်မှာဘဲ နာကြနာကြ ပြောကြပေါ့ဗျာ....ခင်ဗျား တို့ဝမ်းထဲကတော့ဖြင့် ဖြူဖြူစင်စင်ထားပါ....(မှန်ပါ့)သဘော ပါကြလား....(ပါပါပြီ)။

အဲဒီတော့ ဒို့တရားနာတာ ကြာလှပြီဘာမှ မဖြစ်သေးဘူး ဆိုတဲ့ ဆင်ခြေကိုလဲ မောင်နိုင်.... မသုံးပါနဲ့တော့.... (မှန်ပါ့ ဘုရား)။

နဂိုရိုက နာလာခဲ့ကြတာက ဘယ်လိုနာလာခဲ့ကြသတုံးမေး လို့ရှိယင် ကိုဝ.... အဖြေထွက်သွားပြီ....ဟုတ်လား ... (မှန်ပါ့) ကွာ....လူ့ပြည် ဆင်းရဲမယ်ကွာ.... နတ်ပြည် ရောက်ကြောင်း ကလေးသွားပြီးသကာလ ဘယ်လို နည်းယူဦးမှာဘဲ....ဆိုလို့ရှိယင် တဏှာနဲ့ သွားနာနေတာ....(မှန်ပါ့)။

ဒီလိုဆိုတော့ ဘေးကနေပြီးသကာလ တချို့ကလဲ သစ္စာကို မပါတော့ ကိုပေါ် ဘယ့်နှယ်တုံးဗျာ.... နဂိုရိုက အညစ်အကြေး ရှိတဲ့ ပုထုဇဉ်ပုဂ္ဂိုလ်ဟာ အညစ်အကြေးနဲ့ဘဲ ပြန်ပြီးသကာလ ဖိလိုက်သလိုဆိုတော့ ဖုတ်သထက် ညစ်သလို ဖြစ်သွားတယ်....

(မှန်ပါ!) မဖြစ်ဘူးလား.... (ဖြစ်ပါတယ် ဘုရား) ကြောက်စရာ မကောင်းဘူးလား.... (ကောင်းပါတယ်ဘုရား)။

ဒါဖြင့် တရားနာနည်း နိဿယျည်းကိုလဲ ယနေ့ သင်တာနာ လည်ပလား.... (နားလည်ပါပြီ) ဘာမှ တကာ တကာမတော့ က မလိုချင်နဲ့၊ ယခုခန္ဓာဒုက္ခကြီး သိမ်းချင်လို့ နာတယ်ဆိုတဲ့ ဉာဏ်ကလေးနဲ့သာနာ....(မှန်ပါ့)။

ဒီလိုဆိုတော့ ခန္ဓာကြီး သိမ်းချင်တဲ့ ဉာဏ်နဲ့ နာနေတော့ ကိုပေါ်တို့ ကိုဝတ်ကြီက ခန္ဓာသိမ်းချင်တာဃာ ရှိတော့တယ် ဘုရား ဒီပြင် ဘာမှ တပည့်တော်တို့ အရေးတကြီး အလုပ်မရှိဘူး....ဆိုတော့ ခန္ဓာသိမ်းချင်တဲ့ဉာဏ်ဆိုတော့ ခန္ဓာ ခင်တွယ်တဲ့စိတ် ပါသေးလား....(မပါပါဘုရား) နောက်ခန္ဓာ ရချင်တဲ့စိတ်....(မပါပါဘုရား) ဟုတ်... ဒါဖြင့် ဖြူစင်နေပြီ....(မှန်ပါ့)။

တကာတကာမတို့ ဘယ်နှယ်ဖြစ်သွားသတုံး.... (ဖြူနေပါပြီဘုရား)။

ဖြူနေပြီဆိုတာ သေချာပလား.... (သေချာပါပြီ) ဒါဖြင့် ဖြူယင် ဆေးဆိုးယင် စံမစံ....(စံပါတယ်ဘုရား)။

စံယင် ဖြူတဲ့အချိန်မှာတဲ့ သစ္စာတည်းဟူသောဆေးကို ဆိုးရပါလိမ့်မယ်....(မှန်ပါ့)ရိုပ်မိကြပလား....(ရိုပ်မိပါပြီဘုရား)။

ဒါက ရှေးက တရားနာရင်း ဥပါလိတို့သောတာပန်တည်ပုံ၊ ဒီပြင်တကာတကာမတွေ့ သောတာပန်တည်ပုံတွေ့ ထောက်လိုက်တော့ သူတို့တော့ မြန်လိုက်တာ ပါရမီရှင်တွေ့မို့ ထင်ပါရဲ့လို့ ဒီအသုံးကိုဖြုတ်ပါ....(မှန်ပါ့)။

ပါရမီရှင်တွေမို့ မဟုတ်ပါဘူး၊ နာတုန်းက ဖြူစင်နေလို့ပါ (မှန်ပါ့) အဲဒီမှာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သစ္စာကို နားပေါက်ကနေပြီးသကာလ ဟဒယဝတ္ထုပေါ် အရောက် သွင်းလိုက်တဲ့အခါကျတော့ ဟိုမှာ ဟဒယဝတ္ထုထဲမှာ ပဋိစ္စသမုပ္ပါဒ်ပြတ်တဲ့ ဒိဋ္ဌိ ဝိစိကိစ္ဆာ ပြတ်တဲ့ မဂ်ဉာဏ်ကလေးသွားတည်တယ်....(မှန်ပါ့)သူ....နောက်ကျတော့ ဖိုလ်ဉာဏ်သွားတည်တယ်....(မှန်ပါ့)။

မဂ်ဉာဏ် ချုပ်သွားတော့ ဖိုလ်ဉာဏ် သွားတည်တယ်၊ ဖိုလ်ဉာဏ်ချုပ်သွားတော့မှ နိဗ္ဗာန် မြင်တဲ့ ပစ္စဝေက္ခဏာဉာဏ်တွေ သွားဘည်တော့ ဒါ....သောတာပန်ဖြစ်ပြီလို့ ကိုပေါ်.... မဆို နိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ပါရမီလိုရင်းလား...တရားနာရင်း ဖြူစင်နေဘို့ လိုရင်းလား....(တရားနာရင်း ဖြူစင်နေဘို့ လိုရင်း ပါဘုရား)။

တကာကြီးလှိုင်ရေ.... ဒါတွေက ဆရာရင်း.... သမားရင်းမို့ အသေအချာ ပြောနေတာနော်....(မှန်ပါ့)။

မင်းတို့ တရားနာနည်းကို မသင်တော့ပါဘူးဆိုလို့ ရှိယင်ဖြင့် ကိုဝ.... ခက်ပြီဗျာ....(မှန်ပါ့) မခက်ဘူးလား.... (ခက်ပါတယ် ဘုရား)။

အဲဒါကြောင့် သစ္စာ ကိစ္စဉာဏ်ကို မဟာမိ ခင်ဗျားတို့က ဘယ်လိုတရားနာနေသတုံး....လို့ နဂိုရိုက နာတာက ဘုန်းကြီးရှင်းပြမယ်၊အရှင်သာရိပုတ္တရာဟောတယ်၊သူတို့နာနေပုံက မဟန်

ဘူးကွ၊ ဒါကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်မရတာ.... (မှန်ပါ့ ဘုရား)။

မောင်နိုင် တရားနာနေငြားသော်လဲ သူတို့ မဂ်ဉာဏ် ဖိုလ် ဉာဏ်မရတာက သူတို့မှာ အညစ် အကြေး ရှိလျက်နဲ့ အညစ် အကြေးရှိမှန်းမသိဘူးကွ....(မှန်ပါ့)အဲဒီတော့ သူတို့ဆေးကြော ချင်တဲ့စိတ် လာပါ့မလား....(မလာပါဘုရား)။

ဥပမာ ... ကိုပေါ်မှာ လမ်းက နွားကျင်ကြီး နင်းလာတယ် ဆိုပါတော့ နင်းမှန်းလဲမသိဘူး၊ ညကြီးလဲဖြစ်နေတော့ဟုတ်လား (မှန်ပါ့)ဆေးချင်တဲ့စိတ် ကြော်-ငါးခြောင်းထဲဝင်ဆေးဦးမှဆိုတဲ့ စိတ်ကလေးပေါ်ပါ့မလား.... (မပေါ်ပါဘုရား) ဘာဖြစ်လို့ ပါလိမ့်....(မသိလို့ပါဘုရား) ဘယ်လိုမသိတာပါလိမ့်....(အညစ် အကြေးရှိမှန်း မသိပါဘုရား)။

အညစ်အကြေးရှိတာကို အညစ်အကြေး ရှိမှန်းမသိတဲ့အတွက် သူဆေးကြောချင်စိတ် မလာဘူး....(မှန်ပါ့)။

မလာတော့ သူသည်ကားလို့ ဆိုလို့ရှိယင် လူမိုက် (မှန်ပါ့) ဆိုထိုက်ပလား....(ဆိုထိုက်ပါတယ်ဘုရား)။

ဒါဖြင့် အညစ်အကြေးရှိတာကို ရှိမှန်းသိတဲ့ ပုဂ္ဂိုလ်ကျတော့ မောင်နိုင် ဘာဖြစ်လာသတုံး.... (ဆေးသွားပါတယ်ဘုရား)ဆေး တယ်... (မှန်ပါ့)။

အဲဒီ ဆေးတဲ့ပုဂ္ဂိုလ်ကျတော့ လူလိမ်မာကွာ....(မှန်ပါ့)ဒါ.... အရှင်သာရိပုတ္တရာက ဟောခဲ့တယ်.... မူလပဏ္ဏာသမှာ နော်.... (မှန်ပါ့)။

အဲဒီတော့ ဒီမှာ ဘုန်းကြီးတို့က အခုတရားမဟောမီရှေးအာဘို့ ကာလမှာ ခင်ဗျားတို့ကို ကာမဂုဏ်၏ အပြစ်တွေ ငါးပါးအာရုံ ကာမဂုဏ်ဆိုတဲ့ သားရေး, သမီးရေး, စီးပွားရေးအပြစ်တွေကို ဒါတွေဆင်းယင်ဆင်း မဆင်းယင်.... သရက်ပင်ပေါ်ကနေပြီး အောက်လူခုတ်တာနဲ့ ခင်ဗျား ပင်လုံးကြီးပိုပြီးသကာလ ဂျမ်း ထိုးမှောက်ခုန် အောက်ကျလိမ့်မယ်....ဆိုတော့ ဩဩ.... ငါတို့ သားသမီးအာရုံတွေဟာ အလကားဟာတွေပါကလား၊ နောက် ဆုံး မရဏမင်းက လှဲလိုက်တဲ့အခါ ဗိုင်းဗိုင်း လဲတာပါကလား ပေါ်ကြပလား.... (ပေါ်ပါပြီ) ဘာမှ အသုံးမကျဘူးဆိုတာ ရှင်းကြပလား.... (ရှင်းပါပြီ)။

လှတ်ယင်လှတ်၊ မလှတ်ယင် လက်လောင်မယ်ဆိုတဲ့သဘောလဲ မရှိဘူးလား...(ရှိပါတယ်ဘုရား)။

အဲဒါကြောင့် ဒီလိုအချိန်ကြီးမှာ အိမ်မှာမလှတ်တာ ဘုန်း ကြီးတို့ကဆိုတာမဟုတ်ဘူး....(မှန်ပါ့) ဒီတရားနာတဲ့အချိန်ဟာတ် လိုက်ရမယ် (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

တရားနာတဲ့အချိန် လှတ်လိုက်တော့ ကိုဝတို့.... ကိုပေါ်တို့က စဉ်းစားတာမပါ့၊ ဝမ်းထဲ ဘာဖြစ်သလဲ.... (စင်ကြယ်ပါတယ် ဘုရား)။

အဲဒီ ဖြူစင်တဲ့အချိန်မှာ ဘုရားက သူတပါး စိတ်ကိုလဲ သိတော့ ဦးဘရှင်းရေ.... ကဲ....ဒီအချိန်ဖြင့် ဖြူလဲ ဖြူစင်ပြီကွ....၊ သူ့စိတ်လဲ နူးညံ့သွားပြီကွ.... နှစ်ချက်(မှန်ပါ့)သူ့စိတ်ထဲ ကြမ်း တာတွေ ရှိသေးရဲ့လား....(မရှိပါဘုရား) အဲ....ဖြူစင်တဲ့ အချိန် နူးညံ့သွားတဲ့အချိန်မှ သစ္စာ ကောက်ဟောတယ်.... (မှန်ပါ့)

ဟောသည်နဲ့ တမြို့ငနက်တည်း ဟဒယဝတ္ထုပေါ်မှာ ဒီမင်္ဂလာတွေ သူစဲ့တယ် ... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

မင်္ဂလာတွေ သူ့စဲ့တော့ကို တကာတကာမတွေက ဒီမင်္ဂလာကိန်းလို့ .... မင်္ဂပုဂ္ဂိုလ်၊ သဘောကျပလား.... (ကျပါပြီ) ဖိုလ်ဉာဏ်ကိန်းလို့.... (ဖိုလ်ပုဂ္ဂိုလ်ပါဘုရား)ဆိုတော့ ပုဂ္ဂိုလ်က ချို့ပေါက်လာတာ မဟုတ်ပါဘူး၊ ဒီဉာဏ်ကလေး သူ့စဲ့တာ ဟဒယဝတ္ထုမှာ....(မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဩော်....ဒါဖြင့် တော်တော် အရေးကြီးတဲ့ အချက်ကိုဘဲ ဆရာသမား ဆုံးမသွန်သင် ပြောဟောနေတယ်ဆိုတာဖြင့် ပေါ်လောက်ပါပြီ.... (ပေါ်ပါပြီ) နောက်က တကာ တကာမတွေ ရှင်းကြပလား....(ရှင်းပါပြီ)။

အေး....ဒါကြောင့် အားထုတ်တဲ့အခါကျတော့ ဘုန်းကြီးတို့ က အထူးပြောဘို့မလိုပါဘူး၊ ဖြူစင်ဘို့ကိုဟောတာ(မှန်ပါ့)အားထုတ်တဲ့ အခါကျတော့ မောင်နှိုင်တို့အားထုတ်နေတယ်၊ဖြစ်ပျက်မြင်နေကတည်းက ဝမ်းထဲမှာ ဝိပဿနာ မဂ်မှတပါး ဒီ့ပြင်မဂ် ရှိသေးရဲ့လား.... (မရှိပါဘုရား) ဒီ....မဂ် ရသွားလို့ ရှိယင် လောကုတ္တရာမဂ် လာချုံဘဲ....(မှန်ပါ့)။

အဲဒီကျတော့ နဂိုရှိကဖြူစင်နေတာဆိုတော့ မလွယ်ဘူးလား (လွယ်ပါတယ်ဘုရား)။

အခုလို တရားနာတဲ့အချိန်ကျတော့ တရားဟောဘုန်းကြီးကလဲ အသံကောင်းကောင်းနဲ့ ဝတ္ထု သက်သေသာဓကတွေကလဲ လှုမ်းလောက်အောင်, ဆွဲးလောက်အောင်နဲ့ ဆိုတော့ ခုနင်က

အညစ်အကြေးရှိတဲ့အထဲမှာ အညစ်အကြေးဘဲ ပြန်ပြီးသကာလ တက်သလို မကျဘူးလား....(ကျပါတယ်ဘုရား)။

အဲဒီတော့ အရှင်သာရိပုတ္တရာကြီးကပြောလိုက်တယ်၊ အညစ်အကြေးရှိတာ အညစ်အကြေးရှိမှန်းမသိတဲ့ ပုဂ္ဂိုလ်ဟာ ဆိုးပါသက္ဒာ.... ငါ... ဥပမာ ပြောမယ်ဟော့.... စျေးထဲကရေသောက်ဘို့ကြေးဖလားတခု ဝယ်လာတယ်၊ ဝယ်လာပြီးသကာလ သူ-အိမ်မှာဘဲ တိုက်ခြင်း ပုတ်ခြင်းလဲမရှိဘဲနဲ့ အိမ်ကျတော့ ချောင်ထဲထိုးထားလိုက်တယ်....(မှန်ပါ့)။

နဂိုရှိကလဲ မဆေးမကြောရသေးတာ၊ချောင်ထဲထိုးထားလိုက်တော့ မောင်နှိုင် ချေးတွေ ပိုတက်မလား.... မတက်ဘူးလား.... (ပိုတက်ပါတယ်ဘုရား)။

နဂိုရှိက သူယူလာတုန်းကလဲ ချေးပါတာသူကောင်းကောင်းမသိဘူး....(မှန်ပါ့)။

ဒီကျတော့လဲ ဆေးကြောမှအလုပ် မလုပ်တဲ့အပြင်မှာသူသည် ချောင်ဆဲထိုးထား ဖုံတွေ မြူတွေပေါ်တဲ့အထဲ ထိုးထားလိုက်တော့ ကိုဝ....ဘယ်နှယ်နေသတုံး.... (ပိုတက်ပါတယ်ဘုရား)ပိုပြီးသကာလ အညစ်အကြေး မများပေဘူးလား.... (များပါတယ်ဘုရား)။

အဲ....တရားနာပေမဲ့လဲ နဂိုရှိက သူက ကိလေသာ အညစ်အကြေးက ပုထုဇန်ကရှိလျက်ကြီး.... (မှန်ပါ့) ဒီအထဲ အညစ်အကြေးရှိတဲ့တရားကိုသူ့သာယာအောင် ထားလိုက်မယ်ဆိုလို့ရှိယင် ခုနင်က စျေးထဲက ဝယ်တုန်းကလဲ မသန့်ရှင်းတဲ့အထဲမှာ တခါ

တည်း တကာတကာမတွေကိုတဲ့ အညစ်အကြေးရှိတဲ့ဆီကို ပြန်ပြီး သကာလ ထည့်လိုက်သလို မကျဘူးလား (ကျပါတယ်ဘုရား)။

ဘယ်တော့မှ နိဗ္ဗာန်မရဘူး ဒီတရားမျိုးက.... မရနိုင်ဘူး.... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

အဲဒါကြောင့် ခင်ဗျားတို့ အလွန် အရေးကြီးတယ်....ဆိုတဲ့ ဥစ္စာ မပေါ်သေးဘူးလား....(ပေါ်ပါပြီ)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ မနေ့က ပြောခဲ့ပါတယ်၊ ဒီနေ့ သစ္စာဏ်, ကိစ္စဉာဏ်, ကတညာဏ်ကို ဖြူစင်တဲ့အချိန်မှာ ဟောလို့ရှိယင်ဖြင့် ကိစ္စပြီးပါတယ်ဆိုတဲ့ဥစ္စာ မှတ်ကြစမ်းပါ.... (မှန်လှပါ) မနေ့က ပြောတဲ့အတိုင်းနော်....(မှန်ပါ့)။

ကဲ....ဒါဖြင့် တကာတကာမတို့ သစ္စဉာဏ် ပြောတော့ကို ဒီခန္ဓာကိုယ်ကြီးသည် တကာ တကာမတို့ ပုလိုက်, အေးလိုက်နော်.... တခါတလေကျတော့ ချမ်းသာလိုက်၊ တခါတလေကျတော့ စိတ်ဆင်းရဲလိုက်၊မလာဘူးလား.... (လာပါတယ်ဘုရား)။

ဟာ.... ဒါတွေ ဘာဖြစ်နေတာတုံး.... မေးတဲ့အခါကျတော့ အို....ဘာမှဖြစ်တာမဟုတ်ပါဘူးဘုရာ့၊ ဒီခန္ဓာကိုယ်ကြီးက ဒုက္ခသစ္စာမို့ ဒုက္ခသစ္စာပြောနေတာဘုရား....(မှန်ပါ့)။

ပုဏ္ဏာ, အေးတာတွေ ဘာတွေပြောနေတာတုံး....(ဒုက္ခသစ္စာ ပြောနေတာပါ) ဒုက္ခသစ္စာမို့ ဘာတွေ သူဖော်ပြောနေသလဲ.... (ဒုက္ခကို ဖော်ပြောနေပါတယ်ဘုရား)။

ဒုက္ခတရားမို့ ဒုက္ခသစ္စာဘဲလို့ ဖော်ပြောနေတယ်(မှန်ပါ့) ဒီလိုသိထားရမယ်....။

"ဒီ....ခန္ဓာကြီးပြောင်းလာတာ ရှေ့လာတာ၊ တကာတကာမ တွေ့ ဟောဒီလို ပြင်ရတာ ဆင်ရတာ အင်း....အောက်က ပုလို့ နည်းနည်းကျဉ်းကျဉ်း ကြွရတာ-မ,ရတာ...ဟုတ်လား၊လူချင်းဘဲ နည်းနည်းတိမ်းရတာ၊ ဟာ...ဘာဖြစ်ကြတာတုံးမေးယင် ဘယ်နယ်ပြောကြမလဲ....(ဒုက္ခသဘော ပြောတာပါဘုရား)ဒုက္ခသစ္စာ မို့.... ဒုက္ခသဘော ပြောတာ....(မှန်ပါ့)။

ကိုဝ.... ဘာပြောသတုံး.... (ဒုက္ခသစ္စာမို့ ဒုက္ခသဘော ပြောတာပါဘုရား) ဘယ်သူက ပြောနေတာတုံးဗျ.... (ခန္ဓာကပြော နေတာပါဘုရား)။

ဒေါ်....ဘုန်းကြီးကပြောတာ အတည်မပြုပါနဲ့၊ တကာတကာ မတို့ ဘယ်သူကပြောတာ အတည်ပြုမလဲ....(ခန္ဓာကပြောတာပါ ဘုရား)။

ခန္ဓာက ဗင်ကိုယ်က ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါ) ဒုက္ခ သစ္စာမို့ သူက ဘာတွေများပြောနေပါလိမ့်.... (ဒုက္ခတွေပြော ပါတယ်) ဒုက္ခဘဲ သူပြောရမယ်၊ သုခမပြောဘူး.... (မှန်ပါ့)ရှင်း ကြပလား....(ရှင်းပါပြီ)။

အဲဒီတော့ ဒီထဲမှာ တရားနာကြတယ်၊ နည်းနည်းလူကြပ် တော့ ဒုက်ခတော့ရှေ့ချင်တယ်၊ သြော်.... ဒုက္ခသစ္စာမို့ ဒုက္ခက ပြောနေတယ်....(မှန်ပါ့)။

ကိုမြင့် ဒုက္ခသစ္စာမို့ ဒုက္ခပြောပြန်ပြီလို့သာ သိနေရမယ် (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

ဒုက္ခသစ္စာမို့.... (ဒုက္ခပြောပြန်ပါပြီ) ဒုက္ခအကြောင်းပြော ပြန်ပြီ....(မှန်ပါ့) ဒုက္ခသဘော သူပြောတာဘဲ၊ ကျုပ်တို့က

ဉာဏ်ကဒီကသာလိုက်နေ....(မှန်ပါ့)အဲဒါ သစ္စဉာဏ်ဘဲ(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ဒုက္ခသစ္စာ သဘောမှတပါးလဲ သူ့မှာ ပြောစရာဘာရှိသေးသတုံး....(မရှိပါဘုရား)။

မရှိတော့ တကာတကာမတွေ့ ခန္ဓာကဘာပြောလေ့ရှိသတုံး (ဒုက္ခပြောလေ့ရှိပါတယ်ဘုရား)။

ဒုက္ခပြောတာကို ကျုပ်တို့က ဒုက္ခလို့ သိနေလို့ရှိယင် ဒါ.... ဒုက္ခက ဒုက္ခသစ္စာ....(မှန်ပါ့) သိတာက ဉာဏ်၊ ဒါဖြင့် ဒုက္ခသစ္စာသိတဲ့ဉာဏ်ဆိုတော့ သစ္စဉာဏ် သွားဖြစ်တယ်....(မှန်ပါ့) ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

ခန္ဓာကပြောတာကို သိတဲ့ဉာဏ် ဘာဉာဏ်ခေါ်ကြမယ်.... (သစ္စဉာဏ်ပါဘုရား)။

ခန္ဓာက ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါ့) ဒုက္ခသစ္စာ ခန္ဓာကိုယ်ကြီးက ရှေ့ချင်တယ်၊ ပြောင်းချင်တယ်၊ စောင်းချင်တယ် တည့်ချင်တယ်၊ ယပ်ခတ်ချင်တယ်၊ အင်္ကျီကလေးထူလို့ ခွါချင်တယ်၊ မိုးမိလာလို့ စိုတဲ့အဝတ်ကလေးကိုဘဲ အင်း... သူသည်ကားလို့ဆိုလို့ရှိယင်ဖြင့် မတော်ဘူး၊ သူ့ကိုလဲပြီးသကာလ ဒီဖြင့် ဟာကလေးနဲ့ခုပြီး ထိုင်ချင်တယ်၊ ဟ.... ဘာပြောပြန်သတုံး.... ဒီခန္ဓာကြီးက....(ဒုက္ခသစ္စာကို ပြောပါတယ်ဘုရား)။

အဲဒါကလေး ဉာဏ်က သိလိုက်တော့ ဒီဉာဏ်ကို ဘာဉာဏ်ခေါ်ကြမယ်....(သစ္စဉာဏ်ပါဘုရား)။

သစ္စာသိတဲ့ဉာဏ်....(မှန်ပါ့) ဒါ... ခန္ဓာက မပြောပါနဲ့လို့ ကိုဝ... ခင်ဗျားတို့ တောင်းပန်လို့ ရရဲ့လား....(မရပါဘုရား)။

ဘယ်သူ တောင်းပန်လို့မှ မရဘူး....(မှန်ပါ့) ငါအမှန်လုပ်မယ်တဲ့....(မှန်ပါ့)။

တကာတကာမတို့ သူကဘာတဲ့တုံး.... (သစ္စာပါဘုရား)။

သစ္စာတဲ့၊ မင်း....သမုတိသစ္စာ မဟုတ်ဘူးကွ၊ သမုတိသစ္စာလို့ ငါက ဖေါက်ပြန်တာမဟုတ်ဘူးတဲ့....(မှန်ပါ့)။

သမုတိသစ္စာဆိုတော့ ကြေးပြားက ထုံးဗူးဖြစ်ချင်ဖြစ်တယ် (မှန်ပါ့) မဖေါက်ပြန်ဘူးလား.... (ဖေါက်ပြန်ပါတယ်ဘုရား)။

ကြေးပြားက.... (ထုံးဗူးဖြစ်ပါတယ်ဘုရား) ထုံးဗူးဖြစ်ချင်ဖြစ်တယ်၊ ကွမ်းအစ်ကော... (ဖြစ်ပါတယ်ဘုရား)။

အဲဒီလို ငါဖေါက်ပြန်တဲ့တရား မဟုတ်ဘူးကွ....တဲ့၊ ပရမတ္ထသစ္စာက.... (မှန်ပါ့) ငါက ထွက်လာကာဟူသ၍ ငါပြောမှာဟူသ၍ကိုဖြင့် ဒုက္ခအမှန်ချည့်ပြောမှာဘဲ....(မှန်ပါ့)။

ဒီတော့ ရှေ့ချင်တာလဲ ဒုက္ခအမှန်ပြောတာ....(မှန်ပါ့)။

တကာတကာမတွေ့ ရှေ့ချင်တာကော.... (ဒုက္ခအမှန် ပြောတာပါဘုရား) ဒုက္ခအမှန်ဘဲပြောတယ်ဆိုတာ သေချာပလား.... (သေချာပါပြီ) ပြန်တည့်ချင်တာကော.... (ဒုက္ခပါဘုရား) ဒုက္ခရောက်လို့ တည့်ချင်တာ....(မှန်ပါ့)။

နည်းနည်းကလေး ကွေးချင် ဆန့်ချင်တာကော....(ဒုက္ခရောက်လို့ပါဘုရား)။

အဲဒါ သူက ပြောပြန်ပြီ၊ သူက ပြောပြန်ပြီလို့ သိနေတဲ့ ဉာဏ်ကို ဘာဉာဏ်ခေါ်ကြမလဲ....(သစ္စဉာဏ်ပါဘုရား)။

ဩော်....ခန္ဓာက ဒုက္ခသစ္စာမို့ သူက ဒုက္ခသစ္စာဘဲ နော်...(မှန်ပါ့) ကျုပ်တို့က သိနေတာကလေးက ဘာတုံး.... (ဉာဏ်ပါဘုရား) ဉာဏ်ကလေးပေါ့ဗျာ....(မှန်ပါ့)။

ပေါင်းလိုက်တဲ့အခါကျတော့ ဒုက္ခနဲ့ဉာဏ်နဲ့ တဲ့လိုက်တော့ ဒုက္ခသစ္စာနဲ့ ဉာဏ်နဲ့ တဲ့လိုက်တော့ သစ္စာဉာဏ် သွားဖြစ်တယ်.... (မှန်ပါ့)။

သစ္စာဉာဏ်ကလေး သွားဖြစ်တော့ ဩော်... ဒါဖြင့် ခန္ဓာကိုယ်ထဲမှာ နဂိုရှိကလဲ ကိလေသာကမရှိဘဲနဲ့ တရားနာနေကြတော့ ဉာဏ်ကလေးဟာ ဟဒယဝတ္ထုပေါ် ရောက်လာတယ်....(မှန်ပါ့) မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

သစ္စာဉာဏ် အနုစား ရောက်လာတယ်၊ မရောက်သေးဘူးလား (ရောက်ပါတယ်ဘုရား)။

သစ္စာဉာဏ် အနုစား ရောက်ပြီဆိုကတည်းက ကိုဝတို့ ကိုပေါ်တို့က စဉ်းစားလိုက်တာပေါ့၊ "တဏှာ ပစ္စယာ ဥပါဒါနံ၊ ဥပါဒါန ပစ္စယာ ကမ္မဘဝေါ...." ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် လာသေးသလား.... (မလာပါဘုရား) ။

ဟာ....ဒါဖြင့် တကာတကာမတို့ ဒီဉာဏ်ကလေး ဝင်လိုက်သည်နဲ့တပြိုင်နက်တည်း ကိလေသာတွေက ပြတ်ကုန်ပြီ....(မှန်ပါ့ဘုရား)။

သို့သော်.... ဒီဉာဏ်က နဲ့တဲ့ဉာဏ် ဖြစ်နေတော့ အခုသူရှိဟုန်းသာ မလာအောင်တားနိုင်တယ်.... (မှန်ပါ့) သူက အမြစ်ပြတ်အောင် ကိုဝ....မတားနိုင်ဘူး....(မှန်ပါ့) ဘာဖြစ်လို့တုံး....ဉာဏ်နဲ့

တယ်၊ သစ္စာဏ်ဖြစ်နေ့တယ်....(မှန်ပါ့) သဘောပါကြပလား.... (ပါပါဖြို့)။

ဘာဉာဏ် ဖြစ်နေသတုံး.... (သစ္စာဏ်ဖြစ်နေပါတယ်ဘုရား) သစ္စာဏ် ဖြစ်နေတယ်လို့ဆိုတာ သေသေ ချာချာမှတ်ပါ.... (မှန်ပါ့)။

သစ္စာဏ်ဖြစ်နေတော့ သူသည် ခဏဘဲ ဒီပဋိစ္စသမုပ္ပါဒ်ပြတ် အောင်လုပ်နိုင်တယ်....(မှန်ပါ့) တခါတည်း မင်းတို့နောက် ဘယ် တော့မှ မလာနဲ့တော့ဆိုတဲ့သဘောကို သူမတတ်နိုင်ဘူး....(မှန်ပါ့ ဘုရား)။

ဒါဖြင့် ကိုပေါ်တို့ ကိုဝတို့ ဒီ့ထက်ကြီးတဲ့ ဉာဏ်လွတ်ရလိမ့် မယ်....(မှန်ပါ့) ဒီ....ဟဒယဝတ္ထုပေါ်ကို.... (မှန်ပါ့) ဒီ....ဉာဏ် လောက်နဲ့ မရဘူး....(မှန်ပါ့)။

ဘာဖြစ်လို့တုံး.... ဒီဉာဏ်ဟာ နိုင်တော့နိုင်ရဲ့....ခဏယာယီ နိုင်တာ....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) ဒီ့ထက် ကြီးတဲ့ဉာဏ် မလွတ်ရဘူးလား....(လွတ်ရပါမယ်ဘုရား)။

ဒီ့ထက် ထက်တဲ့ ဉာဏ်ဓါးကို လွတ်လိုက်ရလို့ ရှိယင်ဖြင့်....တဲ့ ကျုပ်တို့နေရာကျမယ်....(မှန်ပါ့) သဘောပါပလား....(ပါပါဖြို့ ဘုရား)။

ကိုင်း.... ဒါဖြင့် ခန္ဓာကိုယ်ကြီးက ပြောင်းပြန်တယ်၊ ရှေ့ ပြန်တယ်ဟုတ်လား၊ ပူပြန်တယ်.... အိုက်ပြန်တယ်....ဆိုတာ ခန္ဓ သဘော သစ္စာသဘော သူပြောတာ....(မှန်ပါ့)။

ကျုပ်ဟာ ဒုက္ခပါဘဲ၊ ခင်ဗျားတို့လဲ မလိမ်ပါဘူး-သစ္စာပါ။ ခန္ဓာက မပြောဘူးလား(ပြောပါတယ်ဘုရား)ခန္ဓာက လိမ်တယ် လို့ရှိသေးသလား....(မရှိပါဘုရား)။

မရှိပါဘူးတဲ့၊ ခန္ဓာက ပြောင်းချင်တယ်....ဆိုကတည်းက ဒုက္ခသဘော သူ့မပြောဘူးလား....(ပြောပါတယ်ဘုရား) ဒုက္ခရောက်လို့ပါ....ဟုတ်လား ...(မှန်ပါ့) အဟုတ် ရောက်တာလား....လို့မေးနေဘို့ လိုသေးသလား.... (မလိုပါဘုရား) သူကိုယ်တိုင်က သစ္စာပါ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် ဒုက္ခရောက်တဲ့အချိန်မှာ ဘယ်သဘောနဲ့ ပြောင်းချင်ပါလိမ့်မတုံး....ဆိုလို့ရှိယင်ဖြင့်....တဲ့ အမှန်သဘော ပြောင်းချင်တာပါ၊ ပြက်ကယ်....ပြက်ကယ်.... ပြောင်းချင်တဲ့သဘောမဟုတ်ပါဘူး....(မှန်ပါ့) သဘောကျပလား ..(ကျပါပြီ)။

ပြက်ကယ်....ပြက်ကယ် ပြောင်းချင်တာလား .. အမှန်ပြောင်းချင်တာလား.... (အမှန်ပြောင်းချင်တာပါဘုရား)။

ဒါဖြင့် ဒုက္ခအမှန်မို့ ပြောင်းချင်တာ(မှန်ပါ့)ဟာ....လူကြားကောင်းအောင် လူကြည့်ကောင်းအောင် ပြောင်းလိုက်ဦးမယ်ဆိုတဲ့ အပြောင်းလား.... (မဟုတ်ပါဘုရား) ဒုက္ခ အမှန်မို့.... (ပြောင်းတာပါဘုရား)။

ဒုက္ခအမှန်မို့ ပြောင်းတယ်ဆိုတော့ ဒုက္ခက-ဒုက္ခ၊ အမှန်က-သစ္စာ....(မှန်ပါ့) ကိုဝ....ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ ပြောင်းတိုင်း.... ပြောင်းတိုင်း.... ငါဒုက္ခအမှန်ဘဲလို့ သိပေး....(မှန်ပါ့) ခန္ဓာက-ဒုက္ခအမှန်၊ သိတာက....ဉာဏ်၊ သဘောကျပလား....(ကျပါပြီ)။

ခန္ဓာက....(ဒုက္ခအမှန်ပါ) သိတာက.... (ဥာဏ်ပါ) ဒါဖြင့် သူသည် အမှန်သိတဲ့ဥာဏ်....(မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီ)။

ဘာတဲ့.... (အမှန်သိတဲ့ဥာဏ်ပါဘုရား) အမှန်ကို သိတဲ့ဥာဏ် ဆိုတာ ကောင်းကောင်း ရှင်းသွားတော့.... အင်း....ဒါအမှန် ဆိုတာ သစ္စာဘဲဟေ့၊ သဘောပါပလား....(ပါပါပြီ)။

ဒါဖြင့် အမှန်ကိုသိတဲ့ဥာဏ်က လာတော့ အမှန်က သစ္စာ၊ ဥာဏ်ကသိတာဆိုတော့ သစ္စာဥာဏ်....(မှန်ပါ့ ပေါ်ပါပြီ)။

ဘယ်လို ပေါ်ကြပါလိမ့်.... (သစ္စာဥာဏ်ပါဘုရား) သစ္စာဥာဏ် ပေါ်သွားတယ်....(မှန်ပါ့)။

နောက်က တကာတကာမတွေ့ ရိပ်မိရဲ့လား....(ရိပ်မိပါတယ် ဘုရား)။

မနေ့ကတဲ့.... အကျယ်ခဲ့ပြီးသကာလ ကိုပေါ်.... ကိုဝ ပြော နေတယ်....(မှန်ပါ့)။

ဒါဖြင့် ပြောင်းတိုင်း.... ပြောင်းတိုင်း သူက ဒုက္ခအမှန်....လို့ ခင်ဗျားတို့သည်ကား... လို့ ဆိုလို့ရှိယင် သူ့ခင်တဲ့ပုဂ္ဂိုလ်ဟာ ပြောင်းပေးချင်တာ မလာဘူးလား....(လာပါတယ်ဘုရား)။

အင်း....ပြောင်းပေးချင်တာကလေးကလဲ ဘယ်နှယ်ကြောင့် ပြောင်းပေးချင်တာတုံးလို့ သူမေးလို့ရှိယင်ဖြင့် ခင်လို့(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

မင်းဟာ ခင်တာ အမှန်ဘဲလား....ဆိုတော့ ပြောင်းချင်တဲ့ သဘောကလေးကို တကာ တကာမတို့က ကိုယ့်ကိုယ်ကိုယ်

ခင်တော့ ပြောင်းချင်တဲ့ သဘောကလဲ ဝမ်းထဲ မလာဘူးလား (လာပါတယ်ဘုရား)။

ပြောင်းချင်တဲ့ သဘောကလေးက ဝမ်းထဲကလာတဲ့အခါကျ လို့ ရှိယင်ဖြင့် ခင်တာက သမုဒယ....ဟုတ်လား....(မှန်ပါ့) အမှန် ပြောင်းချင်တာလား....ဟုတ်လား....၊ ပြက်ကယ်.... ပြက်ကယ်.... ပြောင်းချင်တာလား....(အမှန်ပြောင်းချင်တာပါဘုရား)။

ဒါဖြင့် ပြောင်းချင်တဲ့ သဘောကလေးက သမုဒယအမှန်၊ သဘောကျပလား.... (ကျပါပြီ) ခန္ဓာက တကာတကာမတို့ ဒုက္ခအမှန်....(မှန်ပါ့)။

ပြောင်းချင်တဲ့ သဘောက.... (သမုဒယ အမှန်ပါ) ခင်လို့ ပြောင်းတာ....(မှန်ပါ့)။

ဒီလို့ထားလို့ ရှိယင်ဖြင့် ကိုယ်ကျိုးနည်းချီရဲ့ဆိုတော့ ခင်ဗျား တို့.... မခင်ဘဲနဲ့ ပြောင်းတာလား.... ခင်လို့ ပြောင်းတာလား.... (ခင်လို့ ပြောင်းတာပါဘုရား) ဒါဖြင့် ခင်တာလဲ အမှန်ဘဲ မဟုတ်လား....(မှန်ပါ့)။

အဲဒီတော့ ခင်တာ အမှန်လာလို့ ရှိယင် နောက်ဥာဏ်ကနေ ပြီး ဒါ....ခင်တာအမှန်ဘဲလို့ သိပေး....(မှန်ပါ့)သဘောကျပလား (ကျပါပြီ)။

အဲဒါကသမုဒယသစ္စာကို သိတဲ့သစ္စဥာဏ်(မှန်ပါ့)ပေါ်ပလား (ပေါ်ပါပြီ)။

ခင်တာ အမှန်ကိုလဲ သိရမယ်....(မှန်ပါ့) ဆင်းရဲတာ အမှန် ကိုလဲ....(သိရပါမယ်) ဒါ.... နှစ်ချက် သိပြီနော်.... (မှန်ပါ့ ဘုရား)။

ခင်တာအမှန်ကိုလဲ....(သိရပါမယ်) ဆင်းရဲတာ အမှန်ကိုလဲ (သိရပါမယ်ဘုရား)။

သေသေချာချာ ရှင်းကြပါ။ သေသေ ချာချာ ရှင်းကြပါ။ ဒီဥစ္စာ သာမည ပြောနေတဲ့တရားလို့ တကာကြီးလို့ မယူနဲ့ နော်....(မှန်ပါ့)။

ခန္ဓာထဲမှာ ဒီဥာဏ်ကလေး ပြန်ပြန် ကိန်းအောင် လုပ်နေရတယ်....(မှန်ပါ့) ဆင်းရဲတာ အမှန်လို့ သိပြန်တော့လဲ ဥာဏ် မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)ပြောင်းချင်တာအမှန် ဆိုပြန်ယင်ကော.... (ဥာဏ်ရောက်ပါတယ်ဘုရား)။

ဥာဏ်ရောက်သွားတော့ ဩော်.... သူသည် ဒုက္ခသစ္စာကိုလဲ အမှန်သိတယ်....(မှန်ပါ့)သမုဒယသစ္စာကိုလဲ.... (အမှန်သိပါတယ် ဘုရား)။

အမှန်သိသွားတော့ ဝမ်းထဲမှာ အမှန် ဘယ်နှစ်ချက်ရောက် သွားသတုံး....(နှစ်ချက်ရောက်သွားပါတယ်ဘုရား)နှစ်ချက်ရောက် သွားပြီဆိုတော့ ဩော်.... သစ္စာဉာဏ် နှစ်ချက်ရောက်ပြီ....(မှန်ပါ့ ဘုရား)။

ကိုဝ ဘယ်နှစ်ချက် ရောက်သွားပလဲ....(နှစ်ချက်ရောက်သွား ပါပြီဘုရား)။

ဒုက္ခသိတဲ့ သစ္စာဉာဏ် အမှန်တချက်....(မှန်ပါ့)သမုဒယ သိတဲ့ (သစ္စာဉာဏ် အမှန်တချက်)သစ္စာဉာဏ် အမှန်နှစ်ချက် မရသေးဘူး လား....(ရပါတယ်ဘုရား)။

ဩော်....ဒီလို သိရမှာပါကလား....၊ စာသိနဲ့တော့ ဝေးပါသေးရဲ့....(မှန်ပါ့)။

စာသိနဲ့တော့ ဝေးပါသေးရဲ့ ခန္ဓာက ပေါ်တဲ့အချိန် သိရမယ်....(မှန်ပါ့)။

မောင်နိုင်....ဘယ်အချိန်တုံး....(ခန္ဓာက ပေါ်တဲ့အချိန် သိရပါမယ်ဘုရား)။

ခန္ဓာက ပေါ်တဲ့အချိန် သိရမယ်ဆိုတာဖြင့် ယနေ့ ရှင်းရှင်းလင်းလင်း မှတ်ပါ....(မှန်ပါ့)။

သိလိုက်တဲ့အခါကျတော့ စကာ တကာမတွေ နဂိုရှိကလဲ ခန္ဓာထဲက ဖြူစင်နေတော့ ခန္ဓာထဲမှာ ဖြူစင်နေတဲ့ အချိန်မှာ ဒီ အမှန်တရားကလေးဟာ သိတဲ့ ဉာဏ်မှန်ကလေးသည်ကားလို့ ဆိုယင် ဟဒယဝတ္ထုပေါ်မှာ ဘယ်အချိန်မဆို သွားစံတာဘဲ....(မှန်ပါ့) မစံဘူးလား....(စံပါတယ်ဘုရား)။

အဲဒီ သွားစံတဲ့ ဉာဏ်ကလေးဟာကတော့ ဩော်....ဒီဉာဏ်ကလေးဟာ နောက်က,နေပြီး တွေးလိုက်တဲ့ အခါကျတော့....ဩော်....ဒါဘာပါလိမ့်မတုံး ဆိုလို့ရှိယင် မဂ်ပေါ်တာပါကလား....(မှန်ပါ့)။

ဒါကလေးဟာ ဘာပါလိမ့်....(မဂ်ပေါ်တာပါ) မဂ်ပေါ်လာတာ....(မှန်ပါ့)။

ဦးဘကလေး.... ဘာပေါ်လာတာတုံး....(မဂ် ပေါ်လာတာပါ) မဂ်ပေါ်လာတာ၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ရှေးက ဒီလို မဂ်မှ မပေါ်ဘဲကိုး....(မှန်ပါ့)အခုတော့ မဂ် ပေါ်လာတာ....(မှန်ပါ့)။

ဆင်းရဲတာ အမှန်သိတဲ့ ဉာဏ်ကလေးကလဲ ဟဒယဝတ္ထုပေါ် ရောက်ပြီ....(မှန်ပါ့) မဂ်ပေါ်လာတာ၊ သဘောကျပလား.... (ကျပါပြီဘုရား)။

ပြောင်းချင်တာ အမှန်ကို သိတဲ့ ဉာဏ်ကလေးကလဲ....(မဂ် ပေါ်တာပါ) ဟဒယဝတ္ထုပေါ် ရောက်တယ်၊ အဲဒီ ရောက်တဲ့ အမှန်ကလေးကတော့ ဘာသစ္စာတုံး....မဂ္ဂသစ္စာ၊ ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

ဒီအမှန်ကလေးရောက်တာကိုလဲ နောက်က ဉာဏ်နဲ့ သိပေးရ မယ်....(မှန်ပါ့)။

ဒါ ဘုန်းကြီးက စကားတတ်ပညာတတ်လို့ တန်ဆာဆင် ပြောတာ မဟုတ်ဘူး၊ နောက် ပါဠိ ကိုးပြလိမ့်မယ်၊ ပါဠိထုတ် လာလိမ့်မယ် ဒီ ဥစ္စာ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ ဘုရား)။

ဒါဖြင့် အခု သစ္စာ ဘယ်နှစ်ချက် သိသွားပလဲ....(သုံးချက် သိသွားပါပြီဘုရား)။

ဆင်းရဲတာအမှန်ကိုလဲ သိရမယ်....(မှန်ပါ့) ခင်တာ အမှန်ကို (သိရပါမယ်ဘုရား)။

ဒါဖြင့် ဆင်းရဲတာ အမှန်ဆိုတဲ့ ဥစ္စာက ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါ)ခင်တာ အမှန်က....(သမုဒယသစ္စာပါ)ဒါ နှစ်ခု ကို သိတာက....(မဂ္ဂသစ္စာပါဘုရား)။

ခင်ဗျားတို့သန္တာန် မဂ်မရောက်ပါနဲ့ဆိုလို့ ကိုဝ ရကို-မရဘူး (မရပါဘုရား)။

ဒါ့ကြောင့် ဒီ တရားမျိုးကို နာရမှ ဩော်....မဂ်ဉာဏ် ဖိုလ်ဉာဏ် ဆိုက်နိုင်တယ်ဆိုတာက ဟဒယဝတ္ထုပေါ် ဖြူပြီးသား အပေါ်မှာ ဉာဏ်ချည်း သွားကိန်းတယ်....(မှန်ပါ့)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ကယ်မည့်, ယူမည့်သဘော ဘယ်သူပါ လိမ့်မတုံးဆိုတာ မဂ္ဂင်ဘဲ....(မှန်ပါ့) မဂ်ဉာဏ်ဘဲ တကာတကာ မတို့ တခြားသော တရား ဟုတ်သေးရဲ့လား....(မဟုတ်ပါဘုရား)။

နဂိုရှိတုန်းက အပါယ်ရောက်အောင် လုပ်နေတာတွေ့ ဟဒယဝတ္ထုပေါ် အမဲက အညစ်အကြေးက ရောက်အောင် လုပ်နေတာ (မှန်ပါ့) အခု နိဗ္ဗာန်ရောက်အောင် ပို့မှာတော့ အဖြူက ပို့မှာ...(မှန်ပါ့)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဘယ်သူက ပို့မယ်ထင်သတုံး....(အဖြူက ပို့ပါမယ်)အဖြူက ပို့မယ်ဆိုတာ သေချာပလား....(သေချာပါပြီ ဘုရား)။

ကိုင်း....ဒါဖြင့် ဩော်....နဂိုရှိတုန်းက အမဲကလေးတွေ့၊ ဒို့အိမ်က လာတုန်းက သားတွေ့ ခဲလာခဲ့ရ၊ သမီးတွေ့ ခဲလာခဲ့ရ၊ ဆေးလိပ်ကလေး သောက်ချင်တဲ့ စိတ်နဲ့ လမ်းမှာ ညောင်းတာကလေးတွေကို အင်း....တရားမို့သာ လာရတယ်ဟေ့....၊မလွယ်ဘူး မိုးရေးထဲမှာဆိုတဲ့ စိတ်ပျက်လုံးကလေးတွေ့ ဆိုတဲ့ သမုဒယကလေးတွေ့ အခု အခါခိန်မှာ ရှိသေးရဲ့လား....(မရှိပါဘုရား) ခုနင်က ဉာဏ်ရောက်နေတဲ့ အခါခိန်မှာ....(မရှိပါဘုရား)။

အဲဒီ သမုဒယ ချုပ်တာကလေးကလဲ ဩော်....အခု အချိန်မှာ သမုဒယ ချုပ်နေတာပါကလား ဆိုပြီးသကာလ မဖြစ်ဘဲနဲ့ ချုပ်နေတဲ့ သဘောက နိရောဓသစ္စာ....(မှန်ပါ့)။

မဖြစ်ဘဲနဲ့ ချုပ်နေတဲ့ သဘောက....(နိရောဓသစ္စာပါဘုရား)။

အဲဒီလိုသိတာ မှတ်လိုက်ကြစမ်းပါ တကာတကာမတို့တဲ့.... ဒီအချိန်မှာ သစ္စာလေးပါးသိတဲ့ သစ္စဉာဏ် ရပါတယ်....(မှန်ပါ့ဘုရား)။

သစ္စာလေးပါး ပြည့်သွားပြီ....(မှန်ပါ့)မပြည့်သေးဘူးလား (ပြည့်ပါပြီဘုရား)။

သစ္စာလေးပါးသိတာ ဘာတဲ့....(သစ္စဉာဏ် ရပါပြီဘုရား)။

ဒါဖြင့် ဆင်းရဲတာ အမှန်ကို သိတာက....ဆင်းရဲတာ အမှန်က ဒုက္ခသစ္စာ၊ သိတာက....(မဂ္ဂသစ္စာပါ) သဘော်ကျပလား.... (ကျပါပြီဘုရား)။

ခင်တာ အမှန်ကို သိတာက....ခင်တာ အမှန်က....(သမုဒယသစ္စာ)သိတာက....(မဂ္ဂသစ္စာပါ)သဘောကျပြီနော်....(ကျပါပြီဘုရား)။

ရှေးက ခင်တာတွေဟာ ရှိတယ်၊ အခု အချိန်တော့ဖြင့် ခင်လုံးတွေ မရှိဘူးလို့ သိသွားတဲ့ ဥစ္စာကလဲ... ခင်လုံးတွေ အခု အချိန်မှာ ရှိသေးရဲ့လား....(မရှိပါဘုရား) မရှိတော့ ခင်လုံး ချုပ်သွားတာက ဘာသစ္စာတုံး....(နိရောဓသစ္စာပါဘုရား)။

အဲဒါ သိလိုက်တာက....(မဂ္ဂသစ္စာပါဘုရား)။

တခါတည်း တကာ တကာမတွေ့မှာတဲ့ သစ္စာလေးပါးကို တပြိုင်နက်ဉာဏ်ကသိသွားတယ်....(မှန်ပါ့)ဉာဏ်က သိသွားတယ် ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

သို့သော်လဲတဲ့ ဒီဟာ ကိစ္စဉာဏ် ဖြစ်နေတော့ ဉာဏ်ခါးတုံးသေးတယ်လို့ မောင်နိုင်က မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

ဘာတဲ့တုံး....(ဉာဏ်ခါး တုံးပါသေးတယ်ဘုရား)။

ဉာဏ်ခါး တုံးသေးတော့ တကာ တကာမတို့ အဆုံးကျအောင် သူ မနိုင်သေးဘူး....(မှန်ပါ့)။

ဒါကြောင့် ပဋိသမ္ဘိဒါမင်္ဂက....“တ္ထေ ဣဒံ ဒုက္ခံ ဣဒံ ဒုက္ခသမုဒယံ ဣဒံ ဒုက္ခနိရောဓံ ဣဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါတိ ယထာဘူတံ ဉာဏံ သစ္စဉာဏံ နာမ”၊ ယထာဘူတံ= ဟုတ်တိုင်းမှန်စွာ ခန္ဓာထဲမှာ ဆင်းရဲတာ အမှန်ကိုလဲ ခန္ဓာထဲကဘဲ သိရမယ်(မှန်ပါ့)စာသိသိနေလို့တော့ မရဘူးက္ခ....(မှန်ပါ့) ယထာဘူတ ပါနေတာကိုး....(မှန်ပါ့)။

“ဣဒံ ဒုက္ခံ နိရောဓံ ဣဒံ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါတိ အရိယသစ္စံ ယထာဘူတဉာဏံ သစ္စဉာဏံ နာမ” ယထာဘူတ ထည့်ဦးကွတဲ့၊ ဒီအကိုး အကားကို စာထဲ ရေးထားတာလောက် မယူနဲ့တဲ့....၊ မင်းတို့သန္တာန် ပေါ်ဘုန်းကို သိဘို့ အရေးကြီးတယ်.... (မှန်ပါ့)။

အခုဟာ ပြောနေတာက ပေါ်တုန်း ပြောနေတာ....(မှန်ပါ့ဘုရား)။

ခင်ဗျားတို့ ပြောင်းတယ်ဆိုလို့ ရှိယင်ဖြင့် ဆင်းရဲတာ အမှန်ဘဲ....(မှန်ပါ့) မသိဘူးလား....(သိပါတယ်) အဲဒါ ပေါ်တုန်းသိတယ်....(မှန်ပါ့)ဒါ ဟုတ်တိုင်းမှန်စွာ သိတာ....(မှန်ပါ့ ဘုရား)။

စာမျှသိတာက မှတ်ထားတာ သိတာ....(မှန်ပါ့)မကွဘူးလား....(ကွဘပါတယ်ဘုရား)။

ဒါက ဘာညာဏ်တုံးလို့ မေးတော့ ယထာဘူတ ဟုတ်တိုင်းမှန်စွာ ဆင်းရဲတုန်းကို သိလိုက်တယ်....(မှန်ပါ့)။

တကာတကာမတို့ ဘယ်အချိန် သိလိုက်တာတုံး....(ဆင်းရဲတုန်းကို သိလိုက်ပါတယ်) ဆင်းရဲတုန်းကို သိရမယ်၊ သဘောပါကြလား....(ပါပါပြီဘုရား)။

တခါ ပြောင်းချင်တဲ့.... သဘောကလေးကလဲတဲ့.... တကာတကာမတို့ တဏှာသမုဒယကလေး မဟုတ်ဘူးလားဗျာ(မှန်ပါ့) ဟာ....ဘယ်နှယ်ကြောင့်တုံးလို့ ဆိုတော့ ဩော်.... ခင်လွန်းလို့ ပေါ့ဘုရား....(မှန်ပါ့)။

အဲဒီ ခင်တာ အမှန်ကလေးကိုလဲ ခင်ဗျားတို့က ဘာလုပ်ရမလဲ....(သိရပါမယ်ဘုရား)။

ဒါဖြင့် ခင်တာ အမှန်က ဘာသစ္စာတုံး....(သမုဒယသစ္စာပါ)သိတာက....(မဂ္ဂသစ္စာပါ) နေရာကျပြီ... (မှန်ပါ့)။

အဲဒီတော့ တကာတကာမတွေ့တဲ့....ခင်တာ အမှန်ကလေးလဲသိသွားပြီတဲ့... အခု သိတဲ့ အချိန်မှာ ခင်တတ်တဲ့ သဘောကလေးဟာက မင်ဉာဏ်လာတော့ သူ ရှိသေးရဲ့လား.... (မရှိပါဘုရား)။

မရှိတော့ ခင်တဲ့ သဘောကလေး ချုပ်သွားတာကိုလဲ သိရဲ့လား....(မှန်ပါ့) အဲဒီ ချုပ်သွားတာကလေးက ဘာသစ္စာတုံး (နိရောဓသစ္စာပါဘုရား) အဲ....ချုပ်မှန်းသိတာကလေးက ဘာသစ္စာတုံး....(မဂ္ဂသစ္စာပါဘုရား)။

ဒါဖြင့် သစ္စာလေးပါးကို ခင်ဗျားတို့ သစ္စာဖောက်နဲ့ သိပါပြီ....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

သစ္စာလေးပါး မသိသေးဘူးလား....(သိပါပြီဘုရား) ဒါ.... ဘာဉာဏ် ခေါ်ကြမလဲ....(သစ္စဉာဏ်ပါဘုရား)။

အဲဒီတော့ စာဖတ်တာနဲ့ ကိုယ့်ခန္ဓာ ဖြစ်စဉ်အတွေ့နဲ့ .... ကိုပေါ်....ကိုဝ... အတော် ခြားနားတယ်.... (ခြားနားပါတယ် ဘုရား)။

စာဖတ်တာက ဟဒယဝတ္ထုပေါ် ဖတ်တာမှ မဟုတ်ဘဲ.... (မှန်ပါ့) ဟဒယဝတ္ထုပေါ် ကိုလေသာ အညစ်အကြေးနဲ့ ငါ သူမျှား မော်ရအောင်, ကြွားရအောင်, လူပုံအလယ်မှာ ပြောရအောင်ဆိုပြီး ဟန်နဲ့ ဖတ်ချင် ဖတ်နေတာ....(မှန်ပါ့)မဟုတ်ဘူးလား....(မှန်ပါ့)။

ကြွားလုံး, ဝါးလုံးကို အလိုရှိလို့ ဖတ်ချင်ဖတ်နေတော့.... အညစ်အကြေးနဲ့ ဖတ်နေတာ....(မှန်ပါ့)။

ဖြစ်နိုင်ပါ့မလား....(မဖြစ်နိုင်ပါဘုရား) ဒီလိုတော့ မဖြစ်နိုင်ဘူးတဲ့... ၊ ဒါတော့ဖြင့် အညစ်အကြေး ဖြူတုန်းကို သစ္စာသွင်းရမယ်ဆိုတာကိုး....(မှန်ပါ့)သူ့ဟာက အညစ်အကြေးနဲ့ သစ္စာရှာနေတာ....(မှန်ပါ့)။

အဲဒီတော့ သစ္စာအစစ် တွေ့ပါ့မလား....(မတွေ့ပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

တော်တော်ကြာ ထပ်တောင်ငြင်းသေးတယ်....ငါ ပြောတာ မဟုတ်ရမလား....ဆိုတော့ အညစ်အကြေး ထူရတဲ့ အထဲ ထပ်ပြီး ငြင်းပြန်တော့ ကိုဝ....ဒီ့ထက် ဆိုးသွားတယ်....(မှန်ပါဘုရား)။

ကြေးဖလားစျေးက ဝယ်လာပြီးသကာလဖုံတွေထဲ ထိုးထားတော့ ညစ်သထက် ညစ်တာပေါ့....(မှန်ပါ)ဒီလိုမဖြစ်ပေဘူးလား (ဖြစ်ပါတယ်ဘုရား) ရှင်းကြပလား....(ရှင်းပါပြီ)။

ဒါဖြင့် ဒီနေ့ ဘယ်ဉာဏ်ရပါလိမ့်.... (သစ္စဉာဏ် ရပါတယ် ဘုရား)။

အဲ-သစ္စဉာဏ်ဟာ အခုပြောင်းတိုင်း ပြောင်းတိုင်း ခင်ဗျားတို့ လေးဉာဏ်....လေးဉာဏ် ရ,ရမယ်....(မှန်ပါ့)။

ဣရိယာပုတ် ပြောင်းတိုင်း ပြောင်းတိုင်း....(လေးဉာဏ် ရ,ရပါမယ်ဘုရား)။

အထည်ကြီးက ဒုက္ခသစ္စာ(မှန်ပါ့) ပြောင်းချင်တဲ့သဘောက (သမုဒယသစ္စာပါဘုရား) ပြောင်းမှန်းသိတာက....(မဂ္ဂသစ္စာပါဘုရား) ပြောင်းမှန်းသိလို့ သမုဒယချုပ်သွားတာက....(နိရောဓသစ္စာပါ)။

ဒီလို....ဒီလို သိပေးလို့ ရိယင်ဖြင့် ဒီအသိလေးချက်ဟာ ခန္ဓာကိုယ်ထဲမှာ တခါတည်း ဖြူနေတုန်းကို သွားပြီး ဆေးစဲတာဘဲ (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဆေးစဲတော့ တကာတကာမတို့ သစ္စဉာဏ်က ဆေးစဲပြီ....(မှန်ပါ့)။

မောင်နှိုင် ရိပ်မိပလား....(ရိပ်မိပါပြီ) ဘယ်ဥာဏ်က ဆေးစဲ့ပါလိမ့်.... (သစ္စဉာဏ်က ဆေးစဲ့ပါတယ်ဘုရား)။

အဲ့....သစ္စဉာဏ်က ဆေးစဲ့ပြီနော်.... ဘာကြောင့်တုံးဆိုတော့ စိတ်တွေဟာ ဘင်္ဂစိတ်ဘဲ နဂိုရိုက အခံရှိနေတယ်၊ ဘင်္ဂစိတ်ပေါ်မှာ မဂ္ဂသစ္စာဘဲသွားပြီး ဆေးစဲ့တယ်... (မှန်ပါ့)။

ဘင်္ဂစိတ်ဆိုတော့ ပင်ကိုယ်က ဖြူနေပါတယ်.... (မှန်ပါ့) ခင်ဗျားတို့ အိပ်တဲ့စိတ်ပါ၊ အိပ်တဲ့စိတ်ဟာ ကိုဝ.... မဖြူစင်ဘူးလား... (ဖြူစင်ပါတယ်ဘုရား)။

အိပ်ပျော်နေတဲ့ ဘင်္ဂစိတ်ဟာ တကာတကာမတို့ သူဟာ ရှုမှု ရှိုက်မှုအလုပ်ဘဲ လုပ်တယ်.... (မှန်ပါ့) ထမင်းစားချင်တဲ့ သဘောလာသေးလား.... (မလာပါဘုရား) သူတပါး ငဲ့ချင်စောင်းချင်တဲ့သဘော.... (မလာပါဘုရား)။

ဒါဖြင့် အဲဒီ ရှုတဲ့ ရိုက်တဲ့ စိတ်ဟာ အိပ်တဲ့ ဘင်္ဂစိတ်က လုပ်နေတော့ ကိုဝ ဖြူမဖြူ(ဖြူပါတယ်ဘုရား)လောဘ,ဒေါသ မောဟ.... အာညစ်အကြေး လာသေးရဲ့လား.... (မလာပါဘုရား) အဲဒီ ဖြူတဲ့အချိန်မှာ ဆေးဆိုးပါ....(မှန်ပါ့) ဖြူတဲ့ အချိန်မှာ သစ္စဉာဏ်သွင်းပေး....(မှန်ပါ့)။

ဒါဖြင့် ဖြူနေတုန်းကို ဥာဏ်နဲ့ ဆေးဆိုး....(မှန်ပါ့)၊

မောင်နှိုင် ဘယ်အချိန်မှာတုံး.... (ဖြူတဲ့အချိန်မှာ ဆေးဆိုးရပါမယ်ဘုရား)။

ဖြူတဲ့အချိန်မှာ ဥာဏ်နဲ့ ဆေးဆိုးရမယ်ဆိုတာသေချာပလား (သေချာပါပြီဘုရား)။

အဲ .... တခေါက် ပြန် ပြော ပါဦး မယ်တဲ့၊ ခင်ဗျားတို့လဲ ထမင်းဆာလာတယ်ဆိုကြပါစို့....(မှန်ပါ့)။

ထမင်းဆာလာတော့ ထမင်းဆာလာတာ သုခလား....ဒုက္ခလား....လို့ ကိုပေါ် မေးနေဘို့ မလိုပါဘူး.... (မလိုပါဘူးရှား)။

ဆာလောင်မှတ်သိပ်တဲ့ ဒုက္ခဘဲ(မှန်ပါ့) ဩော်.... ဒါကလေးဟာ ခန္ဓာကိုယ်ထဲက ဘာသစ္စာပြသတုံး.... (ဒုက္ခသစ္စာပြပါတယ်ဘုရား)။

အဲ...ဆာပြန်လို့ ရှိယင် ဩော်....ဒုက္ခသစ္စာ ပြပြန်ပြီဆို....တဲ့ ဥာဏ်ကလေးနောက်ကလိုက်...(မှန်ပါ့)သဘောကျပလား(ကျေပါတယ်ဘုရား)။

ဆာတဲ့ရုပ်ကလေးဟာက တခါတည်း ညှိုးနွမ်းမလာဘူးလား (လာပါတယ်ဘုရား)။

အဲဒီ ညှိုးနွမ်းတဲ့ရုပ်ကလေးသည်ကားလို့ ဆိုယင် ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

ဒုက္ခသစ္စာဘဲ ဆိုပြီးသကာလ သူက ဒုက္ခသစ္စာ၊ သိတာက.... (မဂ္ဂသစ္စာပါဘုရား)။

အဲဒီတော့ တကာတရာမတွေက ဒီအချိန်မှာ ဆာပြီးသည်နဲ့ တပြိုင်နက်တည်း ကျွေးဦးမှဆိုတဲ့ သမုဒယသစ္စာလာလဲ မြန်မြန် သိအောင်လုပ်ပေး....(မှန်ပါ့)။

ကျွေးဦးမှထင်ပါရဲ့ဆိုတော့ ဘာသစ္စာတုံး....(သမုဒယသစ္စာပါဘုရား)။

ဒါဖြင့် ငါ့မှာ သမုဒယသစ္စာလာပြန်ပြီလို့ မဂ်ကသိပေး.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ) သစ္စာ ဘယ်နှစ်ပါး ပိုင်သွား ဘုလဲ.... (နှစ်ပါးပိုင်သွားပါပြီဘုရား)။

သိနေတဲ့ အခိုက်အတန့်မှာဘဲတဲ့၊ သိနေတဲ့ အချိန်ကလေးဟာ ဆာလောင်မွတ်သိပ်တဲ့ စိတ်ရှိသေးရဲ့လား....(မရှိပါဘုရား) ဟာ ဒါကလေးဟာ ဘာပါလိမ့်.... (နိရောဓသစ္စာပါဘုရား) နိရောဓသစ္စာကိုလဲ သိပေးပါနော်.... ဩော်.... ဆာလောင် မွတ်သိပ်တဲ့ စိတ်ချုပ်သွားပြီလို့ သိပေး....(မှန်ပါ့)။

အဲဒီလို သိပေးတာက ဘာပါလိမ့်.... (မဂ္ဂသစ္စာပါဘုရား) နိရောဓသစ္စာ၊ ချုပ်သွားတာက နိရောဓသစ္စာ၊သိတာက မဂ္ဂသစ္စာ (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

ဒါဟာ.. ခင်ဗျားတို့ ဣရိယာပုတ် တခုတခု ပေါ်တိုင်း၊ ပေါ်တိုင်းပေါ့ဗျာ....(မှန်ပါ့) သိနေမယ်ဆိုလို့ ရှိယင် သစ္စာလေး ချက်ကို ပေါ်တိုင်း ပေါ်တိုင်းသိတယ်....(မှန်ပါ့)။

ပေါ်တိုင်း ပေါ်တိုင်းသိတော့ ဒါ....သစ္စာကို သိနေသော ကြောင့် ဘာညာဏ်ခေါ်ကြမယ်.... (သစ္စဉာဏ်ပါဘုရား)သစ္စာကို သိနေသောကြောင့်.... (သစ္စဉာဏ်ပါဘုရား)။

ကိစ္စဉာဏ်ကို မတက်နိုင်ဘူး တကာတကာမတို့ သစ္စာသေချာ အောင် ပြောနေရတာနဲ့....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ) သစ္စာက ပေါ်တိုင်း ပေါ်တိုင်းသိမှသာလျှင် သစ္စဉာဏ်ဖြစ်မှာ ကိုးဗျ...(မှန်ပါ့)စာထဲရှိတာကို သိနေလို့ သစ္စဉာဏ်က....(မြင်ပါဘုရား)။

ဒါဖြင့် စာထဲမှာ ဒုက္ခသစ္စာရှိသလား....(မရှိပါဘုရား) စာထဲမှာ သမုဒယသစ္စာ ရှိသလား....(မရှိပါဘုရား)စာထဲမှာ နိရောဓသစ္စာရှိသလား... (မရှိပါဘုရား) စာထဲမှာ မဂ္ဂသစ္စာရှိသလား... (မရှိပါဘုရား)။

မရှိပါဘူး၊ ရှိတာ ဘာတွေတုံး....ဆိုတော့ မှတ်တမ်းတွေဘဲ ရှိလိမ့်မယ်၊ သစ္စာ အမှန်တွေတော့မရှိဘူး....(မှန်ပါ!)သဘောကျပလား... (ကျေပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ ခန္ဓာကိုယ်ထဲက ဒုက္ခသစ္စာ အမှုအရာပြောင်းတိုင်း ပြောင်းတိုင်း ခင်ဗျားတို့ သိပေးနေလို့ရှိယင်ဖြင့် ဒါ....သစ္စာဉာဏ် ကောန် ရတာဘဲဆိုတာ ဆုံးဖြတ်ချက်ချပါ.... (မှန်ပါ!)။

ဉာဏ်ကတော့ဖြင့် တကာတကာမတို့ သမုဒယသစ္စာ ပေါ်တိုင်း သိပြန်လဲ မဂ္ဂသစ္စာဘဲ.... (မှန်ပါ!) ဒုက္ခသစ္စာ ပေါ်တိုင်း သိပြန်ကော .. (မဂ္ဂသစ္စာပါဘုရား) သမုဒယ ချုပ်တိုင်း သိပြန်ကော....(မဂ္ဂသစ္စာပါဘုရား) အဲ.... သစ္စာလေးပါး မပြည့်သေးဘူးလား.. (ပြည့်ပါတယ်ဘုရား)။

ချုပ်တိုင်းသိတာက· ချုပ်တာက နိရောဓသစ္စာ သိတာက မဂ္ဂသစ္စာ....(မှန်ပါ!) သဘောကျပလား....(ကျေပါပြီ)။

ဒီလိုသိတဲ့ဉာဏ်ကို ဘာဉာဏ်ခေါ်ကြမလဲ.... (သစ္စဉာဏ်ပါဘုရား) သစ္စဉာဏ်ဘဲရှိသေးတယ်....(မှန်ပါ!) ကိစ္စဉာဏ်အလုပ်ကို မလုပ်ရသေးဘူး....(မှန်ပါ!) ရိပ်မိပလား... (ရိပ်မိပါပြီ)။

ကဲ....နက်ဖြန်မှ ကိစ္စဉာဏ် ပြောကြစို့....

သာဓု....သာဓု....သာဓု....။

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်မြို့ မင်္ဂလာတိုက်

ဆရာတော် ဘုရားကြီး ဟောကြား ဆုံးမတော်မူသော

(ကိစ္စညာဏ် ပိဋ္ဌနဒ္ဒသဘော)

ညအလုပ်ပေးတရားတော်

(၂၉-၆-၆၁)

အားလုံး တရားနာလာကြတဲ့ တကာတကာမတွေ ဆရာရင်း တကာရင်းပြော- ပြောရမယ်ဆိုလို့ ရှိယင်ဖြင့် သစ္စာမသိလို့ ရှိယင် အလကားဘဲဆိုတာ ဆုံးဖြတ်ချက်ချပါ၅....(မှန်ပါ့)။

သစ္စာကို မသိသေးဘူးဆိုလို့ ရှိယင်ဖြင့် ဩော် .. လူ့ဖြည်မှာ လာဖြစ်သွားတာ အင်မတန်မှ ကိုယ်ကျိုးနည်းသွားမြဲ ဆိုတဲ့ဥစ္စာ သေသေချာချာမှတ်ပါ၅....(မှန်ပါ့)။

သစ္စာမသိတာ ဘယ်သူတုံးလို့ မေးတဲ့အခါကယ်၊ "ဒုက္ခ အာဉာဏ်" ဒုက္ခ- ဒုက္ခသစ္စာဆို၊ အာဉာဏ်-မသိခြင်းသည်၊ ဒဝိဇ္ဇာ အဝိဇ္ဇာဘဲလို့ မှတ်လိုက်တာပေါ့....(မှန်ပါ့)။

ဒါဖြင့် သစ္စာမသိတဲ့ပုဂ္ဂိုလ်မျိုး သေသွားတယ် ဆိုလို့ ရှိယင်ဖြင့် အဝိဇ္ဇာနဲ့ သေသွားလေရဲ့....(မှန်ပါ့)သဘောပါကြပလား (ပါပါပြီဘုရား)။

ဘာနဲ့ သေသွားသလဲ.... (အဝိဇ္ဇာနဲ့ သေသွားပါတယ်ဘုရား) အဝိဇ္ဇာနဲ့ သေသွားတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ကွာ....တဲ့၊ အကန်းလမ်းသွားတာဟေ့....(မှန်ပါ့)။

ဘာတဲ့တုံး... (အကန်းလမ်းသွားတာပါဘုရား) တကာတကာ မတို့ အဝိဇ္ဇာနဲ့ သေသွားတဲ့ပုဂ္ဂိုလ်ဟာ အကန်းလမ်းသွားသဟေ့ ဆိုတဲ့ဥစ္စာ ဟောရှာတယ်... (မှန်ပါ့)။

အကန်းဘယ်နှယ်ကြောင့် လမ်းသွားပါလိမ့်မတုံး မေးတဲ့အခါကျတော့ အကန်းဆိုတာသည် သူလုံပ်ချင်တာ လုပ်သောကြောင့် ခုနှင်ကနတ်ပြည်ရောက်ကြောင်း ကုသိုလ်လဲ သူလုပ်ချင်လုပ်သွားတယ်၊ အပါယ်ရောက်ကြောင်း အကုသိုလ်လဲ သူ လုပ်ချင်လုပ်သွားတော့ သူဟာ ရှေ့... ဒုက္ခသစ္စာလို့ ကန်းနေတဲ့ အဝိဇ္ဇာကြောင့် ဦးဘရှင်း သိသေးသလား (မသိပါဘုရား)။

မသိတော့ အဝိဇ္ဇာပစ္စယာသင်္ခါရာဆိုပြီး ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ... ဆိုတဲ့ သုဂတိရောက်ကြောင်း အပါယ်ရောက်ကြောင်းတွေ တည်းဟူသော ခြေထောက်နှစ်ခုနဲ့ လှမ်းပြီးသွားတော့မယ်....(မှန်ပါ့)။

အင်း.... မမြင်တဲ့ ပုဂ္ဂိုလ်မှာ ပုညာဘိ သင်္ခါရ- ခြေလှမ်းနဲ့၊ အပုညာဘိ သင်္ခါရ... ဆိုတဲ့ အကုသိုလ် ခြေလှမ်းနဲ့ တဖက်က အကုသိုလ်လှမ်း တဖက်က ကုသိုလ်လှမ်းလိုက်၊ လှမ်းတဲ့ ကုသိုလ်ကလဲ ဘာကုသိုလ်လို့ မဆိုနဲ့တဲ့ အဝိဇ္ဇာအုပ်ချုပ်တဲ့ကုသိုလ်လို့ ဆိုလိုက်ပါတယ်....(မှန်ပါ့)။

အဝိဇ္ဇာ အုပ်ချုပ်တဲ့ ကုသိုလ်ကို သေသေ ချာချာ သိတော့မှ တကာတကာမတွေသည်....တဲ့ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာဆိုတာ ပေါ်လာတယ်....(မှန်ပါ့)။

ဒါကြောင့် အလှူပေးတိုင်း တကာတကာမတွေ့ သတိပေးရတယ်၊ အလှူပေးတိုင်း နိဗ္ဗာန်ရသလားလို့မေးတော့ အဝိဇ္ဇာအုပ်ချုပ်တဲ့အလှူဖြင့် နိဗ္ဗာန်မရဘူး...(မှန်ပါ)။

အဝိဇ္ဇာအုပ်ချုပ်တဲ့ အလှူကျတော့...(နိဗ္ဗာန်မရပါ) နိဗ္ဗာန်မရဘူးလို့ ဆုံးဖြတ်ချက်ချပါ၊ ဘာ့ကြောင့်တုံးဆိုတော့ ပုညဘိသင်္ခါရ လုပ်ပါတယ်....(မှန်ပါ့)။

ပုညဘိသင်္ခါရဆိုတာ ပုညက ကုသိုလ်၊ အဘိသင်္ခါရက ပြုပြင်တာ၊ ပြုပြင်မည့်ကုသိုလ်ကို သွားလုပ်တော့ကိုတဲ့ ခင်ဗျားတို့ဘဲ စဉ်းစားကြည့်ပါတဲ့၊ ပြုပြင်တဲ့ ကုသိုလ်ကို သွားလုပ်တော့ ဒီခန္ဓာတွေ့ ပြုပြင်ဦးမှာဘဲ....(မှန်ပါ့) ခန္ဓာတွေက ဘာသစ္စာတုံး-(ဒုက္ခသစ္စာပါဘုရား)။

အဲဒါ အဝိဇ္ဇာပစ္စယာ ပုညာဘိသင်္ခါရာ....(မှန်ပါ့) ဒါဖြင့် အကန်းလမ်းသွားတယ်ဆိုတာ မသေချာဘူးလား.... (သေချာပါတယ်ဘုရား) ကန်းတာက အဝိဇ္ဇာ၊ လမ်းသွားတာက ပုညာဘိသင်္ခါရဆိုတဲ့ ကုသိုလ်....(မှန်ပါ့) သားရေး, သမီးရေး, စီးပွားရေးနဲ့ ပတ်သက်ပြီးသကာလ မလုတ်တမ်း လုပ်နေတဲ့ အကုသိုလ် မရှိဘူးလား....(ရှိပါတယ်ဘုရား)။

အဲဒီ.... ဘယ်ခြေကလဲ ဒုက္ခရောက်ဘို့ လှုမ်းတာဘဲ၊ ညာခြေကကော....(လှုမ်းတာပါဘဲဘုရား) ဘယ်နှယ်ကြောင့် လှုမ်းတာပါလိမ့်မတုံးလို့ မေးတဲ့အခါ ဒုက္ခမြင်ပြီး လှုမ်းတာလား၊ ဒုက္ခဆီကိုဘဲ သွားနေတာလား..လို့ မေးလို့ရှိယင် ကိုပေါ် ဘယ်နှယ်ဖြေပါ့မလဲ.... (ဒုက္ခဆီကို လှုမ်းတာပါဘုရား)။

ဘယ့်နှယ်ကြောင့်တုံး.... မေးတဲ့အခါကျတော့မှ အာကန်းလမ်းသွားလို့....(မှန်ပါ့)။

အာကန်းဆိုတာ အဝိဇ္ဇာလို့ မှတ်လိုက်စမ်းပါ(မှန်ပါ့)အာကန်းဆိုတာ....(အဝိဇ္ဇာပါဘုရား) သူက သစ္စာမှမသိဘဲကိုး....(မှန်ပါ့) ဒုက္ခေ အညာဏံလို့ ဆိုထားတယ်....(မှန်ပါ့)။

သစ္စာမသိပါဘူး၊ မသိတော့ သူသည်ကား....လို့ ဆိုယင် ခြေထောက်နှစ်ခုနဲ့ လှမ်းတာဘဲ၊ ပုညာဘိ သခ်ါရ....ဆိုတဲ့ မိဘရိုးရာ ကုသိုလ်နဲ့ဘဲ ဦးဘရှင်း လှမ်းလိုက်ပြန်တာဘဲ....(မှန်ပါ့)။

မိဘရိုးရာ ကုသိုလ်ကလဲ သူ့အမေ သင်ထားတဲ့အတိုင်း ဒါမှန်....နောင်ဘဝ ကောင်းစားမှာပေါ့... ဆိုတဲ့ နောင်ဘဝကောင်းစားရေးကို လုပ်ပြန်တာဘဲ... (မှန်ပါ့)။

ဒီထက် ကောင်းစားတာလဲ အမေက မသိတော့ သူကလဲ မသိဘူး၊ အမေကသဲ့မသိ.... အဖေကလဲမသိဆိုတော့ တခါတည်း မောင်နှိုင်.... ပုညာဘိ သခ်ါရ လုပ်တာဘဲ.... (မှန်ပါ့) ပုညက ကုသိုလ်လို့ မှတ်လိုက်စမ်းပါ၊ အဘိသခ်ါရ-က ခန္ဓာဖြစ်အောင် ပြုပြင်တာ....လို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

ပုညက ဘာပါလိမ့်.... (ကုသိုလ်ပါဘုရား) အဘိသခ်ါရက-(ခန္ဓာဖြစ်အောင် ပြုပြင်တာပါ) ခန္ဓာဖြစ်အောင် ပြုပြင်တဲ့စာရား ဆိုတော့ ဦးဘရှင်း....သွားရောပေါ့.... (မှန်ပါ့) သဘောပါကြပလား....(ပါပါပြီဘုရား)။

သိပ်ကြောက်စရာ ကောင်းပါကလား တကာတကာမတို့.... (ကောင်းပါတယ်ဘုရား) အကန်း လမ်းသွားတာ ဆိုတဲ့ဥစ္စာ မသိတဲ့ပုဂ္ဂိုလ်လူတာကိုပြောတာ....(မှန်ပါ့)။

မသိတဲ့ပုဂ္ဂိုလ်လူတာ ဦးဘကလေး တယ်ကြောက်စရာကောင်းပါကလား.... (ကောင်းပါတယ် ဘုရား) တယ်ကြောက်စရာကောင်းတယ်နော်....(မှန်ပါ့)။

ကဲ....တခါ သွားပါဦး တကာတကာမတို့ မသိလို့ တခါသားရေး, သမီးရေး, စီးပွားရေးကို ပရိယာယ် မာယာတွေနဲ့ ရောင်းကြ ဝယ်ကြပြန်တော့လဲ အပူညာဘိသင်္ခါရ.... (မှန်ပါ့) အပူညာ-က မောင်နှိုင်.... အကုသိုလ်၊ အဘိသင်္ခါရ-က ပြုပြင်တာပါဘဲ၊ အပါယ်ကောင်းကြီး ဖြစ်အောင် ပြုပြင်ဦးမှာပါဘဲ.... (မှန်ပါ့)။

ဒါဖြင့် မသိတဲ့ပုဂ္ဂိုလ် ဘယ်ရော ညာရော လှမ်းလိုက်တာဖြင့် ချောက်ကျဘို့ချည့်ဘဲ....(မှန်ပါ့) မသိတဲ့ပုဂ္ဂိုလ် ဘယ်ရော ညာရော လှမ်းလိုက်တာ.... (ချောက်ကျဘို့ချည့်ပါဘဲ ဘုရား)။

ကုသိုလ်နဲ့ လှမ်းလဲ ချောက်ကျတာပါဘဲ(မှန်ပါ့)အကုသိုလ်နဲ့ လှမ်းလိုက်ပြန်ကော.... (ချောက်ကျတာပါဘဲဘုရား) ဘယ်နှယ်ကြောင့် ခချောက်ကျပါလိမ့်မတုံးလို့ ကိုပေါ်မေးတော့မှ အဝိဇ္ဇာပစ္စယာ....(သင်္ခါရာပါဘုရား)သဘောကျပလား....(မှန်ပါ့)။

အဝိဇ္ဇာပစ္စယာ= မသိမှု အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့်၊ သင်္ခါရာ.... ခြေလှမ်းမှားတို့သည်၊ ဟောန္တိ = ဖြစ်ကုန်၏၊ ခြေလှမ်းမှားကုန်ပြီကွာ....တဲ့....(မှန်ပါ့) တကာတကာမတွေ့ဘာမှားကုန်ပလဲ....(ခြေလှမ်းမှားကုန်ပါပြီဘုရား)။

ညာ-က....ဆိုပြီး ကုသိုလ်နဲ့ လှမ်းလိုက်တာလဲ မှားတယ်.... (မှန်ပါ့) ဘယ်ကနေပြီး အကုသိုလ်နဲ့ မှားတာတော့ ပင်ကိုယ်

အမှားပေါ်မှာ ထပ်မှားတာ သူ့ကို ဖဲထိုးအိုးမဲသုတ်သလို မဲလိမ့်မယ်လို့ ဆိုစရာမလိုတော့ပါဘူး....(မှန်ပါ့)။

ဒါဖြင့် တကာတကာမတို့ အင်မတန်လွဲကုန်ပြီ၊ မဆိုထိုက်ဘူးလား....(ဆိုထိုက်ပါတယ်ဘုရား) ဒီ့ပြင် အဝိဇ္ဇာပစ္စယာ=မသိမှုတည်းဟူသော အကြောင်းကြောင့်၊ သင်္ခါရာ= နောင်ခန္ဓာပြုပြင်ဘို့ ဖြစ်ပေါ်လာတဲ့ ပုညာဘို့ သင်္ခါရ၊ နောင်ခန္ဓာဖြစ်ဘို့လုပ်တဲ့ အပုညာဘိ သင်္ခါရတရားတို့သည်၊ ဥပဇ္ဇန္တိ°=ဖြစ်ကုန်၏။

မသိတဲ့ပဋိလ် လမ်းသွားလိုက်တာ သိပ်နာတာဘဲ.... (မှန်ပါ့ဘုရား) တကာတကာမတို့ ဘယ့်နှယ်ဆိုပါ့မလဲ....(မသိတဲ့ပဋိလ် လမ်းသွားတာ သိပ်နာပါတယ်ဘုရား)။

ဒါဖြင့် အကန်းတောဖြင့် ဘယ်ခြေ ညာခြေနဲ့ လှမ်းပေါ့.... ဆိုတာ ရိပ်မိပလား....(ရိပ်မိပါပြီ)။

ကဲ....တခါ ကိုပေါ်ကဖြစ်စေ မောင်နိုင်ကဖြစ်စေ ရှုတ်ကြည့်စမ်းပါဦး သခ္ခါရပစ္စယာ.... (ဝိညာဏံပါဘုရား) ဝိညာဏံဆိုတဲ့ဥစ္စာ တခါတည်း မှတ်လိုက်ပါတော့....တဲ့ ဒီဘဝ ပဋိသန္ဓေနေတဲ့စိတ်ကို ဆိုပါတယ်....(မှန်ပါ့)။

ဒီဘဝ (ပဋိသန္ဓေနေတဲ့စိတ်ကို ဆိုပါတယ်ဘုရား) ပဋိသန္ဓေနေတဲ့စိတ်ဟာ ပဋိသန္ဓေဝိညာဏ်လို့ မှတ်လိုက်တာပေါ့(မှန်ပါ့) ဒါဖြင့် ပဋိသန္ဓေလဲပါနေပြန်တယ်၊ ပဋိသန္ဓေစိတ်လို့ ဆိုလိုက်တဲ့ အခါကျတော့ ဇာတိသွားရတယ်....(မှန်ပါ့)။

ပဋိသန္ဓေစိတ်ဆိုတော့.... (ဇာတိသွားရပါတယ်) စ-ဖြစ်တာကိုး ဦးဘရှင်းရ....(မှန်ပါ့)။

စ-ဖြစ်တော့ သန်ါရပစ္စယာ ဝိညာဏံ....ဆိုတော့ ဇာတိပြန်ရတယ်....(မှန်ပါ့) ဇာတိကို တကာ တကာမတွေက သေသေချာချာ တွေးလိုက်တဲ့အခါကျတော့မှ ဘာသစ္စာ ဖြစ်သတုံး.... (ဒုက္ခသစ္စာ ဖြစ်ပါတယ်ဘုရား)။

ဟာ....အကန်း လမ်းသွားလို့ လဲပဟ.... (မှန်ပါ့) အကန်း လမ်းသွားလို့.... (လဲပဟပါဘုရား) ကြည့်စမ်း ဘယ်လောက် ကြောက်စရာကောင်းတယ်ဆိုတာ ခင်ဗျားတို့ ဆရာရင်း တကာ ရင်းမို့ ပြောနေတဲ့.... ဒီဥစ္စာ အကန်းဆိုတာက အဝိဇ္ဇာ၊ လမ်းသွားတာက ပုညာဘိသင်္ခါရနဲ့ အပုညာဘိသင်္ခါရ ခြေလှမ်းကို ဆိုတယ်....(မှန်ပါ့) သန်ါရပစ္စယာ ဝိညာဏံဆိုတာက အကန်း လမ်းသွားလို့ လဲတာကိုဆိုတယ်....(မှန်ပါ့) လဲတယ်ဆိုတာ ဒုက္ခ ရောက်တာဘဲ.... (မှန်ပါ့) သဇောပါကြပလား.... (ပါပါ့ဗျို့ ဘုရား)။

ဦးမှုကြီးတို့ တယ်ကြောက်စရာ ကောင်းပါလား....(ကောင်းပါတယ်ဘုရား) သဘောပါကြရဲ့လား(ပါတယ်ဘုရား)ခင်ဗျား နည်းနည်းမှားတာလား၊ များများမှားတာလား.... (များများမှားတာပါဘုရား)။

သစ္စာမသိတဲ့ အဝိဇ္ဇာကြောင့် ပြုချင်သလိုပြုတဲ့ သင်္ခါရနှစ်ခု ပေါ် လာ တယ် .... (မှန်ပါ့) သင်္ခါရ နှစ်ခုက လုပ်ချင်သလို လုပ်ချလိုက်တော့ ဇာတိဒုက္ခပေးချလိုက်တယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဘာဒုက္ခပေးလိုက်သလဲ(ဇာတိဒုက္ခပေးလိုက်ပါတယ်) ဇာတိဒုက္ခပေးချလိုက်တော့ ကျုပ်တို့မှာတဲ့၊ ဩော်.... ကုသိုလ်လဲ ပြုရ

သေးရဲ့၊ ဒုက္ခလဲ ရောက်သေးရဲ့....(မှန်ပါ့) သဘောပါကြလား (ပါပါ့ဖြီဘုရား)။

ကုသိုလ်လဲ ပြုသေးရဲ့.... (ဒုက္ခလဲ ရောက်သေးရဲ့ပါဘုရား) ဒုက္ခလဲရောက်သေးရဲ့ဆိုတာ ဦးဘရှင်း ဒီအလှူမျိုး နည်းလှမယ် မဟုတ်ဘူး... (မှန်ပါ့) နှည်းပါ့မလား(မနည်းပါဘုရား)လှူဘဝ နတ်ဘဝ ဆုတောင်းလုပ်တာတွေ့ ဒီ....ဇာတိဘဲရတယ်.. (မှန်ပါ့) အဲဒီ ဇာတိကိုဘဲ ရတဲ့အခါကျတော့ ဘုန်းကြီးတို့တကာတကာမတွေ့ ဇာတိပိ ဒုက္ခသစ္စံလို့ ခင်ဗျားတို့က သစ္စာသိထားတော့ သြော်....ဒါအကန်းလမ်းသွားလို့လဲတာ....(မှန်ပါ့)။

စကားသုံးခု ပြီးသွားပြီ၊ အကန်းဆိုတာ ဘယ်သူပါလိမ့်.... မောင်နိုင်....(အဝိဇ္ဇာပါ) လမ်းသွားတာက....(သင်္ခါရပါ)လဲတာက၊ ဝိညာဏ်.... (မှန်ပါ့) ပဋိသန္ဓေဝိညာဏ် ပဋိသန္ဓေနေတာကို ဆိုပါတယ်၊ သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် အကန်းက ဘယ်သူပါလိမ့်.... (အဝိဇ္ဇာပါဘုရား) လမ်းသွားတာက....(သင်္ခါရပါဘုရား) လဲတာက... (ဝိညာဏ်ပါဘုရား)။

ကဲ....ဦးဘရှင်း....လဲပြီ....(မှန်ပါ့) အကန်းလမ်းသွားလိုက်တာ ဘဲယ်နှယ်နေသတုံး....(လဲပါတယ်ဘုရား)။

လဲပြီတဲ့၊ လဲယင်ဘာဖြစ်မတုံးလို့ မေးတဲ့အခါကျတော့ကိုတဲ့ လဲယင်တော့ အနာရဦးမှာဘဲ.... (မှန်ပါ့) မရပေဘူးလား.... (ရပါတယ်ဘုရား)။

လဲယင် အနာရလိမ့်မယ်ဆိုတာ ဘုန်းကြီးတို့ တကာတကာမတွေ့ ရှင်းရှင်းလင်းလင်း မှတ်ထားပါ.... (မှန်ပါ့) ကဲ....ဒါဖြင့်

ဝိညာဏပစ္စယာ နာမရူပ....ဆိုတော့ နာမ်တွေ ရုပ်တွေ ပေါ်မလာဘူးလား....(ပေါ်လာပါတယ်ဘုရား)။

အဲဒါသည်ကားလို့ ဆိုယင် လဲလို့ အနာရတာ ဒုက္ခသစ္စာတွေဘဲ.... (မှန်ပါ့)။

ဒီ....နာမ်ရုပ် ဘာသစ္စာဖွဲ့မလဲ.... (ဒုက္ခသစ္စာပါဘုရား) နာမ်ကော ရုပ်ကော လောကီချည့်ဘဲကိုး.... (မှန်ပါ့) ဒါဖြင့် ဒုက္ခသစ္စာတွေဘဲ မရဘူးလား....(ရပါတယ်) ဒုက္ခအနာတွေဘဲ ပြန်ရတယ်... (မှန်ပါ့)။

ဩော်....လဲလို့ အနာရတာဟာ နာမ်ရုပ်ပေါ်တယ်....ဆိုတာ အနာရတာလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

နာမ်ရုပ်မပေါ်တာ ဘယ့်နှယ်ဆိုကြမလဲ.... (အနာရတာပါဘုရား) ရှင်းပလား.... (ရှင်းပါပြီ) တယ်ဆိုးဝါးပါကလား.... (မှန်ပါ့)။

တကာတကာမတို့ သေသေချာချာ နားကြီးကြီးညာဏ်နားနဲ့ ထောင်မှသာလျှင် ဩော်....ဒို့ သည်ကားလို့ ဆိုယင်ဖြင့် သစ္စာမသိတဲ့ အဝိဇ္ဇာ ဒဏ်ချက်ဟာဖြင့် လမ်းသွားမှားလို့ အခုဖြင့် လဲပါပေါ့လား၊ လဲလို့လဲ အနာတွေ ရပါ့မပါ့လား.... မဆိုနိုင်ဘူးလား..(ဆိုနိုင်ပါတယ်ဘုရား) မောင်နိုင် အကန်းလမ်းသွားတော့ လဲတယ်၊ လဲတော့ အနာရတယ်ကွ.... (မှန်ပါ့) ကိုပေါ်ရိပ်မိပြီ....(ရိပ်မိပါပြီဘုရား)။

အကန်းဆိုတာဘာယ်သူပါလိမ့် (ဝိဇ္ဇာဒါဘုရား) လမ်းသွားတာက ဘယ်သူပါလိမ့်.... (သင်္ခါရပါ) လဲတာကဘယ်သူပါလိမ့် (ဝိညာဏ်ပါဘုရား)။

ဝိညာဏ် နော်.... သန်ဓါရုပစ္စယာ ဝိညာဏံ....(မှန်ပါ့)လဲလို့ ဒုက္ခနာတွေ ရတာက ဘယ်သူပါလိမ့် (နာမရူပံပါ) နာမ်ရုပ်၊ ပေါ်ကြပလား....(ပေါ်ပါပြီ)။

နာမ်ရုပ် ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား) သြော်.... ခင်ဗျားတို့ကလဲ တယ်....နာမ်ရုပ်တွေ ဖြစ်ချင်လို့က်တာ အနာရ ချင်လို့က်တာက လဲတဲ့အပြင်မှာ ရိုးရိုးလဲတာမဟုတ်ဘူး၊ မတော် တဆလဲတာမဟုတ်ဘူး....မောင်နိုင်ရ.... (မှန်ပါ့) ကိုယ့်ပယောဂနဲ့ ကိုယ်လဲတာ.... (မှန်ပါ့) ကိုယ့်ကိုယ်က လဲပရစေဆိုပြီး ဇာတိ ခေျက်ထဲမှာ သွားလဲတာ....(မှန်ပါ့)။

လဲတဲ့အခါကျတော့အားနဲ့သွန်ပြီးလဲလို့က်တဲ့အတွက် နာမ်ရုပ် နာမ်တွေ့ ရုပ်တွေ့....ဆိုတဲ့ ဒုက္ခသစ္စာတွေ့ဟာ တခါတည်း ဘုံး ကနဲပေါ်လာတယ်....(မှန်ပါ့) အနာတွေ့ တခါတည်းရတယ်.... (မှန်ပါ့)။

ဦးဘကလေး.... ဘယ်လောက် ကြောက်စရာကောင်းသလဲ.... (ကောင်းပါတယ်ဘုရား)။

ဒါကြောင့် သစ္စာဟောမယ်ဆိုတော့ ဒီအပြစ်တွေ့ကို ပြောမှ သာလျှင် ခင်ဗျားတို့ ဝမ်းထဲမှာ မနေ့ကပြောတဲ့အတိုင်း ဖြူစင် သွားပါတယ်....(မှန်ပါ့)။

ဖြူစင်သွားတဲ့အချိန်ကျတော့ ဘုန်းကြီးက ဒီနေ့ကိစ္စညာဏ်ကို ရှင်းရှင်းလင်းလင်းဘဲ တကာတကာမတွေ့ နာရင်းမတ္တန့် သောတာပန် သကဒါဂါမ် တည်နိုင်အောင်လို့ ခင်ဗျားတို့ကို အခု သေသေချာချာပြောနေပါတယ်... (မှန်ပါ့)။

မောင်နိုင် ရှင်းပလား....(ရှင်းပါပြီ) ကန်းတာက ဘယ်သူတုံးဟေ့....(အဝိဇ္ဇာပါဘုရား) လမ်းသွားတာက ဘယ်သူတုံး....(သင်္ခါရပါ) လဲတာက ဘယ်သူတုံး....(ဝိညာဏ်ပါ) အနာရတာက ဘယ်သူတုံး....(နာမ်ရုပ်ပါဘုရား)။

ကဲ....ဦးဘရှင်း ဘယ်လောက်ဆိုးသတုံး (ဆိုးပါတယ်ဘုရား) နောက်က တကာတကာမတွေ ဒါ....သေသေချာချာ မှတ်ပါ....(မှန်ပါ့) တခါမှလဲ မပြောသေးတော့ ဩော်...ဒို့ဖြင့် အခု ဘာဖြစ်နေသတုံး .... လို့ မေးတဲ့ အခါကျတော့မှ နာမ်ရုပ်နဲ့ အလုပ်လဲပ်နေတော့ ဩော်....ဒုက္ခသစ္စာ အနာတွေနဲ့ပါကလား.... ဆိုတာကို ကိုယ်ကိုယ်တိုင်ကြည့်လိုက်ယင် သိပါတယ်....(မှန်ပါ့) အခု ဒုက္ခအနဲ့ာတွေ ရှိမနေဘူးလား.... (ရှိပါတယ်ဘုရား)။

ကဲ....ဒါဖြင့် နာမရူပပစ္စယာ သဠာယတန....ဆိုပြီး "စက္ခုသောတ ဃာန ဇိဝှာ ကာယ မန" ဆိုတဲ့ အာယတနခြောက်ပါး မလာဘူးလား....(လာပါတယ်ဘုရား)။

အဲဒါက မုနင်္ဂက အနာတွေပေါက်ပြီးသကာလ အနာတွေက အိုင်း.... အမာတွေ ထ,လာတာဘဲ....(မှန်ပါ့)အနာအိုင်း... အမာတွေထ-လာတာ၊ ဘယ်လောက်ဆိုးတယ်ဆိုတာ ပေါ်ကြပလား (ပေါ်ပါပြီ)။

ခုနင်္ဂကတော့ အနာတွင် ပေါက်သေးတာကိုး မောင်နိုင်ရ.... (မှန်ပါ့) အခုတော့ အိုင်းအမာတွေ ပြည်ပုပ်ပြည်သစ်တွေရောက်လာပြီ....(မှန်ပါ့ဘုရား) သဘောကျပလား .. (ကျပါပြီ)ကိုပေါ်တယ်ဆိုးပါကလား....(ဆိုးပါတယ် ဘုရား)။

အားလုံး တကာ တကာမတွေ့ ခင်ဗျားတို့ အခု ဘယ်ထဲ ရောက်နေကြသတုံး....လို့ မေးတဲ့အခါကျတော့ မျက်လုံးကလဲ ကြည့်ပျက်၊ နားကလဲထောင်ပျက်၊ နှာခေါင်းကလဲရှူပျက် ရှိုက်ပျက်၊ လျှာကလဲ စားပျက်ဆိုတာတွေ့၊ ကိုယ်ပေါ်ကလဲ အထည်အလိပ်တွေနဲ့ တွေ့ပျက်၊ မနောကလဲကြံစည်ပျက်တွေကရှိ နေတော့ ဒါတွေ့ အိုင်းအမာတွေ့ဖြင့် ထက္ကန်ပြီ(မှန်ပါ့)သဘော ကျပလား... (ကျပါပြီ)။

မသိတဲ့ပုဂ္ဂိုလ် လမ်းသွားတော့လဲတယ်၊ လဲတော့ အနာတွေ့ ရတယ်၊ အနာတွေ့ရတော့ ရိုးရိုးအနာတွေ့ မဟုတ်ဘူး၊ ဒီအတိုင်း ချပ်သွားမည့်အနာ မဟုတ်ဘူး၊ အိုင်းအမာတွေ့တောင် ကွဲလာပြီ (မှန်ပါ့) ပြည်တွေ့ ဘာတွေ့ ထွက်လာပြီ၊မဆိုးဘူးလား....(ဆိုးပါ တယ်ဘုရား)။

ခင်ဗျားတို့က သဋ္ဌာယတန ဆိုတဲ့ ခြောက်ပါးဟာ မောင်နှိုင် အိုင်းအမာတွေ့ တခါတည်း ပြည်တွေ့ ထည့်လာတာ ကိုပေါ် သေသေချာချာမှတ်လိုက်စမ်းပါ....(မှန်ပါ့) ရှင်းပလား....(ရှင်း ပါပြီဘုရား)။

သဋ္ဌာယတနပစ္စယာ ဖဿော....လို့ ခင်ဗျားတို့ မရှင်းဘူး လား....(ရပါတယ်ဘုရား) အဲဒီ ဖဿ-က တကာ တကာမတို့.... အိုင်းအမာထ,တဲ့ အထဲမှာ ဆူးတွေ့ထဲ သွားမိလို့ ဆူးတွေ့က ဝိုင်းထိုးကြတာ....(မှန်ပါ့) ဘယ်လောက်ဆိုးသလဲ....(ဆိုးပါတယ် ဘုရား)။

အနာဆူးထိုးခံရတယ်ဆိုတော့ ရိုးရိုးအထိုးခံရတာနဲ့ အနာ ပေါ်မှာ ဆူးတွေ့ အမျှားကြီး အထိုးခံရတာနဲ့ တကာတကာမ

တို့ ဘယ်ဟာက ပိုနာသလဲ....(အနာပေါ်မှာ ဆူးထိုးခံရတာက ပိုနာပါတယ်ဘုရား)။

အို....ပြောနေကြတာဘဲ တကာတကာမတွေ့ အနာပေါ်ဒုတ် ကျတာဆိုတော့ အင်မတန် ပြင်းထန်တဲ့သဘော မရောက်ဘူးလား.... (ရောက်ပါတယ်ဘုရား) ဘာဖြစ်သွားသလဲ.... (အနာပေါ်ဒုတ်ကျပါတယ်ဘုရား)။

အနာပေါ်မှာဒုတ်ကျတယ်၊ ပြည်တွေထွက်နေတဲ့အနာပေါ်မှာ ဆူးတွေနဲ့ထိုးတယ်....(မှန်ပါ့)ဖဿ ခြောက်မျိုးနဲ့ထိုးလိုက်တာ တကာတကာမတို့ ဒီအနာဟာ သက်သာခွင့် ရပါ့မလား (မရပါဘုရား)။

ဒါကြောင့် ဘာသစ္စာလို့ဆိုကြမလဲ....(ဒုက္ခသစ္စာပါဘုရား) ဒါဖြင့် ဖဿ-ကလဲ ထိုးတတ် ကြိတ်တတ်တဲ့သဘောသတ်ရှိတော့ တွေ့ထိတတ်တဲ့သဘောဆိုတာ စာလို့ပြောတာ၊စင်စစ်တော့ အနာရှိတဲ့ဆီ ရှောက်ထိုးတာ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အနာရှိတဲ့ဆီ ရှောက်ထိုးတော့ ဒီအနာ့ရှင်ဟာ သက်သာခွင့် ရပါ့မလား....(မရပါဘုရား)။

အင်း....ဒါဖြင့် တကာတကာမတို့ အနာတွေကလဲ ပြည်တွေထည့်နေတဲ့အထဲ ဆူးထိုးခံရလို့ရှိယင်ဖြင့် သက်သာရေးမြင်သေးရဲ့လား....(မမြင်ပါဘုရား)။

အဲဒါ အခုတွေ့နေတာ၊ ခင်ဗျားတို့ အခု ကိုယ်ပိုင်ရှိနေတာလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့) တကာ တကာမတို့ တခြားမှာလား.... ကိုယ်ပိုင်လား . (ကိုယ်ပိုင်ပါဘုရား) ဖဿ....လဲ ခဏခဏ တွေ့နေရတာကိုး.... (မှန်ပါ့) တွေ့နေရတဲ့အခါကျတော့

ငါ့မျက်လုံးထဲကွာ.... မျက်မှေးစူးလိုက်တာ၊ ဖျတ်ဆို ဒေါသကို ဖြစ်လာတာဘဲ၊ တွေ့ပကောဗျ... မတွေ့သေးဘူးလား.... (တွေ့ပါ ပြီဘုရား)။

အင်း....ဒီသမီးနဲ့ဖြင့် ဒီသားနဲ့ဖြင့်ကွာ.... တွေ့ကို မတွေ့ချင် ဘူးဟော....ဆိုတဲ့ ဖယ်-တွေက သူတို့နဲ့တွေ့တဲ့ဆူးတွေက စူးလိုက် ပြီးသကာလ ဖယ်ဆူးတွေက စူးလိုက်ပြီးသကာလ အမေမိဘ တွေမှာ တခါတည်း မျက်ရည်တွေ ဘာတွေ ကျပြီးသကာလ မလာဘူးလား....(လာပါတယ်ဘုရား)။

ဒါဖြင့် ဆူးစူးတဲ့အခါကျတော့ မျက်ရည်ကျတယ်....ဆိုတာ ဒေါမနဿ ဝေဒနာတွေ(မှန်ပါ့) သဘောကျပလား....(ကျပါပြီ ဘုရား)။

အင်း....ဒါဖြင့် ဖယ်ပစ်ယာ.... (ဝေဒနာပါဘုရား) ကိုင်း.... တကာတကာမတို့ ဝေဒနာတွေဖြင့် အကြီးအကျယ် ကွဲပေါ့.... (မှန်ပါ့) ဆူးထိုးတဲ့ ဝေဒနာတွေ အကြီးအကျယ် ကွဲကုန်ပြီဆို တာ ငြင်းဘို့လိုသေးသလား....(မလိုပါဘုရား)သဘောကျပလား (ကျပါပြီ) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား) သြော်... ဒါဖြင့် တကာတကာမတွေမှာ နဂိုရိုက အတိတ်ဘဝက လွန်ခဲ့တဲ့ဘဝက အကန်းလမ်းသွားမိလို့ ဒီဘဝ ဘယ်အချိန်ကစပြီး ဘာများ ဖြစ်ပါလိမ့်မတုံး.... မမေးပါနဲ့၊ လဲတာဘဲ စ,ရတာဘဲ....(မှန်ပါ့) ပဋိသန္ဓေအမိဝမ်း ထဲထိုးလဲလိုက်တာဘဲ.... (မှန်ပါ့) တကယ့် ကျဉ်းမြောင်းတဲ့နေရာ ကျင်ကြီး ကျင်ငယ် ကြားထဲမှာ သွားလဲ တယ်....(မှန်ပါ့) နေရာကောင်းမှာ လဲတာလား.... ကျင်ကြီးကျင် ငယ် ကြားထဲမှာ လဲတာလား....(ကျင်ကြီးကျင်ငယ်ကြားထဲမှာ လဲတာပါဘုရား)။

သစ္စာမသိတော့ လူဖြစ်ချင်လိုက်တဲ့ တကာ တကာမတွေ.... နတ်ဖြစ်ချင်လိုက်တဲ့ တကာတကာမတွေ အခုကြည့်စမ်းပဋိသန္ဓေဆိုတာ လဲတာကွ၊ လဲတဲ့အခါလဲကြည့်စမ်း.... အပေါက ခွေးအန်ဖတ်နဲ့တူတဲ့ အစာသစ်တွေ အောက်ကအမေရဲ့ကျင်ကြီးတွေကြားထဲမှာ သွားလဲတယ်....(မှန်ပါ့)။

လဲရတဲ့ နေရာကလဲ ကြက်သရေတုံး၊ မင်္ဂလာတုံး ဟုတ်ပါရဲ့လား (ဟုတ်ပါတယ်ဘုရား)အင်မတန်အညစ်အကြေးထူပြောတဲ့ နေရာဆိုတာလဲပြောဘို့ မလိုတော့ပါဘူး....(မှန်ပါ့) ရှင်းကြပါလား....(ရှင်းပါပြီ)။

ဒါဖြင့် ဒီတကာတကာမတွေ ဘယ်နယ်ကြောင့်တပည့်တော်တို့ဘုရား.... အနာတွေရပြီးသကာလ ဆူးထိုးခံရ၊ ဆူးလိုးခံရပြီးသကာလ ပြည်တွေပေါက်တဲ့သဘောတွေဆိုတဲ့ ဝေဒနာတရားဖြင့်ဘုရား ... လေထိမခံ နေထိမခံဝေဒနာတွေပေါ်ရဲ့အဓိပ္ပါယ်ဟာတပည့်တော်တို့ ဘာကြောင့်ပါလိမ့်မတုံးဆိုတော့ ဒီဝေနာကဘဝက သစ္စာမသိမှု ကန်းခဲ့လို့ပေ.... (မှန်ပါ့) မပေါ်သေးဘူးလား....(ပေါ်ပါပြီ)။

သစ္စာမသိမှု....(ကန်းခဲ့လို့ပါ့ဘုရား) ကန်းခဲ့လို့ဆိုတာဖြင့် ကိုယ့်အကြောင်း ကိုယ်သိကြပါပြီ....(မှန်ပါ့ဘုရား)သဗ္ဗာကာပလား....(ကျပါပြီ)။

ဘယ်နယ်ကြောင့် ဝမ်းခေါင်းထဲ လဲရပါဝိမ့်....(သစ္စာမသိမှုကြောင့်ပါ) ကန်းခဲ့လို့ဘဲ....(မှန်ပါ့) ကန်းခဲ့လို့ဘဲ... ဆိုတာသဘောကျပလား....(ကျပါပြီ)။

အဲဒီတော့ သစ္စာမသိသေးသ၍ ကာလပတ်လုံး တော့ဖြင့် ဒီအကန်း လမ်းသွားနဲ့ ဒီအနာရပြီး ဒီ....လဲကွဲတဲ့ကိစ္စနဲ့ဘဲ ဦးဘရှင်း ဇာတ်သိမ်းမှာဘဲ....(မှန်ပါ့)။

သူးစရာ တကာတကာမတို့ ချမ်းသာကွက်မြင်သေးရဲ့လား (မမြင်ပါဘုရား)အဲ- ရှေ့ကိုမဟောသေးပါဘူး၊တဏှာ ဥပါဒါန် ကံ....တွေ့ မဟောသေးပါဘူး၊ ဩော်....သစ္စာမသိတဲ့ ဒဏ်ချက်ဟာဖြင့် လောကကြီးထဲမှာ အဆိုးဝါး အကျည်းတန်ဆုံးဘဲဆိုတာ ဆုံးဖြတ်ချက်ချလိုက်ပါတော့.... (မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီ)။

ဘယ်နှယ်ကြောင့် ဒီတကာတကာမတွေ့ အမ်ဝမ်းခေါင်းထဲလဲပြီးသကာလ တကာတကာမတွေ့ အနာဖြစ်ရသတုံး၊အနာရှိပြီး ဘယ်နှယ်ကြောင့် ပြည်တွေ့ထည့်ရသတုံး၊ ပြည်တွေ့ ရှိလျက်နဲ့ ဆူးထိုးခံရတာလဲ၊ တောတင်း ဆူးတွေက ဝိုင်းပြီးထိုးလိုက်တဲ့သဘော၊ ဆူးတွေထိုးလာလို့ အနာတွေ့ ကြလာတဲ့သဘောတွေ့ဟာဖြင့် ဘယ်နှယ်ကြောင့် ဒါလောက်တောင် တပည့်တော်တို့မှာဘုရား.... ဆိုးဝါးရပါလိမ့်မလဲလို့ မေးတဲ့အခါနောက်ဘဝက သစ္စာမသိတဲ့ အဝိဇ္ဇာကြောင့်....(မှန်ပါ့)။

ဒါဖြင့် သစ္စာမသိသ၍ဖြင့် ဘဝတိုင်း ဘဝတိုင်း ဒီလိုသွားနေမှာဘဲ....(မှန်ပါ့) ဘဝတိုင်း ဘဝတိုင်း....(ဒီလိုသွားနေမှာပါဘုရား)။

ဒီလိုသွားနေမယ်ဆိုတော့ ဦးဘရှင်း....ကယ်မည့်သူ ယူမည့်သူ ရှိသေးရဲ့လား....(မရှိပါဘုရား) ကဲ....သိကြပလား.... (မှန်ပါ့ဘုရား)။

ဒါဖြင့် တကာတကာမတွေ့ ဒီခန္ဓာအပေါ်မှာ ခင်ဗျာယ်စရာကော ရှိသေးရဲ့လား....(မရှိပါဘုရား) တစ်ခြားသော ခန္ဓာကော ရချင်သေးရဲ့လား....(မရချင်ပါဘုရား)။

မရချင်တော့ပါဘူးဆိုတာ သေချာပလား...(သေချာပါပြီ) ဒါဖြင့် ခင်ဗျားတို့ဝမ်းထဲမှာ ဒီခန္ဓာလဲ မလိုချင်တော့ပါဘူး၊ ဒီခန္ဓာအပေါ်၌လဲ ဖြစ်ပြီးသားမို့သာ အသာနေရတယ်၊ သူ့အာတ္တကိုလဲ သာယာစရာမရှိပါဘူးဆိုတော့ သိသွားပြီ.... (မှန်ပါဘုရား)။

သိသွားတော့ သိတဲ့အချိန် ဝမ်းထဲမှာ ဝံ့ဂွာခနောက်တယ်.... (မှန်ပါ!) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒီခန္ဓာမလိုချင်တော့ လောဘကသေပြီး အလောဘ....ဆိုတဲ့ ဖြူစင်တဲ့တရား ဝံ့ဂွာဆိုတဲ့ ဖြူစင်ဘဲ့ တရားက ဝမ်းထဲရောက်သွားတယ်....(မှန်ပါ!) သဘောကျပလား....(ကျပါပြီ)။

ကဲ....ဒါဖြင့် ဝမ်းထဲမှာ တကာတကာမတွေ့ ယခုအချိန်မှာ တရားနာနေတဲ့အချိန်မှာ ခုနင်က ကာမဂုဏ်၏ အပြစ်တွေ့ ပဋိစ္စသမုပ္ပါဒ်၏အပြစ်တွေ့ကို အကုန်ပြောလိုက်တဲ့ဒေတွက် ဒီလက်ရှိခန္ဓာကြီးကော သာယာစရာ နှစ်သက်စရာ ရှိသေးရဲ့လား....(မရှိပါဘုရား)။

လာလတ္တံ့ ခန္ဓာတွေကော.... တကာတကာမတွေ့အားကြိုးမာန်တက် ရချင်သေးသလား....(မရချင်ပါဘုရား) ဒါဖြင့် ယခုဘဝမှာလဲ ဘဝ တဏှာ သေပါတယ်.... (မှန်ပါ!) လာလတ္တံ့အနာဂတ်ဘဝမှာ တောင့်တတဲ့ဘဝတဏှာကော....(သေပါတယ်ဘုရား)။

ဟာ....ဘယ် နှယ်ကြောင့် သေပါလိမ့်မတုံး....လို့ ဆိုတော့ ခန္ဓာအကြောင်းကို သစ္စာ ပဋိစ္စသမုပ္ပါဒ်ကြီးနဲ့ ပြောလိုက်တော့ ကောင်းကောင်း သိသွားလို့ ဘုရား....လို့ မဆိုထိုက်ဘူးလား.... (ဆိုထိုက်ပါတယ်ဘုရား)။

ဒါဖြင့်.... ဝမ်းထဲမှာ တကာတကာမတို့ မသိတဲ့ အဝိဇ္ဇာနဲ့ ဘုံဘဝ ခင်တွယ်တဲ့တဏှာ ရှိသေးသလား(မရှိပါဘုရား)မရှိယင် ဖြူးပြီ....(မှန်ပါ့) တကာတကာမတွေ ဝမ်းထဲမှာ အခုဖြူးသွားပြီ ဖြူးသွားပါပြီတဲ့ တရားတွေ....(မှန်ပါ့)။

တကာတကာမတွေဝမ်းထဲ ဘယ် နှယ်နေကြသတုံး....(ဖြူးစင် သွားပါပြီဘုရား) ကဏှာ ဓမ္မာ....ဆိုတဲ့ မည်းနက်တဲ့တရားတွေ ရှိသေးရဲ့လား... (မရှိပါဘုရား) သုက္ကာ ဓမ္မာ... ဆိုတဲ့ ဖြူးစင်တဲ့ သဘောတွေ ရောက်ပါပြီ....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

သုက္ကာဓမ္မာ....ဆိုတဲ့ ဖြူးစင်တဲ့သဘောတွေရောက်ပါပြီ၊အဲဒီ အချိန်မှာ ဘုန်းကြီးက သစ္စာသွင်းရမယ်....(မှန်ပါ့)သဘောကျ ပလား....(ကျပါပြီ)။

ဒီအချိန်မှာ သစ္စာသွင်းမှရမယ်၊ ဦးဘကလေးမနေ့ကအတိုင်း ဘဲနော်....(မှန်ပါ့) ဒီနေ့တော့ ပဋိစ္စသမုပ္ပါဒ်ပြပြီး ဖြူးစင်အောင် လုပ်ပါတယ်၊ ကဲ... မောင်နှိုင် ကျေနပ်ပလား.... (ကျေနပ်ပါပြီ ဘုရား)။

ဒါဖြင့် အားလုံး တကာတကာမတွေ ကိုယ့်ခန္ဓာကြီးဟာလဲ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား) အင်း....ဝိဇ္ဇာကလေးတော့ ဖြင့် ဝမ်းထဲရောက်ပြီ....(မှန်ပါ့)ဒီခန္ဓာကြီးကို ယခုကော ခင်စရာ

အချိန်ရှိသေးသလား... (မရှိပါဘုရား) နောက်ခန္ဓာကော တောင့်တချင်သေးသလား (မတောင့်တချင်ပါဘုရား)မတောင့် တချင်တော့ဘူးဆိုတော့ ဝမ်းထဲမှာ တကာတကာမတွေအယင် တုန်းက ဘဝ တဏှာ....က ကိုယ့်ဘဝကလေး ကိုယ်ခင်တဲ့တဏှာ ကိုယ့်ခန္ဓာကြီးကို ကိုယ် အမှမ်းတင်ချင်နေတဲ့သဘော မသိလို့ အဲဒီ အဝိဇ္ဇာတဏှာတွေက ယခုအချိန်မှာတဲ့ ပဋိစ္စသမုပ္ပါဒ်သစ္စာ ကြီးကိုနာကြားရသဖြင့်....တဲ့ လက်ရှိခန္ဓာကိုလဲ မခင်တော့ပါဘူး ဘာပြုလို့ မခင်သတုံး၊ သိလို့မခင်တာ.... (မှန်ပါ့) ဒါဖြင့် သိတာကဝိဇ္ဇာ၊ မခင်တာက အလောဘ၊ သဘောကျပလား (ကျပါပြီ)။

နောက်ဘဝကိုလဲ ဒါမျိုးဘဲလာလိမ့်မယ်ဆိုတာ အမှန်အကန် သိနေသောကြောင့် သိတာက ဝိဇ္ဇာနော်....(မှန်ပါ့) နောက်ဘဝ ကိုလှမ်းပြီး မတောင့်တတာက အလောဘ....(မှန်ပါ့)။

ဒါဖြင့် ဝမ်းထဲမှာ တကာတကာမတွေ ဝိဇ္ဇာနဲ့ အလောဘ ရောက်သွားပြီ.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ ဘုရား)။

ဝိဇ္ဇာနဲ့... (အလောဘ ရောက်သွားပါပြီ) အင်း....အခုတရား နာနေကြတာ ဘာတွေနဲ့မျှား နာနေကြပါလိမ့်မတုံး....ဆိုတာ ကော သဘောပါသွားပလား.. (ပါပါပြီ)။

အင်း .. ဘယ်သူနဲ့ နာကြသတုံး.... (ဝိဇ္ဇာနဲ့ အလောဘပါ ဘုရား)။

ဝိဇ္ဇာဆိုတာက သိတတ်တဲ့တရား အလောဘဆိုတာ ဘုံဘဝ မလိုချင်တဲ့တရား၊ မလိုချင်တဲ့တရား....လို့ ဆိုလို့ရှိယင်ဖြင့်...တဲ့

ဒီ ၊....ကုသိုလ်တရားပါဘဲဆိုတော့ ဆုကျွာဓမ္မာ....ဆိုတဲ့ ဖြူစင်တဲ့ တရားတွေကို ခင်ဗျားတို့ ဖြူစင်တဲ့အချိန် ရောက်ပါမြို့ (မှန်ပါ့ ဘုရား)။

တကာတကာမတွေဘာတုံး....(ဖြူစင်တဲ့အချိန် ရောက်ပါပြီ ဘုရား) ဖြူစင်တဲ့အချိန် ရောက်ပါပြီ....လို့နော်.... (မှန်ပါ့)ဖြူစင်တဲ့အချိန်မှာ မောင်နိုင်ရေ... မနေ့က ပြောတဲ့ ဥပမာကလေးကော ဥပါလိကို ဘုရားဟောတဲ့ ဥပမာကလေးဟာလဲရိပ်မိတယ် မဟုတ်လား....(မှန်ပါ့)။

အဝတ်တွေကို တခါတည်း ဆေးဆိုးမယ်.... ဆိုလို့ရှိယင်ဖြင့် ပန်းရိုက်မယ်....ဆိုလို့ရှိယင်ဖြင့် ချေးတွေညှော်တွေ အကုန်လုံး ဖြူစင်အောင် လုပ်ပြီးမှသာလျှင် ပန်းရိုက်တာကို အဝတ်ကလက် ခံမှာပေါ့....(မှန်ပါ့) နို့မဟုတ်ယင် လက်ခံပါ့မလား.... (မခံပါ ဘုရား)။

အေး.... ထို့အတူဘဲတဲ့ အခုတော့ဖြင့် ဆရာဘုန်းကြီးက တကာတကာမတွေ ဝမ်းထဲမှာ ဖြူစင်တဲ့သဘောတွေကို ဆေးကြောပြီးပါပြီ....(မှန်ပါ့)။

အဝိဇ္ဇာလဲအခုခဏရှိသေးရဲ့လား....(မရှိပါဘုရား)ဘုဝဘဝခင်တွယ်တဲ့တဏှာကော....(မရှိပါဘုရား) ဒါဖြင့် ဝမ်းထဲမှာ ဘယ့်နှယ်နေသလဲ.... (ဖြူစင်ပါတယ်ဘုရား)။

ဖြူစင်နေတဲ့ အချိန်မှာ တကာတကာမတို့တဲ့ ဆိုးဆေးဆိုးရသလို ပန်းရိုက်ရသလို ဒီအချိန်မှာ သစ္စာသုံးလို့ရှိယင်ဖြင့်....တဲ့ သစ္စာဏ် ကိစ္စာဏ် ကတညာဏ်ဆိုတာ ဝမ်းထဲရောက်သွားတယ် (မှန်ပါ့) မရောက်ပေဘူးလား.... (ရောက်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ သစ္စာဟောမယ်ကြံလို့ ရှိယင်ဖြင့် ရှေ့က ရှင်းလင်းခဲ့မည့်အလုပ်တွေကော သိပါပလား.... (သိပါပြီဘုရား)။

ခန္ဓာကိုယ်ထဲမှာ ဖြူစင်နေအောင် အကုန် လုပ်ရဦးမယ်.... (မှန်ပါ့) ဖြူစင်အောင် အကုန်လုပ်ပြီးတော့မှ ဘုန်းကြီးက.... အင်း....တကာတကာမတွေ့၏ စိတ်တွေ့ သည်ကား....လို့ဆိုယင် ငါးပါးအာရုံ ကာမဂုဏ်တွေ့ဖြင့် မရှိတော့ဘူး မရှိတော့ဘူးခဏာ ရပ်စဲသွားပြီ၊ ဘာဖြစ်လို့တုံး.... ယခု ခန္ဓာကြီးလဲ အခင်ဆုံး "အတ္တသမာ ပေမာ နတ္ထိ" ဆိုတဲ့ ခန္ဓာအခင်ဆုံးဟာလဲ ယခုအချိန်မှာသိနေပြီ၊ ပဋိစ္စသမုပ္ပါဒ်နဲ့ သိနေတဲ့အတွက် ခင်စရာမရှိဘူး....(မှန်ပါ့)။

ဒီ....ခန္ဓာမှ ခင်စရာမရှိလို့ရှိယင် နောက်ခန္ဓာလဲ ဒါမျိုးဘဲ ဆိုတော့ ခင်ချင်တဲ့စိတ် လာသေးရဲ့လား.... (မလာပါဘုရား) ဟာ ...ဒီခင်ချင်တဲ့စိတ် ဘယ် နှယ်ကြောင့် မလာပါလိမ့်မတုံး ဆိုတော့ သိလို့....(မှန်ပါ့) ဒါဖြင့် ဝိဇ္ဇာပေါ်နေတယ်....(မှန်ပါ့ဘုရား) ဝိဇ္ဇာနဲ့ အလောဘ ပေါ်နေကြတယ်.... (မှန်ပါ့)။

ဝမ်းထဲ ဘာပေါ်နေကြသလဲ.... (ဝိဇ္ဇာနဲ့ အလောဘ ပေါ်နေကြပါတယ်ဘုရား) ဝိဇ္ဇာနဲ့ အလောဘပေါ်နေတယ်၊ရှင်းကြပလား....(ရှင်းပါပြီ)။

ဝိဇ္ဇာနဲ့အလောဘပေါ်နေတော့၊ ဝိဇ္ဇာက အဝိဇ္ဇာကိုချုပ်စေတယ်.... (မှန်ပါ့) အလောဘက လောဘကို ချုပ်စေတယ်.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဝိဇ္ဇာက.... (အဝိဇ္ဇာကို ချုပ်စေပါတယ်) အလောဘက.... (လောဘကိုချုပ်စေပါတယ်) လောဘကို ချုပ်စေတယ်ဆိုတော့ ခင်ဗျားတို့အထဲမှာ အညစ်အကြေးကို မရှိတော့ဘူး.... (မှန်ပါ့) ရှိသေးရဲ့လား....(မရှိပါဘုရား)။

အဲ... မရှိတဲ့အချိန်မှာ အဝတ် ဖြူနေတုန်း ဆေးဆိုးရသလို တကာတကာမတွေ့ ဟဒယဝတ္ထုပေါ်မှာ ဖြူစင်နေတဲ့အချိန်မှာ ဒီကနေပြီး သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ်ကို ဘုရားသခင်ကိုယ်တော်မြတ်ကြီး ထုံးတမ်းအတိုင်း ပေးရမယ်.... (မှန်ပါ့)သဘောကျပလား....(ကျပါပြီ) ရှင်းပြီနော်....(ရှင်းပါပြီ)။

ဒါဖြင့် တကာတကာမတို့ ယခု ဘယ်ဉာဏ် ပေးရမှာပါလိမ့်မတုံး ဖြူစင်နေတုန်းကို.... သစ္စဉာဏ်ပေးရမယ်...ဆိုတော့ သစ္စဉာဏ်ကို မနေ့က ရှင်းအောင်ပြောခဲ့ပြီ.... (မှန်ပါ့) နားလည်လောက်ပါတယ်နော်....(မှန်ပါ့)။

အဲ... ဒုက္ခသစ္စာပေါ်လဲ ခန္ဓာကိုယ်ထဲမှာသိရမယ်၊ သမုဒယသစ္စာပေါ်လဲ သိရမယ်၊ သဘောကျလား (ကျပါတယ်ဘုရား) နိရောဓဖြစ်သွားတာကိုလဲ....(သိရပါမယ်)ကိုယ့်သန္တာန်မှာသိလုံးမဂ်လုံးကလေး ပေါ်တာလဲ....(သိရပါမယ်ဘုရား)။

ဒီမှာ "တွေ့ ကဒ် ဒုက္ခ၊ ကဒ် ဒုက္ခသမုဒယ၊ ကဒ် ဒုက္ခနိရောဓ၊ ကဒ် ဒုက္ခနိရောဓဂါမိနီ ပဋိပဒါတဲ့ အရိယသစ္စသစ္စဉာဏ်နာမ" ဒါတွေ့ ပေါ်တိုင်း ပေါ်တိုင်း သြော်....ဒါက ဒုက္ခပါကလား၊ အခုပေါ်လာတာတွေ့က သမုဒယပါကလား၊ အဲဒီ သိလုံးကလေးက မဂ္ဂပါကလား၊သိတဲ့အချိန် ချုပ်သွားတာကလေးကလဲ တဏှာနိရောဓ....ပါကလား.... ဆိုပြီးတော့ ပေါ်

တိုင်း ပေါ်တိုင်း ခင်ဗျားတို့က သိပေးနေကော့ သစ္စဉာဏ်ပြီးပါ တယ်... (မှန်ပါ့)။

သစ္စဉာဏ် ပြီးပါပြီတဲ့၊ ယနေ့ ဘာဟောရမတုံး....ဆိုတော့ ကိုစ္စဉာဏ် ဟောရပါလိမ့်မယ်....(မှန်ပါ့)။

တကာတကာမတို့ ဘာဟောရမလဲ.... (ကိုစ္စဉာဏ်ဟောရပါ မယ်ဘုရား) ကိုစ္စဉာဏ်ဆိုတဲ့ဥစ္စာက တကာတကာမတွေ ရှင်းရှင်း လင်းလင်း မှတ်လိုက်စမ်းပါ... တဲ့ ခင်ဗျားတို့ ကိစ္စဆိုတာဘာတုံး ဆိုတော့ ဟေ့....ဒုက္ခသစ္စာ ခန္ဓာကြီး မင်းဘာကိစ္စရှိသတုံးလို့ မမေးရဘူးလား....(မေးရပါတယ်ဘုရား)။

ဟေ့ သမုဒယ မင်းဘာကိစ္စရှိသတုံးလို့ မမေးရပေဘူးလား (မေးရပါတယ်ဘုရား) ဟေ့ နိရောဓ ခင်ဗျားမှာဘာကိစ္စရှိသတုံး လို့ မမေးရပေဘူးလား.... (မှန်ပါ့)။

အို... မဂ္ဂ မဂ္ဂင်ရှစ်ပါး.... ခင်ဗျားဘာကိစ္စလုပ်တတ်သတုံးလို့ မမေးရပေဘူးလား....(မေးရပါမယ်ဘုရား)။

မေးရတော့ အဲဒီ သူတို့ကိစ္စတွေ သိတဲ့ဉာဏ်ဟာ ကိစ္စဉာဏ် ဘဲ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

သူတို့ ကိစ္စသိတဲ့ဉာဏ်ဟာ(ကိစ္စဉာဏ်ပါဘုရား) ဒုက္ခသစ္စာ၏ သူလုပ်တာဘ်တဲ့ကိစ္စကိုသိယင်.... (ကိစ္စဉာဏ်ပါဘုရား) သမုဒယ သစ္စာ၏ သူ့သဘော သူ့ကိစ္စကိုသိတဲ့ဉာဏ်ဟာ(ကိစ္စဉာဏ်ပါ ဘုရား) နိရောဓသစ္စာ၏ သူ့ကိစ္စသိတဲ့ဉာဏ်ဟာ (ကိစ္စဉာဏ်ပါ) မဂ္ဂင်ရှစ်ပါး၏ သူ့ကိစ္စသိတဲ့ဉာဏ်ဟာ.... (ကိစ္စဉာဏ်ပါဘုရား)။

ကိစ္စဉာဏ်ဆိုတော့.... အဲဒီ ကိစ္စဉာဏ်ဟာ သစ္စဉာဏ်တက် ပိုမိုပြီးသကာလ အရေးကြီးတယ်... ဆိုတာ မှတ်လိုက် စမ်းပါ.... (မှန်ပါ့)။

တကာတကာမတို့ မနေ့က ဟောခဲ့တဲ့သစ္စဉာဏ်ထက် ယနေ့ ဟောမည့်ကိစ္စဉာဏ်သည် ယနေ့ဟာက ပိုမို အရေးကြီးတယ်.... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

မနေ့ကဟောတဲ့ သစ္စဉာဏ်နဲ့ ယနေ့ ဟောလတ္တံ့ ကိစ္စဉာဏ်နဲ့ ကိုပေါ်....ဘယ်ဟာ အရေးကြီးသလဲ (ကိစ္စဉာဏ်အရေးကြီးပါတယ်ဘုရား)။

ကိစ္စဉာဏ် အရေးကြီးပါတယ် ဆိုတဲ့ဥစ္စာ သေသေချာချာ တကာတကာမတွေ့ မှတ်မိအောင်မှတ်ပါ.... (မှန်ပါ့) ဒါဟာ အင်မတန်လဲ နာရခဲပါတယ်၊ခင်ဗျားတို့ကိုလဲ ဟောတဲ့ဘုန်းကြီးကလဲ ဖြူနေတုန်းဟောလို့ ဟောရင်း မတွန်နဲ့ ခင်ဗျားတို့.... သောတာပန်စခန်းကို တက်လှမ်းနိုင်ပါစေ....ဆိုတဲ့ စိတ်ထားနဲ့ ဟောနေတယ်....(မှန်ပါ့)။

ခင်ဗျားတို့ကလဲ အမည်းမရောစေပါနဲ့၊ အဖြူနဲ့ဘဲ လက်ခံပါ....(မှန်ပါ့)။

ခင်ဗျားတို့က ဘာနဲ့လက်ခံရမလဲ.... (အဖြူနဲ့ လက်ခံရပါမယ်ဘုရား)။

ခင်ဗျားတို့က အဖြူနဲ့ လက်ခံလို့ရှိယင် ဒီကလဲ ခင်ဗျားတို့ကို သစ္စာတည်းဟူသောဆိုးရေကို ဆိုးလိုက်ရလို့ရှိယင်ဖြင့်အဖြူ

ပေါ်မှာ သစ္စာဆိုတဲ့ဥစ္စာဟာ တခါတည်း သွားထင်မှာဘဲ.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

အဖြူ။ ပေါ်မှာ သစ္စာထင်လို့ရှိယင်ဖြင့် အဲဒီ သစ္စာဆည် တကာတကာမတို့ အတိတ်ကိလေသာဖြတ်၊ အနာဂတ် ကိလေသာဖြတ်၊ မစ္စုပ္ပန် ကိလေသာကို ရပ်စဲစေပါတယ်ဆိုတာကော ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့ အမည်းမရောစေပါနဲ့ ဆိုတဲ့အရေးဟာ အလွန်အရေးကြီးတယ်....(မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ)။

အမည်း မရောစေနဲ့ ဆိုတဲ့အရေးဟာ.... (အလွန်အရေးကြီး ပါတယ်ဘုရား)။

ဘာ့ကြောင့်တုံးလို့ မေးစဲ့အခါကျတော့မှ ခင်ဗျားတို့က ဖြူပြီးသားကို ဆိုးရေစဲ့မည့်အချိန်ရောက်နေမှ အမည်းကလေး သွားပြီးသကာလ ခင်ဗျားတို့ တရားနာရင်းမတွန်နဲ့ ဟိုစိတ်ဒီစိတ် ဝင်မလာစေပါနဲ့.... (မှန်ပါ) အင်မတန် အရေးကြီးပါတယ် နော်....(မှန်ပါ့)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးကတော့ခင်ဗျားတို့ တရား နာတဲ့ပုဂ္ဂိုလ်စွဲကို တခါတည်းကြည့်လိုက်တယ်၊ ဖြူနေပြီဟော့ ဆိုတာ မြင်ပါတယ်....(မှန်ပါ့) ဟာ....ဖြူလို့ရှိယင် ငါ....သစ္စာ ဟောတော့မယ်၊ မဖြူသေးယင် မဟော်သေးဘူးဗျ....(မှန်ပါ့) ဝမ်းထဲမှာ ဖြူနေလို့ရှိယင်.... (ဟုတ်မှာပါဘုရား) မဖြူသေး ယင်.... (မဟောသေးပါဘုရား) မဟောသေးဘူး၊ သဘောကျ ပလား....(ကျပါပြီ)။

မဖြူသေးယင်- မဟောသေးတာက "အဒ္ဓဇဝစနံ ဗုဒ္ဓ" ဆိုတဲ့ အတိုင်း ငါက ၂ လုံးလဲ မဟဲ့ဘူးကွာ... ချွတ်စရာလူတွေက နည်းတာမဟုတ်ဘူးတဲ့၊ ငါ့စကား.... အလကား အဖြစ်မခံနိုင်ဘူး ဆိုပြီး၊ မဖြူသေးယင် သစ္စာကို မစ-သေးဘူး....(မှန်ပါ့)။

ဝမ်းထဲ ဖြူတဲ့အချိန်ကမှ ဘာစမယ်ထင်ကြသလဲ....(သစ္စာစ ပါမယ်ဘုရား) သစ္စာ စ-တယ်ဆိုတာ တကာ တကာမတွေ ကောင်းကောင်းရိပ်မိပလား.... (ရိပ်မိပါပြီ)။

ကိုပေါ်.... ဘယ်လောက် အရေးကြီးတယ်ဆိုတာ ပေါ်လာ ပလား....(ပေါ်လာပါပြီ) ပေါ်ကြပြီနော်.... (မှန်ပါ့)။

ဩော်....ဒါဖြင့် သစ္စာ အရေးကြီးဆုံးဘဲ(မှန်ပါ့) နည်းနည်း ကလေး ကြားညှပ်ပြီး တကာတကာမတွေမှာ သစ္စာအရေးကြီး ပုံကလေး ထောက်ခံချက်ကလေးတခု ထည့်လိုက်ပါဦးမယ်နော် (မှန်ပါ့)။

ထောက်ခံချက်ကလေးတခုက မင်္ဂလာမပဏ္ဏာသ ပါဠိတော်မှာ ပေယ.. ဆိုတဲ့ တကာဟာ ရှိတယ်၊ ပေယ.... ဆိုတဲ့ တကာကို ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ကျောင်းလာတာနဲ့ တရား ဟောတယ်၊ တရားဟောတော့ ခုနင်က ပြောခဲ့တဲ့ ဒါနစခန်း တွေ သီလစခန်းတွေ သူ....အကုန်နာရပါတယ်။

မောင်နိုင် ဒါနစခန်းတွေ၊ သီလစခန်းတွေ.... (နာရပါတယ် ဘုရား) ဘုရားကိုကဟောလို့ သူနာနေတာ....(မှန်ပါ့)။

နောက်ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သစ္စာဟောချိန် ရောက်လာတယ်၊ ဟိုမှာလဲဖြူပြီ ဝမ်းထဲမှာ....(မှန်ပါ့)။

အဲဒီဝမ်းထဲမှာ ဖြူနေတုန်းမှ သူကလဲ ဓနရှင် အလုပ်မျှားတဲ့ ပုဂ္ဂိုလ်ဖြစ်နေတော့ အိမ်ကလာခေါ်တယ်.... (မှန်ပါ့) တကာ တကာမတို့ ဘယ်ကလာခေါ်သလဲ....(အိမ်က လာခေါ်ပါ့တယ် ဘုရား)။

အိမ်က လာခေါ်တယ်၊ အိမ်ကလာခေါ်တာနဲ့ သူဘုရား လျှောက်ပြီးသကာလ အရေးကြီးတဲ့ကိစ္စထင်ပါရဲ့ ဆိုပြီးသကာလ တကာတကာမတို့ အိမ်လိုက်သွားတယ်၊ အိမ်လိုက်သွားတော့ ဖြူနေတုန်းမှာ သစ္စာဆိုးရမှာ ဆိုးချိန်မရဘူး....(မှန်ပါ့)။

ဖြူနေတုန်းမှာ (သစ္စာကို ဆိုးရမှာပါ) သစ္စာကို ဆိုးရေတာ်ပေးရမည့်ဥစ္စာကို ဦးဘရှင်းရေ.... မရလိုက်ဘဲ ဖြစ်သွားတယ်.... (မှန်ပါ့)။

အဲဒီကျတော့မှ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ပေယ်လဲထ-သွားပြီ၊ ဒီနားမှာရှိတဲ့ ရဟန်းတွေနဲ့တက္ခ.... ပရိဗိုဇ်တွေ.... ပေယဖြင့်ကွာ.... ဆိုးရေ ဆိုးကာနီးမှ ထွက်သွားတယ်ဟော့.... သစ္စာဖြင့် လက်လွတ်သွားပြီကွာ၊ သူ့....အသား အရိုးတွေ ဘုဉ မိုင်တိုင်တိုင် ရှိအောင် သေရဦးမယ်ကွ၊ သဘောကျပလား.... (ကျပါပြီဘုရား)။

သူ့အသားအရိုးတွေသည် ဘုဉ-မိုင်အမြင့်တက်ပြီးတော့သေရဦးမယ်ကွ....တဲ့.... (မှန်ပါ့) သစ္စာလွတ်သွားတယ်၊ ဘယ်လောက် ကြောက်စရာကောင်းသတုံး.... (ကောင်းပါတယ်ဘုရား)။

ဘာလွတ်သွားသတုံး.... (သစ္စာ လွတ်သွားပါတယ်ဘုရား) ဒါဖြင့် တဲ့တဲကလေး မောင်နှိုင်.... ဝမ်းထဲ ဖြူနေတုန်းမှ အိမ်က လာခေါ်တာ....(မှန်ပါ့)။

တကာ တကာမတွေ ဘယ်အချိန် လာခေါ်တာပါလိမ့်.... (ဝမ်းထဲ ဖြူနေတုန်းလာခေါ်တာပါဘုရား)။

ဒါနစခန်း သီလစခန်းတွေဟောလို့ ကာမဂုဏ် အပြစ်တွေ ပြလို့ သူကြိုက်နေပြီ၊ အဲဒီအချိန်မှာ ဝမ်းထဲ ဖြူနေတုန်းကျမှ တကာတကာမတွေ ပေယျကိ အိမ်က လာခေါ်တယ်၊ အဲဒီ.... ပေယအိမ်က လာခေါ်တော့ပေယကလဲ တပည့်တော်ဖြင့် ဘုရား လူဆိုတာကိစ္စသိပ်များပါ့တယ်၊သွားပါရစေဦး....ဆိုပြီးသကာလ အိမ်လိုက်သွားတယ်၊ သူမှ အိမ်မရောက်သေးဘူး.... ဘုရားက ရဟန်းတွေပြောပြီ၊ ပေယဖြင့် ရှုံးပဟော့ ....

တကာတကာမတို့ ဘာတဲ့တုံး .... (ပေယဖြင့်ရှုံးပြီတဲ့)ပေယ အရှုံးကြီးရှုံးပြီက.... ငါဘုရားလက်ထက် မကျတ်တော့ဘူး.... နောက် ဘုရားလက်ထက်မှ ကျတ်တော့မှာဘဲ....(မှန်ပါ့)။

သူ့ အရှိုး သူ့အသားတွေ သည်ကားလို့ ဆိုယင် နောက် ဘုရား မဉ္ဇင့်ခင်ဟာတဲ့.... မြေကြီး တယူဇနာတက်ရဦးမယ်က.... သူ့အသား သူ့အရိုးတွေက မြေကြီးတယူဇနာ ဖြစ်ရဦးမယ်.... (မှန်ပါ့)။

အဲဒီတော့မှ ကျတ်တမ်းဝင်တော့မယ်ဆိုတော့ မောင်နှိုင်.... မနာလေးကွဲ....(နာပါ့တယ်ဘုရား)။

ကဲ....တကာတကာမတို့ အင်မတန် မဆိုးဝါးဘူးလား....(ဆိုး ဝါးပါတယ်)။

စဉ်းစားပြီး နားထောင်ပါ။ သူ....သစ္စာ လွတ်သွားတယ်.... (မှန်ပါ့)။

မိုးကုတ် ဝိပဿနာ လုပ်ငန်းစဉ် တရား (၁၂) ၃၇၃

တကာတကာမတို့ ဘာလုတ်သွားသတုံး.... (သစ္စာလုတ်သွား ပါတယ်ဘုရား)။

ဒါဖြင့် ဒီ့ပြင်တရားတွေ မနာရဘူးလားမေးတော့ (နာ၇ ပါတယ်ဘုရား) ဒီ့ပြင် တရားတွေက တန်းဆာဆင်ပြီးထားတဲ့ တရားတွေ....(မှန်ပါ့) တကယ် ဆိုးရေတပ်နိုင်တဲ့တရားမဟုတ်ဘူး (မှန်ပါ့)။

တကာတကာမတို့ ဟဒယဝတ္ထုပေါ်မှာ သစ္စာတည်းဟူသော ပန်းခက်တို့ ပန်းလက်တို့ကိုစဲတဲ့ သဘောမျိုးလာမှဖြစ်မှာ(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

ဒါဖြင့် အားလုံးတကာတကာမတွေ သြော်.... အရေးအကြီး ဆုံးတရား ဘယ်တရားပါလိမ့်မတုံး....ဆိုတာဖော့ဖြင့် ကွင်းကွင်း ကွက်ကွက်ဘဲ ကိုပေါ်.... ပေါ်ပါပြီ....(ပေါ်ပါပြီဘုရား)။

တကာတကာမတွေ ဘယ်တရားပါလိမ့်.... (သစ္စာတရားပါ ဘုရား) သစ္စာတရားဘဲဆိုတာဖြင့် ခင်ဗျားတို့ သံသယမရှိနဲ့တော့ နော်....(မှန်ပါ့)။

အခု ပေယျမှာကော ဖြူအောင် လုပ်နေတုန်း ဖြူတုန်းမှ ကိစ္စပေါ်သွားတယ်....(မှန်ပါ့) မြေကြီး ၁၃-မိုင်တက်ရတယ်ဆို တော့ သူ့အသားတွေ သူ့အရိုးတွေ တကာတကာမတို့ သေးသ လား....(မသေးပါဘုရား) သစ္စာကလေး တချက်တည်း လုတ် သွားတယ်....(မှန်ပါ့)။

မောင်နိုင်....ဘယ့်နှယ်တုံး.... (သစ္စာကလေး တချက်တည်း လုတ်သွားပါတယ်ဘုရား)။

သစ္စာတချက်တည်း လွတ်သွားလိုက်တာ တကာတကာမတို့ သိပ်နာသွားတယ်.... (နာသွားပါတယ်ဘုရား) မနာဘူးလား.... (နာပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့အတွက်မှာဖြင့် ခုနင်က ဘုန်းကြီးပိတ်လိုက်တဲ့စကားကလေးဟာ မှတ်မိပါလိမ့်မယ်နော်....ခင်ဗျားတို့ ဖြူစင်အောင် ခုနင်က ပဋိစ္စသမုပ္ပါဒ်နဲ့ ရှင်းလင်းပြီးပါပြီ.... (မှန်ပါ)။

ရှင်းလင်းပြီးတဲ့အထဲမှာ သားစိတ်၊ သမီးစိတ်၊ ဆွေစိတ်၊ မျိုးစိတ် ခန္ဓာကိုယ်ငဲ့တဲ့စိတ်တွေ မလာဘဲနဲ့ ဖြူဖြူစင်စင်နဲ့ ကိစ္စဉာဏ်ကိုနာပါ....(မှန်ပါ)နို့ မဟုတ်ယင် ပေယျလို ဖြစ်ပါလိမ့်မယ်....(မှန်ပါ) မဖြစ်ပေဘူးလား.... (ဖြစ်မှာပါဘုရား) အင်မတန် ကြောက်စရာ မကောင်းပေဘူးလား.... (ကောင်းပါတယ်ဘုရား)။

အေး....ဒါကြောင့် အရေးအကြီးတာက အကြီးထဲမှာ ဦးဘရှင်းရေ.... အကြီးဆုံးအချိန်ဟာ ဒီအချိန်ဘဲ....(မှန်ပါ) ကိုပေါ် (ဒီအချိန်ပါဘုရား)ဒီအချိန်ဘဲဆိုတာ တကာတကာမတွေဝမ်းထဲမှာ ဘာဖြစ်နေကြသလဲ....(ဖြူစင်ပါတယ်ဘုရား)။

ခုနင်က ပဋိစ္စသမုပ္ပါဒ်မှာ ဒီဘဝလဲမခင်တုယ်၊ ဟိုဘဝလဲ မတောင်းတဘူးဆိုကတည်းက သစ္စာသိတဲ့ ဝိဇ္ဇာလဲပါ....(မှန်ပါ) အညစ်အကြေးဖြစ်တဲ့ လောဘကလဲစင်.... (မှန်ပါ) စင်နေတဲ့ အချိန်ကျတော့မှ ကိစ္စဉာဏ်ကို ဟောရမယ်....(မှန်ပါ) ရှင်းကြပလား....(ရှင်းပါပြီ)။

ဖြူစင်နေတဲ့အချိန် ဘာဟောရမယ်.... (ကိစ္စဉာဏ်ဟောရပါမယ် ဘုရား)။

ကိစ္စဉာဏ် ဟောရတော့မယ်ဆိုတော့ တကာ တကာမတို့.... ဉာဏ်နဲ့ ခန္ဓာကိုယ် အလုပ်လုပ်ရတော့မယ်....(မှန်ပါ့)။

ဉာဏ်နဲ့ ခန္ဓာကိုယ်လှည့်ပြီး.... (အလုပ်လုပ်ရပါတော့မယ်) အဲ....ဉာဏ်နဲ့ခန္ဓာကိုယ်လှည့်ပြီး အလုပ်လုပ်ရတော့မယ်....ဆိုတာ တရားနာရင်း တခါတည်း ခန္ဓာဃာ ဉာဏ်သွည့်လိုက်ပါ(မှန်ပါ့) တရားနာရင်းဘာတဲ့တုံး....(ခန္ဓာဉာဏ်လှည့်ရမှာပါဘုရား)။

ခန္ဓာဉာဏ် လှည့်လိုက်စမ်းပါဆိုတာ လေးလေး စားစား ပြောနေတယ်....(မှန်ပါ့)။

အထိမခံ ရှေ့ပုဂံ တရားပါဘဲ၊ အခုတရားဟာ.... (မှန်ပါ့) နည်းနည်းမှခင်ဗျားတို့ အာရုံတပါးသွားလို့ကိုမရဘူး(မှန်ပါ့)။

ဘာ့ကြောင့်တုံး.... ဖြူစင်အောင် ဘုန်းကြီးတပါးတည်းက ဒီ....တကာတကာမတွေ့ အမျှားကြီးကို ဖြူစင်အောင်ဆေးတား တာကိုး....(မှန်ပါ့)။

ဆေးတဲ့သဘောနဲ့သာ ခင်ဗျားတို့ကနေပြီးသကာလ ဘုန်းကြီးက ပြောတဲ့အခါ ကိစ္စဉာဏ်ကို ခင်ဗျားတို့က ကိုယ့်ဉာဏ်နဲ့ကိုယ် ခန္ဓာထဲမှာ သွေ...ဘုန်းကြီးက ဒါ....ကိုယ့်ခန္ဓာ ဘယ်လိုမြင်လို့ရှိယင် ကိစ္စဉာဏ်တဲ့ဆိုပြီး ကိုယ့်ခန္ဓာ ကိုယ်ပြန်ပြီးကြည့်လိုက်စမ်းပါ၊ အခုခဏပေါ့လေ....(မှန်ပါ့)။

အဲဒီလို ကြည့်လိုက်တဲ့အခါကျတော့ ကိစ္စဉာဏ် မရပေဘူးလား....(ရပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် ကိစ္စဥာဏ်ဆိုတာ တကာတကာမတို့ တခြားမဟုတ်ပါဘူးတဲ့၊ ခင်ဗျားတို့သန္တာန်မှာ အခုအခါန်မှာ တကာတကာမတို့ အင်း....တရားနာတာက နာရီသုံးမတ် ရှိသွားတယ်၊ နာရီသုံးမတ် ရှိသွားတဲ့အခါကျတော့ ခန္ဓာကိုယ် ကျရိယာပုတ်တော့ဟာ အပေါ်က အလေးနဲ့ အောက်က အမာခါတ်နဲ့ဆိုယင် ညှပ်ပြီးသကာလ အပေါ်က ခန္ဓာကြီးကထိုင်ထားတာ အောက်ကပျဉ်ပေါ်မှာ ပျဉ်တည်းဟူသော အမာကလဲ အောက်ကခံ၊ အပေါ်က ခန္ဓာကိုယ်ကြီးကလဲလေးလံ၊ ကြားမှာရှိတဲ့ အသားတော့ပေါ်မှာတဲ့ တကာတကာမတော့ ဉာဏ်ကလေးနဲ့ ကြည့်လို့ ရှိယင်ဖြင့် ဒုက္ခဝေဒနာပေါ်လိမ့်မယ်.... (မှန်ပါ့)မပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား)။

အင်း-ဒီဒုက္ခဝေဒနာသည်ဝေဒနာကွန္ဓာ(မှန်ပါ့)ဝေဒနာကွန္ဓာပါဘဲ့ တကာတကာမတို့နော်....(မှန်ပါ့)။

ဝေဒနာကွန္ဓာဆိုတာ ဘယ်သူ့၏ ဝေဒနာကွန္ဓာတုံး....လို့ မမေးနဲ့တော့ ဒီတကာတကာမတော့သန္ဓံဝန်ပေါ်တဲ့ဝေဒနာကွန္ဓာ (မှန်ပါ့)။

သူမျှားဝေဒနာလား.... မိမိသန္တာန်ပေါ်လို့ မိမိဝေဒနာလား (မိမိဝေဒနာပါဘုရား)။

ဩော်....ဒီဝေဒနာက တကာတကာမတော့ ဘာမျှားလုပ်ပါလိမ့်မလဲလို့ ဆိုတဲ့အခါကျတော့ တကာတကာမတော့ကို စိတ်ကိုလဲနှိပ်စက်တယ် ... ရုပ်- ရုပ်ချင်းလဲ နှိပ်စက်တယ်.... (မှန်ပါ့)။

စိတ်ကိုလဲ.... (နှိပ်စက်ပါတယ်ဘုရား) စိတ်ကိုလဲ ဒေါမနဿဖြစ်အောင် နှိပ်စက်တယ်....(မှန်ပါ့)။

ရုပ်- ရုပ်ချင်းလဲ သူကနေပြီးသကာလ တကာတကာမတို့.... နှိပ်စက်နေပါတယ် .. (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

နှိပ်စက်နေတော့ ဒီနည်းနည်းကလေး တကာ တကာမတွေ အောက်ပိုင်းမှာ အင်မတန် အထိနာတဲ့ နေရာကလေးသွားပြီး သကာလ ချော်....ဝေဒနာဟာ မိမိဝေဒနာကွန်ခွာလို့ သာ ဆိုရတယ်.... ဒီဝေဒနာကွန်ခွာက မိမိကို နှိပ်စက်နေပါပေါ့လား....လို့ ဆိုတဲ့ဥစ္စာ ငြင်းဘို့လိုသေးသလား.... (မလိုပါဘုရား)။

ဒီအထဲမှာ ဦးဘရှင်းကို ဦးဘရှင်း တကာမကြီးက ပြင်ကလာပြီးနှိပ်စက်တာမဟုတ်ဘူး....(မှန်ပါ့)မောင်နှိုင်ကို မဉ....တို့ကလာ နှိပ်စက်တာမဟုတ်ဘူး၊ ဒီခန္ဓာထဲက ပေါ်လာပြီး ဒီခန္ဓာကနှိပ်စက်တာ(မှန်ပါ့)။

ဒီခန္ဓာထဲက ဝေဒနာကလေးက ပေါ်လာတယ်.... (မှန်ပါ့) ဒီခန္ဓာကဘဲ ကျန်တဲ့ဥစ္စာတွေ မနှိပ်စက်ဘူးလား.... (နှိပ်စက်ပါတယ်ဘုရား)။

ချော်....ဒါဖြင့် ဟော့... ဝေဒနာကွန်ခွာ မင်း....ဘယ်ကိစ္စရှိသတုံးမေးတဲ့အခါကျတော့ သူ....အဖြေထွက်လာတယ် .. (မှန်ပါ့) ကျုပ်ဟာ နှိပ်စက်တတ်တဲ့ကိစ္စရှိတယ်....(မှန်ပါ့) ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

သူ့မှာ ဘာကိစ္စရှိသတုံး.... (နှိပ်စက်တတ်တဲ့ကိစ္စ ရှိပါတယ် ဘုရား) နှိပ်စက်တတတဲ့ ကိစ္စရှိတယ်၊ သဘောကျကြပလား.... (ကျပါပြီ)။

ဒုက္ခဿ ပီဠနဋ္ဌောကိုး....၊ ဝေဒနာ....ဆိုတဲ့ ဒုက္ခသစ္စာ၏၊ ပီဠနဋ္ဌော.... ညှာတာမဖက် အမြဲနှိပ်စက်တယ်၊ ချော်....တရား

နာနေတုံးမို့ သည်းခံပါဦးဆိုလို့ ရရဲ့လား.... (မရပါဘုရား) ဘာလုပ်နေသတုံး.... (နှိပ်စက်ပါတယ်ဘုရား)။

ဩော်....ဒါဖြင့် နှိပ်စက်တတ်တဲ့ တရားအစစ်ဟာ သူဘဲလို့ ပိုင်ပိုင်နိုင်နိုင်သိတယ်....(သိပါတယ်ဘုရား)။

နှိပ်စက်တတ်တဲ့ တရားအစစ်ဟာ အခုပေါ်နေတဲ့ ဝေဒနာဘဲဆိုယင် တကာတကာမတွေ ငြင်းဘို့လိုသေးသလား....(မလိုပါဘုရား)။

ကောင်းပြီ၊ ဒါဖြင့် သူက ဘာနှိပ်စက်သတုံးလို့ မေးတော့ သူက သူနဲ့အတူတကွဖြစ်တဲ့ သညာတို့ သင်္ခါရတို့ စိတ်တို့ကို မောင်နိုင် အတူတကွဖြစ်တာတွေကို အကုန်နှိပ်စက်တယ် (မှန်ပါဘုရား)။

သူနဲ့အတူတကွဖြစ်တဲ့ နာမကွန္ဓာ.... သူပါ လေးပါးပေါ့လေ..(မှန်ပါ) သူက ဝေဒနာကွန္ဓာ ဖြစ်နေတော့ ကျန်တဲ့ သညာကွန္ဓာ သင်္ခါရကွန္ဓာနဲ့ ဝိညာဏကွန္ဓာတို့ကို ကိုပေါ်.... ဘာလုပ်လိုက်သလဲ(နှိပ်စက်ပါတယ်ဘုရား) နှိပ်စက်လိုက်တယ်။

တခါ သူသည် ရုပ်ပေါ်မှာ ပေါ်လာတဲ့ ဝေဒနာက ရုပ်ကိုလဲ နှိမြှုန်းလာအောင် ကျင်လာအောင် မနှိပ်စက်ဘူးလား.... (နှိပ်စက်ပါတယ် ဘုရား) ဝေဒနာကွန္ဓာက လုပ်လိုက်တယ်.... (မှန်ပါ) ခင်ဗျားတို့ရှိတဲ့ ဝေဒနာကွန္ဓာက လုပ်လိုက်...(မှန်ပါဘုရား)။

တခြားသောခန္ဓာက လာပြီး လုပ်တာလား.... (မဟုတ်ပါဘုရား) ရော.... ဒါဖြင့် ဒုက္ခဿ ပီဠနဋ္ဌော....ဆိုတဲ့ကိစ္စဟာ နှိပ်စက်တတ်တဲ့ ကိစ္စရှိတဲ့တရား သူဘဲ.... သူဘဲ... သူဘဲ... လို့

ဉာဏ်ကလေးနဲ့ ကြည့်ပေးလိုက်စမ်းပါ....(မှန်ပါ့) နှိပ်စက်တတ်တဲ့ကိစ္စနဲ့ သူ....လုပ်မနေဘူးလား.... (လုံပ်ပါတယ်ဘုရား)။

အင်း.... ဒါဖြင့် ဒီ... ခန္ဓာကြီးသည်ကား....လို့ ဆိုယင်ဖြင့် ဝေဒနာကခန္ဓာကြီးသည်ကားလို့ ဆိုယင်ဖြင့်တဲ့ မိမိသန္တာန်ပေါ်လို့ မိမိဝေဒနာကခန္ဓာလို့ ဆိုချင်လဲဆိုတာပေါ့၊ သို့သော် ဘာလုပ်မလို့ ပေါ်လာသတုံး... မေးတဲ့အခါကျတော့ ကျန်ခန္ဓာတွေ့ နှိပ်စက်မလို့ ကျုပ်လာတာ....(မှန်ပါ့)။

ကျန်တဲ့ သညာကခန္ဓာ,သင်္ခါရကခန္ဓာ,ဝိညာဏကခန္ဓာ,ရူပကခန္ဓာတွေ့ ဘာလုပ်မလို့ လာတာတုံး... (နှိပ်စက်မလို့.... လာတာပါဘုရား)။

သြော်....ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့ သန္တာန်မှာဖြင့် ဒီတရားကလေးဟာ ကြက်သရေမင်္ဂလာရှိတဲ့တရားဘဲလားတဲ့ ရ,ထားတဲ့ ဝေဒနာကခန္ဓာကဖြင့် ကိုယ်ကျိုးနည်းအောင် လုပ်နေတာလား....(ကိုယ်ကျိုးနည်းအောင် လုပ်နေတာပါဘုရား)။

ဘယ်လို လုပ်နေပါလိမ့်ဗျာ.... (နှိပ်စက်နေပါတယ်ဘုရား) နှိပ်စက်နေတယ်၊ အင်းသူတပါးကို ညှဉ်းဆဲတာမဖက်အမြဲနှိပ်စက်နေတယ်၊ သညာကိုလဲနှိပ်စက်တယ်မောင်နိုင်ရေ.... (မှန်ပါ့)စိတ်ကိုကော ... (နှိပ်စက်ပါတယ်ဘုရား) ဝေဒနာသင်္ခါရတွေ့ကော (နှိပ်စက်ပါတယ်ဘုရား) ရုပ်ပေါ်မှာကော.... (နှိပ်စက်ပါတယ်ဘုရား)။

မယုံယင်ကြည့်ပါ၊ အပ်ကလေးနဲ့ ထိုးကြည့်၊ ရုပ်တွေ့ဟာနီမြန်းထွက်လာတာဘဲ....(မှန်ပါ့) ရုပ်လဲ ဝေဒနာကနှိပ်စက်တယ်ဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

ဒါဖြင့် ကျန်တဲ့ ခန္ဓာလေးပါးစလုံးကို ဘာလုပ်နေသတုံး.... (နှိပ်စက်နေပါတယ်ဘုရား)။

အဲဒီ နှိပ်စက်နေတာကို တကာ တကာမတွေက ဉာဏ်နဲ့ ကြည့်လိုက်တော့ သြော်....သူ့ကိစ္စဒါကိုး.... (မှန်ပါ့) သဘော ပါကြလား....(ပါပါဖြို)။

သူ့ကိစ္စဟာ.... (ဒါပါဘုရား) ဘာလုပ်တဲ့ကိစ္စပါလိမ့်.... (နှိပ်စက်ဘဲ့ကိစ္စပါဘုရား)နှိပ်စက်တတ်တဲ့ကိစ္စ....(မှန်ပါ့)သဘော ပါကြပလား....(ပါပါဖြို)။

အင်း.... ကိုယ့်သန္တာန်ပေါ်လာတဲ့ ဝေဒနာကွန္ဓာကကျန်ခန္ဓာ လေးပါးကို ဘာလုပ်မလို့လဲ.... ကောင်းကျိုးပေးမလို့လာတာ လား.... ဆိုးကျိုးပေးမလို့လာတာလားဆိုတာ အကဲခတ်စမ်း.... (ဆိုးကျိုးပေးမလို့ပါဘုရား) ဘယ်လိုမျှား ဆိုးကျိုးပေးလိုက် ပါလိမ့်.... (နှိပ်စက်ပါတယ်ဘုရား)။

နှိပ်စက်မလို့လာတာ....(မှန်ပါ့)တကာတကာမတို့ ပေါ်ကြ ပလား....(ပေါ်ပါဖြို)။

သြော်....ဒါဖြင့် နှိပ်စက်တတ်တဲ့ကိစ္စဟာ သူ့ကိစ္စဘဲ၊ခန္ဓာ၏ ကိစ္စ...(မှန်ပါ့)။

နှိပ်စက်တတ်တဲ့ကိစ္စဟာ.... (ခန္ဓာ၏ကိစ္စပါဘုရား) ခန္ဓာ၏ ကိစ္စဘဲဆိုတာ ငြင်းဘို့လိုသေးသလား....(မလိုပါဘုရား)။

နှိပ်စက်တတ်တဲ့ ကိစ္စဟာ.... (ခန္ဓာ၏ ကိစ္စပါဘုရား) ဘယ် ခန္ဓာ၏ကိစ္စတုံး....ဆိုတော့ ဝေဒနာကွန္ဓာ၏ကိစ္စ(မှန်ပါ့)သဘော ကျပလား.... (ကျပါဖြို) ဘာလို့တုံး....ဆိုတော့ ဝေဒနာကို

အဓိကထား ပြောနေလို့.... (မှန်ပါ့ဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ)။

ဒါဖြင့် တကာတကာမတွေ့ ဒီအတိုင်းသာ ဉာဏ်ကလေးနဲ့ ကြည့်ကြည့်.... ကြည့်ကြည့်နေတော့ သူ....ဘာလုပ်နေသတုံး.... သူဘာလုပ်နေသတုံး.... နှိပ်စက်တဲ့ကိစ္စလုပ်နေတယ်၊ နှိပ်စက်တဲ့ကိစ္စလဲပ်နေတယ်ဆိုတာ ပေါ်တိုင်း ပေါ်တိုင်း သူလာလို့ရှိယင် နှိပ်စက်မလို့ လာတာချည့်မှတ်လိုက်... (မှန်ပါ့)။

သူ....လာတိုင်း လာတိုင်း.... (နှိပ်စက်မလို့ လာတာပါဘုရား)။

ခန္ဓာထဲက ဘယ်ခန္ဓာ ထူးထူးခြားခြား ပေါ်လာပေါ်လာ ဘာလုပ်မလို့ လာတာတုံး.... (နှိပ်စက်မလို့လာတာပါဘုရား) အဲဒီလို ဉာဏ်ကလေးဟာ မြင်ပြီးသကာလနေတော့ အင်း.... နှိပ်စက်တတ်တဲ့ကိစ္စမှတပါး သူ့မှာ ဘာကိစ္စမှမရှိဘူး....(မှန်ပါ့) ဒီလိုပိုင်ပိုင်နိုင်နိုင် သိအောင်လုပ်ပါ....(မှန်ပါ့)။

နှိပ်စက်တတ်တဲ့ကိစ္စမှ တပါး.... (ဘာကိစ္စမှ မရှိပါဘုရား) ဘာကိစ္စမှမရှိဘူး၊ မောင်နိုင်....(မှန်ပါ့)။

ကျုပ်တို့ကို နတ်ပြည်ရောက်အောင် ပို့မလို့လဲ မဟုတ်ဘူး၊ ဗြဟ္မာပြည် ရောက်အောင် ဆောင်မလို့လား.... (မဟုတ်ပါဘုရား) မဟုတ်ပါဘူး....တဲ့၊ ယခု အနှစ်ရာယ်ကင်း- ဘေးရှင်းအောင်လို့ကော.... (မဟုတ်ပါဘုရား) စားသောက်ကောင်းအောင်လို့ကော .. (မဟုတ်ပါဘုရား) မဟုတ်ပါဘူး၊ ဘာလုပ်နေတာတုံး....(နှိပ်စက်နေတာပါဘုရား)။

နှိပ်စက်တတ်တဲ့ ကိစ္စဘဲ သူလုပ်နေတယ်လို့ တကာတကာမ
လေ့ ဒီခန္ဓာကလေးကို စုံးစုံးစိုက်စိုက် ခြေဆ.... နှိပ်စက်တတ်တဲ့
ကိစ္စမှတပါး သူ့မှာ ဘာမှမရှိဘူးဆိုတာကို သေသေချာချာသိ
အောင်လုပ်တော့ သူ့ကိစ္စ၊ သူက နှိပ်စက်တတ်တဲ့ကိစ္စ၊ ခင်ဗျား
တို့ဉာဏ်က သိတဲ့ကိစ္စ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ
ဘုရား)။

သူက ဘာပါလိမ့်.... (နှိပ်စက်တတ်တဲ့ကိစ္စပါ) ဉာဏ်က....
(သိတဲ့ကိစ္စပါဘုရား)။

ဉာဏ်က သိတတ်တဲ့ကိစ္စဆိုထော့ တကာတကာမတို့ ဟို....
သမုဒယသစ္စာက တကာတကာမတို့ သန္တာန်၌တဲ့၊ သိတဲ့ကိစ္စနဲ့
သနေတော့ သမုဒယသစ္စာက တကာတကာမတို့ သန္တာန၌မလာ
ဘဲနဲ့ သေနေတယ်....(မှန်ပါ့)။

သမုဒယသစ္စာက.... (မလာဘဲနဲ့ သေနေပါတယ်ဘုရား)
မလာဘဲနဲ့သေတာလဲ ခင်ဗျားတို့သန္တာန်မှာ အထင်အရှားပါ....
(မှန်ပါ့)။

ကိုပေါ်.... ဘယ့်နှယ်တုံး....(မလာဘဲနဲ့ သေပါတယ်ဘုရား)
မလာဘဲနဲ့သေနေတယ်။

ဘယ့်နှယ်ကြောင့် မလာဘဲနဲ့သေပါလိမ့်မတုံး.... မေးတော့
နှိပ်စက်တတ်တဲ့ကိစ္စကို တပည့်တော်တို့ နှိပ်စက်မှန်းကိုသိတဲ့ဉာဏ်
ဆိုတဲ့ မဂ်ဉာဏ်က သူ့ကိုဘဲ ပွားများနေတဲ့ကိစ္စက ရှိနေလို့၊
ကိလေသာက ကြားခိုလို့ကို မရဘဲနဲ့ ချုပ်မြဲတိုင်း ချုပ်နေ
တယ်....(မှန်ပါ့)။

ချုပ်တဲ့အခါကျလို့ ရှိယင် လာချုပ်လား.... မလာချုပ်လား ဆိုတာ စဉ်းစားပါ....(မလာချုပ်ပါဘုရား)။

ဩော်...ဒါဖြင့် အနုပ္ပါဒ နိရောဓ၊ အနုပ္ပါဒက....မဖြစ်ဘူး၊ နိရောဓက... ချုပ်တယ်....(မှန်ပါ့) မလာဘဲနဲ့ ချုပ်အောင်လုပ်နိုင်တာ မဂ္ဂသစ္စာ ထိုမဂ္ဂသစ္စာ၏ဒုက္ခသစ္စာကို တကာတကာမတွေ့သိတဲ့အတိုင်း အင်း... နှိပ်စက်နေတဲ့ကိစ္စ၊ နှိပ်စက်နေတဲ့ကိစ္စ....လို့ သိလုံး တည်းဟူသော မဂ္ဂသစ္စာက ပယ်ပြီး ထားပါတယ်....(မှန်ပါ့)။

သဘောကျပလား.... (ကျပါတယ်) တကာကြိုးလိုင်.... သေသေချာချာ နားထောင်နော်....(မှန်ပါ့)။

သိလုံးကိစ္စက၊ ပယ်လုံးကိစ္စကော သူလုပ်မနေဘူးလား.... (လုပ်နေပါတယ်) ဩော်... သမုဒယသစ္စာ ဒီအထဲကြားထိုးနိုင်သေးသလား....(မထိုးနိုင်ပါဘုရား)။

တကာတကာမတွေ.... သမုဒယသစ္စာ ကြားထိုးလို့ ရသေးရဲ့လား.... (မရပါဘုရား) သေချာပလား.... (သေချာပါပြီဘုရား)။

ဒါဖြင့် သမုဒယသစ္စာ ကြားထိုးလို့ မရတာသည်ကားလို့ ဆိုလို့ရှိယင် ဩော်.... ဒို့ကိစ္စာဏ်သည် တကာ တကာမတို့ ဘာလုံပ်နေတာတုံးလို့ မေးတော့ အင်း....ဒါ နိရောဓဖြစ်နေတာဘဲ....(မှန်ပါ့) တဏှာနိရောဓ ဖြစ်မနေဘူးလား.... (ဖြစ်ပါဘယ်ဘုရား)။

တကာတကာမတို့ ဘာနိရောဓ ဖြစ်နေသတုံး.... (တဏှာနိရောဓဖြစ်ပါတယ်ဘုရား)။

တဏှာနိရောဓဖြစ်နေတယ်ဆိုတာမသေချာဘူးလား (သေချာပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့က နှိပ်စက်တတ်တဲ့ ကိစ္စကလေးကို အဖန်ဖန်ကြည့်နေတာက ဘာဝေဒနာကိစ္စ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

အဖန်ဖန်ကြည့်တာက.... (ဘုဝေဒနာကိစ္စပါဘုရား)ဘာဝေဒနာကိစ္စ၊ အဖန်ဖန် ကြည့်ရမှာကိုးဗျ.... (မှန်ပါ့) ဒါက မဂ်တကြိမ်ပေါ်တာမဟုတ်သေးဘူး၊ ဒါက ဝိပဿနာမဂ်ဘဲဖြစ်နေတယ်....(မှန်ပါ့)။

ဘာဝေဒနာကိစ္စနဲ့ အဖန်ဖန် နှိပ်စက်နေပါကလား....ဆိုတဲ့ဥစ္စာ နှိပ်စက်တိုင်းနှိပ်စက်တိုင်း မောင်နှိုင်က အဖန်ဖန်နှိပ်စက်နေပါကလား....လို့ သိအောင်လုပ်ပါ....(မှန်ပါ့)သဘောကျပလား (ကျပါပြီ)။

ဝေဒနာကလေးဟာ အဖန်ဖန် မနှိပ်စက်ဘူးလား.... (နှိပ်စက်ပါတယ်ဘုရား) တကြိမ်တည်းနှိပ်စက်သလား.... အကြိမ်များစွာဘဲလား.... (အကြိမ်များစွာပါဘုရား)။

အကြိမ်များစွာ နှိပ်စက်သလောက် ကျုပ်တို့က အကြိမ်များစွာ သိပေးလို့က်စမ်းပါ....(မှန်ပါ့)။

ဒါဖြင့် အကြိမ်များစွာ နှိပ်စက်တာက လဲတဲ့ ဒုက္ခသစ္စာ....(မှန်ပါ့) အကြိမ်များစွာ သိတာကလဲ သူ့....ဘာဝေဒနာကိစ္စ၊ သူ့မှာ နဂိုရှိကရှိလို့ အကြိမ်များစွာသိတဲ့ကိစ္စဟာ ဘာဝေဒနာကိစ္စဘဲ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

အကြိမ်များစွာ သိတဲ့ကိစ္စဟာ.... (ဘာဝေဒတဗ္ဗကိစ္စပါ) ဒါဖြင့် မဂ္ဂသစ္စာ ဘာဝေဒတဗ္ဗကိစ္စ ဖြိုရမယ်ဆိုတဲ့ဥစ္စာ တကာတကာမတို့ ဩဇာ.... အကြိမ်များစွာနှိပ်စက်တာက ဒုက္ခသစ္စာ၊ အကြိမ်များစွာ နှိပ်စက်နေတယ်....လို့သိတဲ့ဥစ္စာ မဂ္ဂသစ္စာ၏ ဘာဝေဒတဗ္ဗကိစ္စ.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

အကြိမ်များစွာ နှိပ်စက်နေတာက မည်သူမတာ နှိပ်စက်နေတာက သူ့ကိစ္စ....(မှန်ပါ့)။

ဒါဖြင့် ဒုက္ခသစ္စာကိစ္စကို မဂ္ဂသစ္စာက ပွားများပြီးသကာလ အကြိမ်များစွာ သိခြင်းကြောင့် တကာတကာမတို့ ကိလေသာလဲ့ အကြိမ်များစွာ ချုပ်ရတယ် ... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

ကိလေသာသည် ...(အကြိမ်များစွာ ချုပ်ရပါတယ်)အကြိမ်များစွာ ချုပ်ရတယ်ဆိုတာ ကျေနပ်ကြပလား.... (ကျေနပ်ပါပြီဘုရား)။

ဘယ်နှယ်ကြောင့် အကြိမ်များစွာ ချုပ်ပါလိမ့်မတုံးဆိုတော့ နှိပ်စက်တာ များတာကိုမြင်တာ များလို့....(မှန်ပါ့ဘုရား) မြင်တာများလို့ ဟိုက ကိလေသာချုပ်တာများတယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

နှိပ်စက်တာများတာကို.... (မြင်တာများပါတယ်ဘုရား၊ မြင်တာများလို့.... (ကိလေသာချုပ်တာ များပါတယ်ဘုရား) ကိလေသာချုပ်တာ များရပါတယ်ဆိုတာ သဘောကျပလား (ကျပါပြီ)။

အချုပ်များတော့ကို အချုပ်များတိုင်း များတိုင်း နိရောဓ ကော မများဘူးလား....(များပါတယ်ဘုရား)။

ဩော်....ဒီလိုလေးချက် တပြိုင်နက်ဖြစ်တဲ့သဘောသည် ကိစ္စ ဉာဏ်ဘဲ့....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီ)။

ဒီလိုလေးချက် တပြိုင်နက်ခင်ဗျားတို့ခန္ဓာထဲမှာဖြစ်တဲ့သဘော သည် တကာတကာမတို့ ဖြူတုန်းကို ဆေးဆိုးလိုက်ဘဲ့အတွက် ဘာဝေတဗ္ဗကိစ္စကလဲ နည်းသလား....(မနည်းပါဘုရား)။

သမုဒယသစ္စာ ပယ်တဲ့ဥစ္စာလဲ သူပဌားသလောက် ပယ်နေ တာဘဲ့....(မှန်ပါ့) နိရောဓကလဲ ချုပ်သလောက် နိရောဓဖြစ်နေ တာတဲ့....(မှန်ပါ့)။

သမုဒယ ချုပ်သလောက်... (နိရောဓ ဖြစ်ပါတယ်ဘုရား) နိရောဓ အကြိမ်များနေတယ်... ဆိုတာကော သေချာပလား.... (သေချာပါပြီ)။

အဲဒီတော့ ဘယ်မှာ တကာ တကာမတို့ နှောက်ရှက်တဲ့သ ဘော ပါသေးသလား....(မပါပါဘုရား) ရှင်းကြပလား (ရှင်း ပါပြီဘုရား)။

နှိပ်စက်တဲ့ ကိစ္စကလဲ မောင်နှိုင်....ဘယ်လောက် နှိပ်စက်သ တုံးဟော့.... (မရေတွက်နိုင်ပါဘုရား)။

မရေတွက်နိုင်အောင် နှိပ်စက်တာကို ဒီက ဘုန်းကြီးမေးတဲ့ အတိုင်း တကာတကာ့မတွေ မရေတွက်နိုင်အောင် သူ့ကိစ္စက် ကြည့်ပေး....(မှန်ပါ့) ကြည့်ပေးလိုက်တော့ သူက ကြည့်တဲ့ဥစ္စာ က ဘာကိစ္စသူဌားဖြစ်သတုံး.... (ပဌားများတဲ့ကိစ္စပါဘုရား)။

ဘာဝေဒတဗ္ဗကိစ္စသဉ္ဇားဖြစ်တယ်၊ ပဉ်းမျဉ်းတဲ့ကိစ္စ သဉ်းဖြစ်တယ် တကာတကာမတို့....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါဖြို့ဘုရား)။

ပဉ်းတဲ့ကိစ္စမျဉ်းသောကြောင့် နောက်က ကိလေသာချုပ်တဲ့ကိစ္စကော....နည်းသလား.... မျဉ်းသလား (မျဉ်းပါတယ်ဘုရား) ဒီက မဂ်မျဉ်းသလောက် ဟိုမှာ သူမလာရဘဲကိုး....(မှန်ပါ့) မဂ်မျဉ်းသလောက် ကိလေသာ မလာတာကလဲ မသေချာဘူးလား (သေချာပါတယ်ဘုရား)။

ဒါဖြင့် ကိလေသာ မလာတာကလဲ လာချုပ်လား.... မလာချုပ်လားလို့မေးတဲ့အခါ ဘယ်နှယ်ဖြေကြမလဲ.... (မလာချုပ်ပါဘုရား)

မလာချုပ်ဆိုလို့ရှိယင် တကာတကာမတို့ ကိလေသာနည်းနည်းမှမပါဘဲနဲ့ ချုပ်တာ ဖြစ်လေသောကြောင့် အဲဒါ.... နိဗ္ဗာနရောဓ....(မှန်ပါ့)။

ကိလေသာနဲ့ စပ်ချုပ်တာလား.... ကိလေသာ မလာဘဲနဲ့ ချုပ်တာလား.... (မလာဘဲနဲ့ ချုပ်တာပါဘုရား)။

ဒါဖြင့် အဲဒီမလာဘဲနဲ့ချုပ်တာက နိဗ္ဗာနရောဓ၊ မလာတာကတကာတကာမတို့ ကိလေသာ အကြိမ်မျဉ်းမျဉ်း မလာတာက ပဟာဝတဗ္ဗကိစ္စ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

မလာဘဲနဲ့ အကြိမ်မျဉ်းမျဉ်းချုပ်နေတာက နိဗ္ဗာန၏ကိစ္စ.... (မှန်ပါ့) နိဿရဏဓာတုကိစ္စ....(မှန်ပါ့) နိဿရဏဓာတုဌာ ထွက်မြောက်ကြောင်းဖြစ်၍ကျေးဇူးပြုတော့မယ် (မှန်ပါ့)သဘောကျပလား

(ကျပါပြီ) ထုတ်မြောက်ကြောင်း ဖြစ်၍ ကျေးဇူး ပြုတော့ မယ်ဆိုတာ ပေါ်ပလား....(ပေါ်ပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ ဒီအချိန်မှာ အခု အောက်ပိုင်းမှာ ထိုင်ပြီး ကြားနေတဲ့အချိန်မှာ ဝေဒနာကလေးက ခန္ဓာထဲကပေါ်တဲ့ ဝေဒနာ....(မှန်ပါ့) ဝေဒနာကခန္ဓာဘဲ မဟုတ်ဘူးလား(မှန်ပါ့) သူမျှားပေးတဲ့ခန္ဓာလား.... ကိုယ်ရ-ထားတဲ့ ခန္ဓာလား....(ကိုယ်ရထားတဲ့ ခန္ဓာပါဘုရား)။

ကိုယ်ရ-ထားတဲ့ ခန္ဓာက ကျန်ခန္ဓာလေးပါးကို နှိပ်စက်-မနှိပ်စက်....(နှိပ်စက်ပါတယ်ဘုရား) သဘောပါလား.... (ပါပါ့ဘုရား)။

ကျန်ခန္ဓာလေးပါးကို.... (နှိပ်စက်ပါတယ်ဘုရား) နှိပ်စက်နေတယ်ဆိုတော့ ဩော်.... သူနှိပ်စက်တတ်သောကြောင့် ဒုက္ခသစ္စာ.... (မှန်ပါ့) သူနှိပ်စက်နေတာကို ကျုပ်တို့က အဖန်ဖန်ကြည့်တာက မဂ္ဂသစ္စာ၏ ဘာဝနာတပ္ပကိစ္စ....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ)။

သူနှိပ်စက်နေခြင်းကြောင့် ကိလေသာကလဲ မလာဘဲနဲ့ ချုပ်နေတာက ဩော်....ဒါသမုဒယသစ္စာကို ပယ်ရမည့်ကိစ္စကို ကျုပ်တို့က ပယ်ပြီးသားဖြစ်နေတယ်....(မှန်ပါ့)။

သူမလာတဲ့အချိန် ကျလို့ရှိယင် ကိလေသာတွေသည်ကား.... လို့ဆိုယင် ချုပ်နေတယ်ဟော့....မှတပါး ဒီ့ပြင်ဘာပြောစရာရှိသေးသတုံး....(မရှိပါဘုရား)။

ဘာမှ ပြောစရာမရှိတော့ တဏှာနိရောဓေါ နိဗ္ဗာနံကလဲ ပေါ်နေတယ်....(မှန်ပါ့)။

အဲဒီလို တပြိုင်နက် တခါတည်း လေးကိစ္စ ပေါ်လာအောင် လုပ်တဲ့အလုပ်ဟာ ကိစ္စဉာဏ်၏အလုပ်....(မှန်ပါ့)။

ဒါကို ၃-၄ ခါလောက်အိမ်မှာတွေးပြီးလုပ်လို့ရှိယင် ခင်ဗျားတို့ သောတာပန် သကဒါဂါမ် အနာဂါမ် ဒီဘဝ ပါရမီအလိုက် မဟုတ်ဘူး၊ အဆုံးအလိုက် ဖြစ်ပါလိမ့်မယ်.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ကဲ....ယနေ့ ဒီတွင်တော်ကြပါဦးစို့... ။

သာဓု....သာဓု... သာဓု....။

စကျးဂူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်မြို့ မင်္ဂလာတိုက်

ဆရာတော် ဘုရားကြီး ဟောကြားဆုံးမတော်မူသော

(ကိစ္စညာဏ် သခ်ၤတဋ္ဌသဘော)

ညအလုပ်ပေးတရားတော်

(၄၀-၆-၆၁)

သစ္စာတရား ဆိုတဲ့ဥစ္စာ တကာတကာမတို့ သစ္စာက မှန်ကန်တာ၊ တရားကလဲမှန်ကန်တာဘဲ၊ဒီတရားလောက်မှန်တာမရှိဘူး။

သစ္စာတရားဆိုတာ ဦးဘရှင်းရေ.... သစ္စာကလဲ မှန်ကန်တာဘဲ....(မှန်ပါ့) တရားကလဲ တရားတာဘဲ....(မှန်ပါ့) မှန်ကန်တဲ့ တရားလို့ မောင်နှိုင်တို့ မှတ်ရလိမ့်မယ်....(မှန်ပါ့)။

ဒါဖြင့် မှန်ကန်တဲ့တရားလို့ တကာတကာမတွေက သိထားတော့ ဒီပြင်တရားတွေကောဘုရာ့.... အို....ဒီပြင်တရားတွေကကွာ....မမှန်ဘူးဟော့... လို့ ဆိုကောင်းဆိုရတော့မယ်....(မှန်ပါ့) ဘယ်နှယ်ကြောင့်တုံးဆိုတော့ သူသည်ကားလို့ ဆိုလို့ရှိယင်ဖြင့်တဲ့.... ဒါန ပြုလုပ်တယ်ဆိုပေမဲ့လဲ ဒါန ကုသိုလ်ကံကနေပြီး သကာလ ကောင်းကျိုးပေးတဲ့ အခါလဲပေး၊ တပါးသောကံက ဝင်ဖြတ်သွားယင်လဲ အကျိုးမပေးတော့ဘူး.... (မှန်ပါ့) မှန်ရဲ့လား....သူတို့.... (မမှန်ပါဘုရား)။

သီလ ဆောက်တည်လို့ အသက်ရှည်တယ်လို့ ဆိုငြားဟော်လဲ ကံတွေက ဝင်ဖြတ်လိုက်ယင် မောင်နိုင် ... သက်တမ်းစေ့အောင် ဘယ်နှယ်နေရပါ့မလဲ.... (မနေရပါဘုရား)။

ဩော်.... ဒါတွေကတော့ဖြင့်သူများအချုပ်အရှက်ကို ခံနိုင်တဲ့ ခံရတဲ့တရားမျိုးတွေ ဖြစ်နေပါလားဆိုတာ ပေါ်သွားတယ် ... (ပေါ်ပါတယ်ဘုရား)။

သမထတွေ ဘယ်လိုပင် အားထုတ်ပြီးသကာလ ထားငြားဟော်လဲ တကာ တကာမတို့ ကမ္ဘာမျက်ဝန်းနဲ့ ကြုံတဲ့အခါ အောက် ပဋိမစျာန်ဘုံတွေပါသွားပြန်တော့ မမှန်တဲ့တရားတွေ ဖြစ်နေတော့ မမှန်သလိုဘဲ ပျက်စီးသွားတယ်....(မှန်ပါ့)။

ဒီသစ္စာကတော့ကိုတဲ့ နိရောဓသစ္စာနိရောဓက ဒုက္ခချုပ်တာ၊ သစ္စာက မှန်တယ်၊ ဒုက္ခတွေချုပ်တာ အမှန်ဖြစ်နေတော့ သုခအမှန်ဟာဖြင့် ဘယ်သူဖျက်လို့မှ မရတော့ဘူး....(မှန်ပါ့)။

ဒုက္ခတော့ ချုပ်တာအမှန်ဘဲ....(မှန်ပါ့) သုခအမှန်ကျန်ခဲ့တာ ဘယ်သူဖျက်လို့ရသတုံး (မဖျပါဘုရား)။

အဲဒါကြောင့် တရားတကာ့တရားထဲမှာဖြင့် သူ့ကိုမနာလိုဘဲနဲ့.... သူ့ကိုအားမထုတ်ရဘဲနဲ့ ကိုပေါ်တို့....ကိုဝတို့.... နိဗ္ဗာန်ရလိမ့်မယ်လို့ ဘယ်တော့မှ မအောက်မေ့နဲ့.... (မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီ)။

သူ့ကို အားမထုတ်ဘဲနဲ့.... (ဘယ်တော့မှ နိဗ္ဗာန်မရနိုင်ပါဘုရား) နိဗ္ဗာန် မရနိုင်ဘူးဆိုတဲ့ဥစ္စာ သေသေချာချာမှတ်ပါတဲ့။

အဲဒီတော့ ခင်ဗျားတို့ သူ့ကို ဟောမယ်ကြံတော့ဦးဘရှင်းတို့ မောင်နှိုင်တို့ သင်ထားတယ်၊ သူဟာ ဝမ်းထဲမှာ ဖြူစင်နေတဲ့ အခါမှ ဟောရတယ်... (မှန်ပါ့)။

ဘယ်အချိန် ဟောရသလဲ.... (ဝမ်းထဲ ဖြူစင်နေတဲ့အချိန် ဟောရပါတယ်ဘုရား)။

ဖြူစင်နေတဲ့အချိန်မှ ဟောရတယ်၊ ဒီ့ပြင်အချိန်သွားဟော လို့ရှိယင် တရားဟာ မစဲကို....မစဲဘူးတဲ့....(မှန်ပါ့)။

အဲဒီတော့ ဖြူစင်နေတဲ့အချိန် ဟောမှသာလျှင် စဲတယ်ဆို တော့ ကို တကာတကာမတို့ကို ဟောမည့်ကြံတိုင်း... ကြံတိုင်း မောင်နှိုင် ဖြူစင်အောင်လုပ်ပေးရမယ်....(မှန်ပါ့)။

ဖြူစင်အောင် လုပ်ပေးတော့မယ်ဆိုတော့ တကာတကာမ တွေ့ မှတ်တာပေါ့တဲ့၊ မနေ့က ပဋိစ္စသမုပ္ပါဒ်မှာ တကာတကာမ တွေ့ တသံသရာလုံးဟာက သစ္စာမသိခဲ့တာ အဝိဇ္ဇာ....(မှန်ပါ့)။

သစ္စာမသိခဲ့တာ.... (အဝိဇ္ဇာပါဘုရား) ဩော်....သစ္စာမသိခဲ့ တာ အဝိဇ္ဇာ၊ ဒုက္ခသစ္စာလို့လဲ မသိခဲ့ဘူး၊ လောဘ သမုဒယ သစ္စာ ဒုက္ခဖြစ်ကြောင်းလို့ မသိတာလဲ.... (အဝိဇ္ဇာပါဘုရား) ဒုက္ခချုပ်ရာဟာ နိရောဓသစ္စာ နိဗ္ဗာန်ဘဲလို့ မသိတာကော.... (အဝိဇ္ဇာပါဘုရား) မသိတာနော်....(မှန်ပါ့)။

ဒုက္ခချုပ်ကြောင်း အကျင့်ဟူသမျှဟာလဲ မဂ္ဂသစ္စာလို့ မသိ တာကော....(အဝိဇ္ဇာပါဘုရား)။

ဒါဖြင့် သူသိတာ ပါသေးရဲ့လား....(မပါပါဘုရား)ဒါဖြင့် ဘုန်းကြီးကဘဲ သတိပေးပါတယ် တကာတကာတွေ.... သူ့ကို

မသိသေးတဲ့ပုဂ္ဂိုလ်ဟာတဲ့ ဒုက္ခေအညာဏ်၊ဒုက္ခသမုဒယေ အညာဏ်လို့.... ဘုရားကဟောသောကြောင့် မျက်စိဖြင့် ကန်းပဟေ့.... ဆိုတဲ့ အဓိပ္ပါယ် ပြောရလိမ့်မယ်.... (မှန်ပါ့) သဘောကျပလား (ကျပါပြီ)။

တကာတကာမတို့ သစ္စာမသိယင်ဘာဘဲ့.... (မျက်စိကန်းပါတယ်ဘုရား)။

သြော်....သစ္စာမသိယင် မျက်စိကန်းတယ်လို့ မှတ်ထားလိုက်စမ်းပါ။ အဲဒီ့ မျက်စိကန်းသည်ကား....လို့ ဆိုလို့ရှိယင်ဖြင့် အာလောကော ဥဒပါဒိ....ဆိုတဲ့အလင်း မရတော့ဘူး၊ ရဆေးရဲ့လား....(မရပါဘုရား)။

မရတော့ သူသည် အမှောင်ထဲမှာဘဲ နေရတဲ့အဓိပ္ပါယ် မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

ကဲ....အမှောင်ထဲမှာ နေရတော့ နေရပင် နေရငြားသော်လဲ ပုထုဇဉ် ထုံးစံက အငြိမ်မနေဘူး၊ လမ်းသွားချင်သေးတယ်.... (မှန်ပါ့)။

မှောင်ထဲမှာဘဲ ဘာလုပ်ချင်သေးသတုံး.... (လမ်းသွားချင်ပါသေးတယ်ဘုရား)။

သစ္စာမသိတဲ့ အမှောင်ထဲကျနေတဲ့အထဲမှာ သူကလမ်းသွားချင်တော့ အေး....နောက်ဘဝ ကောင်းရာကောင်းကြောင်းလုပ်ဦးမှာဘဲဆိုတဲ့ ပုညာဘိသင်္ခါရ ကုသိုလ်လဲ လုပ်လိုက်ပါတယ်... (မှန်ပါ့) သားရေး သမီးရေး စီးပွားရေးအတွက် ပစ္စည်းတွေရှာပြီးသကာလ သိလပျက်ခံပြီးရှာတဲ့ အကုသိုလ်အပုညာဘိသင်္ခါရတွေကော.... မလုပ်လိုက်ဘူးလား....(လုပ်ပါတယ်ဘုရား)။

ဒါဘယ့်နှယ်ကြောင့် တကာတကာမတွေ လုပ်ဖြစ်ပါလိမ့်မလဲ လို့...မေးဘို့ မလိုဘူးလား....(လိုပါတယ်ဘုရား)။

အင်း... ဘယ့်နှယ်ကြောင့် ဒီတကာတကာမတွေ လုပ်ဖြစ်ပါလိမ့်မတုံး....လို့ မေးတဲ့အခါကျတော့ မျက်စိကန်း လမ်းသွား တာဟော့....။

တကာတကာမတို့ ဘာတဲ့တုံး.... (မျက်လုံးကန်း လမ်းသွား တာပါဘုရား)။

မျက်စိကန်း လမ်းသွားတယ်၊ သိပ်ကြောက်စရာကောင်းပါ လား....(ကောင်းပါတယ်ဘုရား)။

ကိုဝ.... ဘယ်သူသွားတာတုံး (မျက်စိကန်းလမ်းသွားတာပါ) မျက်စိကန်းလမ်းသွားပြီ....(မှန်ပါ့)။

မျက်စိကန်း လမ်းသွားပြီ၊တကာတကာမတို့ မျက်စိကန်းတာက အဝိဇ္ဇာ၊ လမ်းသွားတာကကုသိုလ်နဲ့ အကုသိုလ်လုပ်တာ.... (မှန်ပါ့)။

ကုသိုလ်လုပ်ပြန်တော့လဲ ဒုက္ခရောက်ကြောင်း ကုသိုလ်ဘဲလုပ် တယ်၊ ကုသိုလ် လုပ်ပြန်တော့ကော.... (ဒုက္ခရောက်ကြောင်း ကုသိုလ်လုပ်ပါတယ်ဘုရား)။

နောက်ဘဝ လူဖြစ်ချင် နတ်ဖြစ်ချင်ဆိုတဲ့ ကုသိုလ်လုပ်ပြန် တော့ တကာတကာမတို့ လူခန္ဓာ နတ်ခန္ဓာ ပေါ်တယ်ဘဲထား လိုက်ပါဦးတော့ သစ္စာအားဖြင့် ဝေဘန်လိုက်တော့ ဒုက္ခသစ္စာဘဲ ပေါ်လာတာပေါ့....(မှန်ပါ့)။

ဒါဖြင့် ဒီဥစ္စာ ကန်းတဲ့ပုဂ္ဂိုလ်လုပ်တာလား.... ကောင်းတဲ့ပုဂ္ဂိုလ်လုပ်တာလား.... အကဲခတ်ပါ.... (ကန်းတဲ့ပုဂ္ဂိုလ်လုပ်တာပါဘုရား)။

ဒါ....မပြောလို့ရှိယင် အားလုံးတကာတကာမတွေ့ ကိုပေါ်တို့.... ကိုဝတို့.... မတော်လို့ ပြောနေရတယ်နော်.... (မှန်ပါ့) အလဲကို ပြင်ပေးမည့်သူ မရှိယင် တလဲတည်း လဲနေတော့မယ် ဆိုတာ ကောင်းပါဘဲ... (မှန်ပါ့)။

ကိုင်း... ဒါဖြင့် တကာတကာမတို့ မျက်စိကန်းလမ်းသွားတာ ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

မျက်စိကန်းတာက အဝိဇ္ဇာ၊ ဘယ်ခြေ၊ ညာခြေ လှမ်းတာက ပုညာဘိသင်္ခါရနဲ့ အပုညာဘိသင်္ခါရ.... (မှန်ပါ့) ညာခြေကလဲ လှမ်းလိုက်တာလဲ၊ တကာ တကာမတို့ ဒုက္ခရောက်ကြောင်း ဘယ်ခြေက လှမ်းလိုက်တာလဲ အပါယ်ရောက်ကြောင်း(မှန်ပါ့) သုဂတိရောက်ကြောင်းလဲ ဒုက္ခရောက်ကြောင်းပါဘဲ.... (မှန်ပါ့) ဒုဂ္ဂတိ ရောက်ကြောင်းဟာကော .... (ဒုက္ခရောက်ကြောင်းပါဘုရား)။

ဒါဖြင့် ဒီအကန်း လမ်းသွားဘာဖြင့် တကာ တကာမတို့ကောင်းသေးရဲ့လား....(မကောင်းပါဘုရား)။

ဒါဖြင့် သွားမိသွားရာသွားတော့ ကိုပေါ်တို့ ကိုဝတို့ လဲပါရော.... လဲတယ်ဆိုတဲ့ဥစ္စာ သင်္ခါရပဒီယာ ဝိညာဏ်....ဆိုတာ ပဋိသန္ဓေနေရတဲ့ဒုက္ခ ရောက်သွားတယ်....(မှန်ပါ့)။

ဘယ်နေရာ လဲသတ္ုးလို့ မေးတဲ့အခါကျတော့ အစာဟောင်း ကျင်ကြီးနဲ့ အစာသစ်ဆိုတဲ့ ကြားထဲ အညစ်အကြေး အလည် မှာ သွားပြီးလဲတယ်....(မှန်ပါ့) ပဋိသန္ဓေနေတော့ ဒီအထဲနေရ တာကိုးဗျ....(မှန်ပါ့)။

အစာဟောင်း....ဆိုတဲ့ ကျင်ကြီးပေါ်မှာ အစာသစ်....ဆိုတဲ့ အပေါ်က အုပ်ချုပ်ထားတဲ့ကြားထဲမှာ သွားလဲတယ်...(မှန်ပါ့) ကောင်းတဲ့နေရာ လဲတာလား.... ဆိုးတဲ့နေရာ လဲတာလား.... (ဆိုးတဲ့နေရာ လဲတာပါဘုရား)။

ဟာ....ဘယ်နှယ်ကြောင့် မောင်နိုင် ဒီဥစ္စာ အလဲဆိုးဝါးပါ လိမ့်မလဲမေးရတော့ လမ်းသွားမိလို့ဘုရား.... (မှန်ပါ့) သဘော ကျပလား .. (ကျပါပြီ)။

ဘယ်နှယ်ကြောင့် သူဒီလမ်းသွားဖြစ်ပါလိမ့်မတုံး .. ဒီလမ်း သွားဖြစ်ပါလိမ့်မလဲမေးတော့.... (မျက်စိကန်းပြီး သွားလို့ပါ ဘုရား) မျက်စိမမြင်ဘဲသွားလို့၊ ရှင်းကြပလား .... (ရှင်းပါပြီ ဘုရား)။

သြော်....ခင်ဗျားတို့ ကံသိုလ် လုပ်နေတာတွေကို ဘုန်းကြီး မျှားက ပြင်ပေးနေတယ်.... သစ္စာသိပြီးလုပ်ပါလို့ ပြောနေတာ (မှန်ပါ့)။

အခုတော့ဖြင့် အားလုံးလိုလိုဘဲ ဆရာကောင်းနဲ့မတွေ့၊မျက်စိ ဖွင့်ပေးမည့်လူမတွေ့တော့ စက္ခုံ ဥဒပါဒိဖြစ်အောင် အာလော ကော ဥဒပါဒိဖြစ်အောင် ပညာမျက်လုံးတပ်ပေးမည့်လူကမရှိ၊ ပညာအလင်းရောင် ပေးမည့်လူက မရှိခဲတော့ ခင်ဗျားတို့ပြုဘဲ့ ကံသိုလ် ခင်ဗျားတို့ တောင်းတဲ့ ဆုတွေဟာ...စဲ့ တကာတကာ

မတွေ့ မျက်စိကန်းလမ်းသွားလို့ ချော်လဲတဲ့ကိစ္စမှတပါး ဘာမှမရဘူး ...(မှန်ပါ့)သိပ်ဆိုးပါကလား(ဆိုးပါတယ်ဘုရား)သဘောပါကြရဲ့လား....(ပါပါတယ်ဘုရား)။

အင်မတန် အရေးကြီးတယ်ဆိုတာ ကိုဝတို့.... ရိပ်မိပါဖြို.... (ရိပ်မိပါပြီဘုရား) နောက်က တကာတကာမတွေ့ ရိပ်မိကြရဲ့လား ...(ရိပ်မိပါတယ်ဘုရား)။

မျက်ကန်း လမ်းသွားတာနဲ့.... ဘာဖြစ်ရသလဲ....(ချော်လဲပါတယ်ဘုရား) ချော်လဲတယ်။

ဒါဖြင့် သြော်.... ဒို့သည်ကား....လို့ဆိုယင် အဝိဇ္ဇာ တယ်ကြောက်စရာ ကောင်းပါကလား.... (မှန်ပါ့) ပေါ်ကြပလား (ပေါ်ပါပြီ)။

သစ်ါရကော....(ကြောက်စရာ ကောင်းပါတယ်ဘုရား)လမ်းမသွားတတ်ယင်လဲ ဒုက္ခကြီးပါကလား....(မှန်ပါ့)။

အင်း .. ချော်လဲတဲ့ကိစ္စကောသက်သာပါ့မလား (မသက်သာပါဘုရား) ကျင်ကြီးကျင်ငယ် ကြားထဲမှာ ချော်လဲရတာ.... (မှန်ပါ့)။

ဦးညိုတို့ ဘယ်မှာ ချော်လဲပါလိမ့်.... (ကျင်ကြီး ကျင်ငယ် ကြားထဲမှာ ချော်လဲတာပါဘုရား) အင်း....လူ့ဘဝ ပြောတာနော်....(မှန်ပါ့) လူ့ဘဝချော်လဲပုံ ပြောလိုက်ပါတယ်(မှန်ပါ့)။

မောင်နှိုင်သိပ်ဆိုးဝါးပါကလား.... (ဆိုးဝါးပါတယ်ဘုရား) ရှင်းကြပလား... (ရှင်းပါပြီ)။

အဲဒါ ဘယ်နှယ်ကြောင့် ဒီနေရာ ချော်လဲရပါလိမ့်မတုံး....ဆို တော့ ဘုရား....မျက်စိကန်းဆိုတဲ့ သစ္စာမသိတဲ့၊ အဝိဇ္ဇာ၏ဒဏ် မိုဳြးသကာလ သွားချင်သလိုသွားလို့ ဂျမ်းထိုး မှောက်ခုံလဲတာ ဘုရား . (မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဘယ်လိုမျှား လဲလိုက်ပါလိမ့်.... (ဂျမ်းထိုးမှောက်ခုံ လဲတာ ပါဘုရား)။

နေရာကောင်း လဲသလား.... အဆိုးဆုံးနေရာ သွားလဲသ လား....(အဆိုးဆုံးနေရာ သွားလဲပါတယ်ဘုရား)။

ဦးဘရှင်းတို့ အဲဒီက လာခဲ့တာနော်....(မှန်ပါ့) တကာကြီး လို့ငိ.... အဲဒီက လာခဲ့တာဗျ....(မှန်ပါ့)။

လဲတော့ကို သက်သက်သာသာလားလို့ မေးဘို့လိုလာတယ် (မှန်ပါ့) ဝိညာဏပစ္စယာ နာမရူပံ....ဆိုတော့ တကာတကာမ တို့ လဲတော့ အနာတ္တရတယ်.... (မှန်ပါ့) ရုပ်နာ, နာမ်နာတွေ ရမလာဘူးလား.... (ရလာပါတယ်ဘုရား)။

အင်း....ရုပ်နာ, နာမ်နာတွေကလဲစဉ်းစားကြည့်ပါ၊ဒုက္ခသစ္စာ မှတပါး ဘာမှမပါပါဘူး....(မှန်ပါ့) အနာ မရသေးဘူးလား (ရပါပြီ) ဒုက္ခနာတွေဖြင့် ရပါပြီဆိုတာ သေချာကြပလား.... (သေချာပါပြီဘုရား)။

ကဲ....ဒုက္ခနာတွေရတော့ "နာမရူပပစ္စယာ သဠာယတနံ" ဆို တော့ သဠာယတနဆိုတာ ခြောက်ခု၊ အနာခြောက်မျိုး တခါ တည်း တကာတကာမတို့ ပြည်တွေဘာတွေ ထည့်လာတယ်.... (မှန်ပါ့) ငန်းတွေဘာတွေ ပြည်တွေထည့်လာပြီဆိုတာ ကျေနပ် ပလား....(ကျေနပ်ပါပြီ)။

ဩော်.... သဋ္ဌာယတနဆိုတာ ကျုပ်တို့မျက်စိ,နား,နှာခေါင်း လျှာ ကိုယ် စိတ်ကို ဆိုပါတယ်၊ဒါတွေကဘာတုံးဆိုတော့ ပြည် ထဲည်တာက့ မျက်စိကန်း ချော်လဲလို့ အနာရပြီး ဒနာရရုံမကဘူး က့၊ ငန်းတွေ့ မန်းတွေ့ ပြည်တွေ့ထည်ကုန်ပြီက့၊ ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ခင်ဗျားတို့ ဖြစ်စဉ်ဗျာ.... (မှန်ပါ့) သစ္စာမသိတဲ့ အဝိဇ္ဇာ၏ စွမ်းရည်သတ်တိပေါ်ပလား.... (ပေါ်ပါပြီ) အင်မတန် မဆိုးဘူး လား....(ဆိုးဝါးပါတယ်ဘုရား)။

အခု ခင်ဗျားတို့ ဘယ်အထဲမှာ ရောက်နေသတုံးလို့ မေးတဲ့ အခါကျတော့.... မျက်စိရှိတော့ တပည့်တော်တို့ကလဲ ကြည့်မိ တယ်ဘုရား... နားရှိတော့လဲ ထောင်မိတယ်....ဆိုတော့ တကာ တကာမတို့ ဒီနေရာမှာဖဿဆိုတဲ့ဥစ္စာသည် မျက်စိနဲ့ နားလာလာ ထိခိုက်တဲ့သဘော မရောက်ဘူးလား.... (ရောက်ပါတယ်ဘုရား) ဟာ ...ခုနင်က တကိုယ်လုံး ငန်းတွေ့ မန်းတွေ့ကြနေတဲ့အနာကြီး ဆူးထိုးခံရတယ် ... (မှန်ပါ့) ဖဿ တည်းဟူသော ဆူးတွေ့က သဋ္ဌာယတနပစ္စယာ ဖဿောကိုး....(မှန်ပါ့) ဖဿတည်းဟူသော ဆူးတွေ့က တကိုယ်လုံးမထိုးဘူးလား....(ထိုးပါတယ်ဘုရား)။

အံ့မာလေး လဲချက်ကလဲနာသေး၊ အနာကလဲရ၊ ပြည်တွေ့ ကလဲထည့်၊ ဆူးခြုံထဲမှာလဲသွားပြီး ဆူးမျိုးစုံ အထိုးခံရတယ် ဆိုတော့ ကိုပေါ် ဘယ့်နှယ်တုံး.... သက်သာခွင့် ရသေးလား (မရပါဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ ပဋိစ္စသမုပ္ပါဒ် အဆုံးကို ရှုတ်ကြည့် တော့ ဒုက္ခကွန်ယက်သို့ မလာဘူးလား.... (လာပါတယ်ဘုရား)။

ဘာတဲ့.... (ဒုက္ခကွန္ခသဲပါဈာုရာ-) ဒုက္ခ အစုကြီးပါကွာလို့ ဆိုတဲ့ဥစ္စာများ ဦးဘရှင်းတို့ ငြင်းဘို့လိုသေးသလား.... (မလို့ပါဘုရား)။

မလို့တော့ပါဘူး၊ ဒုက္ခအစုကြီး ရလာတယ်၊ မောင်နိုင်.... (မှန်ပါ့) ဒီ့ပြင်ဘာရသေးသတုံး.... (မရပါဘုရား)။

အေး....ဒါ့ကြောင့် ဒီဟာဟောနေရတာ ဘာပါလိမ့်မတုံး ဆို၊အို့....သစ္စာမသိတဲ့ဓဏ်ချက်မှာ ဒို့အတော်နာပါကလားဆိုတဲ့ ဥစ္စာ စိတ်ထဲမှာ ကိလေသာ ဖြူစင်အောင်လို့ သစ္စာ သိချင်တဲ့ စိတ်တွေ များများကြီးပေါ်အောင်....လို့ ဟောနေပါတယ်.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) ဦးမူတို့ နားလည်တယ်နော် (နားလည်ပါတယ်ဘုရား)။

အေး....သေသေချာချာ နားထောင်ပါ။ အင်း-ဒီဆူးထိုးလို့က် တဲ့အခါကျတော့ ကိုဝဓရ.... ဝေဒနာမှ ရပါ့မလား (ရပါတယ် ဘုရား) နာလိုက်တာ၊ ကျင်လိုက်တာ၊ ကိုက်လိုက်တာ ခဲလိုက်တာ ဆိုတဲ့ အနာပေါ် ဒုတ်ကျတာကိုးဗျ.... (မှန်ပါ့) အနာပေါ် ဒုတ်ကျတယ်ဆိုတော့ ဝေဒနာမှ လာပါ့မလား.... (လာပါတယ်ဘုရား)။

အဲဒါကြောင့် အနာဆူးထိုးမိတဲ့အခါကျတော့ ဖဿပစ္စယာ (ဝေဒနာပါဘုရား)။

တကာတကာမတို့ ဝေဒနာရောက်ပြီ ခင်ဗျားတို့.... (မှန်ပါ့) ဒါကြောင့် တနေ့လုံးမှာ ခင်ဗျားတို့ ဝေဒနာနဲ့ ကင်းပြီးနေတဲ့ အချိန်များ ပါကြရဲ့လား.... (မပါပါဘုရား)။

မျက်လုံးပေါက်က ဥပေက္ခာဝေဒနာပေါ်လိုက်၊ နားပေါက်က ဥပေက္ခာဝေဒနာပေါ်လိုက်၊ကိုယ်ပေါက်ကနေ ဒုက္ခဝေဒနာတွေပေါ်လိုက်၊ အိုက်လိုက်တာ၊ ပူလိုက်တာနဲ့....ဟင်၊ ဝမ်းထဲကနေ ဆာလောင်မွတ်သိပ်တဲ့ ဝေဒနာတွေပေါ်လိုက်၊ လေထိုးလိုက် ရင်ကြပ်လိုက်နဲ့ ဝေဒနာတွေက တကာ တကာမတွေ တကိုယ်လုံးဟာ ဘာခန္ဓာတဲ့တုံး.... (ဝေဒနာကမ္မဋ္ဌာနပါဘုရား) ဝေဒနာကမ္မဋ္ဌာနတဲ့။

တကာ တကာမတို့.... ဘာခန္ဓာတဲ့တုံး....(ဝေဒနာကမ္မဋ္ဌာနပါဘုရား)။

ဘုရားကကို ဟောချင်လို့ ဟောရတာလား....ခင်ဗျားတို့အရှိကြည့်ပြောတာလား.... (အရှိကြည့် ပြောတာပါဘုရား) ဟာ.... ကဲ့ပေါ်တို့.... ကိုဝတို့.... ခင်ဗျားတို့ခန္ဓာ ဘာခန္ဓာ ပါလိမ့်.... (ဝေဒနာကမ္မဋ္ဌာနပါဘုရား)။

ဝေဒနာ ဘယ်နှစ်မျိုးရှိသတဲ့လို့ မေးလို့ရှိယင်ဖြင့် အများကြီး မျိုးစုံရှိတယ်လို့ ဖြေကြပါ.... (မှန်ပါ့)။

ဝေဒနာ ဘယ်နှစ်မျိုး ရှိပါလိမ့်... (မျိုးစုံ ရှိပါတယ် ဘုရား) မျိုးစုံရှိပါတယ်ဆိုတာတကာတကာမတွေ မငြင်းမဆန်နဲ့ မှန်ပါတယ်....ဆိုတာဖြင့် ပြောရတော့မယ်.... (မှန်ပါ့) အဲဒီ.... မျက်စိကန်း ဝေဒနာရပြီ....(မှန်ပါ့)။

တကာတကာမတို့ ဘာတဲ့တုံး ... (မျက်စိကန်းဝေဒနာရပါပြီ

မျက်စိကန်းဝေဒနာ ရပါပေါ့ဆိုတာဖြင့် သေချာပြီ....(သေချာပါပြီဘုရား) လဲချက်က နာသောကြောင့် ပြည်တော့ထည့်၊ ပြည်တော့ထည့်လို့ ဆူးတော့ကထိုး၊ ဆူးတော့ကထိုးလို့ ဝေဒနာရတော့ ဒီ....မျက်စိကန်းသည်ကားလို့ဆိုယင်ဖြင့် အကန်းအဖြစ်နဲ့ဘဲ ဝေဒနာမခံနိုင်တာနဲ့ဘဲ ကိုဝ.... ဆေးရှာဦးမှာဘဲ(မှန်ပါ့) သို့သော် အကန်းရှာတဲ့ဆေးဟာဖြင့် ဆေးကောင်းတော့ရမယ် မဟုတ်ပါဘူး....(မှန်ပါ့ဘုရား)။

တကာတကာမတို့ ဘာတဲ့တုံး.... (ဆေးကောင်းရမှာမဟုတ်ပါဘုရား) ဘယ့်နှယ်ကြောင့်တုံး ..(အကန်းကရှာတာပါဘုရား) အကန်းကရှာတာ တကာတကာမတွေရ.... နောက်က တကာတကာမတွေ ဘယ်သူက ဆေးရှာတာတုံး.... (အကန်းက ရှာတာပါဘုရား)။

အင်း.... ဝေဒနာပစ္စယာ တဏှာဆိုတာ ဆေးရှာတာ.... သဘောကျပလား....(ကျပါပြီဘုရား)။

အင်း....ဝေဒနာတွေက ခက်လှချိရဲ့.... အိုဘား, နာဘား, သေဘား ဝေဒနာတွေကလဲများ၊ ၉၆-ပါး ဝေဒနာတွေကလဲများလို့ ဆေးဟော့ရှာဦးမှဘဲ ဆိုပြန်တော့လဲ ရှာတော့ရှာကြတာဘဲ၊ ဒါနပြုရှာ၊ သီလပြုရှာ၊ ရှာပင်ရှာငြားသော်လဲ နောက်ဘဝရဘို့ ရှာပြန်တော့ ကိုဝရေ.... သွားပြန်ပြီ....(မှန်ပါ့) ဆေးရှာတာ ဘယ့်နှယ်တုံး(လဲသွားပါတယ်ဘုရား) တကာကြီးလှိုင်.... စဉ်းစားစမ်း.... (လဲပါတယ်ဘုရား)။

နောက်က တကာတကာမတွေ ဆေးရှာပုံ တည့်ရဲ့လား.... (မတည့်ပါဘုရား)။

ဩော်....ဒါ ခင်ဗျားတို့ သစ္စာမသိတဲ့အတွက်ဟာ ကြည့်စမ်း၊ လဲလိုက်ကဲ့လိုက်ရတာလဲ မသက်သာ....(မှန်ပါ့) လဲလိုက်ကဲ့လိုက်လို့ အနာရပြန်တော့လဲ ဆေးရှာချင်တဲ့စိတ်....ဆိုတဲ့ ဝေဒနာ ပစ္စယာ တဏှာဆိုတာက ဟိုဟာကြိုက် ဒီဟာကြိုက် မောင်နှိုင်.... ဆေးရှာတဲ့သဘော....(မှန်ပါ)။

ရှာပြန်တော့လဲ အကောင်းက ရှာတာလား.... အကန်းက ရှာတာလား.... ဝေဘန်ပါဦး.... (အကန်းက ရှာတာပါဘုရား) ဆေးကောင်းတော့ တွေ့မယ်မဟုတ်ပါဘူး.... (မှန်ပါ့) တကာ့တကာမတို့ ဘယ်လိုပါလိမ့်.... (ဆေးမကောင်းတော့ တွေ့မယ် မဟုတ်ပါဘုရား)။

ကြည့်စမ်း တကာတကာမတို့ ငါ့တို့ နောက်တုံးက ဘယ်လို နေခဲ့ရတယ်ဆိုတဲ့ဥစ္စာ လဲခဲ့ကဲ့ခဲ့လို့ အကန်းဆေးရှာပြီးသကာလ လာခဲ့ရတဲ့ကိစ္စတွေနဲ့ အချိန်ကုန်ခဲ့ရတယ်ဆိုတာဖြင့် မငြင်းမဆန်နဲ့ မောင်နှိုင်....(မှန်ပါ့) သဘောပါကြလား.... (ပါပါတယ်) တယ်လဲ ဆိုးပါလား....(ဆိုးပါတယ်ဘုရား)။

တကာတကာမတို့ ဒီတခါ ဆရာဘုန်းကြီးက သစ္စာမျက်လုံးဖွင့်ပေးလို့မှ ခင်ဗျားတို့ ဆေးကောင်းအစစ်ကို မရှာတတ်တော့ဘူး....ဆိုလို့ရှိယင်ဖြင့် အကန်းရေ.... သွားပေတော့လို့ ဆိုရုံမှတပါး ဘာမှပြောစရာ မလိုပါဘူး.... (မလိုပါဘုရား) သိပ်နှစ်နာသွားတယ်နော်... (မှန်ပါ့)။

တကာတကာမတို့ သိပ်နှစ်နာသွားမယ်ဆိုတာပေါ့ ကြပလား (ပေါ့ပါပြီ)။

ဒါ့ကြောင့် ဒီတရားကို လက်မလွှတ်စေနဲ့ မျက်လုံးဖွင့်ပေးတဲ့ ဆရာနဲ့ မတွေ့ဘူး ခင်ဗျားတို့.... အကောင်းရှာ ရှာလို့ ရှိယင်ဖြင့် ကိုယ်နဲ့ တည့်တဲ့ဆေး, သင့်မြတ်တဲ့ဆေး....ဆိုတာ အဲအို့, အနာ, အသေ လွှတ်တဲ့ဆေးဆိုတာ တွေ့ဦးမယ်.... (မှန်ပါ့) အကန်းရှာ ရှာလို့ ရှိယင်ဖြင့် ဘယ်နည်းနှင့်မှ မရပါဘူး....(မရပါဘူးရား)သိမ် ကြောက်စရာ ကောင်းပါကလား.... (ကောင်းပါတယ်ဘုရား)။

တယ်သရုလုံး တပည့်တော်တို့ဘယ်လိုနေခဲ့လို့ ဘယ်လိုထိုင်ခဲ့ပြီး ဘယ်လိုမျှား ခရီးသွားခဲ့ပါလိမ့်မတုံးမေးတော့ကွာ....ခုနင်က နောက်ကပြောခဲ့တဲ့အတိုင်းပါဘဲကွာ.... အကန်းလမ်းသွား ချောင်လဲ့ အနာရပေါ့။ ပြည်ထွက်ကွာ ဆူးထိုးခံရကွာ....ဝေဒနာ မျိုးဦးလား။

ဝေဒနာကုချင်လို့ ဆေးရှာပြန်တော့လဲ အကန်းကရှာတာ ပြစ်သောကြောင့် ခုနင်က လူ့ပြည်နတ်ပြည်ဘဲ ရှာပြန်တယ်.... (မှန်ပါ့) ကိုဝ.... နိဗ္ဗာန်ရှာရဲ့လား.... (မရှာပါဘုရား)။

မရှာတော့....အရှာက ဘယ်နှယ်နေသတုံး.... (လဲ့ပါတယ် ဘုရား)။

နောက်က တကာတကာမတွေ့ အရှာကဖြင့် လဲ့ချက်ပြင်း ထန်လှချည့်လား... (မှန်ပါ့) မဆိုထိုက်ဘူးလား.... (ဆိုထိုက်ပါ တယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ဒီလောက်ထိအောင် နားလည်ထားမှ ဦးဘရှင်း၊ သြော်....ဒုက္ခကွန္ဒဿဆိုတာ ဟုတ်တယ်ဟေ့ (မှန်ပါ့ ဘုရား)။

ဒုက္ခကွဲနွှဲသည် သမုဒယော ဟောတိ....ဆိုတာမောင်နိုင်ဟုတ်ပြီ (မှန်ပါ့) မပေါ်သေးဘူးလား.... (ပေါ်ပါ့ပြီဘုရား)။

အင်မတန် အရေးကြီးပါ့တယ်ဆိုတာ သိလုံးမှာ ခင်ဗျားတို့ သန္တာန် ရှိပင်ရှိငြားသော်လဲ ခလေး အနာမပါက်သလိုဖြစ်နေတော့ မအောက မြင်မှသာလျှင် နှင့်မှာ ဘာဖြစ်နေတာတုံး.... ကျွန်တော် မသိပါဘူးဆိုတဲ့အသွားမျိုး ခင်ဗျားတို့က ဖြစ်နေတယ်....(မှန်ပါ့)။

မအော....အဖေနဲ့တူတဲ့ ဆရာသမားက ဟောဒီအနာကြီး နှင့်အနာ သက်သာလှမယ်မဟုတ်ဘူးဆိုတာ ထုတ်ပေါ် ပြောနေတာ (မှန်ပါ့)။

ဒါတောင် ခင်ဗျားတို့က ဆေးအရှာလွဲမှာစိုးလို့ ရှာနည်းနှိုင်းယှဉ်ကို မောင်နိုင် ပြောရဦးမှာ.... (မှန်ပါ့) သဘောပါပလား... (ပါ့ပါပြီ)။

တကာကြီးလိုင်ရေ.... အင်မတန် အရေးကြီးတဲ့တရားဆိုဘာ ပေါ်ပလား... (ပေါ်ပါပြီ) ပေါ်ပြီ၊ ပေါ်ကြပြီ.... ပေါ်ကြပြီနော်.... (မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် ဆေးရှာတာကလဲ ဝေဒနာ ရောက်တာနဲ့ တကာတကာမတို့ ဝေဒနာပစ္စယာ.... (တဏှာပါ့ဘုရား)။

ဟာ....မောင်နိုင် တဏှာက ဘာလုပ်တာတဲ့.... (ဆေးရှာတာပါဘုရား)။

ဆေးရှာတယ်တဲ့၊ ကျုပ်ဖြင့် အနာမျိုးစုံ ပေါ့က်လာပြီ၊မျက်စိကန်းကညည်းတယ်....(မှန်ပါ့)။

မျက်စိကန်းက ဘာတဲ့.... (ညည်းပါတယ်ဘုရား) ကျုပ်မှာ အနာမျိုးစုံ ပေါက်နေလို့ ဆေးရချင်လိုက်တာလို့ ဦးဘရှင်း.... ရှာပြန်တယ်...(မှန်ပါ့)။

ရှာပြန်တော့လဲတဲ့ တကာတကာမတို့ လူ့ပြည်မှာ လူချမ်းသာဆိုတာ ပြောသံကြားဘူးတယ်၊ အဲဒါ ဆုတောင်းမှထင်ပါရဲ့ ဆိုတာ့ ကိုဝ....သွားပြီ....(မှန်ပါ့)။

ဘာဖြစ်လို့ ဒါလောက်တောင် လူ့ပြည်ဆုတောင်းပါလိမ့်မတုံး.... မေးတဲ့အခါကျတော့ ကန်းလို့.... (မှန်ပါ့) ဆေးရှာလိုက်တာ ဘယ်နှယ်တုံး.... ဒုက္ခတွေတော့မယ်....(မှန်ပါ့)

ဆေးရှာလိုက်တာ သုခရမှာလား.... ဒုက္ခရမှာလား.... (ဒုက္ခရမှာပါဘုရား)။

လွန်လှချည့်လား.... တကာတကာမတို့၊ နဂိုရိုက်လဲ မှားချက်က ပြင်းထန်တဲ့အထဲမှာ ထပ်မှားပြန်ပြီဆိုလို့ ရှိယင် တကာတကာမတို့ ငြင်းနိုင်ဘို့ ရှိသေးသလား....(မရှိပါဘုရား)အတော်ဆိုးပါတယ် .. (ဆိုးပါတယ်ဘုရား)။

ဒါကြောင့် အားလုံးဘဲ မိဘဉာတကာ ဆွေမျိုးမတော်ဘူးသည်မည်သည်မရှိတော့ လမ်းကောင်းလမ်းမှန်ကြီး ပြနေတယ် သစ္စာမျက်လုံး တပ်ပေးတော့မယ်ဆိုတော့....ကိုယ်လာခဲ့တာတွေ့ ကိုယ့် အရုပ်ဆိုး ကိုယ်သံဝေဂဉာဏ်တွေနဲ့ ရပြီးနေလို့ ဝမ်းထဲဖြူစင်နေတော့မှ ဒီနေ့ ကိစ္စဉာဏ်ကိုဟောမှာ.... (မှန်ပါ့)။

အခုဟာက ဝမ်းထဲဖြူအောင် လုပ်နေတာ....(မှန်ပါ့) ကိုယ့်အဖြစ်ကဖြင့် တကယ်သံဝေဂ ရစရာကြီးပါဘဲ၊ တကယ့်ကိုဘဲ

မလိမ်မာမှုကဖြင့် အလွန်ကိုဘဲ ကြီးကျယ်ခဲ့ပါလားဆိုတာ ကိုဝတို့.... မပေါ်သေးဘူးလား(ပေါ်ပါတယ်ဘုရား)ကိုယ့်အဖြစ်ဆိုး ကိုယ်သိပြီနော်....(မှန်ပါ့)။

ကြည်စမ်း မောင်နိုင်ရ ဝေဒနာရတော့ ဘာလုပ်သတဲ့ကွာ (ဆေးရှာပါတယ်ဘုရား)။

ဆေးရှာတော့လဲ.... ဆေးရချင်တဲ့ စိတ်ကလေး ပေါ်တော့ တခါတည်း ဝေဒနာပစ္စယာ တဏှာ....ဆိုတဲ့ဥစ္စာက်တကာတကာမတို့....တဲ့ ဆေးသောက်တာပါဘဲ.... (မှန်ပါ့) ဘာသောက်မိသတုံး... ဆိုတော့ လူချမ်းသာ နတ်ချမ်းသာ သွားသောက်မိတယ် (မှန်ပါ့)။

မောင်နိုင်....လဲကုန်ပြီ.... (လဲပါတယ် ဘုရား) နောက်က တကာတကာမတွေ့....(လဲပါတယ်ဘုရား)။

အနာရတာနဲ့ ဆေးသောက်လိုက်ပြန်တော့လဲ သူများပြောသံကြား လူချမ်းသာ၊ သူများပြောသံကြား နတ်ချမ်းသာနဲ့ဘဲ ဦးစာရှင်း လမ်းဆုံးသွားတယ်....(မှန်ပါ့)။

ဘယ်နှယ်ကြောင့်တုံး... လို့ မောင်နိုင် မေးဘို့မလိုတော့ဘူး (မလိုတော့ပါဘုရား) အကန်းဘုရာ့.... ဒါဘဲ အဖြေထွက်ဘို့ရှိတယ်... (မှန်ပါ့)။

ဘယ်လိုဖြေကြပါ့မယ်.... (အကန်းပါဘုရား) အကန်းဘဲဆိုတာမှတပါး ဒီ့ပြင် ဘယ်သူ့အတွက် ကဲ့ရဲ့စရာရှိသေးသတုံး ... (မရှိပါဘုရား)။

ကဲ... ကိုဝတို့.... ကိုပေါ်တို့ ဘယ်လောက်ဆိုးသတုံး....(ဆိုးပါ့ တယ်ဘုရား) ခင်ဗျားတို့ ရှေးကဖြစ်စဉ် ပေါ်ကြပလား.... (ဖေါ်ပါပြီ) ရှေးတုံးက တပည့်ဒေတာ်တို့ဘယ်လိုစကြာဝဠတေး မန္ဓာတ်တော်များ ဖြစ်ခဲ့သလားဘုရား....အဲဒါတော့ မပြောတတ် ဘူးကွ.... အကန်းလမ်းသွားလို့ ဆေးမှားတာတော့တော့ဖြင့် တပုံကြီးဘဲဟေ့....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

အကန်းလမ်းသွားလို့ ဆေးမှားတာတော့ဖြင့်.... (တပုံကြီးပါ ဘုရား) တပုံကြီးဘဲဆိုတာ ငြင်းဘို့ လိုသေးသလား.... (မလိုပါ ဘုရား)။

ပဋိစ္စသမုပ္ပါဒ်တခုလုံးကို ပြောလာပါတယ်တကာတကာမတို့ အခုဆေးမသောက်မိပြန်တယ်၊ သောက်မိပြန်တော့ တကားတကဲ့ မတို့ ခုနင်က ဥပါဒါနပစ္စယာ ကမ္မဘဝေါ.. ဆိုပြီးသကာလ အဲဒီဆေးကိုလဲ ဆွဲယူပြီးသကာလ လိမ်းလိုက်ပြန်တယ်၊ လိမ်း လိုက်ပြန်တော့ ဒီ....ကမ္မဘဝ ပစ္စယာဆိုတော့ ဇာတိပြန်လာ တယ်(မှန်ပါ့)။

ကြည့်စမ်း ကမ္မဘဝတည်းဟူသောဆေးကို သုတ်လိမ်းလိုက် တာနဲ့ ဦးဘရှင်း.... နောက်အနာပြန်ပေါ်တယ်....(ပေါ်ပါတယ် ဘုရား) နဂိုရိုက အနာပျောက်သလား၊ အနာသစ် ထပ်လာသ လား....(အနာသစ် ထပ်လာပါတယ်ဘုရား)။

ဟာ....တကာ တကာမတို့ ဘယ့်နှယ်ကြောင့် နဂိုရိုအနာ မပျောက်ဘဲနဲ့ အနာသစ်ဘဲ ထပ်ရောက်ပါလိမ့်မတုံး.... မေးတဲ့ အခါကျတော့ ဘယ်.နှယ်ဖြေကြမလဲ.... (ကန်းလို့ပါဘုရား)။

ဒီအကန်းကို မလျှော့ပါနဲ့....(မှန်ပါ့) အကန်းမလျှော့ပါနဲ့

ဆိုတာ သစ္စာမသိသေးသ၍ ဦးဘရှင်း....ဘာတဲ့.... (ကန်းပါတယ် ဘုရား) ဒါဖြင့် မဟောသင့်ဘူးလား.... (ဟောသင့်ပါတယ် ဘုရား)။

ဒီလိုကော တကာတကာမတွေကို ဘုန်းကြီးများက ကိုယ် တတ်သလောက် ကိုယ်သိတာတွေကို ကုံဝတ်လုစု ကိုပေါ်တိုလုစု တွေ ပြစ်ထားမယ်....ဆိုလို့ ရှိယင် ဒီအကန်း လမ်းသွားဘဲသွား နေမှာဘဲ....(မှန်ပါ့)။

နောက်က တကာတကာမတွေ ဘုယ်လိုများ သွားမယ်ထင် ကြသလဲ.... (အကန်းလမ်းသွားမှာပါဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့က အကန်း လမ်းသွားပြင်ပေးနေ တာကို မလဲမချော်ရအောင်လို့ အနာသစ် နောက်ထပ် မရ အောင်လို့ ပြင်ပေးနေတာကို ခင်ဗျားတို့က ဩော်....အချိန်က မရလို့ တရားမနာလိုက်ရဘူးလို့ ခင်ဗျားတို့က ကိုယ်လဲကဲနေ တဲ့ ဒုက္ခကြီးကိုယ်မသိတော့ တရားနာရမှာ ပျင်းသလိုလို အား ထုတ်ရမှာ ပျင်းသလိုလို နာရမှာ ခက်သလိုလို ဦးဘရှင်း .. ဖြစ် တတ်သေးတယ်....(မှန်ပါ့)။

အကန်းလမ်းသွား ချော်လဲတာ သူမသိတော့ ကိုယ့်ဟာ ကိုယ် ဟုတ်တယ်...(မှန်ပါ့) မဟုတ်ဘူးလား.... (ဟုတ်ပါတယ် ဘုရား)။

ခင်ဗျားတို့ဖြစ်စဉ်က မျောက်အနာရသလို ဖြစ်နေတယ်.... (မှန်ပါ့) မျောက်အနာရတော့ကို ပျောက်အောင်ကုသလား.... ဖဲ့နေသလား... လို့မေးယင်....(ဖဲ့နေပါတယ်ဘုရား) ဒီလိုဖြစ်နေ တယ်၊ သဘောကျပလား....(ကျပါတယ်ဘုရား)။

မျောက်အနာရတဲ့အခါကျတော့ အနာရတဲ့ မျောက်သည် တကာတကာမတို့ ပျောက်ခြင်းငှာလုပ်နေသလား.... အနာကြီးပွားရေး ကြိုးစားနေသလား.... (အနာကြီးပွားရေး ကြိုးစားနေပါတယ်ဘုရား)။

ဒီမှာ ဆရာကောင်းနဲ့သာမတွေ့ယင် ခင်ဗျားတို့ သေသေချာချာမှတ်ပါ။ အနာကြီးပွားရေးမှတပါး.... ဘာမှ မလုပ်တတ်ဘူး (မှန်ပါ့)။

ကိုင်း....ဒါဖြင့် ခင်ဗျားတို့ကိုယ်တိုင် စဉ်းစားကြည့်ပါ....တဲ့ဘုရားသွားကြတယ်၊ ကျောင်းတက်ကြတယ်....ဆိုငြားသော်လဲ သစ္စာမသိဘဲနဲ့ တက်နေတဲ့ပုဂ္ဂိုလ်၏ ဘုရားရှိခိုးသံနဲ့ သူကြည့်သံနဲ့ သူ့ပါးစပ်က ထွက်တဲ့အသံတွေဟာ အနာရှာနေတာများတယ်....(မှန်ပါ့) မများဘူးလား....(များပါတယ်ဘုရား)။

ဘာတွေ များပါလိမ့်.... (အနာ ရှာနေတာ များပါတယ် ဘုရား)။

အနာရှာနေတာ များတယ်....ဆိုတဲ့ဥစ္စာ သြော်.... အနာရှိလျက်နဲ့ အနာရှာတာဆိုတော့ ခင်ဗျားတို့ မွေးထားတဲ့ ခလေးကလေး ဒိုင်းဒိုင်းပြေးသွားတဲ့အရွယ် ၃-၄နှစ် အရွယ်မှာ ပြေးတိုင်းလဲလို့ ဒူးမှာလဲ အနာမပျောက်သေးဘူး....(မှန်ပါ့) ဒီဆဲကနေပြီးသူက နောက်ထပ် ပြေးချင်သေးတယ်ဆိုတော့ ဒီခလေးကို ဘယ်လိုဆိုကြမယ်... အနာရှိလျက်နဲ့ အနာရှာပြန်ပြီ....(မှန်ပါ့ ဘုရား) သဘောကျပလား....(ကျပါပြီ)။

အနာရှိလျက်နဲ့.... (အနာရှာပါတယ်) ခင်ဗျားတို့လဲ ယခုခန္ဓာနာကြီး မပျောက်ခင်က နောက်ခန္ဓာနာကြီးကို ဆုတောင်းယူတာ ခလေးမိုက်... မိုက်နေတယ်....(မှန်ပါ့)။

ကိုထွန်းလှိုင်.... ရိပ်မိရဲ့လား.... (ရိပ်မိပါတယ်) ဘာမို့က် မို့က်နေကြသလဲ.... (ခလေးမို့က် မို့က်နေကြပါတယ်)။

အဲဒီတော့ ခင်ဗျားတို့ ဆံပင်ဖြူတာနဲ့ ခင်ဗျားတို့ သွားကျိုးတာကို လူကြီးလို့.... ကိုဝ.... ဆိုလိုက်ရမှာလား.... ခလေးမို့က် မို့က်တုန်းဘဲလားလို့ ဆိုရမှာလား....(ခလေးမို့က် မို့က်တုန်းဘဲလို့ ဆိုရမှာပါဘုရား)။

ဒါ.... မနာပါနဲ့ တကာတကာမတွေ....(မှန်ပါ့) ကိုယ့်ဖြစ်စဉ် ဒီအတိုင်းပါ....(မှန်ပါ)။

ဦးဘကလေး.... (ကိုယ့်ဖြစ်စဉ် ဒီအတိုင်းပါဘုရား) ကိုယ့်ဖြစ်စဉ် ဒီအတိုင်းဘဲဆိုတာ ကောင်းကောင်း ကျေနပ်ပလား.... (ကျေနပ်ပါပြီ)။

အင်း .. ခင်ဗျားတို့ ဒီဆရာကောင်း သမားကောင်းနဲ့ မတွေ့တေ့ပါဘူး... ဆိုလို့ရှိယင် မောင်နှိုင် အနာရှိလျက်နဲ့ ဒီခလေး အနာရှာပြန်ပလား....ဆိုတဲ့ မြည်လုံး တုန်လုံးတွေ့ အမေမိဘက ပြောသလို ခင်ဗျားတို့မှာ အနာရှိလျက်နဲ့ အနာရှာနေတယ်.... (မှန်ပါ့)။

အင်း.... ဒီဘဝတော့ကွာ.... တွင်းကလဲ အကျိုးမပေးဘူး.... အရောင်းအဝယ်ကလဲ နေရာမကျဘူးကွ....နောက်ဘဝ ချမ်းသာအောင်တော့ လုပ်မှာဲဆိုပြီး ဘဝပါလာကတည်းက ဇာတိပါတယ်....(မှန်ပါ့)။

နောက်ဘဝ ချမ်းသာအောင် လုပ်ယင် ဇာတိပါ....မပါ.... (ပါပါတယ်ဘုရား)။

ဒါဖြင့် ဒီဘဝ ဆင်းရဲလက်စမသတ်ခင်ကဘဲ ဟိုဘဝဆင်းရဲကို နွှုတ်ဆက်ထားတဲ့ အဓိပ္ပါယ်....(မှန်ပါ့)။

ကိုဝ....လွန်သွားပြီ....(မှန်ပါ့)မလွန်သေးဘူးလား....(လွန်ပါပြီဘုရား)။

ခုနင်က အနာရှိလျက်နဲ့ ဘာတုံး.... (အနာ ရှာပါတယ်ဘုရား)။

အနာရှိလျက်နဲ့ အနာရှာတဲ့အဓိပ္ပါယ်ဟာ သြော်.... ဒို့သည် ကားလို့ဆိုယင် မသိတာ ပျင်းထန်လှချည့်လား.... ဆိုတော့မှ လက်သည် ဘယ်သူပါလိမ့်မတုံး....လို့ ဦးဘရှင်းက ရှာစမ်း.... (အဝိဇ္ဇာပါဘုရား)။

ကိုင်း....ပေါ်ကြပလား.... (ပေါ်ပါပြီ) တကာတကာမတို့ ဒီအဝိဇ္ဇာက ဝိဇ္ဇာဖြစ်အောင် လုပ်ပေးမည့် ဆရာသမားနဲ့လဲ မတွေ့ဘူး၊ ကိုယ်ကလဲ မလုပ်ချင်ဘူး....ဆိုလို့ရှိယင်ဖြင့် တကာတကာမတို့ တခါတလေလဲ အကန်းလမ်းသွားလို့ အပါယ်ရောက်မယ်....(မှန်ပါ့) တခါတလေ... အကန်းလမ်းသွားလို့ သူမျှားပါးစပ်ထဲ လမ်းဆုံးမယ်....(မှန်ပါ့)။

ကြက်ကလေး ဖြစ်ရတဲ့ဘဝ ကျတော့ ကြောင်ရှိရာသွားမိလို့ ကြောင် ပါးစပ်ထဲ လမ်းဆုံးတယ် .... (မှန်ပါ့) မဆုံးပေဘူးလား.... (ဆုံးပါတယ်) အကန်းတွေ့ လမ်းသွားနေတာကိုး.... (မှန်ပါ့)။

အင်း....နတ်ပြည်မှာ အိုဘေး, နာဘေး, သေဘေးတွေ့ကရှိပါလျက်သားနဲ့ ကိုဝ.... အဲဒီသွားတဲ့ပုဂ္ဂိုလ်လဲ အကန်းလမ်းသွားဘဲ....(မှန်ပါ့) မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား) ဟာ....

ဖြဟ္မာပြည်သွားပါဦးမယ်ဆိုပြီး သွားလိုက်ပြန်တော့လဲ ဘာသွားတာတုံး ... (အကန်းလမ်းသွားတာပါဘုရား) အကန်းလမ်းသွားချည့်ဘဲဆိုတာ ကျေနပ်ကြပလား.... (ကျေနပ်ပါပြီဘုရား)။

အဲဒါကို ယနေ့ တကာတကာမတို့ သစ္စာဏ်၊ ကိစ္စာဏ်မရ-ရအောင်ဟောရမှာ အင်မတန်မှခက်ခဲတဲ့အဓိပ္ပါယ်ကို ပြောရမှာ နည်းနည်းကန်းလာတဲ့မျက်လုံးလား၊ အကန်း တာရှည်ကြီးဗျ.... (မှန်ပါ့)။

တကာတကာမတွေ ဘယ်လိုဆို့ကြမယ်.... (အကန်းတာရှည်ကြီးပါဘုရား)။

နည်းနည်းနောနော ကန်းလာတာလား.... အကန်းတာရှည်ကြီးလား.... (အကန်းတာရှည်ကြီးပါဘုရား)။

အကန်းတာရှာကြီးဆိုလို့ ရှိယင်ဖြင့် တကာ တကာမတို့.... တော်တော်ကုရလိမ့်မယ်လို့ မဆိုထိုက်ဘူးလား(ဆိုထိုက်ပါ၊တယ်ဘုရား)။

ကိုင်း.... ဒါဖြင့် အခုအချိန်မှာတော့ဖြင့် ခင်ဗျားတို့ကိုက အင်း....ဒီအကန်းပျောက်ချင်တဲ့ စိတ်တူပွါဒ်နဲ့ လာကြတဲ့အတွက် ကိုယ့်ကိုယ်က ကန်းမှန်းသိတဲ့ ပုဂ္ဂိုလ်မို့ ဆေးရှာလာကြတာမို့ တော်ပါသေးရဲ့....(မှန်ပါ့)။

ဒါ့....ဆေးရှာလာကြတာဘဲ.... (မှန်ပါ့) အခု ဘုန်းကြီးဆီတရားနာလာကြတာ ကိုဝ....ဘာလုပ်လာတာလဲ....(ဆေးရှာလာတာပါဘုရား)။

ဒါ....တော်သေးတယ်နော်....(မှန်ပါ့)တရားလဲမနာ အားလဲ့ မထုတ်တဲ့ ပုဂ္ဂိုလ်တွေကြတော့ ကဲ....မောင်နိုင် ဦးဘရှင်းတို့က ဆုံးဖြတ်ချက်ချလိုက်တာပေါ့၊ အကန်းဟာက္ခာကန်းမှန်းမသိလို့ ဆေးတောင် မရှာတော့ပါဘူးဟော့....(မှန်ပါ့) ဖြစ်ချင်သလိုဖြစ် ပစေဆိုတဲ့အဓိပ္ပါယ် သူ့မှာ အကုန်မရောက်ဘူးလား....(ရောက် ပါတယ်ဘုရား)။

ကဲ....ဘယ်လောက်ဆိုးသွားသတုံး (ဆိုးသွားပါတယ်ဘုရား) တကာကြီးလို့င်.... ပေါ်ပလားဗျာ....(ပေါ်ပါပြီဘုရား)အေး.... ဒါကြောင့် တကာတကာမတို့ ခင်ဗျားတို့ ဆေးရှာတဲ့အဓိပ္ပါယ် ကလေးဟာ အကု လွယ်သေးတယ်....ဆိုတဲ့ဥစ္စာ သက်ရောက်ပါ တယ်....(မှန်ပါ့)။

ဆေးရှာလာတာသည်ကား....လို့ ဆုယင ရှာတဲ့ ပုဂ္ဂိုလ်မှ ပျောက်ချင်တဲ့ စိတ္တုပ္ပါဒ်ရှိသေးလို့ အကုလွယ်တဲ့အထဲမှာ အခု တရားနာတဲ့ပုဂ္ဂိုလ်တွေ အပါအဝင်ဘဲ....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

သားရေး သမီးရေး စီးပွားရေးနဲ့ နစ်မွမ်းနေတဲ့ပုဂ္ဂိုလ်တွေ ကျတော့ မောင်နိုင်ဘယ်နှယ်ဆိုပါ့မလဲ.... ကန်းသထက် ကန်း အောင်လုပ်နေပြန်ပြီ(မှန်ပါ့) အနာ ရသထက်ရအောင် လုပ်နေ ပြန်ပြီတဲ့....(လုပ်နေပါတယ်ဘုရား)။

သူ... ဘာတွေ ရှာနေပါသတုံးဆိုတော့ အို.... သရာဌာန ရှောက်ရှာနေတယ်....(မှန်ပါ့)။

တကာတကာမတို့ ဘယ်နှယ်ဖြေကြမလဲ.... (သရာဌာန ရှောက်ရှာနေပါတယ်ဘုရား)။

သေရာဥဒဟ ရှောက်ရှာနေကြတယ်ဆိုယင် လဲ့ပါ့မလား.... (မလဲ့ပါဘုရား)။

အေး....ဒါ့ကြောင့် ရှာပေမှာဘဲ၊ ဦးဘရှင်းရ.... အကန်းကိုး (မှန်ပါ့) လမ်းမှန်သိရဲ့လား.. (မသိပါဘုရား) ဦးဘကလေး.... ပေါ်ပလားဗျာ....(ပေါ်ပါပြီ)။

အဲဒီတော့ လမ်းမှန်သိချင်လို့ ရှိယင်ဖြင့် သစ္စဉာဏ် ကိစ္စဉာဏ် မရသေးသ၍ ကာလပတ်လုံး ဘယ်အခါကာလမှ မသေရာကိုဖြင့် သူမြင်မှာ မဟုတ်ပါဘူး.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

ကိုင်း....ဒါဖြင့် ကိုယ့်အရေးဟာ တကာတကာမတို့သာမည ကြီးသလား.... အလွန်အလွန် ကြီးသလားဆိုတဲ့ အဓိပ္ပါယ်ဖြင့် ပေါ်ပါပြီ....(ပေါ်ပြီဘုရား)။

သြော်....ဒို့ အဖြစ်တွေ့ အတော်ဆိုးပါကလား ဆိုတာကော တကာတကာမတို့ ဉာဏ်ထဲရောက်ပလား .. (ရောက်ပါပြီဘုရား) ကြည့်လေ....ဆေးရှာပြန်တော့လဲ အကန်းကရှာတယ်... (မှန်ပါ့) ဆေးရချင်တာလဲ အကန်းကရချင်တယ်....(မှန်ပါ့) သဘော့ကျ ပလား....(ကျပါပြီ)။

ရလို့တခါ ဆေးကို သုတ်လိမ်းပြန်တော့လဲ တကာတကာမ တို့ အနာပြန်ရတယ်....(မှန်ပါ့)။

ခုနင်က ကမ္မဘဝတည်းဟူသော ဆေးတွေနဲ့ပြန်ပြီးသုတ်လိမ်း လိုက်ပြန်တော့ ကမ္မဘဝပစ္စယာ ဇာတိ-ဆိုတဲ့အနာ ပြန်ရတယ်.... (မှန်ပါ့)။

ကိုင်း....တကာတကာမတွေ့ ဆေးကိုလိုချင်တယ်၊ လိုချင်လို့ ရပြန်တယ်၊ ရပြန်တော့ လိမ်းလိုက် ကျံလိုက်ပြန်တော့လဲဇာတိဘဲပြန်ရတယ်....(မှန်ပါ့) ကမ္မဘဝပစ္စယာ.... (ဇာတိပါဘုရား) ဆေးလိုချင်တာက တဏှာ၊ ဟုတ်လား....(မှန်ပါ့) ဆေးကိုလက်ထဲရောက်အောင်လုပ်တာက ဥပါဒါန်၊တကယ်သုတ်လိမ်းတာက ဘာတုံး....(ကံပါဘုရား)။

ကမ္မဘဝနဲ့ သုတ်လိမ်းလိုက်တဲ့အခါကျတော့ ဆေးမှားပြီး သုတ်လိမ်းလိုက်တဲ့အတွက် တကာတကာမတို့ ဘာတွေ့ပြန်ရသလဲ (ဇာတိပြန်ရပါတယ်ဘုရား)။

ဟ....ဇာတိဆိုတော့....အယင် အနာသာမ နောက်အနာလား (နောက်အနာပါဘုရား) အို....သွားပြီကွာ.... အနာပေါ်အနာဆင့်ပြီ...(မှန်ပါ့) တကာတကာမတို့.... ဘယ်လိုဆုံးဖြတ်ချက်ချမလဲ.... (အနာပေါ်အနာဆင့်ပါတယ်ဘုရား)။

အနာပေါ် အနာဆင့်ပေါ့ဆိုတာ ဘုန်းကြီးက ကြံဖန်ပြောတာလား.... ဖြစ်စဉ်လား....(ဖြစ်စဉ်ပါဘုရား) တကာကြီးလှိုင်....မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား) ကိုင်း....ဒါဖြင့် သေခါနီးမှ အရှယ်ကြီးကျမှ အခုလိုလာပြီးသကာလကြားကြကုံကြရတဲ့အတွက် သြော်....သေခါနီး ပဋ်သေးတယ်ကွနော်....တော်သေးတယ်လို့ ဆုံးဖြတ်ချက်ချပါ့.... (မှန်ပါ့) တော်သေးတယ်မောင်နိုင်ရ.... (မှန်ပါ့) မတော်ဘူးလား.... (တော်ပါတယ်ဘုရား)။

အဲဒီတော့ကို ခင်ဗျားတို့မှာ ဘယ်လိုဖြစ်နေသတုံးဆိုတော့ အမှားတွေ့ချည့်ဘဲ ဆက်ကြုံနေတယ်ဆိုတာကဖြင့် ပဋိစ္စသမုပ္ပါဒ်

တခုလုံး မရသေးဘူးလား....(ရပါပြီဘုရား) အဲဒီနောက် ဆေးမှားလိုက်တော့ ကမ္မဘဝ....ဆိုတဲ့ နောက်ဆေးမှားပြီးလိမ်းလိုက်တဲ့အတွက် ဇရာမရဏနဲ့ ကိုဝ.... အသက်ထွက်ရတယ်....(မှန်ပါ့) ဒုတိယ သေရတယ်....မနာဘူးလား....(နာပါတယ်ဘုရား)။

ဆေးမှားပြီးသကာလ ဒုတိယကံတွေ့ လုပ်လိုက်တဲ့အတွက်တဲ့ အိုမှု, သေမှုနဲ့ သွားကြုံတော့ နာနေရတာက တော်သေးတယ်၊ ဆေးမှားလိုက်တာက သိပ်ဆိုးတယ်....(မှန်ပါ့)။

နာနေတာက ... (တော်ပါသေးတယ်ဘုရား) ဆေးမှားလိုက်တာက.... (သာဆိုးပါတယ်ဘုရား) ကဲ ...ပဋိစ္စသမုပ္ပါဒ် ၁၂-ပါး မပြည့်ယေးဘူးလား ...(ပြည့်ပါပြီဘုရား)။

ကိုင်း.... ဒါကြောင့် ဒုက္ခကွန္ဓာသာ....ဆိုတာမျှား ကောင်း ကောင်း သဘောကျကြပါတော့ (ကျပါပြီဘုရား) ဦးဘကလေး ကျေနပ်ပလား....(မှန်ပါ့)။

အဲဒါ စာထဲသွားကြည့်လို့ တော့မရဘူး၊ကိုယ့်ဖြစ်စဉ် ကြည့်လိုက်မှပေါ်လာတယ်....(မှန်ပါ့)မပေါ်သေးဘူးလား (ပေါ်ပါတယ်ဘုရား)။

အဲ့....စာက စာဘဲ....လို့ ကိုပေါ်.... ကိုဝ....က မှတ်နော်.... (မှန်ပါ့) ကိုယ့်ဖြစ်စဉ်က တကယ်ရှိလို့ မှတ်လိုက်.... (မှန်ပါ့ဘုရား)။

ဒါဖြင့် တကယ်ရှိနဲ့ စာကို ဘယ်ဟာ အတည်ပြုကြမယ် (တကယ်ရှိကို အတည်ပြုရပါမယ်ဘုရား)။

တကယ်ရှိ အတည်ပြုရမှာဖြစ်နေသောကြောင့် ဩော်....မျက်စိကန်းလမ်းသွားတာဖြင့် လဲမှကဲ့မှန့်.ကြုံတော့ ဆေးရှာ၊ ဆေးရှာတော့လဲ ဆေးမှားန့်.တွေ့၊ ဆေးမှားန့် တွေ့သောကြောင့် အင်း....အနာပေါက်နေတာက တော်သေးတယ်၊ သေပဲရောက်တာက ဒီ့.ထက် နစ်နာပေါ့လား.... ဆိုတဲ့ဥစ္စာ အဲဓိပပါယ်က ဒီရောက်တယ်....(မှန်ပါ့) ဦးဘကလေး သိပ်မဆိုးဘူးလား.... (ဆိုးပါတယ်ဘုရား)။

နောက်က တကာတကာမတွေ့ ပေါ်ကြရဲ့လား....(ပေါ်ပါတယ်ဘုရား)။

အင်း.... ဒီလိုချည်းဘဲ ဘုန်းကြီးကလဲ မျက်လုံးဖွင့်မပေးဘူး ခင်ဗျားတို့ကလဲ ဒီအတိုင်းဘဲ ရိုးရာန့် အိမ်ထောင်ကျပြီးသကာလ ဒို့.....လွတ်လပ်သားဘဲ၊ စားဘို့သောက်ဘို့ လာလိုက်ခဲ့၊ ပြည့်စုံသားဘဲ၊ ကျောက်ကလေးကလဲ အသင့်အတင့်ရှိသားဘဲ၊ တွင်းကလေးကလဲ ထိုက်တန်သလောက် အကူအညီပေးသားဘဲ....ဆိုပြီး ကိုယ့်ဟာနဲ့ကိုယ် စင်းတိမ်နေတာတော့ ကန်းနေလို့.အနာပေါက်တာလဲ မသိပါဘူး....(မှန်ပါ့) နောက်ထပ် ဆေးမှားတာကော....(မသိပါဘုရား) နောက်ထပ် သေမှာကော.... (မသိပါဘုရား)။

အဲဒါကျတော့ဖြင့် သစ္စာဏ် လုံးဝမရှိလို့....(မှန်ပါ့) ပြောထိုက်ပလား....(ပြောထိုက်ပါတယ်ဘုရား)။

သစ္စာဏ် လုံးဝမရှိတဲ့အတွက် တကာ တကာမတွေ့ အကြီးအကျယ် ကိုယ်ကျိုးနည်းတယ်....(မှန်ပါ့)ဒီအထဲကဆေးမှားချက်ကလဲ ဦးဘရှင်းတို့ ပြင်းထန်လိုက်တာ.... (မှန်ပါ့) ဘဝတိုင်း

ဘဝတိုင်း ဒီလင်....ဒီမယား....ဒီသား....ဒီသမီး.... ဒီမြေး....ဒီမြစ်နဲ့ မခွဲရပါလို့ဆိုတဲ့ဆေးကိုသောက်တယ်....(မှန်ပါ့)။

ဘဝတိုင်း.... ဘဝတိုင်း ကျုပ်တို့သည်ကား....လို့ဆိုယင်ဖြင့် နောက်ကံတွေနဲ့ ဆုတောင်းလိုက်ပြန်တော့ တခါတည်း ဒုက္ခ မျိုးစုံနဲ့ အကုန်တွေရပါလို့ဆိုတာနဲ့ကော (အတူတူပါဘုရား) နိဗ္ဗာန်ကို ဘယ်တော့မှ မရောက်ရပါလို့ဆိုတာနဲ့ကော(အတူတူ ပါဘုရား) ဘယ်လောက်များဆိုးသွမ်းသတုံး.... (ဆိုးသွမ်းပါ တယ်ဘုရား)။

ဒုတိယဆေး မှားလိုက်တာ၊ ကမ္မဘဝ....ကမ္မဘဝ....(မှန်ပါ့) ကိုပေါ်....ရှင်းပလား....(ရှင်းပါပြီ)။

အဲဒါ.... ခင်ဗျားတို့ ရှေ့တွင်ဘဲ တောင်းနေတဲ့ပုဂ္ဂိုလ်တွေ တပုံကြီးပါဘဲ....(မှန်ပါ့) ငါတော့ အယင်မသေချင်ဘူး၊ သေ တောင်မှ အင်း....ဒီလင်....ဒီမယား.... ဒီသား, ဒီသမီး, ဒီမြေးနဲ့ ဖြင့် သေလဲ့ဂုက်ဖြစ်တောင် တကိုင်းထဲဆိုသလိုဘဲ နေချင်သေး တာဘဲ.... (မှန်ပါ့ဘုရား)။

အံမာလေး ကြီးကျယ်လိုက်တဲ့ဥစ္စာဆေးမှားသောက်လိုက်တဲ့ ဖြစ်ခြင်း၊ နောက်ထပ် အနာတွေ အများကြီး ရဘို့ရာကို တခါ တည်း ပေါ်လာတော့တာဘဲ....(မှန်ပါ့) မပေါ်လာဘူးလား... (ပေါ်လာပါတယ်ဘုရား)။

အဲဒါကြောင့် ဒီလောက်ထိအောင်တော့ဖြင့် တကာတကာ မတို့ မိုက်နေတာဟာ ဘယ်သူ့သတ္တိတုံးမေးတော့ ဘယ့်နှယ်ဖြေ ကြမလဲ....(အဝိဇ္ဇာသတ္တိပါဘုရား)သူက အကန်းကိုးဗျ....(မှန်ပါ့ ဘုရား)။

ကိုဝ....ဘာတဲ့.... (အကန်းပါဘုရား) အကန်းလုပ်တာဟူသ၍ တလုံးမှမမှန်ဘူးလို့ ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့)ရှင်းပလား (ရှင်းပါပြီ)။

အကန်းလုပ်တာဟူသ၍.... (တလုံးမှ မမှန်ပါဘုရား) အဲဒီတော့ ခင်ဗျားတို့ တရားနာတဲ့ အရင်းအချာတွေ အကုန်ပြောပါတယ်၊ ခင်ဗျားတို့ချင်း.... နခမ်းပဲ့ချင်း မီးမှုတ်ပြီးတော့ တော်ရောပေါ့ကွာ.... မင်းမှာ ဒါနသီလတွေလဲ စုံနေပေါ့။ သေချင်သေပျော်ပြီကွ.... အံမာကိုဝ.... ဒီလိုပြောတဲ့လူလဲ ရှိသေးတယ် (မှန်ပါ့) မရှိဘူးလား... (ရှိပါတယ်ဘုရား)။

ပြောတဲ့လူကလဲ ဘာပါလိမ့်(အကန်းပါဘုရား) နားထောင်တဲ့လူကလဲ.... (အကန်းပါဘုရား)။

အံမာ.... အကန်း အကန်းချင်း ပြုံးများနေလိုက်သေးတယ် (မှန်ပါ့) အတော်မဆိုးဘူးလား....(ဆိုးပါတယ်ဘုရား)။

ကိုင်း... တကာတကာမတို့ ဘယ်သူမှ ဖုံးပေးမည့်လူ မရှိယင် ဖြင့် နခမ်းပဲ့ချင်း မီးမှာ၊ အကန်းချင်း ခေါင်းငြိမ့်နေမှာဘဲ.... (မှန်ပါ့) ဒီ့ပြင် ဘာရှိသေးသတုံး.... (မရှိပါဘုရား)။

ဒါဖြင့် နခမ်းပဲ့ချင်း မီးမှုတ်၊ အကန်းချင်း ခေါင်းငြိမ့်လာခဲ့ကြတာဖြင့် အတူတူချောက်ကျလာခဲ့ကြတာ ချောက်ပေါင်း ဘယ်လောက်များပြီတုံး....မေးလို့ရှိယင်ဖြင့် ... (မရေမတွက်နိုင်ပါဘုရား)။

ဒီတခါ ပုဏ်ယင် ပုဏ်ပါတော့ ဦးဘရှင်းရဲ့....(မှန်ပါ့)ဒီတခါ မပုဏ်ယင်ဖြင့်သွားပြီ....(မှန်ပါ့) မောင်နိုင် ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

နောက်က တကာတကာမတွေ ဘာပါလိမ့်.... (ဒီတခါပဲ့ငင် ပဲ့ငင်ပါဘုရား)။

ဒီတခါ ပဲ့ငင်ပဲ့ငင်တော့....(မှန်ပါ့) နောက် ခင်ဗျားတို့ကို ဖဲ့ငင်ပေးမည့်လူလဲ မလဲ့ယ်ပါဘူး.... (မှန်ပါ့) လဲ့ယ်ပါ့မလား.... (မလဲ့ယ်ပါဘုရား) နောက်ဖဲ့ငင်ပေးမည့်လူကလဲ မွေးချင်မှ မွေးဦးမှာကိုး....(မှန်ပါ့) ခင်ဗျားတို့ကလဲ ရှိချင်မှရှိတော့မှာ (မှန်ပါ့) သဘောပါပလား....(ပါပါပြီ)။

အဲဒီတော့ ဒီအချိန်ကလေး အကောင်းဆုံးဘဲဆိုပြီးသကာလ ကိုဝ.... ကြိုးစားရမှာဘဲ.... (မှန်ပါ့) မောင်နိုင်.... ရှင်းပလား.... (ရှင်းပါပြီ)။

အဲဒီတော့ တကာတကာမတို့ ဒီနေ့တော့ ခင်ဗျားတို့ခန္ဓာကြီးကို မျက်လုံးပဲ့ငင်အောင် လုပ်ပြီးသကာလ ဝိဇ္ဇာဆေးနဲ့မျက်လုံးဖဲ့ငင်ပေးရတော့မယ်....(မှန်ပါ့)။

ဝိဇ္ဇာဆေးနဲ့ မျက်လုံး ဖဲ့ငင်ပေးတဲ့... အခါကျတော့ ခုနင်က ပဋိစ္စသမုပ္ပါဒ်ခန္ဓာထဲမှာ ကန်းနေတာတွေဟာ တကာတကာမတို့ အခု မြင်စိတ်ကလေးပေါ်တယ်ဆိုကြပါစို့၊ မီးကြည့်လိုက်တဲ့အခါ မြင်စိတ်ကလေး မပေါ်ဘူးလား.... (ပေါ်ပါတယ်ဘုရား)။

အင်း ... မြင်စိတ်ကလေးဟာ ဘာပါလိမ့်မတုံး.... ဆိုတော့ သဋ္ဌာယတနဟော့.... မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ်ဘုရား) မြင်စိတ်ကလေးဟာ ဘာပါလိမ့်....(သဋ္ဌာယတနပါဘုရား)။

အင်း....သဋ္ဌာယတနပေါ်ပြီ၊ သဋ္ဌာယတနဆိုတာ ဘာပါလိမ့် မလဲ မေးတဲ့အခါကျတော့မှ တကာ တကာမတို့ ခုနင်ကပဋိစ္စ

သမုပ္ပါဒ် ပြန်ကြည့်တော့ အနာ ပြည်ထည့်တာဟေ့.... (မှန်ပါ့ဘုရား)။

ဘာတဲ့တုံး....(အနာပြည်ထည့်တာပါ)အနာပြည်တည့်တာတဲ့ တကာတကာမတို့ ရိပ်မိကြပလား (ရိပ်မိပါပြီ) အနာပြည်ထည့်တာကို ခင်ဗျားတို့ သိတဲ့အခါကျလို့ ရှိယင်ဖြင့် သြော်.... ဒါကြောင့်ဘဲ ဒုက္ခသစ္စာကိုး၊ ပြည်ထည့်တာကိုး၊ လဲလို့ အနာရ၊ အနာရတော့ ငန်းတွေမန်းတွေတည်းဟူသော ပြည်တွေထည့်လာတာ ဘာမြစ်တာတုံး....(ဒုက္ခသစ္စာပါဘုရား)။

အဲ... မြင်စိတ်ကလေးကို ခင်ဗျားတို့က သြော်....ပြည်ထည့်လာတဲ့ ဒုက္ခသစ္စာကလေးပါလား....(မှန်ပါ့) မြင်စိတ် ပေါ်တိုင်း ပေါ်တိုင်း၊ ကြားစိတ် ပေါ်တိုင်း ပေါ်တိုင်းဘာတုံး.... (ဒုက္ခသစ္စာပါဘုရား) ပြည်ထည့်တဲ့ ဒုက္ခသစ္စာဘဲ....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ)။

နံစိတ် ပေါ်တိုင်း ပေါ်တိုင်း.... (ဒုက္ခသစ္စာပါဘုရား)ပြည်ထည့်တဲ့ ဒုက္ခသစ္စာဘဲဆိုတော့ ဝမ်းထဲကြံစိတ်စည်စိတ်ပေါ်တိုင်း ပေါ်တိုင်း... ပြည်ထည့်တဲ့ (ဒုက္ခသစ္စာပါ ဘုရား)။

အဲဒါတွေကို ခင်ဗျားတို့.... ပေါ်တိုင်း ပေါ်တိုင်းသြော်.... ဒါကလေးဟာ ဒုက္ခသစ္စာဘဲ၊ဒါကလေးဟာ ဒုက္ခသစ္စာဘဲ၊သူ့ကို ပြည်တွေက နှိပ်စက်နေတာဘဲ၊ ဒီအနာကတော့ဖြင့် မသက်သာတဲ့အနာဘဲ၊ ဟုတ်လား... (မှန်ပါ့)။

သက်သာတဲ့အနာလား....မသက်သာတဲ့အနာလား....(မသက်သာတဲ့ အနာပါဘုရား) ဒါ့ကြောင့် ဘုရားသခင် ကိုယ်တော် မြတ်ကြီးက တခါတလေကျတော့ ရောဂတောဟေ့၊အနာက္ခ.... အနာက္ခလို့ မဟောဘူးလား....(ဟောပါတယ်ဘုရား)။

ရောဂတောက္ခ၊ သလ္လတောက္ခ၊ရောဂါစု မြားစုကြီးက္ခ....ဆိုတဲ့ ဥစ္စာ တကာ့တကာမတွေ ရောဂါမှတပါး ဘာပါသေးသတုံး (ဘာမှမပါပါဘုရား)။

ရောဂါမှတပါး ဘာမှ မပါဘူးဆိုတဲ့ဥာဏ်ကလေး ခင်ဗျားတို့ မြင်စိတ်ကလေးကို ရှုလိုက်သည်နဲ့ တပြိုင်နက်ရောဂါမှတပါး ဘာမှမပါဘူးလို့ သေသေချာချာ ပိုင်ပိုင် နိုင်နိုင်သိတာ ကိစ္စ ဥာဏ် ...(မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီ)။

ရောဂါမှတပါး ဘာမှမပါဘူးလို့ သိတာဖြင့်....(ကိစ္စဥာဏ် ပါဘုရား)။

သူ့ကိစ္စသိပြီ၊ သူဟာ ရောဂါဖြစ်တဲ့ကိစ္စ၊ ပြည်ထည့်တဲ့ကိစ္စမှ တပါး ဒီ့ပြင်ကိစ္စ သူ့မှာရှိသေးရဲ့လား.... (မရှိပါဘုရား)ပေါ့ ကြပလား.. (ပေါ်ပါပြီ)။

ဒါဖြင့် အဲဒါကလေး ဒီရောဂါကလေးကို ကြည့်ကြည့်ပြီး သကာလ ဖြစ်ပြီး ပျက်သွားတဲ့ ရောဂါကလေး ကြည့်လိုက်တဲ့ အခါကျလို့ ရှိယင်ဖြင့် သြော်.... ပြည်ပေါက်ပြီးသကာလ ပြည်နဲ့ဘဲ ဒုက္ခရောက်နေတာဘဲဆိုတာ မသိဘူးလား....(သိပါတယ်ဘုရား)။

ဒါဖြင့် ဒီ အထဲမှာ သုခပါသေးလား.... (မပါပါဘုရား) ဒါဖြင့် ပြည်ထည့်နေတဲ့ သဘောကလေး မြင်လိုက်သည်နဲ့တပြိုင်နက်တည်း ဒုက္ခက တကာတကာမတို့ ဆင်းရဲတာလဲ အမှန်ဘဲ (မှန်ပါ့) ဆင်းရဲတာလဲ ကောန်ဘဲမဟုတ်လား....(မှန်ပါ့)။

ဆင်းရဲတာကို တခြားသုခကလေးများ ရောသေးသလား.... (မရောပါဘုရား) မရောလို့ရှိယင် ဒုက္ခအမှန်ဘဲဖြစ်ရမယ်(မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီ)။

ဒုက္ခအမှန်ဘဲဆိုတာ သဘောကျပလား.... (ကျပါပြီ) အင်း သူသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ဘာပါလိမ့်မတုံး....ဆိုတော့ တဏှာယောကျ်ား လက်သမား၏ ဆိုးဝါးယုတ်မာ ပြုပြင်ရာကို ရံခါမသွေ အမြဲခံနေရတဲ့သဘောဘဲ၊ သူ့ကို တဏှာလုပ်လိုက်တာဟေ့.... နောက်ဘဝက အဝိဇ္ဇာနဲ့တဏှာ လုပ်လိုက်တာ.... (မှန်ပါ့) မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

အဝိဇ္ဇာနဲ့တဏှာ နှိပ်စက်လိုက်ခြင်းကြောင့် အနာရအောင် အနှိပ်စက်ခံရတဲ့ ဒုက္ခသစ္စာလို့ ပိုင်ပိုင်နိုင်နိုင်သိပါ(မှန်ပါ့) ဒါ.... ကိစ္စညာဏ်ပါ....(မှန်ပါ့) တော်တော် အရေးကြီးတယ်နော်.... (မှန်ပါ့)။

နောက်ကြောင်းကိုလဲ ၎င်းကြည့်ရတယ်....(မှန်ပါ့)ဒီမြင်စိတ် ကလေးဟာ"ကုသလဝိပါကံ စက္ခုဝိညာဏ်၊ အကုသလဝိပါကံ စက္ခုဝိညာဏ်...."ဆိုကတည်းက အင်း....နောက်ဘဝ တဏှာကံတွေက ထင်သလို စီမံချလိုက်တယ် ...(မှန်ပါ့)။

နောက်ဘဝ တဏှာကံတွေက ထင်သလို စီမံချလိုက်တော့ တခါတည်း ပြည့်ထည့်တဲ့အနာတခု ကျုပ်တို့မှာ မပေါ်လာဘူးလား....(ပေါ်လာပါတယ်ဘုရား)။

အင်း....ဒါဖြင့် ညာတာမဖက် အမြဲနှိပ်စက်တာက ဒုက္ခသစ္စာ တဏှာယောကျ်ား လက်သမား၏ ဆိုးဝါးယုတ်မာ ပြုပြင်ရာကို

ရံခါမသွေ အမြဲခံနေရတဲ့ မြင်စိတ်....(မှန်ပါ့) တဏှာကအကူ အညီမပါဘူးလား....(ပါပါတယ်ဘုရား)။

အဲ....အဝိဇ္ဇာနဲ့တဏှာ အကူအညီ ပါပြီးသကာလ နေသောကြောင့် သူတို့နှိပ်စက်သလို တခါတည်း ပြည့်တွေ့ ဘာတွေပေါ်ပေါက်ပြီးသကာလ လာခဲ့ရတာ မောင်နိုင်ရေ.... (မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒါဖြင့် တကာတကာမတို့ တဏှာပြုပြင်သလို ခံနေရသောကြောင့်လဲ သူသည် ဘာသစ္စာတုံး(ဒုက္ခသစ္စာပါဘုရား)သြော်.... သူ့မှာ တဏှာပြုပြင်ခြင်းကိုခံခြင်းကိစ္စရှိတယ်....(မှန်ပါ့)သဘောကျပလား.... (ကျပါပြီ) သခ်ၤတဋ္ဌောကိုး.... (မှန်ပါ့) မနေ့ကပိဋ္ဌနဋ္ဌော ဟောခဲ့တယ်....(မှန်ပါ့)။

သခ်ၤတဋ္ဌော.... တဏှာယောကျ်ားလက်သမား၏ ဆိုးဝါးယုတ်မာ ပြုပြင်ရာကို ရံခါမသွေ အမြဲ ခံနေရတဲ့သဘောဟာ ဒါဘဲ....(မှန်ပါ့) ဒီမြင်စိတ်ကလေးဘဲ.... (မှန်ပါ့) ရှေ့ဘဝက တဏှာစီမံသလို မခံရဘူးလား...(ခံရပါတယ်ဘုရား)။

ကုသလဝိပါက် စက္ခုဝိညာဏ် အနာပေါက်လိုက်ဆို၊ပေါက်လိုက်ရတာဘဲ....(မှန်ပါ့) အကုသလဝိပါက် စက္ခုဝိညာဏ် အနာပေါလိုက်ဆိုယင်ကော.... (ပေါက်ရပါတယ်ဘုရား)။

ပေါက်လိုက်ရတာဘဲဆိုတော့ တကာ တကာမတို့ ကျုပ်တို့မှာဖြင့် ခန္ဓာထဲက ပေါ်ပေါက်လာတာကဖြင့် အနာမှတပါး ဘာမျှးပေါ်ပေါက်သေးသတုံး.... (ဘာမှ မပေါ်ပေါက်ပါဘုရား)။

ဒါဖြင့် ဒီကိစ္စဟာဖြင့် တဏှာ စိမ်တဲ့ကိစ္စဘဲ....(မှန်ပါ့)မြင်စိတ်ကလေးဟာ တဏှာစိမ်တဲ့ကိစ္စဘဲ... (မှန်ပါ့) တကာတကာမတွေ့ မြင်စိတ်ကလေးဟာ ဘယ်သူစိမ်တဲ့ ကိစ္စပါလိမ့်(တဏှာစိမ်တဲ့ ကိစ္စပါဘုရား)။

တဏှာစိမ်တဲ့ကိစ္စဘဲဆိုတာ ကောင်းကောင်းရှင်းပလား.... (ရှင်းပါပြီ)။

ဒါဖြင့် တဏှာ စိမ်တဲ့ကိစ္စကလေး ဒီမြင်စိတ်ကလေးဟာ ဖြစ်ပြီးပျက်သွားတဲ့ သဘောကလေးဟာ ကိုယ့်သဘောလား၊ တဏှာစိမ်လို့ ဒုက္ခရောက်သွားတာလား....(တဏှာစိမ်လို့ ဒုက္ခရောက်သွားတာပါဘုရား)။

အနာပေါက်ပြီး ဒုက္ခရောက်သွားတာကိုးဗျ... (မှန်ပါ့) အဲဒီတော့ ဒီလို တဏှာစိမ်တဲ့ သဘောတည်းဟူသော တရားတော့ကို ကျုပ်တို့ကသိတော့ ဩော်....တဏှာစိမ်သလို ခံနေရတဲ့ကိစ္စပါကလား.... ဒီမြင်စိတ်ကလေး ပျက်သွားတဲ့ကိစ္စဟာ တဏှာ စိမ်သလို ခံနေရတဲ့ကိစ္စပါကလားလို့ သိတော့ သူ့ကိစ္စကိုလဲကျုပ်တို့ကသိတော့ သူ့ကိစ္စက.... သူ့ကိစ္စထားပါတော့ ကျုပ်တို့ကသိဟာကဘာကြောင့် (မှန်ပါ့) သဘောကျပလား....(ကျုပါပြီ)။

တဏှာစိမ်သလို ခံနေရတာက မြင်စိတ်၏ကိစ္စ၊ အဲဒီကိစ္စကို ကျုပ်တို့က လှမ်းပြီးသကာလ မသိလိုက်ဘူးလား.... သိလိုက်သလား(သိလိုက်ပါတယ်) သိလိုက်တော့ မောင်နှိုင်က ကိစ္စနဲ့ ညာဏ်နဲ့ပေါင်းပါ....(ကိစ္စညာဏ်ပါဘုရား) ဩော်.... ကိစ္စညာဏ်ရပြီ..(မှန်ပါ့)။

တကာတကာမတို့ ဒါ....မြင်စိတ်ကလေး ပေါ်လာတိုင်း.... လာတိုင်းဟာ ခင်ဗျားတို့ ဖြစ်ပျက် ရှုပြီးသကာလ နေတာဟာ တခြားမဟုတ်ပါဘူး၊ ဒါ....ကိစ္စဥာဏ်ပါဘဲ....(မှန်ပါ့)။

သို့သော် ဘုန်းကြီးက ဖြည့်စွက် ထည့်ပေးတာက တကာ တကာမတို့ ဒီမြင်စိတ်ဟာ ပေါ်ချင်လို့ ပေါ်တာလား၊ တဏှာ စိမ်သလို ခံရတာလား.... (တဏှာစိမ်သလို ခံရတာပါဘုရား) တဏှာက ကုသလဝိပါက် စက္ခုဝိညာဏ် ပေါ်လိုက်ဆိုလဲ ပေါ်လိုက်ရတာဘဲ....(မှန်ပါ့) အကုသလဝိပါက် စက္ခုဝိညာဏ်ပေါ်လိုက်ဆိုယင်ကော....(ပေါ်ရပါတယ်ဘုရား)။

ပေါ်လိုက်ရတာ ထောက်လိုက်တဲ့အခါကျတော့မှ သြော်.... တဏှာစိမ်သလို ခံနေရတဲ့ကိစ္စဟာ မြင်စိတ်၏ကိစ္စဘဲ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် သူ့ကိစ္စကို ခင်ဗျားတို့ကျုပ်တို့ မသိဘူးလား (သိပါတယ်ဘုရား) တဏှာစိမ်သလို ခံနေရတဲ့ကိစ္စ... (မှန်ပါ့) အဲဒီကိစ္စကို ကျုပ်တို့က ဉာဏ်နဲ့လှမ်းပြီး ကြည့်လိုက်ပါ.... (မှန်ပါ့) ကြည့်လိုက်ဘဲ့အခါကျတော့ဒါကလေးဟာ ပျောက်ပျက်မသွားဘူးလား....(သွားပါတယ်ဘုရား)။

ဟာ....ဒါဖြင့် သူ့ကိစ္စ သူဇာတ်သိမ်းသွားပြီဆိုတော့ သူ့ကိစ္စကို ကျုပ်တို့က ဇာတ်သိမ်းတာ မြင်လိုက်တယဲ....(မှန်ပါ့) သူ့ကိစ္စက- ကိစ္စ ဇာတ်သိမ်းတာ မြင်တာကဉာဏ်.... (မှန်ပါ့) ဒါဖြင့် မောင်နှိုင်က ပေါင်းလိုက်....(ကိစ္စဉာဏ်ပါဘုရား) တကာတကာမတို့ ကိစ္စဉာဏ်ဆိုတာ သဘောကျပလား.... (ကျပါပြီ)။

ဒါ.... ပေါ်ပေါ်လွင်လွင် ပြောဘို့ လွယ်လှတယ်မဟုတ်ဘူးနော်....(မှန်ပါ့) ဟိုက အတိတ်အကြောင်း, ကုသလဝိပါက် စက္ခုဝိညာဏ်၊ အကုသလဝိပါက် စက္ခုဝိညာဏ်နဲ့ လာမှသူ့ကိစ္စက ထင်ရှားတာ....(မှန်ပါ့) နို့မဟုတ်ယင် ထင်ရှားပါ့မလား (မထင်ရှားပါဘုရား)။

အေး....ဒါကြောင့် ပဋိသမ္ဓိဒါမင်္ဂ ပါဠိတော်ကြီးမျှားမှာ သခိတဋ္ဌော.... တဏှာယောကျွားလက်သမား၏ ဆိုးဝါးယုတ်မာပြုပြင်ရာကို ရံခါမသွေ အမြဲခံနေရတဲ့ဥစ္စာ ခင်ဗျားတို့စိတ်တွေဘဲ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ) ခင်ဗျားတို့စိတ်တွေဟာ တဏှာစိမ်သလို ခံနေရတယ်.... (မှန်ပါ့) မခံရဘူးလား (ခံရပါတယ်ဘုရား)။

ဒါဘုံင်လားလို့ မေးတော့ မကသေးပါဘူးကွာတဲ့.... တော်တော်ကြာ မျက်လုံးက နီလာပြန်ပြီ၊တော်တော်ကြာမျက်လုံးက မဲပြန်ပြီဆိုတော့ အင်း .... ကံ စိမ်ရာကိုလဲ မျက်လုံးက ခံနေရတယ်....(မှန်ပါ့)။

တဏှာစိမ်တာသာ ခံရသလား.... ကံစိမ်တာကော(ခံရပါတယ်ဘုရား)။

အင်း... မျက်လုံးကလေးက ကြောင်သွားပြီတဲ့၊ မျက်လုံးက လေးက ကြောင်တောင်ကွယ်သွားပြီ....တဲ့၊ တကာ တကာမတို့ မျက်လုံးကလေး ဒုတ်နဲ့ ထိုးမိလို့တဲ့.... မတော်တဆ၊ ကံကမကောင်းဘဲကိုးဗျ.... အစရှိသည်နဲ့ မပြောကြဘူးလား....(ပြောပါတယ်ဘုရား)။

အဲဒီ.....ကိစ္စတွေလဲ မျက်လုံးက မခံရဘူးလား....(ခံရပါတယ်ဘုရား) ဧ၆-ပါးရောဂါတို့၏ နှိပ်စက်မှုကိုကော မခံရဘူးလား....(ခံရပါတယ်ဘုရား)။

ဒါဖြင့် ခံရတဲ့အတွက် သူသည် ပျောက်ပျက်သွားတဲ့သဘော ကောမရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

ဒါဖြင့် သူများစီမံသလို ခံရတဲ့ကိစ္စဟာ မျက်လုံး၏ကိစ္စ....(မှန်ပါ့)။

အဲဒီကိစ္စကို ကျုပ်တို့က ပျောက်ပျက်သွားတဲ့အခါ ဉာဏ်ကလေးနဲ့ ကြည့်ပေးလိုက်....(မှန်ပါ့) သြော် သူ့ကိစ္စဟာ ဒါဘဲကိုးလို့ မသိပေဘူးလား....(သိပါတယ်ဘုရား)။

ဒါဖြင့် သူက သူ့ကိစ္စကို ပြောသွားတယ်.... (မှန်ပါ့)ကျုပ်တို့က ဉာဏ်နဲ့သိလိုက်....(မှန်ပါ့) ကိစ္စဉာဏ်.... (မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီ)။

ဘာတဲ့.... (ကိစ္စဉာဏ်ပါဘုရား)ကိစ္စဉာဏ်တဲ့ တကာတကာမတွေ သူ့ကိစ္စကို ကျုပ်တို့က သိလိုက်တဲ့ဉာဏ်....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

ကဲ....ဒါဖြင့် သူ့ကိစ္စကို ကျုပ်တို့က သိလိုက်တဲ့ဉာဏ်လို့.... ဆိုသဖြင့် ဒီဉာဏ်ကဖြူနေတုန်းကို ခင်ဗျားတို့ပေးဘဲ့ဉာဏ် ဖြစ်နေသောကြောင့် တကာတကာမတို့ ကိစ္စကလေးကို သိလိုက်တဲ့ဉာဏ်လဲလာပါရော ကိစ္စက ဒုက္ခသစ္စာ၊ ဉာဏ်က မဂ္ဂသစ္စာ၊ မောင်နိုင်....ဒီမျိုးစေ့မျိုး နောက်လိုချင်တဲ့တဏှာ လာသေးသ

လား....(မလာပါဘုရား) အဲ....သေတာက သမုဒယချုပ်တာ.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

သမုဒယ ချုပ်သွားတဲ့ အခါကျလို့ ရှိယင် ဒို့သည်ကားလို့ ဆိုလို့ ရှိယင်ဖြင့် သမုဒယဆိုတဲ့ တဏှာချုပ်ယင် ဥပါဒါန်ကလဲ ချုပ်တာဘဲ့....(မှန်ပါ့) ကံက မချုပ်ပါနဲ့ ဆိုလို့(မရပါဘုရား) မရတော့ ဇာတိ ဇရာမရဏတွေကော မလာဘူးလား.... (မလာပါဘုရား) မလာတာက ဘာဆိုကြမယ်.... (နိရောဓပါဘုရား)။

သြော်....ဒါဖြင့် ကိစ္စဉာဏ်တခုတည်းဟာ လေးချက်ပြီးသွားတယ်....(မှန်ပါ့)။

ကိစ္စဉာဏ် တခုတည်းဟာ.... (လေးချက်ပြီးသွားပါတယ်ဘုရား)။

သေသေချာချာမှတ်ပါ၊ ကိစ္စဉာဏ်တခုတည်း ဘယ်နှစ်ချက်ပြီးသတုံး....(လေးချက်ပြီးပါတယ်ဘုရား)။

သူ၏ မြင်စိတ်ကိစ္စကိုလဲ ဒုက္ခသစ္စာလို့ သိလိုက်ပါတယ်.... (မှန်ပါ့) သိတဲ့ဉာဏ်ကလဲ မဂ္ဂသစ္စာလို့ ပေါ်ပါတယ် (မှန်ပါ့ဘုရား) သမုဒယ သစ္စာကလဲ သေလိုက်ပါတယ်.... (မှန်ပါ့) နိရောဓ သစ္စာကလဲ နောက်ပေါ်ပါတယ်....(မှန်ပါ့) မပေါ်ပါနဲ့ ဆိုလို့... (မရပါဘုရား) မရဘူး၊ တဏှာချုပ်ပေါ့ဘဲ့(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် တချက်တည်းရှုလိုက်တာ တကာတကာမတို့ သစ္စာလေးချက် တပြိုင်နက်ပေါ်လာတာ ကိစ္စဉာဏ်(မှန်ပါ့)။

တချက်တည်း ရှုလိုက်တာနဲ့.... (သစ္စာလေးချက် တပြိုင်နက်ပေါ်လာတာ ကိစ္စဉာဏ်ပါဘုရား) တပြိုင်နက်ပေါ်လာတဲ့ ကိစ္စဉာဏ်....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

အေး....ဒါကြောင့် ကိစ္စတခုကို ပိုင်ပိုင်နိုင်နိုင်သိလို့ ရှိယင်ဖြင့် သမုဒယက နင်သေတော့လို့ ဆိုစရာလိုသေးသလား....(မလိုပါဘုရား) နိရောဓ ကြုံခဲ့ပါလို့ ခေါ်ဘို့လိုသေးသလား.... (မလိုပါဘုရား)။

ဒါဖြင့် ကျုပ်တို့ အလုပ်က ကိစ္စကို သိဘို့အလုပ်....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီ)။

တကာတကာမတို့ ဘာတဲ့(ကိစ္စကိုသိဘို့အလုပ်ပါဘုရား)မြင် စိတ်ကလေး၏ကိစ္စကို သိဘို့အလုပ်... (မှန်ပါ့)။

မြင်စိတ်ကလေးသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် အနာနာမှု ကိစ္စလဲ သူ့ကိစ္စဘဲ.... (မှန်ပါ့) နာချင်လို့ နာရတာလား.... တဏှာ စိမ့်သလို ခံရလို့ လား .... (တဏှာစိမ့်သလို ခံရလို့ပါဘုရား)။

ကံ စိမ့်ခြင်းကိစ္စကို သူခံမနေရဘူးလား (ခံရပါတယ်ဘုရား) ဓွဖ်-ပါးသော ရောဂါဝေဒနာတို့၏ နှိပ်စက်ခြင်း ကိစ္စကော.... (ခံရပါတယ်ဘုရား)။

ဒါဖြင့် သူပျောက်ပျက်သွားတာဟာ ပျောက်ပျက်စရာ ကိစ္စကြောင့် ပျောက်ပျက်သွားတာ....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

ဒါဖြင့် သူ့မှာ ဘာကိစ္စရှိသတုံးဆိုတော့ ပျောက်မှုပျက်မှု ကိစ္စရှိတယ်....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ) မြင်စိတ်ကလေးမှာ ဘုကိစ္စရှိပါလိမ့်.... (ပျောက်မှုပျက်မှုကိစ္စရှိပါတယ်ဘုရား)။

အဲဒါကို ပျောက်ပျက်တိုင်း ပျောက်ပျက်တိုင်းသိတဲ့ဉာဏ်ကို ဘာဉာဏ်ခေါ်ကြမယ်... (မဂ်ဉာဏ်ပါဘုရား)ကိစ္စဉာဏ်၊သဘောကျပလား... (ကျပါပြီ)။

ကိစ္စကို သိလို့ ကိစ္စဉာဏ်....(မှန်ပါ့) ကိစ္စဉာဏ်ဆိုဆို၊ မဂ်ဉာဏ်ဆိုဆို၊ သို့သော်.... ဒီနေ့တော့ ကိစ္စဉာဏ်နဲ့ ကိစ္စကိုသိလို့ ကိစ္စဉာဏ်ဆိုတာက ဦးဘချင်း.... ပို့ချင်းတယ်....(မှန်ပါ့) မချင်းကြဘူးလား....(ချင်းပါတယ်ဘုရား)။

သူ့ကိစ္စသိတော့ ကိစ္စဉာဏ်မလာဘူးလား.... (လာပါတယ်ဘုရား)။

သူ့ကိစ္စ ငါသိတယ်ကွာ....လို့ လောကကော မပြောကြဘူးလား....(ပြောပါတယ်ဘုရား)။

အဲဒီကျတော့ ခင်ဗျားတို့က သူ့ကိစ္စ ငါသိပါတယ်ဆိုတော့ ခင်ဗျားတို့ဉာဏ်က သူ့ကိစ္စတောင် သိသကိုးလို့ မပြောကြဘူးလား.... (ပြောပါတယ်ဘုရား) အဲဒါ ဘာဉာဏ်ခေါ်မယ်.... (ကိစ္စဉာဏ်ပါဘုရား)။

အဲဒီမှာလဲ မြင်စိတ်ကလေး၏ကိစ္စကို သိတဲ့ဉာဏ်ဟာ ဘာဉာဏ်ခေါ်ကြမယ်....(ကိစ္စဉာဏ်ပါဘုရား) အဲဒီ ကိစ္စဉာဏ်သည်

တကာတကာမတို့ တပြိုင်နက် လေးချက်ပေါ်ပါတယ်....(မှန်ပါ့ဘုရား)။

မြင်စိတ်၏ကိစ္စ သိခြင်းကြောင့်လဲ ကိစ္စ၊ သိခြင်းကြောင့်လဲ ဉာဏ်၊ မြင်စိတ်၏ကိစ္စသည် သူ့ဟာသူ လုပ်နေခြင်းကြောင့်လဲ ကိစ္စ၊ သူ့သဘောနဲ့သူ စိမ့်တာခံနေရတဲ့ကိစ္စ မရှိဘူးလား.... (ရှိပါတယ်ဘုရား)။

တဏှာပြုပြင်ရာကို.... (ခံရတဲ့ကိစ္စပါ) ခံရတဲ့ကိစ္စ၊ ၉၆-ပါး ရောဂါဝေဒနာ ပြုပြင်ရာကို.... (ရုံတဲ့ကိစ္စပါဘုရား) ကံဆိုး ကြမ္မာဆိုးတို့၏ ပြုပြင်ရာကို ခံနေရတဲ့ မြင်စိတ်ကော ဟုတ်ပါရဲ့လား....(ဟုတ်ပါတယ်ဘုရား)။

ဒါဖြင့် မြင်စိတ်ကလေးသည်ကားလို့ ဆိုယင်ဖြင့် အနှိပ်စက်ခံခြင်းကိစ္စမရှိဘူးလား....(ရှိပါတယ်ဘုရား) ကဲ....ဒါဖြင့် သူ့မှာ အနှိပ်စက်ခံခြင်းကိစ္စကြောင့် သူ့ကို ကိစ္စလို့မှတ်လို်က်....(မှန်ပါ့) အဲဒီကိစ္စကို ပျောက်ပျက်သွားသည်တိုင်အောင် ကျည့်လိုက်တော့သော်....သူ့ကိစ္စ သူဇာတ်သိမ်းသွားတာဘဲလို့ ဉာဏ်ကမသိဘူးလား....(သိပါတယ်) ဘာဉာဏ်ခေါ်မလဲ.... (ကိစ္စဉာဏ်ပါဘုရား)။

ကိစ္စဉာဏ်လာတယ် သမုဒယသေတာပေါ့ သမုဒယကိုသဲ့ပဟာတဗ္ဗနဲ့ ပယ်ခြင်းကိစ္စ မဂ်ပေါ်ကတည်းက ပြီးသွားတယ် (မှန်ပါ့) မပြီးသေးဘူးလား.... (ပြီးပါတယ်ဘုရား) ကိစ္စဉာဏ်လာကတည်းက သမုဒယပေါ်သေးသလား...(မဒပါပါဘုရား) ဒါဖြင့် ပယ်ခြင်းကိစ္စလဲ ဒုံပြီးတယ်ဟော...လို့ ကိုယ့်ဟာကိုယ် သိလိုက်....(မှန်ပါ့)။

ပယ်ခြင်းကိစ္စကော....(ပြီးပါတယ်ဘုရား)နိဗ္ဗာန်ခလာလိမ့်မယ် ဆိုဟဲ့ ကျုပ်တို့၏ ဉာဏ်မျက်မှောက်ပြုမည့် ကိစ္စကော....(လာပါတယ်ဘုရား) ကေန်ကော မပေါ်ဘူးလား.... (ပေါ်ပါတယ်ဘုရား)။

ဒါက တောင့်တရတာလား တကာတကာမတို့ ဓမ္မနိယာမသဘောနဲ့ ပေါ်လာတာလား.... (ဓမ္မနိယာမ သဘောနဲ့ပေါ်လာတာပါဘုရား)။

အဲ....ကျုပ်တို့က ကိစ္စဉာဏ်နဲ့ တဲ့ဘို့အရေးဟာ ကျုပ်တို့အရေး....(မှန်ပါ့) ကိစ္စဉာဏ်နဲ့....(တဲ့ဘို့အရေးဟာ တပည့်တော်တို့အရေးပါဘုရား)။

အဲဒါကို သမုဒယ သေဘို့အရေးကလဲ ဒီထဲပါသွားတယ်.... (မှန်ပါ့) နိရောဓ နိဗ္ဗာန်ရဘို့အရေးကကော.... (ဒီထဲပါသွားပါတယ်ဘုရား)။

ကိုဝ... ရှင်းပလား.... (ရှင်းပါပြီ) တခုတည်းလုပ်လိုက်တာနဲ့ အကုန်ပြီးသွားတယ်.... (မှန်ပါ့) မပြီးဘူးလား... (ပြီးပါတယ်ဘုရား)။

ဒါဖြင့် ကိစ္စဉာဏ်က တပြိုင်နက် လေးချက် ပြီးတယ်ဆိုတာ သဘောကျပလား....(ကျပါပြီ) ကိုင်း....ဒါဖြင့် တကာတကာမတို့ မြင်စိတ်ကလေး ခင်ဗျားတို့ ရှုနေတာ မြင်စိတ်၏ကိစ္စလဲ ကိစ္စဘဲ၊ ဉာဏ်ကနေသိလိုက်တာကတော့ဉာဏ်ဘဲ....(မှန်ပါ့)သို့သော် ဒီဉာဏ်သည် ရိုးရိုးဉာဏ်လား.... ကိစ္စသိတဲ့ဉာဏ်လား (ကိစ္စသိဘဲ့ ဉာဏ်ပါဘုရား) ဒါဖြင့် ပေါင်းလိုက်တော့ မောင်နှိုင်ရေ.... (ကိစ္စဉာဏ်ပါဘုရား)။

ဒီ....ကိုစ္စဉာဏ်ဆိုတော့ ဒီကိုစ္စတွင် သိသလား.... သမ္မဒယ ပယ်တဲ့ကိစ္စကော....(သိပါတယ်)ဩော်....ဒို့ ဒီဉာဏ်လာကတည်းက သမ္မဒယ မလာဘူးဟော့....ဒီဉာဏ်ပယ်တာဘဲဆိုတာလဲ ကိုဝေဗေဒင်မေးနေဘို့ လိုသေးသလား... (မလိုပါဘုရား)။

အင်း....ဒီတဏှာမလာလို့ ရှိယင်ဖြင့် ဇာတိ ဇရာမရဏာချုပ်တဲ့ဥစ္စာ နိရောဓာဘဲဆိုတာကော သူမျှားမေးရဦးမှာလား... (မမေးရပါဘုရား) ကိုယ့်ဟာကိုယ် မသိဘူးလား....(သိပါတယ်)ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့ ကြိုးစားတာသည် တခုတည်းနဲ့ အကုန် သစ္စာလေးချက် တပြိုင်နက်ပါပါတယ်၊ မပါဘူးလား.... (ပါတယ်ဘုရား)။

သစ္စာလေးချက် တပြိုင်နက်ပါတယ်၊ ဒါကြောင့် ရှုသာရှုပါဆိုတာ အားမပေးထိုက်ဘူးလား....(ပေးထိုက်ပါတယ်) ခင်ဗျားက မသိခြားသော်လဲ အလုပ်ကသိတယ်.... (မှန်ပါ့) အလုပ်မှာ အကုန်ပါသွားတယ်....(မှန်ပါ့)။

ဖြစ်ပျက်က ဘာသစ္စာတုံး.... (ဒုက္ခ သစ္စာပါ) အေး....ဒုက္ခသစ္စာနော်၊ ဒုက္ခသစ္စာကလဲ ရိုးရိုးဒုက္ခသစ္စာလား.... အနှိပ်စက်ခံရတဲ့ ဒုက္ခသစ္စာလား....(အနှိပ်စက်ခံရတဲ့ ဒုက္ခသစ္စာပါ) ဩော်.... သူ့မှာ အနှိပ်စက်ခံခြင်းကိစ္စရှိတယ်....(မှန်ပါ့)။

မြင်စိတ်ကလေးမှာ....(အနှိပ်စက်ခံခြင်းကိစ္စရှိပါတယ်ဘုရား) ဒါကြောင့် အနှိပ်စက်ဘယ်လောက် ခံလိုက်ရတယ်ဆိုတာ ဦးဘရှင်း.... ပျောက်ပျက်သွားအောင် ခံလိုက်ရတယ်(မှန်ပါ့)သဘောကျပလား....(ကျပါပြီ)။

ကံဆိုး ကြမ္မာဆိုးတို့ကြောင့် ကံကုန်လို့ ချုပ်ရတာ ရိပ်မိပ လား... (ရိပ်မိပါပြီ) ကြမ္မာတွေ နှိပ်စက်လို့ ချုပ်ရတာ(မှန်ပါ့) သဘောကျပလား... (ကျပါပြီ) တဏှာက ချုပ်ဆိုလို့....(ချုပ်ရ တာပါ) ချုပ်ရတာတဲ့ သူ့ဩဇာ ဘာပါသေးသတုံး....(ဘာမှ မပါပါဘုရား)။

ဩော်... သူ့ကိစ္စသည်ကားလို့ဆိုယင် အနှိပ်စက်ခံခြင်းကိစ္စ ပါလားဆိုတာ ပေါ်လာတယ်.... (ပေါ်လာပါတယ်) မပေါ် လာဘူးလား....(ပေါ်လာပါတယ်ဘုရား)။

မြင်စိတ်ကလေးမှာ ဘာကိစ္စရှိသတုံး....(အနှိပ်စက်ခံခြင်းကိစ္စ ရှိပါတယ်ဘုရား) အဲ့....သိတဲ့ဉာဏ်က ဘာဉာဏ် ခေါ်ကြမလဲ.... (ကိစ္စဉာဏ်ပါဘုရား)။

သူ့ကိစ္စကို သိတဲ့ဉာဏ်....(မှန်ပါ့)မြင်စိတ်ကလေး၏ ကိစ္စကို သိတဲ့ဉာဏ်....(မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီ) ဒီဉာဏ် ဘာဉာဏ်ခေါ်မလဲ.... (မြင်စိတ်ကလေး၏ကိစ္စကို သိတဲ့ဉာဏ်ပါ ဘုရား)။

ကိစ္စဉာဏ် ပေါ်ပြီနော်.... (မှန်ပါ) ကိစ္စဉာဏ်လဲ လာပါ ရော ကိုဝရေ.... တဏှာကို ပယ်ရသေးသလား....(မပယ်ရပါ) အင်း....ဒီဉာဏ်သည် ဒါဖြင့် ပယ်ခြင်းကိစ္စဘဲ သမုဒယသစ္စာကို ပဟာတပ္ပကိစ္စနဲ့လဲ ပယ်လေရဲ့....(မှန်ပါ့)။

နိရောဓသစ္စာကိုလဲ တဏှာမလာလို့ မျက်မှောက်ပြုနိုင်တယ် ဆိုတာလဲ ကောန် မမှန်းနိုင်ဘူးလား .... (မှန်းနိုင်ပါတယ်) ဒါဖြင့် ကိစ္စဉာဏ်တခုတည်းနဲ့ သစ္စာလေးချက် မပြီးဘူးလား.... (ပြီးပါတယ်ဘုရား)။

ကိုစွန့်ဉာဏ်နဲ့ တဲ့လိုက်ယင် နှစ်ခုပြီးသွားပြီ(မှန်ပါ့)နောက်က နှစ်ခုက အလိုလိုမပြီးဘူးလား....(ပြီးပါတယ်) ရှင်းကြပလား.... (ရှင်းပါပြီ)။

ဒါဖြင့် ကြားစိတ်ကလေးရှုတော့လဲ ကိုစွဉာဏ်နဲ့ရှု(မှန်ပါ့) နံစိတ်ကလေး ရှုပြန်ယင်လဲ....(ကိုစွဉာဏ်နဲ့ ရှုရပါမယ်)စားစိတ်ကလေးရှုပြန်ယင်လဲ....(ကိုစွဉာဏ်နဲ့ ရှုရပါမယ်) ယားစိတ်, ယံစိတ် နာစိတ် ရှုပြန်ယင်ကော.... (ကိုစွဉာဏ်နဲ့ ရှုရပါမယ်) ကိုစွဉာဏ်နဲ့ဘဲရှု၊ ဝမ်းထဲမှာ လောဘ, ဒေါသ, မောဟပေါ်ယင်ကော ... (ကိုစွဉာဏ်နဲ့ ဘဲ ရှုရပါမယ် ဘုရား) ကိုစွဉာဏ်နဲ့ချည့် ရှုရှု....ရှုရှုသွားယင် သစ္စာဟာ ဘယ်နှစ်ချက်မြင်မတုံး.... (လေးချက်မြင်ပါတယ်ဘုရား)။

လေးချက် တပြိုင်နက်တည်း ကိုစွပြီးနိုင်တယ်.... (မှန်ပါ့) အဲဒါ ခင်ဗျားတို့ နက်ဖြန်သဘက်ကျလာတော့ဒီကိစ္စတွေအကုန်ပြီးတယ်ဆိုလို့ရှိယင် နောက်က ဉာဏ်ရောက်ပုံကျတော့ ဒီကိစ္စဉာဏ်ကို နက်ဖြန်လဲ ရှင်းပေးဦးမယ်၊ ရှင်းပြီးတော့မှ ကတဉာဏ်ရောက်ပုံကိုလဲ တကာ တကာမတို့ သေသေချာချာ သိရမယ်.... (မှန်ပါ့)။

ကတဉာဏ် ရောက်ပြီးတဲ့ပဋိဂ္ဂါလ်၏ စိတ်ထားစိတ်နေ သဘောသွားကိုလဲ နောက်ပြောလိမ့်မယ်(မှန်ပါ့) ကဲ .. တရားနာမပျက်စေနဲ့ ဒီ... နှစ်ရက်သုံးရက်ဘဲ ကျန်တော့တယ်....(မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီ)။

ကဲ....ယနေ့ ဒီတွင် တော်ကြပါဦးစို့....။

သာဓု....သာဓု....သာဓု....။

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်မြို့ မင်္ဂလာတိုက်

ဆရာတော် ဘုရားကြီး ဟောကြား ဆုံးမတော်မူသော

(ကိစ္စညာဏ် သန္တာပဋ္ဌသဘော)

ညအလုပ်ပေးတရားတော်

(၄၁-၆-၆၁)

တကာတကာမတို့ သန္တာန်မှာ ကိန်းအောင်းနေတဲ့အဝိဇ္ဇာ သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် တကာတကာမတွေဟာ ဘယ်လို့ စီမံပါလိမ့်မလဲဆိုတဲ့ဥစ္စာ ဦးဘရှင်းတို့ မေးဘို့လိုတယ်နော်.... (မှန်ပါ့)။

ဒီ... တကာတကာမတွေကို သစ္စာမသိတဲ့အဝိဇ္ဇာကကာ....တဲ့ မင်းသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ဒီချောက်ဆဲ ဆင်းလို့ရှိယင် ခုန်ချနိုင်လို့ရှိယင်ဖြင့် အောက်ရောက်ယင် နှတ်သိမ်းရလိမ့်မယ်လို့ အဝိဇ္ဇာက တရားဟောတော့ ပုတုဇန်တွေကလဲ အဝိဇ္ဇာမပယ်နိုင်သေးတော့ ခုန်ချတာနဲ့တူတယ်....(မှန်ပါ့) ဟိုကျတော့ မောင်နိုင် နှတ်သိမ်းရသလား.... သေပဲ့ရသလား... (သေပဲ့ရုပါတယ်ဘုရား)။

ဒီမှာလဲတဲ့ ကိုပေါ်တိုလစ် ကိုဝတိုလစ်.... အဝိဇ္ဇာက သစ္စာမသိတော့လို့ ပြည်နှတ်ပြည်ဟာ ဒုက္ခသစ္စာတွေကဲ့သို့ဆိုတာမသိ

တော့ တခါတည်း တကာ တကာမတွေက လူ့ပြည်ရောက်ကြောင်း နတ်ပြည်ရောက်ကြောင်းတွေကို ခုန်ချလိုက်တာဘဲ.... (မှန်ပါ့)။

ခုန်ချလိုက်တဲ့အခါကျတော့ လူကောင် နတ်ကောင် ဗြဟ္မာကောင်တွေဖြစ်ပြီးသကာလ သေပဲတွေ့ မရဘူးလား.... (ရပါတယ်ဘုရား)။

အင်း....ဘယ်သူက ခုန်ချခိုင်းတာပါလိမ့်မတုံး....ဆိုယောင်ကာသိကြပလား.... (သိပါပြီ) ဘယ်သူပါလိမ့်.... (အဝိဇ္ဇာပါဘုရား)။

ခုန်ချလိုက်တာ တကာတကာမတို့ ပုညဘာသိခ်ါရ....ဆိုတဲ့ဘုံဘဝ တောင်းတလုပ်တဲ့ ကုသိုလ်မျိုး၊ အပါယ်သွားစေကတတ်တဲ့ အကုသိုလ်မျိုး၊ အဲဒီ ကုသိုလ် အကုသိုလ်နှစ်ခုက ခုန်ချလိုက်တာဘဲ....(မှန်ပါ့)။

ခုန်ချတဲ့ဟာ အကုသိုလ်နဲ့လဲ တူပါတယ်၊ ကုသိုလ်နဲ့လဲတူပါတယ်....(မှန်ပါ့) အဲဒီတော့ တကာ တကာမကသည် ယုတ်မာသိသေးလို့ရှိယင်ဖြင့် လူ့ပြည်နတ်ပြည် အပါယ်လေးဘုံသုံးတာကို ခုန်ချည့်ချနေတာဘဲ....(မှန်ပါ့)။

ဘာဖြစ်လို့ ခုန်ချတာတုံး....ဆိုတော့ အကုသိုလ်နဲ့ ခုန်ချတာကသဲ့ သားတော့မယားတော့ စားဘိုသောက်ဘိုဆိုတော့အကုသိုလ်နဲ့ မရှောင်နိုင်ဘဲကိုး....(မှန်ပါ့)။

မရှောင်နိုင်တော့ အကုသိုလ် သခ်ါရတွေ လုပ်မိတာပေါ့.... (မှန်ပါ့) ဩော်....ငါသည် ဒုက္ခရောက်လိမ့်မယ်ဆိုတာကို မသိအောင်ဖုံးထားတာက အဝိဇ္ဇာ၊ သားသမီးအရှေးနဲ့၊ စီးပွားပြုရေးနဲ့

မုသားမရှောင် ဘာမရှောင်နဲ့ ပရိယာယ်မရှောင်နဲ့ လုပ်ကြကိုင်ကြတာက ခုန်ချတာ၊ အပုညာဘိသခ်ါရ....ဆိုတဲ့အကုသိုလ်က ခုန်ချလိုက်တာ အပါယ်ရောက်တယ်... (မှန်ပါ့) မရောက်ပေဘူးလား....(ရောက်ပါတယ်ဘုရား)။

ဩော်....ဒါဘယ်သူပါလိမ့်မတုံး ဆိုလို့ရှိယင်ဖြင့် ခုန်ချတာကတော့ အကုသိုလ်ကခုန်ချတာဘဲ၊ သိလို့ခုန်ချတာလား....မသိလို့ခုန်ချတာလား....(မသိလို့ခုန်ချတာပါဘုရား) ဒါဖြင့် မသိတာက အဝိဇ္ဇာ၊ ခုန်ချတာက အကုသိုလ်ပေါ့ဗျာ.... (မှန်ပါ့) တခါ အလှူကြီးအတန်းကြီး သားကလေး ကြီးလာလို့ သမီးကလေးနားဖေါက်ချင်လို့ လုပ်တဲ့ ကုသိုလ်တွေ ကြည့်လိုက်ပြန်တော့လဲကွာ....ဒို့ ပိုလာတာဘဲ၊ သူတို့လဲ အရွယ်ရောက်ကုန်ပြီကွ...၊တာဘဝ တနပ်စာနဲ့လဲ မပြီးသေးတော့ ကုသိုလ်ရေးကလေးဘာလေးလဲ နောင်ဘဝ ချမ်းသာရေးကလေး လုပ်ကြဦးစို့ကွယ် ဆိုပြီး လင်နဲ့ မယား တိုင်ပင်ကြပါတယ်၊ လင်နဲ့ မယား တိုင်ပင်ပြီး ကိုဝတို့....မဏ္ဍာပ်ထိုးပြီးသကာလ ၊ကုသိုလ်လုပ်ကြမယ်.... (မှန်ပါ့)။

ဒီဘဝ ဆင်းရဲတော့ နောက်ဘဝ ချမ်းသာချင်တာကိုးဗျ.... (မှန်ပါ့)။

အဲဒီတော့ သူ နောက်ဘဝ ဒုက္ခသစ္စာလို့ သိသေးရဲ့လား.... (မသိပါဘုရား)။

နတ်သမီး ရမယ်၊ နတ်သား ရမယ်လို့သာ သူ သိတယ်.... (မှန်ပါ့) နတ်သမီး၊ နတ်သား ရမယ်လို့ သူ သိတဲ့အတွက်တဲ့.... ကုသိုလ်ကလဲ ခုန်ချလိုက်တာဘဲ....(မှန်ပါ့)။

သိလို့ ခုန်တာလား .. မသိလို့ ခုန်တာလား....(မသိလို့ ခုန်တာပါ)မသိလို့ ခုန်ချတာဆိုတာ ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် အဝိဇ္ဇာပစ္စယာ ပုညာဘိသင်္ခါရဆိုတာ မောင်နိုင်.... သဘောကျပလား....(ကျပါပြီဘုရား)။

မသိလို့ ခုန်ချလိုက်တာ နတ်ပြည်ရောက်သွားတယ်(မှန်ဖါ့) ခုန်လဲ ချမိပါရော နတ်ပြည်ရောက်တဲ့ အခါကျတော့ ဦးဘရှင်း သေပဲ့ တွေ့ရတယ်....(မှန်ပါ့) မတွေ့ချင်ပါဘူး ဆိုလို့....(မနေရပါဘုရား)။

မတွေ့ချင်ပါဘူး ဆိုလို့တော့....(မရပါဘုရား) အဲဒါ သူမျှား သစ္စာ မသိတဲ့ ပုဂ္ဂိုလ်၏ အလှပဲ့လားလို့ ကိုပေါ်တို့.... ကိုဝတို့....မေးယင် ဘယ့်နှယ် ဖြေပါ့မယ်....(သစ္စာမသိတဲ့ ပုဂ္ဂိုလ်၏ အလှူပဲ့ပါဘုရား)။

ဒါဖြင့် သစ္စာမသိတဲ့ ပုဂ္ဂိုလ်၏ အလှူပဲ့သည် နတ်သမီးရလိမ့်မယ်၊ နတ်သားဖြစ်လိမ့်မယ်ဆိုပြီး ခုန်ချလိုက်တာ...(မှန်ပါ့ဘုရား)။

ဟိုကျတဲ့ အခါကျတော့ နတ်ပြည်ရောက်တဲ့ အခါ ကောင်းကောင်းနေရသလား....အိုပဲ့ နာပဲ့ သေပဲ့တွေဘဲ ခင်းရသလားဆိုတာ အကဲခတ်ပါ့....(အိုပဲ့ နာပဲ့ သေပဲ့တွေဘဲ ခင်းရပါတယ်ဘုရား)။

အိုပဲ့ နာပဲ့ သေပဲ့တွေဘဲ ခင်းရတယ်ဆိုတာ မရှင်းသေးဘူးလား....(ရှင်းပါပြီဘုရား)။

ဘယ့်နယ်ကြောင့် အိုပဲ့ နာပဲ့ သေပဲ့ရှိတဲ့ဆီ ခုန်ချပါလိမ့်မလဲလို့ မေးတဲ့ အခါကျလို့ရှိယင်ဖြင့် သစ္စာ မသိတဲ့ အဝိဇ္ဇာက အုပ်ချုပ်တာနဲ့ တကာတကာမတွေကလဲ ကုသိုလ်နဲ့ ခုန်ချလိုက်ရလို့ရှိယင် အိုပဲ့ နာပဲ့ သေပဲ့ လွတ်လိမ့်မယ်၊နတ်သမီး နတ်သား ဖြစ်လိမ့်မယ်ဆိုပြီး ခုန်ချလိုက်စာ ဟိုကျတော့ ကိုဝ....သေပဲ့သွားတော့တယ်....(မှန်ပါ့)ဘယ်သူ့ သတ္တိဆိုတာ ပေါ်ကြပလား(အဝိဇ္ဇာသတ္တိပါဘုရား)။

နောက်က တကာတကာမတွေ့ ဘယ်သူ့ သတ္တိပါလိမ့်....(အဝိဇ္ဇာသတ္တိပါဘုရား)။

အဲဒါကြောင့် အလ္လပင် လ္လငြားသော်လဲ ဦးဘရှင်းရေ....ကြောက်စရာကြီး....(မှန်ပါ့)။

ဘယ်လို ပဋိုလ် ကြောက်စရာ ကောင်းပါလိမ့်မတုံးဆိုတော့ ဒီ တရားတပဲ့လုံးဘဲ အဖြေထွက်ကြပါတော့တဲ့.... သစ္စာ မသိတဲ့ အဝိဇ္ဇာနဲ့ လွတဲ့ အလ္လ....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဘာနဲ့ လ္လတဲ့ အလ္လပါလိမ့်...(သစ္စာမသိတဲ့ အဝိဇ္ဇာနဲ့ လ္လတဲ့ အလ္လပါဘုရား)။

သစ္စာမသိတော့ အဝိဇ္ဇာအုပ်ချုပ်ပြီးသကာလ မင်း ခုန်သာချ၊ အောက်ချောက်ထဲ ရောက်ယင် နတ်သမီး နတ်သား ရလိမ့်မယ်ဆိုပြီး ခုန်ချလိုက်တာ ကုသိုလ် ပုညဘိသင်္ခါရက ခုန်ချလိုက်တာ....(မှန်ပါ့)။

ခုန်ချလိုက်တဲ့ အခါကျတော့ ဟိုမှာ .... နတ်ပြည်မှာလဲ အိုပဲ့ သေပဲ့ နာပဲ့ ဆွေးပဲ့ မျက်ရည်ကျပဲ့တွေ့ မရှိဘူးလား....(ရှိပါတယ်ဘုရား)။

ဘယ့်နှယ်ကြောင့် ဒီလောက် ခုန်ချရဲပါလိမ့်မလဲလို့ ကိုပေါ်တို့....ကိုဝတို့....မေးလို့ရှိယင် ဘယ့်နှယ်ပြောကြမယ်....(မသိလို့ ခုန်ချတာပါ) မသိလို့၊ မသိတာ ဘယ်သူပါလိမ့်....(အဝိဇ္ဇာပါဘုရား) ခုန်ချတာက သခ်ါရ....(မှန်ပါ့)။

မသိတာက....(အဝိဇ္ဇာပါဘုရား) ခုန်ချတာက....(သခ်ါရပါဘုရား)။

သခ်ါရဆိုတော့ ဒါဖြင့် ဒီထဲမှာလဲ အားလုံး အရင်းအချာတွေ့ ဖြစ်နေတော့ သြော်....ငါတို့ ပြုတဲ့ ကုသိုလ်သည်ကားလို့-ဆိုယင်ဖြင့် လူ့ပြည် နတ်ပြည် ဗြဟ္မာပြည် ခုန်ချလိုက်တာဘဲ၊ အသေရှိတဲ့ဆီ ခုန်ချလိုက်တာ....(မှန်ပါ့)အသေလွတ်တဲ့ဆီကို အဝိဇ္ဇာက အသိမှ မပေးဘဲကိုး....(မှန်ပါ့)။

"ဒုက္ခနိရောဓေ အညာဏံ" ဒုက္ခနိရောဓေ=ဒုက္ခ၏ ချုပ်ရာဖြစ်သော နိဗ္ဗာန်၌၊ အညာဏံ=မသိတာသည်၊အဝိဇ္ဇာ=အဝိဇ္ဇာဘဲ ဆိုတော့ နိဗ္ဗာန်ကို သူ မသိဘူး....(မှန်ပါ့)။

မသိတော့ ဒီ ချောက် ခုန်ချလိုက်လို့ရှိယင်ဖြင့် အောက်ကျယင်ဖြင့် နတ်သမီး နတ်သား ဖြစ်လိမ့်မယ်-ရလိမ့်မယ်ဆိုပြီး ခုန်ချလိုက်တော့ ဟိုကျတော့ အိုပဲ့ နာပဲ့ သေပဲ့ ဆွေးပဲ့တွေနဲ့ဘဲ မတွေ့ရဘူးလား....(တွေ့ရပါတယ်ဘုရား)။

ကိုဝ....ဒါ ဘာယ်သူ့ သတ္တိပါလိမ့်မတုံး.... (အဝိဇ္ဇာသတ္တိပါဘုရား)။

ဒါဖြင့် အားလုံး တကာတကာမတွေ့ ဒီလို ခုန်ချတဲ့ ပုဂ္ဂိုလ် ပေါင်း ဘယ်လောက် များသတုံးလို့ မေးလို့ ရှိယင် ဘယ့်နှယ် ဖြေကြမလဲ....(မရေတွက်နိုင်ပါဘုရား) တကာကြီးလို့ပြော ပလားဗျာ....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒီအလှူတွေကို ဘယ်လို အလှူတွေလို့ ကဲ....ဒီအထဲ ကဘဲ ဆုံးဖြတ်ချက် ချပါတော့....ဆိုတော့ သစ္စာမသိတဲ့ အလှူ တွေ့....(မှန်ပါ့) မသေရာတော့ မသွားတတ်ဘူး၊ သေရာတော့ ခုန်ချရဲတယ်....(မှန်ပါ့) အတော် ဆိုးပါကလား... (ဆိုးပါတယ် ဘုရား)။

ဒါဖြင့် ဒီ တကာ တကာမတွေတော့ သစ္စာ သိအောင် ဘုန်းကြီးက ခင်ဗျားတို့ နတ်ပြည်ရောက်လဲ ဒုက္ခသစ္စာဘဲ နော်၊ ငြဟ္မာပြည်ရောက်လဲ....(ဒုက္ခသစ္စာပါဘဲဘုရား)။

ဒုက္ခသစ္စာဘဲ၊ ဒုက္ခက ဆင်းရဲတာ၊ သစ္စာက မှန်တာ၊ ဆင်းရဲ အမှန်ဘဲ ရမယ်....(မှန်ပါ့)။

ဒါဖြင့် ခင်ဗျားတို့ ငွေကုန် လူပန်း မလုပ်ပါနဲ့၊ ငွေကုန်လို့ ရှိယင် လူချမ်းသာပါစေ....(မှန်ပါ့) ပြောထိုက်-မပြောထိုက်.... (ပြောထိုက်ပါတယ်ဘုရား)။

ငွေကုန်လို့ ရှိယင်....(လူချမ်းသာပါစေ) လူချမ်းသာပါစေ၊ အခု သစ္စာမသိတဲ့ ပုဂ္ဂိုလ်များ လှူကြ တန်းကြ ပေးကြ ကမ်း ကြတာဖြင့် ငွေကုန်ပြီးသကာလ နောက်ဘဝ ဒုက္ခသစ္စာရလို့.... ပန်းရပါတယ်....(မှန်ပါ့) မဆိုနိုင်ကြဘူးလား... (ဆိုနိုင်ပါတယ်) အင်မတန် မနစ်နာဘူးလား....(နစ်နာပါတယ် ဘုရား)။

ဒါကလဲ အခု ဆရာကောင်း သမားကောင်းက ကိုပေါ်.... ကိုဝတို့....အင်မတန် ရှင်းအောင် ပြောလို့နော်....(မှန်ပါ့) ရှင်း အောင်သာ မပြောဘူး ဆိုလို့ ရှိယင်ဖြင့် ဒီကွာ... နိဗ္ဗာန်လဲ ရမှာ မဟုတ်တော့ နိဗ္ဗာန်မရမီ စပ်ကြား ချမ်းသာကို လူ့ပြည် နတ် ပြည် အစုန်အဆန် ခံစားချင်သေးတယ်ကွာ....ဆိုတဲ့ အဓိပ္ပါယ် ကော မလာဘူးလား....(လာပါတယ်ဘုရား)။

အစုန်အဆန် ခံစားတာလား....(အစုန်အဆန် သေနေရတာ လား....(အစုန်အဆန် သေနေရတာပါဘုရား)အစုန်အဆန် သေ နေရတာ ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီ ဘုရား)။

ဩော်....ဒါဖြင့် သစ္စာ မသိတဲ့ ဒဏ်ချက်လောက် ဦးဘရှင်း ပြင်းထန်တာ ရှိသေးရဲ့လား....(မရှိပါဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ့ ဘာကလေး လှုလှု၊ ဘာကလေးတန်းတန်း လူမဖြစ်ချင်ပါနဲ့၊ လူဖြစ်ချင် ယင် အသေရပါလိမ့်မယ်....(မှန်ပါ့) နတ်မဖြစ်ချင်ပါနဲ့....(နတ် ဖြစ်ယင် အသေရမှာပါဘုရား) ဗြဟ္မာ မဖြစ်ချင်ပါနဲ့(ဗြဟ္မာဖြစ် ယင် အသေရမှာပါဘုရား)။

အသေရမှာဆိုတော့ ဒါ ကိုဝ....ငြင်းဘို့ လိုသေးသလား.... (မလိုပါဘုရား) ဒါ ဘယ်လို ပုဂ္ဂိုလ်၏ အလှူတဲ့ဗျာ....(သစ္စာ မသိတဲ့ ပုဂ္ဂိုလ်၏ အလှူပါ) နိဗ္ဗာန် ရသလား....ဒုက္ခ ရသလား (ဒုက္ခရပါတယ်ဘုရား)။

ဒါ့ကြောင့်တဲ့ ခင်ဗျားတို့ အဝိဇ္ဇာ၏ ဒဏ်ချက် အတော် ပြင်းထန်တယ်ဆိုတာ ကျုပ်တို့ သံသရာ ရှည်တာ သူဘဲဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါ့ကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဘုရားဖြစ်စဉ်နဲ့ ဘုရားဖြစ်ခါနီးကျတော့ ငါသည် သတ္တဝါဖြစ်ကြောင်းလဲ သိပြီကွ.. ၊ သတ္တဝါချုပ်ကြောင်းလဲ သိပြီကွာ....ဆိုတာ နှစ်ချက် သိမှ သူ့ခမျာ ဘုရားဖြစ်တယ်....(မှန်ပါ့)။

သတ္တဝါဖြစ်ကြောင်းလဲ သူ သိပြီ....(မှန်ပါ့) အဝိဇ္ဇာက စ-တယ်ဟေ့... ဆိုတာ သူ သိတဲ့အတွက် ဘုရားဖြစ်ရတာဘဲ.... (မှန်ပါ့) သတ္တဝါချုပ်ကြောင်း ငြောင်....အဝိဇ္ဇာ ချုပ်မှ....ချုပ်မှာပါကလားဆိုတာလဲ မသိဘူးလား....(သိပါတယ်)အဲဒီ သိတဲ့ အချိန်မှာ ကိုဝ....ဘုရားဖြစ်တယ်....(မှန်ပါ့)။

ဘုရား-ဘယ်အချိန်ဖြစ်တယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ခင်ဗျားတို့ သိထားတာက အာရုံတက် ဘုရား....ဖြစ်တယ်သာ သိနေတယ်....(မှန်ပါ့)။

မောင်နိုင်တို့ သိထားတာက ဘာပါလိမ့် .... (အာရုံတက် ဘုရားဖြစ်ပါတယ်ဘုရား)။

အာရုံတက် ဘုရား ဖြစ်တယ်ဆိုပြီး မိုးမလင်းခင် အနေကဇာတင်ရအောင် ဒါလောက်သာ သိနေတာကိုး....(မှန်ပါ့ ဘုရား)။

စင်စစ်တော့ အဲဒါက ဘုရားဖြစ်တဲ့ အချိန်ကို သိတာပါတဲ့....၊ ဘုရားဖြစ်ခြင်း၏ အကြောင်းက အဝိဇ္ဇာ ချုပ်တဲ့ အချိန်မှာ ဘုရားဖြစ်တာ....(မှန်ပါ့) မောင်နိုင်ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် အဝိဇ္ဇာ ဘယ်အချိန် ချုပ်သတုံး....ဆိုတဲ့ အခါကျ လို့ရှိယင်ဖြင့် နံနက် လင်းကာနီးမှာ အဝိဇ္ဇာ ချုပ်သွားတယ်... အဝိဇ္ဇာ ဖြစ်ကြောင်းကိုလဲ.... အဝိဇ္ဇာကြောင့် ဒုက္ခရောက်ရတဲ့ အကြောင်းကိုလဲ ဘုရားက အစ,သိတယ်နော်....(မှန်ပါ့)။

နောက်ကျတော့ အဝိဇ္ဇာ ချုပ်သွားတော့ ဘုရားမဖြစ်ဘူး လား....(ဖြစ်ပါ့တယ်ဘုရား)။

အဲဒီတုံးမှ ငါ ဘုရားဖြစ်ပြီဆိုပြီး....“ဝိဓူပယံ တိဋ္ဌတိ မာရ သေနံ”... ဆိုတဲ့ ကိလေသာ မာရ်အောင်ပဲ့ ယူပက္ခာ .... ဆိုပြီး သကာလ ဘုရားဖြစ်တဲ့ အကြောင်းကို ခင်ဗျားတို့ .... နံနက် အနေကဇာ တင်တော့ ပါပါတယ်....(ပါပါတယ် ဘုရား) မပါကြဘူးလား....(ပါပါတယ်ဘုရား)။

အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်သိလို့....ဖြစ်ကြောင်း သိလို့လဲ.... ဘုရား ဖြစ်တယ်....၊ ချုပ်ကြောင်း သိလို့လဲ .... (ဘုရားဖြစ်ပါ တယ်ဘုရား)။

ဒါဖြင့်.... ခင်ဗျားတို့....သောတာပန် သကဒါဂါမ်, အနာ ဂါမ် တည်ချင်ကြလို့ရှိယင်လဲ အဝိဇ္ဇာ၏ ဖြစ်ကြောင်း၊ ဒုက္ခ ပေးကြောင်းကိုလဲ သိပါမှ . (မှန်ပါ့)အဝိဇ္ဇာချုပ်မှ ဒုက္ခဟူသ၍ ချုပ်မယ်ဆိုတာလဲ သိပါမှ သောတာပန် တည်မယ်.... (မှန်ပါ့ ဘုရား) နို့မဟုတ်ယင် တည်နိုင်ကြပါ့မလား....(မတည်နိုင်ပါ ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဩဝါ....ဒီအရေးဟာဖြင့်သာမည အရေးမဟုတ်ပါ့လား၊ ကြီးကြယ်ခမ်းနားတဲ့ အရေးပါလားဆိုပြီး ဒီတရားကို ဂရုစိုက်ပါ....(မှန်ပါ့)။

ခင်ဗျားတို့ ရေလဲ· ပန်းတွေ မီးတွေပူဇော်ကြပြီး သကာလ ဝဋ်ဘဝတို့တို့နဲ့ နိဗ္ဗာန်မင်္ဂိုလ် ရရပါလို့၏ ဆိုလို့ရှိယင် အဝိဇ္ဇာက မချုပ်ယင် ကိုဝ ရ,မရ....(မရပါ) အဝိဇ္ဇာဖြစ်နေယင်ကော (မရပါ) မချုပ်သေးယင်ကော ....(မရပါ) မရသေးပါဘူးဆိုတာ သေချာပလား....(သေချာပါပြီ) သဘောပါကြပလား (ပါ-ပါပြီဘုရား)။

အဲဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ငါသည် အဝိဇ္ဇာကို ဒုက္ခဖြစ်ကြောင်းလို့ မသိသေးဘူး၊ ထိုအခါမှာ ငါ့ကိုယ်ငါ ဘုရားဖြစ်ပြီလို့ ဝန်မခံသေး....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီ)။

အဝိဇ္ဇာသည် ဒုက္ခဖြစ်ကြောင်းလို့ ငါ့ဉာဏ်ထဲမှာဖြင့် ကိစ္စဉာဏ်နဲ့ မသိသေး၊ ထိုအခါ ငါသည် ဘုရားဖြစ်ပြီလို့ လောကကြီးထဲမှာ ကြော်ငြာမပေးသေးဘူး....(မှန်ပါ့) ပေါ်ကြပလား (ပေါ်ပါပြီ)။

အကြင်အခါ၌ အဝိဇ္ဇာချုပ်သွား၏၊ ခန္ဓာထဲမှာ အဝိဇ္ဇာချုပ်တဲ့အကျင့် ငါကျင့်လိုက်လို့ ချုပ်သွား၏၊ ထိုအခါ၌ ငါသည် ဘုရားဖြစ်ပြီဟု သုံးလောကခတ်မှာ ကြော်ငြာပေးလိုက်၏....(မှန်ပါ့)။

ကဲ .... ဘယ်သူလို့ရင်းဆိုတာ့ မောင်နိုင် ပေါ်ရောပေါ့....(ပေါ်ပါပြီဘုရား)။

နောက်က တကာတကာမတွေ ပေါ်ကြပလား.... (ပေါ်ပါပြီ)ဘာပေါ်ပါလိမ့်ဗျာ....(အဝိဇ္ဇာချုပ်မှုပါဘုရား)။

အဝိဇ္ဇာချုပ်မှ ဘုရားဖြစ်တယ်....(မှန်ပါ့)သဘောကျပလား (ကျပါပြီ)အဝိဇ္ဇာဖြစ်ကြောင်း သိမှလဲ ဘုရားဖြစ်တယ်(မှန်ပါ့)။

အဝိဇ္ဇာချုပ်ကြောင်းလဲ....(သိမှဘုရားဖြစ်ပါတယ်) ကိုင်း.... ဒါဖြင့် အဝိဇ္ဇာချုပ်အောင် မလုပ်နိုင်တဲ့ ပုဂ္ဂိုလ်တွေအတွက်မှာ ဖြင့် ဦးဘရှင်းရေ ဘယ်နည်းနဲ့ နိဗ္ဗာန်ရမလဲ....(မရနိုင်ပါ)မရ နိုင်ဘူးဆိုတာကော သေချာပလား....(သေချာပါပြီ)။

အေး ...ဒါကြောင့် ဒီနေ့ည ကိစ္စဉာဏ်ကို သေသေချာချာ ပြောပါ့မယ် တကာတကာမတို့ ကြိုးကြိုးစားစားနဲ့ နားထောင်ပြီး သကာလ သြော်....ဒါရှုယင် ဒီလိုရှုရမှာပါကလား ဆိုတာ မှတ်ရတော့မယ်... (မှန်ပါ့)။

ပိဋ္ဌနဌောကို အယင်ရက်ကဟော့ခဲ့ပြီ၊ သခ်ာဌော ဆိုတဲ့ ကိစ္စဉာဏ်ကိုလဲ မနေ့ကဟောခဲ့ပါပြီ၊ ဒီနေ့တော့ သန္တာပဌော ဆိုတဲ့ ကိစ္စဉာဏ်ကို ဟောလိမ့်မယ်....(မှန်ပါ့)။

သန္တာပဌောဆိုတဲ့ ကိစ္စဉာဏ် ဟောလိမ့်မယ်လို့ တကာ တကာမတွေ မှတ်ထားလိုက်စမ်းပါ ... (မှန်ပါ့)။

သန္တာပဌောဆိုတာ ပူလောင်တာ၊ ဒုက္ခသစ္စာကြီးရှိနေလို့ ရှိယင် အမြဲပူလောင်တာဘဲ တကာတကာမတွေ။

ဒီဒုက္ခသစ္စာကြီး ခန္ဓာကြီးရှိနေယင် အမြဲ ပူလောင်နေမှာ ဘဲ... (မှန်ပါ့) ဘယ့်နှယ် ပူလောင်သတုံးလို့ မေးတဲ့အခါကျ တော့မှ တကာတကာမတို့ ကိလေသာမီးက ခန္ဓာကြီးလောင် နေတာကိုး....(မှန်ပါ့)။

ကိလေသာ မီးက....(ခန္ဓာကြီး လောင်နေပါတယ် ဘုရား)။

ကိုလေသာမီးက ခန္ဓာကြီးလောင်တော့ အိပ်လို့မပျော်၊ စားလို့မဝင် တွေးလုံးတွေနဲ့ ဆွေးလုံးတွေကလာ၊ အင်း....ဘယ့်နှယ်ကြောင့် ဒီခန္ဓာကြီး ဖေါက်ပြန်နေပါလိမ့်မတုံးလို့ ကိုဝေမေးလို့ရှိယင် ကိုလေသာမီးလောင်လို့ အပူဓာတ်တွေလောင်နေလို့ဆိုယင် လဲပါ့မလား....(မလဲပါ)။

ဒါဖြင့် သန္တာပဌော- ကိုလေသာမီး ဒုက္ခမီးတို့ဖြင့် ငြိုးငြိုးတောက်ပြောင် အမြဲလောင်ကြွမ်း၍ နေတာကိုလဲ ခင်ဗျားတို့မြင်ရမယ်....(မှန်ပါ့)။

ကိုလေသာမီးကလဲ....(အမြဲလောင်ပါတယ်)ဒီခန္ဓာဘဲလောင်တယ်....(မှန်ပါ့)။

ကာယိကဒုက္ခ စေတသိကဒုက္ခမီးတွေကကော....(အမြဲလောင်ပါတယ်ဘုရား) ဒီခန္ဓာဘဲ လောင်နေတာကိုတဲ့ အရိယာမျက်လုံးတပ်ပေးမည့် သူမရှိယင် မြင်ကိုမမြင်ပါဘူး....(မှန်ပါ)။

အရိယာမျက်လုံး တပ်ပေးမည့်သူ ရှိတဲ့အခါ ကျတော့မှ ဩော်....ခန္ဓာကြီး ဉာဏ်နဲ့ စိုက်လိုက်တဲ့အခါ ကျတော့မှ ကိုဝေရေ....ဟိုနေရာက နာပြန်တာလဲ အင်း... ဒုက္ခမီးလောင်ပြန်ပြီ....(မှန်ပါ့) မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်)။

အခု ပြောမယ်လို့ဆိုကာ ရှိသေးတယ်၊ မေ့သွားပြန်ပြီဆိုတဲ့ ဥစ္စာ စဉ်းစားကြည့်လေ အဝိဇ္ဇာဆိုတဲ့ ကိုလေသာမီးက ခင်ဗျားတို့ ပြောချင်တဲ့စိတ်ကလေး လောင်ပစ်လိုက်တာ.... (မှန်ပါ့)။

ပြောချင်တဲ့ စိတ်ကလေးကို .... (လောင်ပစ်လိုက်တာပါ) အဝိဇ္ဇာက လောင်ပစ်လိုက်တာ....(မှန်ပါ့)။

အဲဒီတော့ မောင်နိုင်တို့က အသံထွက်လာတယ်၊ကျုပ်ပြောမလို့ မေ့သွားတယ်။

မောင်နိုင်ပြောချင်တဲ့ စိတ်ကလေးကို ဘယ်သူကလောင်ပစ်လိုက်သတုံး....(အဝိဇ္ဇာက လောင်ပစ်လိုက်ပါတယ်ဘုရား)။

အဝိဇ္ဇာဆိုတဲ့ ကိလေသာမီးက လောင်ပစ်လိုက်တယ် .... (မှန်ပါ့)။

တော်တော်ကြာ ကျလို့ရှိယင် ဘာကလေး ယူခဲ့မလို့၊ ဘာကလေးလှူမလို့၊ ဘာကလေးတန်းမလို့ စိတ်ကူးလိုက်တယ် မောင်နိုင်....(မှန်ပါ့) ဘော်တော်ကြာကျလို့ရှိယင် မေ့ပစ်ခဲ့တယ်....(မှန်ပါ့)လှူချင် တန်းချင်တဲ့စိတ်ကလေးကိုအဝိဇ္ဇာဆိုတဲ့ ကိလေသာမီးက လောင်ပစ်လိုက်တယ်....(မှန်ပါ့)၊ သဘောကျပလား....(ကျပါပြီ)။

ဒါမြင့် ခင်ဗျားတို့သန္တာန်မှာ ကိလေသာမီးဟာ မေ့တိုင်း မေ့တိုင်း လောင်နေတယ်....(မှန်ပါ့)။

ဒါ ခင်ဗျားတို့ကလဲ ကြက်သရေယူတယ်၊ တကာတကာမတွေက ကြက်သရေယူတယ်၊ ကျုပ်က မေ့တတ်တယ်၊ ဗွေမယူပါနဲ့၊ ကိုဝ ဒီလိုပြောလေ့ရှိတယ်....(မှန်ပါ့)။

ကျုပ်ကဘာတဲ့....(မေ့တတ်ပါတယ်) ပြီးတော့ ဘယ်လိုဖုံးလိုက်သတုံး....(ဗွေမယူပါနဲ့တဲ့)။

ဗွေမယူပါနဲ့ အံ့မာလေး....ကြောက်စရာကြီးပါလားသူ့ဟာပြောယင်လဲ တကာတကာမတွေ ဒီလိုပြောလိုက်စမ်းပါ၊ကျုပ်က ကိလေသာပေါတယ်၊ ဒါ့ကြောင့် ကိလေသာမီးတွေက လောင်လောင်ပစ်သောကြောင့် သန္တာပဌမီးက ကျုပ်ကိုအမြဲလောင်နေသောကြောင့် ကျုပ်အတွက်ဖြင့် ဘယ်လိုမှ မစဉ်းစားကြပါနဲ့

ကိုလေသာ ပေါ်များလွန်းလို့ လောင်တတ်တဲ့ တရားတွေက လောင်လွန်းလို့ ပြောလိုက်သော်လဲ ကြက်သရေမရှိလို့ ကိုဝ-မသုံးဘူးဗျ....(မှန်ပါ့)။

စင်စစ်တော့ မေ့တယ်ဆိုတာ ဘယ်သူလောင်တာတုံး.... (ကိုလေသာမီးလောင်တာပါ) အဝိဇ္ဇာဆိုတဲ့ ကိုလေသာမီး လောင်တာ....(မှန်ပါ့)။

တဏှာဆိုတဲ့ ဒီပြင်ကိုစွတ်ကို လုပ်နေရတာနဲ့ သူတော် ကောင်းအလုပ် မေ့တယ်ဆိုတာလဲ ဦးဘရှင်း ဒါလောကီ အရောင်းအဝယ် လောဘကိစ္စတွေကလဲ ကုသိုလ်စိတ်တွေကို ဘာလုပ်ပစ်သလဲ... (လောင်ပစ်ပါတယ်)။

လောင်ပစ်လိုက်တယ်၊ လောင်ပစ်လိုက်တဲ့ အခါကျတော့ သတိရသေးရဲ့လား....(မရပါဘုရား)။

ဒါဖြင့် တကာ တကာမတွေမှာ ဒီလိုသွားမယ်ကြံလို့ ဆင်မည့် ပြင်မည့်အလုပ်တွေ ကိစ္စတွေ ဟိုဟာအချိုးမကျ၊ ဒီဟာ အချိုးမကျ ဟာ-ကိုဝ ဘာဖြစ်တာတုံး....(ကိုလေသာမီးလောင်တာပါဘုရား)။

အဲဒါ ဘယ်သူမှမသိဘူး....(မှန်ပါ့) ဘယ်သူ့ကို လောင်သတုံး မေးတဲ့အခါကျတော့ ခုနင်က ကောင်းတဲ့စိတ်ကလေးတွေကို လောင်လိုက်တာ....(မှန်ပါ့) သဘောကျပလား... (ကျပါပြီဘုရား)။

ကောင်းတဲ့ စိတ်ကလေးလောင်တော့ မောင်နိုင်ရေ ရုပ်ကော မလောင်ဘူးလား... (လောင်ပါတယ်) စိတ်နဲ့ ရုပ်နဲ့ဟာတဲ့လျက်ပါလား....(မှန်ပါ့)။

ဒါဖြင့် စိတ်ရော ရုပ်ရော ဘယ်နှယ်နေသတုံး .... (လောင်ပါတယ်ဘုရား)။

ဩော်....ဒါဖြင့် တကါတကာမတော့ အခုလိုသစ္စာဏ် ကိစ္စာဏ်နဲ့ ပြောလိုက်တော့မှ ဩော်....ကိလေသာမီးဟာ တယ်လောင်ချက်ပြင်းပါကလား ဆိုတဲ့ဥစ္စာ သူက လောင်ခြင်းကိစ္စရှိတာကိုး....(မှန်ပါ့)။

ကိလေသာမီးဟာ ဘာလုပ်သလဲ .... (လောင်ခြင်းကိစ္စရှိပါတယ်ဘုရား)။

လောင်ခြင်းကိစ္စ ရှိတာနဲ့ဘဲတဲ့ တကာတကာမတွေတဲ့ ဟိုဟာမေ့ ဒီဟာအချိုးမကျ၊ အလုံးစုံအကုန်ဖြစ်နေတာ မောင်နှိုင်ပေါ်လောက်ပါပြီ....(ပေါ်ပါပြီဘုရား) ဘာလောင်တာတုံး.... (ကိလေသာမီးလောင်တာပါ)။

ကိလေသာမီးလောင်လိုက်တာ တကာတကာမတွေ ပစ်ထားခဲ့-ဘယ်လိုဖြစ်နေခဲ့- ဗလဖွေကျနေရစ်- တံခါးမပိတ်မိ- ကိုဝ.... ဘာတွေ ဖြစ်နေတာတုံး .... (ကိလေသာမီး လောင်နေတာပါဘုရား)။

ကိလေသာမီး လောင်နေတာနော် .... အခု ပြောမည့် ဥစ္စာကလေး ကိုဝ-ဟိုပြောမည့် ဟာကလေး မပြောဖြစ်၊ ဟိုဘက်ရောက်သွားလိုက်၊ ဘာဖြစ်တာတုံးမေးယင် ဘယ်နှယ် ဖြေကြမလဲ....(ကိလေသာမီး လောင်တာပါဘုရား)။

ဩော်....ဒါဖြင့် ကိုလေသာမီးဟာဘာကိုလောင်ပါလိမ့်မတုံးမေးတဲ့ အခါကျတော့ စိတ်ကိုလဲလောင်တယ်၊ ရုပ်ကိုကော .... (လောင်ပါတယ်ဘုရား)။

ရုပ်ကို လောင်တာမျှား သိသာလိုက်တာ ဟိုဘက်သွားမယ်လို့ လုပ်နေတဲ့ဥစ္စာ ဒီဘက်ပြန်လှည့်ချင် လှည့်လာတာ....(မှန်ပါဘုရား)။

ဟိုဘက်သွားတဲ့ ရုပ်ကို လောင်ပစ်လိုက်တာ ဒီဘက်ပြန်တဲ့ရုပ်ပြန်ဖြစ်မလာဘူးလား....(လာပါတယ်) ဒါဘယ်သူ လောင်လိုက်တာပါလိမ့်....(ကိလေသာမီးလောင်တာပါ)။

တချို့မျှား အထဲဝင်အပြင်ထွက်ကိုဘဲ ပြီးနိုင်သေးရဲ့လား.... (မပြီးနိုင်ပါဘုရား)။

ဟာ့ ဘာဖြစ်နေတာတုံးမေးယင် ဘယ့်နှယ် ပြောပါ့မယ်.... (ကိလေသာမီးလောင်တာပါဘုရား)။

မေ့လိုက်၊ မေ့လိုက်လို့ ကိလေသာကလောင်လိုက်၊ လောင်ပြီးသကာလ တခါသတိရတဲ့စိတ်ကလေး ပေါ်လာလိုက်၊ သတိရပြန် အတွင်းကျပြန်လို့ရှိယင် မေ့လိုက်ဆိုတော့- ထဲဝင် ပြင်ထွက်ကို- မောင်နိုင် အားသေးရဲ့လား....(မအားပါဘုရား)။

ဒါ ဘာဖြစ်ကြတာတုံးမေးယင်....(ကိလေသာမီးလောင်တာပါ ဘုရား)။

ဒါဖြင့် သန္တာပဌေဝ ကိလေသာမီး ဒုက္ခမီးတို့ဖြင့် ငြိုးငြိုးတောက်ပြောင်အမြဲအလောင်ခံနေရတဲ့ခန္ဓာကြီးပါလား(မှန်ပါ) ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။

ဒီခန္ဓာကြီးဟာ တကာတကာမတို့ သေသေချာချာစဉ်းစား ကြည့်တဲ့အခါကျတော့မှ အမြဲအလောင်ခံနေရတာ.... (မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီ)။

ဟာ-ဒုက္ခမိုးကဲလဲ ဟိုနေရာကလောင်လာပြီးသကာလ ကျန်တဲ့ နာမ်တွေ ရုပ်တွေ မလောင်ဘူးလား .... (လောင်ပါတယ် ဘုရား)။

သုခမိုးကလဲ တကာတကာမတွေ ဝမ်းသာသလိုလိုနဲ့ သော မနဿကလေးပေါ်တာ သူဝမ်းသာသလိုလိုနဲ့ သူတော်ကောင်း စိတ်တွေများ ပျောက်သွားလိုက်တာ.... (မှန်ပါ့) အင်း... သုခမိုး မလောင်ဘူးလား....(လောင်ပါတယ်ဘုရား)။

သုခမိုးက အေးအေးနဲ့လောင်တယ်....(မှန်ပါ့)ဒုက္ခမိုးက ပူပူ နဲ့လောင်တယ်....(မှန်ပါ့)မောဟမိုးက အလုံးစုံသတိမရဖြစ်အောင် လောင်ပစ်တယ်....(မှန်ပါ့)။

တကာတကာမတို့ခန္ဓာကိုယ်ထဲမှာ မိုးဆယ့်ကမိုးရှိတယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီ)။

ဒါဖြင့် ခန္ဓာကိုယ်ကြီးဟာ ကိုယ်ဝရေ မိုးလောင်ခံခြင်းကိစ္စ ရှိ-မရှိ....(ရှိပါတယ်ဘုရား)။

ဒါဖြင့် မိုးလောင်ခံခြင်းကိစ္စ ရှိသောကြောင့် ဤခန္ဓာကြီးကို ဘာသဘောဖွဲ့ကြမယ်....(ဒုက္ခသစ္စာပါဘုရား)။

ကိုင်း....တကာတကာမတို့ခန္ဓာရှိယင်ဖြင့် မိုးဆယ့်ဘမိုးလောင် မှာဘဲ့....(မှန်ပါ့)သဘောပါကြလား....(ပါပါပြီ)။

ဆယ် တမီး လောင်ခံနေရတဲ့ ဥစ္စာဟာအချိန်ဘယ်အချိန်တုံး မေးလို့ ရှိယင်ဖြင့်.... တဲ့၊ အချိန်တိုင်းပါဘဲ....(မှန်ပါ့)။

မောင်နှိုင် ဘယ့်နှယ်ဆိုပါ့မယ်....(အချိန်တိုင်းပါဘဲဘုရား) အချိန်တိုင်း လောင်နေတယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ကိုလေသာမီးကမျှး လောင်လိုက်တဲ့ အခါကျလို့ ရှိယင်ဖြင့် ဟိုပြေးရတော့မလို- ဒီသွားရတော့မလို၊ ဟိုလဲ စိတ်မချ၊ဒီလဲ စိတ်မချနဲ့ အင်း.... လှေခါးထစ်မျှး ချော်ကျ၊ လမ်းမှာခလုတ်ကြီးတွေ့မမြင်၊ ဟတ်ထိုးလဲ၊ဟာ .... ဘာဖြစ်တာတုံးလို့ ကိုပေါ် မေးယင်ဘယ့်နှယ်ဖြေပါ့မယ် .... (ကိုလေသာမီး လောင်တာပါဘုရား)။

ကိုလေသာမီး လောင်လိုက်တဲ့အခါကျလို့ ရှိယင်ဖြင့် တခါတည်း အိပ်လို့ကော ပျော်သေးရဲ့လား....(မပျော်ပါ) လမ်းသွားလို့ကော လမ်းက အတိုက်လေးတောင်မှ အမောမျှးဆိုက်နေလိုက်သေးတယ်....(မှန်ပါ့)ဘာ ဖြစ်ကြတာဘုံးမေးယင် ဘယ့်နှယ်ဖြေပါ့မလဲ....(ကိုလေသာမီး လောင်တာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ခန္ဓာကိုယ်မှာ အလောင်ခံခြင်းကိစ္စရှိတယ် (မှန်ပါ့)။

ခန္ဓာကိုယ်ကြီးဟာ- (အလောင်ခံခြင်းကိစ္စရှိပါတယ်ဘုရား)။

အလောင်ခံခြင်းကိစ္စ ရှိတယ်ဆိုတာ ဝိပဿနာရှုလိုက်တဲ့အခါကျတော့ စိတ်ကလေးတခု ပျောက်သွားယင် သြော်... လောင်လို့ ပျောက်သွားတယ်....(မှန်ပါ့) ရုပ်ကလေးတခု ပျောက်သွားယင်ကော....(လောင်လို့ ပျောက်သွားတာပါဘုရား)။

လောင်လို့ ပျောက်သွားတာဘဲဆိုတာ မောင်နိုင်ကျေနပ်ပ
လား....(ကျေနပ်ပါပြီဘုရား)

အဲ....ပျောက်တိုင်း- ပျောက်တိုင်း ဩော်....လောင်ခြင်းကို့စွ
ကြောင့် လောင်သွားပြီ လောင်သွားပြီ၊ သန္တာပဌာဝ ဆိုတဲ့
ကိုလေသာမီးဒုက္ခမီးတို့ဖြင့် ငြိုးငြိုးတောက်ပြောင် အမြဲအလောင်
ခံ နေရတဲ့ သဘောဟာ ဒီခန္ဓာဘဲ....(မှန်ပါ့)။

ဒါဖြင့် ဒုန်းစင်္ကွားပျော်ဆိုတာ နာစရာရှိရဲ့လား.... (မရှိပါ
ဘုရား)။

နောက်ကျတော့ကတည်ကဏ်ဘက်ကူးသွားတော့ တကာတကာ
မတို့ နန်းတော် အိမ်တော်ကြီးကို သူမျက်စိလည်ပြီး ရောက်သွား
တဲ့ အခါကျတော့မှ သူ တလားပျက်- လောင်တိုက်ပျက်တွေကို
သူအရုပ်ဆိုးမှန်း သူမသိပေဘူးလား .... (သိပါတယ်)မြို့ထဲ နန်း
တော် အိမ်တော်ထဲရောက်သွားတဲ့ အချိန်ကျတော့လေ .... (မှန်
ပါ့ဘုရား)။

သူ့မှာ စားရတာလဲ ကူးတို့ခနဲ့ စားရတယ် မြေတူးစားရ
တယ်၊ ကွမ်းဆေး လဘက်ကလဲ အကျန်အကြွင်းတွေစားရတယ်၊
အိမ်ဆောက်နေရပြန်လဲ တလားပျက် လောင်တိုက်ပျက်တွေနဲ့
ဆိုတာ ခုနင်က နန်းတော် အိမ်တော်ရောက်သွားတော့မှ ကိုယ်
ကျိုးနည်းပဟေ့ ဆိုတာ သူ့ဟာသူသိတယ်....(မှန်ပါ့)။

ဒီမှာလဲ ကိုစဉ်ကဏ်ကနေပြီး ခုနင်က လောင်စာမီးငြိမ်းတာ
မြင်လိုက်တဲ့အခါကျတော့မှ ကိုဝရေနန်းတော် အိမ်တော်ရောက်
သွားတာကိုး....(မှန်ပါ့) သူနေခဲ့တာတွေ ကြက်သရေရှိတယ်လို့
ယူသေးရဲ့လား....(မယူပါဘုရား)။

ခုနင်က ငိုသံကြားနဲ့ ပျော်သေးရဲ့လား.... (မပျော်ဖူး) ပြောင်းမသွားသေးဘူးလား....(ပြောင်းသွားပါပြီဘုရား)။

ဒါဖြင့် ဘယ်ညာဏ်က ဘယ်ညာဏ်ပြောင်းပုံကို ဥပမာပေးတာလဲဆိုတာကော ရိပ်မိကြပလား'...(ရိပ်မိပါပြီဘုရား)။

ဘယ်ညာဏ်က ဘယ်ညာဏ်ပါလိမ့်....(ကိုစ္စဉာဏ်က ကတညာဏ်ပါဘုရား)။

ကိစ္စဉာဏ်တုန်းကတော့ အလောင်ခံနေရတဲ့ ကိုစ္စသာ သူသိတယ်၊ ဒါ ထုံးစံဘဲ ခုရမှာဘဲဆိုတာသာသိတယ်.... (မှန်ပါ့) မသိဘူးလား....(သိပါတယ်ဘုရား)။

လောင်ခြင်းကိစ္စကို မြင်အောင် ကြည့်နေရတာကိုးဗျ .... (မှန်ပါ့)။

နောက်တော့ ဒီ မြင်ဖန်များလာတဲ့အခါ ကျလို့ရှိယင် ဒီအဖြစ်ကိုဖြင့် လိုဘဲမလိုချင်ပါဘူး၊ ဒီကိစ္စသောက် ဆိုးဝါးတာလဲ ရှာမတွေ့ပါဘူး၊ ဒီကိစ္စမျိုးဖြင့် မကြုံချင်တော့ပါဘူးဆိုတဲ့ ဉာဏ်လာတော့ ခုနင်က လောင်စာသိမ်း မီးငြိမ်းတဲ့ဆီကိုဉာဏ်က မရောက်ပေဘူးလား....(ရောက်ပါတယ်ဘုရား)။

ရောက်သွားတဲ့ အခါကျတော့မှ နန်းတော် အိမ်တော်ရောက်သွားတော့ ကိုယ့်ဟာတွေ ပြန်လွှမ်းသေးရဲ့လား.... (မလွှမ်းပါဘုရား)။

အဲ....ကိစ္စဉာဏ်တုန်းက အသိနည်းသေးလို့... (မှန်ပါ့) ကတညာဏ်ကျမှ အဘိုးတန်သွားတယ်.... (မှန်ပါ့) ရိပ်မိကြပလား.... (ရိပ်မိပါပြီဘုရား)။

ကိုစွဉ်ကျတုန်းကတော့.... (အသိနည်းပါသေးတယ်) ကတဉ်ကျတော့....(အဘိုးတန်ပါတယ်) အသိဆုံးပြီကိုးဗျ.... (မှန်ပါ့)တကာကြီးလို့ ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒါဖြင့် ကိုစွဉ်ကျမပါဘဲနဲ့လဲ ကတဉ်ကျဆိုတာ မပေါ်နိုင်ဘူး....(မှန်ပါ့) ပေါ်နိုင်ပါ့မလား....(မပေါ်နိုင်ပါဘုရား)။

ကိုယ်လုပ်နေတဲ့ အလုပ်ကို မိုးလောင်ခံနေရတဲ့ ကိုစွကြီးကို တကာတကာမတွေ့ ဖြိုင်ဖြိုင်သိပါမှ မိုးလောင်တာသည် ကား လို့ဆိုယင် ဒုက္ခအစစ်ကို ပိုင်ပိုင်နိုင်နိုင်သိတော့မှ ဒီအဖြစ်ဟာဖြင့် အဆိုးဝါးဆုံး ဒုက္ခဘဲလို့ ဉာဏ်ထဲမှာရင့်လာတော့မှ မိုးလောင်တဲ့ကိစ္စက ရုပ်သိမ်းသွားတယ်....(မှန်ပါ့)။

ရုပ်သိမ်းသွားတော့ ဘာဖြစ်သတုံးမေးတော့ ဘာမြင်ရသတုံးမေးတော့ လောင်စာသိမ်း မိုးလဲငြိမ်းတာ သွားမြင်တယ်.... (မှန်ပါ့ဘုရား)။

လောင်စာလဲသိမ်း မိုးလဲငြိမ်းတာ သွားမြင်တာက ကိုယ့်ခန္ဓာသွားမြင်တယ်....(မှန်ပါ့)။

ကိုယ့်ခန္ဓာထဲမှာ လောင်စာကော တွေ့သေးရဲ့လား .... (မတွေ့ပါ) မိုးကော....(မတွေ့ပါဘုရား)။

အဲ- မိုးသိမ်းတာက နောက်က ကိုလေသာသေတာ၊လောင်စာသိမ်းတာတွေက ရုပ်ရှုယင် ရုပ်ချုပ်တာ.... (မှန်ပါ့) နာမ်ရှုယင် (နာမ်ချုပ်ပါတယ်ဘုရား)သဘောကျပလား....(ကျပါပြီ)။

မိုးသိမ်းတာက နောက်က မဂ္ဂသစ္စာက ဒီဒုက္ခဝိစိကိုဆွဲ ဆိုတဲ့ မိုးတွေသိမ်းပစ်လိုက်တာ....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

အင်း....ရှေ့မှာ ဖြစ်ပျက်ဒုက္ခတွေ့ မတွေ့တာက လောင်စာသိမ်းတာ....(မှန်ပါ့)။

ရှေ့မှာ ဖြစ်ပျက် မတွေ့တာက....(လောင်စာသိမ်းတာပါဘုရား)။

နောက်က တဏှာဒိဋ္ဌိ မလာတာက....(ကိလေသာ ငြိမ်းတာပါ့) မီးသိမ်းတာ၊ မီးငြိမ်းတာ၊ ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ရှေ့ပိုင်း ဖြစ်ပျက်မရှိတာက....(လောင်စာ သိမ်းတာပါ) လောင်စာသိမ်းတာဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီ)။

အင်း... ကိလေသာ မီးတွေကကော နောက်ပိုင်းက ငြိမ်းတာဆိုတာကော သေချာပလား....(သေချာပါပြီဘုရား)။

အဲဒါ ဘယ်ဉာဏ်ကျမှ ဒီ လောင်စာသိမ်း၍ မီးငြိမ်းတာဆိုတာ မြင်ရမလဲဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီ) ဘယ်ဉာဏ်ကျမှလဲ....(ကတဉာဏ်ကျမှပါဘုရား)။

ဒါဖြင့် ကိစ္စဉာဏ်က လောင်စာနဲ့ မီး လောင်နေတာကို မြင်တဲ့ ဉာဏ်သည် ဘာဉာဏ်တုံး....(ကိစ္စဉာဏ်ပါ ဘုရား)။

ရှင်းကြပြီနော်....(မှန်ပါ့) လောင်စာနဲ့ မီး လောင်နေတာ မြင်ရတာသည်....(ကိစ္စဉာဏ်ပါဘုရား)။

ကိုစ္စဉာဏ်၊ သို့သော်လဲ သူလဲ တဏှာတော့ သတ်ပါတယ်၊ ဒိဋ္ဌိကော....(သတ်ပါတယ်)သူ့ဟာသူ လောင်နေတာ သေသေချာချာ မြင်ပေါ့ကိုးဗျ....(မှန်ပါ့)။

အဲဒီတော့ သူ ရင့်လာတဲ့ အခါကျလို့ ရှိယင် ဒီ အဖြစ်မျိုး ကြုံချင်သေးရဲ့လား....(မကြုံချင်ပါဘုရား)။

အဲ....မကြုံချင်တဲ့ အချိန် ဉာဏ်ရင့်လာလို့ မကြုံချင်တာသည် ကိစ္စဉာဏ် ရင့်တယ်....(မှန်ပါ့)။

ရင့်နိုင်သ၍ ရင့်လို့ ရှုဖန်များလို့ ရင့်သွားတဲ့အခါကျတော့ လောင်စာကကော မြင်ရသေးရဲ့လား....(မမြင်ရပါဘုရား) ဖြစ်ပျက်လဲ ရှာမတွေ့ဘူး....(မှန်ပါ့)နောက်က ဒီဥဝိစိကိစ္ဆာကကော (ငြိမ်းပါတယ်ဘုရား)။

ဒါဖြင့် အဲဒါကတော့ ဘယ်လိုဆိုကြမတုံးလို့ မေးတော့ ကိုယ့်သန္တာန်မှာ လောင်စာလဲ သိမ်း၍ ကိုယ့်ကိလေသာမီး ငြိမ်းတာ....(မှန်ပါ့)။

ကိုယ့်သန္တာန်မှာ.... (လောင်စာသိမ်း၍ မီးငြိမ်းပါတယ်) လောင်စာသိမ်းပြီ....(မှန်ပါ့) ဒီ ဉာဏ်က,နေပြီး ဖြတ်လိုက်တာ နောက်ပိုင်းက မီးတွေကကော....(ငြိမ်းသွားပါတယ် ဘုရား)။

ရှေးပိုင်းက လောင်စာသိမ်းတယ်၊ နောက်ပိုင်းက....(မီးငြိမ်းသွားပါတယ်ဘုရား)။

မီးငြိမ်းတာကိုတဲ့ တကာတကာမတွေ့ ခုနင်က ဉာဏ်ကလေးက မမြင်ရဘူးလား....(မြင်ရပါတယ်ဘုရား)။

မြင်ရတဲ့ အခါကျတော့ ဖြစ်ပျက်တွေ့ မရှိဘူး ဘုရား....ချုပ်သွားပြီ၊ ဘာမှကို တပည့်တော်ဖြင့် မတွေ့ဘူးဆိုတော့မှ ဒုန်းစင်္ကွားဘဝ ကျတ်သွားတယ်...(မှန်ပါ့) နန်းတော်, အိမ်တော် မြင်ရပြီကွ....(မှန်ပါ့)။

တကာတကာမတွေ့ ကိန်းရာဌာနဖြစ်တဲ့ နိဗ္ဗာန်ကြီးကို....(မြင်ရပါပြီဘုရား)။

အဲဒါကြောင့် ယနေ့ ဟောတဲ့ တရားမှာ နိဗ္ဗာန်ဆိုတာ ဘာတုံးလို့ မေးတဲ့အခါကျမှ လောင်စာသိမ်း၍ မီးငြိမ်းတာ(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

နိဗ္ဗာန်ဆိုတာ မြို့ကြီးလား....ပြကြီးလား....မေးယင် ဘယ့်နှယ်ဖြေကြမလဲ...(လောင်စာသိမ်း၍ မီးငြိမ်းတာပါဘုရား)။

ဒါဖြင့် လောင်စာနဲ့ မီး လောင်နေတာမှ ကိစ္စဉာဏ် မရဘဲနဲ့ ကိုပေါ်....ကို၀တို့က လောင်စာသိမ်း၍ မီးငြိမ်းတာကို ဘယ့်နှယ်နည်း ရောက်မလဲ....(မရောက်ပါဘုရား)။

သူ့ကို ရှင်မုန်းပြီးသကာလ မလိုချင်မှ ဟိုဘက်ရမှာ-(မှန်ပါ့) ကတဉာဏ်က ပေါ်မှာ....(မှန်ပါ့)။

ဒါဖြင့် ကိစ္စဉာဏ် မပေါ်ဘဲနဲ့ ငါနိဗ္ဗာန်ရခဲ့တယ် ဆိုလို့ရှိယင်ဖြင့် ကိုပေါ်....ကို၀....ယုံကြမလား--(မယုံပါဘုရား)သဘော ပါကြလား....(ပါ့ပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့ အလုပ်လုပ်နေတဲ့ ဖြစ်ပျက်ရှုနေတာ ကိစ္စဉာဏ် လုပ်တယ်လို့ ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့)။

ခင်ဗျားတို့ အလုပ် လုပ်နေတာ....(ကိစ္စဉာဏ် လုပ်နေတာပါဘုရား)။

ကိစ္စဉာဏ်လုပ်နေတာ....(မှန်ပါ့)တနေ့လဲ ဘုရား....ဒီဖြစ်ပျက်ဘဲ...ဖြစ်လိုက် ပျောက်သွားတာဘဲ မြင်နေတာဘဲ၊ ဖြစ်လိုက် ပျောက်သွားတာဘဲ မြင်တာဘဲ၊ ဒီ ဖြစ်ပျက်ဘဲ ဉာဏ်အောက်

ကာကို မထုတ်သေးပါဘူးဆိုတဲ့ ဥစ္စာ ကိုစ္စဥာဏ် မရင့်သေးဘူး-(မှန်ပါ့) ကိုစ္စဥာဏ်ကို မြင်နေတာဘဲ....(မှန်ပါ့)။

နောက်ကျလာတော့ မြင်ဖန်များပြီးသကာလ လာတဲ့အခါကျတော့ ဦးဘရှင်းရေ....ဒီ လောင်စာသိမ်းချ မီးငြိမ်းချင်တဲ့ စိတ်ဟာ ပေါ်မလာဘူးလား....(ပေါ်လာပါတယ်ဘုရား)။

ပေါ်လာတဲ့ အချိန်ကျတော့ ခုနင်က လောင်စာနဲ့ မီးတွေ့သည် ငြိမ်းချင်တဲ့ သဘောလဲ ပေါ်ပါရော ဖျတ်ဆို ဖြစ်ပျက်ချုပ်တာဘဲ....(မှန်ပါ့)။

ဖြစ်ပျက် ချုပ်သွားတာကို သူ မမြင်ရဘူးလား....(မြင်ရပါတယ်)ရှုတဲ့ ဉာဏ်ကတော့ အစဉ်အတိုင်း မြင်ရမှာဘဲ....(မှန်ပါ့ဘုရား)။

အဲဒီ မြင်တဲ့ ဉာဏ်သည် ကတဉာဏ်....(မှန်ပါ့)မီးလောင်နေတာ မြင်တဲ့ ဉာဏ်က....(ကိုစ္စဉာဏ်ပါ)လောင်စာသိမ်းချ မီးငြိမ်းတာ မြင်တဲ့ ဉာဏ်က....(ကတဉာဏ်ပါဘုရား)။

ဒါဖြင့် တရားတပ်လုံးဘဲ ယနေ့ အင်မတန် အဘိုးတန်တဲ့....စကားနှစ်လုံးတည်းဘဲ သုံးပါတယ်....(မှန်ပါ့)ဖြစ်ပျက် မြင်တာသည်....(ကိုစ္စဉာဏ်ပါ) ဖြစ်ပျက် ဆုံးသွားတာ မြင်တာသည်....(ကတဉာဏ်ပါဘုရား)။

သြော်....ဒါဖြင့် ကိုစ္စဉာဏ် ရှေ့သွားရှိမှ ကိုဝ....ကတဉာဏ် လိုက်မယ်....(မှန်ပါ့)။

နောက်က တကာတကာမတွေ့....(ကိုစ္စဉာဏ် ရှေ့သွားပြီးမှ ကတဉာဏ် လိုက်ပါမယ်ဘုရား)။

ဒါဖြင့် ကိုစွန့် ကတ ဝေးသလားလို့ မေးတော့ ဦးဘရှင်း က ဘယ် နှယ်ဖြေမလဲ....(အနီးပါဘုရား) အနီးကလေး.... ။
အဲဒါကြောင့် ဘုရားက သံယုတ်ပါဠိတော်ကျတော့....
ယဿာ တောဒိသံ ယာနံ၊ ဣတ္ထိယာ ပုရိသဿဝါ။
သဝေ ဇေတေန ယာနေန၊ နိဗ္ဗာနဿေဝ သန္တိကေ။

နိဗ္ဗာနဿေဝ=နိဗ္ဗာန်၏သာလျှင်၊ သန္တိကေ=ကိုစွဉ်ာဏ် ရှိလို့ရှိယင်ဖြင့် အနီးကလေးကွာ....(မှန်ပါ့)ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ကိုစွဉ်ာဏ်ရယင်....(အနီးကလေးပါဘုရား)ဒါဖြင့် ကိုစွဉ်ာဏ် ဆိုတာ ခင်ဗျားတို့ ရှုနေတဲ့ ဖြစ်ပျက်....(မှန်ပါ့) ကတဉာဏ် ဆိုတာသည် ခင်ဗျားတို့ ရှုနေတဲ့ ဖြစ်ပျက် ဆုံးတာကို မြင်တဲ့ ဉာဏ်ဟာ ...(ကတဉာဏ်ပါဘုရား)ပေါ်ကြပလား....(ပေါ်ပါပြီ ဘုရား)။

ကဲ....နက်ဖြန်မှ ဆက်ကြဦးစို့....။

သာဓု....သာဓု....သာဓု

ကျေးငှးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်မြို့ မင်္ဂလာတိုက်

ဆရာတော် ဘုရားကြီး ဟောကြားဆုံးမတော်မူသော

(မဟာပစ္စဝေက္ခဏာ ၇-ချက်)

ညအလုပ်ပေးတရားတော်

(၁-၇-၆၂)

ဒီနေ့တရားက တကာတကာမတွေ့ဒုက္ခချုပ်အောင် လုပ်ပါ ဆိုတာ တိုက်တွန်းလိုက်တယ်နော်....ဒုက္ခချုပ်တဲ့ပုဂ္ဂိုလ်၏ စိတ်နေစိတ်ထား သဘောသဘာဝကိုပြောမယ်၊ ဒုက္ခလဲ ချုပ်အောင်လုပ်ကြပါ။ ကိုယ်ဒုက္ခချုပ်တယ် မချုပ်တယ်ဆိုတာကိုလဲ အခုပြောမည့် ခုနစ်ချက် ကိုယ့်စိတ်ထဲမှာ ပေါ်လာလို့ရှိယင်ဖြင့် သြော်-ငါဟာ ဘယ်သူ့ကိုမှ မေးမနေနဲ့တဲ့၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ငါ သောတာပန်တည်လို့ဘဲ... လို့ ဆုံးဖြတ်ချက်ချပါ။

ဒါဖြင့် ဒီဥစ္စာ သောတာပန်နဲ့ ပုထုဇန်ထူးအောင် စိတ်နေစိတ်ထားသဘောသဘာဝထူးတာကို ဟောတဲ့၊ ကောသမ္ဗီယသုဘ် လို့မှတ်လိုက်စမ်းပါ.... (မှန်ပါဘုရား) မူလပဏ္ဏာသ ပါဠိတော် ကောသမ္ဗီယသုတ်လို့ ကိုပေါ်တို့ ကိုဝတို့မှတ်ပါနော် (မှန်ပါ

သို့သော် ဒီဥစ္စာက ပုထုဇဉ်ပုဂ္ဂိုလ်နဲ့ သောတာပန်ပုဂ္ဂိုလ်မျှား ကိုယ့်ဟာကိုယ် တည်နေတယ်မသိဘူး၊ မသိပေမဲ့လဲ အခု ဘုရား သခင် ကိုယ်တော်မြတ်ကြီးက ဟောဒါ ပုထုဇဉ်တို့နဲ့ ကွာခြားတဲ့ အမျိုးခုနစ်ချက်ရှိတယ်ကွာ....ဆိုပြီးသကာလ ဟောထားတာ ဖြစ်ပါတယ်....(မှန်ပါ့)။

ဒါကြောင့် ဒုက္ခချုပ်တဲ့ပုဂ္ဂိုလ်လဲပါတယ်၊ ဒီအထဲမှာမချုပ်သေးတဲ့ ပုဂ္ဂိုလ်တွေလဲ ပါကြတယ်၊ ပါကြတော့ ဒီဥစ္စာ.... ကိုယ့်ဟာကိုယ် ဝေဘန်ပြီးသကာလ သိဘို့ရာ သူများမေးမနေနဲ့တော့ ဒီခုနစ်ချက် စိတ်ထဲမှာ ပေါ်လို့ရှိယင်ဖြင့် ငါသည် အပါယ်လေးပါး တံခါးပိတ်ပြီးသကာလ အထက်မဂ်, အထက်ဖိုလ်သာတက်ပြီးသကာလ သွားဘို့ရှိတော့တယ်၊ မဖြစ်ကောင်းတဲ့ ခြောက်ဋ္ဌာနလဲ မဖြစ်တော့ဘူး....ဆိုတာကို ကိုယ့်ဟာကိုယ် ရဲရဲတင်းတင်း ဆုံးဖြတ်ချက်ချ....(မှန်လှပါဘုရား) ဒါဖြင့် အင်မတန် အရေးကြီးတဲ့စစ်တမ်းဘဲဆိုတာ ပေါ်လာလိမ့်မယ်....(ပေါ်လာပါတယ်ဘုရား)။

ဒါ.... ဘယ်အကြောင်းပြု ပြောပါလိမ့်မတုံး.... ဆိုတော့ ကောသမ္ဗီပြည်ဆိုတာ ရှိပါတယ်၊ ကောသမ္ဗီပြည်မှာ ရဟန်းတပါးက ကုဋီတက်တယ်....(မှန်ပါ့) ကုဋီတက်တော့ ကုဋီထဲမှာဆိုတော့ တကာ့ တကာမတွေ သန့်သက်ရေဆိုတာ ဆေးကြရတယ်....ကျင်ကြီးသွားပြီးယင် ဆေးကြရတယ်။

တပါးက အဘိဓမ္မာနိုင်တဲ့ ဘုန်းကြီးက ဆေးပြီးသကာလ ရေကလေးတဝက် ချန်ပစ်ခဲ့တယ်... ခွက်ထဲမှာ၊ ဆေးတဲ့ခွက်ထဲမှာ ထွက်လာခဲ့ရော....နောက် သုတ္တန်ဝိနည်း ဘုန်းကြီးက တက်တဲ့အခါမှာ ရေကျန်ကလေးတွေ့တယ်....(မှန်ပါ့)။

ရေကျန်ကလေးတွေ့တော့ အရှင်ဘုရား....ဒီဥစ္စာ အရှင်ဘုရား ထားခဲ့တဲ့ ရေကျန်လား....တဲ့၊ ဟုတ်တယ်.... မေ့ပြီး ထားခဲ့ပါတယ်၊ ဟာ....အရှင်ဘုရား ဝိနည်းနားမလည်ဘူး၊ ဟာ....တပည့်တော် မေ့တာဘဲ ဘာအပြစ်မှု မရှိပါဘူး၊ ဒီလိုနဲ့ဘဲ မေ့တာ အပြစ်မရှိဘူး၊အရှင် ဝိနည်းနားမလည်လို့ ဒီဥစ္စာ အာပတ်သင့်တယ်ဆိုပြီး ငြင်းကြခုံကြတာကိုပေါ့နှယ် သူ့ဆရာ, ငါ့ဆရာနဲ့ သုတ္တန်ဝိနည်းဆရာနဲ့ အဘိဓမ္မာဆရာ ငြင်းလိုက်ကြတာ တခါတည်း သံဃာနှစ်သင်း ကဲ့သ့ဲးတယ်....(မှန်ပါ့ဘုရား)။

သံဃာနှစ်သင်း ကဲ့သ့ဲးတော့ သံဃာနှစ်သင်း ကဲ့သ့ဲးတဲ့အပြင်မကတော့ဘူး၊ ကိုယ်စောင့်နတ်ချင်းလဲကဲ့, ရှာစောင့်နတ်ချင်းလဲကဲ့, တခါတည်း နတ်ပြည်ခြောက်ထပ်ပါ အကဲ့တဲ့ဖြစ်ကုန်တယ်....(မှန်ပါ့ဘုရား) ဘယ်လောက်များး ဆိုးသ့ဲးသတုံး.... (ဆိုးပါတယ်ဘုရား)။

အဲဒီလို အကဲ့ဖြစ်ပြီးသကာလသ့ဲးတော့ ခုနင်က အဘိဓမ္မာခေါင်းဆောင်နဲ့ သုတ္တန်ဝိနည်းခေါင်းဆောင်တို့ တပည့်တွေပါတခါတည်း ဆူကြ၊ပူကြဖြစ်နေတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးဆီကို ရဟန်းတပါးက သ့ဲးလျှောက်တယ်၊ အရှင်ဘုရား.... ရဟန်းတွေဖြင့် နှုတ်လုံးထိုးနေကြပြီဆိုတော့ နှုတ်လုံးဆိုတာက တခြားမဟုတ်ပါဘူး၊ တယောက်တယောက် မခံသာအောင် ပြောနေကြတယ်....(မှန်ပါ့ဘုရား)။

မခံသာအောင် ပြောပြီးသကာလ နေကြတော့ ရဟန်းတပါး ကသ့ဲးလျှောက်တယ်၊ ဒီလို....ဒီလိုဘဲ ရဟန်းတွေ ပဋိပက္ခဖြစ်ကုန်ပြီဘုရ့.... မခံသာအောင် ပြောကုန်ကြပြီဘုရ့....ဆိုတဲ့အခါကျတော့မှ ကိုင်း.... ဒီရဟန်းတွေ ခေါ်ချက်ဘ.... ခေါင်း

ဆောင် ခေါ်ခဲ့ကြ၊ ခေါ်ခိုင်းလိုက်လို့.... ခုနင်က ရဟန်းက သွားပြီးခေါ်တော့ လာတော့ လာကြပါတယ်၊ လာကြပေမဲ့ လဲ နားမထောင်ဘူး.... ဘုရားစကားကို....(မှန်ပါ့) မင်းတို့ကွာ.... ဒီလိုပြောဆိုပြီး ငြင်းခုံနေကြလို့ ရှိယင်ဖြင့် ဘယ်မှာသာသျှင် မင်းတို့၏ ကာယကံမေတ္တာ, ဝစီကံမေတ္တာ, မနောကံ မေတ္တာ ဆိုတဲ့ သာရဏီယ သဘောတွေဟာ အလုံးစုံ ပျက်စီးကုန်မှာပေါ့ ကွ.... အကုန် အပါယ်ကျကုန်ကြမှာပေါ့ကွာ.... ဒါကိုရပ်ကြပါ မပြောကြပါနဲ့၊ မဆိုကြပါနဲ့....သည်းခံကြပါလို့ ဘုရားကဖြန် တယ်....(မှန်ပါဘုရား)။

ဖြန်ပင် ဖြန်ငြားသော်လဲ ကိုပေါ် ကိုဝ.... ရှေးက ဝိပါက အကြောင်းကြီးကလဲ ပါလာကြတော့ အရှင်ဘုရား.... အရှင် ဘုရားကိုစွဲသာ ဖလသမာပတ် ဝင်စားပြီး နိဗ္ဗာန်အာရုံပြုနေပါ တပည့်တော်တို့ကိစ္စကို တပည့်တော်တို့ ရှင်းပါမယ်တဲ့၊ ဇွတ်ဖြစ် လာတယ်....(မှန်ပါ့)။

ဒါနဲ့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သြော်.... ဒီဥစ္စာ သိပြီးပြောရရှာတာ၊ မကဲ့ယင်မဖြစ်ဘူး.... ဒါ....ကဲ့ဘို့ ဝဋ်ဆရား ကြီးကို ပေါ်လာတာ.... (မှန်ပါ့) ငါ့လက်ထက်မှာ ကဲ့ရမယ်.... ဆိုပြီး ဝိပါကဝဋ်ဆရား သင့်တာဆိုပြီးသကာလ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သြော်.... မင်းတို့တတွေဟာ ဒီလိုသာ လုပ်နေကြမယ်ဆိုယင် သေမင်းနိုင်ငံ အကုန်လိုက်ရမယ်၊ နိဗ္ဗာန် ရောက်မည့်လူ မင်းတို့မပါတော့ဘူးဆိုပြီး ကိုယ်တော်မြတ်ကြီးက သပိတ်လွယ်ပြီး ရပ်ပြီး ဒီရဟန်းတွေ ဆုံးမပြီးသကာလ ဆဲမ်းခံ သွားပြီးဆဲမ်းခံရာက ကျောင်းတိုက် မပြန်ဘဲနဲ့ပလဲလဲတောထွက် သွားတယ်....(မှန်ပါ့)။

ပလဲလဲ ေတာထုတ်သွားပြီး ပလဲလဲဆင်ကြိုးက လူပ်ကျွေး တာကို ဘုရားက ခံနေတယ်၊ ပလဲလဲ ဆင်ကြိုးကလဲ သူကလဲ ကိုပေါ် ကိုဝ ဆင်တွေနဲ့ နေရတာ သူ့ကိုကျောနဲ့ ပုတ်သွား၊ ရှေ့ကသစ်ကိုင်းတွေချိုးသွား၊ သစ်ခက်တွေ ချိုးသွား၊ ခါချဉ် ထုပ်တွေချသွား ဩော်.... အပေါင်းအဖော်နဲ့ နေရတာများ တယ်ဆိုးဝါးပါကလား.... တကိုယ်ရေ တကာယနဲ့ နေရတာ ကောင်းပါတယ်လို့ သူကလဲတောထုတ်လာတယ်၊ ဘုရားကလဲ သံဃာတွေဆုံးမလို့မရတော့ တောထုတ်လာတာသွားဆုံကြတယ် (မှန်ပါ့)။

ဆုံကြပြီးသကာလ ဘုရားသခင်ကိုယ်တော်မြတ်ကြီးဆီပလဲလဲ ဆင်ကြိုးကလဲ ကြံတွေ ခြေထောက်နဲ့ နင်း လက်မောင်းနဲ့လိမ် ကြိတ်ပြီး အရည်တွေထုတ်လာတဲ့အခါ ဘုရားသပိတ်ယူပြီးထည့်၊ ထည့်ပြီးသူကဆည်းကပ် နံနက်မျက်နှာသစ်ရေ၊ ဝါးတွေကို လက် မောင်းနဲ့ ပုတ် မီးဖြစ်အောင်လုပ်၊ လုပ်ပြီး ခုနင်က ရေအိုးတို့ ဘာတို့ရှာပြီးထည့်၊ ထည့်ပြီး ရေနွေးတွေကပ်ပေါ့လေ....ဆင်ဘဲ အလုပ်အကျွေးရှိတယ် (မှန်ပါ့) ဒီလိုဘဲဖြစ်သွားရတယ်။

အဲဒီတော့ ဘုရားသခင် ကိုယ်တော်ကြီးကလဲ ဒီလိုဖြစ်ပြီး သကာလနေတော့ ဘုရားတရား မနာကြရတော့ဘူး၊ အားလုံး တကာတကာမတွေက ကောသမ္ဗီပြည်မှာ ရှိတာတွေ အကုန် တရားမနာရတော့ ဝါတွင်းသုံးလစလုံး ကိုယ်တော်တွေလဲမနာရ တကာတကာမတွေလဲမနာရတော့ ဘယ်အဓိကြောင်းကြောင့်တုံး စစ်ဆေးတော့ ဟောဒီ ကိုယ်တော်နှစ်ပါး ခေါင်းဆောင်ပြီးကဲ့ တာနဲ့ ဘုရားထွက်သွားတယ်၊ ဘုရားကတော့ဘယ်စိတ်ဖျက်တယ်

ရှိမတုံး၊ဘုရားမှာ ဒေါသချုပ်ပြီးသား စိတ်ပျက်တာတော့မဟုတ် ပါဘူး....(မှန်ပါ)။

ဒါနဲ့ ထုတ်သွားရတယ်ဆိုတော့ ဟာ.... ဒီကိုယ်တော်တွေ ကိုယ်တော်တို့ ပြန်ပြီးလုံးယင်လုံး စေ့စပ်ယင်စေ့စပ်၊ မစေ့စပ်ယင် ကိုယ်တော်တို့ကို ဆွမ်းကိုမလောင်းတော့ဘူး....ဆိုပြီးသကာလ တပြည်လုံးက ဆွမ်းမလောင်းဘူး.... (မှန်ပါဘုရား) ဆွမ်းမလောင်းတော့ မောင်နှိုင် အကြပ်တွေ့တယ်.... (တွေ့ပါတယ် ဘုရား)။

ကိုယ် မှာ လယ်လဲရှိတာမဟုတ်၊ ယာလဲရှိတာမဟုတ်၊ ဝတ္ထုပစ္စည်းလဲရှိတာမဟုတ်လို့ ဝယ်လို့လဲ ဘယ်တော့မှ ရမှာမဟုတ်တော့ အဲဒီတုင် ရှင်အာနန္ဒာက ကိုယ်တော်တို့ တော်ကြတန်ကြကိုယ်တော်တို့အတွက်နဲ့ ကိုယ်တော်တို့ ဆွမ်းငတ်ကုန်ပြီ....ဆိုပြီး ပြောလို့ သူတို့လဲလုံးသွားတဲ့အချိန်မှာ အရှင်အာနန္ဒာက သွားပင့်တယ်၊ သွားပင့်ပြီး ကောသမ္ဗီပြည်ပြန်လာပြီးတော့မှကွာတဲ့၊ ပုထုဇန် အဖြစ်မျိုး တယ်....ကြောက်စရာကောင်းသဟော....တဲ့ မောင်နှိုင် သေမင်းနှိုင်ဝံ့ လိုက်ဘို့အလုပ်ချည့် လုပ်နေတယ်တဲ့။ ရန်ဖြစ်တယ်ဆိုတာ သေမင်းနှိုင်ဝံ့ လိုက်ဘို့အလုပ်- လုပ်တာ... (မှန်လှပါဘုရား) တယောက်နဲ့တယောက် မတည့်ဘူးဆိုတာကော.... (သေမင်းနှိုင်ဝံ့ လိုက်ဘို့အလုပ်ပါဘုရား)။

သေမင်းနှိုင်ဝံ့ လိုက်ဘို့အလုပ်တွေ့ လုပ်ပြီးသကာလ နေကြတော့ကွာ....အဲဒါကြောင့် ပုထုဇန်နဲ့ သောတာပန်ဟာ တယ်ထူးသဟော.... ဆိုပြီး သောတာပန် စိတ်စဉ်ကို ဟောမှာကိုး.... (မှန်ပါဘုရား) အခြေအမြစ် ပါကြပလား.... (ပါပါပြီဘုရား)။

သောတာပန် စိတ်အစဉ်ဆိုတော့ ယနေ့ တကာတကာမ တွေ့ တရားကလဲ ထိုးတင်တဲ့နေ့ အပြီးသတ်ဘဲ့နေ့ ဖြစ်နေတော့ သေသေချာချာ တကာတကာမတွေ့ကမှတ်ပြီး ဧည့် .. ကိုယ် ဖြင့် ဒီစိတ်ခုနစ်ချက်ပေါ်လို့ရှိယင် ဝမ်းမြောက်ပြီ၊ ကိုယ့်အ တွက်တော့ဖြင့် အပါယ်လေးပါး တံခါးပိတ်ပြီ၊ အထက်သာ တက်ပြီး နိဗ္ဗာန်သာ ကူးစရာရှိတော့တယ်လို့ဆိုပြီး ဝမ်းမြောက် ကြဘို့ပါဘဲ(မှန်ပါ့ဘုရား)။

ဒုက္ခမချုပ်သေးဘဲ့ပဋိုလ်ဖြစ်ခဲ့လို့ရှိယင်လဲ မချုပ်ချုပ်အောင် လုပ်မယ်၊ခန္ဓာကိုယ်ကြီးဟာ ဒုက္ခသစ္စာ ဖြစ်ပျက်တဲ့ဘဲ၊ ဒုက္ခဆုံး အောင်ဖြင့်လိုက်ပါတော့မယ်၊ဒုက္ခဆုံးယင်ဖြင့် နိဗ္ဗာန်ဘဲ၊ ဒုက္ခသာ အန္တံ ကရိသတိ....လို့ ဘုရားကဟောထားလို့ ဒုက္ခအဆုံးကို မျက်မှောက်ပြုနိုင်လျှင် သောတာပန်ဖြစ်၏ဆိုတော့ ဒုက္ခအဆုံး ကိုမြင်ယင်လဲ သောတာပန်တည်တာဘဲ.... (မှန်ပါ့ဘုရား)။

ဒါတော့ကို တကာ တကာမတွေက သေသေချာချာမှတ်ပါ နော်....(မှန်ပါ့) ဒုက္ခအဆုံးကို မြင်ကြယင်.... (သောတာပန်ပါ ဘုရား) သောတာပန် တည်ဘာဘဲဆိုဘာ မှတ်တော့၊ မရဏသး တဲ့ပဋိုလ်ကလဲ သစ္စာတရားတွေ နာရတော့ ရ,ရမှာ ဧကန်ဖြစ် နေသောကြောင့် ရအောင်လုပ်ကြပါ.... (မှန်ပါ့) ရပြီးသား ပဋိုလ်များကလဲ ကိုယ့်ဟာကိုယ် မသေချာသေးယင်လဲ သေချာ အောင်လုပ်ပါ... (မှန်ပါ့) သေချာတဲ့ပဋိုလ်လဲ အခုဘုန်းကြီးက အခုပြောမည့် ခုနစ်ချက်နဲ့ ညီလို့ရှိယင် ခင်ဗျားတို့ဟာခင်ဗျား တို့ သေချာပြီလို့ဆုံးဖြတ်ချက်ချတာပေါ့...(မှန်ပါ့ဘုရား)။

ဒီနေ့ဟောမည့်တရားသည် ဘုရားထိုးတင်ဖြစ်နေတော့ ဘုရား ပြီးတော့ ထိုးတင်တယ်ဆိုယင် ဘုရားပြီးတာကိုးဗျ.... (မှန်ပါ့)

ဒီမှာလဲ ထို့အတူဘဲ တကာတကာမတို့ ကိုယ့်ကိစ္စပြီးတယ်မပြီးတယ်ဆိုတာ သိရအောင် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ပုထုဇန်နဲ့ သောတာပန် ထူးပုံကို ဟောလိုက်တယ်(မှန်ပါ့ဘုရား) ရှင်းကြပလား....(ရှင်းပါပြီ)။

ဒါဖြင့် ယနေ့ဟောမည့်တရား ဘယ်သူနဲ့ဘယ်သူ ထူးတာ ဟောမှာပါလိမ့်....(ပုထုဇန်နဲ့ သောတာပန် ထူးတာဟောမှာပါ ဘုရား)။

အဲ.... သောတာပန်ဆိုတာသည် တကာတကာမတို့ကိုယ့်ကိုယ် ကို ဆိုင်းဘုတ်ဆွဲလာတာမဟုတ်ဘူး၊ ဝမ်းထဲမှာ ကိလေသာတွေက ပါးရှားတာ၊ အဲဒီတော့ ပါးရှားတဲ့အခါကျလို့ရှိယင် ဘယ်လို ပါးရှားတယ်ဆိုတာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သူကိုယ်တိုင် ဒီလမ်းကလာလို့ အားလုံးသော ပုဂ္ဂိုလ်တွေလဲ ဒီလမ်းကို ဒီလိုစိတ်ရှိလို့ရှိယင် သောတာပန်ဘဲကွ.... ပုထုဇန်တို့နဲ့မဆက်ဆံ သောတာပန်တို့၏ဥာဏ်စခန်းဘဲကွ....ဆိုပြီးသကာလ ရန်ဖြစ်ငြင်းခုံကြလို့ ဒီတရား ထွက်လာတာဆိုတာ မောင်နှိုင် ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

အဲဒါကြောင့် အားလုံး တကာ တကာမတို့ အရေးတကာ့ အကြီးထဲမှာ အကြီးဆုံးကို ပြောခဲ့တာမှာဘဲ.... (မှန်ပါ့ဘုရား) အကြီးဆုံး အခုပြောတော့မယ် ဆိုတော့ တကာကြီးလို့ငြင်တို့က အဖိုးအရှယ်, အဖွားအရှယ် ဖြစ်နေတဲ့အတွက် ငါ့တော့ဖြင့်.... ဒီနေရာရောက်အောင်လဲပ်မဟော့.... ဆိုတာကိုလဲ အားလုံးဘဲ.... တပ်လုံးဘဲ ဆုံးဖြတ်ချက်ချကြပါ....(မှန်ပါ့) မရောက်ယင်ဖြစ်ကို မဖြစ်ဘူး....(မှန်ပါ့)။

မရောက်လို့ ရှိယင်ဖြင့်တဲ့၊ ဝမ်းထဲမှာ ဒိဋ္ဌိဝိစိကိစ္ဆာငရဲမျိုးစေ့ ရှိတယ်....(မှန်ပါ့) ဒီမျိုးစေ့ ရှိနေလို့ ရှိယင်ဖြင့် ခင်ဗျားတို့ဒါန လုပ်နေလဲ ဒါနအကျိုးကြောင့် သုဂတိရောက်ငြားသော်လဲ မျိုးစေ့က ငရဲပင်ပေါက်ဦးမှာဘဲ....(မှန်ပါ့) သီလဆောက်တည်နေပြန်လဲ သီလစာန်းခိုးကြောင့် အသက်ရှည် နတ်ရွာသုဂတိရောက်အဲဒီကဆင်းပြန်တော့ ငရဲမျိုးစေ့က အပါယ်ပို့၊ မျိုးစေ့မကုန်ယင် ဘယ်အပင်မဆို ပြန်ပေါက်နိုင်တယ်....(မှန်ပါ့)။

ဒါ့ကြောင့် ငရဲမျိုးစေ့ဆိုတာလဲ ကိုဓေါ.... ကိုဝကြည့်.... ဘာပါလိမ့်မတုံးဆိုတော့ ဒိဋ္ဌိထားပါတော့....(မှန်ပါ့) ဒိဋ္ဌိပြုတ်ယင် ဝိစိကိစ္ဆာပြုတ်တာဘဲ....(မှန်ပါ့)။

အဲဒါကြောင့် အားလုံးတကာတကာမတွေ့ စေ့စေ့စပ်စပ် နားထောင်ပြီးသကာလ သြော်....ဒါဟာ ပုထုဇန်နဲ့ သောတာပန်တို့ စိတ်ထားစိတ်နေ သဘောသဘာဝ ထူးခြားတာကို ဘုရားဟောတာကိုး....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီ)။

ဘယ်သူနဲ့ဘယ်သူ ထူးတာကို ဟောမှာပါလိမ့်... (ပုထုဇန်နဲ့ သောတာပန် ထူးတာကို ဟောမှာပါဘုရား) အင်း....သကဒါဂါမ် အနာဂါမ် မပါဘူးနော် ...(မှန်ပါ့) ပုထုဇန်နဲ့ သောတာပန်တွင် ထူးပုံကိုဟောတာ....(မှန်ပါ့)။

ဘာဖြစ်လို့ ဒီအကြောင်း ဟောရပါလိမ့်မတုံးလို့မေးဘဲ့ အခါကျတော့ ဟိုမှာ ရန်ဖြစ်တဲ့ပဋိုလ်တွေကြောင့် အခကြောင်း ခံပြီး ဟောရခြင်းဖြစ်ပါတယ်ဆိုတာကိုလဲ သဘောကျကြပါ.... (မှန်ပါ့ဘုရား) ကောသမ္ဗီပြည်မှာ သံဃဲနဲ့တက္က နတ်တွေပါကဲ့သဲ့တာ ကိုဝ....သေချာတယ်....(မှန်ပါ့ဘုရား)။

ကိုင်း... ဒါဖြင့် စ,ပြီးပြောပါဘဲ့မယ်တဲ့၊တကာတကာမတို့ သေသေချာချာနားထောင်ပါနော်... (မှန်ပါ့)။

ဥပမာ မနေ့ကဟောလိုက်တယ်၊ မနေ့က ဘယ်လိုဟောလိုက်သတုံး....ခန္ဓာကိုယ်ထဲမှာဝေဒနာကလေးဖြစ်လဲ ဝိပရိဏာမဖေါက်ပြန်သွားတာဘဲ၊ ဖေါက်ပြန်ပျက်စီးသွားတယ်ဆိုတာ မေ့သေချာဘူးလား....(သေချာပါတယ်ဘုရား)။

ဝေဒနာရှုတဲ့ ပုဂ္ဂိုလ်ကလဲ ဝေဒနာကလေးတွေက ဖြစ်လိုက်ပျက်လိုက်၊ ဖြစ်လိုက်ပျက်လိုက်နဲ့ သူ့သဘောသူ စွန့်စွန့်မသွားဘူးလား.... (သွားပါတယ်ဘုရား) သုခလဲ သုခသဘော စွန့်တယ်... (မှန်ပါ့) ဒုက္ခကကော.... (ဒုက္ခသဘော စွန့်ပါတယ်) ဥပေက္ခာကကော....(ဥပေက္ခာသဘော စွန့်ပါတယ်) ကဲ....လောဘစိတ်ကကော.... (လောဘသဘော စွန့်ပါတယ်) လောဘသဘောစွန့်ပြီး အနိစ္စသဘောချည့် ပြပါတယ်၊ ဖြစ်ပြီးပျက်တာချည့်ပြတယ်....(မှန်ပါ့)။

ဒီလိုချည့်ဘဲပြတော့သြော်....ဒါတွေဟာ ဝိပရိဏာမလက္ခဏ် ဒုက္ခသစ္စံပါကလားလို့ တကာတကာမတွေကို ရှုနည်းကိုရှေးဦးစွာ သင်လိုက်ပါတယ်....(မှန်ပါ့)။

အဲဒီ ဝိပရိဏာမ လက္ခဏာတွေချည့် ဉာဏ်နဲ့ ကြည့်လိုက်တဲ့အခါကျတော့ကို ဝိပရိဏာမ လက္ခဏံ ဒုက္ခသစ္စံ ဆိုတဲ့အတိုင်း ဝိပရိဏာမဋ္ဌော....လို့ သစ္စာအနက် တဆယ် ခြောက်ချက်မှာလဲ ပါသော်ကြောင့် ဝိပရိဏာမဋ္ဌောဆိုတဲ့ ဖေါက်ပြန်တာကလေးသည် ဖေါက်ပြန်ဆိုတာ အထည် ကျန်တာ မဟုတ်ဘူးနော်....

(မှန်ပါ့ဘုရား) ဖေါက်ပြန်ဆိုတာ.... (အထည်မကျန်ပါဘုရား)။

အထည်မကျန်ဘူး....တဲ့ ဒီနေရာမှာဝေဒနာပေါ်ယင် ဝေဒနာကလေးကို ရှာမတွေ့တာ.... (မှန်ပါ့) လူသေတယ်....ဆိုတော့ အလောင်းပစ်စရာကျန်သေးတယ်၊ ခန္ဓာကိုယ်ထဲမှာ ပျက်နေတဲ့ ဝေဒနာပျက်ပျက်၊ စိတ်ပျက်ပျက် ရုပ်ပျက်ပျက်ဆိုတာ ကိုပေါ်ကိုဝတို့ မောင်နိုင်တို့ မှတ်လိုက်၊ အလောင်းမကျန်ဘူး (မှန်ပါ့ဘုရား) အလောင်းမကျန်အောင် ဖေါက်ပြန်ပျက်စီးတဲ့တရားကို တကာတကာမတွေ့က မြင်အောင်ကြည့်ရမယ်.... (မှန်ပါ့)။

ထိုကဲ့သို့ မြင်အောင် ကြည့်လိုက်တဲ့အခါကျတော့ သြော်.... ဒါဟာ ဒုက္ခသစ္စာပါကလား.... ဖေါက်ပြန်ပျက်စီးတာ တတို့တစ တပိုင်းတတစ်မှ ရှာမတွေ့ပါကလား .. ဆိုပြီး ပဋ္ဌမရှေးဦးစွာ ဟုတ်တိုင်းမှန်စွာ မြင်ရမယ်... (မှန်ပါ့) မြင်ပြီးသကာလ သြော်-မိမိခန္ဓာကြီးသည်ကားလို့ ဆိုလို့ ရှိယင် ဖေါက်ပြန်ပျက်စီးမှုကြီးမှ တပါး ဘာမှမရှိတော့ တကယ်.ရှ့ံစရာ မှုန်းစရာခန္ဓာပါကလား လို့ ညာဏ်တက်လာလိမ့်မယ်.... (မှန်ပါ့) ညာဏ်တက်ပြီးသည်၏ အခြားမဲ့.ဌ ရှ့ံစရာ မှုန်းစရာကြီးမို့ ဒီဒုက္ခကြီးဖြင့်သိမ်းချင်တာ ဘဲ၊ သိမ်းမှအေးမှာဘဲ ရချင်စရာ တက္ကဿမှမရှိဘူးဆိုတဲ့ညာဏ်လဲ တက်လာလိမ့်မယ်....(မှန်ပါ့)ထိုကဲ့သို့ တက်လာတဲ့အခါရှေ့ဒုက္ခတွေ ကိုဝ ချုပ်သွားလိမ့်မယ်....(မှန်ပါ့)။

ဝိပရိဏာမဒုက္ခတွေ့ ကိုဝ.... ဘာဖြစ်သွားမလဲ.... (ချုပ်သွားမှာပါဘုရား) ဒါဖြင့် အဝိပရိဏာမ နိဗ္ဗာန်ပေါ်လာလိမ့်မယ်.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

ဝိပရိဏာမ ဒုက္ခချုပ်သွားတဲ့အခါကျလို့ ရှိယင်ဖြင့် ဘာပေါ်လာမတုံး.... (နိဗ္ဗာန် ပေါ်လာပါမယ်) အဝိပရိဏာမ သုခ ပေါ်လာလိမ့်မယ်၊ အဝိပရိဏာမ....ဆိုတာက ဖေါက်ပြန်ခြင်းမရှိတာ၊ သုခ....ဆိုတာက ချမ်းသာတာ၊ ဖေါက်ပြန်ခြင်းမရှိတဲ့သုခ၊ သန္တိ သုခ....ဆိုတဲ့နိဗ္ဗာန် ပေါ်လာလိမ့်မယ်.... (မှန်ပါဘုရား)။

အဲဒါကို မောင်နှိုင်တို့က ဉာဏ်နဲ့မြင်တော့ သြော်.... ဝိပရိဏာမတွေ ရှေ့မှာ မရှိတော့ဘူး၊ အခုမှဘဲ ဖေါက်ပြန်မှုကြီး ဇာတ်သိမ်းတာ တွေ့ရပေတော့တယ်လို့ မလာပေဘူးလား.... (လာပါတယ်ဘုရား)။

ဒါဖြင့် ဖေါက်ပြန်မှု ဇာတ်သိမ်းတာက နိဂုံးမသစ္စာ.... (မှန်ပါ့) တွေ့ရပေတယ် ဆိုတာက မဂ္ဂသစ္စာ....ဆိုတော့ သော တာပန်တည်ရော၊ မဂ်ရဖိုလ်ရတာဘဲ.... (မှန်ပါ့) ဖိုလ်ရယင် ပစ္စဝေက္ခဏာရတာဘဲ၊ ဒါက ဝိထိနိယာမ ဓမ္မနိယာမဖြစ်နေလို့ ဘုန်းကြီးပြောဘို့ မလိုတော့ဘူး၊ မဂ်ရဘို့သာ ပြောဘို့လိုတယ်.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် မဂ်သည် ဘယ်အချိန်ကျမှ ရသတုံး.... ဝိပရိဏာမ ဒုက္ခသစ္စာ မြင်နေတုန်းက ဂဝိစ္ဆဉာဏ်၊ သဘောပါကြပလား.... (ပါပါပြီ) ဝိပရိဏာမ ဆုံးသွားတာ မြင်လိုက်တော့ ကတဉာဏ်၊ ကတဉာဏ်ဆိုတာ သြော်.... ငါ....သောတာပန်တည်ပြီလို့ သိတဲ့ ဉာဏ်....(မှန်ပါ့)။

မဂ်ဉာဏ်က တက်ပြီး ငါ.... သောတာပန်တည်ပြီလို့ သိတဲ့ ဉာဏ်ကို ဘာဉာဏ်ခေါ်ကြမလဲ.... (ကတဉာဏ်ပါဘုရား)ဖေါက်ပြန်နေတဲ့ ကိစ္စမြင်တဲ့ ဉာဏ်က .... (ကိစ္စဉာဏ်ပါဘုရား)

ဖောက်ပြန်နေတဲ့ ကိစ္စတွေ မမြင်တော့ပါဘူး၊ ဖေါက်ပြန်တဲ့ ကိစ္စဟူသည် ရှာမတွေ့တော့ပါဘူး ဆိုပြီးသကာလ ဖေါက်ပြန်ခြင်းကင်းတာကို မြင်တဲ့ဉာဏ်က ဘာဉာဏ်တဲ့တုံး....(ကတညာဏ် ပါဘုရား)။

ဒါဖြင့် ဒီ....သစ္စဉာဏ်ဆိုတာက တကာတကာမတွေ့ သိပြီးသားအတိုင်း ပေါ်လာတာကလေးတွေဟာ ခန္ဓာကိုယ်ထဲ ဘာ ပေါ်ပေါ် ဒုက္ခသစ္စာချည့်ပေါ်တာဘဲ.... (မှန်ပါ့) သူ့ဖေါက်ပြန်တဲ့ကိစ္စ သိပြန်တော့ ကိစ္စဉာဏ်....(မှန်ပါ့) သူပေါ်လာတာ သိပြန်တော့ သစ္စဉာဏ်....(မှန်ပါ့) ဖေါက်ပြန်တဲ့ကိစ္စသိပြန်တော့ (ကိစ္စဉာဏ်ပါဘုရား) ဖေါက်ပြန်တဲ့ကိစ္စ မမြင်ပြန်တော့ (ကတညာဏ်ပါဘုရား)။

ဒီဉာဏ် သုံးဉာဏ်နဲ့ တင်လိုက်ကြပါလို့ ဆိုတာကို ဘုန်းကြီးမျှား သေသေချာချာ မေတ္တာ ရှေ့ထားပြီးသကာလ ကိုဝ.... အရေးတကြီးပြောတာဘဲ....(မှန်ပါ့) ပြောဘို့လွယ်ကြပါ့မလား (မလွယ်ပါဘုရား) မလွယ်ဘူးတဲ့။

ခန္ဓာထဲက ဘာပေါ်လာလာ တကာတကာမတွေကသြဇာ-ပေါ်လာတာဟူသ၍ ဒုက္ခသစ္စာသာ ဆုံးဖြတ်ချက်ချ (မှန်ပါ့) အဲဒါက ဘာဉာဏ်ခေါ်ကြမယ်....(သစ္စဉာဏ်ပါဘုရား)။

ပေါ်လာတာကလေးဟာ ပေါ်လာတဲ့သဘောတွေ အကုန်စွန့်သွားပြီမောင်နိုင်ရေ.... ဦးဘုရင်းတို့ရ.... ရှိကို ... မရှိတော့ဘူး၊ ဖေါက်ပြန်တဲ့ သဘောကလေးဘဲ ဖေါက်ပြန် ဖေါက်ပြန်သွားတာကလေးတွေ ဆက်မြင်နေယင်ဘာဆိုကြမလဲ... (ကိစ္စဉာဏ်ပါဘုရား)။

အဲဒီ ဖေါက်ပြန်တဲ့သဘောတွေ (ဆုံးသွားပြီဘုရား) တပည့်တော်တို့ဖြင့် မဖေါက်ပြန်တဲ့ ချမ်းသာကလေး တခုဘဲ မြင်နေတော့တယ်ဆိုယင် ဘာဆိုကြမလဲ....(ကတညာဏ်ပါဘုရား)။

အဲဒီ ကတညာဏ်ဆိုယင် သောတာပန်တည်ပြီ....(မှန်ပါ့)ရှင်းကြပလား...(ရှင်းပါပြီဘုရား) ဒါ့ကြောင့် ဓမ္မစကြာမှာတရားဦးဟောကတည်းက သစ္စာ, ကိစ္စာ, ကတ....ဆိုတာဟောပါတယ်နော် (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ သစ္စာညာဏ် ကိစ္စာညာဏ် ကတညာဏ်ကိုလဲယနေ့သိမ်းလို့ တကာ တကာမတွေ သောတာပန်တည်ပုံလဲ သိပါပြီ.... သောတာပန်တည်တယ်ဆိုတာ သိတော့ကို ဆိုင်းဘုတ်ဆွဲလာသလား.... အသားအရေ လှလာသလားဘုရာ့.... မဟုတ်ပါဘူးကွာ... တဲ့ သောတာပန်စိတ် ပေါ်တာဘဲရှိတာပါဘဲ....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

ဘာပေါ်တာတုံး .... (သောတာပန်စိတ်ပေါ်တာပါဘုရား) သောတာပန်စိတ် ပေါ်တာရှိတာဘဲဆိုတာ တကာ တကာမတွေ မှတ်ပါနော်....(မှန်ပါ့)။

အဲဒီ ပေါ်တော့ကွာတဲ့ သောတာပန်စိတ်ဆိုတာကပုထုဇန်နဲ့ မတူတာ ခုနစ်မျိုးရှိတယ်တဲ့....(မှန်ပါ့)။

ဘယ်နှစ်မျိုးတဲ့တုံး.... (ခုနှစ်မျိုးပါဘုရား)ပုထုဇန်နဲ့မတူတာ ခုနစ်မျိုးရှိတယ်လို့ တကာတကာမတွေက လေးလေးစားစား မှတ်ပါနော်....(မှန်ပါ့) ပြီးတော့မှ ကိုယ်အလုပ်လဲလုပ်တာပေါ့။ ပြီးတော့မှ ချိန်တာပေါ့မောင်နိုင်ရာ.... (မှန်ပါ့) သိထားနှင့်တော့ သူများမေးဘို့လိုသေးသလား.... (မလိုပါဘုရား)။

ဘယ်သူက ဝေဘန်တာပါလိမ့် (ဘုရားက ဝေဘန်တာပါ) ဪ....ဘုရားက ဝေဘန်တာဖြင့် ကိုယ်က မမှားတော့ဘူး.... (မှန်ပါ့)။

ဘုရားက ဝေဘန်တာကို ကိုယ့်စိတ်ထဲမှာ ဒုက္ခချုပ်တာကို မြင်တော့မြင်ပြီ၊ ဒီခုနစ်ချက်မပေါ်သေးယင် ပြန်လုပ်တာပေါ့.... (မှန်ပါ့) လမ်းကတော့ သစ္စ, ကိစ္စ, ကတနဲ့သာတက်....(မှန်ပါ့) ရှင်းကြပါလား....(ရှင်းပါပြီ)။

လမ်းကတော့.... (သစ္စ, ကိစ္စ, ကတနဲ့ တက်ရပါမယ်) အဲ.... သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်နဲ့သာ တက်လိုက်ပါ ဆိုတာကိုဖြင့် ဆရာဘုန်းကြီးကလေးစားစွဲနဲ့မှာတယ်....(မှန်ပါ့ဘုရား) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ကတဉာဏ် ရောက်ပြီးသား ပုဂ္ဂိုလ်များမှာ ပုထုဇန်နဲ့ ဘာထူးသတုံးကွာ... ဆိုတော့ ဘုရားသခင် ကိုတော် မြတ်ကြီးက ပုထုဇန်တွေ့ ရန်ဖြစ်နေတာမြင်တာနဲ့ ဩဿ.... ပုထုဇန်များ တယ်ဆိုးပါကလား ရဟန်းတို့.. ကတဉာဏ်ရောက် ပြီးသား ပုဂ္ဂိုလ်များ စိတ်ထားကတော့ကွာ... ဒီလိုထားပါတယ် ဆိုတာ ဘုရားကဖေါ်ပြောတာ(မှန်ပါ့)ဆိုတော့ ဒါကို ခင်ဗျား တို့ထိပ်ကို သံမှိစဲ့သလို လေးစားစွဲနဲ့ မှတ်ရတော့မည်တရား ဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

သေချာတယ်....သေချာတယ်... ဒါ့ကြောင့် တကာတကာ မတို့ နိဗ္ဗာန်ဟာ ဝေးတာလဲမဟုတ်ဘဲနဲ့ ဆရာကောင်း သမား ကောင်းတွေ့ ကိုယ်လဲအသက်ရှင် ဒီ....ဉာဏ်တွေ့ကိုလဲ ကိုယ်က နားလည်ပြီးသကာလထားတော့ ပွားများပြီး လုပ်ယူလိုက်မယ်

ဆိုလို့ရှိယင်ဖြင့် ကိုယ် ကိုယ်အပါယ်လေးပါးရောက်မှာ သနားလို့ရှိယင်ဖြင့် ဒီအလုပ်ကို လုပ်ဖြစ်အောင်လုပ်ပါ(မှန်ပါ့)။

သစ္စာသိယင် သစ္စာဉာဏ်.... (မှန်ပါ့) ဖေါက်ပြန်တာသိယင် (ကိစ္စဉာဏ်ပါဘုရား) ဖေါက်ပြန်တာတွေ့ မတွေ့တော့ပါဘူး ဆိုလို့ရှိယင်.... (ကတညာဏ်ပါဘုရား)ဆိုတော့ ကိုဝ.... ဒါဟဲ့ သိပ်ဝန်လေးသလား... (မလေးပါဘုရား)။

မလေးပါဘူး၊ တနေ့ နာရီကလေး အခြိန်ကလေးထားပြီး တကာတကာမတွေ့က ငါ.... အပါယ်လေးပါး သွားစရာတွေ့ ရှိသေးတယ်၊ သားနဲ့.... သမီးနဲ့ ဆွေနဲ့ မျိုးနဲ့ အရောင်းနဲ့ အဝယ်နဲ့ နေကြတာတွေ့ ဖြစ်နေတော့ မဟုတ်တရားတွေ့က ဒို့မှာ အများကြီး ပဋိစ္စသမုပ္ပါဒ်က တနေ့ကို ဘယ်နှစ်ကြိမ် အပါယ်ပို့နေတယ်မသိဘူး၊ အဲဒီတော့ ဒီဉာဏ်သုံးဉာဏ်ဖြင့် အစဉ်အတိုင်း တက်လို့ရှိယင်ရတယ်၊ရလို့ရှိယင် ဒီပဋိစ္စသမုပ္ပါဒ် ဟာ အပါယ် ပဋိစ္စသမုပ္ပါဒ် ပြတ်ပြီးသကာလ သုဂတိ ပဋိစ္စသမုပ္ပါဒ်ယင်လဲကျန်မယ်၊ သို့မဟုတ်ယင်လဲ ပဋိစ္စသမုပ္ပါဒ်ဆုံးတဲ့ နိဗ္ဗာန်ယင်လဲရောက်မယ်....(မှန်ပါ့)ဆိုတော့ သုဂတိပဋိစ္စသမုပ္ပါဒ် ကျန်လဲ အထက်ဉာဏ်တွေ့ ရတော့မှာဘဲ.... (မှန်ပါ) ဟာ.... တခါတည်းမင်္ဂလေးတန် တက်သွားပါတယ်ဆိုလို့ရှိယင်လဲ ပဋိစ္စသမုပ္ပါဒ် အကုန်ပြတ်မှာဘဲ.... (မှန်ပါ့) အရှုံးပါသေးရဲ့လား.... (မပါပါဘုရား)။

ဒါဖြင့် ဒီဉာဏ်သုံးခုသည် တကာတကာမတို့ အလွန်အရေးကြီးတယ်ဆိုတာကိုလဲ ဦးဘရှင်းတို့က သေသေချာချာမှတ်ပြီးသကာလ သြော်....ဒီဥစ္စာကိုဖြင့် ရအောင်လဲလုပ်မယ်၊ ဒီ....အသိ

ကလေးလဲ ကိုယ့်သန္တာန် ပေါ်ပြီးသား ဖြစ်ခဲ့လို့ရှိယင်လဲ ရင်အေးရသဟ (မှန်ပါ့)မပေါ်သေးလို့ရှိယင်လဲ ရင်အေးတဲ့အလုပ်ကို ဒို့လုပ်ဦးမယ်ဟ(မှန်ပါ့) ဆိုတော့ တကာတကာမတွေဘာမှအားငယ်စရာ မရှိဘဲနဲ့ ကိုယ့်အရေးကိုယ်ကြီးကြပါဆိုတာ သတိပေးတယ်.... (မှန်ပါ့ဘုရား) မောင်နှိုင် မပေးသင့်ဘူးလား.... (ပေးသင့်ပါ့တယ်ဘုရား)။

ဒါ....တရားကို ဆဲဒေါသနေတာမဟုတ်ဘူး၊ အလွန်သနားလို့ တကယ့်ကိုတကာတကာမတွေကို မိဘဆွေမျိုးညာတကာ မတော်ဘူးသည်မည်သည် မရှိလို့အကုန်ကယ်တင်ဆိုတဲ့ အဓိပ္ပါယ်သာယူတော့....(မှန်ပါ့)။

ကဲ....ဒါဖြင့် ပြောပါတော့မယ်ဗျို့၊ ပုထုဇန်နဲ့ သောတာပန် ဒီလို ထူးသက္ခာဗျို့....(မှန်ပါ့)သူလဲတဲ့ လောဘဖြစ်တာဘဲ သောတာပန်လဲ၊ ဒေါသလဲ ဖြစ်သေးတာဘဲ၊ မောဟလဲ ဖြစ်သေးတာဘဲကွတဲ့၊ ထိုနမိဒ္ဓဆိုတဲ့ ငိုက်မျည်းတဲ့ စိတ်တွေလဲ ဖြစ်သေးတာဘဲတဲ့....(မှန်ပါ့) ကာမစ္ဆန္ဒနိဝရဏ ဗျာပါဒနိဝရဏ ထိနမိဒ္ဓနိဝရဏ ဆိုတာလဲ မောင်နှိုင် ဖြစ်သေးတာဘဲတဲ့....(မှန်ပါ့)ဥဒ္ဓစ္စဆိုတဲ့ စိတ်ပျံ့လွင့်မှုလဲ သောတာပန်မှာ ရှိပါသေးတယ်ကွတဲ့(မှန်ပါ့) ကုက္ကုစ္စဆိုတဲ့ ဥစ္စာလဲ ရှိပါသေးတယ်ကွာတဲ့၊ သစ္စာကျပလား-(ကျပါပြီဘုရား)။

ပုထုဇန်နဲ့ ဒီနေရာမှာ ကိုဝက စဉ်းစား၊ မောင်နှိုင်က စဉ်းစားပေါ့ဗျာ၊ ဒီနေရာ တူနေသေးတယ်ဆိုဘဲ့ အဓိပ္ပါယ်တော့ မပါဘူးလား.... (ပါပါတယ်) သောတာပန်ဆိုပြီး ဒါတွေဖြစ်သေးတယ်လို့ ဘုရားက ဟော့ပြန်တယ်....(မှန်ပါ့)။

ကာမစ္ဆန္ဒနိဝရဏဆိုတဲ့ လောဘ ဖြစ်သေးတာဘဲတဲ့(မှန်ပါ့) ဗျာပါဒနိဝရဏဆိုတဲ့ ဒေါသကော....(ဖြစ်ပါတယ်ဘုရား) ထိန မိဒ္ဓနိဝရဏဆိုတဲ့ ငိုက်မျည်းခြင်းတွေကော....(ဖြစ်ပါတယ်ဘုရား) ဥဒ္ဓစ္စကုက္ကုစ္စဆိုတဲ့ ပျံ့လွင့်မှုတွေကော....(ဖြစ်ပါတယ် ဘုရား)။

နို့....ဘာထူးသတုံးလို့ မေးတဲ့ အခါကျတော့မှ ပုထုဇန်လဲ ဒါတွေ ဖြစ်တာဘဲ သောတာပန်တည်ပြီးသား ကတည်းရပြီးသား ပုဂ္ဂိုလ်လဲ ဒါတွေ ဖြစ်တာဘဲဆိုတော့ လောကီအလို ပြောလို့ရှိယင်ဖြင့် ဟိုက ဖြစ်ကြောရှည်နေတယ် ပုထုဇန်က·(မှန်ပါ့) သူက ဖြစ်ကြောမရှည်ဘူးတဲ့... (မှန်ပါ့)သဘောကျပလား.... (ကျပါပြီဘုရား)။

အကြမ်းမှတ်ထားပါ. အကြမ်းမှတ်ထားပါ ပုထုဇန်ကတော့ (ဖြစ်ကြောရှည်ပါတယ်)ဖြစ်ကြောရှည်နေတယ်ဆိုတာ တနေ့လုံး ဒီဟာ လောဘဖြစ်နေတယ်ဆိုယင် လောဘချည့်ဘဲ၊ ဒေါသ ဖြစ်နေတယ်ဆိုယင် မကျေ မချမ်းနိုင်ဘူး... (မှန်ပါ့)ဖြစ်ကြောမရှည်ဘူးလား....(ရှည်ပါတယ်ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

အဲ....ဒုက္ခချုပ်ပြီးသား ပုဂ္ဂိုလ်ကတော့ ဒီလိုမလာဘူးကွတဲ့.... ဖြစ်တယ်ဆိုယင် သြော်....ဖြစ်သွားပြီလို့ နောက်က တခါတည်း ဉာဏ်လိုက်တယ်တဲ့....(မှန်ပါ့ ဖြစ်ကြောရှည်သေးရဲ့လား·(မရှည်ပါဘုရား)ဖြစ်ယင် ချက်ခြင်း သိတယ်တဲ့....(မှန်ပါ့)နောက်ကနေ သိတာဘဲတဲ့ သြော်....ငါသည် လောဘဖြစ်သွားပဟေ့ ဒီဥစ္စာဖြင့် လောဘ ဖြစ်သွားပဟ... ဆိုတာ နောက်က နေပြီးသကာလ ဉာဏ်အသိကလေးက ချက်ခြင်း လိုက်တယ်...(မှန်ပါ့) ဒေါသ

ဖြစ်လဲ....(ဉာဏ်အသိလိုက်ပါတယ်) ဉာဏ်အသိကလေးက ချက်ခြင်းလိုက်တယ် ထိနမိဒဲ့ဖြစ်ကော....(ဉာဏ်အသိကလေးက ချက်ခြင်းလိုက်ပါဘယ်ဘုရား)။

ဉာဏ်အသိကလေးက ချက်ခြင်းလိုက်တယ်၊ သူက မသိတာမရှိဘူး....(မှန်ပါ့)လောဘဖြစ်ဖြစ် ဒေါသဖြစ်ဖြစ် ထိနမိဒ္ဓ ဖြစ်ဖြစ် ဥဒ္ဓစ္စဖြစ်ဖြစ် ကုက္ကုစ္စဖြစ်ဖြစ် ကိုဝ... ဖြစ်တော့ ဖြစ်တာဘဲတဲ့....(မှန်ပါ့)သူ မပယ်နိုင်သေးလို့ ဖြစ်တာကိုး၊ သူ့ မဂ်က ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာသာပယ်နိုင်သေးတာကိုး....(မှန်ပါ့)လောဘ ဒေါသ မောဟတွေ အကုန်ပယ်ပလား....(မပယ်သေးပါ)မပယ်နိုင်သေးတော့ မပယ်နိုင်သေးလို့ လာတာဘဲဆိုတာလဲ တကာတကာမတွေ့က မှတ်....(မှန်ပါ့)လာပင် လာငြားလော်လဲ ချက်ခြင်းနောက်က ပြန်သိတယ်....(မှန်ပါ့)။

ပုထုဇန်ကတော့ ဖြစ်ကြောရှည်ကွတဲ့....(မှန်ပါ့)သောတာပန်က ဖြစ်ကြောတိုကွတဲ့....(မှန်ပါ့) ထူးပလား....(ထူးပါတယ်ဘုရား)။

အဲ.... သောတာပန်ဆိုယင်ဖြင့် ဖြစ်ကြော တိုတာချည့်ဘဲ....(မှန်ပါ့)ခင်ဗျားတို့က သောတာပန်တဲ့ဗျာ လိုချင်, ရချင်လို့က်တာ များလိုက်တာ....(မှန်ပါ့)ဒေါသကြီးလိုက်တာ၊ သူတို့ကိုယ်သူတို့တော့ ဘဝင်မြင့်နေလိုက်တာ သောတာပန်တဲ့....(မှန်ပါ့)အစရှိသည်နဲ့ ပြောချင်လဲ ပြောကြလိမ့်မယ်....(မှန်ပါ့)သို့သော်အတွင်းမှာ အခု ဆရာဘုန်းကြီးက ရှင်းပေးတော့ ဦးဘရှင်းတို့က လင်းသွားပါလိမ့်မယ်-(မှန်ပါ့) ဖြစ်ကြောရှည်နဲ့ (ဖြစ်ကြောတိုပါဘုရား) ဒါကွာတာပါဘဲကွာ....တဲ့....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဖြစ်ကြောရှည်နဲ့ ဖြစ်ကြောတို့ ကွာတယ်ကွတဲ့....ဘာဖြစ်လို့ တုံးဆိုတော့ ဟိုက ပဋိစ္စသမုပ္ပါဒ်ဥာဏ်က နောက်က ဖြတ်ဖြတ် လိုက်တယ်....(မှန်ပါဘုရား)။

ပုထုဇန်ကတော့ မဖြတ်တော့ဘူး ဒီပဋိစ္စသမုပ္ပါဒ် တောက် လျှောက်သွားတာဘဲ....(မှန်ပါ့)တနေ့လုံး ဒီ ပဋိစ္စသမုပ္ပါဒ်သွား ချင်လဲ သွားနေတာဘဲ....(မှန်ပါ့)။

ဥပမာ....သားတယောက်က အိမ်က ပစ္စည်းကို ခိုးဝှက်ပြီး သကာလ ကစားပစ်လိုက်တယ်ဆို မင်းကို မကျေသေးဘူးကွာ.... ဆိုတဲ့ဥစ္စာ ဘယ်တော့ ဓကျတယ်လို့ ရှိသတုံး....(မရှိပါ) ဖြစ် ကြောဘယ်လောက်ရှည်သတုံး....(ရှည်ပါတယ်ဘုရား)။

သောတာပန်ကတော့ ဘယ်လိုတဲ့တုံး....(ဖြစ်ကြောတို့သွားပါ တယ်ဘုရား) ဖြစ်ကြောတို့သွားတယ်၊ ဟေ.... မင်းယူသွားတုံးက ငါ....အတော် ဒေါသဖြစ်တယ်ဟေ့.... ဟော....ငါမှားသွားပြီ ဟေ့...ဆိုတဲ့ဥစ္စာ ချက်ခြင်း နောက်က အသိလိုက်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ) ဟိုက အသိလိုက်သေးရဲ့လား.... (မလိုက်ပါဘုရား) မလိုက်တော့ဘူးတဲ့.... တကာတကာမတို့....။

ဒါဖြင့် ၁-နံပါတ်အချက်မှာ ဖြစ်ကြောရှည်နဲ့ ဖြစ်ကြောတို့ ကွာပါတယ်....(မှန်ပါဘုရား) ဖြစ်ကြောတိုယင် သောတာပန်.... (မှန်ပါ့) ဖြစ်ကြောရှည်ယင် ပုထုဇန်....(မှန်ပါ့) ရှင်းကြပလား (ရှင်းပါပြီဘုရား)။

အံမာလေး.... ဒီဥစ္စာ တော်တော် မြောရမယ်နော်.... တကာ တကာမတို့ တချက်ပြီးပြီဆိုကြစို့....(မှန်ပါဘုရား) တချက်ပြီးပြီ တဲ့.... ဦးဘရှင်း ဒီဥစ္စာ မမေ့စေနဲ့နော်....(မှန်ပါ့) ခင်ဗျားတို့

ရီကော်ဒါရှိယင် ရီကော်ဒါနဲ့ ကူးထားပါ.... ကိုယ့်ဟာကိုယ် စစ်ဆေးဘို့ကိုး.... (မှန်ပါ့) သူများ စစ်ဆေးဘို့ မလိုပါဘူး.... (မှန်ပါ့)။

ဒါကြောင့် အဆင်းလှလာလိမ့်မယ်.... ဆိုင်းဘုတ်ဆဲလာလိမ့်မယ်လို့ သောတာပန်မှာ မရှိပါဘူး၊ ဖြစ်ကြောရှည်နဲ့ ဖြစ်ကြောတို့ ကွာတယ်....(မှန်ပါ့)။

ဒီဥ ဝိစိကိစ္ဆာတော့ မလာပါဘူး မောင်နိုင်ရ.... (မှန်ပါ့) မလာပင် မလာငြားသော်လဲ ဒီ့ပြင် လောဘ, ဒေါသ, မောဟ ထိနမိဒ္ဓတွေကတော့.... (လာပါတယ်) လာပေမဲ့လဲ ပုထုဇန်နဲ့ ဘာထူးသလဲ.... (ဖြစ်ကြောတို့ပါ....တို့ပါတယ်) ဖြစ်ကြောရှည်တာနဲ့ ဖြစ်ကြောတို့တာ ဒါကွာသွားတယ်ဆိုတာ ရိပ်မိကြပလား (ရိပ်မိပါပြီ)။

ဒါဖြင့် ၁-နံပါတ်ကိုဖြင့် ကိုယ့်ဟာကိုယ် အကဲခတ်လို့က် (မှန်ပါ့) သိလောက်ပြီမဟုတ်လား.... (မှန်ပါ့ဘုရား)။

ဒီ့ပြင် လောဘ, ဒေါသ, မောဟတွေ့ ပါးတာတွေတော့ အသက်ကြီးလို့လဲ ပါးတတ်တယ်....(မှန်ပါ့) အတွေ့ အကြုံဒုက္ခတွေကများလို့လဲ ဩော်....တယ်မရှာချင်တော့ပါဘူး" ဆိုတာ ရှိတတ်တယ်....(မှန်ပါ့) အဲ့ဒါက သံဝေဂတွေ...(မှန်ပါ့ဘုရား) အခုဟာက သောတာပန်နဲ့ ပုထုဇန် ထူးတာကို ဟောနေတာ (မှန်ပါ့)။

သံဝေဂ__က တမျိုး၊ တကယ့်ဉာဏ်တက်တာ....(တမျိုးပါ

ဘုရား) ဥာဏ်ထူးလာတာကတမျိုး၊ရှင်းကြပလား....(ရှင်းပါ ကြွပါဘုရား)။

ဒါကြောင့် လေးလေးစားစား မှတ်ပါလို့ မူလကနေတရား ခင်းခဲ့တယ်ဆိုတာ ကိုဝ သာမညမှတ်လို့ တော်ပါ့မလား(မတော် ပါဘုရား)။

ကိုယ်လဲ ဒီအဖြစ်ရောက်အောင် လုပ်ရမယ်.... (မှန်ပါ့ဘုရား) ဖြစ်ကြောရှည်နေလို့ရှိယင် ဖြစ်ကြောတိုရောက်အောင် လုပ်ရ မယ်... (မှန်ပါ့) မလုပ်ရ ပေဘူးလား.... (လုပ်ရပါမယ်ဘုရား) အေး....ဒါဖြင့် ၁-နံပါတ်ကို ကျေနပ်ပလား.... (ကျေနပ်ပါပြီ) ကောင်းပြီ....ဒါ ၁-နံပါတ်ကို အကဲခတ်နိုင်ပြီဆိုတာဖြင့်မှတ်ပါ။ အပါယ်လေးပါးတံခါးဆိုတာတော့ အစောကြီးကပိတ်နေတယ်၊ ကတညာဏ် ရကတည်းကပိတ်နေတယ်....(မှန်ပါ့) ကျန်တဲ့ကိလေ သာတွေ သူ့ဟာသူ စဉ်းစားလိုက်တဲ့အခါမှာ....တဲ့ ဩော်.... မပယ်သေးလို့ ပေါ်လာတာဘဲလို့လဲသိတယ်(မှန်ပါ့)လောဘ, ဒေါသ, ဇာဿာမစ္ဆရိယ ထိန်မိဒ္ဓတွေဟာ ကိုဝ...မပယ်နိုင်သေး ဘဲကိုးဗျ.... (မှန်ပါ့) မပယ်နိုင်သေးတော့ အကြောင်းရှိယင် အာရုံကတိုက်တော့ ဘယ်နှယ်နေသတုံး....(ပေါ်ပါတယ်ဘုရား) ပေါ်ပင် ပေါ်ငြားသော်လဲ ဘာထူးခြားသလဲ....(ဖြစ်ကြောတို့ ပါတယ်ဘုရား)။

ပုထုဇဉ်က ဖြစ်ကြောရှည်တယ်....(မှန်ပါ့) သောတာပန်က.... (ဖြစ်ကြောတိုပါတယ်) ဩော်.... ဒီလို ထူးပါကလား....ဆိုတာ ဘုရားက ကောသမ္ဗီယသုတ်မှာ ဟောပါတယ် (မှန်ပါ့ဘုရား) မောင်နိုင်.... ကျေနပ်ပလား.... (ကျေနပ်ပါပြီဘုရား)။

၁-နံပါတ်ဘယ်နှယ်တုံး.... တကာဘကာမတွေ.... ရှင်းကြရဲ့ လား....(ရှင်းပါတယ်ဘုရား)။

၂-နံပါတ် စတော့မယ်၊ ၂-နံပါတ်ကတော့ကို ခုနင်ကပြော ခဲ့တဲ့ လောဘတွေ ဒေါသတွေ ဟူသောတွေအကြောင်းတိုက်ဆိုင် လို့ပေါ်တဲ့ မပယ်သေးတဲ့ ကိလေသာတွေကတော့ ကိုပေါ် ကိုဝ.... လာမှာဘဲ....(လာမှာပါဘုရား) လာပင်လာငြားသော် လဲ နဂိုရိကတည်းက ဖြစ်ကြောတို့ လာမှန်းသိထားတဲ့ ပုဂ္ဂိုလ် ကျတော့ ကိုင်း....ငါငြိမ်းအေးအောင် လုပ်လိုက်မက္ခ....ဆိုဝဲဗိတ် တခါတည်း ပေါ်လာတယ်....(မှန်ပါ့)။

ဒီဟာဘဲ့ ငြိမ်းအောင်လုပ်မယ်၊ ဒီဓနု ကမ္မဋ္ဌာန်းပိုက်ဆိုင်လိုက် မယ်၊ သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် အဲဒီ ကမ္မဋ္ဌာန်း ပိုထိုင်လိုက်တဲ့အခါကျတော့ ဘာဟုံး ပြီးသားဖြစ်နေတော့ ဒုက္ခဆုံးတဲ့ဆီ ရောက်သွားတော့ ငြိမ်းအေး မသွားဘူးလား....(ငြိမ်းအေးပါတယ်ဘုရား)။

အဲဒီတော့ ငြိမ်းအေးအောင် ငါသည်ကားလို့ဆိုယင် သိရှိ တွင်မဟုတ်ဘူး၊ ငြိမ်းအေးအောင်ကို လုပ်ဦးမယ်ဆိုတဲ့ ဒုတိယ စိတ်လဲ ပေါ်လာပြန်တယ်.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

ဒါဖြင့် လောဘ ဒေါသ မောဟတွေ ပုထုဇန်လိုဘဲဖြစ်တာ ဘဲ၊ သို့သော် သူကဖြစ်မှန်းသိတဲ့အတွက် ငြိမ်းအေးအောင်းပဲ လိုက်ဦးမယ်ဆိုပြီး ကမ္မဋ္ဌာန်း ဝင်ထိုင်တယ်....(မှန်ပါ့) တနည်း အားဖြင့်လဲ ထိုင်ရင်းဘဲ ဒီဥစ္စာတွေကို ကိုယ့်ခန္ဓာဖြစ်ပျက်ရှုပြီး

သကာလ ငြိမ်းအေးအောင် လုပ်လိုက်ဦးမယ်ဆိုလဲ ငြိမ်းသူးတာဘဲ....(မှန်ပါ့) ဝမ်းထဲ အလုံးကြီးရှိသေးတယ်၊ ဆန်ကဲ့ကဲ့ နေသေးတယ်ဆိုတဲ့ ခင်ဗျားတို့အသုံးမျိုး မရှိဘူးတဲ့....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ)။

မောင်နိုင် တချို့က ဒီလိုမပြောဘူးလား... (ပြောပါတယ်) မင့်တော့ မကျေသေးဘူးက၊အလုံးမကျေသေးဘူး... တော်တော် ကျေပြန်တော့လဲ ဆန်ကဲ့ကဲ့ ကျန်သေးတယ် ပြောချင် ပြောနေတာ(မှန်ပါ့) လူထုံးစံက မလာဘူးလား .. (လာပါတယ်ဘုရား) အဲဒါတွေတော့ မရှိဘူးတဲ့ တခါတည်း ငြိမ်းအေးသူးတာဘဲ.... (မှန်ပါ့) သဘောပါပလား....(ပါပါပြီ)။

ဒါဖြင့် လွန်ကျူးတဲ့ ကိလေသာတွေတော့ ရှိတာဘဲ....တဲ့ ရှိမှန်းသိတဲ့အတွက် ငြိမ်းအေးအောင် လုပ်ချင်တဲ့စိတ် ငြိမ်းအေးအောင်ကိုဘဲ လုပ်ပစ်လိုက်တယ်.... (မှန်ပါ့) ဒါဟာ ပုထုဇန်နဲ့ မထူးဘူးလား....(ထူးသူးပါတယ်ဘုရား)။

ပုထုဇန်ကတော့ဖြင့် မင်းလာပြန်ပလားဆိုပြီး အယင်ထက် ဒေါသကြီးချင် ကြီးသူးတယ်.... (မှန်ပါ့) ဒီကောင် အိမ်ပေါ် မတက်စေနဲ့ကဆိုတော့ သူ့မျက်နှာမြင်ရယင် ထမှင်းစားပျက် တယ်....အစရှိသည်နဲ့ ပိုပြီးလာချင်မလာဘူးလား (လာပါတယ် ဘုရား) သောတာပန်ကတော့ ငြိမ်းအေးအောင် လုပ်ပစ်လိုက် တယ်၊ ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဦးဘကလေး သဘောပါပလား.... (ပါပါပြီဘုရား) ဒီက တကာတကာမတွေ ကျေနပ်ကြပလား.... (ကျေနပ်ပါပြီဘုရား) ဩော် .. ဒီဥစ္စာတော်တော် အရေးကြီးအောင်ဘဲ မြတ်စွာဘုရား

သခင် ကိုယ်တော်မြတ်ကြီး သဗ္ဗညုတ ဉာဏ်တော်နဲ့ ပုထုဇန်နဲ့ သောတာပန် ချိန်ထိုးပြနေတာပဗ်ါကလားဆိုတော့ အတော်ကို အဘိုးတန်တဲ့တရား.... (မှန်ပါ့ဘုရား) သဘောကျကြပလား.... (ကျပါပြီဘုရား) ဒီအတိုင်းလုပ်ရလိမ့်မယ်ဆိုတာလဲ ကျေနပ်ကြပါနော်....(မှန်ပါ့) သဘောပါပလား....(ပါပါပြီ)။

အဲ....ဒါဖြင့် ၂-နံပါတ်က မှားမှန်းသိယင် နေ့လည်မှားမှန်းသိယင် ချက်ခြင်းသိတယ်၊ ညငြိမ်းအောင် လုပ်ပစ်လိုက်တယ်.... (မှန်ပါ့)။

ညကျလို့ ရှိယင်ဖြင့် ဒီခန္ဓာကြီးကို တခါတည်း ဖြစ်ပျက်တွေ့ရှုပြီးသကာလ ဒုက္ခချုပ်တဲ့ဆီ ငြိမ်းအေးအောင်ဘဲ လုပ်ပစ်လိုက်တယ်.... (မှန်ပါ့) ကဲ.... ဒါတော့ မစဉ်းစားတော့ဘူးကွာ.... မင်းလဲ အနတ္တာဘဲ၊ အလုံးစုံအနတ္တတွေဘဲ ဆိုပြီးသကာလ ကိုဝ.... ငြိမ်းအေးအောင်ထုပ်ပစ်လိုက်တယ်.... (မှန်ပါ့) သူက ဆန်ကဲ့ကဲ့ အလုံးကြီး ကျန်သေးရဲ့လား....(မကျန်ပါဘုရား)။

အဲဒီလို မကျန်အောင် ငြိမ်းအေးသွားလို့ရှိယင် တကာတကာမတွေ့ ပုထုဇန်နဲ့ ထူးတဲ့သဘောဘဲ....(မှန်ပါ့)ဒါ....သောတာပန်မှ ဒီလိုဖြစ်တယ်....(မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား) ဘယ်နှစ်ချက်ရှိသွားပလဲ.... (နှစ်ချက်ရှိသွားပါပြီ)။

ကိုင်း....တကာတကာမတို့ နာရီနဲ့ ဟောနေတာဖြစ်တော့ ၃-နံပါတ်ကို ဟောပါတော့မယ်၊ ၂-နံပါတ်ကျေနပ်ပလား.... (ကျေနပ်ပါပြီ) မပျောက်စေနဲ့နော် .. (မှန်ပါ့) မပျောက်စေနဲ့တဲ့.... ၃-နံပါတ်ပြောမယ် တကာတကာမတို့ဝမ်းမြောက်စရာရှိတဲ့ ပုဂ္ဂိုလ်လဲ ဝမ်းမြောက်ကြပေတော့၊ ဝမ်းမမြောက်ရသေးတဲ့

ပုဂ္ဂိုလ်လဲ မြောက်အောင်လုပ်မဟဲ့၊ ဒီစိတ်တွေပေါ်ယင် အပါယ် လေးပါးတံခါးက သေသေချာချာပိတ်တယ်... (မှန်ပါ့)ဘယ်လို လုပ်လုပ်မကျတော့ဘူး၊ ကျနိုင်သေးရဲ့လား.... (မကျပါဘုရား) အဲဒါကြောင့် ဒီအရေးဟာ မောင်နိုင်.... သာမညအရေးလား.... အလွန်အလွန် ကြီးတဲ့အရေးလား.... (အလွန်အလွန်ကြီးတဲ့အရေး ပါဘုရား)။

အလွန် အလွန်ကြီးတဲ့ ဓမ္မသဘော ဖြစ်လေသောကြောင့် ဘုန်းကြီးလဲ ခပ်အေးအေးနဲ့ နားရှင်းရှင်းဖြစ်အောင် သေသေ ချာချာပြောနေပါတယ်....(မှန်ပါ့)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးလဲ အရေးကြုံလို့ကိုဟော ရှာတယ်....(မှန်ပါ့)။

ရဟန်းချင်း ရဟန်ဖြစ်ကြလို့ဟောတယ်....(မှန်ပါ့)ရဟန်းချင်း တွင် ကိုဝ... မကပါဘူး၊ နတ်တွေ့ပါ သွားဖြစ်တယ် .. (မှန်ပါ့) အထက် အကုန်ကဲ့သွားတယ်၊ နတ်ပြည်ခြောက်ထပ်ပါကဲ့တယ်.... (မှန်ပါ့)။

သူ့ဆရာငါ့ဆရာနဲ့ ကဲ့သွားတာ ဒီအောက်တွင် ကဲ့တာလား မောင်နိုင်... (မဟုတ်ပါဘုရား) သိပ်ကြီးကျယ်ကဲ့ အကဲ့ဘဲ.... (မှန်ပါ့)။

ဩော်....ပုထုဇန်တွေ့ သောတာပန် မတည်သေးတော့ ဒီလို ဖြစ်ကြတယ်ဆိုတဲ့အဓိပ္ပါယ်မျိုး၊ ဖြစ်ကြောရှည်တွေ့ အင်မတန် သနားတယ်... (မှန်ပါ့)။

ကဲ....ဒါဖြင့် တကာတကာမတို့ ဘယ်နှစ်ချက် ပြီးသွားပလဲ (၂-ချက်ပြီးသွားပါပြီဘုရား)။

နောက်ကျတော့ ၃-နံပါတ်ကတော့တကာတကာမတွေ ဒီအတိုင်းမှတ်ပါ။ ၃-နံပါတ်ကတော့ လွယ်ပါတယ်၊ ၄-နံပါတ်ဟာ ကိုယ့်ဟာကိုယ် နဖူးပေါ် လက်တင်ပြီး စဉ်းစားပြီးနေတော့ ဩော်....ဒီဘုရားသာသနာမှတပါး တခြားသော သာသနာမျိုးမှာဖြင့် သောတာပန် သကဒါဂါမ် အနာဂါမ်ဆိုတာဖြင့် ဘယ်တော့မှ မရှိဘူးဆိုတာလဲ ကိုယ့်ဟာကိုယ်ယုံကြည်တယ်(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ဒီ.... ဘုရားသာသနာတော်မှာသာ သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာရှိတယ်.... (မှန်ပါ) တပါးသာသနာမှာဖြင့် သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာဟာဖြင့် မရှိနိုင်ဘူးဆိုတာ သူ့ဟာသူသိတယ်....(မှန်ပါ့ဘုရား)။

တွေးလိုက်လို့ရှိယင် ဩော်.... ဒါတွေဟာ မရှိနိုင်ပါဘူး၊ ဒါတွေဟာ.... ပေါ်ကြပလား.... (ပေါ်ပါပြီ) ဒီလိုသိတယ်.... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား) ဒါကြောင့် ၃-နံပါတ်ကလွယ်တယ်....(မှန်ပါ့)။

ပေါ်ကြပြီနော်....(ပေါ်ပါပြီ) ဒီဘုရားသာသနာမှ တပါး တခြားသာသနာ၌ ထုက်ရပ်လမ်းမရှိဘူး.... (မှန်ပါ့) ဒီလိုသိတာဟာ ဘယ်သူ၏ အသိပါလိမ့်(သောတာပန်၏ အသိပါဘုရား)။

ပုထုဇဉ် ဆိုလို့ရှိယင် ဩော်.... သူတို့အယူမျိုးက ဟုတ်ထင်ပါရဲ့၊ ဒီလိုလာသေးတာကိုး....(မှန်ပါ့) သူတို့အယူက ထုက်ရပ်

လမ်းထင်ပါရဲ့၊ ဒီလိုဝိစိကိစ္ဆာက ရှိသေးတယ်....(မှန်ပါ့)သဿတ သမား၊ ဥစ္ဆေဒဝါဒီသမားက ဟုတ်ထင်ပါရဲ့၊ အမရာဝိက္ခေပက လဲဟုတ်ထင်ပါရဲ့၊ ဣဿရနိမ္မာန အယူသမားတွေကလဲ ဟုတ် ထင်ပါရဲ့.... လာသေးတာကိုး....(မှန်ပါ့) ကဲ ဒါတွေ သောတာ ပန်မှာ လာသေးရဲ့လား.... (မလာပါဘုရား)။

ဒီ....ဘုရား သာသနာတော်မှတပါး တခြားသော သာသနာ မှာ ထွက်ရပ်လမ်းမရှိတော့ဘူး.... (မှန်ပါ) ဘာဖြစ်လို့တုံး.... သောတာပန် သကဒါဂါမ် အနာဂါမ်က ဒီသာသနာမှာသာရှိ နိုင်တယ်....(မှန်ပါ့) ဒီ့ပြင် နေရာမှာ....(မရှိပါဘုရား)။

အဲဒီလို သိတဲ့အသိဟာလဲ မယောင်တဲ့အသိဟာလဲ ကိုဝ.... ကိုပေါ် မှတ်လိုက်စမ်း.... သောတာပန်တို့၏ စိတ်နေစိတ်ထား သဘောသဘာဝဲ့ .. (မှန်ပါ့) ဘယ်နှစ်ချက်ရှိသွားပလဲ....(သုံးချက် ရှိသွားပါပြီဘုရား)။

သုံးချက် ရှိသွားပြီနော်.... ခုနစ်ချက် ဟောရမှာ တကာ တကာမတို့....။

ကဲ....ကိုပေါ် ဘယ်နှစ်ချက် ပြီးသွားပလဲ.... (သုံးချက်ပြီး သွားပါပြီဘုရား) ၄-နံပါတ် ပြောပါတော့မယ် တကာတကာမ တို့နော်... (မှန်ပါ့)။

ရဟန်းမှာ ဆိုလို့ရှိယင် အာပတ်သင့်တယ်ဆိုတာရှိတယ်၊ မြက်ပင်ကလေး သွားပြီးသကာလ မိမိပယောဂနဲ့ ဆိတ်လိုက်မယ် ဆွလိုက်မယ်၊ သစ်ပင်ကလေး ဒါးကလေးနဲ့ခုတ်လိုက်မယ်၊ စိတ် ပါပြီး ခုတ်လိုက်မယ်.... ထစ်လိုက်မယ်ဆိုယင် အာပတ်သင့်တာရှိ

သေးတာကိုးဗျ.... (မှန်ပါ့) အဲဒီလို.... အာပတ်သင့်လာတဲ့အခါ ကိုပေါ်.... ကိုဝ.... မှတ်လိုက်စမ်း.... သောတာပန် ရဟန္တာတို့ ဒီလိုခုတ်မိထစ်မိမယ်ဆိုလို့ရှိယင် ချက်ခြင်း ငါသည်ကားဆိုလို့ ရှိယင် အာပတ်သင့်ပြီ၊ ချက်ခြင်းဘဲ ညပြုမိလို့ရှိယင်ညာဘဲတပါး သောပုဂ္ဂိုလ်ထံ တပည့်တော် လွန်ကျူးမိပြီဘုရဲ့.... ဒေသနာ ကြားချင်တယ်....(မှန်ပါ့) ဒါ....ပျောက်သွားအောင် ရှင်းပလား (ရှင်းပါပြီ) အချိန်ဆိုင်းသေးသလား.... (မဆိုင်းပါဘုရား)။

ဒါက ရဟန်းဟောပါတယ်၊ လူကျတော့ကို နေ့လည်က ငါ....အပြစ်သင့်သွားသကွာ.... အဲသည်အပြစ်ကို ငါသည်ကား လို့ ဆိုလို့ရှိယင်ဖြင့် ဝန်ချ တောင်းပန်ပြီးသကာလ ပြေအောင် လုပ်မယ်ဟ၊ ဒီစိတ်ပေါ်လာတယ်....(မှန်ပါ့)။

ကိုယ်ကမှားတယ်၊ အဲ... မှားတဲ့ဥစ္စာ ချက်ခြင်း ပြေအောင် လုပ်ချင်တဲ့စိတ်ဟာ တခါတည်း ပေါ်လာတယ်.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား) အနာပေါက်တယ်ဆို ချက်ခြင်း ကုချင်တဲ့စိတ် ပေါ်သလိုပေါ့ဗျာ....(မှန်ပါ့)။

ချက်ခြင်း လွန်ကျူးတာကလေးသိတယ်ဆို ချက်ခြင်းဘုရား ရှေ့သွားပြီး ကမ္မဋ္ဌာန်းယင်လဲ ထိုင်ပစ်လိုက်တယ် (မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီ) ထိုင်ပစ်လိုက်ပြီးတော့ ပြေပျောက်အောင် လုပ်ပစ်လိုက်တယ်.... (မှန်ပါ့) ဒါ....ဘယ်သူ၏ စိတ်ထားပါလိမ့်.... (သောတာပန်၏ စိတ်ထားပါဘုရား)။

ပုထုဇဉ်ကတော့ဟာ ၊မင်းအတွက်ကြောင့် ခါးစည်းခံမယ်ကွ မလျှော့ဘူး....(မှန်ပါ့) ဒီလိုမရှိဘူးလား.... (ရှိပါတယ်ဘုရား) မင်းကို ဒီဘဝမဟုတ်ဘူးကွ.... ဟိုဘဝကိုမကျေဘူးကွ.... တယ်လဲ

ပြင်းထန်ပါကလား.... (ပြင်းထန်ပါတယ်ဘုရား) ဒါ....ခိုးလို့အာ
ပါယ်ကျမယ်ဆိုယင်ခါးစည်းခံမယ် ပြောချင်ပြောနေတာ(မှန်ပါ့
ဘုရား)။

ဒါမို့ ဘုန်းကြီးကတောင် ပြောရသေးတယ်၊ မင်းတို့ ခါး
စည်းကြိုး ပေးမည့်လူ ရှိသေးယင်တော်သေးရဲ့ကွာ၊ဘယ်....ဘယ်
သူက ခါးစည်းကြိုးပေးမှာတုံး.... သူတို့ကို....(မှန်ပါ့)။

ကဲ... ဒါဖြင့် ပုထုဇန်ဟာ မရှည်လားဗျ၊ အခုကြည့်လေ....
သူတို့ပြောတာဘဲကြည့်တော့ ဒီအတွက်ကြောင့် အပါယ်ရောက်
မယ်ဆိုယင် ခါးစည်းခံမယ်တဲ့....(မှန်ပါ့) စင်စစ်တော့ သူတပါး
မတရားလုပ်တယ်ဆိုယင် အပြစ်တော့ မသင့်ဘူးလား.... (သင့်ပါ
တယ်ဘုရား) အဲဒီအပြစ်ကို သူတို့က ခါးစည်းခံမယ်တဲ့ (မှန်ပါ့)
ဒီလိုပြောတဲ့လူတွေ....(မှန်ပါ့) ပုထုဇန်က မထူးခြားဘူးလား....
(ထူးခြားပါတယ်ဘုရား)။

ခုနင်က သောဘာပန်ဖြစ်တဲ့ ပုဂ္ဂိုလ်ကတော့ မဟုတ်ဘူး....
ဒါကို မြန်မြန်ကုလိုက်မှအေးမယ်၊ ငါလွန်သွားပြီ မြန်မြန်ကုမယ်
ဆိုပြီးသကာလ ဒီဟာ ငြိမ်းအေးအောင် တခါတည်း တရားသွား
ထိုင်လိုက်တယ်၊ လူဖြစ်ခဲ့လို့ရှိယင် (မှန်ပါ့) ဘုန်းကြီးဖြစ်ခဲ့လို့ရှိ
ယင်တော့ ဒေသနာ သွားကြားလိုက်တယ်....၊ ရိပ်မိပလား....
(ရိပ်မိပါပြီဘုရား) ချက်ခြင်းပြေပျောက်အောင် လုပ်ပစ်လိုက်
တယ်....(မှန်ပါ့) ဒါ....ဘယ်သူ၏စိတ်ထားပါလိမ့်....(သောတာ
ပန်၏ စိတ်ထားပါဘုရား)။

တကာတကာမတို့ ဘယ်နှစ်ချက် ရှိသွားပလဲ.... (လေးချက်
ရှိသွားပါပြီ)လေးချက်ရှိသွားပြီ.... သုံးချက်ကျန်သေးတယ်နော်
(မှန်ပါ့)။

ကဲ....တကာတကာမတို့ ဂရုစိုက်နားထောင်ပါဦးတဲ့၊ ကျွန်တဲ့ သုံးချက်ကို ပြောပါတော့မယ်ဆိုတော့ အခု ငါးချက်မြောက် ပြောရတော့မှာပေါ့မောင်ရိုင်.... (မှန်ပါ့)။

ငါးချက်မြောက်က တကာတကာမတို့ မှတ်ထားစမ်းပါ.... ဥပမာမယ် တကာတကာမတွေက သောတာပန်တည်ပြီးသား ဆိုပါတော့....(မှန်ပါ့) ခင်ဗျား....သက်သေခံကလေး လိုက်ခဲ့စမ်းပါ၊ ကျုပ်အမှုက ခင်ဗျားလိုက်မှလဲ ခိုင်လုံမလို ဖြစ်နေတယ် နှည်းနည်းတော့ဖြင့် ဝေ့လည် ကြောင်ပတ် သုံးမှဘဲ ရမယ်၊ ဥပမာမယ် အမှုသည်က ပြောထားတယ်ဆိုပါတော့....(မှန်ပါ့) ရှေ့နေကယင်လဲ သင်ထားတယ်ဆိုပါတော့ .. (မှန်ပါ့) သဘော ကျပလား... (ကျပါပြီ)။

သူဟာတဲ့.... ဒီလူသနားလို့ လိုက်တော့ လိုက်ပါတယ်တဲ့ ရုံးပြင်ကနားကို၊ လိုက်ပင် [illegible] သူ့သီလပျက်မှာ သူ့သမာဓိပျက်မှာနဲ့ သူ့ပညာပျက်မှာကိုတော့ အထိခိုက်မခံဘူး....(မှန်ပါ့)။

လိုက်တော့လိုက်တယ်၊ သူတပါးကိစ္စ ချက်ဆောင်ဘို့ လိုက်တော့လိုက်တယ်၊ သို့သော် သီလပျက် သမာဓိပျက် ပညာပျက်မခံဘူး....(မှန်ပါ့ဘုရား) ဘယ်သူ၏ စိတ်ထားပါလိမ့်.... (သောတာပန်၏ စိတ်ထားပါဘုရား)။

ကိစ္စကြီးငယ်ရှိယင်တော့ ကုပါဦး ယူပါဦးဆိုယင် ကူချင် ယူချင်တဲ့စိတ်တော့ ပေါ်တာဘဲ၊ ပေါ်ပင် ပေါ်ငြားသော်လဲ သူ့မှာ ရထားတဲ့သီလသူရထားတဲ့သမာဓိ သူရထားတဲ့ဝိပဿနာမဂ် ပညာတွေတော့ ပျက်စီးဘို့ရာကို တခါတည်းဘယ်တော့မှ

စိတ်မကူးဘူး....(မှန်ပါ့) အကြောင်းအကျိုးတော့ဖြင့်ရှက်ဆောင်ပေးမယ်၊ ဒီဟာတော့ အထိမခံနိုင်ဘူး.... (မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီ) ဒါ....ဘယ်သူ့ စိတ်ထားပါလိမ့်....(သောတာပန်၏ စိတ်ထားပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီ)။

သြော်.. သောတာပန် စိတ်ထားက ဒီလိုထူးခြားပါလားလို့ ဆိုတော့ ဘုရားက ငါ.. ဥပမာကလေးပါထည့်ပြောပါမယ်ကွာ မင်းတို့သိရအောင်တဲ့ ဒီ....ကောသမ္ဗီယသုတ်မှာဘဲ....(မှန်ပါ့)။

နွားမကြီးဟာကွာ....တဲ့ နွားကလေးပေါက်စနဲ့ မွေးစနွားနဲ့ နွားရှင်က....တနေရာမှာချည်ထားတယ်တဲ့ မြက်ခင်းတခုမှာ မြက်ပေါတဲ့နေရာမှာ.... (မှန်ပါ့) သူမြက်ဘဲ စားတာဘဲ၊ မြက်တွင် စားနေတယ်လို့ မင်းတို့ မအောက်မေ့တဲ့သူ့နွားကလေးကိုလဲ မျက်ခြေမပြတ် ကြည့်လျက်ဘဲတဲ့.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

မြက်ချည့် စားနေသလား.... (မဟုတ်ပါဘုရား) သူ့နွားအေငယ်ကလေးကော....(ကြည့်လျက်ပါဘုရား)။

အဲဒီအတိုင်းဘဲဟော့....တဲ့ တယောက်က သက်သေလိုက်ခဲ့ပါ၊ အမှုလိုက်ခဲ့ပါဆိုယင် တရားတဲ့လမ်းဖြစ်စေ၊ မတရားတဲ့လမ်းဖြစ်စေ၊ ခေါ်လို့အားနာလို့တော့ လိုက်တာဘဲ....(မှန်ပါ့)လိုက်ပင်လိုက်ငြားသော်လဲ သီလ သမာဓိ ပညာ....ဆိုတဲ့နွားငယ်တော့ ကြည့်လျက်ဘဲတဲ့....(မှန်ပါ့ဘုရား)။

ဒီမှာလဲ နွားမကြီးက စားလျက်ဘဲတဲ့၊ ဟိုမှာ နွားကလေးကို မျက်ခြေမပြတ်.... (ကြည့်လျက်ပါဘုရား)။

အဲဒီ ဥပမာနဲ့ မှတ်ထားစမ်းပါကွာတဲ့၊ ငါဘုရား ဒီအတိုင်း မင်းတို့ကို သတိပေးပါတယ်တဲ့....(မှန်ပါ့) သောတာပန်စိတ်ဟာ ဒီစိတ်ပါဘဲတဲ့(မှန်ပါ့)အမှုကြီးငယ် ခေါ်လို့ရှိယင်ဖြင့် ဦးဘရှင်း ခေါ်တယ်၊ ဥပမာ ကိုဝ....ခေါ်တယ်၊ လူကြီး လူကောင်းတွေ ဖြစ်နေတော့ ..(မှန်ပါ့) ကွာ....လိုက်တော့ လိုက်ရတာပေါ့ကွာ မကင်းတရားကိုးကွ.... (မှန်ပါ့) လိုက်ပင် လိုက်ငြားသော်လဲ မုသားသုံးပါဆိုတော့ သူမသုံးတော့ဘူး၊သီလအပျက် မခံတော့ဘူး....(မှန်ပါ့)သူ့သမာဓိ ပျက်မှာဆိုလို့ရှိယင်ကော...(မခံပါ) သူ့ပညာ ပျက်သွားမယ်ဆိုယင်ကော.... (မခံပါ) အဲဒါတော့ ဂ့တယ်.... (မှန်ပါ့) နွားကလေး ကြည့်သလိုကြည့်တာဘဲတဲ့.... (မှန်ပါ့)ဒီ လူ့ကိစ္စလဲ နွားမကြီး စားသလို....စားပြီးတော့ရက် ဆောင်နေတာဘဲတဲ့....(မှန်ပါ့)။

နွားကလေး ကြည့်မှကတော့ မလျှော့နိုင်ဘူးတဲ့...(မှန်ပါ့) သီလ သမာဓိ ပညာ ကြည့်မှကတော့....(မသျှော့နိုင်ပါ ဘုရား) အဲဒါ ဘယ်သူ၏ စိတ်နေ စိတ်ထားတုံး....(သောတာပန်၏ စိတ်ထားပါ)ရှင်းကြပလား....(ရှင်းပါပြီ)။

ဘုရားကိုက ပေးတဲ့ ဥပမာ....၊ဘုန်းကြီးက ပေးတဲ့ ဥပမာလို့ မယူလိုက်ပါနဲ့.(မှန်ပါ့)ကောသမ္ဗီယသုတ်မှာ ဟောပါတယ်.... (မှန်ပါ့)။

တကာတကာမတို့ ဘယ်နှစ်မျိုး ရပလဲ....(ငါးမျိုးရပါပြီ) ငါးမျိုးရတော့ နှစ်မျိုး ကျန်သေးတာပေါ့ကွာ .. နော်....(မှန်ပါ့ ဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ နွားဥပမာနဲ့ ပြောလိုက်သဖြင့် ခင်ဗျားတို့လဲ ဒုက္ခချုပ်ငြိမ်းတဲ့ နေရာ ရောက်ခဲ့လို့ရှိလို့

ယင် လူဆိုတာကတော့ဖြင့် မခေါ်မည့်လူလဲ့ မရှိဘူး၊ မပြောမည့်လူလဲ့ မရှိဘူး၊အရေးရှိယင် ကူပါဦး, ယူပါဦးဆိုတာတွေကတော့ဖြင့် တပုံကြီး လာကြမှာဘဲ....(မှန်ပါ့)မလာပေဘူးလား....(လာပါတယ်ဘုရား)။

သောတာပန် တည်ပြီးသား ပုဂ္ဂိုလ် ဖြစ်ခဲ့လို့ရှိယင် မလိုက်ဘူးလို့တော့ မငြင်းပါဘူး....(မှန်ပါ့) သူ့ဆီ ၄ ့တော့လိုက်တာပါဘဲ....(မှန်ပါ့) လိုက်ပင် လိုက်ငြားသော်လဲ ကိုယ့်သီလ ပျက်အောင်တော့....(မလုပ်ပါဘုရား)။

ကိုယ့်သီလ မပျက်မှကိုတော့ အမြဲကြည့်တယ်....(မှန်ပါ့) သမားဓိ ပညာ မပျက်မှကို့....(အမြဲကြည့်ပါတယ်)အဲဒါ ပုထုဇန်တို့နဲ့ မတူတဲ့ စိတ်ထား....(မှန်ပါ့)။

ပုထုဇန်ကတော့ဖြင့် သက်သေလိုက်လိုက်တယ်ဆိုယင် ဒီဘက်က ခင်ဗျားသာ လိုက်လိုက်လို့ရှိယင်ဗျာ ဒီအမှုဟာ ချောသွားမှာပါဘဲဆိုလို့ရှိယင် ရော့....တထောင်ယူဆိုလို့ရှိယင် တထောင်တန်ကို အပါယ်ကျအောင် ပြောချလိုက်တာဘဲ....(မှန်ပါ့) ရိပ်မိပလား ....(ရိပ်မိပါပြီဘုရား)။

သောတာပန်က ဒီလို ပြောလေ, ဆိုလေ ရှိရဲ့လား....(မရှိပါ)သီလ သမာဓိ ပျက်မယ်ဆိုယင်တော့....(မပြောပါ) အမှန်ပြောမယ်ဆိုယင်တော့....(ပြောပါတယ်ဘုရား) ဒါ ကွာတယ်....(မှန်ပါ)။

တကာတကာမတို့ ဘယ်နှစ်ချက်ရှိသွားပလဲ....(ငါးချက် ရှိသွားပါပြီဘုရား)။

ကဲ....ခြောက်ချက်မြောက်တဲ့....၊ခြောက်ချက်မြောက်ကတော့ ဘာတုံးလို့ မေးတဲ့အခါကျတော့ တကာတကာမတို့ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး တရားတွေကို ဘုန်းကြီးများကာ ဟောနေတယ်၊ သစ္စာတရားတွေ ဟောနေတယ် ဆိုပါတော့ ကိုပေါ်ရာ....(မှန်ပါ့)။

အို....ခန္ဓာကိုယ်ကြီးဟာ ဒုက္ခသစ္စာဘဲ၊ ခန္ဓာကိုယ်ကြီးထဲမှာ ခင်မှူ, မင်မှူတွေက သမုဒယသစ္စာ၊ ခန္ဓာကိုယ်ကြီး ဖြစ်ပျက်ရှုနေတာက မဂ္ဂသစ္စာ၊ဒီ ခင်မှူ, မင်မှူတွေ ချုပ်သွားတာကလဲ နိရောဓသစ္စာဆိုတဲ့ တရားတွေများ ဟောနေလို့ရှိယင် အနက်အဓိပ္ပါယ်ကလေး သိပြီးသကာလ စိတ်ဟာ ဘယ်မှ မသွားဘဲနဲ့ နာလေ့ရှိသတဲ့ ...(မှန်ပါ့)။

ဒါဟာ ပုထုဇန်နဲ့ မတူဘူးတဲ့....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

သစ္စာတရားတွေများ ဟောနေမယ်၊ မြတ်စွာဘုရားဒေသနာတော်များ ဟောနေမယ်ဆိုယင် သူက ဘယ်မှ မသွားဘူးတဲ့....(မှန်ပါ့)သဘောကျပလား... (ကျပါပြီဘုရား)။

ဘယ်မှ မသွားတော့ပါဘူးတဲ့....တကာ တကာမတို့၊ ရိပ်မိပလား....(ရိပ်မိပါပြီ)ဘယ်မှ မသွားတော့ဘူး၊ သဘောပါပလား....(ပါပါပြီဘုရား)။

လောကီဥပမာ ငါပြောမယ်ဆိုလို့ရှိယင် တကာတကာမတို့ ခလေးကလေး တယောက် ရှိတယ်....ကွာတဲ့....၊ ခလေးကလေး တယောက်က လေးဘက်သွားကလေး မီးခဲသွားကိုင်တယ်ဆို.... ခလေးက နုသကိုးဗျ...(မှန်ပါ့) နုတဲ့ အခါကျတော့ ရဲရဲရဲရဲနဲ့

သူ့အသားကလေး လောင်လိုက်မယ်ဆိုယင် ကိုပေါ်....ကို၀....ကြာပါမလား....(မကြာပါ)ချက်ခြင်း နော်ကပြန်ဆုတ်တယ်....(မှန်ပါ့ဘုရား)။

ဒီ့ပြင်စိတ်တွေ့ ဘာတွေ့ အပြင်ထွက်မယ်ဆိုယင် အထွက်ကို့ မခံဘူး....(မှန်ပါ့) တကာတကာမတို့ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား) ဒီ့ပြင်စိတ်တွေ့ အပြင်ထွက် ခံသေးရဲ့လား....(မခံပါ) တခါတည်း နောက်ပြန်ပြီး ဆုတ်တယ်....၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

မြတ်စွာဘုရား တရားတော် နာရတဲ့အခါကျလို့ရှိယင် ပိတိသောမနဿတွေ့ ဖြစ်ပြီးသကာလ ဒီပြင်စိတ် မလာခဲ့နဲ့....ဒီ့ပြင်စိတ် မလာခဲ့နဲ့....ဆိုတဲ့ သဘောမျိုးလိုဘဲ....ဒီတရား အာရုံဘဲ သဘောကျနေတာဘဲ့....(မှန်ပါ့ဘုရား)သဘောကျပြီနော်....(ကျပါပြီဘုရား)။

ဒါဖြင့် မြတ်စွာဘုရား တရားတော် နာရတဲ့အခါ အာရုံတပါးသို့ မသွားဘဲနဲ့ စူးစူးစိုက်စိုက် နာနိုင်ခြင်းသည် ပုထုဇန်နဲ့ သောတာပန် ဒါ ထူးခြားသကွဲ့....(မှန်ပါ့)ပေါ်ကြပလား(ပေါ်ပါပြီဘုရား)ဒါက ခြောက်ချက်မြောက်ကို ဟောလိုက်ပါတယ်....(မှန်ပါ့)။

ခုနစ်ချက်မြောက် တကာတကာမတွေ့ မှတ်ဘို့ရာကတော့....မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောတဲ့ တရား၊ ဘုရားဟောတဲ့ အတိုင်း တပည့်သာ၀ကတွေက ဟောတဲ့ တရား....၊ ဒီတရားတွေ့ နာပြီး နေရတဲ့ အခါကျတော့ အို....ပြောလို့ ဆိုလို့လဲ မပြီးနိုင်ဘူး၊ ၀မ်းမြောက်လို့လဲ မပြီးနိုင်ဘူး....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ)။

ပြောလို့ ဆိုလို့လဲ....(မပြီးနိုင်ပါဘုရား) ဝမ်းမြောက်လို့လဲ .....(မပြီးနိုင်ပါဘုရား)အင်မတန် စိတ်ထဲမှာ ခန္ဓာညာဏ် ရောက် သွားတဲ့အခါမှာ သိပ်ပြီး သဘောကျလေ့ရှိတယ်....(မှန်ပါ့) ဒီ ပီတိသောမနဿဟာက တော်တော်နဲ့ မပျောက်တဲ့ဘူး .... (မှန်ပါ့)ပုထုဇန်ကတော့ ထ,သွားယင် ပျောက်တာဘဲ....(မှန်ပါ့ ဘုရား)။

ထ,သွားတယ်ဆိုလို့ရှိယင်ဖြင့် ဒီနေရာမှာဘဲ သူဝမ်းသာသ လိုလိုနဲ့ ဟိုနေရာထ,သွားယင်.... (ပျောက်သွားပါတယ်ဘုရား)။

သောတာပန်တည်ပြီးသား ပုဂ္ဂိုလ်ကတော့ ပြောစရာရှိလို့ သာ ပြောလိုက်တယ်၊ ဒီဝမ်းမြောက်နေတာ ကလေးဟာက တော်တော်နေရင်း ကိုယ့်ဟာကိုယ်ဝမ်းသာနေရင်း တော်တော် ကြာရင်း ကိုယ့်ဟာကိုယ် သဘောကျနေရင်း၊ ကိုယ့်စိတ် ကလေးနဲ့ကိုယ်ဘဲ ကြည်နူးနေရင်း၊ကိုဝ ဒီလိုနေတာဗျ....(မှန်ပါ့ ဘုရား)။

အနက်သဘောတွေ့ သိပြီးသကာလ တဖယ်ကောင်းပါကလား တယ်ဟုတ်ပါလား.... တယ်မှန်ပါကလား.... တယ်သဘောကျ စရာအစစ်ဘဲ၊ မျက်လုံးဖွင့်ပေးတဲ့ပုဂ္ဂိုလ်ကြီးဟ.... အလှန်ကိုဝမ်း မြောက်စရာကောင်းတယ်....ဆိုပြီးသကာလ အနက်အဓိပ္ပါယ်ကို သိပြီး ဝမ်းမြောက်သက် အင်မတန် ရှည်လေ့ရှိတယ်....(မှန်ပါ့ ဘုရား)သဘောကျပလား....(ကျပါပြီ) အဲဒါ .... ပုထုဇန်တို့နဲ့ မတူဘူးကွဲ့(မှန်ပါ့ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် တကာတကာမတွေ့ နိဂုံးချုပ်ပြီး ၁-နံပါတ်ကစပြီး အကျဉ်းပြောမယ်.... ခုနစ်ချက်ရှိသွားပြီ....(မှန်ပါ)။

(၁) ၁-နံပါတ်က လောဘ,ဒေါသ,မောဟထတိုင်း ထတိုင်း ပေါ်တိုင်း ပေါ်တိုင်း နောက်က ချက်ခြင်း သိတာ သောတာပန်တို့၏အသိ.... (မှန်ပါ့) ချက်ခြင်းသိတာ သည်.... (သောတာပန်တို့၏ အသိပါဘုရား)။

(၂) ၂-နံပါတ်က ချက်ခြင်းသိလို့ သိသည်နဲ့ တပြိုင်နက်တည်း ငြိမ်းအေးအောင် လုပ်နိုင်ခြင်းသည်....(သောတာပန်တို့၏ အသိပါဘုရား) သောတာပန်၏ ဒုတိယအသိ (မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီ)။

(၃) ဤ.... ဘုရားသာသနာတော်မှ တပါး တခြားသော သာသနာမှာ ထွက်ရပ်လမ်း မရှိဘူးလို့.... သိနေတဲ့.... အသိဟာလဲ.... (သောတာပန်တို့၏ အသိပါဘုရား) ဘယ်နှစ်ချက် ရှိသွားပလဲ....(သုံးချက်ပါဘုရား)သုံးချက် ရှိသွားပြီနော်....။

(၄) တခါကိစ္စကြီးငယ်ရှိတဲ့အခါကျတော့ အင်မတန်ကုသလိုတဲ့.... ဥပမာ ကိုယ့်မှာ လွန်ကျူးထားတဲ့ အပြစ်ကလေးတွေ ရှိနေတယ်၊ မပယ်နိုင်သေးတဲ့ ကိလေသာက ထကြွ သောင်းကျန်းလာတဲ့ အခါမှာ ချက်ခြင်းဘဲ ကုသလိုတဲ့ စိတ္တဇပွါဒ် ပေါ်တာလဲ ဘယ်သူ၏အသိပါလိမ့်.... (သောတာပန်၏ အသိပါဘုရား) သောတာပန်တို့၏အသိဆိုတာ ပေါ်ပလား.... (ပေါ်ပါပြီဘုရား) ချက်ခြင်းဘဲ ၊ကုသချင်တဲ့ သဘောဟာလေ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

(၅) ကိစ္စကြီးငယ်ရှိလို့ သူတပါးအတွက် လိုက်ပြေးသော်လဲ သီလ သမာဓိ ပညာ အပျက်မခံဘဲနဲ့ လိုက်ခြင်းသည် သောတာပန်၏ စိတ်ထား.... (မှန်ပါ့) ဘယ်နှစ်ချက် ရှိ သွားပလဲ....(ငါးချက်ရှိပါပြီဘုရား) ငါးချက်ရှိသွားပြီနော်....(မှန်ပါ့)။

(၆) မြတ်စွာဘုရား တရားတော်တွေကို ဘုန်းကြီးများက ဟောဟော.... ဘုရားက ဟောဟော .. ကိုယ်တော်ကြီးဟောတဲ့ တရားကို ဆက်ဟောနေလို့ ရှိယင် အာရုံတပါးသို့ မသွားဘဲနဲ့ အနက်အဓိပ္ပါယ်သိပြီး သကာလ အာရုံတပါး မသွားဘဲနဲ့နာပြီးနေနိုင်ခြင်း သည်လည်း....တဲ့ ပုထုဇန်နဲ့ မတူတဲ့ တရားနာမှာလဲ.... (မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီ)။

(၇) ခုနစ်ချက်မြောက်က မောင်နိုင်ရေ... နာပြီးသည်၏ အခြေးခ်ဳ ကိုယ် ခန္ဓာကြော်ရောက်တဲ့တရားတွေ နာရတော့ ဝမ်းမြောက်လို့ မဆုံးနိုင်ဘဲနဲ့ အိမ်ရောက်လဲ ပြောလို့ မပြီး· နှလုံးသွင်းပြန်လဲ ဝမ်းမြောက်လို့ မပြီး.... ကြည်ညိုလို့ မပြီး... ကျေးဇူးတင်လို့ မပြီး၊ ဒီလို မပြီးတဲ့ သတ္တိတွေဟာလဲ သောတာပန်ကတဲ့ (မှန်ပါ့) ပုထုဇန်ကတော့ ပီးကပစ်ဘဲတဲ့... (မှန်ပါ့ ဘုရား)။

ပြောတော့ ပြောရှာပါရဲ့၊ ပြောတဲ့အဝုိင်းပဲ ဟုတ်ပါရဲ့၊ ကိုယ်ကမနေနိုင်ဘူး၊ အင်း.... ပီးကပစ်

သူကတော့.... (မှန်ပါ့) ပြီးယင်ပစ်တာဘဲ့....(မှန်ပါ့ ဘုရား)။

သောတာပန်ကတော့ ဒီလိုဟုတ်သေးရဲ့လား.... (မဟုတ်ပါဘုရား) မဟုတ်ဘူးတဲ့၊ ဝမ်းခြောက်သို့ကို ဘယ်နယ်တုံး.... (မဆုံးနိုင်ပါဘုရား) ဝမ်းခြောက်လို့ကို တကာတကာမတို့ မဆုံးနိုင်ဘူးဆိုတာသေချာပလား.... (သေချာပါပြီ) အဲဒါ... ဘယ်သူနဲ့မတူတာပါလိမ့်.... (ပုထုဇဉ်နဲ့ မတူဘာပါ၊ ပုထုဇဉ်နဲ့မတူတာ သောတာပန်စိတ်ထားက....(မှန်ပါဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒီတော့ကို (၅)နံပါတ်မှာ သူမျှားကိစ္စလိုက်တဲ့အခါမှာလဲ နွားမကြီးသည် နွားကလေးလဲကြည့် အစာလဲစားသလို သူမျှားကိစ္စကိုရှက်ဆောင်ရငြားသော်လဲ သီလ သမာဓိ ပညာအပျက်မခံတာလဲ ဘယ်သူတို့၏ ထူးခြားမှုလဲ.... (သောတာပန်တို့၏ထူးခြားမှုပါဘုရား) ၅-နံ-ပါတ်မှာ၊ ၅·နံပါတ်မှာ အဲဒါ ဒီအတိုင်းလာလိမ့်မယ်နော်...,(မှန်ပါဘုရား)။

(၆)နံပါတ် ကျလာတဲ့ အခါကျတော့ တကာ တကာမတွေ တရားနာပြီးသကာလ စိတ်တွေ့ အပြင်သွားမယ်ဆို အသွားခံရဲ့လား.... (မခံပါဘုရား) ချက်ခြင်းနောက်ဆုတ်တယ်.... (မှန်ပါ့) ဟော့... မင်းမလာခဲ့နဲ့၊ မင့်ကိစ္စမဟုတ်ဘူး၊ အရောင်းကိစ္စမဟုတ်ဘူး၊အာယ်ကိစ္စမဟုတ်ဘူး၊ သားရေး သမီးရေးကိစ္စ မဟုတ်ဘူးဆိုပြီးသကာလ တခါတည်း ခလေးကလေးမသိလို့ မိုးခဲကိုင်မိငြား

သော်လဲ ခလေးဆိုတော့ ပိုပူတယ်၊ မြန်မြန် နောက်ဆုတ်တယ်၊ မဆုတ်ဘူးလား....(ဆုတ်ပါတယ်ဘုရား)။

ဒီမှာလဲ တရားတွေဘာဟော့ နာနေတဲ့အခါကျလို့ ရှိယင်ဖြင့် ဘယ်ကိုစ္စဖြစ်ဖြစ်၊ ဘယ်ဟာဖြစ်ဖြစ် မလိုက်ဘူးဟော့.... ဆိုပြီး ခွက်ခြင်း နေးက်ဆုတ်တယ်... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) တရားထဲ ဒီ့ပြင်ဟာ အဝင်ခံသေးရဲ့လား....(မခံပါဘုရား)။

အဲဒီလို ခလေးကလေး မီးခဲကိုင်တဲ့သဘောသည် မီးခဲမှန်းသိယင် ချက်ခြင်းအသားနုကလေးမို့ နောက်ပြန်ဆုတ်သလို ဒီမှာလဲ ကိစ္စကြီးငယ် ဝင်လာလို့ ရှိယင် ချက်ခြင်း နောက်ပြန်ဆုတ်တယ်....(မှန်ပါဘုရား) ရိပ်မိကြပလား .. (ရိပ်မိပါပြီဘုရား)။

နောက်(၇)နံပါတ်ကတော့ကို ခန္ဓာ ဥာဏ်ရောက်တရားတွေ နာရတဲ့အချိန်မှာ ဒီမှာလဲ ဝမ်းဲမြောက်လို့ မပြီးဘူး.... (မှန်ပါ့) လမ်းသွားယင်းလဲ... (မပြီးပါဘုရား) ပြောဆိုပြီး ဝမ်းမြောက်သွားတာဘဲ....(မှန်ပါ့)အိမ်ရောက်ပြန်လဲ ဘယ်နှယ်နေသတုံး.... (ဝမ်းမြောက်လို့ မပြီးပါဘုရား)။

အဲ....အနက် အဓိပ္ပါယ်သိပြီး ဝမ်းမြောက်လို့ မဆုံးနိုင်တဲ့သဘောဟာလဲ ပုထုဇန်တို့နဲ့ ခြားနားတဲ့သဘောပါဘဲ (မှန်ပါ့) ဒါဖြင့် ဘယ်နှစ်ချက်ပါလိမ့်.... (ခုနစ်ချက်ပါဘုရား)။

အဲဒါ သောတာပန် တည်ပြီးသားပုဂ္ဂိုလ်မှာ ပုထုဇန်တို့နဲ့ ဒီလို ခုနစ်မျိုး ထူးခြားသက္ခတဲ့.... (မှန်ပါ့) သဘောကျပလား (ကျပါပြီ)။

ဥပမာ ရန်တော့ သောတာပန်လဲဖြစ်တာဘဲ၊ ဖြစ်ယင်ဖြစ်မှန်း နောက်ကသိတယ်....(မှန်ပါ့) သဘောကျပလား.... (ကျေပါပြီ) ဖြစ်....ဖြစ်ခြင်း ဒါတော့ လွန်သွားပဟော့ ဆိုတာ နောက်ကမသိဘူးလား.... (သိပါတယ်) အဲ....နောက်က သိလိုက်ခြင်းသည်လည်း သောတာပန်၏ ၁-နံပါတ်....(မှန်ပါ့) သိလို့ ငြိမ်းအောင်လုပ်ခြင်းသည်လည်း သောတာပန်၏ ၂-နံပါတ်.... (မှန်ပါ့) သဘောကျပလား... (ကျေပါပြီ)သိလို့ ကုသချင်ခြင်းသည်လည်း (၃-နံပါတ်ပါဘုရား) ၄-နံပါတ် ဆိုလိုက်ပါတော့၊ ၅-နံပါတ်နော်....(မှန်ပါ့ဘုရား)။

၃-နံပါတ်ကတော့ဟိုဟာကိုး မောင်နိုင်ရ ဒီဘုရားသာသနာမူတပါး တခြားသော သာသနာမှာ သောတာပန် သကဒါဂါမ်မရှိ....(မှန်ပါ့) အဲဒါကဲတော့ ယုံကြည်လုံးသန်တာကို ဆိုပါတယ် (မှန်ပါ့)။

သူမျှားကိစ္စတွေ ရှက်ဆောင်တဲ့အခါမှာလဲ ဘာင့်လေ့ရှိပါလိမ့်....(သိလ သမာဓိ ပညာကို ငဲ့လေ့ရှိပါတယ်ဘုရား) သိလ သမာဓိ ပညာငဲ့ပြီးသကာလ ရှက်လဲရှက်ဆောင်တယ်တဲ့၊ ကိုယ့်အကျိုးယုတ်လဲ....(မခံပါဘုရား) ဒါ ထူးခြားတယ်၊ သဘောကျပလား... (ကျေပါပြီဘုရား)။

တရားတို့ဘာတို့နာရတဲ့အခါမှာကော တပါးသောစိတ်တွေ အဝင်ခံသေးသလား....(အဝင်မခံပါဘုရား) ခလေးကလေးလို့ဘဲတဲ့ မီးခဲကိုင်မိတယ်ဆို ချက်ခြင်းနောက်ဆုတ်တာဘဲ....(မှန်ပါ့ဘုရား) တပါးစိတ်ကို အဝင်ခံလေ့မရှိဘူးတဲ့....(မှန်ပါ့) သဘောပါပလား....(ပါပါပြီ)။

၇-နံပါတ်ကျတော့တကာတကာမတို့ ခန္ဓာဥာဏ်ရောက်တရား တွေ့ နာရတော့ မှန်လိုက်တာ.... ဟုတ်လိုက်တာ.... သဘောကျ လိုက်တာ ပြောလို့ဆိုလို့လဲ အဖေါ်တွေနဲ့တွေ့လဲ ပြောလို့ မဆုံးနိုင်ဘူးတဲ့.. (မှန်ပါ့) ကိုယ့်ဟာကိုယ်လဲ ဝမ်းသာလို့ (မဆုံး ပါဘုရား) ပီတိသောမနဿတွေဖြစ်နေတယ်.... (မှန်ပါ့) အဲဒါ ဟာလဲပုထုဇန်တို့နဲ့ မတူတဲ့ဖြစ်ထွဲဘဲဆိုတာ သဘောကျပလား (ကျပါပြီ)။

အဲဒါကယနေ့တရားထိုးတင်မို့ ကိုယ့်ဟာကိုယ် ချုပ်ပြီးသား ပုဂ္ဂိုလ်များ စဉ်းစားဘို့(မှန်ပါ့) မချုပ်ခဲသေးတဲ့ ပုဂ္ဂိုလ်ကချုပ် လာပြန်လို့ရှိယင်လဲ ဒီခုနစ်ချက်နဲ့ ညီယင် ဘယ်သူ့မှမမေးနဲ့ တော့ သောတာပန်တဲ့.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

ဒီ့ပြင် အပါယ်လေးပါးတံခါးပိတ်တာတွေ့ ဒါတွေ့ကတော့ ပြီးပြီးသားအကြောင်းတွေ့မို့ ဘုန်းကြီးက အထူးမပြောပါဘူး၊ အပါယ်လေးပါးတံခါးဟာ ဒုက္ခချုပ်တယ်ဆိုယင် ပိတ်တာပါဘဲ (မှန်ပါ့) ပိတ်တယ်ဆိုငြားသော်လဲ ပိတ်တဲ့ပုဂ္ဂိုလ်၏စိတ်စဉ် ဒီအတိုင်းပေါ်မှ (မှန်ပါ့) ဒီအတိုင်းပေါ်မှ သောတာပန် အစစ်ကိုး .. (မှန်ပါ့)ဒီအတိုင်းမပေါ်သေးယင် ... (သောတာပန်မဟုတ် သေးပါဘုရား) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ကဲ....နာရီစေ့ပြီ.... တရားပွဲလဲသိမ်းပြီ၊တော်ကြဦးစို့.... ။

သာဓု....သာဓု....သာဓု.... ။

ဤတွင် အမှတ်စဉ် ၁၂-ဖြစ်းဆုံးပါပြီ။

(မှတ်ချက်)

(မှတ်ချက်)

ရနိုင်သောဌာနများ

★

ဤအဖဲ့မှရိုက်နှိပ်ထုတ်ဝေပြီးထုတ်ဝေလတ္တံ့သောစာအုပ်များကို အောက်ဖေါ်ပြပါ၊ ဌာနများတွင် ရရှိနိုင်ပါသည်။

အဖဲ့မှ ရပ်ဝေးသို့ တင်ပို့ခြင်းမပြုပါ။

ရန်ကုန်မြို့

(၁) ပညာအလင်းပြ စာအုပ်တိုက် -၁၃၀-ဗိုလ်ချုပ်လမ်း

(၂) ဗုဒ္ဓဓမ္မလောက စာစောင်- ရွှေတိဂုံ ဘုရားလမ်း

(၃) ဦးချစ်ထုံး၊ အမှတ် ၃၃-ဘုန်းကြီးလမ်း

(၄) ရွှေတိဂုံဘုရား တောင်ဘက်စောင်းတန်း ဦးချစ်တင်ဆိုင်-နှင့် အခြား စာအုပ်ဆိုင်များ

(၅) ဟံသာဝတီ စာအုပ်ဆိုင်။ ဗိုလ်အောင်ကျော်လမ်း

မန္တလေးမြို့နှင့် အခြားမြို့များ

(၆) သစ်ဘရားသားအယ်(လ်)ရုံ စျေးချို့တော်

(၇) အောင်မြန်မာ စက္ကူဆိုင်-အောက်လိုင်း စျေးချို

(၈) ဦးဘထွေး-ကျစ်ကားတံဆိပ် အထည်တိုက် မုဒ္ဓရာမြို့

(၉) ဦးဘအုန်း-ဒေါ်ကျင်လှမ်(အုန်းဘရားသား)၁၆ကုန်စုံလမ်း၊ ပုသိမ်မြို့။

(၁၀) အောင်နိုင် စာပေတိုက်၊ နဝရတ်သီဂီတိုက် ၁၁၅-အခန်းအမှတ် ဘီစီ-လမ်းမတော် ပြည်မြို့

(၁၁) ရွှေမောင်းစာအုပ်ဆိုင်၊ ဗိုလ်ချုပ်လမ်း ဟသ်ာတမြို့

(၁၂) ဦး မောင် ရှုန်၊ ၁-စကာဝလမ်း၊ ရွှေတောင်ရပ်၊ မော်လမြိုင်မြို့။

(၁၃) ဦးတင်အောင် ဒေါ်ခင်ကြည်၊စျေးအနီးဆင်ဖြူကျွန်း၊ သတိပြုရန်။ ။အဖဲ့တွင်ရာဌာနဌာန လက်လီရောင်းချခြင်းမပြုပါ

ပြန်ကြားရေးဌာန
၁၉၅၂ ခု

ဓမ္မာစရိယ - ဆရာတော်ဘုရားကြီး

မိုးကုတ် မဟာဓမ္မဝိဇယဆရာတော်ဘုရား၏

ဝိပဿနာတရားစဉ်နှင့်လုပ်ငန်းစဉ်

ပြန်ပွားရေးအဖွဲ့က

ကမကထပြု၍ ဤစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေသည်။